
တူဒေးစာအုပ်တိုက်

ဖအေနှစ်ဦး သင်ပေးတဲ့

# ဆင်းရဲနည်း ချမ်းသာနည်း

RICH DAD POOR DAD ■ Robert T. Kiyosaki

မြတ်ငြိမ်း



တူဒေးစာအုပ်တိုက်

ပထမအကြိမ်

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ (၅၀၀)

တန်ဖိုး (၉၅၀) ကျပ် ၁၂၀၀-ကျပ်

မျက်နှာဖုံးသရုပ်ဖော်

ရန်နိုင်

ထုတ်ဝေသူ

ဦးတင်ရှိန်၊ စန်းရောင်ရှိန်စာပေ

၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီရပ်။

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးဝင်းအောင်

သန်းထိုက်ရတနာ ပုံနှိပ်တိုက်

၈၄/၈၆၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်။

စာမူခွင့်ပြုချက် - ၁၀၂၄/၂၀၀၂ (၁၁)

မျက်နှာဖုံးခွင့်ပြုချက် - ၉၆၅/၂၀၀၂ (၁၂)

ဖြန့်ချိရေး

တူဒေးစာအုပ်တိုက်

အမှတ် စီ-၂ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၉၅၈၈၆၊ ၂၉၉၇၉၇

စာတိုက်သေတ္တာအမှတ် - ၁၂၇၇

အမှတ်-၄၈၂ ၈၀ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ မန္တလေးမြို့။

ဖုန်း - ၃၈၇၇၉

လူမှုစီးပွားစာစဉ် (၁၄)

# ဖအေနှစ်ဦးသင်ပေးတဲ့
# ဆင်းရဲနည်း၊ ချမ်းသာနည်း

မြတ်ငြိမ်း

# RICH DAD POOR DAD
*by*
*Robert T. Kiyosaki*

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

---

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

---

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ


- ထုတ်ဝေသူအမှာ
- နိဒါန်း

အခန်း(၁) ချမ်းသာတဲ့ဖေဖေနှင့် နွမ်းရှာတဲ့ဖေဖေ ၁

အခန်း(၂) သင်ခန်းစာ (၁)
ချမ်းသာသူတွေက ဝင်ငွေရဖို့ ၁၆
အလုပ်လုပ်ခြင်းမဟုတ်

အခန်း(၃) သင်ခန်းစာ (၂)
ငွေကြေးအခြေခံပညာ ၈၂
ဘာကြောင့်သင်သင့်သလဲ

အခန်း(၄) သင်ခန်းစာ (၃)
ကိုယ့်အလုပ်ကိုယ်လုပ် ၁၂၈

အခန်း(၅) သင်ခန်းစာ (၄)
အခွန်များနှင့် ကော်ပိုရေးရှင်းများ ၁၄၀
အခွင့်အာဏာ၏ သမိုင်းကြောင်း

အခန်း(၆) သင်ခန်းစာ (၅)
ချမ်းသာသူတွေက ငွေကိုဖန်တီးယူသည်။ ၁၅၉

အခန်း(၇) သင်ခန်းစာ (၆)
ပညာရဖို့ အလုပ်လုပ်ပါ ၁၉၆
ဝင်ငွေရဖို့အလုပ်မလုပ်ပါနှင့်

အခန်း(၈) အစပိုင်းများ၊ ခလုတ်ကန်သင်းများကို ၂၁၇
ကျော်လွှားခြင်း

အခန်း(၉) စတင်အားထုတ်ခြင်း ၂၄၅

အခန်း(၁၀) နောက်ထပ်လုပ်ဆောင်စရာများ ၂၈၇

နိဂုံး ၂၉၆

## ထုတ်ဝေသူအမှာ

ယနေ့ခေတ်လူငယ်၊ လူလတ်အများစု၏ ရည်ရွယ်ချက်မှာ ကိုယ်ပိုင်စီးပွားရေး သို့မဟုတ် မိမိတစ်ဦးတည်း လွတ်လပ်စွာ ဆောင်ရွက်နိုင်သော လုပ်ငန်းမျိုးကို လုပ်ကိုင်လိုကြခြင်းဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်နိုင်ရန်အတွက် ငွေကြေးဆိုင်ရာပညာနှင့် အတွေ့အကြုံ အမြော်အမြင်ရှိဖို့ လိုအပ်ပါသည်။

လုပ်ငန်းနယ်ပယ်အသီးသီးတွင် ရပ်တည်ရှင်သန်နိုင်ရေး အတွက် အဆိုပါအချက်နှစ်ရပ်ပြည့်စုံရန်မှာ အလွန်အရေးကြီးလှပါ သည်။ ထိုအချက်များပြည့်စုံရန်အတွက် ဘွဲ့၊ ဒီဂရီ ရရှိမှုဖြင့်လည်း မလုံလောက်ပေ။

မိမိနှင့် မိမိ၏မိသားစု ပြည့်စုံကြွယ်ဝစေရန် တည်ဆောက် ယူရသည့် နည်းလမ်းများသည် ဒုံပျံတည်ဆောက်သည့်ပညာရပ်လို လူတိုင်းမတတ်နိုင်သည်မဟုတ်။ ကြီးပွားလိုသူတိုင်း သင်ယူလေ့လာ လို့ရသည့်ပညာဖြစ်သည်ဟု ဤစာအုပ်တွင် ဆိုထားပါသည်။ သူလို ကိုယ်လို လူတိုင်းနားလည်တတ်ကျွမ်းနိုင်အောင်လည်း ဤစာအုပ်တွင် အရိုးဆုံး၊ အရှင်းဆုံး ဖော်ထုတ်ရှင်းပြထားပါသည်။ (မူရင်းစာအုပ် *Rich Dad Poor Dad* ) ဆရာမြတ်ငြိမ်းက ဘာသာပြန်ဆိုထားသော ဤစာအုပ်သည် သင်၏ အနာဂတ်အသစ်၊ ဘဝပန်းတိုင်အသစ်၊ ရည် မှန်းချက်အသစ် စိတ်ကူးအသစ်များကို ဖြစ်ပေါ်လာအောင် စွမ်းဆောင် ပေးနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

မိမိ၏ဘဝတွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းမှစ၍ ပြည်တွင်း အဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်ထိပင် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်လိုသူများအတွက်လည်း အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သောကြောင့် တူဒေးစာအုပ်တိုက်က လူမှုစီးပွားစာစဉ်တစ်ရပ်အနေဖြင့် ထုတ်ဝေ လိုက်ရပါသည်။

တူဒေးစာအုပ်တိုက်

## နိဒါန်း

## လိုအပ်ချက်တစ်ခုရှိနေသည်

စာသင်ကျောင်းတွေက ကလေးသူငယ်များအား လက်တွေ့လောက နှင့် ရင်ဆိုင်ဖို့ အသင့်ဖြစ်အောင် သင်ကြားပေးလိုက်ပါသလား။ ကျွန်မမိဘတွေ ပြောလေ့ပြောထရှိကြသည့်စကားရှိ၏။ "စာကြိုး စား၊ ဂုဏ်ထူးတွေများများပါအောင်လုပ်၊ ဒါမှအခွင့်အရေးတွေ အများကြီးရပြီး လခကောင်းတဲ့ အလုပ်တစ်ခုရမယ်" ဟူ၏။ သူတို့ ၏ ဘဝရည်မှန်းချက်မှာ ကျွန်မတို့ ညီအစ်မနှစ်ယောက်ဘဝ အောင်မြင်ရေးအတွက် မဟာအခွင့်အရေးကြီးရရန် တက္ကသိုလ် ပညာ သင်ကြားတတ်မြောက်ဖို့ဖြစ်၏။

နောက်ဆုံးတော့ ၁၉၇၆ ခုနှစ်တွင် ကျွန်မဖလော်ရီဒါ တက္ကသိုလ်မှ စာရင်းကိုင်ပညာဖြင့် ဘွဲ့ရခဲ့၏။ ဂုဏ်ထူးတွေ အများ ကြီးပါသည်။ ကျွန်မတို့အုပ်စုတွင် ထိပ်ဆုံးနားက ရပ်တည်နိုင်ခဲ့ သည်။ ထိုအခါမိဘနှစ်ပါးသည် သူတို့၏ ဘဝရည်မှန်းချက်ကြီး အောင်မြင်သွားလေသည်။ ဤကားသူတို့ဘဝတွင် လက်ခမောင်း ခတ်ရမည့် ပေါက်မြောက်အောင်မြင်မှုကြီးဖြစ်၏။ သူတို့၏ 'မဟာ စီမံကိန်း' အတိုင်း ကျွန်မ 'ကြီး ၈ ကြီး' စာရင်းကိုင်အဖွဲ့မှာ အလုပ် ဝင်သည်။ တည်တံ့ခိုင်မြဲသောဝမ်းကျောင်းအလုပ်ကို လုပ်ပြီး စော

စောစီးစီး အနားယူနိုင်ဖို့ ကျွန်မမျှော်လင့်ထားသည်။

ကျွန်မယောကျ်ားမိုက်ကယ်လည်း သည်လမ်းကြောင်းအတိုင်းလိုက်သည်။ ကျွန်မတို့နှစ်ယောက်စလုံး အလုပ်ကြိုးစားသော၊ ဝင်ငွေသင့်တင့်လျောက်ပတ်စွာရသော၊ အလုပ်ကို တန်ဖိုးထားလေးစားတတ်သော မိသားစုများမှ ပေါက်ဖွားလာသူတွေချည်းဖြစ်၏။ မိုက်ကယ်လည်း ဂုဏ်ထူးတွေတစ်သီကြီးဖြင့် ဘွဲ့ရခဲ့သည်။ သို့သော်သူက နှစ်ထပ်ကွမ်းဘွဲ့ရခဲ့သူ။ ဦးစွာ အင်ဂျင်နီယာဘွဲ့။ နောက်ဥပဒေကျောင်းမှ။ သူ့အားဝါရှင်တန်ဒီစီမှ နာမည်ကြီးဥပဒေအဖွဲ့တစ်ဖွဲ့က ချက်ချင်းလို အလုပ်ခေါ်ခန့်သည်။ သူက မူပိုင်ခွင့်မှတ်ပုံတင်ဥပဒေရေးရာများကို ကိုင်တွယ်သည်။ သူ့အနာဂတ်ဘဝလမ်းကြောင်းက ဖြောင့်ဖြူးသလိုရှိနေပြီ။ ပီပြင်ခိုင်မာသောဝမ်းကျောင်းလုပ်ငန်းတစ်ခုရှိနေပြီ။ သူလည်း အသက်ငယ်ငယ်နှင့်လုပ်ငန်းခွင်မှ အနားယူခွင့်ရဖို့ သေချာသလောက်ရှိနေပြီ။

ကျွန်မတို့နှစ်ယောက်စလုံး ဝမ်းကျောင်းလုပ်ငန်းများတွင် အောင်မြင်ကြ၏။ သို့ပေမဲ့ မှန်းချက်နှင့်နှမ်းထွက်က တခြားစီဖြစ်နေ၏။ ကျွန်မတို့နှစ်ယောက်စလုံး ကြောင်းကျိုးခိုင်လုံစွာဖြင့် ဌာနတွေပြောင်းကြ၏။ ရာထူးတွေပြောင်းကြ၏။ သို့သော် ကျွန်မတို့အတွက် အငြိမ်းစားစီမံကိန်းတွေ စီစဉ်ပေးထားတာမရှိ။ အငြိမ်းစားရန်ပုံငွေဆိုသည်မှာ ကျွန်မတို့တစ်ဦးချင်းထည့်ဝင်ငွေကြောင့်သာ ပမာဏကြီးထွားလာခြင်းဖြစ်၏။

မိုက်ကယ်နှင့် ကျွန်မတို့၏ အိမ်ထောင်ရေးက သာယာသည်။ ချစ်စရာ ရင်သွေးသုံးယောက်ထွန်းကားခဲ့ပြီ။ ဤစာကိုရေးနေချိန်တွင် အကြီးနှစ်ယောက်က ကောလိပ်တက်နေပြီး အငယ်ကလေးက အထက်တန်းကျောင်းတက်နေပြီ။ ကျွန်မတို့၏ ရင်သွေးကလေးတွေ လက်လှမ်းမီသရွေ့ ကောင်းပေ၊ ညွှန့်ပေ့ဆိုသည့် ပညာတွေ သင်ယူနိုင်ဖို့ ကျွန်မတို့ငွေတွေသောက်သောက်လဲပုံအောသုံးစွဲခဲ့ကြ၏။

တစ်နေ့. . . ၁၉၉၆ ခုနှစ်ထဲတွင် သားတော်မောင်တစ်ယောက်သည် စာသင်ကျောင်းနှင့် ပတ်သက်၍ အထင်မှားအမြင်မှားတွေဖြစ်ပြီး အိမ်ပြန်လာသည်။ သူက စာသင်ရတာကို ငြီးငွေ့လာပြီ၊ စိတ်ပျက်လာပြီဖြစ်၏။

"လက်တွေ့ဘဝမှာ ကျွန်တော်ဘယ်တော့မှ အသုံးမချမဲ့ ဘာသာရပ်တွေကို ကျွန်တော်ဘာဖြစ်လို့ အချိန်ကုန်ခံပြီး သင်ယူနေရမှာလဲ မေမေ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းကျောင်းမှာ အဆင့်ကောင်းကောင်းမရရင် ကောလိပ်တက်ခွင့်မရမှာကြောင့်ပေါ့" ဟု ကျွန်မမဆိုင်းမတွဖြေလိုက်၏။

"ကျွန်တော် ကောလိပ်ကိုသွားသွား၊ မသွားသွား ကျွန်တော်ကတော့ သူဌေးဖြစ်လာမှာပဲ"

"မင်းကောလိပ်ကဘွဲ့မရရင် ရာထူးကြီးကြီးမရဘူး။ ရာထူးကြီးကြီးမရတဲ့နောက် မင်းဘယ်လိုလုပ်ပြီး သူဌေးဖြစ်နိုင်မှာလဲ"

မိခင်တစ်ဦး၏ ပူပန်သောတဖြင့် ကျွန်မချောက်ချောက်ချားချားပြန်ပြောလိုက်၏။ သားတော်မောင်က ပြုံးစိစိလုပ်သည်။ နည်းနည်းကလေးစိတ်ပျက်သွားဟန်ဖြင့် ခေါင်းကို ဖြည်းလေးစွာယမ်းခါသည်။ ကျွန်မတို့ သည်အကြောင်းကို ယခင်ကလည်း အကြိမ်ကြိမ်ပြောဆုံးခဲ့ကြပြီ။ သူက ခေါင်းကိုငုံ့ပြီး မျက်လုံးတွေကို ကလယ်ကလယ်လုပ်သည်။ မိခင်တစ်ဦး၏ အမြော်အမြင်ရှိသော စကားလုံးတွေ သူ့နားထဲ မဝင်ပြန်။

သားကလေးက ပါးရည်နပ်ရည်ရှိသည်။ စိတ်မာသည်။ သို့ပေမဲ့သူကယဉ်ကျေးလိမ္မာပြီး မိမှန်းဘမှန်းသိတတ်သူကလေးပါ။

"မေမေရယ်. . ." သည်တစ်ခါတော့ သင်ကြားပို့ချမှုကို နာခံရမည့်သူက ကျွန်မဖြစ်သွားပြီ။ "ခေတ်နဲ့အမီ လိုက်စမ်းပါ။

လောကကြီးကို လေ့လာကြည့်ပါဦး။ အချမ်းသာဆုံး ပုဂ္ဂိုလ်တွေ ချမ်းသာလာတာ သူတို့ရဲ့ ကျောင်းပညာရေးတွေကြောင့်မှ မဟုတ်ဘဲ မေမေရဲ့။ မိုက်ကယ်ကျော်ဒန်ကိုကြည့်၊ မက်ဒေါနားကို ကြည့်။ ဟားဗတ်တက္ကသိုလ်ကိုပြီးအောင်မတက်ခဲ့တဲ့ ဘီလ်ဂိတ် တောင် မိုက်ခရိုဆော့ဖ်ကို ထွင်နိုင်သေးတာပဲဟာ။ သူဟာ အသက် သုံးဆယ်ကျော်ကလေးပဲ ရှိသေးတယ်။ ခုဆို အမေရိကမှာ အချမ်း သာဆုံး ပုဂ္ဂိုလ်ဖြစ်နေပြီ။ 'ကျပ်မပြည့်'ဘူးလို့ တံဆိပ်တပ်ခံထား ရပေမဲ့ တစ်နှစ်ကို ဒေါ်လာလေးသန်းကျော်ရနေတဲ့ ဘော့စ်ဘော ကစားသမားတစ်ဦးရှိတယ်လေ"

သားအမိနှစ်ယောက် တော်တော်ကြီးကြာအောင် နှုတ်ဆိတ်နေမိကြ၏။ ကျွန်မ တဖြည်းဖြည်းအမြင်မှန်ရလာပြီ။ ကျွန်မ သည် ကျွန်မမိဘတွေ၏ သွန်သင်ညွှန်ပြချက်ကိုပင် သားငယ်အား ထပ်မံသွန်သင်ညွှန်ပြနေမိပါကလား။ ကျွန်မတို့ ဝန်းကျင်ရှိ ကမ္ဘာ ကြီး ပြောင်းလဲနေပြီ။ သို့ပေမဲ့ ကျွန်မတို့၏ ဆုံးမသြဝါဒတွေက မပြောင်းလဲသေး။

စာကောင်းကောင်းသင်ပြီး အဆင့်တွေ ကောင်းကောင်းရ အောင် ကြိုးစားအားထုတ်ခြင်းသည် အောင်မြင်မှုရဖို့ အာမခံချက် မပေးနိုင်တော့။ သည်အချက်ကို ကျွန်မတို့၏ ကလေးတွေက လွဲပြီး ဘယ်သူမျှ သတိပြုမိကြပုံမရ။

"မေမေ. . . ကျွန်တော်က မေမေနဲ့ဖေဖေတို့လို ခေါင်း မဖော်နိုင်လောက်အောင် အလုပ်မလုပ်ချင်ဘူးမေမေရဲ့။ မေမေတို့ ပိုက်ဆံတွေအများကြီးရပါတယ်။ ကျွန်တော်တို့လည်း ကစားစရာ အရုပ်တွေ တစ်ပုံကြီးနဲ့ ဧရာမအိမ်ကြီးထဲမှာ နေကြရပါတယ်။ တကယ်လို့ မေမေတို့ရဲ့ အကြံပေးချက်အတိုင်း လိုက်လုပ်မယ် ဆိုရင် ကျွန်တော်လည်း မေမေတို့လို ဖြစ်သွားလိမ့်မယ်။ အလုပ်ကို ပိုပိုပြီး ခါးချိုးလုပ်။ အဲဒီလိုလုပ်ရတာဟာ အခွန်အခတွေ ပိုပေးဖို့

နောက်ပြီး ကြွေးတွေတင်ပြီး လုံးလည်ချာလည်လိုက်ဖို့လေ။ ခုချိန်မှာ အာမခံချက်ရှိတဲ့ အလုပ်ဆိုတာ မရှိတော့ဘူး။ လုပ်ငန်း ကျစ်လျစ်အောင် လုပ်တာတွေ၊ လူလျှော့တာတွေကို ကျွန်တော် သိနေတာပဲဟာ။ မေမေတို့ခေတ်က ဘွဲ့ရတွေ လခရသလောက် ဒီခေတ်ဘွဲ့ရတွေ လခမရတော့ဘူးဆိုတာလည်း ကျွန်တော် သိတယ်။ ဆရာဝန်တွေကို ကြည့်လေ။ သူတို့ ဟိုတုန်းကလောက် ငွေများများစားစား မရတော့ဘူး။ ကျွန်တော်လူမှုဖူလုံရေးထောက်ပံ့ငွေကို မမှီခိုချင်ဘူး။ ဒါမှမဟုတ် ကုမ္ပဏီကပေးတဲ့ အငြိမ်းစားလခကိုလည်း အားမကိုးချင်ဘူး။ ဒီတော့ ကျွန်တော့်အတွက် အဖြေသစ်တွေ လိုလာပြီ"

သူပြောတာမှန်သည်။ သူ့အတွက် အဖြေသစ်တွေ လိုနေပြီ။ ထို့အတူ ကျွန်မအတွက်လည်းလိုနေပြီ။ ကျွန်မမိဘတွေ၏ ဩဝါဒသည် ၁၉၄၅ မတိုင်မီ မွေးဖွားခဲ့သူတွေအတွက် မှန်ကောင်းမှန်ခဲ့မည်။ သို့သော် နေ့ချင်းညချင်းအရှိန်အဟုန်ပြင်းစွာ ပြောင်းလဲနေသည့် သည်ခေတ်ကြီးမှာ လူဖြစ်လာသည့် ကျွန်မတို့လို လူတွေအတွက်တော့ ဘဝပျက်သွားနိုင်သည်။ ကျွန်မ၏ ကလေးတွေကို ပြောနေကျအတိုင်း "ကျောင်းတက်၊ စာတော်အောင် ကြိုးစား၊ ပြီးတော့ အာမခံချက်ရှိပြီး တည်တံ့တဲ့အလုပ်တစ်ခုရှာ" ဟူသည့် စကားကို ကျွန်မ ဆက်ပြောနေလို့ မဖြစ်တော့။

ကျွန်မသိနေပြီ။ ကျွန်မကလေးတွေ၏ ပညာရေးအတွက် နည်းပေးလမ်းညွှန်ဖို့ နည်းသစ်လမ်းသစ်တွေ ရှာရတော့မည်။

ကျွန်မတို့၏ ကလေးတွေ ကျောင်းမှာ ငွေကြေးဆိုင်ရာ ပညာများ မသင်ရခြင်းနှင့် ပတ်သက်၍ ကျွန်မသည် မိခင်တစ်ဦးအနေနှင့်ကော စာရင်းကိုင်တစ်ဦးအနေနှင့်ပါ ပူပန်သောကဖြစ်မိ၏။ ယနေ့ခေတ် လူငယ်တော်တော်များများသည် အထက်တန်းကျောင်းမပြီးမီကတည်းက ကြွေးဝယ်ကတ်ပြားတွေ (Credit

cards) ကိုင်နေကြပြီ။ သို့ဖြစ်သည့်တိုင် သူတို့သည် ငွေကြေးဆိုင်ရာ သင်တန်း တစ်ခုတလေမျှပင် မတက်ဘူးကြ။ သို့မဟုတ် ငွေကြေးကို ဘယ်ပုံဘယ်နည်း ရင်းနှီးမြှုပ်နှံရမည်ဆိုတာ မသိကြ။ သို့မဟုတ် ကြွေးဝယ်ကတ်ပြားတွေပေါ်တွင် ယူထားသည့်နှစ်ထပ်တိုးဆိုတာကို လည်း သဘောမပေါက်ကြ။ ရှင်းရှင်းပြောရလျှင် သူတို့ခမျာ ငွေရေးကြေးရေး အခြေခံပညာမရှိကြပေ။ ငွေကြေးဘယ်လို လည် ပတ်သည်၊ ဘယ်လိုအလုပ်လုပ်သည်ဆိုတာ ဗဟုသုတမရှိကြ။ ထိုအခါ ငွေကြေးစုဖို့ထက် သုံးဖို့ကိုအသားပေးပြီး သူတို့အား စောင့် ကြိုနေသော ကမ္ဘာလောကကြီးကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ဖို့ အသင့်ဖြစ်မနေကြတော့။

ကျွန်မ၏သားအကြီးကောင် တက္ကသိုလ်မောင်သစ်လွင် ဘဝမှာပင် ကြွေးဝယ်ကတ်ပြားတွေဖြင့် ကြွေးလည်ပင်းခိုက်ပြီး အိမ် ပြန်ပြေးလာတော့ သူ့ကြွေးဝယ်ကတ်ပြားတွေ ဖျက်ဆီးပစ်ဖို့ ကျွန်မ ကူညီလမ်းပြပေးခဲ့ရသည်။ ထို့ပြင်မကသေး ကျွန်မကလေးတွေအား ငွေကြေးဆိုင်ရာ အသိပညာများသင်ပေးဖို့ အစီအစဉ်တစ်ရပ်ကို လည်း မဖြစ်မနေရှာဖွေရတော့သည်။

လွန်ခဲ့သည့်နှစ်အတွင်း တစ်ရက်တွင် ခင်ပွန်းဖြစ်သူက သူ့ရုံးခန်းကနေပြီး ကျွန်မထံဖုန်းလှမ်းဆက်သည်။

"မင်းတွေ့သင့်တယ်ထင်တဲ့ လူတစ်ယောက် ကိုယ်တွေ့ တယ်ကွ။ သူ့နာမည်က ရောဘတ်ကီယိုဆာကီတဲ့။ သူက စီးပွားရေး သမား၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်။ နောက်ပြီး သူက ပညာ ပေးပစ္စည်းတစ်ခုကို မူပိုင်ခွင့်မှတ်ပုံတင်နေတယ်ကွ။ မင်း ရှာနေ တာလည်း အဲဒါပဲလို့ ကိုယ်ထင်တယ်လေ"

**ကျွန်မရှာနေသောအရာ**

ရောဘတ်ကီယိုဆာကီ တီထွင်ထုတ်လုပ်ထားသည့်

တယ်။ ကျောင်းနေတယ်။ မိဘတွေက ဂုဏ်ယူဝင့်ကြွားလို့ မဆုံးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကလေးကစာတော်ပြီး အဆင့်တွေ ကောင်းတာကိုး။ အဲဒီကလေးကို တက္ကသိုလ်က လက်ခံလိုက်တယ်။ ဘွဲ့ရသွားတယ်။ သူဟာ ဘွဲ့လွန်သင်တန်းဆက်တက်ချင်တက်မယ်။ ပြီးတော့ မဟာစီမံကိန်းအတိုင်း တစ်သဝေမတိမ်း အကောင်အထည်ဖော်တော့တာပဲ"

"လခကောင်းမယ့်၊ ရေရှည်မြဲမယ့် အလုပ်တစ်ခုရှာတယ်။ ဒါမှမဟုတ် ဝမ်းကျောင်းပညာရှင်အလုပ်တစ်ခုလုပ်မယ်။ အဲဒီကလေးဟာဆရာဝန်၊ ဒါမှမဟုတ် ရှေ့နေ၊ ဒါမှမဟုတ် စစ်တပ်ထဲဝင်၊ ဒါမှမဟုတ်အစိုးရဝန်ထမ်းဖြစ်သွားမယ်။ များသောအားဖြင့် အဲဒီကလေးငွေ စရပြီ။ အဲဒီမှာ ကြွေးဝယ်ကတ်ပြားတွေ အစုလိုက်အပုံလိုက်ရောက်လာမယ်။ ဈေးထွက်ဝယ်တဲ့ ဇာတ်လမ်းစပြီ။

"သုံးဖြုန်းပစ်ဖို့ ငွေယားကလေးက ရှိလာပြီဆိုတော့ သူလိုတခြားလူငယ်တွေသွားတဲ့ အပျော်ရှာနေရာတွေကို သွားတယ်။ လူတွေနဲ့ တွေ့တယ်။ ချိန်းကြတွေ့ကြတယ်။ တစ်ခါတစ်ခါကျတော့ အိမ်ထောင်ရက်သားကျသွားကြတယ်။ ခုခေတ်မှာ လူ့ဘဝကြီးက ပျော်စရာကြီးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဒီခေတ်မှာ ယောကျ်ားတွေကော မိန်းမတွေပါ အလုပ်လုပ်ကြတာကိုး။ ဝင်ငွေနှစ်ခုရတယ်ဆိုတော့ ပျော်စရာအတိရှိတဲ့ ဘဝမျိုးမဟုတ်လား။

"သူတို့အောင်မြင်တယ်လို့ ထင်ကြတယ်။ ဒါနဲ့သူတို့ဆုံးဖြတ်လိုက်ကြတယ်။ အိမ်တစ်လုံးဝယ်မယ်ပေါ့။ နောက်ပြီး ကားတစ်စီးနဲ့ ရုပ်မြင်သံကြားစက်တစ်လုံးဝယ်တယ်။ အနားယူအပန်းဖြေခရီးထွက်တယ်။ သားသမီးယူမယ်လို့ ဆုံးဖြတ်တယ်။ ဘဝရဲ့ ရတနာကလေးတွေ အထုပ်နဲ့ အထည်နဲ့ရောက်လာကြတယ်။ ဒီတော့ ငွေကြေးလိုအပ်မှုကလည်း ကြီးမားလာတော့တာပေါ့။

"ပျော်ရွှင်ကြည်နူးနေတဲ့ ဇနီးမောင်နှံဟာ သူတို့ရဲ့ ဝမ်း

ကျောင်းလုပ်ငန်းတွေ သေရေးရှင်ရေး အရေးကြီးလာပြီလို့ သတ်မှတ်ကြတယ်။ ပိုပြီး ကျုံးရုန်း အလုပ်လုပ်ကြတယ်။ ရာထူးတက်ဖို့၊ လခတိုးဖို့ အခွင့်အလမ်းတွေ ရှာကြတယ်။ လခတွေ တိုးရကြတယ်။ အဲဒီမှာ နောက်ထပ်ကလေးတစ်ယောက်ရပြန်ရော။ ဒီတော့ ပိုပြီး ကြီးတဲ့အိမ်တစ်လုံး လိုလာရော။ သူတို့ ပိုပြီး အလုပ်ကြိုးစားကြတယ်။ ဝန်ထမ်းကောင်းတွေ ပိုဖြစ်လာတယ်။ အလုပ်ထဲမှာ ပိုပြီး နှစ်မြုပ်လာကြတယ်။

"နောက်တော့ ကျောင်းပြန်တက်ပြီး လခပိုများများရနိုင်မယ့် အထူးကျွမ်းကျင်မှုတွေ တတ်အောင်သင်ကြတယ်။ သူတို့ နောက်အလုပ်တစ်ခုပြောင်းလုပ်ချင်လုပ်ကြမယ်။ သူတို့ဝင်ငွေတွေ တိုးလာတယ်။ ဝင်ငွေတိုးတာနဲ့အမျှ ဝင်ငွေခွန်တွေလည်း တက်လာတယ်။ သူတို့ရဲ့ အိမ်သစ်ကြီးအတွက် အိမ်ခွန်၊ မြေခွန်နဲ့ တခြားအခွန်အခအားလုံးပေးကြရတယ်။ သူတို့ရတဲ့လစာငွေပမာဏက အများကြီး။ ဒါပေမဲ့ သူတို့ ငွေတွေ ဘယ်ရောက်ကုန်ပါလိမ့်လို့ အံ့ဩနေကြရတယ်လေ။ သူတို့ အကျိုးတူစုငွေစာချုပ်တွေ ဝယ်ထားတယ်။ နေ့စဉ်ဟင်းလျာနဲ့ စားသောက်စရာတွေကိုတော့ ကြွေးဝယ်ကတ်ပြားနဲ့ဝယ်ကြတယ်။ ကလေးတွေက ငါးနှစ် ခြောက်နှစ်အရွယ်တွေရောက်လာပြီ။ ဒီတော့ ဒီကလေးတွေကျောင်းထားဖို့ စရိတ်တွေ၊ တက္ကသိုလ်တက်ဖို့ စုဆောင်းရမယ့်ငွေတွေ၊ နောက်ပြီး သူတို့လင်မယားအငြိမ်းစားယူဖို့ စုဆောင်းရမယ့်ငွေတွေ၊ လိုအပ်တာတွေက နည်းနည်းနောနောမဟုတ်ဘူး။

"လွန်ခဲ့တဲ့ ၃၅ နှစ်တုန်းက လူဖြစ်လာတဲ့ အဲဒီပျော်ပျော်ရွှင်ရွှင်လင်မယားဟာ သူတို့ အလုပ်လုပ်နေတဲ့ သက်တမ်းတစ်လျှောက်လုံး 'ကြွက်အပြေးပြိုင်ပွဲ' ထဲမှာ ပိတ်မိနေတော့တာပေါ့။ သူတို့ဟာ သူတို့ကုမ္ပဏီပိုင်ရှင်အတွက် အလုပ်လုပ်ပေးရတယ်။ ပြီတော့ အခွန်အခတွေပေးပြီး အစိုးရအတွက် အလုပ်လုပ်ပေးရ

တယ်။ နောက်ပြီး အပေါင်ခံစရိတ်တွေပေး၊ ကြွေးဝယ်ကတ်ပြားတွေ ဝယ်ပြီး ဘဏ်တွေအတွက် အလုပ်လုပ်ပေးရတယ်။

"အဲဒီနောက် သူတို့ရဲ့ ကလေးတွေကို သွန်သင်ဆုံးမကြတယ်. . . 'စာကြိုးစား၊ ဂုဏ်ထူးတွေရအောင် အားထုတ်၊ ပြီးရင် အလုပ်ကောင်းကောင်းတစ်ခုဝင်လုပ်' ပေါ့လေ။ သူတို့ဟာ ငွေကြေးအကြောင်း ဘာဆိုဘာမှ မသိနားမလည်ကြဘူး။ သူတို့ရဲ့ မသိနားမလည်မှုအပေါ်မှာ တခြားလူတွေက အမြတ်ထုတ်သွားတာပဲ။ လိုမ့်ပိမ့်ခံနေကြရတယ်။ ဒီတော့ သူတို့ဘာလုပ်သလဲ. . . တစ်သက်လုံးကျုံးရုန်း အလုပ်လုပ်ကြတာပေါ့။ ဖြစ်စဉ်က အလုပ်ကြိုးစားတဲ့ နောက်မျိုးဆက်သစ်မှာလည်း ဒီအတိုင်းပဲ. . . ထပ်ခါထပ်ခါ ဖြစ်နေတယ်။ အဲဒါဟာ 'ကြွက်အပြေးပြိုင်ပွဲ'ပဲ ပေါ့ဗျာ"

ကြွက်အပြေးပြိုင်ပွဲထဲမှ လွတ်မြောက်ရန်မှာ လမ်းတစ်လမ်းပဲရှိသည်။ ၎င်းနည်းလမ်းမှာ စာရင်းကိုင်ပညာကိုကောရင်းနှင်းမြှုပ်နှံမှုပညာကိုပါ တတ်မြောက်ကျွမ်းကျင်ဖို့ဖြစ်၏။ မည်သို့ဆိုစေ သည်ပညာရပ်နှစ်မျိုးကို ကျွမ်းကျင်လိမ္မာဖို့ဆိုသည်မှာ အခက်ဆုံးဖြစ်နေသည်။ တစ်ချိန်က 'ကြီး ၈ ကြီး' ကုမ္ပဏီတွင် အလုပ်လုပ်ခဲ့ပြီး အတွေ့အကြုံရှိသော စာရင်းကိုင်တစ်ယောက်အနေဖြင့် ရောဘတ်၏ ကစားနည်းကို တွေ့တော့ အံ့ဩတကြီးဖြစ်မိ၏။ ရောဘတ်က အခက်ဆုံးဆိုသော ဘာသာရပ်နှစ်မျိုးကို သင်ယူရာ၌ ပျော်စရာကောင်းအောင်၊ စိတ်တက်ကြွစရာကောင်းအောင် ဖန်တီးထားနိုင်လေသည်။ ကစားနည်းကို ပိပိရိရိကလေးတီထွင်ဖန်တီးထားသည့်အတွက် ကျွန်မတို့သည် ကြွက်ပြေးလမ်းမှ လွတ်မြောက်အောင် အားကြိုးမာန်တက် ကစားကြရာ ပညာရပ်နှစ်မျိုးကို သင်ယူဆည်းပူးနေသည်ဆိုသည့်အချက်ကို ခဏကလေးနှင့် မေ့ပျောက်သွားတော့၏။

ကုန်ပစ္စည်းအသစ် စမ်းသပ်စစ်ဆေးပွဲကလေးသည်

မကြာမီအတွင်း ပျော်စရာနေ့လယ်ခင်းကလေးဖြစ်လာသည်။ ကျွန်မနှင့် သမီးသည်ယခင်က မပြောဆို မဆွေးနွေးခဲ့ဖူးသည့် အကြောင်းအရာများကို ပြောဆိုဆွေးနွေးဖြစ်ကြသည်။ ကျွန်မလို စာရင်းကိုင်တစ်ယောက်အနေဖြင့် ဝင်ငွေစာရင်းနှင့် လက်ကျန်ရှင်းတမ်း ရေးဆွဲဖို့ လိုအပ်သော ကစားနည်းတစ်ခုကို ကစားဖို့ လွယ်ပါသည်။ သို့ဖြင့် ကျွန်မတို့ဝိုင်းမှာပါဝင်သည့်သမီးနှင့် အခြားသူများအားသူတို့ နားမလည်သည်များကို ရှင်းပြရသည်။ ထိုနေ့က စမ်းသပ်ကစားသည့် အုပ်စုတစ်စုလုံးတွင် ကြွက်ပြေးလမ်းမှ ပထမဆုံးနှင့် တစ်ဦးတည်းသော လွတ်မြောက်သူမှာ ကျွန်မသာ ဖြစ်၏။ ကစားပွဲကို သုံးနာရီနီးပါးကစားကြရသော်လည်း ကျွန်မက မိနစ်ငါးဆယ်အတွင်း လွတ်မြောက်အောင် ထွက်နိုင်ခဲ့၏။

ကျွန်မတို့ဝိုင်းတွင် ဘဏ်မန်နေဂျာတစ်ဦး၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် ကွန်ပျူတာအစီအစဉ်ရေးသွင်းသူတစ်ဦး ပါဝင်သည်။ ကျွန်မအကြီးအကျယ် စိတ်မသက်မသာဖြစ်ရသည်က တော့ သည်လူတွေ သူတို့ဘဝအတွက် အလွန်အရေးပါအရာရောက်သောစာရင်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုပညာများကို မသိနားမလည်သလောက်ရှိကြပါကလားဆိုတာ သိလာရသောကြောင့် ဖြစ်၏။ သူတို့တစ်တွေ လက်တွေ့ဘဝတွင် သူတို့၏ ငွေကြေးကိစ္စများကို ဘယ်ပုံဘယ်နည်း ကိုင်တွယ်ဖြေရှင်းနေကြပါလိမ့်။ ကျွန်မ၏ ၁၉ နှစ်အရွယ် သမီးငယ်အနေဖြင့် သည်ပညာရပ်တွေ မသိနားမလည်ခြင်းကို ကျွန်မ နားလည်နိုင်သည်။ သဘောပေါက်နိုင်သည်။ သို့ပေမယ့် သူတို့က သမီးအသက်ထက် နှစ်ဆလောက်ကြီးသည့် လူကြီးတွေ မဟုတ်လား။

ကြွက်ပြေးလမ်းပေါ်မှ လွတ်မြောက်ပြီးနောက် သူတို့ဆက်ကစားသည်ကို ကျွန်မကြည့်နေမိ၏။ ကျွန်မသမီးနှင့်အတူ ကစားနေသူများမှာ ပညာတတ်သော၊ ငွေကြေးပြည့်စုံသော လူကြီးတွေ။

သို့သော် သူတို့သည် စာရင်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုပညာအကြောင်း အခြေခံမျှပင်မသိကြပါကလား။ ဝင်ငွေစာရင်းနှင့် လက်ကျန်စာရင်းရှင်းတမ်း ဆက်နွယ်ပုံကို နားမလည်ကြပါကလား။ သည်ပညာတွေ မသင်ဘူး၊ မလေ့လာဘူးသည့်အတွက် ငွေကြေးပြဿနာတွေထဲမှာ နစ်မြုပ်ရုန်းကန်နေရသူတွေ လက်တွေ့လောကကြီးတွင် သန်းပေါင်းမည်မျှ ရှိနေမည်လဲ။

ကစားပွဲအဆုံးသတ်ပြီးသောအခါ ရောဘတ်က ကျွန်မတို့အား သည်ကစားနည်းအကြောင်းဆွေးနွေးဖို့၊ ဝေဖန်ဖို့ အချိန်ဆယ့်ငါးမိနစ်ပေးသည်။

ကျွန်မတို့ဝိုင်းမှ စီးပွားရေးလုပ်ငန်းရှင်က သည်ကစားနည်းကို မကြိုက်ကြောင်းပြောသည်။

"ကျွန်တော်က ဒီအကြောင်းတွေ သိဖို့မလိုဘူးလေ။ ဒီအကြောင်းတွေ ကျွန်တော့်ကိုပြောပြဖို့ စာရင်းကိုင်တွေ၊ ဘဏ်မန်နေဂျာတွေနဲ့ ဥပဒေပညာရှင်တွေ ငှားထားတာပဲဟာ"

သူ့စကားကို ရောဘတ်က ပြန်ပြောသည်မှာ "လောကမှာ မချမ်းသာတဲ့ စာရင်းကိုင်တွေ တစ်ပုံကြီးရှိတယ်ဆိုတာ ခင်ဗျား သတိထားမိရဲ့လား။ နောက်ပြီး ဘဏ်မန်နေဂျာတွေ၊ ရှေ့နေတွေ၊ စတော့ပွဲစားတွေ၊ အိမ်မြေပွဲစားတွေကော သူတို့သိတာ တတ်တာတွေအများကြီး။ နောက်ပြီး လိမ္မာပါးနပ်သူတွေ များပါတယ်။ ဒါပေမဲ့ သူတို့အများစုဟာ မချမ်းသာကြဘူးလေ။ လူချမ်းသာတွေ သိတဲ့၊ တတ်တဲ့ပညာတွေကို ခင်ဗျားတို့ကို စာသင်ကျောင်းတွေက သင်မပေးလိုက်ကြဘူး။ ဒီတော့ ခင်ဗျားတို့က အဲဒီစာရင်းကိုင်တွေ၊ ရှေ့နေတွေပေးတဲ့အကြံဉာဏ်ကို နားထောင်ကြတယ်။ နာခံကြတယ်။ ဒါပေမဲ့ တစ်နေ့ကျတော့ ခင်ဗျားလုပ်ငန်းခွင်ကို အချိန်မီရောက်အောင် ပြေးတယ်။ လမ်းမှာ တစ်ဆို့နေတဲ့ကားတွေ ကြားမှာ ခင်ဗျားလည်း ညပ်နေပါလေရော။ ဒါနဲ့ ခင်ဗျားရဲ့ ညာဘက်ကို

လှမ်းကြည့်လိုက်တော့ ခင်ဗျားလိုပဲ ကားတန်းကြီးထဲ မှာ ညပ်နေတဲ့ ခင်ဗျာ့စာရင်းကိုင်ကိုတွေ့ရတယ်။ ဒါနဲ့ ဘယ်ဘက်ကို ကြည့်လိုက်ပြန်တော့ ခင်ဗျားရဲ့ ဘဏ်မန်နေဂျာလည်း ခင်ဗျားလို ဖြစ်နေတာတွေ့ရတယ်။ အဲဒီဖြစ်ရပ်ကလေးကခင်ဗျားကို တစ်ခုခုပြောပြနေမှာပါ" ဟူ၏။

ကွန်ပျူတာအစီအစဉ်ရေးသွင်းသူကလည်း သည်ကစားနည်းကို တယ်ပြီး အထင်မကြီးလှ၊ "ဒီအကြောင်းတွေ သင်ယူဖို့ ကျွန်တော် အပျော့ထည် (Software) တွေ ဝယ်လို့ရတာပဲ" ဟု ပြောသည်။ သို့ဖြစ်သည့်တိုင် ဘဏ်မန်နေဂျာကတော့ ဘဝင်ခိုက်သွားသည်။

"ဒီအကြောင်းတွေ ကျွန်တော် ကျောင်းမှာသင်ရတယ်။ စာရင်းကိုင်ပညာလေ။ ဒါပေမဲ့ ဒီပညာကို လက်တွေ့ဘဝမှာ ဘယ်လို အသုံးချရမယ်ဆိုတာ မသိခဲ့ဘူး။ ခုတော့သိသွားပြီ။ ကျွန်တော် ကြွက်ပြေးလမ်းပေါ်က လွတ်အောင် ထွက်ရတော့မယ်လေ

သို့သော် ကျွန်မရင်ကို လှုပ်ခတ်စေသည်မှာ ကျွန်မသမီး၏ မှတ်ချက်များဖြစ်ပါသည်။

"ဒီအကြောင်း သင်ယူရတာ ပျော်စရာကောင်းတယ် မေမေရဲ့။ ခုဆိုငွေဘယ်လိုလည်ပတ်တယ်၊ ငွေကို ဘယ်လိုရင်းနှီးမြှုပ်နှံရမယ်ဆိုတာ တော်တော်ကြီးသိလာပြီလေ။

"ခုဆို ဝမ်းကျောင်းလုပ်ငန်းတစ်ခုရွေးလို့ရပြီဆိုတာ ကျွန်မသိလာပြီ။ အဲဒီလုပ်ငန်းကို ကျွန်မဝါသနာပါလို့ လုပ်တာဖြစ်ရမယ်။ လုပ်ငန်းအာမခံချက်ရှိလို့၊ အခွင့်အရေးရလို့၊ ဒါမှမဟုတ် လခများလို့ လုပ်တာမျိုးမဖြစ်စေရဘူး။ ဒီကစားနည်းက သင်ပေးလိုက်တာကို ကျွန်မဆည်းပူးနိုင်တယ်ဆိုရင် ကျွန်မရင်ထဲက ဆည်းပူးလေ့လာချင်တာကို စိတ်လွတ်ကိုယ်လွတ်ဆည်းပူးလို့ရပြီ။ ဒီလိုဆည်းပူးတာဟာ လုပ်ငန်းခွင် လိုအပ်ချက်နဲ့ ကိုက်ညီအောင်

ဆည်းပူးတဲ့ ကျွမ်းကျင်အရည်အချင်းမျိုး မဖြစ်စေရဘူး။ ဒီပညာကို ကျွန်မ တတ်မြောက်လာရင် ကျွန်မ အလုပ်ပြုတ်မှာ ကြောက်နေဖို့ မလိုတော့ဘူး၊ ကျွန်မရဲ့ အတန်းဖော်တွေလို လူမှုဖူလုံရေး ထောက်ပံ့ငွေကို မျှော်ကိုးနေဖို့ မလိုတော့ဘူး"

ကစားပွဲအပြီးတွင် ကျွန်မရောဘတ်နှင့် အေးအေးလူလူ စကားပြောမနေနိုင်ပါ။

သို့သော်သည် စီမံကိန်းအကြောင်း ဆက်ဆွေးနွေးဖို့ သဘောတူလိုက်ကြ၏။

ကျွန်မတို့ လင်မယားနှစ်ယောက်က ရောဘတ်တို့ လင်မယားနှစ်ယောက်ကို ညစာကျွေးဖို့ စီစဉ်ကြသည်။ ကျွန်မတို့ တစ်တွေ ပထမဦးဆုံးအကြိမ် ဆုံတွေ့ခြင်း ဖြစ်သော်လည်း သိ ယောင်း ကျွမ်းဟောင်းတွေလို ခံစားကြရ၏။

ကျွန်မတို့မှာ တူညီတာတွေ အများကြီးရှိ၏။ ဝါသနာတူ၊ အကြိုက်တူကိစ္စများအကြောင်း ပြောကြသည်။ ပြောင်းလဲနေသော ကမ္ဘာကြီးအကြောင်း ပြောကြသည်။

ရောဘတ်၏ အဓိက စိုးရိမ်သောကမှာ အမေရိကမှာ ကော ကမ္ဘာတစ်ဝန်းမှာပါ ဖြစ်ပေါ်နေသည့် ဆင်းရဲချမ်းသာကွာဟမှု ကြီးထွားလာသည့် ပြဿနာဖြစ်၏။ သူက ကိုယ့်အားကိုယ်ကိုး ပညာသင်ပြီး ကိုယ့်ထူးကိုယ်ချွန်စွန့်ထွင် လုပ်ငန်းရှင်ဖြစ်လာသူ။ ကမ္ဘာတစ်ဝန်းလှည့်လည်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပြုလုပ်နေ သူ။ သူ၏ လုပ်ငန်းအောင်မြင်မှုများကြောင့် အသက် ၄၇ နှစ် အရွယ်တွင် အငြိမ်းစားယူနိုင်စွမ်းရှိခဲ့သူလည်းဖြစ်၏။ ထို့နောက် အငြိမ်းစားဘဝမှ ပြန်လည်အားထုတ်လှုပ်ရှားလာပြန်သည်။ အကြောင်းမှာ ကျွန်မကလေးတွေအတွက် ကျွန်မထားရှိသော စိုးရိမ်သောကမျိုး သူ့မှာလည်း ရှိနေသောကြောင့်ဖြစ်၏။ ကမ္ဘာကြီး က ပြောင်းလဲနေပြီ။ သို့သော် ပညာရေးစနစ်က ကမ္ဘာကြီးနှင့်အတူ

လိုက်မပြောင်းသေးကြောင်း သူသိနေသည်။ ရောဘတ်စကားအရ ဆိုလျှင် ကလေးတွေသည် ရှေးဟောင်းပညာရေးစနစ်ထဲတွင် နှစ်ပေါင်းများစွာ စာသင်နေကြရသည်။ သူတို့ဘယ်တော့မှ အသုံးချမည်မဟုတ်သည့် ပညာရပ်များကို သင်ယူနေကြရသည်။ ပျောက်ကွယ်သွားပြီဖြစ်သည့် ကမ္ဘာဟောင်းကြီးထဲမှာ ကျင်လည်ဖို့ ပြင်ဆင်နေကြရသည်ဟူ၏။

"ဒီကနေ့ ခင်ဗျားအနေနဲ့ ကလေးတစ်ယောက်ကို ပေးနိုင်တဲ့ အန္တရာယ်အကြီးဆုံး ဩဝါဒကတော့ 'ကျောင်းတက်၊ စာတော်အောင်ကြိုးစား၊ ပြီးတော့ အာမခံချက်ရှိတဲ့ အလုပ်တစ်ခုရှာ' ဆိုတာပဲ။ အဲဒါက ဟောင်းအိုနေတဲ့ ဩဝါဒကြီးလေ။ အဲဒါဟာ အသုံးမတည့်တော့တဲ့ ဩဝါဒကြီးဗျ။ အာရှ ဥရောပနဲ့ မြောက်အမေရိကမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ဗျားတို့ သိနိုင် မြင်နိုင်မယ်ဆိုရင် ကျွန်တော် စိုးရိမ်သောကပွားသလို ခင်ဗျားတို့လည်း ဖြစ်မှာပဲ"

အဆိုပါ ဩဝါဒကား ဆိုးရွားသည့်ဩဝါဒဟု သူ ယုံကြည်သည်။ "ဘာကြောင့်လဲဆိုတော့ ခင်ဗျားကလေးကို ငွေကြေးအရ အာမခံချက်ရှိတဲ့ အနာဂတ်ဘဝမျိုးပိုင်ဆိုင်စေချင်တယ်ဆိုရင် ဟောင်းနွမ်းနေတဲ့ ဥပဒေသတွေနဲ့ ကျင်လည်လှုပ်ရှားလို့မရတော့ဘူး။ အဲဒီလို လုပ်တာဟာ အန္တရာယ်များလွန်းတယ်"

"ဟောင်းနွမ်းနေတဲ့ ဥပဒေသတွေ" ဆိုတာ ဘာအဓိပ္ပာယ်လဲဟု ကျွန်မက သူ့ကို မေးကြည့်သည်။

"ကျွန်တော်တို့လို လူစားတွေက ခင်ဗျားတို့တစ်တွေ ကိုင်တွယ်ကျင့်သုံးတဲ့ဥပဒေသမျိုးတွေ မကျင့်သုံးတော့ဘူး။ မတူ ခြားနားတဲ့ ဥပဒေသတွေကို ကျင့်သုံးကြတယ်။ ကဲဗျာ၊ ကော်ပိုရေးရှင်းကြီးတစ်ခုမှာ လူအင်အားလျှော့ချလိုက်ရင် ဘာတွေဖြစ်လာမလဲ"

"လူတွေ အလုပ်ပြုတ်မယ်။ မိသားစုတွေ ထိခိုက်မယ်။ အလုပ်လက်မဲ့ဦးရေ တိုးလာမယ်"

"မှန်တယ်၊ ဒါပေမဲ့ ကုမ္ပဏီမှာ ဘာဖြစ်လာမလဲ။ အထူးသဖြင့် စတော့ဈေးကွက်ထဲက အများပိုင်ကုမ္ပဏီတစ်ခုဆိုရင်ပေါ့"

"လူအင်အားလျှော့ကြောင်း ကြေညာလိုက်တာနဲ့ အစုရှယ်ယာဈေးနှုန်းတွေ တက်သွားမယ်။ အုပ်ချုပ်ရေးအရဖြစ်ဖြစ်၊ လူအင်အားတွေ ပေါင်းပစ်တဲ့နည်းအရဖြစ်ဖြစ် ကုမ္ပဏီတစ်ခုက လုပ်အားခတွေ လျှော့ချပစ်ရင် ဈေးကွက်က ကြိုက်တာပဲ"

"ဟုတ်တယ်၊ အစုရှယ်ယာဈေးတွေ တက်သွားတော့ ကျွန်တော်လို လူတွေ၊ အစုရှယ်ယာရှင်တွေ ပိုပြီးချမ်းသာလာတာပေါ့။ ကျွန်တော်ပြောတဲ့ မတူခြားနားတဲ့ဥပဒေသတွေဆိုတာ အဲဒါကို ပြောတာပေါ့။ ဝန်ထမ်းတွေ အရှုံးပေါ်တယ်။ ပိုင်ရှင်တွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ အမြတ်ထွက်တယ်"

ရောဘတ်ရှင်းပြနေသည်မှာ အလုပ်ရှင်နှင့်အလုပ်သမား ကွာခြားကြောင်းသာမဟုတ်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးသူနှင့် ကိုယ့်ကြမ္မာကို ဖန်တီးဖို့ သူတစ်ပါးလက်ထဲ ဝကွက်အပ်ရသူတို့ ကွာခြားသည့်အကြောင်းလည်းပါသည်။

"ဒါပေမဲ့ ဘာကြောင့် အဲဒီလိုတွေ ဖြစ်ရတယ်ဆိုတာ လူတွေ သဘောပေါက်ဖို့ မလွယ်ဘူး၊ ဒါဟာ မတရားဘူးလို့ပဲ သူတို့ထင်ကြတယ်လေ"ဟု ကျွန်မကပြောလိုက်သည်။

"အဲဒါကြောင့် 'ပညာကောင်းကောင်းတတ်အောင်သင်' ဆိုတဲ့စကားလောက်နဲ့ ကလေးကို သွန်သင်ဆုံးမမယ်ဆိုရင် မိုက်မဲရာကျတယ်လို့ ပြောတာပေါ့။ ခင်ဗျားတို့ကလေးတွေ ဘွဲ့ရလာတဲ့အခါ လက်တွေ့ကမ္ဘာလောကကြီးကို ရင်ဆိုင်ဖို့ ကျောင်းပညာရေးစနစ်က အသင့်ပြင်ဆင်ပေးလိုက်လိမ့်မယ်လို့ မှတ်ယူထားရင် ရှုံးမိုက်ရာကျမှာပေါ့ဗျာ။ ကလေးတစ်ယောက်ချင်းဟာ ဒီထက်မက ပညာတတ်ဖို့ လိုအပ်တယ်။ မတူခြားနားတဲ့ ပညာလေ။ နောက်ပြီး ဥပဒေသတွေလည်း သူတို့သိထားရမယ်။ မတူခြားနားတဲ့ ဥပဒေ

သတွေပေါ့။

"လောကမှာ လူချမ်းသာတွေကျင့်သုံးတဲ့ ငွေကြေး ဥပဒေသတွေရှိပြီး ကမ္ဘာ့လူဦးရေရဲ့ ၉၅ ရာခိုင်နှုန်းက ကျင့်သုံးတဲ့ ငွေကြေးဥပဒေသတွေရှိတယ်။ ၉၅ ရာခိုင်နှုန်းရှိတဲ့ လူတွေက အိမ်နဲ့ ကျောင်းမှာသင်တဲ့ ဥပဒေသတွေကို ဆည်းပူးတယ်။ ဒါကြောင့် 'စာကြိုးစား၊ ပြီးရင် အလုပ်တစ်ခုရှာ' ဆိုတာလောက်ပဲ ပြောတာဟာ ဒီခေတ်မှာ အန္တရာယ်ကြီးတာပေါ့။ ဒီခေတ်ကလေးတစ်ယောက်ဟာ ပိုပြီး ခေတ်မီဆန်းသစ်တဲ့ပညာတွေ တတ်ဖို့လိုတယ်။ ခုလက်ရှိ ပညာရေးစနစ်ကြီးကတော့ အလုပ်မဖြစ်ဘူးဗျို့။ သူတို့တစ်တွေ စာသင်ခန်းထဲကို ကွန်ပျူတာတွေ ဘယ်နှလုံးပဲ ထည့်ပေးပေး၊ ကျောင်းအတွက် ငွေတွေ ဘယ်လောက်ပဲသုံးသုံး ကျွန်တော်ကတော့ အမှတ်မပေးဘူး။ ပညာရေးစနစ်ကြီး ကိုယ်တိုင်က မသိနားမလည်တဲ့ ဘာသာရပ်တစ်ခုကို ဘယ်လိုလုပ်ပြီး ကလေးတွေတတ်အောင် သင်ပေးလို့ရမှာလဲဗျာ"

သည်တော့ စာသင်ကျောင်းတွေက သင်မပေးလိုက်သည့် ပညာရပ်တစ်ခုကို မိဘတွေက သူတို့ သားသမီးတွေအား ဘယ်လိုသင်ကြားပေးမည်လဲ။ ကလေးတစ်ယောက်အား စာရင်းကိုင်ပညာ ဘယ်လိုသင်ပေးမည်လဲ။ သူတို့ကလေးတွေ ပျင်းရိငြီးငွေ့မသွားကြဘူးလား။ မိဘဖြစ်သည့် သင်ကိုယ်တိုင်ကိုက စွန့်စားရမှာ ကြောက်နေသည့်နောက် သင့်ကလေးအား ရင်းနှီးမြှုပ်နှံမှုအကြောင်း ဘယ်လိုသင်ကြားပေးမည်လဲ။ ကျွန်မကလေးတွေကို အန္တရာယ်ကင်း၊ ဘေးကင်းအောင် ထိန်းကြိုးနေထိုင်ဖို့ သင်ကြားပေးမည့်အစား လိမ္မာပါးနပ်စွာ ထိန်းကြိုးနေထိုင်တတ်အောင် သင်ကြားပေးခြင်းသာ အကောင်းဆုံးဟု ကျွန်မဆုံးဖြတ်လိုက်သည်။

"ဒီတော့ရှင်. . . ကျွန်မတို့ ဆွေးနွေးခဲ့ကြတဲ့ အကြောင်းတွေနဲ့ ငွေအကြောင်း ကလေးတစ်ယောက်ကို ဘယ်လိုသင်ပေး

မလဲ။ အထူးသဖြင့် ကလေးတွေကို သင်ပေးမယ့် မိဘတွေ ကိုယ်တိုင်က ဒီအကြောင်းကို ဒုံးဝေးနေတော့ မိဘတွေနားလည်ဖို့ လွယ်ကူအောင် ဘယ်လိုလုပ်ပေးလို့ရမလဲ"

"အဲဒီပညာရပ်အကြောင်း ကျွန်တော် စာအုပ်တစ်အုပ် ရေးထားတယ်"

"အဲဒီစာအုပ်က ဘယ်မှာလဲဟင်"

"ကျွန်တော့်ကွန်ပျူတာထဲမှာ။ ဟိုတစ်စ ဒီတစ်စ ရေးနေတာသုံးနှစ်ရှိပြီ။ ဟိုနည်းနည်းထပ်ဖြည့် ဒီနည်းနည်းထပ်ဖြည့်နဲ့ တစ်ခါမှ ပြန်ပြီး မစုစည်းရသေးပါဘူး။ ကျွန်တော့်တခြားစာအုပ်တစ်အုပ် ရောင်းအကောင်းဆုံးစာရင်း ဝင်သွားပြီးကတည်းက ဒီစာအုပ်ကို စရေးခဲ့တာ။ ဒါပေမဲ့ ပြီးတဲ့ဆီမရောက်ပါဘူး။ အားလုံး တစ်ပိုင်းစီ တစ်စစီ ဖြစ်နေတယ်လေ"

ဟုတ်ပါသည်။ ဟိုတစ်စသည်တစ်စပါပဲ။ ပြန့်ကြဲနေသည့် ကဏ္ဍများကို ဖတ်ပြီးသောအခါ သည်စာအုပ်မှာ အရည်အသွေးရှိကြောင်း၊ စာဖတ်ပရိတ်သတ်အား တင်ဆက်သင့်ကြောင်း၊ အထူးသဖြင့် အခုလို ပြောင်းလဲနေသည့် ခေတ်ကြီးထဲတွင် လိုအပ်ကြောင်း ကျွန်မ ဆုံးဖြတ်လိုက်၏။ နောက် ရောဘတ်၏ စာအုပ်ကို ကျွန်မတို့နှစ်ယောက် ပူးတွဲတင်ဆက်ဖို့ သဘောတူလိုက်ကြ၏။

ကလေးတစ်ယောက်အတွက် ငွေကြေးဆိုင်ရာ သင်ကြားပို့ချချက်တွေ ဘယ်လောက်အထိ သိထားဖို့လိုမည်ထင်သလဲဟု ကျွန်မ သူ့ကို မေးကြည့်သည်။ သက်ဆိုင်ရာ ကလေးပေါ်မှာမူတည်သည်ဟု သူကဖြေသည်။ သူဆိုလျှင် ကလေးဘဝကတည်းက ချမ်းသာကြွယ်ဝလိုစိတ်ရှိခဲ့ကြောင်း၊ ကံကောင်းချင်တော့ သူ့အား သွန်သင်ညွှန်ပြပေးချင်စိတ်ရှိသည့် လူချမ်းသာဖခင်တစ်ဦးရှိခဲ့ကြောင်း ပြောပြသည်။ ပညာရေးသည် အောင်မြင်ရေး၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း ရောဘတ်က ပြောသည်။ ကျောင်း

သင်ပညာတော်ရေးသည် အသက်တစ်မျှအရေးပါအရာရောက် သလို ငွေကြေးဆိုင်ရာ အရည်အသွေးများနှင့် ဆက်သွယ်ရေးဆိုင် ရာ အရည်အသွေးများရှိဖို့လည်း အရေးကြီးသည်ဟုဆိုသည်။

ထို့နောက်တော့ ရောဘတ်၏ ဖခင်နှစ်ယောက် ဇာတ် လမ်းပေါ် လာသည်။ ချမ်းသာသောဖခင်နှင့် ဆင်းရဲသောဖခင်။ ထိုဖခင်နှစ်ယောက်အကြောင်းကပင် ရောဘတ်တစ်သက်တာ အတွင်း ပြုစုပျိုးထောင်လာသည့် အရည်အသွေးများအကြောင်းကို ရှင်းပြနေ၏။ ဖအေနှစ်ယောက်ကို နှိုင်းယှဉ်တင်ပြခြင်းက အရေးပါ သောအတွေးအမြင်တစ်ရပ်ကို ဖြစ်ပေါ်စေ၏။ သူ့စာအုပ်အတွက် အထောက်အထားတွေ ကျွန်မ ရှာပေး၏။ တည်းဖြတ်ပေး၏။ စုစည်းပေး၏။

ဤစာအုပ်ကို ဖတ်မိသည့် မည်သည့်စာရင်းကိုင်မဆို ကျောင်းကသင်ပေးလိုက်သည့်ပညာများကို ခဏမေ့ထားလိုက်ပါ။ ရောဘတ်တင်ပြသည့် သီဝရီတွေကို အမြင်ကျယ်ကျယ်ဖြင့် လေ့လာ ကြည့်ပါ။ သူ့သီဝရီတော်တော်များများက ကျွန်မတို့ယေဘုယျ သင်ခံထားသည့် စာရင်းပညာ အခြေခံသဘောတရားများကို စိန်ခေါ်နေကြောင်းတွေ့ရပါလိမ့်မည်။ သို့ဖြစ်သည့်တိုင် သူ့သီဝရီ တွေက ရင်းနှီးမြှုပ်နှံသူစစ်စစ်များ၏ သုံးသပ်ဆုံးဖြတ်နည်းများကို အတွင်းကျကျ သိသာမြင်သာအောင် ဖော်ပြထားပါသည်။

ကျွန်မတို့သည် မိဘများအနေဖြင့် ကျွန်မတို့ကလေးတွေ အား "ကျောင်းသာကောင်းကောင်း ကြိုးစားပြီးရင် လခကောင်းတဲ့အလုပ် တစ်ခုရမှာ" ဟု ပြောကြသည်မှာ ထုံးတမ်းစဉ်လာအလေ့အကျင့် ကြောင့် ပြောကြခြင်းဖြစ်၏။ သည်လို သွန်သင်ဆုံးမခြင်းသည် အမြဲတမ်း မှန်ကန်ခဲ့၏။ ကျွန်မ ရောဘတ်နှင့်တွေ့သောအခါတွင်မူ သူ့အယူအဆများက ကျွန်မအား ကနဦးပိုင်းတွင် အထိတ်တလန့် ဖြစ်သွားစေ၏။ သူ့မှာ ဖအေနှစ်ဦးရှိခဲ့သည်ဖြစ်ရာသူသည် မတူညီ

သော ရည်မှန်းချက်ပန်းတိုင်နှစ်ခုဆီသို့ ရောက်အောင်ကြိုးပမ်းအားထုတ်ခဲ့၏။ ပညာတတ်ဖအေကြီးက သူ့အား ကော်ပိုရေးရှင်းကြီးတစ်ခုမှာ အလုပ်ဝင်လုပ်ဖို့ အကြံပေးသည်။ လူချမ်းသာဖအေဖြစ်သူက သူ့အား ကိုယ်ပိုင်ကော်ပိုရေးရှင်းကြီးတစ်ခုတည်ထောင်ဖို့ အကြံပေးသည်။ ဘဝလမ်းကြောင်းနှစ်ခုစလုံးမှာ ပညာရေး လိုအပ်၏။ သို့ပေမဲ့ လေ့လာဆည်းပူးရမည့် ဘာသာရပ်တွေကတော့ လုံးဝဥဿုံခြားနားသည်။ ပညာတတ်ဖအေကြီးက ရောဘတ်အား လူတော်တစ်ယောက်ဖြစ်အောင် ကြိုးစားဖို့ အားပေးသည်။ လူချမ်းသာဖအေကြီးက ရောဘတ်အား လူတော်တွေကို ဘယ်နည်းဘယ်ပုံ ငှားရမ်းသုံးစွဲနည်းကို သိအောင် အားထုတ်ဖို့ အားပေးသည်။

သူ့မှာ ဖအေက နှစ်ယောက်ဖြစ်နေတော့ ပြဿနာတွေ တော်တော်များသည်။ ရောဘတ်၏ ဖအေရင်းက ဟာဝိုင်ယီပြည်နယ်၏ ပညာရေးမှူး။ ရောဘတ်အသက် ၁၆ နှစ်ရောက်တော့ "မင်း ဂုဏ်ထူးတွေနဲ့ စာမေးပွဲမအောင်ရင် အလုပ်ကောင်းကောင်း ရမှာ မဟုတ်ဘူး" ဆိုသော ခြိမ်းခြောက်စကားတွေသည် သိပ်ပြီး မထိရောက်တော့။ သူ၏ ဝမ်းကျောင်းလုပ်ငန်းလမ်းကြောင်းမှာ ကော်ပိုရေးရှင်းကြီးတွေ ပိုင်ဆိုင်ဖို့ဖြစ်သည်။ ကော်ပိုရေးရှင်းကြီးတွေမှာ ဝင်ပြီး အလုပ်လုပ်ဖို့ မဟုတ်ဆိုတာကို သူသိမြင်သဘောပေါက်နေပြီးဖြစ်၏။

တကယ်တမ်းပြောရပါက အမြော်အမြင်ရှိပြီး ဇွတ်အတင်းတိုက်တွန်းသော အထက်တန်းကျောင်းမှ ပညာရေးအတိုင်ပင်ခံကြောင့်သာမဟုတ်လျှင် ရောဘတ်သည် တက္ကသိုလ်ပင်တက်ဖြစ်မည်မဟုတ်။ သည်အကြောင်း ရောဘတ်က ဝန်ခံစကားဆိုပါသည်။ သူက ရင်းနှီးမြှုပ်နှံမည့်ပစ္စည်းတွေ (Assets) စတင်စုဆောင်းချင်လှပြီ။ သို့သော် တက္ကသိုလ်ပညာကလည်း သူ့အတွက် အကျိုးရှိမှာပါဟု နောက်ဆုံးတွင် သဘောတူလက်ခံလိုက်သည်။

ဤစာအုပ်ထဲမှာပါသည့် အတွေးအမြင်များသည် ယနေ့ခေတ် မိဘအများစုအတွက် အလုပ်ပေးနေမည်။ ပြင်းထန်လွန်းနေသည်မှာ အမှန်ဖြစ်၏။ တချို့မိဘများဆိုလျှင် သူတို့ကလေးတွေကို ထောက်ပံ့ဆက်ထားဖို့ပင် အနိုင်နိုင်ဖြစ်နေကြသည်။ သို့သော် ပြောင်းလဲနေသော ခေတ်ကြီးနှင့်အညီ ကျွန်မတို့သည် မိဘတွေအနေဖြင့် သစ်ဆန်းသော၊ ဝံ့စားသော အတွေးအမြင်များကို ကြိုဆိုရပါမည်၊ မျက်စိဖွင့် နားစွင့်ထားဖို့လိုပါသည်။ ကလေးတွေကို ပန်းသီးသုပ်ဖို့ အားပေးခြင်းသည် သင့်ကလေးတွေအား တစ်သက်လုံး မဝရေးစားတော့ဟု အကြံပေးရာရောက်ပါသည်။ တကယ်တော့ မိသားစုအများစုသည် သူတို့ပေးဆောင်ရမည့် အခွန်အခတွေ ပြေအောင် ဇန်နဝါရီ မှ မေအထိ အလုပ်လုပ်ပေးနေကြရသည်။ ဤစာအုပ်မှာ တင်ပြထားသော အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်များကို သူတို့သူတို့လို မိသားစုတွေ သိဖို့၊ တတ်ဖို့ လိုအပ်နေပါသည်။

လူချမ်းသာတွေက သူတို့သားသမီးများအား မတူခြားနားစွာ သင်ကြားပေးကြသည်ဟု ရောဘတ်က ပြောသည်။ သူတို့က သူတို့အိမ် ညစာစားပွဲဝိုင်းမှာ သင်ကြားကြသည်။ ပို့ချကြသည်။ ဤစာအုပ်ထဲက အတွေးအမြင်အယူအဆများသည် သင့်ကလေးတွေနှင့် မဆွေးနွေးချင်သည့် အယူအဆများဖြစ်ကောင်း ဖြစ်နေမည်။ ဘာပဲဖြစ်ဖြစ် ယခုလို စာကြည့်သည့်အတွက် ကျေးဇူးတင်ပါသည်။ အတွေးသစ် အမြင်သစ်တွေ ဆက်လက်ရှာဖွေ လေ့လာဖို့ အကြံပေးပါရစေ။ မိခင်တစ်ဦးအနေဖြင့် နောက်ပြီး စာရင်းကိုင်တစ်ဦးအနေဖြင့် ပြောရလျှင် ဂုဏ်ထူးတွေပါအောင်ကြိုးစား၊ အလုပ်ကောင်းကောင်းတစ်ခုရှာဆိုသောအယူအဆသည် ခေတ်နောက်ကျနေပါပြီ၊ အမြင်အို၊ အမြင်ဟောင်းကြီးဖြစ်နေပါပြီ။ ကျွန်မတို့ကလေးတွေကို ပိုပြီးခေတ်မီဆန်းသစ်စွာ တွေးတတ် ကျင့်ကြံ

တတ်အောင် သွန်သင်ဖို့ လိုအပ်နေ၏။ ကျွန်မတို့ အတွေးသစ်၊ အမြင်သစ်တွေနှင့် မတူခြားနားသော ပညာရေးကို လိုအပ်နေ၏။ ကျွန်မတို့ကလေးတွေကို ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားရင်း ကိုယ်တိုင်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီတစ်ခုပါ တည်ထောင်နိုင်အောင် ကြိုးပမ်းဖို့ လမ်းညွှန်ခြင်းသည်လည်း သိပ်မဆိုးလှသော စိတ်ကူးဟု ပြောရပါမည်။

ဤစာအုပ်သည် အခြားမိဘများအတွက်လည်း အထောက်အကူဖြစ်ပါစေဆိုသည်မှာ မိခင်တစ်ဦးဖြစ်သော ကျွန်မ၏ ဆန္ဒမွန်ဖြစ်ပါသည်။ လူရယ်လို့ဖြစ်လာလျှင် ကြိုးပမ်းအားထုတ်ပါက ဘယ်သူမဆို ကြီးပွားချမ်းသာနိုင်ကြောင်း လူတွေအား အသိပေးလိုခြင်းကတော့ ရောဘတ်၏ ဆန္ဒမွန်ဖြစ်၏။ သင်သည် လောလောဆယ်တွင် ဥယျာဉ်မှူး ဖြစ်ချင်ဖြစ်နေမည်၊ တိုက်ခန်းစောင့် ဖြစ်ချင်ဖြစ်နေမည်။ သို့မဟုတ် အလုပ်လက်မဲ့ ဖြစ်ချင်လည်းဖြစ်နေမည်။ ဘာပဲဖြစ်နေဖြစ်နေ သင့်မှာ ပညာဆည်းပူးဖို့ အရည်အချင်း ရှိသည်။ သင်ချစ်ခင်မြတ်နိုးသူများအား ငွေရေး ကြေးရေး အရ ကိုယ့်အားကိုယ်ကိုး တတ်အောင်သင်ကြားပေးနိုင်စွမ်း သင့်မှာ ရှိသည်။ သင်သတိရနေဖို့မှာ ငွေကြေးဆိုင်ရာ အသိပညာဆိုသည်မှာ ဦးနှောက်အလုပ်ဖြစ်ကြောင်း၊ ၎င်းဦးနှောက်အလုပ်က နေပြီး ကျွန်မတို့၏ ငွေကြေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းကြရကြောင်း ပင်ဖြစ်၏။

ယနေ့ဆိုလျှင် ကျွန်မတို့ ယခင့်ယခင်က တွေ့ကြုံရင်ဆိုင်ခဲ့ရဖူးသည်ထက် များစွာ များစွာ ပိုမိုကြီးမားသော ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲများနှင့် နည်းပညာဆိုင်ရာ အပြောင်းအလဲများကို တွေ့ကြုံရင်ဆိုင်နေကြရပြီ။ ကျွန်မတို့ ဘယ်သူ့ဘယ်သူဆီမှာမှ ပြဒါးရှင်လုံး မရှိပါ။ သို့သော် သေချာတာတစ်ခုတော့ရှိသည်။ ကျွန်မတို့၏ လက်တွေ့ဘဝ၏ ဟိုမှာဘက်ကိုကျော်လွန်သော အပြောင်းအလဲ

တွေ ကျွန်မတို့ရှေ့မှာ ရှိနေ၏။ အနာဂတ်ကာလမှာ ဘာတွေ ဖြစ်လာမည်ဆိုတာကို ဘယ်သူအတပ်ပြောနိုင်ပါမည်လဲ။

သို့သော် . . . ဘာတွေပဲဖြစ်လာသည်ဖြစ်စေ ကျွန်မတို့မှာ အခြေခံကျသော ရွေးချယ်ခွင့် နှစ်မျိုးနှစ်စားရှိ၏။ အန္တရာယ်ကင်း ဘေးကင်း နေထိုင်ကျင့်ကြံသွားမည်လား။ သို့မဟုတ် ပညာဆည်းပူး၊ သင့်ကိုယ်ပိုင်နှင့် သင့်ကလေးတွေ၏ ငွေကြေးဆိုင်ရာပါရမီတို့ လှုပ်နှိုး၊ ကိုယ့်ဘက်က အသင့်ဖြစ်အောင် ပြင်ဆင်ရင်း ပါးရည်နပ်ရည်ရှိစွာ နေထိုင်ကျင့်ကြံသွားမည်လား။

ရှာရှွန်လက်ခ်တာ

# အခန်း [ ၁ ]

## ချမ်းသာတဲ့ဖေဖေနှင့် နွမ်းရှားတဲ့ဖေဖေ
### (ရောဘတ်ကီယိုဆာကီ၏ ပြန်လည်ပြောပြချက်)

ကျွန်တော့်မှာ အဖေနှစ်ယောက်ရှိသည်။ တစ်ယောက်က ချမ်းသာသူ၊ နောက်တစ်ယောက်က နွမ်းပါးသူ။ တစ်ယောက်ကတော်တော်ကြီးပညာတတ်ပြီး ဉာဏ်ရည်ထက်ထက်မြက်သူဖြစ်၏။ သူက ပီအိတ်ချ်ဒီဘွဲ့ရထားသူ၊ လေးနှစ်ကြာတက်ရမည့်ဘွဲ့ကြိုသင်တန်းများကို နှစ်နှစ်မပြည့်ဘဲ အပြတ်ပြတ်ခဲ့သူ။ ထို့နောက် စတန်းဖို့တက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်၊ အနောက်မြောက်ပိုင်းတက္ကသိုလ်များသို့သွားပြီး အဆင့်မြင့်ပညာတွေ ဆက်လက်ဆည်းပူးသည်။ ထိုတက္ကသိုလ်အားလုံးသို့ တက်နိုင်အောင် ပညာသင်စရိတ်ထောက်ပံ့ကြေးရသည်။ တခြားအဖေတစ်ယောက်ကတော့ မူလတန်းပင် မအောင်ခဲ့။

အဖေနှစ်ဦးစလုံးပင် သူတို့ဘဝတစ်လျှောက်အလုပ်ကြိုးစားသည်။ ငွေကြေးလုပ်ငန်းတွေမှာ အောင်မြင်ကြသည်။ ဝင်ငွေတွေလည်း လောက်လောက်လားလားရကြ၏။ သို့တိုင်

တစ်ယောက်က တစ်သက်လုံးငွေရေး ကြေးရေးအရ လုံးလည်လိုက်နေ၏။ တခြားတစ်ယောက်ကတော့ ဟာဝိုင်ယီမှာ အချမ်းသာဆုံးစာရင်း ဝင်သွားသည်။ သူတို့ ကွယ်လွန်ချိန်တွင် တစ်ဦးက သူ့မိသားစုအတွက် သန်းပေါင်းဆယ်ချီသော ဒေါ်လာတွေ အမွေထားခဲ့၏။ လူမှုရေးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အလှူငွေတွေထားရစ်ခဲ့၏။ နောက်တစ်ဦးကတော့ ကျန်ရစ်သူတွေ ပေးဆပ်ဖို့အကြွေးတွေ ထားရစ်ခဲ့၏။

ဖအေကြီး နှစ်ဦးစလုံးပင် စိတ်မာတ်ကြံ့ခိုင်သည်။ အရှိန်အဝါကြီးသည်။ ဩဇာလွှမ်းနိုင်စွမ်းရှိသည်။ နှစ်ဦးစလုံးက ကျွန်တော့်အား သွန်သင်ကြသည်။ ဆုံးမကြသည်။ သို့သော် သူတို့၏ သွန်သင်ဆုံးမချက်တွေက တစ်ဦးနှင့်တစ်ဦးမတူ။ သူတို့နှစ်ဦးစလုံး ပညာတတ်ဖို့ကို ခိုင်ခိုင်မာမာယုံကြည်လက်ခံသည်။ သို့ပေမဲ့ သူတို့အကြံပေးထောက်ခံသည့် ပညာရပ်ချင်းတော့ မတူညီ။

ကျွန်တော့်မှာ အဖေတစ်ဦးတည်းရှိလျှင် သူ့သွန်သင်ချက်ကို လက်ခံချင်လက်ခံ သို့မဟုတ် ပစ်ပယ်ရုံပဲရှိသည်။ ယခု အကြံပေး လမ်းညွှန်နေသည့် အဖေက နှစ်ဦးဖြစ်နေတော့ ကျွန်တော့်မှာ အတွေးအမြင်တွေ၊ ရှုထောင့်တွေကို နှိုင်းယှဉ်ချိန်ထိုး ရွေးချယ်ခွင့်ရနေသည်။ လူချမ်းသာကြီး၏ အယူအဆများနှင့် လူနွမ်းပါးကြီး၏ အယူအဆများ။

သာမန်ဆိုလျှင်တော့ တစ်ဦး၏ အဆုံးအမများကို လက်သင့်ခံပြီး ကျန်တစ်ဦး၏ အဆုံးအမများကို ပစ်ပယ်လိုက်ရုံပင်။ သို့သော် ထိုသို့ပြုလုပ်မည့်အစား ကျွန်တော်က သူတို့၏ အယူအဆများကို နှိုင်းယှဉ်ကြည့်မိ၏။ ချိန်ထိုးကြည့်မိ၏။ ပို၍ ပို၍ စဉ်းစားဆင်ခြင်မိ၏။ ပြီးတော့ ကိုယ့်ဘာသာကိုယ် ရွေးချယ်နေမိ၏။

ပြဿနာမှာ ချမ်းသာတဲ့ဖေဖေက မချမ်းသာသေးခြင်းနှင့် နွမ်းပါးတဲ့ဖေဖေက မနွမ်းပါးသေးခြင်းပင်။ သူတို့နှစ်ဦးစလုံး

သည် ဝမ်းကျောင်းလုပ်ငန်းများ အစပျိုးစပဲရှိသေးသည်။ နှစ်ဦး စလုံးပင် ငွေရေးကြေးရေး၊ မိသားစုအရေးနှင့် လုံးချာလည်နေ သည်။ သို့ပေမဲ့ ငွေကြေးနှင့် ပတ်သက်သော သူတို့၏အမြင်များ ကတော့ သွင်သွင်ခြားနားသည်။

ဥပမာဆိုရလျှင် "ငွေမက်တာဟာ မကောင်းမှုအားလုံးရဲ့ အစပဲ" ဟု တစ်ဦးက ပြောပြီး၊ ကျန်တစ်ဦးက "ငွေ မရှိတာဟာ မကောင်းမှုအားလုံးရဲ့ အစပဲ"ဟု တခြားတစ်ဦးက ပြောခြင်းမျိုး။

စိတ်ဓာတ်ကြံ့ခိုင်ပြီး ဩဇာကြီးသော ဖခင်နှစ်ဦးရှိနေခြင်း သည် လူငယ်တစ်ယောက်အတွက် တော်တော်လေးခက်ပါသည်။ ကျွန်တော်က မိဘစကားနာခံသည့် သားလိမ္မာဖြစ်ချင်သူ။ သို့ပေမဲ့ သူတို့ပြောတာတွေက ဘယ်တော့မှုမတူ။ အထူးသဖြင့် ငွေကြေးနှင့် ပတ်သက်သည့် သူတို့ အမြင်တွေက တောင်နှင့်မြောက်လို ကွာခြား နေတော့ ကျွန်တော်နားလည်ရခက်လာသည်။ သိချင်စိတ်ပြင်းပြ လာသည်။ သို့ဖြင့် သူတို့တစ်ဦးချင်း၏ အယူအဆများကို ကျွန်တော် တောင်စဉ်းစားချင့်ချိန်လာသည်။ တစ်ဦးချင်း၏ ဆိုလိုရင်းကို အဓိပ္ပာယ်ပေါက်အောင် အချိန်တွေအကြာကြီးယူပြီး စဉ်းစားအဖြေ ရှာရသည်။

ကျွန်တော့်အားလပ်ချိန် တော်တော်များများမှာ ပြန်တွေး ချိန်များဖြစ်နေသည်။ "အဲဒီစကားကို သူဘာဖြစ်လို့ ပြောတာလဲ" ဆိုသော မေးခွန်းမျိုးတွေ ကိုယ့်ကိုယ်ကိုယ် ပြန်မေး၏။ ထို့နောက် အခြားအဖေတစ်ဦး၏ စကားကိုလည်း သည်မေးခွန်းအတိုင်း မေး ကြည့်၏။ 'ဟုတ်တာပေါ့၊ သူပြောတာမှန်တာပေါ့။ သူပြောတာ ငါ သဘောတူတယ်' ဟု သာမန်ကာလျှံကာ လက်ခံလိုက်လျှင်တော့ လွယ် ပါသည်။ သို့မဟုတ် "ဒီအဘိုးကြီး သူဟာသူဘာပြောနေမှန်း သိတာ မဟုတ်ပါဘူး" ဆိုပြီးပစ်ပယ်လျှင်လည်းရ၏။ သို့ပေမဲ့ ကျွန်တော့်မှာ က အဖေနှစ်ယောက်ရှိနေသည်။ နှစ်ယောက်စလုံးကို ကျွန်တော်

ချစ်သည်။ သည်တော့ ကျွန်တော်မစဉ်းစားလို့မဖြစ်။ မချင့်ချိန်လို့ မဖြစ်။ ကျွန်တော့်အတွက် စဉ်းစားချင့်ချိန်ရတော့၏။ ကျွန်တော့် အတွက် တစ်ခုခုရွေးချယ်ဖို့ စဉ်းစားချင့်ချိန်သည့် အကျင့်သည် ရေရှည်တွင် သာမန်ကာလျှံကာ လက်ခံခြင်း သို့မဟုတ် ပစ်ပယ်ခြင်းထက် ပိုပြီးအကျိုးရှိပါသည်။

ချမ်းသာသူတွေ ပို၍ ချမ်းသာလာသည်။ ဆင်းရဲသူတွေ ပို၍ ဆင်းရဲသွားသည်။ လူလတ်တန်းစားတွေ အကြွေးသံသရာ လည်နေသည်။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းတွေထဲက အကြောင်းရင်းတစ်ခုမှာ ငွေကြေးအကြောင်းကို ကျောင်းမှာ မသင်ဘဲ အိမ်မှာသာ သင်နေကြသောကြောင့်ဖြစ်၏။ ကျွန်တော်တို့ အများစုသည် ငွေကြေးအကြောင်းကို ကျွန်တော်တို့မိဘများထံမှ သင်ယူနေကြရသည်။ သည်တော့ ဆင်းရဲသည့် မိဘတွေက သူတို့သားသမီးတွေအား ငွေအကြောင်း ပိုက်ဆံအကြောင်းဘာတွေ ပြောပြမည်လဲ။ "ကျောင်းတက်၊ စာကြိုးစား" သူတို့ဒါလောက်ပဲ ပြောကြသည်။ ကလေးက ဂုဏ်ထူးတွေ တစ်သီကြီးနှင့် ဘွဲ့ရကောင်းရလာမည်။ သို့သော် နွမ်းပါးသူ တစ်ဦး၏ ငွေကြေးအစီအစဉ်နှင့် နွမ်းပါးသူတစ်ဦး၏ စိတ်ဓာတ်ရေးရာနှင့် ဘွဲ့ရတစ်ဦးဖြစ်လာပေမည်။ သည်အနေအထားတွေကို ကလေးဖြစ်သူက ငယ်ဘဝကတည်းက သင်ယူသိမှတ်ခဲ့လေသည်။

စာသင်ကျောင်းတွေမှာ ငွေကြေးအကြောင်းသင်ကြားခြင်းမပြု။ စာသင်ကျောင်းတွေက ကျောင်းစာနှင့် ဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အတတ်ပညာတွေကိုပဲ ဇောက်ချသင်ကြားသည်။ သို့သော် ငွေကြေးဆိုင်ရာ အတတ်ပညာတွေကိုတော့ မသင်။ ကျောင်းမှာ စာတော်ပြီး ဂုဏ်ထူးတွေ တစ်သီကြီးရလာသည့် ဘဏ်မန်နေဂျာတွေ၊ ဆရာဝန်တွေ၊ စာရင်းကိုင်တွေ သူတို့သက်တမ်းတစ်လျှောက်လုံး ငွေကြေးဝဲဩဃထဲမှာ မြုပ်ချည် ပေါ်ချည် ဖြစ်နေ

ခြင်းတို့ အထက်ပါအချက်က ရှင်းပြနေ၏။ ကျွန်တော်တို့ အမေရိကနိုင်ငံတော်ကြီးတွင် အံ့ဖွယ်သရဲထူးကဲ များပြားလှသော ကြွေးမြီများ တင်နေ၏။ ထိုသို့ဖြစ်ရခြင်းမှာ ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နေသည့် နိုင်ငံရေးသမားတွေ၊ အစိုးရ အရာရှိကြီးတွေသည် ပညာတွေ အလွန်တတ်ကြသော်လည်း ငွေကြေးပညာရပ်အကြောင်းမသိသူတွေ သို့မဟုတ် မဖြစ်စလောက်သာ နားလည်သူတွေ ဖြစ်နေကြသောကြောင့်ဖြစ်၏။

ရာစုသစ်ခေတ်ကို ကျွန်တော်မကြာ မကြာဆိုသလို မျှော်ကြည့်မိ၏။ ငွေကြေးနှင့်ဆေးပညာဆိုင်ရာ အထောက်အပံ့တွေ လိုအပ်လာမည့် သန်းပေါင်းများစွာသော ပြည်သူတွေဘဝကို တွေးပူမိ၏။ သူတို့သည် ငွေရေးကြေးရေးအထောက်အပံ့အတွက် မိသားစုတွေ သို့မဟုတ် အစိုးရအပေါ် မှီခိုသူတွေဖြစ်လာတော့မည်။ ငွေအကြောင်းတလေးတွေအား သင်ကြားပို့ချဖို့ မိဘတွေကိုသာ လွှဲထားသော နိုင်ငံတစ်နိုင်ငံသည် ဘယ်လိုလုပ်ပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ပါမည်လဲ။ လွှဲအပ်တာဝန်ပေးခံထားရသည့် မိဘအများစုကလည်း ဆင်းရဲတော့မည့်သူများ သို့မဟုတ် ဆင်းရဲနေသူများ ဖြစ်နေတော့ နိုင်ငံ့အနာဂတ်မှာ တွေးဝံ့စရာမရှိတော့ပါ။

ကျွန်တော့်မှာ ဩဇာကြီးမားသော ဖအေနှစ်ယောက်ရှိနေသည့်အတွက် ကျွန်တော်က သူတို့နှစ်ယောက်စလုံးထံမှ လေ့လာသင်ယူခဲ့ရ၏။ ဖအေတစ်ဦးချင်း၏ အကြံပေးလမ်းညွှန်ချက်ကို ဆင်ခြင်ခဲ့ရသည်။ သည်လိုပြုမူရင်းဖြင့်ပင် လူတစ်ယောက်၏ အတွေးအခေါ်က သူ့ဘဝကို ဘယ်လိုအကျိုးသက်ရောက်စေသည် ဆိုသော အနှိုင်းထိုက် အဖိုးတန်အသိအမြင်ကိုရခဲ့၏။

မောင်ဆိုရသော် ဖအေတစ်ဦးက "ငါမတတ်နိုင်ဘူး" ဟု ပြောလေ့ရှိ၏။ နောက်တစ်ဦးက သည်စကားလုံးတွေ မသုံးဖို့ တားမြစ်သည်။ ထိုသို့ပြောမည့်အစား "ငါ တတ်နိုင်အောင် ဘယ်လို

လုပ်မလဲ" ဟု ပြောဖို့ တိုက်တွန်းသည်။ တစ်ခုက ကြေညာချက်။ နောက်တစ်ခုက မေးခွန်း။ တစ်ခုက သင့်အား ကိုယ်လွတ်ရုန်းခွင့်ပေးသည်။ နောက်တစ်ခုက သင့်အား အတင်းအကျပ်စဉ်းစားကြံဆစေသည်။ မကြာမီ ချမ်းသာလာတော့မည့် အဖေက သည်အကြောင်းကို ရှင်းပြသည်။ "ငါမတတ်နိုင်ဘူး"ဆိုသော စကားကို ပါးစပ်က အလွယ်တကူပြောလိုက်ခြင်းအားဖြင့် သင့်ဦးနှောက်သည် အလုပ်လုပ်တာ ရပ်သွားသည်ဆို၏။ "ငါတတ်နိုင်အောင် ဘယ်လိုလုပ်မလဲ" ဟု မေးလျှင်တော့ သင့်ဦးနှောက်ကို အလုပ်လုပ်ဖို့ တာဝန်ပေးလိုက်ပြီဟု ပြော၏။

ထိုသို့ပြောရာ၌ သူက သင်ဝယ်ချင်သရွေ့ပစ္စည်းတိုင်းကို အကုန်လိုက်ဝယ်နေဖို့ မဆိုလို၊ သူက ကမ္ဘာပေါ်မှာ အစွမ်းအထက်ဆုံး ကွန်ပျူတာဖြစ်သည့် သင့်စိတ်ကို လေ့ကျင့်ပျိုးထောင်ဖို့ အစွဲကြီးသူဖြစ်၏။

"ငါ့ဦးနှောက်တာ နေ့စဉ်နဲ့အမျှ ကြံ့ခိုင်သန်စွမ်းလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါက လေ့ကျင့်ပေးလို့။ ဦးနှောက်အားကောင်းလာလေ ငွေရှာရ လွယ်ကူလေပဲကွ" ဟု ပြောသည်။ "ငါမတတ်နိုင်ဘူး" ဟု ပါးစပ်က အလိုအလျောက် ပြောခြင်းသည် စိတ်အပျင်းထူခြင်းဖြစ်သည်ဟု သူက ယုံကြည်လေသည်။

ကျွန်တော့်ဖခင်နှစ်ဦးစလုံး အလုပ်ကြိုးစားကြ၏။ သို့သော် ငွေရေး၊ ကြေးရေးနှင့်ပတ်သက်လာလျှင် တစ်ဦးက ဦးနှောက်ကို အိပ်ခိုင်းထားပြီး၊ ကျန်တစ်ဦးက သူ့ဦးနှောက်ကို လေ့ကျင့်ပေးသည့်အကျင့်ရှိကြောင်း တွေ့ရသည်။ ရေရှည်တွင် ဖြစ်ပေါ်လာသည့်ရလဒ်မှာ ဖခင်တစ်ဦးက ငွေကြေးတောင့်တင်းလာပြီး နောက်ဖခင်တစ်ဦးက ငွေကြေးချို့တဲ့လာခြင်း ဖြစ်ပါသည်။ သူတို့ ဖြစ်ရပ်သည် အားကစားလေ့ကျင့်ခန်းသို့ ပုံမှန်သွားကျင့်သူနှင့် ဆောင်စောင်းပေါ် အခုံသားထိုင်ပြီး ရုပ်မြင်သံကြားကြည့်နေသူနှင့်တူ၏။

ရှင်ပိုင်းအရ စနစ်တကျလေ့ကျင့်သူသည် ကျန်းမာရေးကောင်းလာဖို့ အလားအလာများပြီး စိတ်ပိုင်းအရစနစ်တကျ လေ့ကျင့်သူသည် ဥစ္စာနေတိုးပွားလာဖို့ အလားအလာများ၏။ ပျင်းရိခြင်းက ကျန်းမာရေးကိုကော ဥစ္စာဓနကိုပါ ချည့်နဲ့စေပါသည်။

ကျွန်တော့်ဖခင်နှစ်ဦးတွင် ဆန့်ကျင်ဘက်အတွေးများရှိ၏။ တစ်ဦးက ကံမကောင်း အကြောင်းမလှသူများကို စောင့်ရှောက်ဖို့ ချမ်းသာသူများသည် အခွန်အခများ ပိုပေးသင့်သည်ဆို၏။ နောက်တစ်ဦးက "ကုန်ထုတ်သူတွေကို အခွန်အကောက်တွေကောက်ခံပြီး ကုန်မထုတ်သူတွေကို ဆုပေးတယ်" ဟုပြောသည်။

ဖခင်တစ်ဦးက "စာကြိုးစား၊ ဒါမှမင်းအလုပ်ဝင်ဖို့ ကုမ္ပဏီကောင်းကောင်းတွေ့မှာ" ဟု အကြံပေးပြီး နောက်တစ်ဦးက "စာကြိုးစား၊ ဒါမှ မင်းဝယ်ယူဖို့ ကုမ္ပဏီကောင်းကောင်းတစ်ခုတွေ့မှာ" ဟု တိုက်တွန်းသည်။

တစ်ဦးက "ငါ မချမ်းသာတာ မင်းတို့ကလေးတွေ ရှိနေလို့ပဲ" ဟု ပြောချိန်တွင် အခြားတစ်ဦးကမူ "မင်းတို့ကလေးတွေ ရှိနေတဲ့အတွက် ငါက ချမ်းသာမှဖြစ်မယ်" ဟု ပြော၏။

ငွေကြေးနှင့် စီးပွားရေးအကြောင်းကို ညစာစားချိန်တွင် ပြောကြဖို့ တစ်ဦးက တိုက်တွန်းသော်လည်း အခြားတစ်ဦးက ထိုအကြောင်းကို ထမင်းစားရင်းမပြောရဟု တိုက်တွန်းတားမြစ်သည်။

"ငွေကြေးနဲ့ ပတ်သက်လာရင် စိတ်ချရတဲ့ နည်းကိုသုံး၊ အရဲမကိုးနဲ့" ဟု တစ်ဦးကပြောသည်။ ကျန်တစ်ဦးက "ခြေနိုင်သတ်နိုင် အရဲကိုးတတ်အောင် ပညာရှာ" ဟူ၏။

တစ်ဦးက "ငါတို့အိမ်ဟာ အကြီးမားဆုံးငွေပင်ငွေရင်းဖြစ်ပြီး တန်ဖိုးအရှိဆုံး ပုံသေပိုင်ပစ္စည်းပဲ"ဟု ခံယူ၏။ နောက်တစ်ဦးကတော့ "ငါ့အိမ်ဟာ ပေးရန်ရှိတဲ့ကြွေးပဲ။ မင့်အိမ်ဟာ အကြီး

မားဆုံး ရင်းနှီးမြှုပ်နှံမှုဆိုရင် မင်း ဒုက္ခရောက်ပြီသာမှတ်" ဟူ၏။

ဖခင်နှစ်ဦးစလုံးပေးဆပ်ရမည့် ကြွေးများကို အချိန်မီ ပေးဆပ်ကြ၏။ သို့တိုင် တစ်ဦးက ပေးရန်ရှိသည်များကို အရင်ဆုံး ပေးပြီး ကျန်တစ်ဦးက နောက်ဆုံးမှပေးသည်။

တစ်ဦးက သင်နှင့် သင့်လိုအပ်ချက်များကို တာဝန်ယူဖို့ ကုမ္ပဏီတစ်ခု သို့မဟုတ် အစိုးရကိုအားထားသည်။ သူက လခတိုးဖို့၊ အငြိမ်းစားယူချိန်စီမံကိန်းများ၊ ဆေးကုသမှု ခံစားခွင့်များ၊ နာမကျန်းခွင့်များစသည်ဖြင့် အမျိုးမျိုးတွေးတောပူပန်သည်။ "ငါဟာ အစိုးရအတွက် ကြိုးစားပမ်းစား အလုပ်လုပ်ပေးခဲ့တယ်။ ဒီတော့ အဲဒီခံစားခွင့်တွေကို ခံစားခွင့်ရှိတယ်" ဟု သူက မကြာမကြာ ပြောသည်။

အခြား ဖခင်တစ်ဦးကတော့ ငွေရေး၊ ကြေးရေးအရအကြွင်းမဲ့ ကိုယ့်အားကိုယ်ကိုးခြင်းကို ယုံကြည်အားထားသည်။ သူက "ခံစားခွင့်" မျှော်ကိုးသည့် စိတ်ဓာတ်ကို မကြိုက်။ သည်စိတ်ဓာတ်က စိတ်ဓာတ်ပျော့ညံ့သူများ၊ ငွေကြေးချို့တဲ့သူများကို မွေးထုတ်ပေးသည်ဟု သူကဆိုသည်။ သူက ငွေကြေးကိစ္စများကို ကျွမ်းကျင်လိမ္မာစွာ ကိုင်တွယ်တတ်ရေးကို ပြတ်ပြတ်သားသားထောက်ခံသည်။

ဖခင်တစ်ဦးက အလုပ်ကောင်းကောင်းတစ်ခုရအောင် အထင်ကြီးလေးစားလောက်သည့် အလုပ်လျှောက်လွှာတစ်စောင် ဘယ်လိုရေးရမည်ဖြစ်ကြောင်း သင်ကြားပေးသည်။ အခြားဖခင်တစ်ဦးက ခိုင်မာသောစီးပွားရေးနှင့် ငွေကြေးစီမံကိန်းများ ဘယ်လိုရေးရမည်ကို သင်ကြားပေး၏။ သို့မှသာ ကိုယ်က အလုပ်အကိုင်တွေ ဖော်ဆောင်ပေးနိုင်မည်ဟု ဆိုသည်။

စိတ်ဓာတ်ကြံ့ခိုင်သော ဖခင်နှစ်ဦး၏ ဩဝါဒများအောက်တွင် ကြီးပြင်းလာသော ကျွန်တော်သည် မတူခြားနားသော အတွေး

အခေါ်များက မတူခြားနားသော ဘဝများကို ဖန်တီးပေးကြောင်း သိခွင့် မြင်ခွင့်ရလာသည်။ လူတွေသည် သူတို့၏ အတွေးအခေါ်များဖြင့် သူတို့၏ဘဝများကို ပုံဖော်ကြကြောင်း သတိထားမိလာသည်။

ဖမာဆိုရသော် ကျွန်တော်၏ နွမ်းပါးသောဖခင်က "ငါ ဘယ်တော့မှ ချမ်းသာမှာမဟုတ်ဘူး"ဟု အမြဲတစေပြောတတ်သည်။ အဆိုပါဟောကိန်းက တကယ်လက်တွေ့ဖြစ်လာသည်။ တစ်ဖက်ရှိ ချမ်းသာသောဖခင်ကတော့ သူ့ကိုယ်သူ လူချမ်းသာဟု အမြဲပြော၏။ "ငါက လူချမ်းသာကွ၊ လူချမ်းသာတွေက ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး" ဆိုသော စကားမျိုးသူကပြောတတ်သည်။ တစ်ခါတစ်မောင်းငွေကြေးအရ အကြီးအကျယ် အရှုံးပေါ်သွားသည့်တိုင် သူက သူ့ကိုယ်သူ သူဌေးဟုပဲ ပြောသည်။ "ဆင်းရဲတာနဲ့ ဘိုင်ကျတာ မတူဘူးကွ။ ဆင်းရဲတာက အမြဲတမ်းဖြစ်ပြီး ဘိုင်ကျတာက ယာယီကြုံရတာ" ဟုလည်း သူ့ကိုယ်သူ ဖေးဖေးမမပြောသည်။

နွမ်းပါးသောဖေဖေက "ငွေကို ငါစိတ်မဝင်စားဘူး" သို့မဟုတ် "ငွေကြေးက အကြောင်းမဟုတ်ပါဘူး" ဟုလည်း ပြောတတ်သေးသည်။ ချမ်းသာသောဖေဖေကတော့ "ငွေဆိုတာ စွမ်းအားပဲ" ဟု၏။

ကျွန်တော်တို့အတွေးများ၏ စွမ်းပကားကို တိုင်းတာမိချင်မှ တိုင်းတာမိမည်။ သို့မဟုတ် အသိအမှတ်ပြုဖြစ်ချင်မှ ပြုဖြစ်မည်။ သို့သော် လူငယ်တစ်ယောက်အနေဖြင့် ကိုယ့်အတွေးများကို ကိုယ် သတိထားရကောင်းမှန်းသိလာသည်။ ၎င်းအတွေးများကို ဘယ်လို ဖော်ပြရမည်ဆိုတာ သဘောပေါက်လာသည်။ နွမ်းပါးသော ဖေဖေသည် နွမ်းပါးနေ၏။ သည်သို့ဖြစ်ရသည်မှာ ဝင်ငွေနည်းသောကြောင့် မဟုတ်။ သူလည်း ဝင်ငွေကောင်းသင့်သလောက် ကောင်းသည်။ သို့သော် သူ့အတွေးများနှင့် လုပ်ဆောင်မှုများကြောင့် ခုလို

နွမ်းပါးနေခြင်းဖြစ်၏။ ဖအေနှစ်ယောက်ရထားသော လူငယ်တစ်ဦးအနေဖြင့် ဘယ်လိုအတွေးမျိုးကို ကိုယ့်ကိုယ်ပိုင်အတွေးအဖြစ် လက်ခံရမည်ဆိုသည်ကို ချင့်ချိန်ကြံဆတတ်လာသည်။ ဘယ်သူ့စကားကို နားထောင်ရမည်လဲ။ ဖေဖေချမ်းသာ၏ စကားကိုလား၊ ဖေဖေနွမ်းပါး၏စကားကိုလား။

ဖအေကြီးနှစ်ဦးစလုံးက ပညာရေးနှင့် လေ့လာဆည်းပူးခြင်းကို အကြီးအကျယ်အရေးထား လေးစားကြသည်။ သို့သော် လေ့လာဆည်းပူးဖို့ ဘယ်ဟာတွေက အရေးကြီးသည် ဘယ်ဟာတွေက အရေးမကြီးဆိုသည့်ကိစ္စကျတော့ သူတို့နှစ်ယောက် အမြင်မတူတော့။ တစ်ဦးက စာကြိုးစား၊ ဘွဲ့တစ်ခုရအောင်လုပ်၊ ငွေရှာဖို့ အလုပ်တစ်ခု ဝင်လုပ်စေချင်သည်။ သူက ကျွန်တော့်ကို ဝမ်းကျောင်းမှုပညာရှင်တစ်ဦး ဖြစ်စေချင်သည်။ ရှေ့နေ သို့မဟုတ် စာရင်းကိုင် သို့မဟုတ် စီးပွားရေးစီမံခန့်ခွဲမှု မဟာဝိဇ္ဇာဘွဲ့ရအောင် စီးပွားရေးတက္ကသိုလ်တက်စေချင်သည်။ ကျန်တစ်ဦးက ကျွန်တော့်အား ကြီးပွားချမ်းသာအောင် သင်ယူလေ့လာဖို့ အားပေးသည်။ ငွေက ဘယ်လိုအလုပ်လုပ်ကြောင်း၊ ကျွန်တော့်အတွက် အလုပ်လုပ်ပေးအောင် ငွေကို ဘယ်လိုခိုင်းရမည်ဖြစ်ကြောင်း သဘောပေါက်နားလည်အောင် သင်ယူဆည်းပူးဖို့ တိုက်တွန်းသည်။

"ငါ ငွေရဖို့ အလုပ်မလုပ်ဘူး။ ငါ့အတွက် ငွေက အလုပ်လုပ်ပေးတယ်" ဆိုသော စကားများကား ဖေဖေချမ်းသာ အဖန်တလဲလဲ ပြောသည့်စကားများပေတည်း။

ငွေကြေးနှင့်ပတ်သက်၍ ဖေဖေချမ်းသာ၏ စကားများကို နားထောင်မည်၊ ဆည်းပူးမည်ဟု ကျွန်တော် ကိုးနှစ်သားအရွယ်တွင် ဆုံးဖြတ်လိုက်၏။ တက္ကသိုလ်ဘွဲ့တွေ တစ်သီကြီးရထားသော်လည်း ဆင်းရဲနေသည့် ဖေဖေနွမ်းပါး၏ စကားတွေကို နားမထောင်တော့ဟု စိတ်ပိုင်းဖြတ်လိုက်ပါသည်။

## ရောဘတ်ဖရော့စ်ထံမှရသောသင်ခန်းစာ

ရောဘတ်ဖရော့စ် (Robert Frost) သည် ကျွန်တော် အကြိုက်ဆုံးကဗျာဆရာဖြစ်၏၊ သူ့ကဗျာတွေ တော်တော်များများ ကို ကြိုက်ခဲ့ပေမဲ့ ကျွန်တော်အကြိုက်ဆုံးကဗျာကတော့ 'လမ်းသစ်' ဆိုတဲ့ ကဗျာပါ။ အဲဒီကဗျာက ပေးတဲ့ သင်ခန်းစာကို ကျွန်တော် [illegible]သောတ်နီးပါး အသုံးချခဲ့ပါတယ်။

### * လမ်းသစ် *

ညိုဝါရွှေမှော်ရုံတောထဲ လမ်းနှစ်မြွာဖြာဝင်သွားတယ်၊
ခရီးသည်က ကိုယ်တစ်ယောက်တည်းရယ်
နှစ်သွယ်သောလမ်းကို ပြိုင်တူမလျှောက်နိုင်လို့ ဝမ်းပါးရသေးတယ်၊
ကျွန်... ဘယ်တတ်နိုင်ပ့ါ၊ မတ်တတ်ရပ်ပြီး မျက်စိတစ်ဆုံး
လမ်းမျှော်ကြည့်၊
အဲသည့်လမ်းကလေးချုံပုတ်တွေအောက် ကွေ့ကောက် ဝင်သွားတဲ့
အထိတည်။

နောက်တော့ သာတူညီမျှဖြစ်အောင် နောက်တစ်လမ်းကို အကဲ
ခတ်ကြည့်၊
ဟိုလမ်းကတော့ သာယာမှုအပြည့်နဲ့ ညွတ်နူးစွာလက်ကမ်း၊
မြက်ခင်းတွေကို ငံ့မျှော်နေတဲ့ မြမြက်စိမ်းတွေအပြည့်၊
ခြေလှမ်းတွေရှိသေး၍ သည်လမ်းကို ဖြတ်ရင်
ခြေချင်းသည်းလမ်း မြက်လည်းနွမ်းမှာအသေအချာပင်။

ထိုနံနက်မှာ အဲသည်လမ်းနှစ်မြွာ ငြိမ်သက်စွာလဲလျောင်းလို့၊

## ၁၂ မြတ်ငြိမ်း

အနင်းအချေမခံရသေးတဲ့ ရွက်ကြွေတွေ ဖြန့်ခင်းလို့၊
ငါ ပထမလမ်းကို နောက်နေ့အတွက် ချန်ထားလိုက်တယ်၊
တစ်လမ်းလျှောက်မိရင် နောက်လမ်းတွေဆီ ခရီးပေါက်မယ်ဆိုတာ
သိကာထား
ငါပြန်လမ်းမှ ရှိပါဦးမလား သံသယတောင်ဝင်မိသေး။
သည်အကြောင်းကို ငါသက်ပြင်းကြီးကြီးချပြီး ပြောပါရစေ
နှစ်တွေအသင်္ချေကြာခဲ့တုန်းက ထိုတစ်နေရာမှာလေ၊
ညိုဝါရွှေတောအုပ်ကြား လမ်းနှစ်မြွာဖြာဝင်သွား၊
လူသူခြေမချသေးတဲ့လမ်း ငါရွေးလှမ်းခဲ့တယ်၊
အဲသည်ရွေးချယ်မှုက အရာရာတိုင်းကို ထူးခြားမှုတွေ ဖြစ်စေခဲ့တာ
ပေါ့ကွယ်။

ရောဘတ်ဖရော့စ်(၁၉၁၆)

ထိုသင်ခန်းစာကို နေ့စဉ်အသုံးချခြင်းက အစစအရာရာ
ကို ကွဲပြားခြားနားစေပါသည်။

နှစ်ပေါင်းများစွာအတွင်း မကြာမကြာ ပြန်လှန်စဉ်းစာ
သည်။ တွေးတောဆင်ခြင်သည်။ ဖေဖေနှမ်းပါး၏ ငွေကြေးအပေါ်
ထားရှိသည့် သဘောထားနှင့် လမ်းညွှန်ချက်များကို နားမထောင်
တော့ဖို့ ဆုံးဖြတ်ရခြင်းသည် အလွန်စိတ်ဆင်းရဲစရာကောင်းသည့်
ရွေးချယ်မှုတစ်ရပ်ဖြစ်၏။ သို့သော် ဤဆုံးဖြတ်ချက်သည် နောင်
တစ်သက်လုံး ကျွန်တော့်ဘဝကို ပုံသွန်းပေးမည့် ဆုံးဖြတ်ချက် ဖြ
နေ၏။

ဘယ်သူ့စကားနားထောင်မည်ဟု စိတ်ပိုင်းဖြတ်ပြီးသည
နှင့် ငွေကြေးနှင့်ပတ်သက်သည့် ကျွန်တော့်ပညာရေးစတင်တေ
၏။ ဖေဖေချမ်းသာက ကျွန်တော်အသက် ၃၉ နှစ်ရှိသည့်တို
နှစ်ပေါင်းသုံးဆယ်ကျော် သင်ကြားပို့ချပေးခဲ့၏။ ဒုံးဝေးလှသေ

ကျွန်တော့်ခေါင်းထဲသို့ သူ သွတ်သွင်းပေးသည့် ပညာရပ်များကို ကျွန်တော် ပြည့်ပြည့်ဝဝ နားလည်ပြီဟု ယုံကြည်လက်ခံမှသာ သူ၏ သင်ကြားမှုကို ရပ်လိုက်၏။

ငွေသည် စွမ်းအားတစ်မျိုးဖြစ်၏။ သို့သော် ပို၍စွမ်းအား ကြီးသည်မှာ ငွေကြေးနှင့်ပတ်သက်သည့်ပညာဖြစ်၏။ ငွေတွေ ဝင်လာသည်။ ပြန်ထွက်သွားသည်။ သို့သော် ငွေတွေ ဘယ်လို အလုပ်လုပ်ကြောင်း သိမြင်တတ်ပွန်လာလျှင် ငွေကို ခိုင်းစေနိုင်သည့် စွမ်းအားသင့်မှာရလာ၏။ ထို့နောက်တော့ သင်၏ ဓနဥစ္စာတို့ စတင်ထူထောင်နိုင်ပေပြီ။ တကယ်တော့ အပြုသဘောဆောင်သည့် စဉ်းစားတွေးခေါ်ခြင်းတစ်မျိုးတည်းဖြင့် အလုပ်မဖြစ်ပါ။ အဘယ်ကြောင့် အလုပ်မဖြစ်သလဲဆို လူများစုသည် ကျောင်းနေကြသည်။ သို့သော် ငွေဘယ်လို အလုပ်လုပ်သည်ဆိုတာကို လေ့လာဆည်းပူးခဲ့ခြင်းမရှိကြသောကြောင့်ဖြစ်၏။ ရလဒ်မှာ သူတို့တစ်သက်လုံး ငွေရရေးအတွက် အလုပ်လုပ်ကြရခြင်းပင်တည်း။

ကျွန်တော်စတင်ပညာယူစဉ်က အသက်ကိုးနှစ်သာ ရှိသေးသည်ဖြစ်ရာ ဖေဖေချမ်းသာသင်ပေးသည့် သင်ခန်းစာများသည် ရိုးလှစင်းလှပါသည်။ သူ့သင်ခန်းစာတွေ အားလုံး သင်ကြားပြီးပြီ လေ့ကျင့်ပြီးပြီဆိုသည့်အချိန်တွင် နှစ်ပေါင်းသုံးဆယ်အတွင်း ထပ်တလဲလဲ ပို့ချခဲ့သည့် အဓိက သင်ခန်းစာများမှာ ခြောက်ခုသာ ရှိကြောင်းတွေ့ရ၏။

ဤစာအုပ်သည် အဆိုပါ သင်ခန်းစာများအကြောင်း ဖြစ်၏။ ဖေဖေချမ်းသာက ကျွန်တော့်အား သင်ကြားပို့ချခဲ့သည့် နည်းအတိုင်း တတ်နိုင်သမျှလွယ်ကူရှင်းလင်းအောင် တင်ပြထားပါသည်။ ဤသင်ခန်းစာများသည် အဖြေများမဟုတ်ပါ။ လမ်းညွှန်ချက်များသာဖြစ်၏။ ပြောင်းလဲမှုနှင့် မရေရာမှုတွေ တိုးပွားများပြားလာသည့် ကမ္ဘာကြီးပေါ်တွင် မည်သို့သော ဖြစ်ရပ်မျိုးတွေ

ဖြစ်ပေါ်လာသည်ဖြစ်စေ သင်နှင့် သင့်ကလေးတွေ ချမ်းသာကြွယ်ဝလာအောင် အထောက်အကူပြုမည့် လမ်းညွှန်ချက်များဖြစ်ပါသည်။

■

သင်ခန်းစာ ၁
ချမ်းသာသူတွေက ဝင်ငွေရဖို့ အလုပ်လုပ်ခြင်းမဟုတ်

သင်ခန်းစာ ၂
ငွေကြေးအခြေခံပညာ ဘာကြောင့် သင်သင့်သလဲ

သင်ခန်းစာ ၃
ကိုယ့်အလုပ်ကိုယ်လုပ်

သင်ခန်းစာ ၄
အခွန်များနှင့် ကော်ပိုရေးရှင်းများ အခွင့်အာဏာ၏ သမိုင်းကြောင်း

သင်ခန်းစာ ၅
ချမ်းသာသူတွေက ငွေကို ဖန်တီးယူသည်

သင်ခန်းစာ ၆
ပညာရဖို့ အလုပ်လုပ်ပါ၊ ဝင်ငွေရဖို့ အလုပ်မလုပ်ပါနှင့်။

## အခန်း [ ၂ ]

**သင်ခန်းစာ[၁]**

**ချမ်းသာသူတွေက ဝင်ငွေရဖို့ အလုပ် လုပ်ခြင်းမဟုတ်**

"ဖေဖေ၊ ချမ်းသာလာအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်တော့်ကို ပြောပြနိုင်မလားဟင်"

ဖေဖေက ညနေပိုင်းထုတ် သတင်းစာကို အောက်သို့ လိုက်၏။

"မင်းက ဘာဖြစ်လို့ ချမ်းသာချင်ရတာလဲသားရဲ့"

"ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ပဲ ဂျင်မီ့မေမေက သူတို့ ကဲဒီလက်ကားသစ်ကြီး မောင်းလာတယ်။ သီတင်းပတ်ကုန်ရ တွေမှာ သူတို့ရဲ့ ငွေသောင်ယံအိမ်ကို သွားကြမလို့တဲ့။ ဂျင်မီ သူ့သူငယ်ချင်းသုံးယောက်ကို ခေါ်သွားတယ်လေ။ မိုက်နဲ့ ကျွန်တေ ကိုတော့ မခေါ်ဘူး။ ကျွန်တော်တို့ကို မခေါ်တာ ကျွန်တော်တို့ ငမွဲတွေမို့ လို့တဲ့ဖေဖေရဲ့"

"ဟေ ... သူတို့ဒီလိုပဲ ပြောသလား" ဖေဖေ မယုံကြ နိုင်စွာမေး၏။

"ဟုတ်တယ်၊ သူတို့အဲဒီ အတိုင်းပြောတာ" ကျွန်တေ

အနာကြည်းကြည်းလေးသံဖြင့် ပြော၏။

ဖေဖေက နှုတ်ဆိတ်စွာဖြင့် ခေါင်းကို ယမ်းခါနေသည်။ နဖူးပေါ်က မျက်မှန်ကို ပြန်ပင့်တင်ပြီး သတင်းစာ ပြန်ဖတ်နေသည်။ ကျွန်တော်က သူ့နံဘေးမှာ မတ်တတ်။ အဖြေတစ်ခုရလိုငြား စောင့်စားလျက်။

ထိုနှစ်ကား ၁၉၅၆။ ကျွန်တော့်အသက် ၉ နှစ်။ ကံ ကောင်းသည့်ကလေးသင့်ပြီး ကျွန်တော်သည် လူချမ်းသာသားသမီးတွေ တက်သည့် ပြည်သူပိုင်ကျောင်းမှာ တက်ခွင့်ရသည်။ ကျွန်တော်တို့ မြို့ကလေးသည် ကြံစိုက်ခင်းတွေအဓိကထားသည့် စိုက်ပျိုးရေး မြို့ကလေးဖြစ်၏။ စိုက်ခင်းမန်နေဂျာများနှင့် ဆရာဝန်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဘဏ်မန်နေဂျာတွေကဲ့သို့သော သူဌေးတွေက သူတို့သားသမီးများကို သည်ကျောင်းသို့ပဲ ပို့သည်။ တစ်တန်းမှ ခြောက်တန်းအထိ။ ခြောက်တန်းအောင်သွားလျှင် သူတို့ ကလေးတွေကို ပုဂ္ဂလိကပိုင် ကျောင်းတွေမှာ ထားတာများသည်။ ကျွန်တော့် မိသားစုက ကျောင်းရှေ့လမ်း၊ ကျောင်းရှိသည့်ဘက်ခြမ်းမှာ နေထိုင်သည့်အတွက် ကျွန်တော် သည်ကျောင်းမှာပဲ တက်ရသည်။ အကယ်၍ လမ်းတစ်ဖက်ခြမ်းမှာနေလျှင် အခြားကျွန်တော်လို ကလေးတွေ တက်သည့်အခြားကျောင်း တစ်ကျောင်းမှာ တက်ရပေမည်။ ခြောက်တန်းအောင်ပြီးလျှင် ကျွန်တော်တို့ ပြည်သူပိုင် အလယ်တန်းကျောင်းများ၊ အထက်တန်းကျောင်းများသို့ သွားရမည်။ ကျွန်တော်လို အခြားကလေးတွေအတွက်ကော ကျွန်တော့်အတွက်ပါ ပုဂ္ဂလိကပိုင်ကျောင်းဆိုတာ မရှိ။

နောက်ဆုံးတွင် ဖေဖေက သတင်းစာကို အောက်သို့ချသည်။ သူ စဉ်းစားနေကြောင်း ကျွန်တော်သိနေသည်။

"အင်းကွဲ့ . . . သားရေ" သူ ဖြည်းလေးစွာစကားစသည်။

"မင်းချမ်းသာချင်သပ့်ဆိုရင် ငွေရှာဖို့ လေ့လာဆည်းပူးပေါ့ကွယ်"

"ကျွန်တော်ဘယ်လိုငွေရှာရမလဲဖေဖေ"

"အဲ. . . ခေါင်းသုံးပေါ့သားရယ်" သူပြုံးပြီးပြောသည်။ သူဆိုလိုရင်းကတော့ "အဲဒါပဲ ငါပြောတတ်တယ်" သို့မဟုတ် "အဖြေကို ငါမသိဘူး။ ဒီတော့ ငါ့ကိုစိတ်ရှုပ်အောင် လာမလုပ်နဲ့" ဟူသတည်း။

**အစုစပ်လုပ်ငန်းတည်ထောင်လိုက်ပြီ**

နောက်နေ့နံနက်ကျတော့ ဖေဖေ့အပြောကို ကျွန်တော့် အချစ်ဆုံး သူငယ်ချင်း မိုက်အား ပြန်ပြောပြသည်။ ကျွန်တော် သိသလောက်ပြောရလျှင် ကျောင်းမှာ ငမွဲကလေးတွေဆိုလို့ မိုက်နှင့် ကျွန်တော်ပဲရှိသည်။ မိုက်သည်လည်း ကျွန်တော့်လိုပင် ကံအလှည့် ကလေးသင့်ပြီး သည်ကျောင်းသို့ ရောက်လာခြင်းဖြစ်၏။ သည်ကျောင်းနှင့်သက်ဆိုင်သည့် နယ်မြေကို တစ်စုံတစ်ယောက်က စည်းဝိုင်းဆွဲပစ်လိုက်၏။ ၎င်းစည်းဝိုင်းထဲမှာ ကျွန်တော်တို့ နေထိုင်သည့်အတွက် သူဌေးသားသမီးများနှင့်အတူ သည်ကျောင်းသို့ ရောက်လာကြရသည်။ တကယ်တမ်းကျတော့ ကျွန်တော်တို့ မဆင်းရဲပါ။ ဆင်းရဲသည်ဟု ကျွန်တော်တို့ ရင်ထဲခံစားနေရခြင်းဖြစ်၏။ ဘာ့ကြောင့်ဆို အခြားကလေးတွေ ကြည့်လိုက်လျှင် ဘော့စ်ဘော လက်အိတ်အသစ်တွေ၊ စက်ဘီးအသစ်တွေ၊ အစစ အရာရာ အသစ်တွေနှင့်ချည်း ဖြစ်နေသောကြောင့်ပင်။

မိဘတွေက ကျွန်တော်တို့အား စား၊ ဝတ်၊ နေရေး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေး၏။ သို့သော် သည်လောက်ပါပဲ။ "မင်း တစ်ခုခုလိုချင်ရင် အဲဒါရအောင် အလုပ်လုပ်ပေါ့" ဟု ဖေဖေက ပြောလေ့ရှိသည်။ ကျွန်တော်တို့ လိုချင်တာတွေက အများကြီး။ သို့သော် ကျွန်တော်တို့လို ၉ နှစ်သား ချာတိတ်တွေအတွက် အလုပ်အကိုင် သိပ်များများစားစားမရှိ။

"ဒီတော့ငွေရအောင် တို့ဘာလုပ်ကြမလဲ" ဟု မိုက်က မေးသည်။

"ဘယ်သိမလဲ၊ ဒါပေမဲ့ မင်း ငါနဲ့တွဲလုပ်ချင်လား"

သူသဘောတူသည်။ သို့ဖြင့် ထိုစနေနေ့ နံနက်တွင် မိုက်သည် ကျွန်တော်၏ ပထမဆုံး အစုစပ်လုပ်ငန်းရှင်ဖြစ်လာတော့၏။ ကျွန်တော်တို့ တစ်မနက်လုံး ငွေရရေးအတွက် အမျိုးမျိုးအဖုံဖုံ စဉ်းစားကြ၏။ အကြံထုတ်ကြ၏။ ဂျင်မီတို့၏ ငွေသောင်ယံအိမ်မှာ ပျော်မြူးနေကြမည့် 'အပြတ်သားနား'သည့် ငနဲများအကြောင်းလည်း မကြာမကြာပြောမိကြ၏။ သူတို့အကြောင်း ပြောရတာ နည်းနည်းတော့နာသည်။ သို့ပေမဲ့ သည်နာကြည်းချက် ကလေးသာ ကောင်းပါသည်။ ဘာ့ကြောင့်ဆို သည်နာကြည်းမှုက ကလေးသာ ကျွန်တော်တို့ နှစ်ယောက်အား ငွေရှာနည်းများ ဆက်လက် စဉ်းစားဖြစ်အောင် လှုံ့ဆော်နေသောကြောင့်ဖြစ်၏။ နောက်ဆုံး နေ့မွန်းလွဲပိုင်းတွင် ကျွန်တော်တို့ ခေါင်းထဲသို့အလင်းတန်းတစ်ခု ပွင့်ထွက်သလို ဝင်းလက်လာသည်။ ထိုအရာကား စိတ်ကူးတစ်ခု။ မိုက်ဖတ်ထားသည့် သိပ္ပံစာအုပ်တစ်အုပ်ထဲမှ ထွက်ပေါ်လာသည့် စိတ်ကူး။ ကျွန်တော်တို့နှစ်ယောက် တက်ကြွမြူးပျော်စွာ လက်ဆွဲ နှုတ်ဆက်လိုက်ကြ၏။ ခုတော့ ကျွန်တော်တို့ အဖော်နှစ်ဦး လုပ်ငန်း တစ်ခု ထူထောင်လိုက်ကြပြီ။

နောက်သီတင်းပတ်ပေါင်း များစွာအတွင်း ကျွန်တော်တို့ နှစ်ယောက် နီးနားဝန်းကျင်မှာ ပြေးလွှားလှုပ်ရှားကြသည်။ အိမ် တစ်အိမ်ချင်း တံခါးခေါက်ပြီး သူတို့၏ သွားတိုက်ဆေးတောင့် ခွံအလွတ်များကို လွှင့်မပစ်ဘဲ ကျွန်တော်တို့ကို ပေးဖို့မှာကြားကြ သည်။ လူကြီးတွေက ဝေခွဲရခက်သောအကြည့်ဖြင့် ကြည့်ကြ၏။ အများစုကတော့ ခေါင်းညိတ်ပြီး အပြုံးတစ်ဝက်ဖြင့် ကတိပေးကြ၏။ တချို့က ကျွန်တော်တို့ ဘာလုပ်မလို့လဲဟု မေးကြသည်။ "အဲဒါတော့ ပြောလို

မဖြစ်ဘူးခင်ဗျ။ ဒါက စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်ဖြစ်နေ လို့ပါ"ဟု ကျွန်တော်တို့ ပြန်ပြောခဲ့ကြသည်။

သီတင်းပတ်တွေကြာလာတော့ ကျွန်တော့်မေမေ စိတ် အညစ်ကြီး ညစ်နေပြီ။ ကျွန်တော်တို့က သူ၏ အဝတ်လျှော်စက် န်ဘေးတွင် ကျွန်တော်တို့၏ ကုန်ကြမ်းပစ္စည်းတွေ စုဆောင်း သိုလှောင်ထားကြသောကြောင့်ပင်။ တစ်ချိန်က ဗျေတ်ဆိ ပုလင်းများ ထည့်သည့် ကတ်ထူဘူးအညိုထဲတွင် ကျွန်တော်တို့၏ သွားတိုက် ဆေးတောင့်အဟောင်းတွေ တဖြည်းဖြည်းများလာပြီ။

နောက်ဆုံးတွင် မေမေက အပြတ်ကိုင်တော့၏။ အိမ်နီး ချင်းများ၏ တွန့်လိမ်နေသော သွားတိုက်ဆေးတောင့်အဟောင်း များကို ရှုပ်ရှုပ်ယှက်ယှက် မြင်ရဖန်များလာတော့ သူ စိတ်မရှည် တော့။

"မင်းတို့နှစ်ယောက် ဘာတွေလုပ်နေတာလဲ။ ဒါဟာ စီးပွားရေး လုပ်ငန်းလျှို့ဝှက်ချက်ပါဆိုတဲ့စကားကို ငါထပ် မကြားချင်ဘူး။ ဒီတော့ ဒီအမှိုက်တွေကို ရှင်းပစ်ရင် ရှင်းပစ် မဟုတ်ရင် ငါယူပြီး လွှင့်ပစ်ရလိမ့်မယ်"

မိုက်နှင့် ကျွန်တော် တိုးလျှိုးရသည်။ တောင်းပန်ရသည် မကြာမီ လုံလုံလောက်လောက်ရတော့မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု စတင်တော့မှာ ဖြစ်ကြောင်းရှင်းပြရသည်။ အိမ်နီးချင်း နှစ်ဦး၏ သွားတိုက်ဆေးဘူးများ အကုန်ကို စောင့်နေကြောင်း ပြောပြတော့ မေမေက သီတင်းတစ်ပတ်ရက်တိုးပေးမည်ဖြစ်ကြောင်း ပြောသည်

ထုတ်လုပ်မှုစတင်မည့်နေ့ရက်ကို ရွှေ့တိုးရတော့မည် ဖိအား အပေးခံနေရပြီ။ ကျွန်တော်၏ ပထမဆုံးအစုစပ်လုပ်ငန် ကုန်လှောင်ရုံကို ပြောင်းရွှေ့ပေးဖို့ ကျွန်တော့်မေမေကိုယ်တိုင်က ရာဇသံပေးနေပြီ။ သည်တော့ အိမ်နီးချင်းနှစ်အိမ်သို့ မိုက်က ပြေးရသည်။ သွားတိုက်ဆေးတွေ မြန်မြန်ကုန်အောင်သုံးဖို့

သွားဆရာဝန်က သွားခဏခဏတိုက်ပေးဖို့ မှာကြားကြောင်း ပြောပြသည်။ ကျွန်တော်က ကုန်ထုတ်လုပ်မှု အဆင့်ဆင့်အတွက် စောင်စီမံစိုင်းပြင်းရပြီ။

တစ်နေ့တွင်ဖေဖေသည် သူ့မိတ်ဆွေတစ်ဦးနှင့် အိမ်ပြန်လာရာ ၉ နှစ်သားအရွယ်ကလေးနှစ်ယောက် အိမ်အဝင်ကားလမ်းပေါ်မှာ အင်တိုက်အားတိုက် ကုန်ထုတ်လုပ်နေသည်ကို တွေ့ရ၏။ မြေဖြူအမှုန့်တွေက နေရာအနှံ့ ပြန့်ကျဲလျက်။ စားပွဲရှည်ကြီးတစ်လုံးပေါ်တွင် ကျောင်းက နို့ပုလင်းထည့်သည့် ကတ်ထူဘူးသေးသေးကလေးတင်ထားသည်။ ကျွန်တော်တို့အိမ်မှ အသားကင်မီးဖိုထဲတွင် အပြည့်ထည့်ထားသည့် မီးသွေးတွေက အပြင်းဆုံးအပူရှိန်ကို ထုတ်လွှတ်နေသည်။

ဖေဖေက အသာကလေးလျှောက်လာသည်။ ထုတ်လုပ်ရေးကိရိယာတွေ ပိတ်ဆို့နေသည့်အတွက် ကားဝင်လို့မရ။ ကားကို လမ်းဆိပ်မှာ ရပ်ထားခဲ့ရသည်။ ဖေဖေနှင့်သူ့မိတ်ဆွေ စားပွဲအနားရောက်လာတော့မီးသွေးမီးဖိုပေါ်မှာ သံမဏိအိုးတစ်လုံးကို တွေ့ရသည်။ အိုးထဲရှိ သွားတိုက်ဆေးဘူးတွေက အရည်ပျော်ကျနေပြီ။ ထိုခေတ်က သွားတိုက်ဆေးဘူးများကို ပလတ်စတစ်ဖြင့် မလုပ်သေး။ ခဲဖြင့်လုပ်သည့် ဘူးတွေ။ ခဲဘူးပေါ်က ဆေးတွေ လောင်ကျွမ်းသွားသည်နှင့် ခဲတွေ အရည်ပျော်ကုန်တော့၏။ ကျွန်တော်တို့က မေမေ့ အိုးထိန်းကိရိယာများဖြင့် ထိန်းကိုင်ပြီး အရည်တွေကို နို့ပုလင်းဘူးပေါ်ရှိ အပေါက်ကလေးထဲ လောင်းထည့်ကြသည်။

နို့ပုလင်းကတ်ထူဘူးတွေထဲတွင် ပလတ်စတာမှုန့်တွေရှိသည်။ ပလတ်စတာမှုန့်တွေကို ရေနှင့်မဖျော်မီ နမော်နမဲ့ ကျွန်တော့်ကြောင့် ပလတ်စတာမှုန့်တွေ မှောက်ပြီး တစ်နေရာလုံးဖြူဖွေးနေသည်။ နို့ပုလင်းကတ်ထူဘူးတွေက အပေါ်ယံအကာတွေဖြစ်၏။

အထဲတွင် ပလတ်စတာပုံသွန်းခွက်တွေ ရှိသည်။

ပလတ်စတာပုံသွန်းခွက်တွေထဲသို့ ခဲပူရည်တွေ လောင်း ထည့်သည်ကို ဖေဖေနှင့်သူ့မိတ်ဆွေစောင့်ကြည့်ကြသည်။

"သတိထားနော်"ဟု ဖေဖေကပြောသည်။

ကျွန်တော်မော့မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်၏။

လောင်းထည့်ခြင်းကိစ္စပြီးပြတ်သွားမှ သံမဏိအိုးကို အောက်ချပြီး ကျွန်တော်ဖေဖေ့ကို ပြုံးပြလိုက်သည်။

"မင်းတို့နှစ်ယောက် ဘာလုပ်နေကြတာလဲကွ" ဖေဖေက ခပ်ထိန်းထိန်းပြုံးလျက် မေးသည်။

"ဖေဖေကျွန်တော့်ကို လုပ်ခိုင်းတာ လုပ်နေတာလေ ကျွန်တော်တို့ ချမ်းသာတော့မှာဖေဖေရဲ့"

"ဟုတ်တယ်" မိုက်က ပြုံးဖြီးဖြီးနှင့် ခေါင်းညိတ် ပြသည်

"ကျွန်တော်တို့က နှစ်ယောက်စပ်တူလုပ်တာလေ"

"အဲဒီပလတ်စတာပုံစံခွက်တွေထဲမှာ ဘာရှိလဲ" ဖေဖေက မေး၏။

"ကြည့်. . . ဒီအသုတ်ကတော့ ကောင်းမယ့်အသုတ် ဖြစ်မယ်"

တူသေးသေးကလေးဖြင့် ပုံသွန်းခွက်ထိပ်ကို ရိုက် လိုက်တော့ နှစ်ခြမ်းကွဲသွားသည်။ အပေါ်ခြမ်းကို သတိကြီးစွာ ထားပြီး ဆွဲခွာလိုက်တော့ အထဲက ခဲပြားစေ့ကလေးထွက်ကျလာ သည်။

"အလိုဘုရားရေ. . . မင်းတို့ ခဲနဲ့အကြွေစေ့တွေ ထု နေတာကိုး"

"အဲဒါအမှန်ပဲ။ ဦး ကျွန်တော်တို့ကို လုပ်ခိုင်းတဲ့အတိုင်း လုပ်နေတာလေ။ ကျွန်တော်တို့ ငွေလုပ်နေတာဦးရဲ့" မိုက်ကယ် ဝင်ပြောသည်။

ဖေဖေ့မိတ်ဆွေက တစ်ဖက်သို့ လှည့်ပြီး ဟက်ဟက်ပက်ပက် ရယ်တော့၏။ ဖေဖေကပြုံးပြီး ခေါင်းယမ်းနေသည်။ သူ့ရှေ့မှာ မီးဖိုနှင့် ကတ်ထူဘူးအပြည့်သွားတိုက်ဆေးဘူးဟောင်းတွေနှင့် ခေါင်းဒါမှုန့်တွေဖြင့် ဖြူဖွေးနေသည့် ကောင်ကလေးနှစ်ယောက်။ မောတ်ပြီး နှုတ်ခမ်းစွန်းတွေ နားရွက်တက်ချိတ်မတတ် အားပါးတရ ပြုံးရယ်လျက်။

ဖေဖေက ကျွန်တော်တို့လက်ထဲက ပစ္စည်းတွေကို ချခိုင်းသည်။ ပြီးတော့အိမ်ရှေ့လှေကားထစ်တွေပေါ်မှာ သူနှင့်အတူ ထိုင်ခိုင်းသည်။ ပြီးမှ 'အတုပြုလုပ်ခြင်း'ဆိုသည့် စကားလုံးအဓိပ္ပာယ်ကို ညင်ညင်သာသာရှင်းပြသည်။

ကျွန်တော်တို့၏ အိပ်မက်တွေ ကြေမွပျက်စီးသွားလေပြီ။ "ဒီလိုလုပ်တာ တရားမဝင်ဘူးလို့ ဦးပြောတာလားဟင်"ဟု မိုက်က တုန်တုန်ယင်ယင်မေးသည်။

"သူတို့ကို လွှတ်ပေးလိုက်ပါဗျာ" ဖေဖေ့မိတ်ဆွေဝင်ပြောသည်။ "သူတို့ရဲ့ ပင်ကိုစွမ်းရည်ကလေးတွေ ဖွံ့ဖြိုးလာနိုင်တာပေါ့"

ဖေဖေက သူ့မိတ်ဆွေအား စိန်းစိန်းကြည့်သည်။

"ဟုတ်တယ် ဒီလိုလုပ်တာ တရားမဝင်ဘူး"ဟု ညင်သာစွာ ပြောသည်။ "ဒါပေမဲ့ မင်းတို့နှစ်ယောက် တီထွင်အားကောင်းပြီး ထက်မြက်တဲ့အတွေးရှိတာတော့ သိသာတယ်ကွ။ ဆက်ကြိုးစားကြဦး။ မင်းတို့အတွက် ငါဂုဏ်ယူတယ်ကွ"

စိတ်ပျက်လက်ပျက်ဖြစ်သွားသော မိုက်နှင့်ကျွန်တော်တို့၏ အရှုပ်ပုံတွေကို မရှင်းနိုင်ဘဲ ထိုင်နေရာမှာပင် မိနစ်နှစ်ဆယ်လောက် ငြိမ်ကုပ်ပြီးထိုင်နေမိကြ၏။ ကျွန်တော်တို့၏ စီးပွားရေးလုပ်ငန်းကြီးသည် ပထမဦးဆုံးနေ့မှာပင် အဆုံးသတ်သွားလေပြီ။ ခေါင်းဒါမှုန့်တွေကို လှည်းကျင်းရင်း ကျွန်တော်က မိုက်ကိုလှည့်ကြည့်ပြီး "ဟုတ်မိန့် သူ့ကောင်တွေပြောတာမှန်နေပြီထင်တယ်ကွ။ ငါတို့

က ငမွဲတွေပဲ”ဟု ပြောလိုက်၏။

ထိုစကားကို ကျွန်တော်ပြောချိန်တွင် ဖေဖေက ကျွန်တော်တို့အနားမှ ထွက်ခါစဖြစ်၏။

“သားတို့၊ မင်းတို့လက်မြှောက်အရှုံးပေးလိုက်ရင်သာ မွဲမှာကွ။ အရေးအကြီးဆုံးက မင်းတို့တစ်စုံတစ်ခု လုပ်လိုက်နိုင်တာပဲ။ လူများစုဟာ ချမ်းသာဖို့ စိတ်ကူးတွေယဉ်ပြီး ပါးစပ်ကပဲ ပြောနေကြတာ။ မင်းတို့က တစ်စုံတစ်ခုလုပ်လိုက်နိုင်ပြီ။ သားတို့နှစ်ယောက်အတွက် ဖေဖေအရမ်းဂုဏ်ယူတယ်။ ဖေဖေထပ်ပြောလိုက်ဦးမယ်။ ဆက်ပြီး ကြိုးစား။ အရှုံးမပေးလိုက်နဲ့”

မိုက်နှင့်ကျွန်တော် ထိုနေရာမှာပင် နှုတ်ဆိတ်စွာ ရပ်နေကြ၏။ ဖေဖေ့စကားတွေက နားဝင်ချိုပါသည်။ သို့ပေမဲ့ ကျွန်တော်တို့ ဘာလုပ်ရမည်မှန်းမသိသေး။

“ဒါဆို ဖေဖေကကော ဘာဖြစ်လို့ မချမ်းသာတာလဲ ဖေဖေ”

“ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ကျောင်းဆရာအလုပ်ကို ရွေးခဲ့လို့ပေါ့ကွယ်။ ကျောင်းဆရာတွေက သူဌေးဖြစ်ဖို့သိပ်မစဉ်းစားကြဘူးကွ။ တို့တစ်တွေက စာသင်ဖို့ပဲ အားသန်တာ။ မင်းတို့ကို ဖေဖေကူညီချင်ပါတယ်ကွာ။ ဒါပေမဲ့ ငွေဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဖေဖေတကယ်ကို မသိတာကွ”

မိုက်နှင့် ကျွန်တော်တစ်ဖက်လှည့်ပြီး ရှင်းလင်းရေး ဆက်လုပ်နေသည်။

“ငါသိပြီကွ၊ သားတို့နှစ်ယောက်ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ လေ့လာဆည်းပူးချင်ရင် ငါ့ကိုမမေးကြနဲ့။ မင့်ဖေဖေနဲ့သွားစကားပြောကွ မိုက်”

“ကျွန်တော့်ဖေဖေ. . . ဟုတ်လား” မိုက်က မျက်နှာကို ရှုံ့မဲ့ ပြီးမေးသည်။

"ဘုတ်တယ် မင့်ဖေဖေလေ" ဖေဖေက ပြုံးပြီး ထပ်ပြောသည်။ "မင့်ဖေဖေနဲ့ ငါက ဘဏ်မန်နေဂျာ တစ်ယောက်တည်းနဲ့ တွေ့ဆုံခဲ့ရတာ။ အဲဒီဘဏ်မန်နေဂျာက မင့်ဖေဖေကို အရမ်းချီးကျူးတာပဲလေ။ ငွေဖြစ်အောင်လုပ်တဲ့နေရာမှာ မင်းဖေဖေအရမ်းတော်တဲ့အကြောင်း ငါ့ကိုတော်တော်များများပြောပြဖူးသကွ"

"ကျွန်တော့်ဖေဖေဟုတ်ရဲ့လား" မိုက်မယုံမကြည်ထပ်မေးသည်။ "ဒါဆို ကျောင်းက သူဌေးသားကလေးတွေလို ကျွန်တော်တို့မှာ အပျံစားကားတစ်စီးနဲ့ အပျံစားအိမ်တစ်လုံး ဘာဖြစ်လို့မရှိရတာလဲဟင်"

"ကားအကောင်းစားတစ်စီးနဲ့ အိမ်အကောင်းစားတစ်လုံး ရှိခြင်းကြောင့်နဲ့ မင်းချမ်းသာနေပြီ၊ ဒါမှမဟုတ် မင်းငွေရှာတတ်နေပြီလို့ ပြောလို့မရဘူးလေ။ ဂျင်မီ့အဖေက ကြံစိုက်ခင်းမှာ အလုပ်လုပ်တယ်။ သူနဲ့ ငါနဲ့ သိပ်မကွာလှပါဘူး။ သူက ကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်ပေးတယ် ငါကအစိုးရအတွက် အလုပ်လုပ်ပေးတယ်။ ကုမ္ပဏီက သူ့အတွက် ကားတစ်စီးဝယ်ပေးတယ်။ သကြားကုမ္ပဏီက အလုပ်သမားပြဿနာပေါ်နေပြီ။ မကြာခင်အတွင်း ဂျင်မီ့အဖေမှာ ဘာမှရှိတော့မှာ မဟုတ်ဘူး။ မင့်ဖေဖေကျတော့တစ်မျိုးကွ။ သူက အင်ပါယာကြီးတစ်ခုထူထောင်နေပုံရသကွ။ ငါထင်ပါတယ်။ နှစ်အနည်းငယ်အတွင်း သူဟာ ကျိကျိတက်ချမ်းသာသူ တစ်ယောက် ဖြစ်လာလိမ့်မယ်"

အညီစကားကြားရတော့ မိုက်နှင့်ကျွန်တော် တက်တက်ကြွကြွဖြစ်လာပြန်သည်။ အားသစ်မာန်သစ်များဖြင့် အမှိုက်တွေကို ဆက်ရှင်းကြသည်။ ပျက်သုဉ်းသွားပြီဖြစ်သော ကျွန်တော်တို့၏ ပထမဦးဆုံးလုပ်ငန်းကြီးမှထွက်ပေါ်လာသော အမှိုက်များ။ အမှိုက်များကြားထဲထိုင်ရင်းတွေးရင်း မိုက်၏ ဖေဖေအား ဘယ်လို ပြောပြီး ဘယ်လိုတော့ပြောမည်ဆိုတာတွေ တိုင်ပင်ကြသည်။ ပြဿနာ

က မိုက် ဖေဖေက အလုပ်တွေ အရမ်းလုပ်ပြီး တော်တော်ကြီး နောက်ကျမှ အိမ်ပြန်လာလေ့ရှိခြင်းပင်။ သူ့ဖေဖေမှာ ကုန်လှောင်ရုံ တွေရှိသည်။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုရှိသည်။ သံကွင်းဆက် စတိုးဆိုင်တွေရှိသည်။ နောက်ပြီး စားသောက်ဆိုင် သုံးဆိုင်ရှိသည်။ သူ့အိမ်အပြန် နောက်ကျလေ့ရှိခြင်းမှာ ၎င်းစားသောက်ဆိုင်များ ကြောင့်ဖြစ်၏။

သန့်ရှင်းရေးလုပ်ငန်းပြီးသွားတော့ မိုက်ကဘတ်စ်ကားစီး ပြီး အိမ်ပြန်သွားသည်။ ထိုညသူ့ဖေဖေအိမ်ပြန်ရောက်လျှင် သူ့ ဖေဖေနှင့် စကားပြောမည်။ ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရ မည်လဲဆိုတာ ကျွန်တော်တို့ကို သင်ပေးမည်လားဟု မေးမည်။ သူ့ဖေဖေနှင့် စကားပြောပြီးပြီးချင်း ကျွန်တော့်ထံ တယ်လီဖုန်း ဆက်မည်ဟု မိုက်ကတိပေးသည်။ ည၉နက်ချင် နက်ပါစေ၊ ဆက် ဖြစ်အောင်ဆက်မည် ပြောသည်။

ည ၈း၃၀ တွင် တယ်လီဖုန်းခေါ်သံမြည်လာသည်။

"ကောင်းပြီ၊ နောက်စနေနေ့"ဟု ကျွန်တော်ပြောပြီး တယ်လီဖုန်းချလိုက်၏။ မိုက်နှင့် ကျွန်တော့်ကို တွေ့ဖို့ မိုက်ဖေဖေ က သဘောတူလိုက်ပြီတဲ့။

စနေနေ့မနက် ၇း၃၀ တွင် မြို့၏ ဆင်းရဲသားရပ်ကွက် ဘက်သို့ ကျွန်တော်ဘတ်စ်ကားစီးလာခဲ့သည်။

**သင်ခန်းစာစပြီ**

"မင်းတို့ကို တစ်နာရီ ၁၀ ဆင့်ပေးမယ်"

တစ်နာရီ ၁၀ ဆင့်ဆိုသည်မှာ ၁၉၅၆ ခုနှစ်လုပ်ခနှုန်း ဖြင့် ကြည့်လျှင်ပင် နည်းလွန်းသည်။

ထိုနေ့မနက် ၈း၀၀ နာရီတွင် ကျွန်တော်တို့နှစ်ယောက် မိုက်ဖေဖေနှင့် တွေ့ကြသည်။ ကျွန်တော်တို့နှင့်တွေ့ချိန်တွင် မိုက်၏

[illegible]အလုပ်ခွင်သို့ရောက်နေတာ တစ်နာရီကျော်နေပြီ။ နောက်ပြီး [illegible]များနေပြီ။ သူ၏ ရိုးရိုးစင်းစင်းနှင့် သပ်သပ်ရပ်ရပ်အိမ် [illegible]ကလေးဆီသို့ ကျွန်တော်လျှောက်သွားချိန်တွင် သူ၏ [illegible]လုပ်ရေးကြီးကြပ်ရေးမှူးသည် နောက်ဖွင့်ထရပ်ကားတစ်စီး [illegible] ထွက်ခွာသွားစပဲရှိသေးသည်။ မိုက်ကကျွန်တော့်အား တံခါးဝ မှ ဆီးကြိုသည်။

“မေမေတယ်လီဖုန်းစကားပြောနေတယ်ကွ။ သူကပြော တယ် နောက်ဖေးဝရန်တာမှာ စောင့်နေကြတဲ့” မိုက် တံခါးဖွင့်ရင်း [illegible]သည်။

လှေကားခုံကို ကျွန်တော်ကျော်ဝင်လိုက်တော့ အိုမင်း [illegible] အိမ်၏ အိုမင်းသော သစ်သားကြမ်းခင်းများ တကျွိကျွိအော် [illegible]ကြသည်။ တံခါးပေါက်အကျော်ကလေးတွင် အပေါ်စား [illegible]ကော်ဇောတစ်ထည်ခင်းထားသည်။ ကြမ်းခင်းကော်ဇော [illegible]ခြင်းမှာ နှစ်ပေါင်းများစွာအတွင်း မရေမတွက်နိုင်သော [illegible]များကို တောင့်ခံရင်း အိုမင်းမစွမ်းဖြစ်နေသည့် ကြမ်းပြင် [illegible]သို့ဖြစ်၏။ ကြမ်းပြင်က သန့်ရှင်းနေသော်လည်း ပြုပြင် [illegible]

ဧည့်ခန်းကျဉ်းကျဉ်းကုလေးထဲလှမ်း ဝင်ရင်း ပိတ်လှောင် [illegible] ကျွန်တော် ကြောက်စိတ်ဝင်သလိုဖြစ်လာသည်။ ယနေ့ [illegible] စ္စည်းဟောင်းဝယ်ယူစုဆောင်းသူတွေ လက်ထဲအပ်ရ [illegible]ဘောင်ပရိဘောဂ ဟောင်းဟောင်းအိုအိုတွေ ဧည့်ခန်းထဲ [illegible]သည်။ ချောင်စောင်းပေါ်တွင် ထိုင်နေသည်မှာ မိန်းမကြီး [illegible] မေမေ့ထက် အသက်နည်းနည်း ကြီးမည်။ မိန်းမကြီး [illegible] မျက်နှာချင်းဆိုင်မှာတော့ အလုပ်သမားဝတ်စုံနှင့် လူကြီး [illegible]ထိုင်နေသည်။ ကာကီဘောင်းဘီနှင့် ကာကီရှပ်အင်္ကျီ [illegible]အောင် မီးပူတိုက်ထားသော်လည်း ကော်တင်ထားခြင်း

မရှိ။ အလုပ်ခွင်စီး ဘွတ်ဖိနပ်တွေကို ပြောင်လက်နေအောင် တိုက်ချွတ်ထားသည်။ သူက ဖေဖေ့ထက် ဆယ်နှစ်လောက် ကြီးမည်။ ၄၅ နှစ်လောက်ဆိုပါတော့။ မိုက်နှင့် ကျွန်တော် သူတို့ရှေ့က ဖြတ်သွားတော့ သူတို့ပြုံးပြကြသည်။ ကျွန်တော်တို့ စားဖိုဆောင်ဆီသို့ သွားသည်။ စားဖိုဆောင်ကိုလွန်လျှင် ခြံနောက်ပိုင်းကို စီးမြင်နေရသည့် ဝရန်တာသို့ ရောက်မည်။

"သူတို့က ဘယ်သူတွေလဲကွ"

"ဪ. . . သူတို့က ဖေဖေ့ဆီမှာ အလုပ်လုပ်တဲ့လူတွေပါ။ အသက်ကြီးကြီး လူကြီးက ကုန်လှောင်ရုံတွေကို အုပ်ချုပ်တယ်။ မိန်းမကြီးတွေကတော့ စားသောက်ဆိုင်တွေက မန်နေဂျာတွေလေ။ နောက်ပြီး မင်းတွေ့လိုက်တဲ့ ဆောက်လုပ်ရေးကြီးကြပ်ရေးမှူးက ဒီကနေ မိုင် ၅၀ လောက်ဝေးတဲ့နေရာမှာ လမ်းဖောက်နေတယ်။ အိမ်တွေဆောက်နေတဲ့ တခြားကြီးကြပ်ရေးမှူးတစ်ယောက်ကတော့ မင်း ရောက်မလာခင်ကတည်းက ထွက်သွားပြီလေ"

"အမြဲတမ်း ဒီလိုပဲ အလုပ်ရှုပ်နေတာပဲလား"

"အမြဲတမ်းတော့မဟုတ်ဘူး။ ဒါပေမဲ့ မကြာခဏပဲကွ" မိုက်က ကျွန်တော်နှင့် ယှဉ်လျက်ထိုင်ဖို့ ကုလားထိုင်တစ်လုံးဆွဲယူရင်း ပြုံးနေသည်။

"ငါတို့ကို ငွေရှာနည်းသင်ပေးမလားလို့ ငါသူ့ကို မေးကြည့်တယ်ကွ"

"ဟုတ်လား၊ ဒီတော့ သူကဘာပြောလဲ" ကျွန်တော်သိချင်စိတ်ကို ထိန်းပြီးမေးလိုက်၏။

"အဲ. . . ပထမတော့ သူ့မျက်နှာက ပြောင်စပ်စပ်ပဲကွ၊ နောက်တော့ ငါတို့ကို လုပ်ခပေးမယ်လို့ပြောတယ်"

"ဟေ. . ." ကျွန်တော်ရေရွတ်လိုက်၏။ ကျွန်တော် ကုလားထိုင်ကို နံရံနှင့်ထိအောင် နောက်လှန်ချလိုက်၏။ ပြေ

[illegible]ချောင်းပေါ်မှာ ထောင်နေသည့် ကုလားထိုင်ပေါ်မှာ ထိုင်နေ[illegible]၏။

မိုက်လည်း ကျွန်တော့်နည်းတူ လိုက်လုပ်၏။

"ဘယ်လောက်ပေးမယ်ဆိုတာ မင်းသိလား" ကျွန်တော်[illegible]ကြည့်သည်။

"မသိဘူး၊ ဒါပေမဲ့ မကြာခင်သိရတော့မယ်လေ"

ရုတ်တရက်ဆိုသလို ခနော်ခနဲ့ သံဆန်ခါတပ်တံခါးကို [illegible]ပြီး ဝရန်တာဆီသို့ မိုက်ဖေဖေဘွားခနဲ ရောက်လာသည်။ [illegible] ကျွန်တော်ဝုန်းခနဲ မတ်တတ်ရပ်လိုက်ကြ၏။ လေးစားသမှု[illegible]တော့တ်၊ အလန့်တကြားဖြစ်သွားသောကြောင့်။

"သားတို့ အဆင်သင့်ပဲလားဟေ့" ကျွန်တော်တို့နှင့်အတူ[illegible]ကုလားထိုင်တစ်လုံးဆွဲယူရင်း မေးသည်။

ကျွန်တော်တို့နှစ်ယောက် ခေါင်းညိတ်ပြသည်။ သူ့ရှေ့မှာ[illegible] ကျွန်တော်တို့ကုလားထိုင်တွေကို နံရံနားမှ ရွှေ့ယူသည်။

သူတလုံထွားကြီး။ ခြောက်ပေလောက်မြင့်ပြီး ပေါင် ၂၀၀ [illegible]မည်။ ကျွန်တော့်ဖေဖေက သူ့ထက်အရပ်မြင့်သည်။ [illegible]ကတော့ အတူတူလောက်ပါပဲ။ သူ့ထက်ငါးနှစ်လောက်[illegible]သည်။ မိုက်ဖေဖေနှင့် ကျွန်တော့်ဖေဖေကမျိုးနွယ်[illegible]သော်လည်း တစ်ဦးနှင့်တစ်ဦး ခပ်ဆင်ဆင်တူသလို [illegible] သူတို့၏ စွမ်းအားတွေကတော့ တူကောင်းတူနေမည်။

"မိုက်က ပြောတယ်။ မင်းက ငွေရှာနည်းသင်ချင်လို့တဲ့။ [illegible]သား ရောဘတ်"

ကျွန်တော် တမန်းကတန်းခေါင်းညိတ်ပြသည်။ သို့သော် [illegible]လေးနည်းနည်းကလေးစွက်လျက်။ သူ့အပြုံးနှင့် သူ့[illegible]တော်တွယ်တွင် အရှိန်အဝါတွေများစွာရှိနေသည်။

"[illegible] ဟောဒီမှာ ငါ့ကမ်းလှမ်းချက်။ မင်းတို့ကို

ငါသင်ပေးမယ်။ ဒါပေမဲ့ စာသင်ခန်းသင်ပုံမျိုးနဲ့တော့ သင်မပေ ဘူး။ မင်းတို့ငါ့ဆီမှာ အလုပ်ဝင်လုပ်၊ ငါသင်ပေးမယ်။ အလုပ်ဝ မလုပ်ရင်သင်မပေးဘူး။ မင်းတို့အလုပ်ဝင်လုပ်ရင် ပိုပြီးမြန်မြန် ဆန်ဆန်တတ်အောင် သင်ပေးလို့ရတယ်။ မင်းတို့ကျောင်းမှာလို ငုတ်တုတ်ထိုင်ပြီး နားထောင်ချင်လို့ကတော့ ငါ့အချိန်တွေ ဖြုန်းတီ ရာ ရောက်မှာပဲ။ အဲဒါငါ့ကမ်းလှမ်းချက်ပဲ။ ကြိုက်ရင် လက်ခံ မကြိုက်ရင်လက်မခံနဲ့"

"အဲ . . . ကျွန်တော်မေးခွန်းတစ်ခုလောက် အရင်မေ လို့ရမလား" ကျွန်တော်မေးလိုက်၏။

"ဟင့်အင်၊ ကြိုက်ရင်လက်ခံ မကြိုက်ရင်လက်မခံနဲ့။ ငါ့မှာ လုပ်စရာတွေအများကြီး၊ ငါအချိန်ကုန်မခံနိုင်ဘူး။ မင်းတို့ ပြတ်ပြတ် သားသားမှ စိတ်မပိုင်းဖြတ်နိုင်ရင် ငွေရှာဖို့လည်း ဘယ်တော့ တတ်မှာမဟုတ်ဘူး။ အခွင့်အလမ်းတွေဆိုတာ ကိုယ့်ဆီဝင်လာပြ ပြန်ထွက်သွားတတ်တာမျိုး၊ ဘယ်လိုအခါမျိုးမှာ မြန်မြန်ထက်ထ ဆုံးဖြတ်ချက်ချရမယ်ဆိုတာသိနေတာဟာ အရေးကြီးတဲ့ ကျွမ်းကျ လိမ္မာမှု။ ခုမင်းတို့တောင်းဆိုတဲ့ အခွင့်အလမ်းတစ်ခုရနေပြ သင်တန်းက စနေပြီ။ ဒါမှမဟုတ် ဆယ်စက္ကန့်အတွင်း သင်တ ပိတ်လိုက်ရုံပဲ" မိုက်ဖေဖေက မထိတထိအပြုံးဖြင့် ပြောသည်။

"လက်ခံတယ်" ကျွန်တော်ပြောသည်။

"လက်ခံတယ်" မိုက်ပြောသည်။

"ကောင်းပါလေ့" မိုက်ဖေဖေက ပြောသည်။ "ဆယ်မိန လောက်နေရင် မစ္စစ်မာတင်ရောက်လာလိမ့်မယ်။ ငါ သူနဲ့ စကာ ပြောပြီးတဲ့အခါ ငါ့စတိုးဆိုင်ကို သူနဲ့လိုက်သွားပြီး အလုပ် စလု နိုင်ပြီ။ မင်းတို့ကို တစ်နာရီ ၁၀ ဆင့်ပေးမယ်။ မင်းတို့က စနေ တိုင်း သုံးနာရီအလုပ်လုပ်ပေးရမယ်"

"ဒါပေမဲ့ ဒီနေ့ ကျွန်တော် ဘေ့စ်ဘောကစားပွဲ ရှိ

တယ်" ကျွန်တော်ပြောလိုက်၏။

မိုက်ဖေဖေအသံကို မာထန်လာအောင် နှိမ့်ချလိုက်၏။ "ကြိုက်ရင်လက်ခံ၊ မကြိုက်ရင် လက်မခံနဲ့"။

"ကျွန်တော် လက်ခံပါတယ်" ကျွန်တော် ပြန်ပြောလိုက်၏။ ဘာ့စ်သောကစားမည့်အစား အလုပ်လုပ်ပြီး ပညာယူဖို့ ရွေးချယ်လိုက်၏။

**နောက်တော့ ဆင့် ၃၀**

သာယာလှပသော စနေနေ့နံနက် ၉ နာရီတွင် မိုက်နှင့်ကျွန်တော်သည် မစ္စစ်မာတင်ထံတွင် အလုပ်ဝင်နေရပြီ။ အဘွားကြီးက ကြင်နာတတ်သည်၊ စိတ်ရှည်သည်။ မိုက်နှင့်ကျွန်တော်က အရွယ်ရောက်ပြီး အိမ်မှခွာသွားသည့် သူ့သားနှစ်ယောက်အား သတိရစေကြောင်း အဘွားကြီး အမြဲပြောသည်။ ကြင်နာတတ်သော်လည်း အလုပ်ကြိုးစားမှုကိုကြိုက်သော မစ္စစ်မာတင်က ကျွန်တော်တို့အား အလုပ်နှင့်လက် မပြတ်အောင်ခိုင်းသည်။ သူကားပြောမတာခိုင်းတတ်သည့် လုပ်ငန်းကြပ်ကြီးပေတည်း။ ကျွန်တော်တို့ သုံးနာရီလုံးလုံး စည်သွတ်ဘူးများကို စင်ပေါ်ကချရသည်။ ကြက်မွေးဖြင့် တစ်ဘူးချင်းကို ဖုန်သုတ်ရသည်။ ပြီးတော့ ဘူးတွေကို စင်တွေပေါ်ပြန်တင်ရသည်။ လဲသေချင်လောက်အောင် ပျင်းရိငြီးငွေ့စရာကောင်းသည့်အလုပ်။

ကျွန်တော်က ဖေဖေချမ်းသာဟုခေါ်သည့် မိုက်ဖေဖေတွင် ထိုကဲ့သို့သော စတိုးဆိုင်တွေ ကိုးဆိုင်ရှိသည်။ ဆိုင်တွေရှေ့တွင် ကားရပ်တွင်းအကျယ်ကြီးတွေရှိသည်။ သွားရင်းလာရင်း လွယ်လင့်တကူ ဝယ်ယူနိုင်သည့် ဆိုင်အမျိုးအစားတွေ။ နွားနို့၊ ပေါင်မုန့်၊ ထောပတ်၊ စီးကရက် စသည်ဖြင့်။ ပြဿနာမှာ ထိုခေတ်ထိုအခါက ဟာဝိုင်ယီတွင် လေအေးစက်တွေ မတပ်ဆင်နိုင်သေး။ ရာသီဥတုက

ပူလွန်းသဖြင့် ဆိုင်ပြတင်းပေါက်တွေပိတ်ထားလို့မရ။ သည်တော့ ကားတစ်စီးဖြတ်မောင်းသွားတိုင်း သို့မဟုတ် ကားရပ်ကွင်းမှာ ကားတစ်စီးထိုးရပ်လိုက်တိုင်း ဆိုင်ထဲသို့ ဖုန်တွေလှိမ့်ဝင်လာတော့၏။

သို့ဖြစ်ရာ လေအေးစက်မတပ်ဆင်နိုင်သရွေ့ကာလပတ်လုံး ကျွန်တော်တို့အတွက် အလုပ်ရှိနေပေသည်။

မစ္စစ်မာတင်ထံတွင် သုံးပတ်တိတိ စနေနေ့တိုင်းသွားပြီး တစ်နေ့သုံးနာရီ အလုပ်လုပ်သည်။ မွန်းတည့်ချိန်ဆိုလျှင် ကျွန်တော်တို့ အလုပ်ပြီးသွားပြီ။ အဘွားကြီး မစ္စစ်မာတင်က ကျွန်တော်တို့လက်ထဲသို့ အကြွေစေ့ကလေး သုံးစေ့စီထည့်ပေးသည်။ အသက် ၉ နှစ်အရွယ်၊ ၁၉၅၀ ပြည့်လွန်နှစ်ကာလဖြစ်သည့်တိုင် ဆင့် ၃၀ ဆိုသည့် အသပြာငွေစသည် သိပ်ပြီးရင်ခုန်လှိုက်မောစရာမကောင်းလှပါ။ ထိုစဉ်က ရုပ်ပြစာအုပ်တစ်အုပ်လျှင် ၁၀ ဆင့်ပေးရသည်။ သည်တော့ ကျွန်တော့်လုပ်အားခကို ရုပ်ပြစာအုပ်တွေဝယ်ပြီး အိမ်ပြန်သွားလေ့ရှိသည်။

စတုတ္ထပတ် ဗုဒ္ဓဟူးနေ့အရောက်တွင် ကျွန်တော်အလုပ်ထွက်ဖို့ အသင့်ဖြစ်နေပြီ။ ကျွန်တော်အလုပ်လုပ်ဖို့ သဘောတူခဲ့သည်မှာ ငွေရှာနည်းကို မိုက်ဖေဖေထံမှ သင်ယူဆည်းပူးချင်သောကြောင့်ဖြစ်၏။ ခုတော့ ကျွန်တော့်မှာ တစ်နာရီလုပ်ခ ၁၀ ဆင့်ဖြင့် ကျွန်သပေါက်ဖြစ်နေပြီ။ ပိုဆိုးသည်က အလုပ်စဆင်းသည့် ပထမစနေနေ့နောက်ပိုင်း ခုချိန်ထိ မိုက်ဖေဖေကို မတွေ့ခဲ့ရခြင်းဖြစ်၏။

"ငါအလုပ်ထွက်တော့မယ်"

မုန့်စားဆင်းချိန်တွင် မိုက်အား အသိပေးလိုက်၏။ ကျောင်းမုန့်စားဆင်းချိန်က စိတ်ဆင်းရဲစရာကောင်းလှသည်။ ကျောင်းနေရတာ ငြီးငွေ့စရာကြီးပါကလား။ ခုတော့ စနေနေ့တွေကိုပင် လှမ်းမျှော်တမ်းတလို့ မရတော့ပြီ။ သို့ပေမဲ့ ဆင့် ၃၀ သာရ သည့်ကိစ္စကိုတော့ မကျေနပ်။

သည်တစ်ချီတော့ မိုက်ပြုံးနေသည်။

"ဟော့ကောင်၊ မင်းက ဘာရယ်တာလဲကွ" ကျွန်တော်လိုဘ
ခြင်း၊ ဒေါသထွက်ခြင်းဖြင့် ပြောလိုက်၏။

"အဲဒီလိုဖြစ်လာလိမ့်မယ်လို့ ဖေဖေကပြောပြီးသားကွ။
အလုပ်ထွက်တော့မယ်ဆိုရင် သူနဲ့လာတွေ့ဖို့လည်း မှာထား
"

"ဘာကွ" ကျွန်တော်မခံချည့်မခံသာမေး၏။ "ငါစိတ်ကုန်
တို့ သူစောင့်နေတယ်ဆိုပါတော့"

"ဆိုပါတော့။ ဖေဖေက တစ်မျိုးကွ။ သူသင်ကြားပုံက မင့်
သင်ကြားပုံနဲ့ မတူဘူး။ မင့်ဖေဖေနဲ့မေမေက ဟောပြော
တွေ အများကြီးလုပ်တာ။ ဖေဖေက ခပ်အေးအေးရယ်။
စကားသိပ်မပြောဘူး။ ဒီစနေအထိ စောင့်လိုက်ပါ။
တော့မယ်လို့ ငါသူ့ကို ပြောလိုက်ပါ့မယ်"

"မင်းဆိုလိုတာက ငါ့ကို ဒီလိုဖြစ်အောင် အကွက်ဆင်
"

"အဲဒီအတိုင်းတော့လည်း မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီ
ချင်လည်း ဖြစ်မယ်။ စနေနေ့ကျတော့ ဖေဖေရှင်းပြ
"

## တန်းစီစောင့်ရခြင်း

ကျွန်တော် သူနှင့်ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပြီ။ အသင့်ဖြစ်
ဆင်ထား၏။ သည်လူကြီးကို ကျွန်တော့်ဖအေအရင်း
ဆိုနေ၏။ ဖေဖေနွမ်းပါးဟု ကျွန်တော်ကခေါ်သော
အရင်းက ဖေဖေချမ်းသာသည် ကလေးသူငယ်
တို့ ချိုးဖောက်နေကြောင်း၊ သည်ကိစ္စကို စုံစမ်း
ကြောင်း ယူဆသည်။

နွမ်းပါးသော ပညာတတ်ဖေဖေက ကိုယ်ရသင့်ရထိုက်သည့်လခကို တောင်းဆိုဖို့ ကျွန်တော့်အား ပြောသည်။ တစ်နာရီလျှင် အနိမ့်ဆုံး ၂၅ ဆင့်ရအောင် တောင်းရမည်ဆို၏။ တိုးတောင်းသည့်လခမပေးဘူးဆိုလျှင် ချက်ချင်းအလုပ်ထွက်ခဲ့ဖို့လည်း မှာသည်။

"အောက်တန်းကျတဲ့ ဒီအလုပ်ကို မင်း လုပ်နေဖို့မလိုဘူး" ဟုလည်း စိတ်ဆိုးမာန်ဆိုးပြောသည်။

စနေနေ့ နံနက် ၈း၀၀ တွင် ကျွန်တော်သည် မိုက်တို့၏ ခနော်ခနဲ့တံခါးပေါက်ကို ဖြတ်ကျော်ဝင်ခဲ့၏။

"မင်းအလှည့်ရောက်တဲ့အထိ ထိုင်စောင့်နေ"

ကျွန်တော် အိမ်ထဲဝင်သွားတော့ မိုက်ဖေဖေကပြော သည်။ ပြီးတော့ အိပ်ခန်းနှင့်ကပ်နေသော သူ့အလုပ်ခန်းကလေးထဲ သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ကျွန်တော် အခန်းထဲကို ဝေ့ကြည့်သည်။ မိုက်ကို ဘယ် နေရာမှာမှ မတွေ့ရ။ စိတ်ထဲမတင်မကျ ဖြစ်သွားသည်။ ပြီးတော့ လွန်ခဲ့သည့် သီတင်းပတ်လေးပတ်တုန်းက သည်နေရာမှာပင် တွေ့ ခဲ့ရသည့် မိန်းမကြီးနှစ်ယောက်နံဘေးတွင် ခပ်ကျို့ကျို့ထိုင်လိုက်၏။ သူတို့က ပြုံးပြသည်။ ကျွန်တော်ထိုင်သာအောင် နေရာရွှေ့ပေးကြ သည်။

လေးဆယ့်ငါးမိနစ်ရှိသွားပြီ။ ကျွန်တော်လည်း ဒေါသတွေ ပွက်ပွက်ဆူနေပြီ။ မိန်းမကြီးနှစ်ယောက်သည် အဘိုးကြီးနှင့်တွေ့ပြီး လွန်ခဲ့သည့် နာရီဝက်ကတည်းက ပြန်သွားကြပြီ။ အသက်ကြီးကြီး လူကြီးသည် ရုံးခန်းထဲဝင်ပြီး မိနစ်နှစ်ဆယ်လောက် စကားပြော သည်။ ယခုသူလည်း ပြန်သွားပြီ။

အိမ်ထဲမှာ ဘယ်သူမျှမရှိ။ ကျွန်တော်သာ ဟာဝိုင်ယီ နေခြည်ဝင်းလက်သာယာလှပသည့် နေ့တစ်နေ့တွင် မှိုင်စော်နံ

ကျဉ်းကျပ်ညစ်ညမ်းသော ကုလားထိုင်ကလေးထဲမှာ ထိုင်စောင့်နေရသည်။ ကလေး ကျွန်တော့်ကို ခေါင်းပုံဖြတ်စားသည့် အောက်တန်းစားအလုပ်ရှင်နှင့် စကားပြောဖို့၊ သူ့ ရုံးခန်းထဲမှာ ဟိုလျှောက်သည်လျှောက်နေသံ ကြားရသည်။ ဖုန်းဖြင့် စကားပြောသံကြားရသည်။ ကျွန်တော့် စိတ်ထဲတော့ လျှစ်လျူရှုထားသည်။ ကျွန်တော်ဆန္ဒပြပြီး ပြန်ထွက်ခဲ့ဖို့ အသင့်ဖြစ်နေပြီ။ သို့သော် အကြောင်းတစ်ခုခုကြောင့် ဆက်ထိုင်နေခဲ့သည်။

နောက်ဆုံး နောက်ထပ်ဆယ့်ငါးမိနစ်အကြာ၊ ၉ နာရီတိတိ တွင် သူဌေးချမ်းသာကြီး သူ့ရုံးခန်းထဲက ထွက်လာသည်။ စကား တစ်ခွန်းမှမပြော။ သူ့ရုံးခန်း စုတ်စုတ်ပြတ်ပြတ်ကလေးထဲကို ဝင်ဖို့ ကျွန်တော့်ကို လက်ဝှေ့ပြသည်။

"မင်းလုပ်ခ တိုးလိုချင်တယ်။ မရရင် ထွက်မယ်လို့ ငါသိ ထားတယ်" သူ့ရုံးခန်းကုလားထိုင်ကို ချာခနဲလှည့်လိုက်ရင်း သူ ပြောသည်။

"ဟုတ်ကဲ့ ဒီကိစ္စမှာ ဦးဘက်က စကားမှမတည်ဘဲ" ကျွန်တော် မျက်ရည်တွေဝဲလာပြီး ပြောချလိုက်၏။ တကယ်တော့ ကိုးနှစ်သားကလေးတစ်ယောက်အနေဖြင့် လူကြီးသူမတစ်ဦးနှင့် ရင်ဆိုင်ရသည်မှာ အမှန်ပင် စိတ်ချောက်ချားစရာ ကောင်းပါသည်။

"ဦးဆီမှာ အလုပ်လုပ်ပေးရင် ကျွန်တော့်ကိုသင်ပေးမယ် လို့ ဦးပြောခဲ့တယ်လေ။ ကဲ . . . ကျွန်တော်ဦးဆီမှာ အလုပ်လုပ် ခဲ့ပြီ ကြိုးစားပမ်းစား လုပ်ပါတယ်။ ဦးဆီမှာ အလုပ်လုပ်ဖို့ ဘေ့စ်ဘောတောင် မကစားတော့ဘူး။ ဒါပေမဲ့ ဦးက ကတိမတည်ဘူး။ ကျွန်တော့်ကို ဘာမှသင်မပေးဘူး။ မြို့ထဲက လူအားလုံး ဦးကို မြင်ထားတဲ့အတိုင်း ဦးဟာ လူလိမ်ပဲ။ ဦးဟာ လောဘကြီးတဲ့လူ၊ ရသမျှ ငွေတွေအားလုံး သိမ်းကျုံးယူပြီး ကိုယ့်

အလုပ်သမားတွေကျတော့ လှည့်မကြည့်တဲ့လူ။ ဦး ကျွန်တော့်ကို
အကြာကြီး စောင့်ခိုင်းထားတယ်။ တစ်ချက်ကလေးမှ လေးစားသ
မပြဘူး။ ကျွန်တော်ဟာ ကလေးလေးပဲရှိပါသေးတယ်။ ဒီထ
ညှာတာတဲ့ဆက်ဆံရေးမျိုးကို ကျွန်တော်ခံစားထိုက်ပါတယ်"

ဖေဖေချမ်းသာက သူ့ဆံလည်ကုလားထိုင်ကို လှုပ်ယမ်း
သည်။ လက်နှစ်ဖက်က မေးစေ့ဆီမှာ။ ကျွန်တော့်အား စူးစူးစိုက်
စိုက်ကြည့်နေသည်။ ကျွန်တော့်ကို လေ့လာအကဲခတ်နေပုံမျိုး။

"မဆိုးပါဘူး။ တစ်လမပြည့်မီအတွင်းမင်းလည်း ငါ့
တခြားအလုပ်သမားအများစုရဲ့ လေသံမျိုးထွက်လာတာပါ
ကလား"

"ဗျာ . . ." သူပြောသည့်စကားအဓိပ္ပာယ်ကို နားမလည်
သည်တော့ ကျွန်တော့်နစ်နာချက်တွေကိုဆက်ပြောသည်။ "ကျွ
တော်က ဦးဘက်က စကားတည်ပြီး ကျွန်တော့်ကို သင်ပေးလိ
မယ်ထင်ထားတာ။ အဲဒီလိုသင်ပေးမယ့်အစား ဦးက ကျွန်တော့်
ညှဉ်းပန်းနှိပ်စက်တယ်။ ဒါဟာရက်စက်တာ။ တကယ့်ကို ရက်စ
တာ"

"ငါ မင်းကို သင်ပေးနေတယ်လေ" သူက ခပ်အေးအေ
ပြော၏။

"ဘာသင်ပေးလို့လဲ။ ဘာမှသင်မပေးဘူး" ကျွန်တေ
စိတ်ဆိုးမာန်ဆိုးပြော၏။ "မဖြစ်စလောက် လုပ်ခကလေးနဲ့ အလု
လုပ်ပေးဖို့ လက်ခံပြီးကတည်းက ဦးကို တစ်ခါတောင်စကားမပြေ
ခဲ့ရဘူး။ တစ်နာရီဆယ်ဆင့်။ ဟား . . . ကျွန်တော်ဦးအကြော
အစိုးရကို အကြောင်းကြားသင့်တယ်။

"သိတယ်မဟုတ်လား၊ ကျွန်တော်တို့မှာ ကလေးသူ
အလုပ်သမားဥပဒေရှိတယ်လေ။ ကျွန်တော့်ဖေဖေဟာ အစိုးရ
မှာ အလုပ်လုပ်တာဗျ။ သိတယ်မဟုတ်လား"

"ဟော . . . တယ်ဟုတ်ပါလားကွ၊ ငါ့ဆီမှာ အလုပ်လုပ်ခဲ့တဲ့ လူတွေထဲက အများစုရဲ့ လေသံနဲ့ ခုမှ တစ်ထပ်တည်း တူသွားတာပေါ့။ ငါက ဖြုတ်ရင်ဖြုတ် ဒါမှမဟုတ် သူတို့ဘာသာ အလုပ်ထွက်သွားသူတွေလေ"

"ဒီတော့ ဦးဘာပြောဦးမလဲ" ငချွတ်တစ်ဦးအနေဖြင့် သွားတာလေးဝင်လာကာ တောင်းဆိုလိုက်၏။ "ဦး ကျွန်တော့်ကို လိမ်တယ်။ ကျွန်တော် ဦးအတွက် အလုပ်လုပ်ပေးခဲ့တယ်၊ ဦးက ကတိမတည်ဘူး။ ဦး ကျွန်တော့်ကို ဘာဆိုဘာမှ သင်မပေးခဲ့ဘူး"

"မင်းကို ဘာတစ်ခုမှ သင်မပေးဘူးဆိုတာ မင်းဘယ်လို ပြောတာလဲ" ဖေဖေချမ်းသာတည်ငြိမ်အေးချမ်းစွာမေး၏။

"ပြောမယ်၊ ဦး ကျွန်တော့်ကို တစ်ခါမှ စကားမပြောခဲ့ဘူး။ ကျွန်တော် အလုပ်ဝင်နေတာ သုံးပတ်ရှိပြီ။ ဒါပေမဲ့ ကျွန်တော့်ကို ဘာမှ သင်မပေးခဲ့ဘူး" ကျွန်တော် နှုတ်ခမ်းစူပြီးပြော၏။

"သင်တယ်ဆိုတာ စကားပြောတာ ဒါမှမဟုတ် ဟောပြောတာလို့ အဓိပ္ပာယ်ထွက်သလား"

"အဲ . . . ဟုတ်ကဲ့"

"အဲဒါက စာသင်ကျောင်းမှာ မင်းတို့ကိုသင်တဲ့နည်းလေ။ ဒါပေမဲ့ ဘဝက မင်းတို့ကို အဲဒီနည်းနဲ့သင်မပေးဘူး။ ငါပြောလိုက်မယ်၊ ဆရာတကာ့ဆရာတွေထဲမှာ ဘဝက အတော်ဆုံးဆရာကွ။ ယေဘုယျအားဖြင့် ဘဝက မင်းကို ပြောပြမနေဘူး။ ဟိုဟာလုပ် ဒီဟာလုပ်ဆိုပြီး မောင်းနေတာ။ တစ်ခါ မောင်းတိုင်း "ဟေ့ကောင် ဒီမှာ မင်းပညာယူစေချင်တာ တစ်ခုရှိတယ်"လို့ ဘဝက ပြောနေတာ"

"ဦးအဆိုကြီး ဘာတွေလျှောက်ပြောနေတာလဲ"ဟု ကျွန်တော် ကိုယ့်ကိုယ်ကိုယ်မေး၏။

"ဘဝက ငါ့ကို မောင်းတာဟာ ငါ့ကိုစကားပြောတာတဲ့

လား" ခုတော့ သိပြီ၊ ငါ့အလုပ်ထွက်တော့မှ။ ငါဟာ စိတ္တဇဆေးရုံ
ထဲမှာ သော့ခတ်ထားရမယ့် အဘိုးကြီးကို စကားပြောနေမိတာပါ
ကလား။

"မင်း ဘဝပေးသင်ခန်းစာတွေကို လေ့လာဆည်းပူး
ချင်ရင် မင်းကြီးပွားမယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ မင်းကို ဘဝ
ကဆက်ပြီး မောင်းနေမှာပဲ။ လူတွေက နှစ်မျိုးနှစ်စားပြုလုပ်
ကြတယ်။ တချို့က ဘဝရဲ့ မောင်းနှင်ချက်ကို ဆက်ပြီးပေပြီး ခံကြ
တယ်။ တချို့က ဒေါသထွက်ပြီး ပြန်ပြီးမောင်းကြတယ်။ ဒါပေမဲ့
သူတို့ ပြန်မောင်းတာက သူတို့ရဲ့ အလုပ်ရှင် ဒါမှမဟုတ် သူတို့ရဲ့
အလုပ်၊ ဒါမှမဟုတ် သူတို့ရဲ့ ယောကျ်ားတို့ မိန်းမတို့ကို ဖြစ်နေ
တယ်။ သူတို့ကို မောင်းနေတာ ဘဝကပါလားဆိုတာ မသိကြဘူး။

သူဘာပြောနေသည်ကို ကျွန်တော်စဉ်းစားလို့မရ။

"ဘဝက ငါတို့အားလုံးကို မောင်းနှင်နေတာပဲ။ တချို့
က စိတ်ပျက်လက်လျှော့လိုက်ကြတယ်။ တချို့က ရန်လုပ်ကြတယ်။
လူနည်းစုကလေးပဲ သင်ခန်းစာယူပြီး ဘဝခရီးကိုဆက်နှင်ကြ
တယ်။ သူတို့က ဘဝရဲ့မောင်းနှင်ချက်ကို ကြိုဆိုကြတယ်။ အဲဒီ
လူနည်းစုကတော့ ဘဝရဲ့မောင်းနှင်မှုဆိုတာ လိုအပ်တယ်လို့ ယူဆ
ကြတယ်။ နောက်ပြီး သူတို့က တစ်ခုခုကို သင်ယူဆည်းပူးချင်ကြ
တယ်လေ။ သူတို့က ပညာယူတယ်။ ဆည်းပူးတယ်။ ပြီးတော့ ရှေ့
ဆက်လျှောက်တယ်။ အများစုက လက်မြှောက်အရှုံးပေးကြတယ်။
မင်းလိုလူစား အနည်းအကျဉ်းကတော့ ရန်လုပ်ကြတယ်"

ဖေဖေချမ်းသာ မတ်တတ်ထသည်။ ပြုပြင်ဖို့ လိုနေပြီ
ဖြစ်ပြီး တကျွိကျွိမြည်နေသော သစ်သားပြတင်းတံခါးကို ပိတ်သည်။

"မင်း ဒီသင်ခန်းစာကို လေ့လာဆည်းပူးနိုင်ရင် မင်းဟာ
ဉာဏ်အမြော်အမြင်ရှိပြီး ကြွယ်ဝတဲ့၊ ပျော်ရွှင်တဲ့ လူငယ်တစ်
ယောက် ဖြစ်လာလိမ့်မယ်။ မသင်ယူ မဆည်းပူးနိုင်ရင်တော့ မင်း

အလုပ် လုပ်ခနည်းတာ ဒါမှမဟုတ် မင့်ပြဿနာတွေအတွက် မင့်အလုပ်ရှင်ကို အပြစ်ဖို့ရင်း တစ်သက်လုံး အချိန်ကုန်သွားမှာပဲ။ မင်းရဲ့ ငွေကြေးအခက်အခဲတွေကို ဖြေရှင်းနိုင်အောင် မဟာကံထူးရှင်ကြီးဖြစ်ဖို့ မျှော်ကိုးဆုတောင်းရင်း မင့်ဘဝတစ်လျှောက်လုံး ထီဆိုင်ကျင်လည်သွားရလိမ့်မယ်"

သူ့စကားကို ကျွန်တော်နားထောင်နေသေးရဲ့လားဆိုတာ သိရအောင် ဖေဖေချမ်းသာက ကျွန်တော့်ကို ငုံ့ကြည့်သည်။ သူ့အကြည့်နှင့် ကျွန်တော့်အကြည့် အကြည့်ချင်းဆိုင်သွားသည်။ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသည်။ ကျွန်တော်တို့ မျက်လုံးများမှတစ်ဆင့် ဆက်သွယ်မှုစီးကြောင်းတွေ စီးဆင်းသွားသည်။ သူ၏ နောက်ဆုံးဆိုလိုချက်ကို သဘောပေါက်သွားသည်နှင့် ကျွန်တော် အကြည့်လွှဲလိုက်၏။ သူပြောတာမှန်ကြောင်း ကျွန်တော် သိနေသည်။ ကျွန်တော် သူ့ကို အပြစ်ဖို့နေသည်။ နောက်ပြီး သင်ယူ[illegible]ခွင့်ပြုဖို့ ကျွန်တော်က တောင်းဆိုနေသေးသည်။ ကျွန်တော် [illegible] လုပ်နေမိပါကလား။

ဖေဖေချမ်းသာ ဆက်ပြောသည်။

"ဒါမှမဟုတ် မင်းဟာ သွေးကြောင်တဲ့လူစားမျိုး ဖြစ်နေရင်တော့ ဘဝက တစ်ချက်မော်င်းလိုက်တိုင်း အလွယ်တကူ လက်လျှော့အရှုံးပေးလိုက်မှာပဲ။ မင်းဟာ အဲဒီလူစားမျိုးဖြစ်နေရင် တစ်သက်လုံး အန္တရာယ်ကင်း၊ ဘေးကင်းကျင့်ကြံနေထိုင်တော့မယ်။ ဘယ်တော့မှဖြစ်မလာမဲ့ ကိစ္စတစ်ခုအတွက် အားမွေးပြီးစောင့်နေမယ်။ နောက်တော့ ဘဝကို စိတ်ပျက်ငြီးငွေ့နေတဲ့ အဘိုးကြီးအဖြစ်နဲ့ သေသွားမှာပဲ။

"မင်းကို တကယ်ချစ်တဲ့ခင်တဲ့ မိတ်ဆွေအပေါင်းအသင်းတွေ အများကြီးရှိလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မင်းက ခင်စရာကောင်းတဲ့ အလုပ်ကြိုးစားသူတစ်ယောက်ကိုး။ မင့်ဘဝတစ်

လျှောက်လုံး အန္တရာယ်ကင်းဘေးရှင်းနေထိုင်သွားမယ်။ သင့်မြတ်
လျော်ကန်တဲ့ ကိစ္စတွေပဲ လုပ်ဆောင်သွားမယ်။ ဒါပေမဲ့ အမှန်
တရားက မင်းကို ဘဝက အနိုင်ယူခွင့်ပေးထားတာ။ အရဲကိုးစွန့်စာ
ရမှာကို ရင်ထဲအသည်းထဲက ကြောက်နေတာ။ တကယ်က မင်းနိုင်
ချင်တယ်။ ဒါပေမဲ့ရှုံးနိမ့်သွားမှာ ကြောက်တဲ့စိတ်က နိုင်လို့ရင်ခုန်
လှိုက်မောရမယ့် စိတ်ထက်ပိုပြီး ကြီးမားနေတယ်။ မင်းအရဲမကိုးဘူ
ဆိုတာကို မင်းနဲ့ မင်းတစ်ယောက်ပဲသိတယ်။ မင့်ရင်ထဲက ကြောက်
စိတ်ကို မင်းပဲသိတယ်။ ဒီတော့ ခြေချော်လက်ချော်မရှိတဲ့ လမ်
ကြောင်းကို မင်းရွေးတော့တာပေါ့"

ကျွန်တော်တို့ မျက်လုံးတွေ ဆုံမိပြန်သည်။ ဆယ်စက္က
လောက်တစ်ဦးကို တစ်ဦးကြည့်နေ၏။ ဆိုလိုချက်ကို သဘော
ပေါက်ပြီဆိုမှ အကြည့်လွှဲကြသည်။

"ဦးက ကျွန်တော့်ကို မောင်းနေတာပဲ"

"တချို့ကတော့ အဲဒီလို ပြောကြလိမ့်မယ်။ ငါကတော
မင်းကို ဘဝရဲ့အရသာ မြည်းစမ်းကြည့်ခိုင်းတာလို့ပဲ ပြောမယ်
ဖေဖေချမ်းသာ ပြုံးပြီးပြော၏။

"ဘယ်လို ဘဝရဲ့အရသာလဲ" ကျွန်တော်မေးလိုက်၏
စိတ်ဆိုးနေဆဲ။ သို့သော် စူးစမ်းချင်စိတ်ကလေးဝင်နေပြီ။ သင်
ဖို့ပင် အသင့်ဖြစ်နေပြီ။

"ငွေရှာနည်း သင်ပေးပါလို့ ငါ့ကိုပြောတာ မင်းတို့ န
ယောက် ပထမဦးဆုံးပဲကွ။ ငါ့ဆီမှာ အလုပ်သမားပေါင်း ၁
ကျော် ရှိတယ်။ အဲဒီအထဲက တစ်ယောက်မှ ငွေနဲ့ ပတ်သက်
ငါ့ဗဟုသုတတွေကို မေးတဲ့လူမရှိဘူး။ သူတို့တောင်းတာ အလု
တစ်ခု၊ နောက်ပြီး လုပ်ခ။ ဒါပဲ။ ငွေအကြောင်း သင်ပေးဖို့ တစ်ခ
ပြောဖော်မရကြဘူး။ ဒီတော့သူတို့ထဲက အများစုဟာ သူ
ဘာအတွက် အလုပ်လုပ်နေတယ်ဆိုတာကို တကယ်တမ်း

ရည်ဘဲ ငွေရဖို့ အလုပ်လုပ်ကြတာရော။ ငွေရဖို့ အလုပ်လုပ်ရင်း နဲ့ သူတို့ရဲ့ အရွယ်အကောင်းဆုံး အချိန်တွေ ကုန်ဆုံးသွားကြရ တယ်လေ။

ကျွန်တော် ဆက်ထိုင်ပြီး စူးစူးစိုက်စိုက် နားထောင်နေ သည်။

"ဒါနဲ့ မင်းက ငွေရှာနည်းသင်ယူချင်နေတဲ့အကြောင်း မိုက်က ပြောလာတော့ ဘဝနဲ့နီးစပ်တဲ့ သင်ရိုးတစ်ခု ပုံစံချဖို့ ငါ ဆုံးဖြတ်လိုက်တယ်။ ငါ့ပါးစပ်က အမြှုပ်တွေထွက်အောင် ဟောလို့ ပြောလို့ရတာပေါ့ကွာ။ ဒါပေမဲ့ မင့်နားထဲကို တစ်လုံးမှ ဝင်မှာ မဟုတ်ဘူး။ ဒီတော့ ငါ့စကားတွေ မင်းနားဝင်အောင် ဘဝကို နည်းနည်းမောင်းနှိုင်းလိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်လေ။ ဒါကြောင့် မင်းကို ၁၀ ဆင့်ပေးတာပေါ့"

"ဒီတော့ တစ်နာရီ ၁၀ ဆင့်နဲ့ အလုပ်လုပ်ရတဲ့အတွက် ကျွန်တော်ရတဲ့ သင်ခန်းစာက ဘာလဲ။ ဦးဟာ အချောင်လိုက်ပြီး အလုပ်သမားတွေကို ခေါင်းပုံဖြတ်တယ်ဆိုတဲ့ သင်ခန်းစာလား"

ဖေဖေချမ်းသာ ကုလားထိုင်ကို လှုပ်ယမ်းပြီး အူလှိုက် သည်းလှိုက်ရယ်သည်။ သူအရယ်ရပ်ပြီးမှ ပြောသည်။

"မင့်အယူအဆကို ပြောင်းရင်ကောင်းမယ်ကွ။ ငါဟာ ပြဿနာကောင်ကြီးဆိုပြီး ငါ့ကို အပြစ်ဖို့နေတာရပ်လိုက်တော့။ ပြဿနာက ငါဆိုရင် မင်းငါ့ကို ပြောင်းလဲအောင်လုပ်ရမယ်။ အဲ ... ပြဿနာကမင်းဖြစ်နေရင်တော့ မင်းကိုယ်မင်း ပြုပြင်ပြောင်း လဲလို့ရတယ်၊ တစ်ခုခုတတ်အောင် သင်ယူဆည်းပူးပြီး အမြော် အမြင်ရှိအောင် လုပ်ယူ။ လူများစုဟာသူတို့ကိုယ်သူတို့က လွဲရင် ကမ္ဘာကြီးထဲက လူတွေအားလုံးကို ပြုပြင်ပြောင်းလဲစေချင်ကြတာ ကွယ်။ ငါပြောလိုက်မယ်။ တခြားလူတိုင်းကို ပြောင်းလဲအောင် လုပ်ရတာထက် မင်းကိုယ်မင်းပြောင်းလဲအောင် လုပ်ရတာ ပိုပြီး

လွယ်တယ်ကွ"

"ကျွန်တော်သဘောမပေါက်ဘူး"

"မင့်ပြဿနာတွေကြောင့်ငါ့ကို အပြစ်ဖို့မနေနဲ့" ဖေဖေချမ်းသာ စိတ်မရှည်နိုင်တော့ဘဲ ပြော၏။

"ဒါပေမဲ့ ဦးက ၁၀ ဆင့်ပေးတာကိုး"

"ဒီတော့ မင်းဘာပညာရလဲ" ပြုံးလျက်မေးသည်။

"ဦးဟာ အချောင်သမားဆိုတာပေါ့" ကျွန်တော်ပြောင်ချော်ချော်အပြုံးဖြင့် ပြောလိုက်၏။

"တွေ့လား၊ ပြဿနာက ငါလို့ မင်းထင်နေတယ်လေ"

"ဟုတ်နေတာပဲဟာ"

"ကဲ . . . အဲဒီအတိုင်းသဘောထားလို့ကတော့ မင်းဘာမှပညာရမှာမဟုတ်ဘူး။ ပြဿနာက ငါလို့သဘောထားနေတော့ မင်းဘာဆက်လုပ်မလဲ"

"ကျွန်တော့်ကို လုပ်ခပိုမပေးရင် ဒါမှမဟုတ် ကျွန်တော့်ကို ဒီထက်ပိုပြီး လေးလေးစားစား ဆက်ဆံပြီး သင်မပေးရင် ကျွန်တော် အလုပ်ထွက်မှာပေါ့"

"အပြောကောင်းသကွာ၊ လူများစုပြောတာလည်း အဲဒီအတိုင်း ကွက်တိပဲ။ သူတို့အလုပ်ထွက်တယ်။ နောက်ထပ်အလုပ်တစ်ခု၊ နောက်ထပ်အခွင့်အလမ်းတစ်ခုနဲ့ လုပ်ခပိုရမယ့်နေရာကို ရှာကြတယ်။ အလုပ်သစ်က ဒါမှမဟုတ် လုပ်ခပိုရတာက ပြဿနာတွေကို ဖြေရှင်းပေးလိမ့်မယ်လို့ သူတို့တကယ် ယုံကြည်ကြတယ်လေ။ များသောအားဖြင့်တော့ ပြေလည်မသွားပါဘူး"

"ဒီတော့ ပြဿနာကို ဘယ်ဟာက ဖြေရှင်းပေးမှာလဲ။ တစ်နာရီ ၁၀ ဆင့် လုပ်ခကိုပဲ ယူပြီးပြုံးပြုံးကလေးနေရမှာလား"

ဖေဖေချမ်းသာ ပြုံးလိုက်၏။ "တခြားလူတွေ လုပ်နေတာ အဲဒီအတိုင်းပဲလေ။ သူတို့နဲ့ သူတို့မိသားစုတွေ ငွေကြေးအရ ယက်

ဆက်ကန်ဖြစ်နေမယ်ဆိုတာ သိသိကြီးနဲ့ပဲ လခကို လက်ခံယူ ကြတာပဲလေ။ ပြီးတော့ ပိုက်ဆံပိုရရင် သူတို့ပြဿနာပြေလည် သင်ပြီး လုပ်ခတိုးရဖို့ မျှော်လင့်ကြတယ်။ သူတို့လုပ်တာ ဒါပဲရှိ လေ။ အများစုကတော့ ဒီအဖြစ်ကို လက်ခံကြတာပဲ။ တချို့က အလုပ်တစ်ခု တွဲလုပ်ပြီး ကြိုးစားအားထုတ်ကြတယ်။ ဒါပေမဲ့ လုပ်ခနည်းနည်းလေးပိုရတာပါပဲ”

ကျွန်တော် ထိုင်ရင်း ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ ချမ်းသာ သင်ပေးနေသည့် သင်ခန်းစာကို သဘောပေါက်စ သည်။ ဤကား ဘဝ၏အရသာဖြစ်ကြောင်း ရိပ်မိလာသည်။ ဆုံး ကျွန်တော် မော့ကြည့်ပြီး စောစောက မေးခွန်းကိုပင် သည်။

“ဒီတော့ ပြဿနာကို ဘယ်ဟာက ဖြေရှင်းပေးမှာလဲ”

“ဒီဟာက” ကျွန်တော့်ခေါင်းကို အသာအယာပုတ်ပြီးပြော သည်။ “မင့်နားရွက်နှစ်ဖက်ကြားက ဒီဟာက ဖြေရှင်းပေးမှာပေါ့”

ဤအချိန် ဤသမယကလေးကား သူ၏အဓိကအချက် သော အယူအဆကို မျှဝေဖွင့်ပြောသည့် သမယကလေး သည်။ ဤအယူအဆကား ကျွန်တော့်ဖေဖေနွမ်းပါးနှင့် သူ့ သားတွေကို သူနှင့်မတူအောင် ခွဲခြားပေးလိုက်သည့် အယူ ဖေဖေနွမ်းပါးက အထက်တန်းပညာတွေ တတ်သော်လည်း လုံး ငွေကြေးအရ လုံးလည်ချာလည် လိုက်နေချိန်တွင် ချမ်းသာအား ဟာဝိုင်ယီမှာ အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်လာ အယူအဆ။ ဤကား ဘဝတစ်လျှောက်လုံးကို အသွင် သွားစေမည့်ထူးကဲသော အယူအဆတစ်ရပ်ပါတည်း။

ဤအယူအဆကို ဖေဖေချမ်းသာက ထပ်ကာတလဲလဲ ။ ဤအယူအဆကို ကျွန်တော်က သင်ခန်းစာ အမှတ် ၁ မှတ်ပါသည်။

ဆင်းရဲသားများနှင့် လူလတ်တန်းစားများက ဝင်ငွေ
အလုပ်လုပ်သည်။

ချမ်းသာသူများတွင် သူတို့ကို အလုပ်အကျွေးပြုမည့်ငွေ
သည်။

နေခြည်တောက်ပသော ထိုစနေနေ့နံနက်တွင် ဖေ
နွမ်းပါးက သင်ပေးသော အယူအဆနှင့် လုံဝဥသုံခြားနားသေ
အယူအဆတစ်ရပ်ကို ကျွန်တော် သင်ယူဆည်းပူးလိုက်ရ
အသက် ကိုးနှစ်အရွယ်တွင် ဖေဖေနှစ်ဦးစလုံးက ကျွန်တော့်အ
ဆည်းပူးလေ့လာစေချင်ကြောင်း ကျွန်တော် သတိပြုမိလာ
ဖေဖေနှစ်ဦးစလုံးက ဆည်းပူးလေ့လာဖို့ အားပေးတိုက်တွန်းကြ
သို့သော် သူတို့ ဆည်းပူးလေ့လာစေလိုသည့် အကြောင်းအရာ
ကတော့ မတူညီ။

ကျွန်တော်၏ အထက်တန်းပညာတတ်ဖေဖေ
ကျွန်တော့်အား သူလုပ်သလို လုပ်စေချင်သည်။

"ငါကတော့ မင်းကို စာကြိုးစားစေချင်တယ်။ အ
ကောင်းကောင်းနဲ့ စာမေးပွဲအောင်။ ဒါမှ ရောမကုမ္ပဏီကြီးတ
မှာ ဘဝအာမခံချက်ရှိမယ့် အလုပ်တစ်ခုရမယ်။ အမြင့်ဆုံးခံစာ
တွေရအောင်တော့ လုပ်ပေါ့ကွာ"

ဖေဖေချမ်းသာက ကျွန်တော့်အား ငွေလည်ပတ်
လေ့လာဆည်းပူးစေချင်သည်။ သို့မှ ကျွန်တော့်အတွက် အလုပ်
ပေးအောင် ငွေကို ခိုင်းတတ်မည်ဆို၏။ သည်သင်ခန်းစာမျ
ကျွန်တော့်ဘဝတစ်လျှောက်လုံး လေ့လာသွားရပေမည်။ 
ချမ်းသာ၏ လမ်းညွှန်မှုကြောင့်ဖြစ်သည်။ စာသင်ခန်းက သင်
လိုက်သောကြောင့်မဟုတ်။

ဖေဖေချမ်းသာက ကျွန်တော်၏ ပထမသင်ခန်း

...သင်သည်။

"တစ်နာရီ ၁၀ ဆင့်နဲ့ အလုပ်လုပ်ပေးရတဲ့အတွက် မင်း ...ဆိုးတာကို ငါဝမ်းသာသကွ။ တကယ်လို့ မင်းစိတ်မဆိုးဘဲ ...ကြီး လက်ခံမယ်ဆိုရင် မင်းကိုသင်မပေးနိုင်ဘူးလို့ ငါပြော ...။ သိတယ်မဟုတ်လား။ တကယ်တမ်းသင်ယူလေ့လာ ...မယ်ဆိုရင် အားထုတ်မှုနဲ့ ပြင်းပြတဲ့ ဆန္ဒဆိုတာတွေရှိရမယ်။ ...ဆိုတာ ဒေါသနဲ့ အချစ်ပေါင်းစပ်ထားတာဆိုတော့ ဒီသင်ယူ ...မှာ ဒေါသက ကြီးမားတဲ့အစိတ်အပိုင်းတစ်ခုဖြစ်လာတယ်။ ...ကြီးမှုနဲ့ ဝတ်သက်လာရင် လူများစုဟာ သေချာရေရာမှ ...ကြတယ်။ ဒီတော့ သူတို့ကို ဦးဆောင်နေတာက ရမ္မက် ...ဲ့ ကြောက်စိတ်ဖြစ်နေတယ်"

"ဒါကြောင့် သူတို့တွေ လုပ်ခနည်းနည်းပဲရတဲ့ အလုပ် ...ကို လက်ခံကြတာလားဟင်"

"ဟုတ်တယ်၊ တချို့လူတွေက ပြောတယ်၊ ငါက လူတွေကို ...ဖြတ်စားနေတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ငါက ကြံ့စိုက် ...အစိုးရဌာနတို့လောက်မှ မပေးဘဲကိုး။ ငါကတော့ လူတွေ ...သူတို့ကိုယ်သူတို့ ခေါင်းပုံဖြတ်နေတာလို့ ပြောမယ်။ ကြောက် ... သူတို့လေ။ ငါမှမဟုတ်ဘဲ"

"ဒါပေမဲ့ သူတို့ကို ပိုပေးသင့်တယ်လို့ ဦးမထင်မိဘူးလား"

"ပေးဖို့မလိုဘူးလေ၊ တစ်ခုရှိတာ ပိုက်ဆံပိုရတာက သူတို့ ...ကို ဖြေရှင်းပေးမှာ မဟုတ်ဘူး။ မင်းဖေဖေကိုပဲ ကြည့်လေ။ ...တွေ အများကြီးရတယ်။ ဒါလည်း သူ့အကြွေးတွေ ကျေ ... ဆပ်နိုင်ဘူး။ ပိုက်ဆံသာ ပိုပေးကြည့်။ လူများစုဟာ ...တင်မှာပဲ"

"ဒါကြောင့် တစ်နာရီ ၁၀ ဆင့်ပဲ ပေးတာပေါ့လေ"

... ပြုံးပြီးပြောလိုက်၏။

"ဒါဟာ သင်ခန်းစာတစ်စိတ်တစ်ပိုင်းပေါ့"

"အဲဒါအမှန်ပဲ။ ကြည့်လေ၊ မင်းဖေဖေ ကျောင်းတ
တယ်။ အဆင့်အမြင့်ဆုံးပညာတွေ သင်တယ်။ ဒီတော့ လ
ကောင်းတဲ့အလုပ်တစ်ခုရမယ်ပေါ့။ ရလည်းရပါတယ်။ ဒါပေ
သူဟာ ခုထိ ငွေကြေးပြဿနာပေါ်နေတုန်းပဲ။ ဘာဖြစ်လို့လဲ
တော့ ကျောင်းမှာ ငွေကြေးအကြောင်း တစ်လုံးတစ်ပါဒတော
မသင်ခဲ့ရလို့ပဲ။ အဲဒါထက် ပိုဆိုးတာက သူဟာ ငွေရဖို့အတွ
အလုပ်လုပ်တာကို ယုံကြည်နေတာပဲ"

"ဦးက မယုံဘူးလား"

"ဟင့်အင်၊ နှစ်နှစ်ကာကာမယုံဘူး။ မင်းငွေရှာဖို့ အလ
လုပ်တတ်ချင်သပါ့ဆိုရင် ကျောင်းဆက်တက်နေ။ အဲဒီပညာ သ
ဖို့ အသင့်လျော်ဆုံးနေရာက ကျောင်းပဲ။ ဒါပေမဲ့ မင်းကို အလ
လုပ်ပေးမယ့် ငွေရှာနည်း သင်ယူချင်သပါ့ဆိုရင်တော့ ငါသင်
မယ်။ ဒါပေမဲ့ မင်းသင်ယူချင်တယ်ဆိုမှပါ"

"အဲဒီ ပညာကို လူတိုင်းမသင်ယူချင်ကြဘူးလားတဲ

"ဟင့်အင်။ ဘာကြောင့်လဲဆိုတော့ ငွေရဖို့ အလုပ်
တာကို သင်ယူရတာ ပိုလွယ်လို့ပဲ။ အထူးသဖြင့် ငွေအကြေ
ဆွေးနွေးလာရင် မင်းရဲ့ ကြောက်စိတ်က အဓိကစိတ်ခံစား
ဖြစ်နေရင်ပေါ့"

"ကျွန်တော် သဘောမပေါက်ဘူးခင်ဗျ" ကျွန်တော် 
မှောင်ကြုတ်ပြီး ပြောလိုက်၏။

"အဲဒီအတွက် လောလောဆယ်ဘာမှ စိတ်ပူမနေ
လူများစု အလုပ်တစ်ခုမှာ ဝင်လုပ်နေတာ ကြောက်စိတ်ကြော
သာမှတ်ထား။ ကြွေးတွေ မဆပ်နိုင်မှာ ကြောက်တဲ့စိတ် အ
ပြုတ်မှာကြောက်တဲ့စိတ်။ ငွေ လုံလုံလောက်လောက်မရမှာ ကြေ
တဲ့စိတ်။ ဘဝကို တစ်တနေ ပြန်စရမှာ ကြောက်တဲ့စိတ်။

ကြောက်စိတ်ကြောင့်ပဲ ဝမ်းကျောင်းပညာတစ်ရပ် ဒါမှမဟုတ် သက်မွေးပညာတစ်ခုကို သင်ယူကြတာပေါ့။ နောက်တော့ ငွေရဖို့ အလုပ်လုပ်ကြတယ်လေ။ လူများစုဟာ ငွေကြေးရဲ့ ကျေးကျွန် ဖြစ်လာကြတယ်. . .။ နောက်တော့ သူတို့ရဲ့ အလုပ်ရှင်ကို စိတ်ဆိုးဒေါသထွက်ကြတယ်"

"ဦးကို အလုပ်လုပ်ပေးမယ့် ငွေရအောင်လုပ်ဖို့ သင်ယူနည်းဟူးတာက ငွေရဖို့ အလုပ်လုပ်တာနဲ့ လုံးဝမတူဘူးပေါ့။ ဟုတ်လားဟင်"

"လုံးဝမှ တကယ့်ကို လုံးဝဥဿုံခြားနားတယ်'

သာယာလှပသော ဟာဝိုင်ယီစနေနေ့နံနက်ခင်းတွင် ကျွန်တော်တို့ နှုတ်ဆိတ်စွာထိုင်နေသည်။ ခုလောက်ဆို ကျွန်တော့်သူငယ်ချင်းတွေ ဘေ့စ်ဘောပွဲ စ နေလောက်ပြီ။ သို့သော်အကြောင်းကြောင်းသော အကြောင်းများကြောင့် တစ်နာရီ ၁၀ ဆင့်ဖြင့် အလုပ်လုပ်ပေးဖို့ဆုံးဖြတ်ခဲ့မိသည်ကို ကျွန်တော် ပီတိဖြစ်နေ၏။ အကြောင်းမှာ ကျွန်တော့်သူငယ်ချင်းတွေ မသင်ရသည့် ပညာတစ်ခုကို ကျွန်တော် သင်ယူတတ်မြောက်တော့မည်ဟု စိတ်ထဲက သိနေသည်။

"ပညာယူဖို့ အသင့်ဖြစ်ပြီလား" ဖေဖေချမ်းသာက မေးသည်။

"အသေအချာပေါ့" ကျွန်တော် ခပ်ပြုံးပြုံးပြောလိုက်သည်။

"ငါ ကတိတည်ပါတယ်ကွာ။ ငါ မင်းကို အဝေးကနေပြီး သင်ပေးနေတာကွ။

"အသက် ကိုးနှစ်အရွယ်မှာ ငွေရဖို့ အလုပ်လုပ်ခြင်းရဲ့ အရသာကို မင်းသိသွားပြီ။ လွန်ခဲ့တဲ့လ အတွေ့အကြုံကို နှစ်ပေါင်း ငါးဆယ်နဲ့သာ မြှောက်ကြည့်လိုက်။ အဲဒါဆို လူများစု သူတို့ဘဝတစ်လျှောက်မှာ ဘာတွေလုပ်ပြီး ဘယ်လိုခံစားကြရသလဲဆိုတာ မင်း

သဘောပေါက်သွားလိမ့်မယ်"

"ကျွန်တော် နားမလည်သေးဘူးခင်ဗျ"

"ငါနဲ့တွေ့ရဖို့ မင်းတန်းစီပြီး စောင့်နေရတော့ ဘယ်လိုခံစားရလဲ။ တစ်ကြိမ်က အလုပ်တောင်းဖို့၊ နောက်တစ်ကြိမ်က လုပ်ခပိုတောင်းဖို့"

"စိတ်ဆင်းရဲတယ်"

"ငွေရဖို့ အလုပ်လုပ်မယ်လို့ ဆုံးဖြတ်ရင် ဘဝဆိုတာ ဒီလိုပါကလားလို့ လူတော်တော်များများခံစားကြရလိမ့်မယ်"

"နောက်ပြီး မစ္စစ်မာတင်က မင့်လက်ထဲကို အကြွေစေ့သုံးစေ့ ထည့်ပေးတော့ကော ဘယ်လိုခံစားရလဲ"

"ဒီငွေကလေးဟာ မဖြစ်စလောက်ပဲလို့ ခံစားရတယ်။ ဘာမှ မရသလိုပါပဲ။ ကျွန်တော် မကျေမနပ်ဖြစ်မိတာပေါ့"

"အေး . . . အဲဒါဟာ လခထုတ်ချိန်မှာ အလုပ်သမားအများစု ခံစားရတဲ့ ခံစားချက်ပဲ။ အထူးသဖြင့် အခွန်အခအားလုံးနဲ့ တခြားဖြတ်တောက်ငွေတွေ ဖြတ်တောက်ခံရပြီးတဲ့နောက်မှာပေါ့။ ယုတ်စွအဆုံး မင်းကမှ လုပ်ခအပြည့်အဝ ရသေးတယ်"

"ဟင် . . . အလုပ်သမားတွေ သူတို့ရဲ့ လုပ်ခကို အပြည့်မရဘူးလို့ ဦးဆိုလိုတာလား"

ကျွန်တော် အံ့ဩတကြီးမေးမိ၏။

"ဟား . . . ဘယ်ရကြမလဲကွာ၊ အစိုးရက သူ့ဝေစုကို အမြဲတမ်း အရင်ဆုံး ဖြတ်ယူတာကွ"

"သူတို့က ဘယ်လိုလုပ်ပြီး ဖြတ်ယူတာလဲဟင်"

"အခွန်အခတွေပေါ့ကွာ။ မင်းငွေသုံးရင် အခွန်ကောက်တယ်။ မင်း ဝင်ငွေရရင် အခွန်ကောက်တယ်။ မင်းငွေစုရင် အခွန်ကောက်တယ်။ မင်း သေရင် အခွန်ကောက်တယ်"

"လူတွေက ဘာဖြစ်လို့ အဲဒီလို အလုပ်ခံနေကြရတာလဲ"

"ချမ်းသာသူတွေက အဲဒီလို အလုပ်မခံဘူးကွ" ဖေဖေချမ်းသာ ခပ်ပြုံးပြုံးပြောသည်။ "ဆင်းရဲသားတွေနဲ့ လူလတ်တန်းစားတွေက ခံနေကြရတာ။ ငါပြောရဲပါတယ်ကွာ . . . ငါဆိုရင်ဖေဖေထက် ဝင်ငွေများတယ်။ ဒါပေမဲ့ အခွန်အခတွေကျတော့ သူက ငါ့ထက်ပိုပေးနေရတယ်"

"ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲဦးရာ" ကိုးနှစ်သား ကောင်လေး တစ်ယောက်အတွက် သည်အဖြစ်မျိုးက မဖြစ်နိုင်။ အဓိပ္ပာယ်မဲ့ "အစိုးရက အဲဒီလို လုပ်နေတာကို လူတစ်ယောက်က ဘာဖြစ်လို့ ခွင့်ပြုနေရတာလဲ"

ဖေဖေချမ်းသာ တိတ်ဆိတ်စွာ ထိုင်နေ၏။ ကျွန်တော့်ဆို ယောင်ဖွာပေါင်ဖွာ ပြောနေမည့်စား သူပြောတာကို နားထောင်စေချင်သည်ဟု ကျွန်တော်ထင်သည်။

နောက်ဆုံးတော့ ကျွန်တော် စိတ်ငြိမ်သွားသည်။ ကြားခဲ့ရသည့် အကြောင်းတွေကို ကျွန်တော်မနှစ်မြို့။ ဖေဖေဆို အခွန်အတောက်တွေ အများကြီး ပေးရသည့်အတွက် အမြဲညည်းတွားတတ်၏။ သို့ပေမဲ့ သည်ကိစ္စနှင့်ပတ်သက်၍ သူဘာမျှ မလုပ်ခဲ့။ ထိုသို့ ဖြစ်နေခြင်းသည် ဘဝက သူ့ကို မောင်းနေတာလား။

ဖေဖေချမ်းသာက သူ့ ဆုံလည်ကုလားထိုင်ကို ဖြည်းလေးနှင့် တိတ်ဆိတ်စွာ လှုပ်ယမ်းနေ၏။ ကျွန်တော့်ကို အကဲခတ်ကြည့်နေသည်။

"ပညာယူဖို့ အသင့်ဖြစ်ပြီလား"

ကျွန်တော်ခပ်ဖြည်းဖြည်း ခေါင်းညိတ်ပြလိုက်၏။

"ငါ ပြောခဲ့သလိုပဲ သင်ယူဆည်းပူးစရာတွေ အများကြီး ရှိတယ်။ ငွေက မင်းကို အလုပ်လုပ်ပေးလာအောင် ဘယ်လိုခိုင်းရမယ် ဆိုတာကတော့ မင်းတစ်သက်လုံး လေ့လာရမယ့်ပညာပဲ။ [illegible]တာ တက္ကသိုလ်မှာ လေးနှစ်တက်ကြတယ်။ လေးနှစ်လည်း

ဖြည့်ရော သူတို့ရဲ့ ပညာရေးလည်း အဆုံးသတ်သွားရော။ ငါ့ရဲ့ ငွေအကြောင်း သင်ယူလေ့လာမှုကတော့ တစ်သက်လုံး ဆက်ပြီး သင်နေရမယ်ဆိုတာ ငါသိပြီးသား။ ဘာဖြစ်လို့လဲဆိုတော့ . . . ရှင်းရှင်းလေးပါ။ ပိုပြီး သိလာလေ၊ တတ်လာလေ ဒီထက်ပိုပြီး သိဖို့ တတ်ဖို့ လိုလာလေ ဆိုတာကို တွေ့မြင်လာလို့ပဲ။

"လူများစုဟာ ဒီပညာကို ဘယ်တော့မှ မလေ့လာကြဘူး ကွ။ သူတို့ အလုပ်ဝင်လုပ်တယ်။ လုပ်ခထုတ်တယ်။ ဝင်ငွေထဲကနေ ထွက်ငွေကို နုတ်ချလိုက်တယ်။ ဒါပဲ။ အဲဒီလိုလည်းလုပ်ပြီးရော၊ သူတို့ ဘာဖြစ်လို့ ငွေကြေးအခက်အခဲရှိနေရပါလိမ့်လို့ တွေးကြ တယ်။ အဲဒီနောက်တော့ ငွေပိုရရင် အခက်အခဲတွေ ပြေလည်သွား လိမ့်မယ်လို့ သူတို့တွက်ကြတယ်။ ငွေကြေးအကျပ်အတည်း တွေ့နေ ရတာဟာ ငွေကြေးဆိုင်ရာ အသိပညာမရှိလို့ဆိုတာကို လူနည်းစု ကလေးပဲ သဘောပေါက်ကြတယ်ကွ"

"ဒါဆို ကျွန်တော့်ဖေဖေ အခွန်အကောက် ပြဿနာတွေ ပေါ်နေတာဟာ သူငွေအကြောင်း နားမလည်လို့လား" ကျွန်တော် အတွေးရှုပ်စွာ မေး၏။

"ငါပြောမယ်၊ ငွေက မင်းကို အလုပ်အကျွေးပြုလာအောင် ဘယ်လိုခိုင်းရမယ်ဆိုတဲ့ ပညာရပ်ကိုလေ့လာဆည်းပူးရာမှာ အခွန် အကောက်ဆိုတာ အစိတ်အပိုင်း သေးသေးလေးတစ်ခုပဲ ရှိသေး တယ်။ ဒီနေ့ကတော့ မင်းအတွက် ငွေက အလုပ်လုပ်ပေးစေတဲ့ ပညာကို ဆည်းပူးဖို့ မင်းမှာ ရမ္မက်ရှိနေသေးလားဆိုတာ သိချင် တာလောက်ပါပဲ။ လူများစုမှာ အဲဒီရမ္မက်မရှိဘူးကွ။ သူတို့က ကျောင်းကို သွားချင်ကြတယ်။ ဝမ်းကျောင်းပညာတစ်ရပ် သင်မယ်၊ လုပ်ငန်းခွင်မှာ ပျော်လားဝါးလားနေမယ်။ ပြီးတော့ လခတွေ အများကြီးထုတ်ယူမယ်။

"တစ်နေ့မှာတော့ ကြီးမားတဲ့ ငွေကြေးအကျပ်အတည်း

...ပြီး အိပ်ရာက ပြုံးပြုံးပျော်ပျော်ထလာမယ်။ အဲဒီနောက်မှာ ...သူတို့ဟာ အလုပ်မလုပ်ဘဲ နေလို့မရတော့ဘူး။ ငွေက မင်း ...တွက် အလုပ်လုပ်ပေးပုံကို မသင်ယူမဆည်းပူးဘဲ ငွေရဖို့သာ ...လုပ်တတ်တဲ့အတွက် ပေးဆပ်ရတဲ့တန်ကြေးက အဲဒါပဲ။ ကဲ ...တော့ မင်းလေ့လာဆည်းပူးဖို့ ရမွက်ရှိသေးရဲ့လား"

ကျွန်တော် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ။ ခုအလုပ် ပြန်လုပ်တော့။ ဒီတစ်ခါတော့ မင်း ...ဒါ တစ်ပြားမှ မပေးဘူး"

"ဗျာ" ကျွန်တော် အံ့သြတကြီး မေးလိုက်၏။

"မင်း ငါပြောတာ ကြားတယ်မဟုတ်လား။ တစ်ပြားမှ ...ဘူး။ အရင်အတိုင်း စနေနေ့တိုင်း သုံးနာရီအလုပ်လုပ်ရမယ်။ ...တော့ တစ်နာရီ ၁၀ ဆင့်လည်း မရတော့ဘူး။ မင်းပြောခဲ့ ...။ ငွေရဖို့ သက်သက်အတွက် အလုပ်မလုပ်တဲ့ အကြောင်း ...သင်ယူချင်တယ်ဆို။ ဒီတော့ ငါမင်းကို တစ်ပြားမှ မပေးတော့ ...

ကျွန်တော်ကိုယ့်နားပင် ကိုယ်မယုံနိုင်။

"ခု မင်းနဲ့ ပြောတဲ့စကားတွေကို မိုက်နဲ့လည်း ပြောပြီးပြီ။ ...လုပ်နေပြီ။ စည်သွတ်ဘူးတွေ ဖုန်ခါ၊ ပြန်စီ၊ အလကား ... လုပ်ပေးတာ။ မင်းလည်းအဲဒီကို မြန်မြန်ဆန်ဆန်သွား ...

"အဲဒါ မတရားဘူး" ကျွန်တော် အော်ပစ်လိုက်၏။ "ဦး ...တော့ ပေးရမှာပေါ့"

"မင်းပဲ ပညာယူချင်တယ်လို့ ပြောခဲ့တယ်လေကွာ။ မင်း ...ခုလောလောဆယ်မှ မသင်ယူရင် မင်းလည်း ငါ့ဧည့်ခန်း ...စောင့်စောင့်နေတဲ့ ဟိုမိန်းမနှစ်ယောက်နဲ့ ဟိုလူကြီးလိုပဲ ...မှာပဲ။ ငွေရဖို့ အလုပ်လုပ်ရင်း သူတို့ကို ငါအလုပ်

မဖြုတ်ပါစေနဲ့လို့ ဆုတောင်းရင်းပေါ့ကွာ။

"ဒါမှမဟုတ်လည်း မင်းဖေဖေလို ဝင်ငွေတွေ အမြော
အမြားရပြီး ကြွေးတွေလည်းပင်းခိုက်အောင်တင်၊ ငွေပိုရရင် မြေ
ပြဿနာပြေလည်မယ်လို့ မျှော်လင့်။ အဲဒီဘဝမျိုး မင်းလိုလ
တယ်ဆိုရင်တော့ နဂိုအတိုင်းတစ်နာရီ ၁၀ ဆင့်ပြန်ပေးမယ်
ကွာ။ ဒါမှမဟုတ် လူများစုလုပ်သလို မင်းလည်း လိုက်လုပ်
တယ်။ လုပ်ခပေးတာ နည်းတယ်လို့ ညည်းညူ။ အလုပ်ထွ
နောက်အလုပ်တစ်ခုရှာ"

"ဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ"

ဖေဖေချမ်းသာက ကျွန်တော့်ခေါင်းကို ပုတ်ပြသည်။
ကို အသုံးချ။ မင်းဒါကို ကောင်းကောင်းအသုံးချရင် ခုလိုအ
အရေးပေးတဲ့အတွက် မကြာမီအတွင်း ငါ့ကိုကျေးဇူးတင်လာ
မယ်။ နောက်ပြီး မင်းသူဌေးကလေးအဖြစ်နဲ့ လူလားမြော
လာလိမ့်မယ်"

ကျွန်တော်မတ်တတ်ရပ်နေသည်။ ကျွန်တော့်အား
လှမ်းလိုက်သည့် ကြမ်းတမ်းသော၊ ရက်စက်သော အပေးအယူ
ကို မယုံနိုင်လောက်အောင်ဖြစ်နေသည်။ ကျွန်တော်သည်နေရ
လာခဲ့သည်မှာ လုပ်ခတိုးတောင်းဖို့။ ခု သူက ကျွန်တော့်အား
နေသည်မှာ ဘာမျှမယူဘဲ အလုပ်လုပ်ပေးဖို့။

ဖေဖေချမ်းသာက ကျွန်တော့်ခေါင်းကို ပုတ်လိုက်
သည်။ "ဒါကို အသုံးချကွာ။ ကဲ ဒီကနေ မြန်မြန်သွားပြီး လုပ်
ခွင်ဝင်ချေတော့"

* * *

## ...ခန်းစာ ၁ ။ ။ ချမ်းသာသူတွေက ဝင်ငွေရဖို့ အလုပ်လုပ်ခြင်းမဟုတ်။

ကျွန်တော်လုပ်ခမရကြောင်း ဖေဖေနွမ်းပါးအား ... သူနားလည်လိမ့်မည်မဟုတ်။ ကျွန်တော်ကိုယ်တိုင်နား ...သေးသည့် အကြောင်းတစ်ခုကို ကျွန်တော်ခွေးအ လှည်းနင်း ...ရှင်းပြမနေချင်။

မိုက်နှင့် ကျွန်တော်နောက်ထပ် သုံးပတ်စနေနေ့တိုင်း ...လုပ်သည်။ တစ်နေ့လျှင် သုံးနာရီ။ ဘာမျှမရ။ လုပ်ငန်း ...သတ်၍ မပူ။ အမြဲလုပ်နေရသည့် အလုပ်ဖြစ်၍ တဖြည်း ...လွယ်လွယ်လာသည်။ စိတ်ထဲ ကသိ ကအောက်ဖြစ်နေသည် ...စားခွင့်မရတော့သည့် ဘေ့စ်ဘောပွဲများ။ နောက်ပြီး ရုပ်ပြ ...အနည်းအကျဉ်းပင် မဝယ်နိုင်တော့သည့်အဖြစ်။

တတိယမြောက် သီတင်းပတ်တွင် မိုက်ဖေဖေဝင်လာ ...အားရုပ်ကွင်းသို့ သူ့ထရပ်ကား ဝင်လာသံ၊ စက်သတ်သော ...ချက် ဖွတ်ချက်နှင့် စက်ရပ်သွားသံများကို ကျွန်တော်တို့ ...ရသည်။ သူ ဆိုင်ထဲဝင်လာသည်။ မစ္စစ်မာတင်ကို ပွေ့ဖက် ...သည်။ အလုပ်အကိုင်အခြေအနေကို မေးမြန်းသည်။ ... ရေခဲမုန့် အအေးသေတ္တာကြီးဖွင့်ပြီး ရေခဲမုန့်နှစ်ခုယူ ... ကျသင့်ငွေကိုပေးသည်။ ပြီးတော့ မိုက်နှင့်ကျွန်တော့်ကို ...ပြောသည်။

"သားတို့ တို့များ လမ်းလျှောက်ကြရအောင်"

ကျွန်တော်တို့ လမ်းကိုဖြတ်သည်။ ကားနှစ်စီး သုံးစီးကို ...သည်။ ကြီးမား ကျယ်ပြန့်သော မြက်ခင်းပြင်ကြီးကို ဖြတ် ...သည်။ မြက်ခင်းပေါ်တွင် လူကြီးတစ်ချို့ ဘေ့စ်ဘော ...ကြ၏။ ခပ်လှမ်းလှမ်းရှိ ပျော်ပွဲစား စားပွဲတစ်လုံးတွင်

ဝင်ထိုင်သည်။ သူက မိုက်နှင့် ကျွန်တော့်ကို ရေခဲမုန့်တစ်ခုစီ
ပေးသည်။

"အဆင်ပြေကြရဲ့လား သားတို့"

"အိုကေပဲ" မိုက်ကပြောသည်။

ကျွန်တော်က သဘောတူကြောင်း ခေါင်းညိတ်ပြသည်။

"ဘာတွေ တတ်ပြီလဲ"

မိုက်နှင့် ကျွန်တော် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြ၏။
ပခုံးတွေ တွန့်လိုက်ကြ၏။ ပြီးတော့ ပြိုင်တူလို ခေါင်းခါပြလိုက်ကြ
၏။

*ဘဝ၏ အကြီးမားဆုံး ထောင်ချောက်ကို ရှောင်ရှားခြ*

"ကဲ . . . သားတို့နှစ်ယောက် စပြီး စဉ်းစားသင့်ပြ
ဘဝရဲ့ အကြီးမားဆုံး သင်ခန်းစာတွေထဲက တစ်ခုကို မင်း
မြင်တွေ့ နေရပြီ။ ဒီသင်ခန်းစာကို မင်းတို့တတ်မြောက်သွား
အလွန်တရာ လွတ်လပ်ပြီး အာမခံချက်ရှိတဲ့ဘဝတစ်ခု
ပျော်ရွှင်စံစားရလိမ့်မယ်။ ဒီသင်ခန်းစာကို မတတ်မြောက်
ကတော့ မင်းတို့ မစွစ်မာတင်လိုဘဝမျိုး၊ ဒီပန်းခြံထဲမှာ ဘေ့စ်ဘေ
ကစားနေသူတွေရဲ့ ဘဝမျိုးနဲ့ ဇာတ်သိမ်းကြရလိမ့်မယ်။

"သူတို့ဟာ လုပ်ခကလေးမဖြစ်စလောက်ရဖို့ အလုပ်
ကြိုးစားပမ်းစား လုပ်ကြတယ်။ အလုပ်အာမခံချက်တို့၊ တစ်နှစ်
သီတင်းပတ်သုံးပတ်လောက် အပန်းဖြေခရီးထွက်ဖို့တို့၊ လေးဆ
ငါးနှစ်လုံးလုံး အလုပ်လုပ်ပြီး မဝရေစာ အငြိမ်းစားလခက
ရဖို့တို့ဆိုတဲ့ အစွဲမှားကို ဖက်တွယ်ထားကြမယ်။ အဲဒီလို နေ
ဘဝကို မင်းတို့ ရင်ခုန်ကြည်နူးတယ်ဆိုရင် မင်းတို့ကို တစ်န
၂၅ ဆင့်ပေးမယ်"

"ဒါပေမဲ့ သူတို့ဟာ ကြိုးစားပမ်းစားအလုပ်လုပ်တဲ့ လူကောင်းသူကောင်းတွေပဲ။ ဦးက သူတို့ကို လှောင်နေတာလား" ကျွန်တော် ရန်လုပ်လိုက်၏။

ဖေဖေချမ်းသာ၏ မျက်နှာပေါ်တွင် အပြုံးရိပ်ကလေး သန်းသွားသည်။

"မစ္စစ်မာတင်ဟာ ငါ့အမေတစ်ယောက်လိုပါပဲ။ ငါဘယ်တော့မှ အဲဒီလောက်မရက်စက်ပါဘူး။ ငါပြောတာတွေက ရက်စက်သလိုဖြစ်ကောင်းဖြစ်နေမယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့နှစ်ယောက်တစ်စုံတစ်ခုကို သိမြင်လာအောင် ထောက်ပြချင်လွန်းလို့ ဒီလိုပြောနေရတာ။ မင်းတို့ တစ်ခုခုကို မြင်တွေ့လာအောင် မင်းတို့ရဲ့ အမြင်ကို ချဲ့ပေးချင်တယ်။ လူများစုဟာ အဲဒီတစ်စုံတစ်ခုကို မြင်ခွင့် တွေ့ခွင့်မရကြရှာဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ အမြင်က ကျဉ်းမြောင်းလွန်းနေလို့။ လူများစုဟာ သူတို့ခြေကျွံနေတဲ့ ထောင်ချောက်ကို ဘယ်တော့မှ မမြင်ကြ မတွေ့ကြဘူး"

မိုက်နှင့်ကျွန်တော်ထိုင်နေကြသည်။ သူဆိုလိုချက်ကို တိတိပပ နားမလည်။ သူပြောပုံက ရက်စက်သလိုရှိ၏။ သို့ပေမဲ့ ကျွန်တော်တို့ တစ်စုံတစ်ခုကို သိမြင်လာအောင် အစွမ်းကုန်ကြိုးစားနေကြောင်းတော့ ရိပ်မိကြသည်။

ဖေဖေချမ်းသာက အပြုံးတစ်စဖြင့် ပြောသည်။ "အဲဒီ တစ်နာရီ ၂၅ ဆင့်ဆိုတာမနိပ်ဘူးလား။ အဲဒီနှုန်းက မင်းတို့ကို ရင်ခုန်သံ နည်းနည်းမြန်မလာစေဘူးလား"

ကျွန်တော်ခေါင်းခါပြီး "ဟင့်အင်း"ဟု ပြောလိုက်၏။ တကယ်တော့ ရင်ခုန်သံတော်တော်ကလေး မြန်သွားပါသည်။ တစ်နာရီ ၂၅ ဆင့်ဆိုသည့် လုပ်ခမှာ ကျွန်တော့်အတွက် နည်းနည်းနောနောမှ မဟုတ်ဘဲ။

"ကောင်းပြီ။ ဒါဆို တစ်နာရီကို တစ်ဒေါ်လာပေးမယ် ကွာ" ဖေဖေချမ်းသာ မထိတထိ အပြုံးဖြင့် ပြော၏။

ခုတော့ ကျွန်တော့်ရင်ခုန်သံ တဒိန်းဒိန်းမြည်နေပြီ။ ကျွန်တော့်ဦးနှောက်က သံကုန်အော်ဟစ်နေ၏။ "ယူလိုက်၊ ယူလိုက်" တဲ့။ ကျွန်တော်ကြားနေရတာတွေ ဟုတ်မှ ဟုတ်ရဲ့လား။ သို့တိုင် ကျွန်တော်ဘာမျှ မပြော။

"အိုကေ၊ တစ်နာရီ နှစ်ဒေါ်လာကွာ"

ကိုးနှစ်သက်တမ်းသာရှိသေးသည့် ကျွန်တော့်ဦးနှောက်နှင့် နှလုံးသားသည် ပေါက်ကွဲထွက်လုခမန်းဖြစ်နေပြီ။ တကယ်တော့ အချိန်ကာလက ၁၉၅၆ ခုနှစ်။ တစ်နာရီ နှစ်ဒေါ်လာ လုပ်ခရလျှင် ကျွန်တော်သည် ကမ္ဘာပေါ်မှာ အချမ်းသာဆုံး ချာတိတ် တစ်ယောက်ဖြစ်လာပေမည်။ သည်လောက်ဝင်ငွေရဖို့ကို ကျွန်တော်စိတ်ပင်မကူးရဲ။ "ဟုတ်ကဲ့" ဟု ကျွန်တော်ပြောလိုက်ချင်သည်။ အပေးအယူကို လက်ခံလိုက်ချင်သည်။ ကျွန်တော့်မျက်စိထဲမှာ မြင်ယောင်လို့ရနေသည်။ စက်ဘီးအသစ်တစ်စီး။ ဘေ့စ်ဘော လက်အိတ်အသစ်တစ်စုံ။ နောက်ပြီး ကျွန်တော့်ငွေသားတွေကို ဖျိုးခနဲ ဖျတ်ခနဲ ထုတ်ပြလိုက်သောအခါ ဝိုင်းအုံချစ်ခင်လာမည့် သူငယ်ချင်းတွေ။ ထို့ပြင် ဂျင်မီနှင့် သူ့သူငယ်ချင်း သူဌေးသားတွေက ကျွန်တော့်အား ငမွဲဟု ဘယ်တော့မျှ ခေါ်ဝေါ်လို့ရမည် မဟုတ်တော့။ သို့သော် တစ်နည်းတစ်ဖုံအားဖြင့် ကျွန်တော့်ပါးစပ်မှ အသံထွက်မလာ။

ကျွန်တော့်ဦးနှောက်တွေ အပူလွန်ပြီး ပေါက်ကွဲထွက်ကုန်တာ ဖြစ်ကောင်း ဖြစ်မည်။ သို့ပေမဲ့ ရင်ထဲအသည်းထဲကတော့ တစ်နာရီ နှစ်ဒေါ်လာလုပ်ခအား အသည်းအသန်ကို လိုချင် တပ်မက်နေ၏။

ရေခဲမုန့်က အရည်ပျော်ပြီး လက်ပေါ်သို့ စီးကျနေပြီ။

ရေခဲမုန့်ကတော့ထဲမှာ ရေခဲမုန့်မကျန်တော့။ မြေကြီးပေါ်မှာတော့ ဆေးကပ်ကပ်ရေခဲမုန့် အရည်များကို ပျော်ရွှင်စွာစားသုံးနေသည့် ပုရွက်ဆိတ်များ။

ဖေဖေချမ်းသာက ကျွန်တော်တို့ ချာတိတ်နှစ်ကောင်ကို အကဲခတ်ကြည့်နေ၏။ ကျွန်တော်တို့က သူ့ကို ပြန်ပြီးငေးကြည့်နေသည်။ မျက်လုံးကြီးတွေ အပြူးသားဖြင့်။ ဦးနှောက်တွေထဲမှာတော့ ဘလာနတ္ထိ၊ ဘာမျှမရှိ။ ကျွန်တော်တို့ကို စမ်းသပ်စစ်ဆေးနေကြောင်း သူသိသည်။ သူ့ကမ်းလှမ်းချက်ကို ကျွန်တော်တို့ လိုလားတတ်မက်နေပြီဆိုတာလည်း သူသိသည်။ လူသားတစ်ဦးချင်းတွင် သူတို့၏ စိတ်ဓာတ်ကို ဝယ်ယူလို့ရသည့် ပျော့ညံ့ချက်နှင့်လိုအပ်ချက်တစ်ခုရှိနေကြောင်း သူသိသည်။ နောက်ပြီး လူသားတစ်ဦးချင်းတွင် ငွေဖြင့်ဝယ်လို့မရသည့် စိတ်ဓာတ်ခိုင်မာမှုနှင့် စိတ်ပြဌာန်းချက်ပြတ်သားမှုဆိုတာရှိကြောင်းလည်း သူသိသည်။ ဘယ်စိတ်ဓာတ်က ပိုမိုအားကောင်းသလဲဆိုတာပဲရှိသည်။ သူက သူ့ဘဝတွင် စိတ်ဓာတ်ပေါင်း ထောင်ပေါင်းများစွာကို စမ်းသပ်စစ်ဆေးခဲ့ပြီးပြီ။ အခ်စုံတစ်ယောက်အလုပ်လာလျှောက်သဖြင့် လူတွေ့မေးမြန်းတိုင်း ဆိုသူတွေ၏ စိတ်ဓာတ်ကို သူစမ်းသပ်စစ်ဆေးခဲ့၏။

"ကဲကွာ၊ တစ်နာရီ ငါးဒေါ်လာ"

ရုတ်တရက်ဆိုသလို ကျွန်တော့်ရင်ထဲမှာ တိတ်ဆိတ်သွားသည်။ အပြောင်းအလဲတစ်ခုခုဖြစ်ပေါ်သွားပြီ။ ကမ်းလှမ်းချက်က ဆိပ်များလွန်းပြီး၊ မထော်မနမ်းဖြစ်နေပြီ။ ၁၉၅၆ ခုနှစ်လို ခေတ်ကာလမျိုးတွင် တစ်နာရီ ငါးဒေါ်လာထက်ပိုရသည့် လူကြီးဆိုလို့ သိပ်များများစားစားမရှိ။ တပ်မက်နေမှုတွေ ပျောက်သွားသည်။ ငြိမ်အေးချမ်းမှု ဝင်လာသည်။

မိုက်အား ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်၏။ သူက ကျွန်တော့်ကို ပြန်ကြည့်သည်။ ကျွန်တော့်စိတ်ဓာတ်၏ ပျော့ညံ့ပြီး

လိုလားတပ်မက်သော အစိတ်အပိုင်းသည် အသံတိတ်နေပြီ။ ဈေးဖြတ်လို့မရသော အစိတ်အပိုင်းက လွှမ်းမိုးချုပ်ကိုင်လာသည်။ ငွေကြေးနှင့်ပတ်သက်၍ တည်ငြိမ်မှုတစ်ခုနှင့် သေချာရေရာမှုတစ်ခုသည် ကျွန်တော့်ဦးနှောက်နှင့် စိတ်ခံတွင်းထဲသို့ ဝင်ရောက်နေရာယူခဲ့လေပြီ။ မိုက်လည်း ထိုအတိုင်း ဖြစ်လာမည်ဖြစ်ကြောင်း ကျွန်တော်သိနေသည်။

"ကောင်းပါလေ့ကွာ" ဖေဖေချမ်းသာ ဖွဖွကလေးပြောသည်။ "လူများစုမှာ ဈေးနှုန်းတစ်ခုရှိတယ်ကွ။ သူတို့မှာ ဈေးနှုန်းတစ်ခုရှိနေတာ သူတို့ရဲ့ ကြောက်စိတ်နဲ့ လောဘဆိုတဲ့ စိတ်ခံစားချက်တွေကြောင့်ပေါ့။ ပထမဦးဆုံးအနေနဲ့ ပြောရရင် ငွေမရှိမှာကြောက်တဲ့စိတ်က တို့ကို ကြိုးစား ပမ်းစားအလုပ်လုပ်အောင် တွန်းပေးတယ်။ အဲဒီနောက် လခလည်းရရော လောဘ ဒါမှမဟုတ် ဆန္ဒက ငွေနဲ့ဝယ်လို့ရတဲ့ ကိစ္စတွေအကြောင်းစပြီး စဉ်းစားစေတော့တာပဲ။ နောက်တော ပုံစံဝင်သွားရော"

"ဘယ်လိုပုံစံလဲဟင်" ဟု ကျွန်တော်မေးလိုက်၏။

" 'အိပ်ရာကထ၊ အလုပ်သွား၊ ကြွေးတွေဆပ်၊ အိပ်ရာကထ၊ အလုပ်သွား၊ ကြွေးတွေဆပ်' ဆိုတဲ့ပုံစံပေါ့။ အဲဒီနောက် သူတို့တွေရဲ့ဘဝကို စိတ်ခံစားချက်နှစ်ခုက မောင်းနှင်နေတော့တာပဲ။ ကြောက် စိတ်နဲ့ လောဘလေ။ သူတို့ကို ပိုက်ဆံပိုပေးကြည့်၊ သူတို့က ပိုသုံးပြီး အဲဒီသံသရာကို ဆက်ကြတယ်။ အဲဒါကို ငါပြောတာပေါ့၊ 'ကြွက်အပြေးပြိုင်ပွဲ'ဆိုတာ"

"တခြားနည်းလမ်းတစ်ခုရှိသေးလား"ဟု မိုက်က မေးသည်။

"ရှိတာပေါ့ကွာ။ ဒါပေမဲ့ အဲဒါကို လူနည်းစုလောက်ပဲ ရှာဖွေတွေ့ကြတယ်ကွ"

"အဲဒီနည်းက ဘယ်လိုလဲဟင်" မိုက်ကမေး၏။

"မင်းတို့ အလုပ်လုပ်ရင်း၊ ငါနဲ့တွဲပြီး လေ့လာရင်း ရှာဖွေ သိမ့်မယ်လို့ ငါမျှော်လင့်ထားတာ အဲဒီနည်းပဲပေါ့။ ဒါကြောင့် တဲ့ပုံစံအားလုံးကို ရုပ်သိမ်းထားတာပေါ့"

"အရိပ်အမြွက်ကလေးလောက် ပြောမပြနိုင်ဘူးလား" တမေး၏။ "ကျွန်တော်တို့ကြိုးစားပမ်းစား အလုပ်လုပ်နေရတာ လာပြီ။ အထူးသဖြင့် ဘာမှမရဘဲ လုပ်ပေးနေရတာကိုပေါ့"

"အင်း၊ ပထမအဆင့်က မှန်တဲ့စကားကို ပြောဖို့"

"ကျွန်တော်တို့ လိမ်မပြောကြပါဘူး" ကျွန်တော်ပြောလိုက်

"မင်းတို့ လိမ်ပြောနေတယ်လို့ ငါမပြောပါဘူး။ မှန်တဲ့ ကားကိုပြောဖို့သာ ငါပြောတာ"

"ဘယ်အကြောင်းကို အမှန်အတိုင်းပြောရမှာလဲ"

"မင်းဘယ်လိုခံစားရသလဲဆိုတာပေါ့။ မင်းတခြားဘယ်သူ ကို ပြောပြဖို့ မလိုဘူး။ မင်းကိုယ်မင်းပဲ ပြောရမှာ"

"ဒီပန်းခြံထဲကလူတွေ၊ ဦးဆီမှာ အလုပ်လုပ်နေတဲ့လူတွေ၊ မှာတင်တို့တွေဟာ အဲဒီလို မလုပ်ကြဘူးလို့ ဦးဆိုလိုတာလား ခင်ဗျ"

"ငါတော့တယ်ပြီး မထင်ဘူး။ အဲဒီအစား သူတို့ဟာ ဆံမရှိမှာကို ကြောက်ကြတယ်။ အဲဒီအကြောက်စိတ်ကို တိုက်ရင်ဆိုင်ဖို့ တွေးခေါ်ကြံဆရမယ့်အစား သူတို့က တုံ့ပြန် ရှားကြတယ်။ သူတို့ဟာ ဦးနှောက်သုံးပြီး တုံ့ပြန်လှုပ်ရှားရမယ့် စိတ်ခံစားချက်နောက်ကိုလိုက်ပြီး တုံ့ပြန်လှုပ်ရှားကြတယ်"

ဖေဖေချမ်းသာက ကျွန်တော်တို့ နှစ်ယောက်၏ ခေါင်းကို ပြီး ပြောသည်။

"အဲဒီနောက် သူတို့လက်ထဲမှာ ငွေကလေးနည်းနည်းရ

သွားရော။ အဲဒီမှာတစ်ခါပျော်ရွှင်ကြည်နူးမှု ဆန္ဒနဲ့လောဘဆိုတဲ့ စိတ်ခံစားချက်တွေက လွှမ်းမိုးလာပြန်ရော။ ဒီတော့ စဉ်းစားကြံဆ ရမယ့်အစား နောက်တစ်ခါ တုံ့ပြန်လှုပ်ရှားကြပြန်ရော"

"ဒါဆို သူတို့ရဲ့ စိတ်ခံစားချက်တွေက သူတို့အတွေးကို လွှမ်းမိုးနေတာပေါ့နော်"ဟု မိုက်ကမေးသည်။

"အဲဒါအမှန်ပေါ့။ သူတို့ဘယ်လိုခံစားရတယ်ဆိုတာကို အမှန်အတိုင်းပြောမယ့်အစား ခံစားချက်နောက်ကောက်ကောက် ပါအောင်လိုက်ပြီး တုံ့ပြန်လှုပ်ရှားကြတော့တာပဲ။ အဲ. . . စဉ်းစား ဆင်ခြင်မှုတော့ မလုပ်ကြဘူး။ သူတို့ ကြောက်ရွံ့မှုကို ခံစားရတယ် ဒီတော့ အလုပ်သွားတယ်။ ပိုက်ဆံက ကြောက်ရွံ့မှုကို ဖြေဖျောက် ပေးလိမ့်မယ်လို့ မျှော်လင့်ကြတယ်။ တကယ်တော့ ဖြေဖျောက်မပေး ပါဘူး။ အဲဒီကြောက်စိတ်အဟောင်းကြီးက သူတို့ကို ချောက်လှ တယ်။ ဒီတော့ အလုပ်ကိုပြန်သွားတယ်။ ပိုက်ဆံက သူတို့ရဲ့ ကြောက်စိတ်တွေကို ငြိမ်သက်သွားစေလိမ့်မယ်လို့ မျှော်လင့်ပြ ရော။ ပိုက်ဆံကအဲဒီလို လုပ်မပေးနိုင်တာတွေ့ရပြန်ရော။

"ကြောက်စိတ်က သူတို့ကို ထောင်ချောက်ထဲ တွန်းပို့ထ တာလေ။ အလုပ်လုပ်၊ ငွေရ၊ အလုပ်လုပ်၊ ငွေရ၊ ကြောက်စိ ပျောက်သွားမယ်လို့ မျှော်လင့်ဆိုတဲ့ ထောင်ချောက်ပေါ့ကွာ။ သူ နေ့တိုင်း နေ့တိုင်း အိပ်ရာကထတိုင်း သူတို့နဲ့ အတူလိုက် ထလာတာက ကြောက်စိတ်အဟောင်းကြီးလေ။ သန်းပေါင်းများ ချိတဲ့ လူတွေဟာ အဲဒီကြောက်စိတ်ဟောင်းကြီးကြောင့် တစ်ည အိပ်မပျော်နိုင်ကြဘူး။ ပူပန်သောကနဲ့ နပန်းလုံးနေရတဲ့ညတွေ ကျော်ဖြတ်ကြရတယ်။ ဒီတော့သူတို့ဘာလုပ်ကြလဲ။ အိပ်ရာကထ အလုပ်သွားကြတာပေါ့။ သူတို့ရဲ့ စိတ်ကို တရိရိညှဉ်းပန်းနှိပ် နေတဲ့ ကြောက်စိတ်ကြီးကို အသေသတ်နိုင်မှာပဲလို့ မျှော်လင့် တယ်။ တကယ်တော့ သူတို့ဘဝတွေကို ငွေက ဦးစီးဦးဆော

ပြနေတာ။ အဲဒါကို သူတို့က အမှန်အတိုင်း ဝန်မခံကြဘူး။ သူတို့ရဲ့ ချက်တွေ။ နောက်တော့ သူတို့ရဲ့ စိတ်ဓာတ်တွေကိုပါ ငွေက ချုပ်ကိုင်ထားတော့တာပဲ"

ဖေဖေချမ်းသာ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေ၏။ သူ့ စကားလုံးတွေက ကျွန်တော်တို့ ဦးနှောက်ထဲသို့ စိမ့်ဝင်နေသည်။ သူ့စကားတွေကို မိုက်နှင့်ကျွန်တော်ကြား၏။ သို့ပေမဲ့ သူဘာတွေ ပြောနေသည်ကို အပြည့်အဝနားမလည်။ ကျွန်တော်သိတာ တစ်ခု တော့ရှိသည်။ ကမန်းကတမ်း အလုပ်ချိန်အမီ ပြေးကြသည့် လူကြီး တွေကို ကြည့်ပြီး မကြာခဏဆိုသလို အတွေးကွယ်ခဲ့မိ၏။ အလုပ် သွားရတာ သိပ်ပျော်ရွှင်ကြည်နူးစရာကောင်းပုံတော့မရ။ သူတို့ ကလည်း ဘယ်တော့မျှ စိတ်ချမ်းသာနေပုံမပေါက်။ သို့ပေမဲ့ အကြောင်းတစ်ခုခုကြောင့် သူတို့သည် အလုပ်ခွင်သို့ ကသော ကမျော ပြေးနေကြရပုံရှိ၏။

သူ့ ဆိုလိုချက်တွေ ထိုက်သင့်သလောက်၊ ကျွန်တော်တို့ ခေါင်းထဲ ဝင်သွားပြီဆိုတာသိသော ဖေဖေချမ်းသာက ဆက်ပြော သည်။

"ငါကတော့ မင်းတို့နှစ်ယောက် အဲဒီထောင်ချောက်ကို ရှောင်နိုင်စေချင်တယ်။ မင်းတို့ကို ငါအဓိကသင်ပေးချင်တာ အဲဒါ ချမ်းသာရုံသက်သက် မရည်မှန်းကြနဲ့။ ဘာကြောင့်လဲဆို တော့ ချမ်းသာရုံနဲ့ ပြဿနာက ပြေလည်မသွားဘူး"

"မပြေလည်ဘူး၊ ဟုတ်လား" ကျွန်တော်အံ့အားတသင့် မေးလိုက်၏။

"ဟင့်အင်၊ မပြေလည်ဘူး။ တခြားစိတ်ခံစားချက် အကြောင်း အပြီးသတ်အောင်ပြောဦးမယ်။ လိုအင်ဆန္ဒလေ။ တချို့ က လောဘလို့ခေါ်တယ်။ ဒါပေမဲ့ ငါကတော့ လိုအင်ဆန္ဒလို့ခေါ် ချင်တယ်။ ပိုကောင်းတာတစ်ခုခု၊ ပိုလှတာ၊ ပိုပျော်စရာ

ကောင်းတာ ဒါမှမဟုတ် ပိုပြီးရင်ဖိုစရာကောင်းတာ တစ်ခုခုကို
လိုချင်တပ်မက်တာဟာ လုံးဝသဘာဝကျတယ်။ ဒီတော့ လူတွေ
ငွေရဖို့ အလုပ်လုပ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ လိုအင်ဆ
ကြောင့်။

“သူတို့ဟာ ငွေနဲ့ဝယ်လို့ ရမယ်ထင်တဲ့ ပျော်ရွှင်မှုကို ရယူ
ငွေကို လိုချင်ကြတယ်။ ဒါပေမဲ့ ငွေကြောင့်ရတဲ့ ပျော်ရွှင်မှု
သက်တမ်းကို တိုတတ်တယ်။ ဒီတော့ ပိုပြီး ပျော်ရွှင်အောင်၊ ပိုပြီ
ကြည်နူးအောင်၊ ပိုပြီး သက်သာအောင်၊ ပိုပြီး လုံခြုံမှုရှိအော
ပိုပြီး ငွေလိုလာရော။ ဒီတော့ အလုပ်ကို ဖိလုပ်တယ်။ ကြောက်စိ
နဲ့ လိုအင်ဆန္ဒကြောင့် ငြိမ်းချမ်းမှုမရတဲ့ သူတို့စိတ်တွေကို ငွေ
သက်သာပျောက်ကင်းစေမယ်လို့ မျှော်လင့်ကြတယ်။ ဒါပေမဲ့ ငွေ
သူတို့မျှော်လင့်တာကို လုပ်မပေးနိုင်ဘူး”

“သူဌေးတွေတောင်မရဘူးလား” ဟု မိုက်ကမေး၏။

“သူဌေးတွေအပါအဝင်ပေါ့။ တကယ်တမ်းပြောရ
သူဌေးတော်တော်များများ ချမ်းသာတာဟာ လိုအင်ဆန္ဒကြော
မဟုတ်ဘူး။ ကြောက်စိတ်ကြောင့်။ ငွေမရှိတဲ့ဘဝ၊ ဆင်းရဲနွမ်းပါး
ဘဝကို သူတို့ကြောက်တယ်။ ငွေကတော့ ဒီကြောက်စိတ်
ဖျောက်ဖျက်ပေးမှာပဲလို့ တွက်ကြတယ်။ ဒီတော့ ငွေတွေ တေ
ပုံရာပုံဖြစ်လာအောင် စုဆောင်းကြတယ်။ သူတို့ ကြွယ်ဝလာရ
က ကြောက်စိတ်ပိုပြီး ကြီးထွားလာတာပဲဖြစ်တယ်။ ခုတော့ ဒီ
တွေ ဆုံးရှုံးသွားမှာ ကြောက်နေပြီလေ။

“သူတို့မှာ ငွေတွေ ပုံအောရှိနေပေမဲ့လည်း အလု
လက်နဲ့ မပြတ်အောင် လုပ်နေတဲ့ ငါ့မိတ်ဆွေတွေ ရှိတာပေါ့။ သ
နွမ်းပါးနေစဉ်တုန်းကထက်ပိုပြီး ကြောက်ရွံ့တုန်လှုပ်နေတဲ့
မိတ်ဆွေသန်းကြွယ်သူဌေးတွေ ရှိတာပေါ့။ သူတို့ငွေတွေ ပြန်
သွားမှာကို ပိုပြီးကြောက်ဒူးတုန်နေကြတယ်လေ။ ချမ်းသာဖို့ ...

ချမ်းသာဖို့ဆိုပြီး သူတို့ကို မောင်းနေတဲ့ ကြောက်စိတ်တွေက ပိုပြီး ဆိုးသထက်ဆိုးလာတယ်။ သူတို့ စိတ်ဓာတ်ရဲ့ ပျော့ညံ့ပြီး လိုချင်တပ်မက်တဲ့ အစိတ်အပိုင်းက ပိုပြီး ကျယ်ကျယ်လောင်လောင် အော်ဟစ်လာတယ်။ ငွေက ဆောင်ကြဉ်းပေးထားတဲ့ အိမ်ကြီးကြီးတွေ၊ မော်တော်ကားတွေ၊ အထက်တန်းစားဘဝတွေ ဆုံးရှုံးသွားမှာကို မလိုချင်ဘူးလေ။ သူတို့ငွေတွေ အကုန်လုံးဆုံးရှုံးသွားရင် သူတို့ မိတ်ဆွေတွေက ဘာပြောကြမလဲဆိုတာ စိုးရိမ်ပူပန်ကြတယ်။ သူတို့ဟာ ချမ်းသာတယ်။ ပိုက်ဆံတွေ ပိုရှိလာတယ်။ ဒါပေမဲ့ သူတို့တော်တော်များများဟာ စိတ်ပိုင်းအရ ကြံရာမရဖြစ်နေကြတယ်။ ကယောင်ချောက်ချားဖြစ်နေကြတယ်"

"ဒီတော့ ဆင်းရဲသူတစ်ယောက်က ပိုပြီး စိတ်ချမ်းသာသလား" ကျွန်တော်မေးလိုက်၏။

"ဟင့်အင်၊ ငါတော့ မထင်ဘူး။ ငွေကို မက်လွန်းတာဟာ စိတ်ရောဂါတစ်မျိုးဖြစ်သလို ငွေကို ရှောင်ရှားတာလည်း စိတ်ရောဂါ တစ်မျိုးပဲ"

ထိုအခိုက်တွင် ခြေသလုံးအိမ်တိုင် လူကြီးတစ်ဦး ကျွန်တော်တို့ စားပွဲနားမှ ဖြတ်သွားသည်။ အမှိုက်ပုံးကြီးတစ်ခု ဆီသို့သွားရပ်ပြီး အမှိုက်ပုံးထဲ မွှေနှောက်ရှာဖွေနေသည်။ ထိုလူကြီး ကျွန်တော်တို့ သုံးယောက် စိတ်ဝင်တစားကြည့်နေသည်။ ယခင် ဆိုလျှင်တော့ သူ့ကို ကျွန်တော်တို့ လျစ်လျူရှုထားပေမည်။

ဖေဖေချမ်းသာက သူပိုက်ဆံအိတ်ထဲက တစ်ဒေါ်လာတန် တစ်ရွက်ထုတ်ယူပြီး ထိုလူကြီးကို ပြသည်။ ပိုက်ဆံကို မြင်သွားသော အခါ အိုနေမဲ့လူကြီး ချက်ချင်းပြေးလာသည်။ ပိုက်ဆံကို ယူသည်။ ကျေးဇူးတင်စကားတွေ အများကြီးပြောသည်။ ပြီးတော့ကံကောင်း ထောက်မစွာရလာသော အသပြာငွေစကို ကိုင်ပြီး ဝမ်းသာအားရ ထွက်သွားတော့၏။

"ငါ့ အလုပ်သမားအများစုဟာ သူနဲ့ သိပ်မထူးလှဘူ
'အိုး၊ ကျုပ်က ငွေကို သိပ်အာရုံစိုက်တာမဟုတ်ဘူး' လို့ ပြော
လူတွေအများကြီး ငါတွေ့ဖူးတာပေါ့။ ဒါပေမဲ့လည်း သူတို့ဟ
တစ်နေ့ ရှစ်နာရီလုပ်ရတဲ့အလုပ်ကို လုပ်နေကြတာပဲ။ အဲ
အမှန်တရားကို ငြင်းပယ်တာပေါ့။ ငွေကို စိတ်မဝင်စားဘူးဆို
သူတို့ ဘာကိစ္စ အလုပ်လုပ်နေကြသလဲ။ အဲဒီတွေးပုံတွေးနည်းဟ
ငွေကို ကျစ်ကျစ်ပါအောင်စုတဲ့ လူတစ်ယောက်ထက်တောင် စိတ္တ
ဆန်သေးတယ်"

ထိုနေရာမှာထိုင်ပြီး ဖေဖေချမ်းသာပြောသည့်စကား
ကို နားထောင်ရင်း ကျွန်တော့်စိတ်က ကျွန်တော့်အဖေ
ပြောသည့်စကားတွေကို ပြန်ပြီးကြားယောင်မိ၏။ ဖေ
အကြိမ်ပေါင်း မရေတွက်နိုင်အောင် ပြောခဲ့သည့်စကားတွေက
'ငါက ငွေကိုစိတ်မဝင်စားဘူးကွ' ဟူ၏။ နောက်ပြီး 'ငါအလုပ်
နေတာ ငါ့အလုပ်ကို မြတ်နိုးလို့' ဟုလည်း သူ့ကိုယ်သူ ကာကွ
ပြောတတ်သေးသည်။

"ဒီတော့ ကျွန်တော်တို့က ဘာလုပ်ရမလဲ။ ကြောက်
နဲ့လောဘတွေ တစ်စွန်းတစ်စမှ မရှိတော့တဲ့အချိန်ထိ ငွေ
အလုပ်မလုပ်ရဘူးလား" ကျွန်တော်မေး၏။

"မဟုတ်ဘူး။ အဲဒီလိုလုပ်တာ အချိန်ဖြုန်းရာပဲ ရော
မယ်။ လူဆိုတာ စိတ်ခံစားချက်တွေနဲ့ ဖွဲ့စည်းထားတာ။
ခံစားချက်တွေရှိမှ လူပီသတာ။ စိတ်ခံစားချက်ဆိုတာ လှုပ်ရှာ
တဲ့ စွမ်းအားပဲ။ မင်းတို့ရဲ့ ခံစားချက်တွေကို မှန်မှန်ကန်က
သပ်။ မင်းတို့ရဲ့ စိတ်နဲ့ ခံစားချက်ကို မင်းတို့အတွက် အ
အောင် အသုံးချ။ မင်းတို့ကိုယ်မင်းတို့ အကျိုးမဲ့အောင် အသုံ
နဲ့"

"အောင်မယ်လေးဗျာ" ဟု မိုက်ရေရွတ်လိုက်၏။

"ငါ ခုပြောသွားတာတွေကြောင့် စိတ်မညစ်ကြနဲ့။ နောင် နောင်နှစ်တွေ ကြာလာတော့ ဒီစကားတွေဟာ ပိုပြီး ...သိရှိလာလိမ့်မယ်။ မင်းတို့ရဲ့ စိတ်ခံစားချက်တွေကို လေ့လာ ...တ်သူ အဖြစ်နဲ့ပဲနေ။ တုံ့ပြန်လှုပ်ရှားသူမဖြစ်စေနဲ့။ ...တာ သူတို့ရဲ့ စဉ်းစားတွေးခေါ်မှုကို သူတို့ရဲ့ စိတ်ခံစားချက် ...ဦးဆောင်နေတယ်ဆိုတာ မသိကြဘူးကွ။ မင်းတို့ရဲ့ စိတ် ...တွေဟာ မင်းတို့ရဲ့ စိတ်ခံစားချက်တွေပဲ။ ဒါပေမဲ့ ကိုယ် ...းစားတွေးခေါ်မှုပြုတတ်အောင်တော့ လေ့လာသင်ကြား ..."

"ဥပမာ တစ်ခုလောက် ပေးနိုင်မလား"

"သိပ်ရတာပေါ့။ 'ငါတော့ အလုပ်တစ်ခုရှာဖို့လိုနေပြီ' လို့ ...တ်က ပြောလာပြီဆိုရင် စိတ်ခံစားချက်တစ်ခုက စဉ်း ...ခေါ်မှုကို ဦးဆောင်ပြုလုပ်နေတာဖြစ်ဖို့ အလားအလာ ...ပိုက်ဆံမရှိမှာ ကြောက်စိတ်က အဲဒီအတွေးကို မွေးထုတ် ..."

"ဒါပေမဲ့ လူတွေက ပေးစရာကြွေးတွေရှိနေရင် ငွေလိုလာ ...တုတ်လား"

"တုတ်တာပေါ့၊ လိုလာကြတာပေါ့၊ ငါပြောတာက စဉ်းစား ...မှုကို ခဏခဏဆိုသလို ဦးဆောင်နေတာက ကြောက်စိတ် ...တာပေါ့"

"ရှုန်တော်သဘောမပေါက်ဘူး" ဟု မိုက်ကပြော၏။

"ဥပမာအဖြစ်ပြောရရင် ငွေကြေးမလောက်မဖြစ်မှာ ...စိတ်ပေါ်လာပြီဆိုရင် အဲဒီကြောက်စိတ်ပျောက်သွား ...နည်းနည်းပါးပါးရမယ့် အလုပ်တစ်ခုကို ချက်ချင်း ...အစား တိုယ့်ကိုယ်ကိုယ် မေးခွန်းတစ်ခု မေးကြည့်ဖို့ ... "အလုပ်တစ်ခုဝင်လုပ်တာ ဒီကြောက်စိတ် ရေရှည်

ပျောက်သွားဖို့ အကောင်းဆုံး အဖြေဟုတ်ရဲ့လား' လို့။ ငါ့အမြင်မှာတော့ အဖြေက 'ဟင့်အင်' ပဲ။ အထူးသဖြင့် မင်းတို့ လူတစ်ဦးရဲ့ တစ်သက်တာလုံးကို လှမ်းမျှော်ကြည့်ရင်ပေါ့။ အလုပ်တစ်ခု ဝင်လုပ်တယ်ဆိုတာ ရေရှည်ပြဿနာတစ်ရပ်ကို ရေတိုဖြေရှင်း နည်းပဲကွ"

"ဒါပေမဲ့ ဖေဖေအမြဲတမ်း ပြောတာကတော့ 'ကျောင်းမှာ အဆင့်ကောင်းကောင်းရအောင်ကြိုးစား၊ ဒါမှ အာမခံချက်ရှိတဲ့ အလုပ်တစ်ခုရမှာ' တဲ့ " ကျွန်တော်အတွေးရှုပ်ရှုပ်ဖြင့် ရင်ဖွင့်လိုက် ၏။

"ဟုတ်တယ်၊ သူအဲဒါပြောတာကို ငါသဘောပေါက်တယ်။ လူများစုက အဲဒီနည်းကို အကြံပြုကြတယ်။ အဲဒါဟာ လူများ အတွက်တော့ အကြံကောင်း ဉာဏ်ကောင်းပဲ။ ဒါပေမဲ့ လူတွေ အဲဒီအကြံပြုချက်ကို ပေးရတဲ့ အခြေခံအကြောင်းရင်းကတော့ ကြောက်စိတ်ကြောင့်ပဲ"

"ကျွန်တော့်ကို ဖေဖေဒီစကားပြောတာ သူကြောက်လို့ ဦးဆိုလိုတာလား"

"ဟုတ်တယ်။ မင်းဝင်ငွေရအောင် မရှာနိုင်ဘဲ လူတွေ သူတော မတိုးမှာ သူကြောက်နေတယ်လေ။ ငါပြောတာကို တ အမိပ္ပာယ်မကောက်နဲ့။ သူမင်းကို ချစ်ပါတယ်။ မင်းကို အကော ဆုံးဖြစ်စေချင်တယ်။ သူဒီလိုကြောက်တာ လျော်ကန်သင့်မြတ် လို့ ငါထင်ပါတယ်။ ပညာရေးတစ်ခုနဲ့ အလုပ်တစ်ခုဟာ အရေး ပါတယ်။ ဒါပေမဲ့ အဲဒါတွေက ကြောက်စိတ်ကို မထိန်းသိမ်းနိုင်

"ပိုက်ဆံကလေးနည်းနည်းပါးပါးရဖို့ မနက်မိုးလင်း ကျုံးရုန်းထရတဲ့ ကြောက်စိတ်၊ မင်းကျောင်းတက်မှဖြစ်မယ် အစွဲအလမ်းကြီးဖြစ်ပေါ်နေစေတဲ့ ကြောက်စိတ်ဟာ အတူတူပဲ ကွ"

"ဒီတော့ ဦးကကော ဘယ်လို အကြံပေးမလဲ"

"ငါကတော့ မင်း ငွေရဲ့ စွမ်းအားကို ပိုင်ပိုင်နိုင်နိုင် [illegible]ချတတ်အောင် သင်ပေးချင်တယ်။ အဲဒီစွမ်းအားကို ကြောက် [illegible]အောင်ပေါ့။ အဲဒီအကြောင်းကို သူတို့က ကျောင်းမှာသင် [illegible]ကြဘူး။ မင်း အဲဒီပညာကိုမတတ်ရင် မင်းဟာ ငွေရဲ့ [illegible]ကျွန်တစ်ယောက်ဖြစ်သွားလိမ့်မယ်"

နောက်ဆုံးတော့ ရေးရေးကလေး အဓိပ္ပာယ်ပေါက်လာ [illegible] သူက ကျွန်တော်တို့ကို အမြင်ကျယ်စေချင်သည်။ မစွစ် [illegible] မမြင်နိုင်တာ၊ သူ့အမှုထမ်းတွေ မမြင်နိုင်တာ သို့မဟုတ် [illegible]နှင့်ပတ်သက်၍ ကျွန်တော့်ဖေဖေ မမြင်နိုင်တာတွေကို [illegible]တော်တို့ မြင်ဖို့၊ သိဖို့။ သူခိုင်းနှိုင်းသည့် ဥပမာတွေသည် [illegible]စဉ်ကတော့ ရက်စက်လွန်းရာ၊ မစာနာလွန်းရာ ရောက် [illegible]ဆင်ရ၏။ သို့ပေမဲ့ သူ့စကားတွေကို ကျွန်တော် ဘယ်သော [illegible]မမေ့တော့။ ထိုနေ့ကပင် ကျွန်တော်အမြင်ကျယ်လာသည်။ [illegible]ပြီး လူများစု၏ရှေ့မှာ ရှိနေသည့် ထောင်ချောက်ကို [illegible]တော်မြင်သာထင်သာဖြစ်လာ၏။

"မင်းတို့ဘာသိလဲ၊ ငါတို့အားလုံးဟာ နောက်ဆုံးတော့ [illegible]သမားတွေချည်းပါပဲ။ အလုပ်လုပ်တဲ့အဆင့်တွေသာ မတူညီ [illegible] ငါကတော့ မင်းတို့နှစ်ယောက် အဲဒီဘဝထောင်ချောက် [illegible]ချောင်တိမ်းခွင့်ရစေချင်တာပါပဲ။ ကြောက်စိတ်နဲ့ လိုအင်ဆန္ဒ [illegible] စိတ်ခံစားချက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ ထောင်ချောက်။ [illegible]ချက်နှစ်မျိုးကို မင်းတို့အတွက် အကျိုးရှိအောင်သုံး။ မင်းတို့ [illegible] အကျိုးယုတ်အောင် မသုံးနဲ့။ မင်းတို့ကို ငါသင်ပေးချင်တာ [illegible]

"မင်းတို့ ငွေတွေ တစ်ပုံကြီး ရရှိလောက် သင်ပေးဖို့ ငါ [illegible]ရှိဘူး။ အဲဒီ ငွေတွေ တစ်ပုံကြီးက ကြောက်စိတ်ကိုကော

လိုအင်ဆန္ဒကိုပါ မထိန်းချုပ်နိုင်ဘူး။ ကြောက်စိတ်နဲ့ လိုအင်ဆန္ဒ
ကို အရင်မထိန်းချုပ်နိုင်ဘဲ ငွေကြေးချမ်းသာလာရင် မင်းတို့
ကြေးကြီးစား ကျွန်တွေပဲ ဖြစ်လာလိမ့်မယ်”

“ဒီတော့ အဲဒီထောင်ချောက်ကို ကျွန်တော်တို့ ဘယ်လို
ရှောင်ကွင်းရမလဲ” ဟု ကျွန်တော်မေးလိုက်၏။

“ဆင်းရဲမွဲတေမှု ဒါမှမဟုတ် ငွေကြေးမပြည့်စုံမှု ဖြစ်ပေါ်
လာရတဲ့အကြောင်းရင်းက ကြောက်စိတ်နဲ့ အသိဉာဏ်ခေါင်းပါး
မှုပဲ။ လူတွေ ထောင်ချောက်ထဲက မထွက်နိုင်တာ ကိုယ့်ဘာသာ
ကိုယ် ဖန်တီးတဲ့ ကြောက်စိတ်နဲ့ အသိဉာဏ်ခေါင်းပါးမှုကြောင့်ပဲ
ဒီတော့ မင်းတို့နှစ်ယောက် ကျောင်းတက်ကြပါ။ တက္ကသိုလ်ဘွဲ့
ယူကြပါ။ ငါက မင်းတို့ကို ထောင်ချောက်ထဲ မရောက်အော
သင်ပေးပါ့မယ်”

ပဟေဠိ၏ အဖြေတွေ တစ်စချင်းပေါ်လာပြီ။ ကျွန်တေ
ဖေဖေ အထက်တန်းပညာတတ်ကြီးသည် ပညာတွေ အများကြ
တတ်၏။ အဆင့်မြင့် ဝမ်းကျောင်းအလုပ်တစ်ခုရှိ၏။ သို့သော်
ကြေးကို နိုင်းစေနည်းသို့မဟုတ် သူ့ကြောက်စိတ်တွေကို ထိန်းချ
နည်းတွေတော့ ကျောင်းက သင်မပေးလိုက်။ ခုတော့ ရှင်းသွား
ကျွန်တော့်အနေဖြင့် ဖအေနှစ်ဦးထံမှ မတူခြားနားပြီး အရေးပ
သော ပညာများကို သင်ယူလေ့လာနိုင်ပေပြီ။

“ဖေဖေက ပိုက်ဆံမရှိမှာ ကြောက်တဲ့စိတ်အကြော
ပြောပြခဲ့တယ်။ ငွေလိုချင်တဲ့ဆန္ဒက ကျွန်တော်တို့ရဲ့ အတွေး
ဘယ်လိုထိခိုက်စေလို့လဲ” မိုက်က မေးသည်။

“မင်းတို့ကို လုပ်ခတိုးပေးတဲ့နည်းနဲ့ ဆွဲဆောင်ေ
မင်းတို့ ဘယ်လိုခံစားရလဲ။ မင်းတို့ရဲ့ လိုအင်ဆန္ဒတွေ တိုးလာ
သတိထားမိကြရဲ့လား”

ကျွန်တော်တို့ ခေါင်းညိတ်လိုက်ကြ၏။

"မင်းတို့ရဲ့ စိတ်ခံစားချက်တွေနောက်ကို မလိုက်တဲ့အတွက် မင်းတို့ရဲ့တုံ့ပြန်လှုပ်ရှားမှုတွေ နှေးသွားပြီး စဉ်းစားချင့်ချိန်နိုင်စွမ်းရှိလာတယ်။ အဲဒါဟာ အရေးအကြီးဆုံးပဲ။ ငါတို့မှာ ကြောက်စိတ်နဲ့ လောဘဆိုတဲ့ခံစားချက်တွေ အမြဲတမ်းရှိနေမှာပဲ။ ခုချိန်ကစပြီး မင်းတို့အတွက် အရေးအကြီးဆုံးက အဲဒီစိတ်ခံစားချက်တွေကို မင်းတို့ အကျိုးရှိအောင်၊ နောက်ပြီး ရေရှည်အကျိုးရှိအောင် အသုံးချတတ်ဖို့ပဲ။

"မင်းတို့ရဲ့ စဉ်းစားတွေးခေါ်မှုကို အဲဒီစိတ်ခံစားချက်တွေက ဦးဆောင်ပြီး မင်းတို့ကို ခိုင်းသွားခွင့်မပြုလေနဲ့။ လူများစုဟာ ကြောက်စိတ်နဲ့ လောဘကို သူတို့အကျိုးမဲ့ရာမဲ့ကြောင်းအတွက် အသုံးချကြတယ်ကွ။ အဲဒါဟာ အသိဉာဏ်ခေါင်းပါးမှုရဲ့ အစပဲ။ သူတို့ဟာ ငွေနောက်တကောက်ကောက် လိုက်ကြတယ်။ အဲဒီလိုစိတ်ခံစားချက်ဦးဆောင်တဲ့အတွေးတွေဟာ သူတို့ကို ဘယ်ဘဝရောက်အောင် ခေါ်သွားနေတယ်ဆိုတာ မဆင်ခြင်မစဉ်းစားကြဘူး။

"အဲဒီ အဖြစ်က ဘာနဲ့တူသလဲဆိုတော့ လှည်းတစ်စီးကိုဆွဲလာတဲ့ မြည်းတစ်ကောင်နဲ့ တူတယ်ကွ။ သူ့ပိုင်ရှင်က မြည်းရဲ့နှာခေါင်းရှေ့နားလေးမှာ မုန်လာဥတစ်လုံးတွဲလောင်းချပေးထားတယ်။ ပိုင်ရှင်ကတော့ သူသွားချင်ရာ လျှောက်သွားတာပဲ။ ဒါပေမဲ့မြည်းခမျာမှာတော့ မုန်လာဥကို စားရနိုး၊ စားရနိုးနဲ့ အာရုံမှားပြီးလိုက်နေတာကလား။ နောက်နေ့ကျတော့လည်း ဒီမြည်းလိုက်နေရသေး့ မုန်လာဥတစ်လုံးရှိနေပြန်ရော"

"ဒါဆို ကျွန်တော့်စိတ်ထဲမှာ ဘေ့စ်ဘောလက်အိတ်အသစ်တို့၊ သကြားချောင်းနဲ့ ကစားစရာအရုပ်တို့ကို မြင်ယောင်ကြည့်လိုက်တာနဲ့ မြည်းရဲ့ မုန်လာဥလို ဖြစ်လာတာပေါ့၊ ဟုတ်လားအဖေ" ဟု မိုက်ကမေး၏။

"ဒါပေါ့။ နောက်အသက်ကလေးနည်းနည်းကြီးလာတော့ မင်းရဲ့ကစားစရာအရုပ်ကလေးတွေက ပိုပြီး ဈေးကြီးလာရော။ မော်တော်ကားသစ်၊ မော်တော်ဘုတ်၊ ရောမအိမ်ကြီး. . . မင်း သူငယ်ချင်းတွေ အထင်ကြီးအောင်လေ။ ကြောက်စိတ်က မင်းကို တံခါးအပြင်ရောက်အောင် တွန်းထုတ်တယ်။ လိုအင်ဆန္ဒက မင်းကို ခေါ်တယ်။ ကျောက်ဆောင်တွေနဲ့ တွေ့အောင် မြှူဆွယ်ဖြားယောင်း တယ်။ အဲဒါ ထောင်ချောက်ပေါ့"

"ဒီတော့ အဖြေကဘာလဲ"ဟု မိုက်မေးသည်။

"ကြောက်စိတ်နဲ့ လိုအင်ဆန္ဒတွေ ပိုပြီး ပြင်းထန်လာစေ တာက အသိဉာဏ်ခေါင်းပါးမှုကွ။ အဲဒါကြောင့် ငွေတွေသောက် သောက်လဲချမ်းသာတဲ့ လူချမ်းသာတွေ ပိုပြီးချမ်းသာလာလေ ကြောက်စိတ်တွေ ပိုကြီးလာလေဖြစ်တာပေါ့။ ငွေဟာ မုန်လာဥပဲ အာရုံမှားမှုပဲ။ တကယ်လို့ အဲဒီမြည်းသာ အခြေအနေတစ်ရပ်လုံ ခြုံငုံကြည့်နိုင်မြင်နိုင်ရင် မုန်လာဥနောက်ကို တစိုက်မတ်မတ် လိုက်နေဖို့ကို ပြန်ပြီးစဉ်းစားတော့မှာပဲ"

ဖေဖေချမ်းသာက ဘဝဆိုသည်မှာ အသိဉာဏ်မဲ့မှုနှင့် ဉာဏ်အလင်းရောင်အကြား ရုန်းကန်လှုပ်ရှားနေရခြင်းဖြစ် ကြောင်း ဆက်ရှင်းပြသည်။

လူတစ်ဦးသည် မိမိ၏ စိတ်သဏ္ဍာန်အကြောင်း သိနာ လည်အောင် ရှာဖွေစူးစမ်းမှု ရပ်ဆိုင်းလိုက်သည်နှင့် အသိဉ မဲ့မှုဖြစ်ပေါ်လာသည်ဆို၏။ အဆိုပါ ရုန်းကန်လှုပ်ရှားမှုသ ဖျိုးခနဲ ဖျတ်ခနဲ ဆုံးဖြတ်ချက်တစ်ခုဖြစ်ကြောင်း၊ အမြင်ကျဉ်းကျ ထားမည်လား သို့မဟုတ် အမြင်ကျယ်ကျယ်ဖြင့် သင်ယူလေ့လ မည်လားဆိုသည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ရှင်းပြသည်။

"ငါပြောမယ်၊ စာသင်ကျောင်းဆိုတာ အလွန့်အလွ အရေးကြီးတယ်။ မင်းတို့ဟာ လူ့အဖွဲ့အစည်းမှာ အသုံးဝင်သူတ

[illegible]အောင် ကျောင်းနေတယ်။ ကျွမ်းကျင်မှုတစ်ရပ် ဒါမှမဟုတ် [illegible]ကျောင်းပညာတစ်ရပ် သင်ယူတယ်။ လူ့အဖွဲ့အစည်းတိုင်းမှာ [illegible]ကျောင်းဆရာတွေ၊ ဆရာဝန်တွေ၊ စက်ပြင်ဆရာတွေ၊ အနုပညာရှင် [illegible] ထမင်းချက်တွေ၊ စီးပွားရေးသမားတွေ၊ ရဲသားတွေ၊ [illegible]သမားတွေ၊ စစ်သားတွေ လိုအပ်တာပဲ။ ကျောင်းတွေက [illegible] လေ့ကျင့်ပေးတယ်။ ဒါမှ တို့လူ့အဖွဲ့အစည်းကြီး ရှင်သန် [illegible]မယ်လေ။ စိတ်မချမ်းသာစရာကောင်းတာက လူများစု [illegible] စာသင်ကျောင်းဆိုတာ အစမဟုတ်ဘဲ အဆုံးဖြစ်နေတာပဲ"

အချိန်အကြာကြီး အသံမဲ့နေသည်။ ဖေဖေချမ်းသာက [illegible] ထိုနေ့က သူပြောသမျှ အားလုံးကို ကျွန်တော်အမိဟ္ဟယ် [illegible] သို့သော် ကြီးမြတ်သောဆရာအများစု၏ အရှိန်အဝါ [illegible] သူတို့၏ စကားလုံးများက နှောင်နှစ်ပေါင်းများစွာ [illegible]တိုင် ဆက်လက်သင်ပြနေဆဲဖြစ်၏။ သူတို့မရှိတော့တာ [illegible] ကြာရှည်ဖြစ်သော်လည်း သူတို့၏ စကားလုံးများသည် [illegible]တိုင် ကျွန်တော့်ရင်ထဲမှာ ရှင်သန်နေဆဲပင်။

"ဒီနေ့ ငါပြောတာတွေက နည်းနည်းကြမ်းသလိုဖြစ်နေ [illegible] အကြောင်းတစ်ခုကြောင့် ကြမ်းရတာပါ။ ဒီစကားတွေကို [illegible] အမြဲသတိရနေစေချင်တယ်လေ။ မင်းတို့ မစ္စစ်မာတင်ကို [illegible]ရနေစေချင်တယ်။ မြည်းကောင်ကို အမြဲသတိရနေစေ [illegible] မင်းတို့ရဲ့ စဉ်းစားတွေးခေါ်မှုကို ကြောက်စိတ်နဲ့ [illegible] ခွဲတိုင်နေပြီဆိုတာ သတိမထားမိရင် မင်းတို့ဘဝရဲ့ [illegible]အောင်ချောက်ထဲ ကျသွားနိုင်တယ်ဆိုတာ ဘယ်တော့ [illegible]

"[illegible]အိပ်မက်တွေ အကောင်အထည်ဖော်ခွင့်မရဘဲ [illegible]တွေနဲ့ ရှင်သန်နေရတဲ့ ဘဝဟာ နာကြည်းစရာပဲ။ [illegible]စိတ်ချမ်းသာစေမယ့် အရာတွေဝယ်လို့ရတယ်ဆိုပြီး

ငွေရဖို့ ပင်ပန်းတကြီး အလုပ်လုပ်ရတာလည်း နာကြည်းစရာ
ညဥ့်လယ်ကောင်မှာ လန့်နိုးလာပြီး ပေးဆပ်ရမယ့် အကြွေး
ကြောင့် မျက်ကလူးဆန်ပျာဖြစ်ရတဲ့ ဘဝမျိုးမှာ နေရတ
ဘယ်လောက် စိတ်ဆင်းရဲစရာကောင်းလဲ။ လစာငွေပမာဏ
ခိုင်းစေညွှန်ကြားတဲ့ အနေအထားမျိုးနဲ့ ရှင်သန်နေရတာ ဘဝ
ဘဝမှန်မဟုတ်ဘူး။ အလုပ်တစ်ခုရှိနေရင် ငါ့ဘဝလုံခြုံစိတ်ချ
လို့ တွေးတာဟာ မင်းတို့ကိုယ်မင်းတို့ လိမ်နေတာ။ လှည့်စား
တာ။ အဲဒီအဖြစ်မျိုးဟာ ဘယ်လောက်နာကြည်းစရာကောင်းလဲ
ဒါကြောင့် ဖြစ်နိုင်ရင် အဲဒီထောင်ချောက်ကြီးကို မင်းတို့ ရှောင်ကွ
စေချင်တာ။ လူတွေရဲ့ဘဝကို ငွေက ဘယ်လိုကြိုးကိုင်ခဲ့တယ်ဆို
ငါတွေ့ဖူးလှပြီ။ မင်းတို့ အဲဒီလို မဖြစ်စေနဲ့။ ငွေက မင်းတို့ဘဝ
အမိန့်မပေးစေနဲ့၊ ကြိုးမကိုင်စေနဲ့။

ဘော့စ်ဘောတစ်လုံး ကျွန်တော်တို့ စားပွဲအောက်သို့ လိ
ဝင်လာသည်။ ဖေဖေချမ်းသာက ကောက်ယူပြီး ပြန်ပစ်ပေးလို
၏။

"ဒီတော့ အသိဉာဏ်မဲ့မှုနဲ့ လောဘတို့ ကြောက်စိတ်
နဲ့ ဘယ်လိုပတ်သက်နေလို့လဲ" ဟု ကျွန်တော်မေးလိုက်၏။

"ငွေကြေးအကြောင်းမသိနားမလည်မှုက သိပ်လော
ကြီးအောင်၊ သိပ်ကြောက်အောင် ဖန်တီးတာပေါ့ကွာ။ ငါ ဥပ
တချို့ပြောပြပါမယ်။ ဆရာဝန်တစ်ယောက်က သူ့မိသာ
အနေတင့်စေဖို့ ငွေပိုလိုချင်တယ်။ ဒီတော့ ဆေးကုခတိုးမြှင့်လို
တယ်။ ဒီတော့ လူတိုင်းအတွက် ဆေးကုသစရိတ် မြင့်တက်
တယ်။ ဒီတော့ဘာဖြစ်သလဲ။ ဆင်းရဲသားတွေ အများဆုံး လို
ခံရတာပေါ့။ ဆင်းရဲသားတွေရဲ့ ကျန်းမာရေးဟာ ငွေရှိသူတွေ
ဆိုးရွားလာတာပေါ့။

"တစ်ခါ ဆရာဝန်တွေက ဆေးကုခတက်လိုက်တဲ့အတွ

...နေတွေကလည်း ဈေးတက်ကရော။ ကျောင်းဆရာတွေ ...လည်း တိုးတောင်းချင်ကြတယ်။ အဲဒီအတွက် ဝင်ငွေ ခွန်ငွေ ...တလည်း တက်သွားရော။ နောက်တော့ အမယ်ဘုတ်ရဲ့ သူ ...ည်ခင်ဖြစ်ကုန်တာပေါ့ကွာ။

"မကြာခင်အတွင်း ဆင်းရဲသားကွာဟမှုက ကြောက်စရာ ...ရာကြီးမားလာမယ်။ ဒီတော့ ဖရိုဖရဲ ပရမ်းပတာတွေဖြစ်ပြီး ...ာက်ထပ် ခေတ်မီလူ့အဖွဲ့အစည်းကြီးတစ်ခု ပြိုကွဲပျက်စီးသွား ...မယ်။ ဆင်းရဲချမ်းသာ ကွာဟမှု ကြီးမားလွန်းလာရင် ကြီးမား ...ဲ့ ခေတ်မီလူ့အဖွဲ့အစည်းကြီးတွေ ပြိုကွဲပျက်စီးကြတာပဲ"

"အမေရိကဟာလည်း အဲဒီလမ်းကြောင်းပေါ် ရောက်နေ ...ယ်။ ရာဇဝင်ဘီးတစ်ပတ်လည်တဲ့အကြောင်း သက်သေထူလိမ့် ...မယ်။ ငါတို့ဟာ သမိုင်းကြောင်းဆိုင်ရာ နေ့စွဲတွေ၊ နာမည်တွေပဲ ...တ်မိတာကွ။ သင်ခန်းစာတွေကိုတော့ မမှတ်မိကြဘူး"

"ဈေးနှုန်းတွေက တက်ရမှာပဲမဟုတ်လား" ကျွန်တော်မေး ...။

"စနစ်တကျစီမံကွပ်ကဲတတ်တဲ့အစိုးရ အုပ်ချုပ်တဲ့ ...ာတတ်လူ့အဖွဲ့အစည်းတစ်ခုမှာ ဈေးနှုန်းတွေ တက်ဖို့မလိုဘူး။ ...တကယ်တမ်းပြောရရင် ဈေးနှုန်းတွေ ကျတောင်ကျသေးတယ်။ ...င်းလေ၊ ဒါကလည်း သီဝရီအရသာ မှန်တာပါ။ ဈေးနှုန်းတွေ ...တ်တယ်။ ဘာကြောင့်လဲဆိုတော့ အသိဉာဏ်ခေါင်းပါးမှုက မွေး ...တ်ပေးလိုက်တဲ့ လောဘနဲ့ ကြောက်စိတ်ကြောင့်။ တကယ်လို့ ...ောင်းတွေကသာ လူတွေကို ငွေကြေးအကြောင်းသင်ပေးလိုက်ရင် ...တွေမှာ ပိုက်ဆံပိုရှိပြီး ဈေးနှုန်းတွေသက်သာလာမယ်။ ခုတော့ ...ောင်းတွေက ငွေရရေးအတွက် အလုပ်လုပ်ဖို့ပဲ ကွက်ပြီး သင်ပေး ...တယ်။ ငွေရဲ့ စွမ်းအားကို ဘယ်လို ချုပ်ကိုင်ရမယ်ဆိုတာ ...င်မပေးလိုက်ကြဘူး"

"ဒါပေမဲ့ ကျွန်တော်တို့ဆီမှာ စီးပွားရေးတက္ကသိုလ်တွေ ရှိတယ်မဟုတ်လား။ ကျွန်တော် စီးပွားရေးတက္ကသိုလ်တက်ပြ မဟာဝိဇ္ဇာဘွဲ့ယူဖို့ကို ဖေဖေအားမပေးဘူးလား"ဟု မိုက်ကမေ သည်။

"အားပေးပါတယ်ကွာ။ ဒါပေမဲ့ စီးပွားရေးတက္ကသိုလ်တွေ က လေ့ကျင့်သင်ကြားပေးလိုက်လေ့ရှိတာ ဟန်တစ်လုံးပန်တစ်လုံ နဲ့ ဆယ်လီမူးစိတ်နေတဲ့အမှုထမ်းတွေချည်းများတယ်ကွ။ ဆယ် မူးစိတ်နေတဲ့ စာရင်းကိုင်တစ်ယောက်လက်ထဲ စီးပွားရေးလုပ်င တစ်ခု ဝကွက်အပ်လို့ ဘယ်ဖြစ်ပါ့မလဲကွာ။ သူတို့တစ်တွေ လုပ်တ က ဂဏန်းတွေကိုကြည့်မယ်။ လူတွေကို အလုပ်ဖြုတ်ပစ်မယ် ပြီးတော့လုပ်ငန်းတစ်ခုလုံးပါ ပြုတ်ပြုတ်ပြုန်းတော့တာပဲ။

"အဲဒါတွေ ငါသိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲ ဆယ်လီမူးသမားတွေကို ငါအလုပ်ပေးထားတာကိုး။ သူတို့တွေမှာ တစ်ခုပဲရှိတယ်။ အသုံးစရိတ်တွေ လျှော့ချပြီး ဈေးနှုန်းတွေ တက် ဒီတော့ ပြဿနာတွေ ပိုပေါ်ကုန်တော့တာပေါ့။ ဆယ်လီမူးစိတ် အရေးကြီးပါတယ်။ ဒီအကြောင်းကို လူတွေ ပိုသိကြစေချင်တ ဒါပေမဲ့ ဆယ်လီမူးစိတ်တာဟာလည်း မြင်ကွင်းကြီး တစ်ခု မဟုတ်သေးဘူးလေ"

"ဒီတော့ အဖြေတစ်ခုရှိနေသေးလား" မိုက်မေး၏။

"ရှိတယ်။ မင်းတို့ရဲ့ စိတ်ခံစားချက်တွေကို အသုံးချ စဉ်းစားတတ်အောင် သင်ယူလေ့လာ။ မင်းတို့ရဲ့ စိတ်ခံစားချက် နဲ့ မတွေးနဲ့။ မင်းတို့နှစ်ယောက် အခမဲ့အလုပ်လုပ်ပေးမယ် သဘောတူလိုက်တာဟာ မင်းတို့ရဲ့စိတ်ခံစားချက်တွေကို ထိန်း အနိုင်ယူလိုက်နိုင်တာပဲ။ ဒီတော့ မင်းတို့အတွက် အလားအ ကောင်းတယ်ဆိုတာ ငါသိလိုက်ရတယ်။ နောက်တစ်ခါ မင်းတို့ ပိုက်ဆံပိုပေးပြီး ဖြားယောင်းတော့လည်း မင်းတို့စိတ်ခံစားချ

...ပြီး မစဉ်းစားဖို့ နားလည်သဘောပေါက်လာပြန်တယ်။ ...ဟာ ပထမအဆင့်ပေါ့"

"အဲဒီပထမအဆင့်က ဘာဖြစ်လို့ သိပ်အရေးကြီးရတာလဲ ..." ဟု ကျွန်တော်မေးမိ၏။

"အဲ . . . ဒါကတော့ မင်းတို့ဘာသာမင်းတို့ ရှာဖွေ ...တွေကြ။ မင်းတို့သင်ယူလေ့လာချင်တယ်ဆိုရင် ငါနဲ့အတူ ...ဆီရိုင်းချုံတောကို လိုက်ခဲ့ကြ။ အဲဒီချုံတောကို လူတိုင်းရှောင် ...တယ်။ သွားရမှာ လူတိုင်းကြောက်တယ်။ မင်းတို့ ငါနဲ့ အဲဒီကို ...လာရင် ငွေရဖို့ အလုပ်လုပ်မယ်ဆိုတဲ့ စိတ်ကူးကို စွန့်လွှတ် ...တွေကိုဒိုင်းစားတတ်လာလိမ့်မယ်"

"နှင်းဆီရိုင်းချုံတောဆိုတာ ရှိလို့လားဦးရဲ့"

"ရှိပါသော်ကောဗျာ။ နှင်းဆီရိုင်းချုံတောဆိုတာ ငါတို့ရဲ့ ...စိတ်နဲ့ ငါတို့ရဲ့ လောဘပေါ့။ ငါတို့ရဲ့ ကြောက်စိတ်ကို ...မယ်၊ ငါတို့ရဲ့ လောဘ၊ ငါတို့ရဲ့ ပျော့ညံ့ချက်တွေ၊ ငါတို့ရဲ့ ...တွေကို ထိပ်တိုက်ရင်ဆိုင်မယ်ဆိုတာ ငါတို့ရဲ့ ထွက်ပေါက်ပဲ။ ...ရဲ့ အတွေးတွေကို ရွေးချယ်တဲ့နည်းနဲ့ အဲဒီထွက်ပေါက်ကို ...ထဲမှာ ရှာရတယ်ကွ"

"ကျွန်တော်တို့အတွေးတွေကို ရွေးချယ်ရမယ်ဟုတ်လား" ...သည်၊ အတွေးရှုပ်နေသည်။

"ဟုတ်တယ်။ ငါတို့ရဲ့ စိတ်ခံစားချက်တွေအတိုင်း တုံ့ပြန် ...အစား ငါတို့ဘာတွေ တွေးမလဲဆိုတာ ရွေးချယ်ရမယ်။ ...ဆိုတာ မင်းတို့ကိုယ်မင်းတို့ မေးခွန်းတစ်ခုမေးတာလည်း ...၊ 'ဒီအခက်အခဲဖြေရှင်းဖို့ ပိုပြီး အလုပ်ကြိုးစားတာဟာ ...ဆုံး ဖြေရှင်းချက်လား' ဆိုတဲ့ မေးခွန်းမျိုးပေါ့။ လူများစု ... သူတို့ကိုယ်သူတို့ အမှန်အတိုင်းပြောရမှာ သိပ်ဝန်လေး ... ကြောက်စိတ်က သူတို့ကို စိုးမိုးနေပြီကိုး။ ဒီတော့သူတို့

မစဉ်းစားနိုင်ဘူး။ စဉ်းစားမယ့်အစား အိမ်ထဲက ထွက်ပြေး
အလုပ်သွားလုပ်ကြတယ်။ ကြောက်စိတ်က သူတို့ကို ခိုင်းနေ
အတွေးတွေကို ရွေးချယ်ပါဆိုတဲ့ သဘောက အဲဒါပဲပေါ့ကွ"

"အဲဒါကို ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲဟင်" မိုက်
အမေး။

"မင်းတို့ကို ငါသင်ပေးမှာ အဲဒါပဲပေါ့။ မနက်မိုးလင်း
ကော်ဖီတစ်ခွက် ငွပ်ခနဲ သောက်ချပြီး တံခါးပေါက်က
ထွက်ပြေးသွားတဲ့ တုံ့ပြန်မှုမျိုးပြုလုပ်မယ့်အစား ဘယ်လိုအကြေ
အရာတွေ ရွေးချယ်စဉ်းစားရမယ်ဆိုတာ ငါသင်ပြပေးမယ်။

"ငါ ပြောခဲ့တဲ့စကားကို မှတ်ထား။ အလုပ်တစ်ခုဝင်
တယ်ဆိုတာ ရေရှည်ပြဿနာတစ်ခုကို ရေတိုဖြေရှင်းမှုတစ်
လူများစုရဲ့ စိတ်ထဲမှာ ပြဿနာတစ်ခုပဲရှိတယ်။ အဲဒါက
ပြဿနာကွ။ လကုန်ရင် ပေးရမယ့် ကြွေးစာရင်းတွေလေ။ ခု
သူတို့ဘဝတွေကို ငွေကကြိုးကိုင်နေပြီ။ သူတို့ပြဿနာကို ဖြေ
ဖို့ 'နောက်တစ်နည်းရှိသေးသလား' လို့ မေးဖို့ အချိန်မရကြ
သူတို့ရဲ့ အတွေးကို သူတို့ရဲ့ စိတ်ခံစားချက်တွေက ထိန်းကွပ်
သူတို့ရဲ့ ဦးခေါင်းတွေ မဟုတ်တော့ဘူး"

"စိတ်ခံစားချက်တွေက တွေးတာနဲ့ ဦးခေါင်းက တွေ
ဘယ်လိုခြားနားသလဲဖေဖေ"

"အိုး . . . ခြားနားတာပေါ့၊ ငါတစ်ချိန်လုံး ကြားနေ
ပဲ။ 'လူတိုင်း အလုပ်လုပ်ရမှာပေါ့' ဆိုတာမျိုး၊ 'ချမ်းသာသူတွေ
လူလိမ်လူကောက်တွေပဲ' ဆိုတာမျိုး၊ 'ကျုပ်တခြားအလုပ်
ရှာမယ်၊ ကျုပ်လခတိုးရထိုက်တယ်၊ ခင်ဗျားကျုပ်ကို မောင်း
မရဘူး' ဆိုတာမျိုး၊ 'ကျွန်မဒီအလုပ်ကို ကြိုက်တယ်၊ ဘာဖြစ်
ဆိုတော့ အာမခံချက်ရှိလို့' ဆိုတာမျိုးတွေ ငါကြားရတယ်။
တော့ 'ဒီနေရာမှာ ငါဘာချွတ်ယွင်းနေသလဲ'လို့ စဉ်းစား

သို စဉ်းစားတာက စိတ်ခံစားမှု လွှမ်းတဲ့ အတွေးကို ပယ်ဖျက် ခေါင်းရှင်းရှင်းနဲ့တွေးဖို့ အချိန်ပေးတယ်"

ဤကား သင်ယူဆည်းပူးဖို့ ကြီးမြတ်သော သင်ခန်းစာ ဖြစ်ကြောင်း ကျွန်တော်ဝန်ခံရပါမည်။ တစ်ဦးတစ်ယောက် စိတ်နောက်ကိုယ်ပါ ပြောနေခြင်းလား၊ အတွေးရှင်းရှင်းဖြင့် နေခြင်းလားဆိုတာ ခွဲခြားသိဖို့ ဤသင်ခန်းစာကား တော့်ဘဝတစ်လျှောက်လုံးတွင် ကျွန်တော့်အား ကျေကျေပွန် အလုပ်အကျွေးပြုနေမည့်သင်ခန်းစာပါတည်း။ အထူးသဖြင့် တော်သည် အတွေးရှင်းရှင်းဖြင့် မပြောမိဘဲ အလိုအလျောက် ပြီး ပြောဆိုနေမိသည့်အခါမျိုးမှာပေါ့။

စတိုးဆိုင်ဘက်သို့ ပြန်လျှောက်လာတော့ လူချမ်းသာတွေ အမှန်တကယ်ပင် 'ငွေထုတ်လုပ်'ကြကြောင်းရှင်းပြ၏။ သူတို့ အတွက်အလုပ်မလုပ်ကြ။ မိုက်နှင့်ကျွန်တော်တို့ ၅ ဆင့်တန် တွေ ထုပ်လုပ်ကြိုးစားကြခြင်းသည် လူချမ်းသာတွေတွေး တော်တော်ကြီးနီးစပ်သည်ဟု သူကပြောသည်။ ပြဿနာ အလုပ်ကို ကျွန်တော်တို့ လုပ်ခြင်းသည် တရားမဝင်ခြင်း ထိုအလုပ်ကို အစိုးရနှင့် ဘဏ်တွေက လုပ်လျှင် တရားဝင် လောကတွင် ငွေထုတ်လုပ်ဖို့ တရားဝင်နည်းလမ်းများရှိ ရားမဝင်နည်းလမ်းတွေလည်းရှိကြောင်း သူကရှင်းပြလေ

## တွေ မျက်စိမှောက်နေသည်ကို တွေ့မြင်ခြင်း

စတိုးဆိုင်ရှေ့မှာ ရပ်ထားတဲ့ နောက်ဖွင့် ထရပ်ကား ပေါ်သို့တက်ရင်း "အလုပ်ဆက်လုပ်ဖြစ်အောင် လုပ်ကြ ခင်းတို့ လုပ်ခလိုချင်တဲ့အကြောင်း မြန်မြန်မေ့ထားနိုင်လေ ကြီးဘဝဟာ လွယ်ကူချောမွေ့လေဖြစ်မှာပဲ။ ဦးနှောက်

ကိုသုံး၊ အခမဲ့အလုပ်လုပ်၊ မကြာခင်အတွင်းမင်းတို့ကို ငါပေးနိုင်
ငွေထက်အဆပေါင်းများစွာသာတဲ့ငွေတွေဖြစ်လာမယ့် နည်းလမ်း
တွေကို မင်းတို့ရဲ့ စိတ်ကညွှန်ပြလိမ့်မယ်" ဟုပြောသည်။

"တခြားလူတွေ ဘယ်တော့မှမမြင်တဲ့ အရာတွေကို မင်း
တို့မြင်လိမ့်မယ်။ သူတို့ရဲ့မျက်စိရှေ့တည့်တည့်မှာရှိနေတဲ့ အခွင့်
အလမ်းတွေလေ။ အဲဒီအခွင့်အလမ်းတွေကို လူများစုဟာ
ဘယ်တော့မှ မမြင်မတွေ့ကြဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့
လိုက် ကြည့်နေတာက ငွေနဲ့ လုံခြုံမှုလေ။ ဒီတော့ သူတို့ အဲဒါတွေ
ရတာပေါ့။ မင်းတို့ အခွင့်အလမ်းတစ်ခုကို စပြီး မြင်လိုက်
လိုက်ပြီဆိုတာနဲ့ နောက်တစ်သက်လုံး အခွင့်အလမ်းတွေကို
တော့ တွေ့တော့တာပဲ။ မင်းတို့ အဲဒီလို ကြည့်တတ်၊ မြင်တတ်
ဆိုတာနဲ့ ငါတခြားဟာတွေ သင်ပေးမယ်။ ဒီလိုကြည့်တတ်မြင်တ
အောင်သာ ဆည်းပူးလေ့လာ၊ မင်းတို့ဘဝရဲ့ အကြီးမားဆုံး
ချောက်ကြီးကို ရှောင်ကွင်းနိုင်လိမ့်မယ်။ အဲဒါဆို ဆင်းရဲ ငတ်မွ
မှုဆိုတာကို မင်းတို့ ဘယ်တော့မှ တွေ့ကြုံခံစားရမှာမဟုတ်

မိုက်နှင့် ကျွန်တော် စတိုးဆိုင်ထဲက ကျွန်တော်တို့ ပစ္စ
တွေကို ယူသည်။ မစ္စစ်မာတင်ကို လက်ပြနှုတ်ဆက်သည်။ စော
က ပန်းခြံဆီသို့ ပြန်လာပြီး စောစောက စားပွဲမှာပင် ထိုင်ကြသ
ပြီးတော့ နောက်ထပ်နာရီပေါင်းအတော်ကြာအောင် စဉ်းစား
သည်။ ကြံဆကြသည်။ စကားပြောကြသည်။

နောက်တစ်ပတ်ကျောင်းပြန်တက်တော့လည်း ကျွန်
တို့နှစ်ယောက် တပူးတွဲတွဲ။ စဉ်းစားကြသည်။ တိုင်ပင်ကြသ
နောက်နှစ်ပတ်လုံးလုံး စဉ်းစားရင်း၊ တိုင်ပင်ရင်း အခမဲ့ အလုပ်
ပေးကြသည်။

ဒုတိယမြောက်စနေနေ့ အလုပ်ချိန်အပြီးတွင်လည်း
တော်မစ္စစ်မာတင်ကို လက်ပြနှုတ်ဆက်သည်။ နှုတ်ဆက်ရင်း

စာအုပ်တွေတင်ထားသည့် စင်ကို တမ်းတမ်းတတငေးကြည့်မိ၏။ နေ့တိုင်း ဆင့် ၃၀ တောင် မရတော့ဘူးဆိုတော့ ကျွန်တော့်မှာ ရုပ်ပြစာအုပ်တွေ ဝယ်ဖို့ပိုက်ဆံမရှိ။ မစ္စစ်မာတင်က မိုက်နှင့် ကျွန်တော့်ကို နှုတ်ဆက်ရင်း သူလုပ်နေတာတစ်ခုကို ကျွန်တော် တရက်တွေ့လိုက်၏။ သူသည်လိုလုပ်တာကို ယခင်က တစ်ခါမှ မမြင်ဘူးခဲ့။ ဆိုလိုသည်မှာ သူသည်လို လုပ်တာကို မြင်တွေ့နေသည်။ သို့ပေမဲ့ တစ်ကြိမ်တစ်ခါမျှ သတိမထားခဲ့မိ။

မစ္စစ်မာတင်က ရုပ်ပြစာအုပ်အဖုံးကို နှစ်ပိုင်းဖြတ်သည်။ အပေါ်ပိုင်းကို သိမ်းထားသည်။ ကျန်တာတွေအားလုံးကို ကတ်ထူဘူးအညိုကြီးထဲသို့ ပစ်ထည့်သည်။ ၎င်းရုပ်ပြစာအုပ်တွေကို ဘာလုပ်တာလဲဟု ကျွန်တော်မေးကြည့်တော့ "အဲဒီ စာအုပ်တွေကို ဖွင့်ပစ်တယ်။ ရုပ်ပြစာအုပ်ဖြန့်ချိရေးသမား စာအုပ်သစ်တွေ လာပေးတဲ့အခါ အဖုံးအပေါ်ခြမ်းကို သူ့ဆီအပ်လိုက်တယ်။ ဒါမှ အကြွေးဝယ်လို့ရမှာလေ။ နောက်တစ်နာရီလောက်ဆို သူလာတော့မယ်" ဟုရှင်းပြသည်။

မိုက်နှင့် ကျွန်တော်တစ်နာရီလုံးလုံးစောင့်နေသည်။ မကြာမီ စာအုပ်ဖြန့်ချိရေးသမားရောက်လာသည်။ ကျွန်တော်တို့ ကော စာအုပ်တွေ အကြွေးဝယ်လို့ရမလားဟု ကျွန်တော်မေးကြည့်သည်။ "မင်းတို့ ဒီစတိုးဆိုင်မှာ အလုပ်လုပ်နေတယ်။ နောက်ပြီး ဒီ ရုပ်ပြစာအုပ်တွေကို ပြန်ရောင်းမစားဘူးဆိုရင် မင်းတို့လည်း ရမှာပေါ့"ဟု ထိုပုဂ္ဂိုလ်က ဖြေသည်။

ကျွန်တော်တို့နှစ်ယောက်၏ တွဲဖက်လုပ်ငန်းပြန်လည်အသက်ဝင်လေပြီ။ မိုက်၏ မေမေမှာအသုံးမပြုသည့် မြေညီထပ်အခန်းပိုတစ်ခန်းရှိနေသည်။ ထိုအခန်းကို ကျွန်တော်တို့ ရှင်းလင်းသည်။ ပြီးတော့ ထိုအခန်းထဲတွင် ရာပေါင်းများစွာသော ရုပ်ပြစာအုပ်တွေ စုပုံထားသည်။ မကြာမီအတွင်း ကျွန်တော်တို့၏ ရုပ်ပြ

စာအုပ်စာကြည့်တိုက်ကို ဖွင့်လိုက်၏။ မိုက်၏ ညီမကလေးကို
အလုပ်ခန့်ထားသည်။ သူက ဆည်းပူးလေ့လာရတာဝါသနာပါ
သည်။ စာကြည့်တိုက်မှူးဖြစ်ချင်သည်။ သူက ရုပ်ပြလာဖတ်သည့်
ကလေးတိုင်းကို ဖတ်ခ ၁၀ ဆင့်စီတောင်းသည်။ စာကြည့်တိုက်ကို
နေ့စဉ်ကျောင်းလွှတ်ပြီးချိန် ၂း၃၀ မှ ၄း၃၀ အထိဖွင့်သည်။ နီးနား
ဝန်းကျင်မှ ကလေးတွေဘယ်သူမဆို လာနိုင်သည်။ စာကြည့်တိုက်
ဖွင့်ချိန်အတွင်း ၁၀ ဆင့်ပေးပြီး ကိုယ်ဖတ်နိုင်သလောက် ဖတ်လို့
သည်။ သူတို့သဘောကျသည်။ ရုပ်ပြတစ်အုပ်ဝယ်လျှင် ၁၀ ဆ
ပေးရမှာဆိုတော့ ကျွန်တော်တို့စာကြည့်တိုက်မှာလာဖတ်လျှ
နှစ်နာရီအတွင်း လေးငါးအုပ်ဖတ်လို့ရသည်လေ။

မိုက်၏ ညီမလေးက ကလေးတွေပြန်လျှင် စစ်ဆေးသည်
စာအုပ်တွေပါမသွားစေရန်။ သူကစာအုပ်တွေကို စနစ်တကျသိမ်
ဆည်းသည်။ တစ်နေ့လျှင်ကလေးဘယ်နှယောက်လာကြောင်
နေ့စဉ် စာရင်းမှတ်သည်။ ကလေးတွေ၏ မှတ်ချက်၊ ဝေဖန်ချ
တွေကိုလည်း ရေးမှတ်ထားသည်။ မိုက်နှင့် ကျွန်တော်တို့ သုံး
လုံးလုံးတစ်ပတ်လျှင် ပျမ်းမျှ ၉. ၅၀ ဒေါ်လာရကြသည်။ မိုက်
ညီမကလေးကို တစ်ပတ်လျှင် တစ်ဒေါ်လာပေးသည်။

မိုက်နှင့် ကျွန်တော်ကတော့ စတိုးဆိုင်မှာ အလုပ်ဆ
လုပ်သည်။ စတိုးဆိုင်အသီးသီးမှ ရုပ်ပြစာအုပ်တွေ လိုက်စုသည်
စာအုပ်တွေကို ပြန်ရောင်းမစားပါဆိုသည့် ကတိကို ကျွန်တော်
ထိန်းထားသည်။ စာအုပ်တွေ စုတ်ပြတ်လွန်းမက စုတ်ပြတ်လာလျှ
ကျွန်တော်တို့ မီးရှို့ပစ်သည်လေ။ စာကြည့်တိုက်ခွဲ တစ်ခုဖွင့်ဖို့
စည်သေးသည်။ သို့သော်မိုက်၏ညီမကလေးလို ယုံကြည်စိတ်ချ
ပြီး စိတ်ပါလက်ပါ အလုပ်လုပ်မည့်သူတစ်ဦးတလေပင်ရှာမရ

ငယ်ငယ်ရွယ်ရွယ်အဝကတည်းကပင် ဝန်ထမ်းကော
တစ်ယောက်ရဖို့ကို ဘယ်လောက်ခက်ခဲကြောင်း ကျွန်တော်တို့သိ

နည်း။

စာကြည့်တိုက်စဖွင့်ပြီးသုံးလအကြာတွင် စာကြည့်တိုက်ထဲမှာ ရန်ပွဲဖြစ်သွားသည်။ တခြားရပ်ကွက်မှ လူဆိုးကလေးတွေထွက်လာပြီး ရန်ပွဲဖန်တီးခြင်းဖြစ်၏။ စာကြည့်တိုက်ကို ပိတ်လိုက်ဖို့ ဖေဖေက အကြံပေးသည်။ ကျွန်တော်တို့လည်း စတိုးဆိုင်မှာ အလုပ်လုပ်ခြင်းကို ရပ်ဆိုင်းလိုက်ကြ၏။

ဘာပဲဖြစ်ဖြစ် ဖေဖေချမ်းသာကစိတ်လှုပ်ရှားတက်ကြွနေသည်။ ကျွန်တော်တို့အား သင်ပေးဖို့ တခြားအကြောင်းအရာတွေ ရှိနေသေးသည်။ သူသင်ပေးသည့် သင်ခန်းစာကို ကျွန်တော်တို့ အတတ်မြန်သည့်အတွက် သူဝမ်းသာနေသည်။ ကျွန်တော်တို့နှစ်ယောက်သည် ကျွန်တော်တို့အကျိုးစီးပွားအတွက် ငွေကို ရှာတတ်သွားပြီ။ စတိုးဆိုင်မှာလုပ်ခမရဘဲ အလုပ်လုပ်ရသည့်အတွက် ကျွန်တော်တို့သည် ငွေဖြစ်မည့် အခွင့်အလမ်းတစ်ခု ဖော်ထုတ်နိုင်အောင် မရမနေ စဉ်းစားကြံဆခဲ့ကြသည်။ ကျွန်တော်တို့ကိုယ်ပိုင် ရုပ်ပြစာအုပ်စာကြည့်တိုက်ဖွင့်လိုက်ခြင်းဖြင့် ကိုယ့်ငွေကိုယ်ရှာခဲ့သည်။ ကိုယ့်ငွေကိုယ်ထိန်းခဲ့သည်။ ကျွန်တော်တို့ အလုပ်ရှင်တစ်ယောက်ယောက်ကို မမှီခိုခဲ့။ အားမကိုးခဲ့။ သည်လုပ်ငန်း၏ အကောင်းဆုံးအပိုင်းမှာ လုပ်ငန်းခွင်တွင် ကျွန်တော်တို့ကိုယ်တိုင်ကိုယ်ကျရှိမနေသည့်တိုင် ကျွန်တော်တို့အတွက် ငွေထွက်နေခြင်းပင်ဖြစ်၏။ ကျွန်တော်တို့ငွေက ကျွန်တော်တို့ အတွက် အလုပ်လုပ်ပေးခြင်း။

ကျွန်တော်တို့အား လုပ်ခပေးမည့်အစား သည့်ထက်မက ပိုများငွေကို ဖေဖေချမ်းသာက ပေးခဲ့လေသည်။

■

## အခန်း [ ၃ ]
## သင်ခန်းစာ ၂
## ငွေကြေးအခြေခံပညာ ဘာကြောင့်သင်သင့်သလဲ

ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်းမိုက်က ၁၉၉၀ ပြည့်နှစ်တွင်
သူ့ဖေဖေ၏စီးပွားရေး အင်ပါယာကြီးကို လွှဲပြောင်းဆက်ခံလိုက်၏
တိတိကျကျပြောရလျှင် သူ့ဖေဖေထက်ပင် ပိုပြီးအောင်မြင်သေ
သည်။ ကျွန်တော်တို့နှစ်ယောက် တစ်နှစ်လျှင် တစ်ကြိမ် နှစ်ကြိ
လောက်ဂေါက်ကွင်းမှာ ဆုံဖြစ်ကြသည်။ သူတို့ဇနီးမောင်
နှစ်ဦးသည် သင်စိတ်ကူးကြည့်လို့ရသည်ထက် ပိုပြီးချမ်းသာကြွယ်
ကြ၏။ ဖေဖေချမ်းသာ၏ အင်ပါယာကြီးသည် သူ့ထက်
လူစွမ်းကောင်း လက်ထဲရောက်နေ၏။ သူ့ဖေဖေက သူနှ
ကျွန်တော့်ကို မြေတောင်မြှောက်ပေးခဲ့သလို ယခုအခါ မိုက်ကလည်
သူ့သားကို သူ့အရိုက် အရာခံစားဖို့ ပျိုးထောင်ပေးနေပြီ။

ကျွန်တော့်အသက် ၄၇ နှစ်၊ ကျွန်တော့်ဇနီးကင်မ် အသ
၃၇ နှစ်တွင် ကျွန်တော် အငြိမ်းစားယူခဲ့၏။ အငြိမ်းစားယူသ
ဆိုသည်မှာ အလုပ်မလုပ်တော့ခြင်းမဟုတ်။ ကြိုတင်ခန့်မှန်း
မရသောအပြောင်းအလဲတွေ ကြီးကြီးမားမားပြင်းပြင်းထန်ထ

ဖြစ်ပေါ် မလာဘူးဆိုလျှင် ကျွန်တော်တို့ လင်မယားနှစ်ယောက် အလုပ်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေအကြောင်းမဟုတ်။ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံထားသည့် ဥစ္စာဓနတွေ သူ့အလိုလို ကြီးထွားတိုးပွားနေ၏။ ငွေကြေးဖောင်းပွမှုဒဏ်ကို ကောင်းကောင်း ခံနိုင်၏။ လွတ်လပ်မှုဆိုတာ ဒါပဲဟုပြောရပါမည်။ ကျွန်တော်တို့၏ ကိုယ်ပိုင်ဥစ္စာဓနတွေ သို့မဟုတ် ရပိုင်ခွင့်တွေသည် သူ့ဘာသာသူ ကြီးထွားတိုးပွားလာလောက်အောင် များပြားသည်။ သစ်ပင် တစ်ပင်စိုက်ခြင်းနှင့် ပမာနှိုင်းသော်ရ၏။ ၎င်းသစ်ပင်ကို နှစ်ပေါင်း များစွာ ရေလောင်းပေး၊ ပေါင်းသင်ပေး။ တစ်ချိန်ချိန်တွင် ၎င်းသစ် ပင်သည် သင့်ကို မလိုတော့။ သူ့အမြစ်တွေသည် ရှင်သန်မြဲမြဲ နိုင်လောက်အောင် နက်နက်ရှိုင်းရှိုင်းတိုးဝင်တွယ်ဖက်ထားလေပြီ။ သည်နောက်တော့ ၎င်းသစ်ပင်က သင်စိတ်ချမ်းမြေ့မှုအတွက် အရိပ်ကို ဖြန့်ကြက်ပေးပြီဖြစ်၏။

မိုက်က သူ့အင်ပါယာကြီးကို ကြီးကြပ်ကွပ်ကဲဖို့ရွေးချယ် ခဲ့ပြီး ကျွန်တော်က အငြိမ်းစားယူဖို့ ရွေးချယ်ခဲ့၏။

လူတွေအုပ်စုလိုက်၊ အဖွဲ့အစည်းလိုက်နှင့် ကျွန်တော် စကားပြောခွင့်ကြုံတိုင်း ကျွန်တော့်အား မေးခွန်းတစ်ခုမေးလေ့ရှိ ကြ၏။ သူတို့ဘာလုပ်သင့်သလဲဟူသော မေးခွန်း။

"သူတို့ဘယ်လိုအစပျိုးရမလဲ"

"ကျွန်တော်က ဖတ်သင့်သည်ဟု ထောက်ခံသော စာအုပ် တစ်အုပ်တလေရှိပါသလား"

"သူတို့သားသမီးတွေကို မြေတောင်မြှောက်ပေးဖို့ဘာတွေ လုပ်ရမည်လဲ"

"အောင်မြင်ရေး လျှို့ဝှက်ချက်ကဘာလဲ"

"ငွေတွေသန်းပေါင်းများစွာရအောင် ကျွန်တော်ဘယ်လို လုပ်ခဲ့သလဲ"

သူတို့မေးခွန်းတွေကြားတော့ တစ်ချိန်ကဖတ်ဖူးသည့် ဆောင်းပါးကို အမြဲသတိရမိ၏။ ၎င်းဆောင်းပါးမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

*အချမ်းသာဆုံး စီးပွားရေးလုပ်ငန်းရှင်များ*

ကျွန်ုပ်တို့၏ အကြီးမြတ်ဆုံး ခေါင်းဆောင်နှင့် အချမ်းသာ ဆုံး စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်စုသည် ၁၉၂၃ ခုနှစ်တွင် ချီကာဂိုမြို့ရှိ အက်ချ်ဝါးတားဘိချ်ဟိုတယ်တွင် အစည်းအဝေးတစ်ခု ကျင်းပကြ၏။ အစည်းအဝေးတက်ရောက်သူတွေထဲတွင် အမေရိက ပြည်ထောင်စု၌ ထိတ်ထိတ်ကြဲဆိုသည့် ပုဂ္ဂိုလ်ကြီးတွေ ပါဝင်၏။

နောင် နှစ်ဆယ့်ငါးနှစ်ကြာသောအခါ ၎င်းအုပ်စုထဲတ ကိုးယောက်သည် အောက်ပါအတိုင်း ဘဝဇာတ်သိမ်းသွားကြရ၏။ အကြီးမားဆုံး သံမဏိကုမ္ပဏီကို ဦးဆောင်ခဲ့သည့် ချားလ်ရှဝ် သည် ငါးနှစ်လုံးလုံးချေးငှားစားပြီး ကုန်းကောက်စရာ တစ်ပြ မရှိဘဝဖြင့် ကွယ်လွန်သွား၏။ ကမ္ဘာ့အကြီးမားဆုံးလူသုံ ကုန်ပစ္စည်းကုမ္ပဏီကြီး၏ ဥက္ကဋ္ဌဖြစ်သော ဆင်မြူယယ်အင်ဆား သည် တိုင်းတပါးမှာသွားနေရပြီး ဆင်းရဲငတ်ပြတ်သောဘဝဖြ ကွယ်လွန်သွား၏။ အိုင်ဗာခရူဂါ (နိုင်ငံတကာ မီးခြစ်ကုမ္ပဏီဥက္ကဋ္ဌ နှင့် ဘာသာကော့တန် (အကြီးကျယ်ဆုံး စတော့ဝယ်ရောင်းသမ ကြီး) တို့လည်း ဆင်းရဲမွဲတေပြီး ကွယ်လွန်သွား၏။ ရစ်ချတ်ဝှစ်တ (နယူးယော့စတော့အိပ်ချိန်းဥက္ကဋ္ဌ)နှင့် အဲလ်ဘတ်ဖောလ်(သမ္မ

အောင်း၏ အစိုးရအဖွဲ့ဝန်ကြီး) တို့သည် ထောင်ကလွတ်လာစပဲ ရှိသေးသည်။ ဟောင်းဝပ်ဟော့ပ်ဆန် (အကြီးမားဆုံးဓာတ်ငွေ့ ကုမ္ပဏီအကြီးအကဲ)က ရူးသွပ်သွားသည်။ လီယွန်ဖရေဇီယာ (အင်တာနေရှင်နယ်ဘဏ်ဥက္ကဋ္ဌ)နှင့် ဂျက်စီလစ်ဗားမိုး (အကြီးကျယ်ဆုံး စတော့ဝယ်ရောင်းသမားကြီး) တို့သည် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြ၏။

သည်ပုဂ္ဂိုလ်ကြီးတွေ၏ ဖြစ်ရပ်မှန်ကို တိတိကျကျပြောနိုင်မည်ဟု ကျွန်တော်မထင်။ ထိုခေတ်ထိုကာလကို သင်ပြန်ကြည့်ပါ ၁၉၃၂ ခုနှစ်။ ထိုခေတ်ထိုကာလသည် ၁၉၂၉ ခုနှစ် ဈေးကွက်တွေ ပြိုပျက်ပြီး စီးပွားရေးကပ်ဆိုးကြီး မကျမီ အကြိုကာလဖြစ်၏။ ထိုခေတ်ထိုကာလ၏ ဆိုးကျိုးများသည် သည်ပုဂ္ဂိုလ်ကြီးများနှင့် သူတို့ ဘဝများကို ရိုက်ခတ်ခဲ့ပုံရ၏။

ကျွန်တော်အဓိကဆိုလိုရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့သည် ၎င်းပုဂ္ဂိုလ်ကြီးများ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် ခေတ်ကာလထက် ပို၍ကြီးမားပြီး ပို၍မြန်ဆန်စွာ ပြောင်းလဲနေသော ခေတ်ကြီးထဲမှာ ရှင်သန်နေထိုင်နေကြရ၏။ ကျွန်တော်တို့သည် နောင် ၂၅ နှစ်အတွင်း ၎င်းပုဂ္ဂိုလ်ကြီးများ ရင်ဆိုင်ခဲ့ရသည့် စီးပွားရေး စန်းပွင့်မှုမျိုး၊ စီးပွားရေး ပျက်စီးမှုမျိုးတွေနှင့် တွေ့ကြုံကြရမည်ဟု ကျွန်တော်ထင်နေသည်။ ကျွန်တော်တို့ခေတ် လူတော်တော်များများက ငွေကို အာရုံစိုက်လွန်းနေသည်။ သူတို့၏ အကြီးမားဆုံး ဥစ္စာဓနဖြစ်သည့် ပညာကို အရေးမစိုက်ကြ။ ကျွန်တော်စိုးရိမ်ပူပန်နေသည်မှာ ထိုအချက်ဖြစ်ပါသည်။

အကယ်၍လူတွေသည် ပျော့ပျော့ပျောင်းပျောင်း သဘောထားနိုင်လျှင်၊ အမြင်ကျယ်ကျယ်ထားပြီး လေ့လာဆည်းပူးနိုင်လျှင် အပြောင်းအလဲတွေထဲကပင် ချမ်းသာသည်ထက် ချမ်းသာကြွယ်ဝ

လာနိုင်၏။ အကယ်၍ အခက်အခဲအကျပ်အတည်းများကို ငွေက ဖြေရှင်းနိုင်မည်ဟု ထင်မြင်ကြလျှင်တော့ သည်လူတွေဘဝကြမ်း နှင့် ရင်ဆိုင်ရမှာကို ကျွန်တော်စိုးရိမ်မိပါသည်။ ဉာဏ်ရည်ဉာဏ် သွေးက အခက်အခဲအကျဉ်းအကျပ်များကို ဖြေရှင်းပေးပြီး ငွေတွေ ထွက်လာအောင် ထုတ်လုပ်ပေး၏။ ငွေကြေးနှင့် ပတ်သက်သော ဉာဏ်ရည် ဉာဏ်သွေးမရှိလျှင် သင်ရသော ငွေများသည် ရလွယ် ပျောက်လွယ် ငွေများသာဖြစ်ပါလိမ့်မည်။

လူ့ဘဝတွင် သင်ငွေတွေဘယ်လောက်ရသလဲဆိုတာ အဓိက မဟုတ်ဘဲ သင့်လက်ထဲမှာ ငွေတွေ ဘယ်လောက် မြဲသလဲ ဆိုတာသာ အဓိကဖြစ်ကြောင်း လူတော်တော်များများ သဘော မပေါက်ကြပါ။ ခုချမ်းသာလိုက် ခုမွဲသွားလိုက် လူတွေအကြောင်း ထီဆုကြီးပေါက်ပြီးနောက် ဆင်းရဲသွားသူတွေအကြောင်း ကျွန်တော် တို့အားလုံးကြားဖူးကြ၏။ သူတို့သည် သန်းချီထီပေါက်ပြီး ချမ်းသာ ကြွယ်ဝလာကြ၏။ နောက်တော့ သူတို့သည် ဒုံရင်းဘဝသို့ ပြန်ရောက်သွားကြ၏။

သို့မဟုတ်ပါကလည်း အသက် ၂၄ နှစ်အရွယ်တွင် တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်းများစွာဝင်ငွေရှိသည့် အားကစား သမားတွေ အသက် ၃၄ နှစ်အရွယ်တွင် တံတားအောက်၌ အိပ်ကြရသည့် ဇာတ်လမ်းတွေလည်းရှိ၏။ သည်စာကို ရေးနေစဉ် သည် မနက်ကပင် သတင်းစာထဲမှာ ဇာတ်လမ်းတစ်ပုဒ် ဖတ်လိုက် ရသေးသည်။ လွန်ခဲ့သည့်နှစ်က သန်းပေါင်းများစွာ ချမ်းသာသည့် လူငယ်ဘတ်စကက်ဘောကစားသမားတစ်ဦး။ ယနေ့ သူ့မိတ်ဆွေတွေ၊ သူ့ရှေ့နေနှင့် စာရင်းကိုင်တို့က သူ့ငွေ ဘိုးပြေးကြသည်ဆို၏။ သူကတော့ မော်တော်ကားရေဆေး ဌာနတစ်ခုတွင် အနိမ့်ဆုံးလုပ်ခဖြင့် အလုပ်ဝင်လုပ်နေရသည် ဆို၏။

သူ့အသက်မှာ ၂၉ နှစ်ပဲရှိသေးသည်။ မော်တော်ကားရေဆေးဌာနကလည်း သူ့ကို အလုပ်ဖြုတ်ပစ်လိုက်ပြန်ပြီ။ အကြောင်းမှာမော်တော်ကားရေဆေးချိန်တွင် သူ ချိန်ပီယံဆုရခဲ့သည့် ရွှေစလွယ်ကြိုး ချွတ်ထားဖို့ ငြင်းဆန်သောကြောင့်ဟု ဆိုသည်။ သို့ဖြင့် သူ့အကြောင်း သတင်းစာထဲပါလာခြင်းဖြစ်၏။ သူက အလုပ်မဖြုတ်ဖို့ အသနားခံသည်။ ဆင်းရဲကျပ်တည်းသည့်ဘဝတွင် အတန်းအစားအခွဲခံရသည့်အကြောင်းတွေ ရင်ဖွင့်သည်။ သူ့မှာ ဂုဏ်ယူစရာဆိုလို့ ရွှေတံဆိပ်ပါသည့် စလွယ်တစ်ခုသာရှိတော့ကြောင်း၊ သည်စလွယ်ကို ဖယ်ရှားလိုက်လျှင် သူ့ဘဝပြိုလဲပျက်စီးသွားတော့မည်ဖြစ်ကြောင်း သူက အရေးဆို၏။

ကိုးဆယ့်ခုနစ်ခုနှစ်ထဲတွင် နေ့ချင်းညချင်း သန်းကြွယ်သူဌေးဖြစ်လာသူ တော်တော်များများကို ကျွန်တော်သိသည်။ ၁၉၂၀ ကျော် ခေတ်တုန်းကလို ခေတ်ကောင်းတစ်ကျော့ကြုံရခြင်း။ သူတို့တစ်တွေ ချမ်းသာသည်ထက်ချမ်းသာလာသည့်အတွက် ကျွန်တော် မုဒိတာပွားမိပါသည်။ တစ်ချိန်တည်းတွင် ကျွန်တော် သူတို့ကို သတိပေးခဲ့၏။ ရေရှည်တွင် သင်ငွေဘယ်လောက်များများရှာဖွေနိုင်သလဲဆိုတာ အဓိကမဟုတ်ကြောင်း၊ ငွေဘယ်လောက်များများထိန်းသိမ်းနိုင်သလဲ၊ မျိုးဆက်ဘယ်နှဆက်လောက်တည်မြဲအောင် ထိန်းနိုင်သလဲဆိုတာသာ အဓိကဖြစ်ကြောင်း ပြောပြခဲ့၏။

သည်တော့ 'ကျွန်တော်ဘဝကို ဘယ်လိုစတင်ပျိုးထောင်ရမလဲ' သို့မဟုတ် 'အမြန်ဆုံး ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ' ဆိုသော မေးခွန်းမျိုးမေးလာသူများသည် ကျွန်တော့်အဖြေကို ကြားရသောအခါ မကျေမနပ်ဖြစ်သွားကြသည်။ ကျွန်တော်က သူတို့အား ကျွန်တော်ကလေးဘဝတုန်းက ကျွန်တော့်ဖေဖေချမ်းသာ ပြောပြသည့်စကားကိုပဲ ပြန်ပြောပြခဲ့သည်။

"ခင်ဗျားတို့ ချမ်းသာချင်ရင် ငွေကြေးဆိုင်ရာ အခြေခံ ပညာတတ်ကျွမ်းထားဖို့လိုတယ်"ဟု၊ ဖေဖေချမ်းသာနှင့် ကျွန်တော် အတူရှိနေတိုင်း ၎င်းအယူအဆကို ကျွန်တော့်ခေါင်းထဲရိုက်အသွင်း ခံခဲ့ရ၏။ ကျွန်တော်ပြောခဲ့သည့်အတိုင်း ကျွန်တော်၏ ပညာတတ် ဖေဖေက စာအုပ်တွေဖတ်ဖို့ အရေးကြီးကြောင်း ဦးစားပေးသွန်သင် ခဲ့၏။ သို့သော် ကျွန်တော်၏ ဖေဖေချမ်းသာကတော့ ငွေကြေးဆိုင် ရာ အခြေခံပညာကို ပိုင်နိုင်ကျွမ်းကျင်ဖို့လိုကြောင်း ဦးစားပေ သွန်သင်ခဲ့၏။

သင်သည် အင်ပါယာစတိတ်လို အဆောက်အအုံကြီး ဆောက်တော့မည်ဆိုလျှင် မြေအနက်ကြီးတူးပြီး ခိုင်မာတောင့်တင် သောအခြေခံအုတ်မြစ်ချရပါမည်။ သင်သည် မြို့ဆင်ခြေဖုံးတွင် အိမ်တစ်လုံးဆောက်မည်ဆိုလျှင်တော့ မြေကြီးကို ခြောက်လက်မ လောက်တူးပြီး အခြေခံအုတ်မြစ်ချလျှင်ရ၏။ ချမ်းသာကြွယ်ဝသော ဘဝကို တည်ဆောက်လိုသော ယနေ့လူများစုသည် မြေကြီးကို ခြောက်လက်မလောက်တူးကာ အောက်ခြေအုတ်မြစ်ခံပြီး အင်ပါ ယာ စတိတ်လို အဆောက်အအုံကြီး တည်ဆောက်ဖို့ ကြိုးစားနေ ကြလေသည်။

ပြောရမည်ဆိုလျှင် ယနေ့ခေတ်တွင် စာရင်းရေးဆွဲခြင်း သည် ကမ္ဘာပေါ်မှာ ပျင်းစရာအကောင်းဆုံး အလုပ်တစ်ခုဖြစ်နိုင် ၏။ နောက်ပြီး စိတ်ရှုပ်စရာအကောင်းဆုံးလည်းဖြစ်နိုင်၏။ သို့သော် သင်သည် ရေရှည်ချမ်းသာကြွယ်ဝလိုလျှင် စာရင်းပညာသည် အရေးအကြီးဆုံးဘာသာရပ်ဖြစ်နိုင်၏။ အခက်အခဲမှာ သ လောက်ပျင်းစရာကောင်းပြီး စိတ်ရှုပ်စရာကောင်းသည့် ဘာသာ ရပ်တစ်ခုကို သင့်ကလေးတွေအား ဘယ်ပုံဘယ်နည်း သင်ကြား ပေးမလဲဆိုသည့် မေးခွန်းဖြစ်၏။ အဖြေကရှင်းပါသည်။ သ ပညာရပ်ကို ရိုးရိုးရှင်းရှင်းကလေးဖြစ်အောင် ပြုလုပ်ဖို့ပင်။ ပထ

...ပုံများဖြင့်သင်ကြားပါ။

ဖေဖေချမ်းသာက မိုက်နှင့်ကျွန်တော့်လို ချာတိတ်နှစ်...ယောက်အားငွေကြေးအခြေခံပညာသင်ပေးရာ၌ နှစ်ပေါင်းများစွာ...ဖြင့် သင်ခဲ့၏။ လူတိုင်းသုံးနေသော၊ ရိုးနေသော စကားလုံး...များကို အသုံးပြုခဲ့၏။ ထို့ကြောင့် ကျွန်တော်ကလည်း ဖေဖေချမ်း...သာရေးဆွဲပြခဲ့သည့် တစ်ကြောင်းဆွဲ ရိုးရိုးရှင်းရှင်းပုံကလေးများ...အတိုင်း ပြန်လည်တင်ပြပါမည်။ သည်ပုံကလေးတွေက ရိုးသော်...လည်းသော်လည်း ကျွန်တော်တို့ ချာတိတ်နှစ်ယောက်အား ခိုင်မာ...သော ငွေကြေးအခြေခံပညာများပေးခဲ့၏။ သည်အခြေခံပေါ်မှာ...အခြေတည်ပြီး ဥစ္စာဓနအင်ပါယာကြီးတည်ဆောက်နိုင်အောင်...ကူညီလမ်းပြနိုင်ခဲ့ပါသည်။

**...ဥပဒေသ ၁။ သင်သည် ရင်းနှီးမြှုပ်နှံထားသည့် ဥစ္စာဓန သို့မဟုတ် (...ရင်းအခေါ်) ရပိုင်ခွင့် asset နှင့် ပေးရန်တာဝန်(liability) ...ကို ခွဲခြားနားလည်ရမည်ဖြစ်ပြီး ရပိုင်ခွင့်များ ဝယ်ယူစုဆောင်းရ...မည်။**

ချမ်းသာလိုလျှင် သင်သိထားရမည်မှာ ဒါပဲဖြစ်၏။ ...ကြား ဥပဒေသတစ်။ ဥဒေသဆိုလို့လည်း သည်တစ်ခုပဲရှိသည်။ ...သည်ဥပဒေသက ရိုးစင်းလွန်းသဖြင့် ရယ်စရာပင်ဖြစ်ချင်ဖြစ်နေ...မည်။ သို့ပေမဲ့ သည်ဥပဒေသ ဘယ်လောက် ထိရောက်လေးနက်...ကြောင်းကို လူများစုသဘောမပေါက်ကြပေ။ လူများစုသည် ငွေ...ကြေးအကျပ်အတည်းတွေ ကြုံနေကြရ၏။ အကြောင်းမှာ ရပိုင်ခွင့်...များနှင့် ပေးရန်တာဝန်များကို ခွဲခြားမသိကြသောကြောင့် ဖြစ်၏။

ချမ်းသာသူတွေက ရပိုင်ခွင့်တွေ၊ ကိုယ်ပိုင်ပစ္စည်းတွေကို ...ယူသည်။ သိမ်းစုဆောင်းသည်။ ဆင်းရဲသားတွေ၊ လူလတ်တန်း...စားတွေက ပေးဆပ်ရမည့်တာဝန်တွေ၊ ဝန်ထုပ်ဝန်ပိုးတွေကို

အရယူသည်။ သိုမှီးစုဆောင်းသည်။ သို့သော်သူတို့က ဝင်းဝန်ထုပ်
ဝန်ပိုးတွေကို အဖိုးတန်ပစ္စည်းများဟု ထင်မှတ်ကြ၏။

သည်အကြောင်းကို ဖေဖေချမ်းသာက မိုက်နှ
ကျွန်တော့်အား ရှင်းပြတော့ အဘိုးကြီး ကျွန်တော်တို့ကို နော
နေသည်ပဲ ထင်မိ၏။ ကြည့်လေ။ ကျွန်တော်တို့ အသက်တွေ
ဆယ်ကျော်သက်နားကပ်နေပြီ။ နောက်ပြီး ကြီးပွားချမ်းသာ
လျှို့ဝှက်ချက်ကို နားထောင်သင်ယူဖို့ စောင့်နေသူတွေ။ ဖေဖေချ
သာ၏ အဖြေကဒါပဲဖြစ်၏။ သူ့ ဥပဒေသက မိုးရှင်းလွှန်းသ
အတွက် သည်အကြောင်းတော်တော်ကြီး အချိန်ယူစဉ်းစားကြ
သည်။

"ရပိုင်ခွင့်ဆိုတာက ဘယ်လိုဟာကို ခေါ်တာလဲဟင်"
မိုက်ကမေး၏။

"လောလောဆယ် ဒီအကြောင်းတွေးပြီး ဦးနှောက်ခြော
ခံမနေနဲ့။ အဲဒီအယူအဆကလေး ခေါင်းထဲစွဲနေအောင်သာ မှ
ထား။ အဲဒီရိုးစင်းမှုကလေးကို သဘောပေါက်နားလည်သွား
မင်းတို့ဘဝမှာ စီမံကိန်းတစ်ခုရှိလာမယ်။ ပြီးတော့ ငွေ
ချောင်လည်လာလိမ့်မယ်။ ရိုးရိုးကလေးပါ။ အဲဒီလိုရိုး
ရှင်းလွန်းလို့ လူတွေ ဒါကို မျက်စိမှောက်နေကြတာပေါ့"

"ဦးဆိုလိုတာက ရပိုင်ခွင့်ဆိုတာကို ကျွန်တော်တို့ သိ
လည်ထားရမယ်၊ အဲဒီရပိုင်ခွင့်တွေကို ဝယ်ယူစုဆောင်း၊
ချမ်းသာပြီလို့ ပြောတာလား"ဟု ကျွန်တော်မေးလိုက်၏။

ဖေဖေချမ်းသာ ခေါင်းညိတ်ပြသည်။ "အဲဒီလော
ရိုးတယ်ရှင်းတယ်ကွ"ဟု ပြောသည်။

"ဒီဟာက ဒီလောက်တောင် ရိုးရှင်းနေရင် ဘာ
လူတိုင်း ချမ်းသာမလာကြတာလဲ" ကျွန်တော်မေး၏။

ဖေဖေချမ်းသာပြုံးသည်။ "ဘာဖြစ်လို့လဲဆိုတော့ ရိုး

ပေးရန်တာဝန်ရဲ့ ခြားနားမှုကို လူတွေမသိကြလို့ပေါ့”

“လူကြီးတွေ ဖြစ်နေပြီး ဒီလောက်တောင်ပဲ မိုက်မဲကြသလားဟင်။ ဒီဥပဒေသဟာ ဒီလောက်လွယ်ပြီး ဒီလောက်အရေးကြီးတယ်ဆိုရင် ဘာဖြစ်လို့ လူတိုင်း လူတိုင်း ဒီအကြောင်းကို ဖော်ထုတ်လေ့လာချင်စိတ်မရှိရတာလဲ”

ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအကြောင်းရှင်းပြဖို့ ဒေဒေချမ်းသာ ခဏကလေးပဲ အချိန်ယူရသည်။

ကျွန်တော်သည် လူကြီးတစ်ယောက်အနေဖြင့် တခြားလူကြီးတွေအား သည်အကြောင်းရှင်းပြရတာ တော်တော်ခက်၏။ ဘာကြောင့်လဲ။ အကြောင်းမှာ လူကြီးတွေက ပိုတော်နေသောကြောင့်ဖြစ်၏။ သည်အယူဆ၏ ရိုးစင်းလွယ်ကူမှုကို လူကြီးအများစုကအမိက မဖမ်းနိုင်။ မျက်စိလျှမ်းနေသည်။ ဘာ့ကြောင့်ဆို သူတို့တတ်မြောက်ခဲ့သည့်ပညာမှာ တစ်မျိုး တစ်ဘာသာဖြစ်နေသောကြောင့်ပင်။ သူတို့အား ပညာသင်ပေးခဲ့သည်မှာ ပညာတတ်မြင့်ကျောင်းပညာရှင်များဖြစ်၏။ ဘဏ်မန်နေဂျာတွေ၊ စာရင်းကိုင်တွေ၊ အိမ်မြေပွဲစားတွေ၊ ဘဏ္ဍာရေးစီမံကိန်းမှူးတွေစသည်ဖြင့်။ လူကြီးတွေအား ခေါင်းထဲမှာ သင်ယူဆည်းပူးထားတာတွေ ဖြေ့ဖျောက်ပစ်လိုက်ဖို့ သို့မဟုတ် ကလေးတစ်ဖန်ပြန်ဖြစ်ဖို့ တိုက်တွန်းပြီဆိုသောအခါ အခက်အခဲ တွေ့ရတော့၏။ ဉာဏ်ရည်မြင့်မားသော လူကြီးတစ်ဦးအနေဖြင့် လွယ်ကူလွန်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလေးထား လေ့လာရတာ သိက္ခာကျသည်ဟု ယူဆကြ၏။

သည်တော့ ဘာအကြောင်းတွေကြောင့် ရှုပ်ထွေးနေရသလဲ။ သည်လောက်လွယ်ကူသည့်ကိစ္စတစ်ရပ်ကို ဘယ်လိုလုပ်ပြီး လွဲချော်နေကြတာလဲ။ တကယ်တမ်းကျတော့ ပေးရန် တာဝန်ဖြစ်နေသည့် ရပိုင်ခွင့်တစ်ခုကို လူတွေဘာကြောင့် ဝယ်နေကြတာ

လဲ။ အဖြေကို အခြေခံပညာထဲမှာ တွေ့ရ၏။

ကျွန်တော်တို့က 'အခြေခံပညာ'ဆိုသည့် စကားလုံးကို ကွက်ပြီး အာရုံစိုက်ကြ၏။ 'ငွေကြေး အခြေခံပညာ'ဆိုတာကို အာရုံမစိုက်ကြ။ သင် အတွေးရှုပ် စိတ်ညစ်ချင်သည်ဆိုလျှင် ရပိုင်ခွင့် (Asset) နှင့် ပေးရန်တာဝန် (Liability) ဆိုသည့် စကား လုံးများ၏ အဓိပ္ပာယ်ကို ဝေါဟာရအဘိဓာန်ထဲမှာ ရှာကြည့်လိုက် ပါ။ သင်တန်းဆင်း စာရင်းကိုင်တစ်ယောက်အတွက်တော့ အဓိပ္ပာယ်ဖွင့်ဆိုချက်များက ရှင်းလင်းလွယ်ကူနေမည်ဆိုတာ ကျွန်တော်သိသည်။ သို့သော် သာမန်သူလို ကိုယ်လို လူတစ်ဦး အတွက်မူ ဘာမျှ အဓိပ္ပာယ်ပေါက်မည်မဟုတ်။ သို့သော် တစ်ခု တစ်ခုကို အဓိပ္ပာယ်မပေါက်ဆိုတာကို ဝန်ခံဖို့ လူကြီးတွေက မာန ... တတ်လွန်းသည်လေ။

"ရပိုင်ခွင့်ဆိုတာကို အဓိပ္ပာယ်ဖွင့်ပြတာက စကားလုံးတွေ မဟုတ်တော့ဘူး။ ဂဏန်းတွေကွ။ မင်းတို့ဂဏန်းတွေကို မဖတ်တ... ဘူးဆိုရင်တော့ ရပိုင်ခွင့်ဆိုတာနဲ့ မြေတွင်းကြီးတစ်တွင်း ဘာခြာ... နားသလဲဆိုတာတောင် ပြောနိုင်မှာမဟုတ်ဘူး။

"စာရင်းပညာမှာကျတော့ အရေးကြီးတာက ဂဏန်းတွေ မဟုတ်တော့ဘူး။ မင်းတို့ကို ဂဏန်းတွေက ပြောပြနေတဲ့အကြော... အရာက အရေးကြီးတာ။ ဒီဂဏန်းတွေလည်း စကားလုံးတွေလို... စကားလုံးတွေ အဓိကမဟုတ်ဘူး။ စကားလုံးတွေက မင်းတို့... ဘာတွေပြောပြသလဲဆိုတာ အဓိက"

လူတော်တော်များများစာဖတ်ကြ၏။ သို့သော် သိပ်... နားမလည်သဘောမပေါက်ကြ။ ဤအရည်အချင်းကို စာဖတ်... နားလည်သဘောပေါက်နိုင်စွမ်းဟုခေါ်သည်။ စာဖတ်ပြီးနားလ... သဘောပေါက်နိုင်စွမ်းနှင့်ပတ်သက်လာလျှင် ကျွန်တော်တို့ အ... တွင် အရည်အသွေးအမျိုးမျိုးရှိကြ၏။

ဥပမာပြရလျှင် မကြာသေးမီက ကျွန်တော် ဗီဒီယိုပြစက် တစ်လုံးဝယ်ခဲ့၏။ ပြစက်နှင့်အတူ ညွှန်ကြားချက် စာအုပ်ကလေး တစ်အုပ်ပါလာသည်။ ပြစက်ကို အစီအစဉ်ထည့်ဖို့ ၎င်းလက်စွဲ စာအုပ်ကလေးကိုဖတ်သည်။ နားမလည်။ ကျွန်တော်နှင့် အလှမ်း ကွာလွန်းနေသည်။ တကယ်တော့ စကားလုံးများဖြင့် ရေးသား ဖွင့်ပြထားခြင်းပါပဲ။ ငွေစာရင်းများနှင့် ပတ်သက်လာလျှင်လည်း လူများစုသည် ကျွန်တော့်လိုပင်ဖြစ်မည်ထင်၏။

"မင်းချမ်းသာချင်သပါဆိုရင် ဂဏန်းတွေဖတ်ရမယ်။ ဖတ်ပြီးနားလည်ရမယ်"


သည်စကားစုကို တစ်ကြိမ်ကြားသည်ဆိုလျှင် ကျွန်တော်အကြိမ်ပေါင်း ထောင်သောင်းမကကြားရသည်နှင့်အတူတူပင်ဖြစ်၏။

"လူချမ်းသာတွေက ရပိုင်ခွင့်တွေ ဝယ်ယူကြတယ်။ ဆင်းရဲသားတွေနဲ့ လူလတ်တန်းစားတွေက ပေးရန်တာဝန်တွေကို ဝယ်ယူကြတယ်"

ရပိုင်ခွင့်နှင့်ပေးရန်တာဝန်တို့၏ ခြားနားချက်ကို အောက်ပါနည်းဖြင့် ဖော်ပြလို့ရ၏။ စာရင်းကိုင်များနှင့် ငွေကြေးပညာရှင်အများစုက ဤအဓိပ္ပာယ်ဖွင့်ဆိုချက်များကို လက်မခံကြပါ။ သို့သော် ဤရိုးရိုးရှင်းရှင်း ပုံကလေးတွေက လူငယ် ကလေးနှစ်ဦးအား ခိုင်မာတောင့်တင်းသော ငွေကြေးဆိုင်ရာ အခြေခံအုတ်မြစ်များ ချပေးခဲ့ပါသည်။

ဆယ်ကျော်သက်အကြိုအရွယ်သာရှိသည့် ချာတိတ်နှစ်ကောင်အား ဖေဖေချမ်းသာက စကားလုံးတွေ နည်းနိုင်သမျှ နည်းပြီး ပုံတွေ များနိုင်သမျှ များများဖြင့် သင်ကြားခဲ့၏။ ဂဏန်းတွေကိုတော့ နှစ်ပေါင်းတော်တော်ကြာသည့်တိုင် အသုံးမပြုခဲ့ပေ။


ရပိုင်ခွင့်တစ်ခု၏ ငွေသားစီးဆင်းမှုပုံစံ




အပေါ်ပုံမှာဝင်ငွေစာရင်းဖြစ်၏။ အရှုံးအမြတ် စာရင် ဟုလည်းခေါ်သည်။ ဤစာရင်းက ဝင်ငွေနှင့် အသုံးစရိတ်များ တိုင်းတာပေး၏။ ဝင်ငွေနှင့် ထွက်ငွေ။ အောက်ပုံက လက်ကျ ရှင်းတမ်းဖြစ်၏။ ထိုသို့ခေါ်ဆိုခြင်းမှာ သည်စာရင်းက ရပိုင်ခွ များနှင့် ပေးရန်တာဝန်များကို ချိန်ထိုးပေးသောကြောင့်ဖြ ငွေကြေးပညာနည်းသူများသည် ဝင်ငွေစာရင်းနှင့်လက်ကျန်ရှင်းတ တို့၏ ဆက်နွယ်မှုကို မသိကြပါ။ ဆက်နွယ်မှုကို နားလည်သဘော ပေါက်ဖို့ အလွန်အရေးကြီးသည်။

သည်တော့ စော့စောပိုင်းက ကျွန်တော်ပြောသ ဖေဖေချမ်းသာက ကျွန်တော်တို့ ချာတိတ်နှစ်ယောက်အ ရိုးရိုးရှင်းရှင်းကလေး သင်ပြခဲ့သည်မှာ 'ရပိုင်ခွင့်တွေက မင် အိတ်ထဲကို ငွေထည့်ပေးတယ်' ဟူ၏။ အလွန်ကောင်းသေ ရိုးရှင်းလွယ်ကူသော၊ အသုံးချလို့ရသော သင်ကြားချက်ကလေး

ပေးရန်တာဝန်တစ်ခု၏ ငွေသားစီးဆင်းမှုပုံစံ




ယခုရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ပုံများမှ [illegible]ဆင့် အဓိပ္ပာယ်ဖွင့်ပြပြီးဖြစ်ရာ ၎င်းနှစ်မျိုးကို စကားလုံး [illegible]ခြင်း အဓိပ္ပာယ်ဖွင့်ပြလျှင် နားလည်ဖို့ ပိုလွယ်လာပြီဖြစ်၏။


ရပိုင်ခွင့်ဆိုသည်မှာ သင့်အိတ်ထဲသို့ ငွေထည့်ပေးသည့် [illegible]တစ်ခုဖြစ်၏။ ပေးရန်တာဝန်ဆိုသည်မှာ သင့်အိတ်ထဲက [illegible]ထွက်သွားစေသည့် တစ်စုံတစ်ခုဖြစ်၏။ သင်တကယ်တမ်း [illegible]သိဖို့လိုသည်မှာ ဒါလောက်ပါပဲ။ သင်ချမ်းသာလိုလျှင် [illegible]သက်တမ်းတစ်လျှောက်မှာ ရပိုင်ခွင့်များဝယ်ပါလေ။ သင် [illegible]ချင်လျှင် သို့မဟုတ် လူလတ်တန်းစားဖြစ်လိုလျှင် သင့်ဘဝ [illegible]လျှောက်မှာ ပေးရန်တာဝန်များဝယ်ပါလေ။ လက်တွေ့လောက

တွင် ငွေရေးကြေးရေးလုံးချာလည်နေခြင်းမှာ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်တို့၏ ခြားနားချက်ကို မသိသောကြောင့်ဖြစ်၏။


စကားလုံးများကိုကော ဂဏန်းများကိုပါ မဖတ်တတ် မကြည့်တတ်ခြင်းသည် ငွေရေး ကြေးရေး လုံးချာလည်ခြင်း၏ အခြေခံဖြစ်ပါသည်။ လူတွေ ငွေရေး ကြေးရေး မပြေလည်တော့ဘူး ဆိုလျှင် သူတို့စကားလုံးများ သို့မဟုတ် ဂဏန်းများကို မဖတ်တတ် ၍သာဖြစ်၏။ ချမ်းသာသူတွေ ချမ်းသာနေခြင်းမှာ သူတို့က ငွေကြေးမပြေလည်သူတွေထက် အခြေခံပညာ တတ်ကျွမ်းသည် နယ်ပယ်ပိုများသောကြောင့်ဖြစ်၏။ သည်တော့ စကားလုံးများ အရကော ဂဏန်းများအရပါ ငွေကြေး အခြေခံပညာတတ်မြောက် ထားဖို့ အရေးကြီး၏။ သို့ဆိုလျှင် သင်ချမ်းသာလာပါလိမ့်မည် သင့်ဥစ္စာနေကို ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။


ပုံများမှာ ဖော်ပြထားသည့် မြားတွေက 'ငွေသားစီးဆင်း မှု' သို့မဟုတ် ငွေသားစီးဆင်းသည့် လမ်းကြောင်းကို ကိုယ်စား ၏။ ဂဏန်းတွေချည်းသက်သက်က သိပ်အဓိပ္ပာယ်မရှိ။ စကား တွေချည်းသက်သက်သည် သိပ်အဓိပ္ပာယ်မရှိသည့်အတိုင်းဖြစ် အရေးကြီးသည်မှာ ဇာတ်လမ်း။ ငွေကြေးဆိုင်ရာ အစီရင်ခံချ တစ်ခုတွင် ဂဏန်းများကို ဖတ်ခြင်းသည် ဇာတ်အိမ်ကို ကြည့်ခြ ဖြစ်၏။ ဇာတ်လမ်းကို ကြည့်ခြင်းဖြစ်၏။ ငွေသားတွေ ဘယ်က ဘယ်ကို စီးဆင်းသွားသလဲဆိုသည့် ဇာတ်လမ်းဖြစ်၏။ မိသာ အများစု၏ ၈၀ ရာခိုင်နှုန်းသော ငွေကြေးဇာတ်လမ်းမှာ သူ သည် ရှေ့တန်းတစ်နေရာ ရောက်အောင် ကြိုးစားပမ်း အလုပ်လုပ်ကြ၏။ ငွေရှာကြ၏။ သူတို့ ငွေရှာလို့မရကြခြင်းမဟု ရကြသည်။ သို့သော် ငွေကြေး မပြေလည်ကြ။ အကြောင်း သူတို့သည် ရပိုင်ခွင့်များကို ဝယ်မည့်အစား ပေးရန်တာဝန်မျာ ဝယ်နေကြသောကြောင့်တည်း။

ဥပမာအားဖြင့် အောက်ဖော်ပြပါပုံသည် ဆင်းရဲသူတစ်ဦး [illegible]တုတ် အိမ်မှာပဲနေသေးသည့် လူငယ်တစ်ဦး၏ ငွေသား [illegible]းဆင်းမှုပုံစံဖြစ်ပါသည်။




အောက်ဖော်ပြပါပုံသည် လူလတ်တန်းစားတစ်ဦး၏ ငွေသားစီးဆင်းမှုပုံစံဖြစ်ပါသည်။



အောက်ဖော်ပြပါပုံမှာ ချမ်းသာကြွယ်ဝသူတစ်ဦး၏ ...သွားစီးဆင်းမှုပုံစံဖြစ်ပါသည်။



အထက်ဖော်ပြပါပုံအားလုံးသည် ရှင်းလင်းလွယ်ကူ
ကြောင်း သိသာထင်ရှားပါသည်။ လူတိုင်းမှာ စားဝတ်နေရေး စရိ
တွေရှိ၏။

ပုံများက ဆင်းရဲသားတစ်ဦး၊ လူလတ်တန်းစားတစ်ဦးနှ
ချမ်းသာသူတစ်ဦးတို့၏ ဘဝတွင်တွေ့ရသည့် ငွေသားစီးဆင်း
ပုံစံများကိုဖော်ပြနေ၏။ သူတို့၏ ဘဇာတ်လမ်းကို ပြောပြ
သည်မှာ ငွေသားစီးဆင်းမှုလမ်းကြောင်းဖြစ်၏။ သည်ဇာတ်လမ်း
လူတစ်ဦး သူပိုင်ငွေကို ဘယ်လိုသုံးစွဲကြောင်း ဖော်ပြနေသည်
သည်ဇာတ်လမ်းက လူတစ်ဦး၏ လက်ထဲသို့ ငွေရောက်လာပြ
နောက် သူတို့ဘာတွေလုပ်ကြောင်း ဖော်ပြနေ၏။

အမေရိက၏ အချမ်းသာဆုံးပုဂ္ဂိုလ်များဇာတ်လမ်း
ကျွန်တော်ဖော်ပြခဲ့ခြင်းမှာ လူတော်တော်များများ၏ စဉ်းစားတွေ
ခေါ်မှုတွင် ချွတ်ယွင်းချက်ရှိနေကြောင်း တင်ပြလို၍ ဖြစ်၏
ငွေကြေးက ပြဿနာအားလုံးကို ဖြေရှင်းပေးလိမ့်မည်ဟု တွေးခြ
သည် ချွတ်ယွင်းချက်ဖြစ်၏။ ထို့ကြောင့် လူတွေက မြန်မြန်ဆန်ဆ
သူဌေးဖြစ်နည်း မေးလာတိုင်း ကျွန်တော်တွန့်ရွံ့နေခြင်းပင်။

သို့သော် ငွေတွေ ပိုရလာတိုင်း ပြဿနာတွေ မပြေလ
တတ်ပါ။ လက်ထဲမှာငွေများလာလျှင် ပြဿနာတွေပင် ပို၍မျ
လာတတ်သေးသည်။ သင်သည် ရရသုံးသုံးလူစားမျိုးဆိုလျှ
သင်ငွေများများရလည်း များများသုံးမည်သာ။ သည်တော့ အ
တွေအများကြီးရသည်ဖြစ်စေ၊ သန်းဆုထီကြီးပေါက်သည်ဖြစ်
လခတိုးရသည်ဖြစ်စေ၊ 'လူမိုက်နှင့်ငွေ အတူမနေ' ဆိုသ
သင်သည်ဒုံရင်းဘဝသို့ပြန်ရောက်သွားမည်သာဖြစ်၏။

ကျွန်တော်တို့သည် ကျောင်းတက်ကြ၏။ ကျောင်းစာ
သင်ကြ၏။ ဝမ်းကျောင်းပညာတွေသင်ကြ၏။ ပညာနှစ်မျိုးစ
အရေးကြီးပါသည်။ ကျွန်တော်တို့တတ်မြောက်လာသော

ကျောင်းပညာများဖြင့် ဝင်ငွေရှာကြ၏။ ကျွန်တော်အထက်တန်းကျောင်းတက်နေစဉ် ၁၉၆၀ ပြည့်လွန်နှစ်များကဆိုလျှင် ကလေးတော်သောက် အတန်းထဲမှာ စာတော်ပါက သည်ကောင်ကြီးလာလျှင် ဆရာဝန်ဖြစ်မှပဲဟု လူတွေက မှတ်ယူလိုက်ကြ၏။ ထိုကလေး၏ ကြီးလာလျှင် ဆရာဝန်အလုပ်လုပ်မည်လားဟု ဘယ်သူကမျှမေးကြ၊ ဆရာဝန်ဖြစ်လာမည်ဟုသာ မှတ်ယူလိုက်ကြ၏။ ဘာ့ကြောင့်ဆို ထိုခေတ်ထိုအခါတုန်းက ဆရာဝန်ဖြစ်ခြင်းသည် ဝင်ငွေအကောင်းဆုံးအလုပ်၊ ငွေကြေးအာမခံချက်ရှိသော အလုပ်ဖြစ်သောကြောင့်ပင်။

ယခုခေတ်တွင်မူ ဆရာဝန်တွေ ငွေကို ကျုံးရုန်းရှာနေကြရ၏။ ဆရာဝန်အလုပ်သည် ငွေကြေးအာမခံချက်ရှိသော အလုပ်မဟုတ်တော့။ ခေတ်တွေပြောင်းကုန်ပြီ။ ယခုခေတ်တွင် ချာတိတ်များက ကြီးလာလျှင် ဘတ်စကက်ဘောကစားသမား အကျော်အမော်ဖြစ်ချင်ကြ၏။ တိုက်ဂါးဝုဒ်လို ကြေးစားဂေါက်သီးကစားသမားဖြစ်ချင်ကြ၏။ ကွန်ပျူတာကျွမ်းကျင်သူတွေ၊ ရုပ်ရှင်သရုပ်ဆောင်တွေ၊ ရော့ခ်အဆိုတော်တွေ၊ အလှမယ်တွေ သို့မဟုတ် အောင်မြင်သော အရောင်းအဝယ်သမားတွေဖြစ်ချင်ကြ၏။ ရှင်းပါလေးပါ။ ထိုအဝများတွင် ကျော်ကြားမှု၊ ငွေနှင့်ဂုဏ်သိက္ခာတို့ရှိသောကြောင့်ဖြစ်၏။ ဝမ်းကျောင်းလုပ်ငန်းအရ အောင်မြင်မှုသည် တစ်ချိန်တုန်းကလို ကျောင်းစာတော်ခြင်းနှင့် ဆက်နွှယ်မှုမရှိတော့ကြောင်း ချာတိတ်တွေ သိနေကြလေပြီ။

စာသင်သားတွေ ကျောင်းပြီးလာကြ၏။ ငွေကြေးဆိုင်ရာကျွမ်းကျင်မှုတွေ တတ်မြောက်မလာကြ။ သူတို့သည် လက်တွေ့ဘဝတွင် ငွေရေး ကြေးရေးအရ လုံးလည် ချာလည်လိုက်နေကြ၏။ အကြောင်းမှာ ဝင်ငွေမရှိသောကြောင့်မဟုတ်။ သူတို့ကျွမ်းကျင်ဖို့ လိုအပ်သည်မှာ ဘယ်လိုငွေရှာရမည်ဆိုတာမဟုတ်။ ငွေသုံးနည်းဖြစ်

၏။ မိမိလက်ထဲ ငွေရောက်လာပြီး ဘာလုပ်ရမည်ဆိုတာနားလည်
ဖို့ဖြစ်၏။ ငွေရေးကြေးရေး ပါရမီဟု ခေါ်သည်။ သင်ငွေရှာသည်
ငွေရှာလို့ရသည်နှင့် ထိုငွေကို သင်ဘာလုပ်သလဲ။ သင့်လက်ထဲ
ငွေကို တစ်ပါးသူတွေ ယူမသွားအောင် ဘယ်လို ထိန်းသိမ်းသလဲ
ဘယ်လောက်ထိကြာအောင် ထိန်းထားနိုင်သလဲ။ နောက်ပြီး ထို
က သင့်အား ဘယ်လောက်ထိအလုပ်အကျွေးပြုသလဲဆိုတာ
ဖြစ်၏။

လူတစ်ဦးသည် အဆင့်မြင့်ပညာတွေ တတ်မြောက်နိုင်
ဝမ်းကျောင်းလုပ်ငန်းမှာ အောင်မြင်နိုင်၏။ တစ်ချိန်တည်းတွ
ထိုသူသည် ငွေရေး ကြေးရေး အခြေခံပညာကို လုံးဝမတတ်
ဖြစ်နေနိုင်၏။ ထိုသူများသည် လိုအပ်သည်ထက် ပိုပြီး ကြိုး
ပမ်းစား အလုပ်လုပ်နေရသည်ကို မကြာမကြာတွေ့ရ၏။ အဘ
ကြောင့်ဆိုသော် သူတို့ သင်ယူလေ့လာထားသည်မှာ အလုပ်
ဘယ်လို အားထုတ်လုပ်ကိုင်ရမည်ဆိုတာဖြစ်ပြီး သူတို့ငွေ
ဘယ်လို အလုပ်လုပ်ခိုင်းရမည်ဆိုတာမပါသောကြောင့်ပင်။


**ငွေရေးကြေးရေးမျှော်မှန်းချက်တစ်ခုမှ**
**ငွေရေးကြေးရေး ခြောက်အိပ်မက်ဖြစ်သွားရခြင်းအကြော**

အောက်ဖော်ပြပါ ပုံအဆင့်ဆင့်သည် အလုပ်ကြိုး
သူများတွင် ပုံစံသေတစ်ခုရှိနေကြောင်းဖော်ပြနေ၏။ မ
ကလေးက လက်ထပ်လိုက်ကြသောအဆင့်မြင့် ပညာတတ်
တစ်တွဲသည် ပျော်နေသည်။ ကြည်နူးနေသည်။ ငှားထား
အခန်းကျဉ်းကလေးတစ်ခုမှာ နေထိုင်ကြသည်။ နှစ်ယောက်
စားဝတ်နေရေးစရိတ်သည် တစ်ဦးတည်း စားဝတ်နေရေး
များစွာ မပိုလှကြောင်း၊ ထို့ကြောင့် သူတို့မှာ ငွေပိုငွေလျှံက
တွေ ထွက်လာကြောင်း မကြာမီအတွင်း သူတို့သိမြင်လာ


ခက်သည်မှာ သူတို့၏ အခန်းကလေးက ကျဉ်းကျပ်လွန်းနေသည်။ သူတို့ ငွေစုပြီး သုခရိပ်မြုံတစ်ခု ဝယ်မည်။ ပြီးတော့ သားသမီးယူမည်ဟု ဆုံးဖြတ်ကြသည်။ ယခုသူတို့မှာ ဝင်ငွေနှစ်ခု ရှိနေပြီ။ သည်တော့ အလုပ်ကို အာရုံစိုက်ကြိုးစားပြီး လုပ်ကြမည်။

သူတို့နှစ်ယောက်၏ ဝင်ငွေ တိုးလာသည်။

သူတို့ ဝင်ငွေတွေ တိုးလာတော့ . . .





သူတို့အသုံးစရိတ်တွေလည်း တက်လာတော့၏။



နံပါတ်တစ် အသုံးစရိတ် သို့မဟုတ် ထွက်ငွေမှာ အခွန်အခများဖြစ်၏။

ထို့နောက်မှာတော့ သူတို့၏ ပေးရန်တာဝန်များ များပြားလာ၏။




အထက်ပါပုံသုံးပုံက လူငယ်ဇနီးမောင်နှံ၏ အနေအထာ ကိုကောင်းစွာ သရုပ်ဖော်ပြနေ၏။ သူတို့၏ ဝင်ငွေ မြင့်တက်လာ သည့်အတွက် သူတို့ စိတ်ကူးယဉ်ခဲ့သော သုခရိပ်မြုံကို ဝယ် ဆုံးဖြတ်လိုက်ကြ၏။ အိမ်သစ်သို့ သူတို့ရောက်သွားသည်နှ အိမ်ခွန်၊ မြေခွန်ဆိုသော အခွန်သစ်ကို ပေးဆောင်ရတော့၏ ထို့နောက် မော်တော်ကား အသစ်တစ်စီး၊ အိမ်ထောင်ပရိဘော အသစ်နှင့် အခြားအသုံးအဆောင်သစ်များကို အိမ်သစ်ကြီးနှ ပန်းတင့်အောင် ဝယ်ကြ၏။ ရုတ်တရက်ဆိုသလို သူတို့သတိပြုမိ တွင် သူတို့၏ ပေးရန်တာဝန်ကဏ္ဍ၌ ပေါင်နှံချေးငွေ ကြွေးတွေမှ ကြွေးဝယ်ကတ်ပြား၊ ကြွေးတွေ ပြည့်နေသည်ကိုတွေ့ကြရ၏။

ခုတော့ သူတို့နှစ်ယောက် ကြွက်ပြေးလမ်းမှာ ပိတ်မိ လေပြီ။ ကလေးတစ်ယောက်ရလာသည်။ သူတို့ အလုပ်ကို ပို

အထုတ်လုပ်ကိုင်ကြ၏။ ဖြစ်စဉ်က တစ်ပတ်လည်လာသည်။ ငွေတွေပိုရသည်။ အခွန်အခတွေပိုပေးရသည်။ ကြွေးဝယ်ကတ်ပြား တစ်ခု စာတိုက်က တစ်ဆင့်ရောက်လာသည်။ သူတို့က အသုံးပြုကြသည်။ ကြွေးဝယ်ကတ်ပြားထဲက ငွေပမာဏ ကုန်သွားသည်။ ငွေချေးကုမ္ပဏီတစ်ခုက သူတို့ထံ ဖုန်းဆက်သည်။ သူတို့၏ အကြီးမားဆုံး ရပိုင်ခွင့်ဖြစ်သော သူတို့အိမ်ကို တန်ဖိုးဖြတ်ကြသည်။ ငွေချေးကုမ္ပဏီက သူတို့အား ငွေချေးမည်။ အကောင်းဆုံးက ငွေချေးပြီး အတိုးနှုန်းမြင့်သည့် ကြွေးဝယ်ကတ်ပြား ကြွေးတွေကို ဆပ်ပစ်လိုက်ပါတော့ အကြံပေးကြသည်။ နောက်ပြီး အိမ်ပေါင်ချေးငွေကို အတိုးပေးရာ၌ အခွန်နုတ်ပြီး ငွေပမာဏပေါ်မှာသာ ယူမည်ဆို၏။

သူတို့ သဘောတူလိုက်သည်။ အတိုးမြင့်သည့် ကြွေးဝယ်ကတ်ပြား အကြွေးတွေကို ပေးဆပ်ကြသည်။ ခုမှ သူတို့သက်ပြင်းချနိုင်ကြသည်။ ကြွေးဆပ်ရသည့် ငွေပမာဏလျော့နည်းသွားသည်။ အကြောင်းမှာ ချေးငွေကာလမှာ နှစ် ၃၀ ချေးငွေဖြစ်သောကြောင့်ပင်။

အိမ်နီးချင်းတစ်ဦးက သူတို့ကို ဖိတ်ခေါ်သည်။ 'အမှတ်တရနေ့' ဈေးရောင်းပွဲတော်ကို သွားကြရအောင်တဲ့။ လျှော့ဈေးဖြင့် ရောင်းမှာဆိုတော့ ငွေကုန်ကြေးကျသက်သာစေမည့် အခွင့်အရေးတစ်ခုဖြစ်၏။ "ငါတော့မှ မဝယ်ပါဘူး၊ သွားကြည့်ရုံကြည့်မယ်" ဟု သူတို့ကိုယ်သူတို့ ပြောသည်။ သို့ပေမဲ့ ထိုက်ထိုက်တန်တန် တစ်ခုခု တွေ့နေလျှင်ဆိုသည့် စိတ်ကူးဖြင့် ကြွေးဝယ်ကတ်ပြား အသစ်ကျပ်ချွတ်ကလေးကို ထည့်လာခဲ့ကြ၏။

ငှင်း ဇနီးမောင်နှံနှစ်ဦးကို ကျွန်တော်အချိန်တိုင်းလို တွေ့ကြနေရ၏။ ဇနီးမောင်နှံ၏ နာမည်တွေသာ ပြောင်းသွားသည်။ သို့သော် သူတို့၏ ငွေကြေးအခက်အခဲကတော့ ထပ်ထူထပ်မျှကြ၏။ သူတို့လို စုံတွဲတစ်တွဲ ကျွန်တော့်ဟောပြောပွဲသို့လာသည်။

"ဝင်ငွေပိုရအောင် ဘယ်လိုလုပ်ရမလဲ"ဟု မေးသည်။ သူတို့၏ အသုံးအစွဲအကျင့်က သူတို့အား ငွေပိုရအောင်ရှာဖို့ တောင်းဆို နေလေပြီ။

သူတို့၏ ပြဿနာအစစ်အမှန်မှာ သူတို့မှာ ရှိသည့်ငွေ ဘယ်လိုသုံးမည်ဟူသော သူတို့၏ ရွေးချယ်မှုပေါ်မှာ မူတည် ကြောင်းပင် သူတို့မသိကြချေ။ ငွေကြေးမပြေလည်ခြင်း အကြောင်းရင်းမှာလည်း သူတို့၏ ရွေးချယ်မှုကြောင့်ပဲ ဖြစ်သည် တကယ်တော့ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်၏ ခြားနားချက် မသိခြင်း၊ ငွေရေးကြေးရေး အခြေခံပညာ မတတ်ခြင်းပင်ဖြစ် သည်။

ပိုက်ဆံပိုရခြင်းသည် တစ်စုံတစ်ဦး၏ ပိုက်ဆံမပြေလည် မှုကို ဖြေရှင်းပေးနိုင်ခဲ၏။ ဉာဏ်ရည် ဉာဏ်သွေးကသာ ပြဿ များကို ဖြေရှင်းပေးပါသည်။ "တွင်းတူးပြီး မင်းကိုယ်မင်းနစ်အော လုပ်နေမိတာကို သိလာရင် တွင်းတူးတာရပ်လိုက်ပေါ့" ကျွန်တော့်မိတ်ဆွေတစ်ဦးက ကြွေးတင်နေသူများအား ထပ် တလဲလဲပြောလေ့ရှိပါသည်။

ဂျပန်လူမျိုးတွေသည် စွမ်းအားသုံးရပ်ကို အလေးထား ကြောင်း ကျွန်တော်ငယ်ငယ်က ကျွန်တော့်ဖေဖေ မကြာမ ပြောသည်ကို ကြားဖူး၏။ 'ဓားရှည်၏ စွမ်းအား၊ ကျောက်သံ များ၏ စွမ်းအားနှင့် ကြည့်မှန်၏ စွမ်းအား'ဖြစ်၏။

ဓားရှည်က လက်နက်များ၏ စွမ်းအားကို ကိုယ် သည်။ အမေရိကသည် ဒေါ်လာသန်းပေါင်းထောင်ပေါင်းမျာ သုံးစွဲပြီး လက်နက်တွေ ထုတ်လုပ်ခဲ့၏။ ထို့ကြောင့် ကမ္ဘာပေါ် လက်နက်အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်လာ၏။

ကျောက်သံပတ္တမြားက ငွေ၏စွမ်းအားကို ကိုယ် သည်။ ဆိုရိုးတစ်ခုတွင် တစ်စုံတစ်ရာ အတိုင်းအတာအထိ

ဘူးပါနေကြောင်းတွေ့ရ၏။ 'ရွှေဥပဒေဆိုတာကို သတိရပါ။ ချမ်းသာသူတွေက ဥပဒေကို ပြုလုပ်သည်'ဟူ၏။

ကြည့်မှန်ကတော့ ကိုယ့်ကိုယ်ကိုယ်သိမြင်ခြင်းကို ကိုယ်စား ပြု၏။ ဂျပန်လူမျိုးတွေ အလိုအရဆိုလျှင် စွမ်းအားသုံးရပ်ထဲတွင် ကိုယ့်ကိုယ်ကိုယ်သိခြင်းစွမ်းအားကို တန်ဖိုးအထားဆုံးဖြစ်ကြောင်း သိရ၏။

ဆင်းရဲသားများနှင့် လူလတ်တန်းစားများသည် အမြဲ တမ်းဟုပြောရလောက်အောင် သူတို့အား ငွေ၏စွမ်းအားက ထိန်းချုပ်ချယ်လှယ်ခွင့်ပြုထားလေသည်။ နံနက်မိုးလင်းသည်နှင့် အိပ်ရာကထပြီး အလုပ်သွားသည်။ အလုပ်ကို ပိုပြီးအားထုတ်လုပ် ကိုင်သည်။ ငါတို့လုပ်နေတာ အဓိပ္ပာယ်ရှိရဲ့လားဆိုတာကိုတော့ ကိုယ့်ကိုယ်ကိုယ်မမေးကြ။ ငွေကြေးအကြောင်း ပြည့်ပြည့်ဝဝနား လည်မှုမရှိသည့်အတွက် များစွာသော လူများစုကြီးသည် သူတို့အား စွမ်းအားကြီးလှသော ငွေက ထိန်းချုပ်ချယ်လှယ်ခွင့်ပြုနေကြလေ သည်။ ငွေ၏ စွမ်းအားကို သူတို့အကျိုးမဲ့ရာ မဲ့ကြောင်းအတွက် အသုံးချခဲ့ကြ၏။

သူတို့သာ ကြည့်မှန်၏ စွမ်းအားကို အသုံးချတတ်လျှင် "ဒီလိုလုပ်တာ အဓိပ္ပာယ်ရှိရဲ့လား" ဆိုသော မေးခွန်းကို သူတို့ကိုယ် သူတို့ မေးကြပေမည်။ သူတို့၏ ရင်တွင်းမှာရှိနေသည့် ပင်ကို စွမ်းရည် သို့မဟုတ် ဉာဏ်အမြော်အမြင်ကို ယုံကြည်စိတ်ချခြင်း မရှိဘဲ သူတို့သည် အများသူငါနှင့် ရောယိမ်းလိုက်ဘသား ကြီးလိုက်လုပ်နေကြသည်။ သူတို့သည် ဟိုဟာလုပ် သည်ဟာလုပ် နေကြသည်။ အဘယ်ကြောင့်ဆိုသော် သူသူငါငါ ထိုဟာတွေ လုပ်နေကြသောကြောင့်။ သူတို့က မေးခွန်းထုတ်မည့်အစား ခေါင်းငြိမ့်ရေ လိုက်သော်က်နေကြသည်။ သူတို့သည် သူတို့ ကြားဖူး ထားသည့်များကို စဉ်းစားဆင်ခြင်မှု ကင်းမဲ့စွာ မကြာမကြာ

ထပ်ကာတလဲလဲ ပြုလုပ်ကြ၏။

သူတို့ကြားဖူးနားဝရှိထားသည့် အယူအဆများမှာ 'အလုပ်သုံးလေးမျိုး ခွဲလုပ်'ဆိုတာမျိုး၊ သို့မဟုတ် 'သင့်အိမ်သည် သင့်ရပိုင်ခွင့်ဖြစ်သည်' ဆိုတာမျိုး။

'သင့်အိမ်သည် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်'

'အာမခံချက်ရှိတဲ့ အလုပ်ကိုလုပ်'

'အမှားတွေ မလုပ်မိစေနဲ့'

'အရဲကိုး မစွန့်စားလေနဲ့'

လူများစုသည် ပရိတ်သတ်ရှေ့မှောက်မှာစကားပြောရမှာကို သေရမှာထက်ပိုကြောက်သည်ဟု ပြောကြ၏။ စိတ်ကုဆရာဝန်များ၏ အလိုအရဆိုလျှင် လူအများရှေ့ စကားပြောရမှာကြောက်စိတ်ဖြစ်ပေါ်လာသည်မှာ ဝိုင်းပယ်ခံရမှာ ကြောက်စိတ်၊ ထီးထီးမားမားဖြစ်နေမှာ ကြောက်စိတ်၊ ဝေဖန်ခံရမှာကြောက်စိတ်၊ လှောင်ပြောင်ခံရမှာကြောက်စိတ်၊ အထင်သေးခံရမှာကြောက်စိတ်တို့ကြောင့်ဖြစ်သည်ဆို၏။ အခြားသူများနှင့်မတူ တစ်မူထူးနေမှာကြောက်စိတ်က လူများစုအား မိမိတို့ ပြဿနာများကို ဖြေရှင်းရန်နည်းသစ်လမ်းသစ်များ မရှာဖွေဝံ့အောင် ဟန့်တားထားလေသည်။

ငွေကြေး အခက်အခဲ ကြီးကြီးမားမားတော်တော်များများမှာသည် အများသူငါနည်းတူလိုက်ပြီး ယိမ်းကနေသောကြောင့် ပေါက်လာခြင်းဖြစ်၏။ သူများနည်းတူဖြစ်အောင် ကြိုးစားအား ထုတ်နေသောကြောင့် ဖြစ်၏။ ကျွန်တော်တို့ အားလုံး အခါအားလျော်စွာ ကြည့်မှန်ထဲ ပြန်ကြည့်ဖို့လို၏။ ပြီးတော့ ကြောက်စိတ်ကို ရှေ့တန်းတင်နေမည့်အစား မိမိတို့၏ ဉာဏ်အမြော်အမြင်အတိုင်း ပြုမူဆောင်ရွက်သင့်၏။

မိုက်နှင့်ကျွန်တော် ၁၆ နှစ်သားလောက် ရောက်သောကျောင်းမှာ ပြဿနာတွေ ကြုံရတော့၏။ ကျွန်တော်တို့နှစ်ယော

လူဆိုးလူတေကလေးတွေမဟုတ်။ ကျွန်တော်တို့က အများသူငါ ပြီး နေထိုင်လာကြခြင်းဖြစ်၏။ ကျွန်တော်တို့နှစ်ယောက်က ကျောင်းဆင်းချိန်နှင့် သီတင်းပတ်ကုန် ကျောင်းပိတ်ရက်များတွင် မိုက်ဖေဖေထံမှာ အလုပ်လုပ်ကြ၏။ ကျွန်တော်တို့အလုပ်ပြီးလျှင် မိုက်ဖေဖေ၏ အစည်းအဝေးစားပွဲမှာ မကြာမကြာဆိုသလို ဝင်ထိုင်ပြီး နားထောင်နေတတ်ကြ၏။ အစည်းအဝေးမှာ ပါဝင်သူများမှာ ဘဏ်မန်နေဂျာတွေ၊ စာရင်းကိုင်တွေ၊ ဥပဒေပညာရှင်တွေ၊ ပွဲစားတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ ကုမ္ပဏီမန်နေဂျာတွေ၊ အမှုထမ်းတွေ။ ထိုထိုသော ပညာတတ်တွေကို မိုက်ဖေဖေက လမ်းညွှန်သည်။ ညွှန်ကြားသည်။ အမိန့်ပေးသည်။ မေးခွန်းတွေမေးသည်။ ထိုသို့ ဦးဆောင်ညွှန်ကြားနေသူကား အသက် ၁၃ နှစ်ကတည်းက ကျောင်းထွက်လာသည့် ပုဂ္ဂိုလ်ကြီးပေတည်း။ ထိုထိုသော ပညာတတ်တွေသည် သူ ဆင့်လျှင် ခစားရသည်။ သူခေါ်လျှင်လာရသည်၊ သူတို့၏ စိတ်ကူးများကို သူမကြိုက်ဘူးဆိုလျှင် ကြောက်ရွံ့တွန့်ဆုတ်ကြသည်။

သည်ပုဂ္ဂိုလ်ကြီးကား အခြားသူတွေယောင်တိုင်း လိုက်ပြီး ယောင်သူမဟုတ်။ သည်ပုဂ္ဂိုလ်ကြီးကား ကိုယ်ပိုင် စဉ်းစားဉာဏ်ဖြင့် စဉ်းစားကြံဆပြီး "ငါတို့ ဒီလိုလုပ်မှ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းဒီလိုပဲ လုပ်နေလို့" ဆိုသော စကားမျိုးကို မုန်းတီး ...တ်ဆုပ်သူဖြစ်၏။ နောက်ပြီး "မလုပ်နိုင်" ဆိုသောစကားကို နှစ် ...သူမဟုတ်။ သည်ပုဂ္ဂိုလ်ကြီး တစ်ခုခုလုပ်စေချင်သည်ဆိုလျှင် "ဒါကိုတော့ ခင်ဗျားလုပ်နိုင်မယ်မထင်ဘူး" ဟုသာပြောလိုက်ပါ။ ...တမဖြစ်ဖြစ်အောင် လုပ်ပြပါလိမ့်မည်။

မိုက်နှင့်ကျွန်တော်သည် တက္ကသိုလ်အပါအဝင် ကျောင်း ...သင်နှစ်များအတွင်း တတ်သိနားလည်ခဲ့သည်ထက် ဖေဖေချမ်း ...၏ အစည်းအဝေးတွေမှာ လိုက်ထိုင်သည့်အတွက် ရရှိသော

အသိပညာက ပိုများသည်။ မိုက် ဖေဖေက ကျောင်းပညာရေ
တတ်သူမဟုတ်။ သို့သော် ငွေကြေးပညာတတ်သည်။ ထို့ကြောင့်
သူ အောင်မြင်သည်။ ကြီးပွားချမ်းသာသည်။

"ဉာဏ်ရည်ရှိသူတစ်ယောက်ဟာ သူ့ထက် ဉာဏ်ရည်သာ
သူတွေကို ငှားပြီး သုံးတယ်ကွ"

ဤကား မိုက်ဖေဖေ ဖန်တစ်ရာတေအောင် ပြောခဲ့သည်
စကား။ သည်တော့ မိုက်နှင့်ကျွန်တော်သည် နာရီပေါင်းများစွ
ထိုသို့သော စကားများကို နားထောင်ခွင့်ရခဲ့၏။ ထိုသို့နားထော
ရင်း ဉာဏ်ရည်ကြီးသူများထံမှ သင်ယူဆည်းပူးခွင့်ရခဲ့သည်။

သည်အကြောင်းကြောင့်ပင် မိုက်ကော ကျွန်တော်
ကျွန်တော်တို့ဆရာ ဆရာမတွေ သင်ကြားပို့ချသည့် တရားသေ
အယူအဆကို လက်မခံနိုင်တော့။ ထို့ကြောင့် ပြဿနာ
ပေါ်လာခြင်းဖြစ်၏။ "မင်းတို့ စာမတော်ရင် လက်တွေ့လောက
အောင်မြင်မှာမဟုတ်ဘူး" ဟု ဆရာတစ်ယောက်က ပြော
မိုက်နှင့်ကျွန်တော်က မျက်ခုံးတွေပင့်တင်မိကြ၏။ သတ်မှတ်ထ
သော လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်လုပ်၊ စည်းမျဉ်းစည်း
များကို မသွေဖည်နှင့်ဟု ညွှန်ကြားခံရသောအခါ ကျောင်းစ
နည်းက ဆန်းသစ်တီထွင်ခြင်းကို အားမပေးကြောင်းသိမြင်လာ
၏။ စာသင်ကျောင်းတွေက ပုံဖော်ထုတ်လုပ်ပေးလိုက်သည်
အလုပ်ရှင်တွေမဟုတ်ဘဲ အလုပ်သမားတွေသာဖြစ်သည်
ဖေဖေချမ်းသာပြောလေ့ရှိသည်ကို ကျွန်တော့်တို့ နားလည်သ
ပေါက်စပြုလာသည်။

မိုက်နှင့်ကျွန်တော်က ဆရာတွေ ဆရာမတွေအား
အခွင့်သင့်တိုင်း မေးခွန်းတွေမေးကြ၏။ ကျောင်းမှာ ကျွန်တော်
သင်နေသည့်စာတွေကို လက်တွေ့ဘဝမှာ ဘယ်လိုအသုံးချ
မည်လဲ။ သို့မဟုတ် ငွေအကြောင်းနှင့် ငွေအလုပ်လုပ်ပုံအကြေ

ကြောင့် ကျွန်တော်တို့ မသင်ရသလဲ။ ဒုတိယမေးခွန်းနှင့် သက်၍ ကျွန်တော်တို့ မကြာမကြာ ကြားရသည့်အဖြေမှာ အရေးမကြီးကြောင်း၊ ကျွန်တော်တို့ စာတော်လျှင် ငွေကသူ့ အလျောက် လိုက်လာလိမ့်မည်ဖြစ်ကြောင်းပင်။

ငွေ၏ စွမ်းအားအကြောင်း ပိုသိလာလေ ဆရာ ဆရာမ အတန်းသူ အတန်းသားတွေနှင့် ကျွန်တော်တို့နှစ်ယောက် ပို၍အလှမ်းကွာလာလေဖြစ်တော့၏။

ပညာတတ်ဖေဖေက ကျွန်တော့်အား အတန်းထဲမှာ င့်ကောင်းကောင်းရအောင်ကြိုးစားဖို့ ဘယ်တော့မှ ဖိအား ဘာကြောင့်ရယ်တော့ ကျွန်တော်မသိ။ သို့သော် ငွေအ ကြောင်းနှင့် ပတ်သက်လာလျှင်တော့ ကျွန်တော်တို့နှစ်ယောက် နှန်စပြုလာပြီ။ ကျွန်တော် ၁၆ နှစ်သားလောက် ရောက်တော့ ကြေးအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်သည် ဖေဖေထက် မေမေ့ထက်ပါ နားလည်တတ်ကျွမ်းနေပြီဖြစ်၏။ ကျွန်တော် ရင်းတွေ ရေးဆွဲတတ်၏။ အခွန်စာရင်းကိုင်တွေ၊ ကုမ္ပဏီဥပဒေ ရှင်တွေ၊ ဘဏ်မန်နေဂျာတွေ၊ အိမ်မြေပွဲစားတွေ၊ ရင်းနှီးမြှုပ် တွေ ပြောကြဆိုကြ ဆွေးနွေးကြသည်ကို ကျွန်တော်နားထောင် ည်။ ပညာယူသည်။ ကျွန်တော့်ဖေဖေက ကျောင်းဆရာတွေနှင့်ပဲ ားပြောသည်။


တစ်နေ့တွင် ပညာတတ်ဖေဖေက သူ့အိမ်သည် အတွက် အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ကြောင်း ပြသည်။ အိမ်တစ်လုံးသည် အကောင်းစားရင်းနှီးမြှုပ်နှံမှုဟု င်ကြောင်း ကျွန်တော်ရှင်းပြသောအခါ သိပ်ပြီး နှစ်လိုဖွယ် ကောင်းသော အငြင်းအခုန်တစ်ပွဲဖြစ်ပေါ်ခဲ့လေသည်။

အောက်ဖော်ပြပါပုံသည် သူတို့အိမ်တွေနှင့်ပတ်သက်၍ ဖေချမ်းသာနှင့် ဖေဖေနွမ်းပါးတို့အမြင်ချင်းမတူပုံကို တင်ပြ

ထား၏။ ဖေဖေတစ်ယောက်က သူ့အိမ်သည် ရပိုင်ခွင့်ဟု ထ
သည်။ နောက်ဖေဖေတစ်ယောက်က သူ့အိမ်သည် ပေးရန်တာ
ဟုယူဆသည်။

| | | |
|---|---|---|
| ဖေဖေချမ်းသာ | ရပိုင်ခွင့် | ပေးရန်တာဝန် အိမ် |
| ဖေဖေနွမ်းပါး | ရပိုင်ခွင့် အိမ် | ပေးရန်တာဝန် |

ငွေသားစီးဆင်းမှုလမ်းကြောင်းကို ပြလိုသည့်အ
အောက်ဖော်ပြပါပုံကို ဆွဲပြခဲ့ကြောင်း ကျွန်တော်သတိရနေ၏
တစ်လုံးပိုင်ဆိုင်သည့်အတွက် ပေါ်ပေါက်လာမည့် ဖြည့်စွက်
စရိတ်များအကြောင်း ကျွန်တော်ပြောပြခဲ့၏။ အိမ်ကြီးကြီးပို
ကုန်ကျစရိတ်ပိုကြီးလေ။ ထိုအခါ ငွေသားသည် အသုံး
ကော်လံမှ တစ်ဆင့် တသွင်သွင်စီးထွက်နေလေတော့၏။




အိမ်တစ်လုံးသည် တကယ်တမ်းတွင် ရပိုင်ခွင့်မဟုတ်ဆို ည့် အယူအဆကို ယနေ့ထက်တိုင် ကျွန်တော်စွဲကိုင်ထားဆဲ ခုန်နေဆဲဖြစ်၏။ လူတော်တော်များများအတွက် ကိုယ်ပိုင်အိမ် စ်လုံးဆိုသည်မှာ သူတို့၏ စိတ်ကူးယဉ် အိပ်မက်တစ်ခုဖြစ်သလို ကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုလည်းဖြစ်ကြောင်း ကျွန်တော်သိပါ ည်။ နောက်ပြီး ကိုယ်ပိုင်အိမ်တစ်လုံးရှိခြင်းထက် ပိုပြီး စိတ်ချမ်း ာစရာကောင်းတာ ဘာမျှမရှိ။ ကျွန်တော်ကတော့ ဤခေတ်သစ် ခဲ့ကို နောက်ထပ် အမြင်တစ်မျိုးဖြင့် ကြည့်ဖို့ အဆိုပြုချင်သည်။ ျွန်တော်တို့ လင်မယားအနေဖြင့် ပိုကြီးပြီး ပိုခမ်းနားထည်ဝါသည့် အိမ်တစ်လုံးဝယ်မည်ဆိုလျှင် ၎င်းအိမ်သည် ကျွန်တော်တို့အတွက်

ရပိုင်ခွင့်မဟုတ်ဘဲ ပေးရန်တာဝန်သာ ဖြစ်မည်ဆိုတာ နားလည်
သဘောပေါက်နေ၏။ အကြောင်းမှာ ၎င်းအိမ်က ကျွန်တော်တို့
အိတ်ထဲမှ ပိုက်ဆံတွေကို ကဲ့ယူသွားမည်ဖြစ်သောကြောင့်ပင်။

သည်တော့ကျွန်တော်ဆင်ခြေတစ်ခု တင်ပြပါမည်။ သည်
ဆင်ခြေကို လူများစုက သဘောတူမည်ဟု မမျှော်လင့်ပါ။ ဘာ
ကြောင့်ဆို ကိုယ်ပိုင်အိမ်ဆိုသည်မှာ စိတ်ခံစားချက်နှင့် ပတ်သက်
သောပစ္စည်းဖြစ်သောကြောင့်ပင်။ ငွေကြေးနှင့်ပတ်သက်ပြီး ပြော
လျှင် စိတ်ခံစားချက်ပြင်းထန်ခြင်းက ငွေရေးကြေးရေး အသိဉာဏ်
ကို အားနည်းစေ၏။ ငွေကြေးက ဆုံးဖြတ်ချက်တိုင်းကို စိတ်ခံစား
ကဲအောင် လုပ်နိုင်စွမ်းရှိကြောင်း ကိုယ်တွေ့အတွေ့အကြုံများအရ
ကျွန်တော်သိနေပါသည်။

၁။ လူတွေသည် သူတို့မပိုင်ဆိုင်သည့် အိမ်တစ်လုံးအတွက် တ
သက်လုံး အလုပ်လုပ်ပြီး ပေးဆပ်နေရ၏။ တစ်နည်း
သော် လူများစုသည် နှစ်ပေါင်းတော်တော်ကြာသွားပြီး
တိုင်း အိမ်တစ်လုံးဝယ်၏။ တစ်ကြိမ်ဝယ်တိုင်း ပထမ အိ
ကြွေးကို ဆပ်ဖို့ နှစ် ၃၀ ဆပ် ချေးငွေအသစ်ကို ချေ
သည်။ သည်တော့ ကြွေးကတင်ပြီးရင်းတင်နေပြီ အိမ်
မကျေသဖြင့် ၎င်းအိမ်ကို မိမိပိုင်သည်ဟု ပြောလို့မရ

၂။ အိမ်ပေါင် ချေးငွေပေးဆပ်ရန် အခွန်အခနုတ်ပြီးသ
ငွေပမာဏပေါ်မှာသာ အတိုးပေးရမည်ဆိုသည့်တိုင် အ
အသုံးစရိတ်အားလုံးကိုလည်း အခွန်အခနုတ်ပြီးသ
ငွေဖြင့်ပင် ပေးချေရပါသည်။

၃။ အိမ်ခွန်၊ မြေခွန်များ။ ကျွန်တော့်ဇနီး၏ မိဘများသ
သူတို့၏ အိမ်ခွန်တစ်လဒေါ်လာ ၁,၀၀၀ ဖြစ်လာသော
မျက်ကလူးဆန်ပျာဖြစ်သွားကြ၏။ ထိုသို့ဖြစ်လာခြင်
သူတို့ အငြိမ်းစားယူပြီးမှဖြစ်ရာ သူတို့၏ အငြိမ်းစား

ငွေကလေးကို လာထိခိုက်တော့၏။ သို့ဖြင့် သူတို့မှာ သည်အိမ်မှ ပြောင်းရွှေ့ရမလိုဖြစ်နေတော့၏။

အိမ်တွေသည် အမြဲတစေ တန်ဖိုးတက်မနေပါ။ ၁၉၉၇ ခုနှစ်ထဲတွင် အိမ်တစ်လုံးအတွက် ဒေါ်လာ တစ်သန်းလောက်ကြွေးတင်နေသော ကျွန်တော့်မိတ်ဆွေများသည် ယနေ့ ၎င်းအိမ်ကို ပြန်ရောင်းဖို့ စိတ်ကူးသောအခါ ဒေါ်လာ ၇၀၀,၀၀၀ ပဲ ရမည်ဖြစ်၏။

အကြီးမားဆုံး ဆုံးရှုံးမှုများမှာ အခွင့်အလမ်းများ လက်လွတ်ဆုံးဖြစ်၏။ သင့်မှာရှိရှိသမျှငွေကို အိမ်ဝယ်ဖို့စိုက်ထုတ်ထားလျှင် အသုံးစရိတ်တွေကာမိဖို့ သင်ဆတက်ထမ်းပိုးကြိုးစားအလုပ်လုပ်ရတော့မည်။ သင်၏ ရပိုင်ခွင့်ကော်လံမှာ သင်ပိုင်ပစ္စည်းတွေ တိုးလာရမည့်အစား အသုံးစရိတ်ကော်လံမှာသာ ငွေသားတွေ စီးထွက်နေလိမ့်မည်။ ဤကားလူလတ်တန်းစားများ ကြုံတွေ့နေကျ ငွေသားစီးဆင်းမှုပုံစံဖြစ်၏။

အကယ်၍လူငယ်လူရွယ် ဇနီးမောင်နှံသည် သူတို့၏ ရပိုင်ခွင့်ကော်လံထဲမှာ စောစောစီးစီးငွေပိုထည့် ရင်းနှီးထားလျှင် နောက်ပိုင်းနှစ်များတွင် သူတို့ဘဝအဆင်ပြေလွယ်ကူလာပေမည်။ အထူးသဖြင့် သူတို့၏ ကလေးတွေကို တက္ကသိုလ်သို့ ပို့ချိန်မျိုးမှာ ဖြစ်၏။ သူတို့၏ ရပိုင်ခွင့်များသည် ကြီးထွားလာပြီး အသုံးစရိတ်များကို ကာမိစေမည်ဖြစ်၏။ အိမ်တစ်လုံးသည် အပေါင်ထား၊ ငွေချေးပြီး ခေါင်းခိုက်လာသည့် စရိတ်စခများပေးချေရုံလောက်သာ အသုံးကျလေ့ရှိပါသည်။

စာရင်းချုပ်ကြည့်လိုက်သော် စောစောစီးစီး ရင်းနှီးမြှုပ်နှံမထားဘဲ အိမ်တစ်လုံးပိုင်ဆိုင်ဖို့ ဆုံးဖြတ်ခြင်းသည် တစ်ဦး

တစ်ယောက်၏ ဘဝကို အကျိုးသက်ရောက်စေ၏။ အနည်းဆုံး
အောက်ဖော်ပြပါ နည်းသုံးနည်းဖြင့် အကျိုးသက်ရောက်စေ
သည်။

၁။ အချိန်ရှုံးသည်။ ထိုအချိန်အတွင်း အခြားရပိုင်ခွင့်များသည်
တန်ဖိုးတက်လာနိုင်၏။

၂။ ထပ်ဆောင်း အရင်းအနှီးရှုံးသည်။ အိမ်နှင့်တိုက်ရိုက်ပ
သက်သည့် ပြုပြင်ထိန်းသိမ်းစရိတ်များ ကုန်နေသ
အတွက် မိမိထပ်ဆောင်းနိုင်သည့် အရင်းအနှီးငွေ
ရပိုင်ခွင့်များဝယ်ယူမြှုပ်နှံခြင်းမပြုနိုင်တော့။


၃။ အသိပညာရှုံးသည်။ လူများစုသည် သူတို့၏ ရပိုင်ခ
ကော်လံထဲတွင် အိမ်၊ စုငွေနှင့် အငြိမ်းစားစုငွေများ
ထည့်သွင်းထားလေ့ရှိ၏။ သူတို့မှာ ငွေမရှိသည့်အတ
ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ကြ။ ထိုအခါ ရင်းနှီးမြှုပ်နှံမှု အ
အကြုံမရှိတော့။ ထို့ကြောင့် သူတို့သည် 'ခေတ်မီရင
မြှုပ်နှံသူ' ဟူ၍ ဖြစ်မလာတော့ပေ။ အကောင်းဆုံးရ
မြှုပ်နှံမှုများသည် 'ခေတ်မီ ရင်းနှီးမြှုပ်နှံသူများ' လက်
ဦးစွာရောက်၏။ သူတို့ကမှတစ်ဆင့် အန္တရာယ်
ဘေးကင်း အလုပ်လုပ်လိုသူများအား ပြန်လည်ရောင်
လေသည်။

ကျွန်တော်က အိမ်တစ်လုံးမဝယ်နှင့်ဟု ပြော
မဟုတ်ပါ။ ရပိုင်ခွင့်နှင့် ပေးရန်တာဝန် ခြားနားချက်ကို သိ
ပြောနေခြင်းသာဖြစ်၏။ ကျွန်တော်ကတော့ ပို၍ ကြီးကျယ်
သော အိမ်ကြီးတစ်လုံးဝယ်ချင်ပြီဆိုလျှင် အိမ်အသုံးစရိ
ပေးချေရန် ငွေထွက်လာမည့် ရပိုင်ခွင့်များကို ဦးစွာ ဝယ်
ဖြစ်ပါသည်။

ကျွန်တော့်ပညာတတ်ဖေဖေ၏ ငွေစာရင်းရှင်း


ကြည့်လျှင် ကြွက်ပြေးလမ်းပေါ် ရောက်နေသူတစ်ဦး၏ ဘဝသည် ...ောင်းကောင်းကြီးပေါ် လွင်နေ၏။ သူ့အသုံးစရိတ်များက သူ့ ...င်ငွေနောက်မှ ကပ်လိုက်နေပုံရ၏။ သည်တော့ သူ့မှာ ရပိုင်ခွင့် များထဲမှာ ရင်းနှီးမြှုပ်နှံဖို့ ငွေပိုငွေလျှံရယ်လို့မရှိတော့။ ရလဒ် ...တော့ သူ၏ ပေးရန်တာဝန်များသည် သူ့ရပိုင်ခွင့်များထက် များပြားနေတော့၏။ အောက်ပါပုံသည် စကားလုံးတွေ ထောင် ...ောင်းမကထက်ပိုပြီး ထိရောက်ပါသည်။

...တတ်ဖေဖေ၏
...ငွေစာရင်းရှင်းတမ်း





ဖေဖေချမ်းသာ၏ငွေစာရင်းရှင်းတမ်းကတော့ ရင်းနှီးမြှုပ် ...တို့ ဦးစားပေးပြီး ပေးရန်တာဝန်များ နည်းနိုင်သမျှ နည်း ...အောင် လျှော့ချထားခြင်းမှ ထွက်ပေါ်လာသော ဘဝအနေအထား ... ထင်ဟပ်ပြနေ၏။

ဖေဖေချမ်းသာ၏
ငွေစာရင်းရှင်းတမ်း





ဖေဖေချမ်းသာ၏ ငွေစာရင်းရှင်းတမ်းကို လေ့လာ
သပ်လျှင် ဘာကြောင့်ချမ်းသာသူတွေ ပိုပြီးချမ်းသာလာကြော
သိမြင်နိုင်၏။ ရပိုင်ခွင့် ကဏ္ဍက ထုတ်လုပ်ပေးသည့်ငွေအ
ဝင်ငွေကဏ္ဍသို့ ဝင်သည်။ ၎င်းငွေပမာဏသည် အသုံးစရိတ်များ
ကာမိ၏။ ပိုငွေကို ရပိုင်ခွင့်ကဏ္ဍတွင် ပြန်လည်ရင်းနှီးမြှုပ်
အဓိပ္ပာယ်ကတော့ ပိုငွေဖြင့် အကျိုးပွားမည့် ပစ္စည်းများ
ဝယ်ယူ၏။ ထိုအခါ ရပိုင်ခွင့်များ တိုးပွားများပြားလာပြီး ယင်း
ဖော်ထုတ်ပေးသည့် ဝင်ငွေများလည်း တိုးပွားများပြားလာ

ရလဒ်ကတော့ ချမ်းသာသူတွေ ပိုပြီးချမ်းသာလာ




လူလတ်တန်းစားများသည် ငွေကြေးကျပ်တည်းသည့် အနေအထားမျိုးကို အမြဲကြုံတွေ့နေရ၏။ သူတို့၏ အဓိကဝင်ငွေ ာ လခဖြစ်၏။ လခတိုးလာတော့ တစ်ဖက်က အခွန်အခတွေ ည်း တိုးလာသည်။ ဝင်ငွေတိုးလာသည်နှင့် အချိုးညီစွာ အသုံး ရိတ်တွေ တိုးလာဖို့လည်း အလားအလာရှိ၏။ သည်တော့ငွေရေး ကြေးရေးအရ လုံးလည်ချာလည်လိုက်နေတော့၏။ သူတို့က ဝင်ငွေ ပေါ်လာမည့် ရပိုင်ခွင့်များကို ဝယ်ယူရင်းနှီးမြှုပ်နှံမည့်အစား သူတို့၏ ကိုယ်ပိုင်အိမ်ကို ရပိုင်ခွင့်ဟုသဘောထားကြသည်။

လူလတ်တန်းစားတွေ ဘာကြောင့် ငွေရေးကြေးရေး လုံးချာလည်သလဲ




သင့်အိမ်အား ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဟု သဘောထားခြ
နှင့် လခတိုးသည့်အတွက် ပို၍ကြီးသော အိမ်တစ်လုံးဝယ်နိုင်မ
သို့မဟုတ် ငွေပိုသုံးနိုင်မည်ဟူသော အတွေးအခေါ်တို့သည် ယ
ကြွေးပတ်လည်ဝိုင်းနေသော လူ့အဖွဲ့အစည်းကြီး၏ အခြေ
အုတ်မြစ်ဖြစ်နေ၏။ လူတွေသည် သူတို့၏ ရုံးများ၊ ဌာနများတွ
ရာထူးတိုးကြ၏။ လစာတွေ တိုးရကြ၏။ လစာတိုးသည့်အတွ
ငွေပိုသုံးကြ၏။ ကြွေးပိုတင်ကြ၏။ ငွေရေး ကြေးရေး မတည်ငြိ
နှင့် ပိုကြုံကြ၏။ ဤကား ငွေရေး ကြေးရေး အခြေခံပညာအားန
သည့်အတွက်ဖြစ်ပေါ်လာသော အန္တရာယ်ကြီးသည့် နေမှုပုံစံ
လေသည်။

လူလတ်တန်းစားတွေ ဘယ်လောက်ထိ ငွေရေး ကြေး
တည်ငြိမ်မှုမရှိသလဲဆိုသည်ကို ၁၉၉၀ ပြည့်လွန်နှစ်များအတ
စီးပွားရေးလုပ်ငန်းများ ချုံ့ချမှုကြောင့် ပေါ်ပေါက်လာခဲ့သေ

အလုပ်ပြုတ်မှုများ၊ လူလျှော့ခံရမှုများက ဖော်ပြနေ၏။ သည်တော့ လူလတ်တန်းစားများထဲတွင် ထိတ်လန့်ချောက်ချားမှုက အမြဲတစေ ဖြစ်ပေါ်နေ၏။

ယခုခေတ်အခါမှာတော့ လူလတ်တန်းစားများက အကျိုးတူရန်ပုံငွေများထည့်ဝင်နေကြပြီ။ အကျိုးတူအပ်နှံငွေများ ခေတ်စားလာရခြင်းမှာ သည်လုပ်ငန်းများက လုံခြုံစိတ်ချရသည်ဟု ယူဆကြသောကြောင့်ဖြစ်၏။ ယနေ့ခေတ်လူလတ်တန်းစားများ သည် ကိုယ့်အလုပ်နှင့်ကိုယ်၊ ကိုယ့်ကြွေးများနှင့်ကိုယ် ချာလည်လည် နေ၏။ မိမိတို့ငွေကို ဘယ်နည်းဘယ်ပုံရင်းနှီးမြှုပ်နှံမည်လဲဆိုတာ လေ့လာနိုင်၊ အချိန်မပေးနိုင်။ သည်တော့ အကျိုးတူစီးပွားရေး လုပ်ငန်းများမှ ကျွမ်းကျင်သူများကိုပဲ အားကိုးအားထားပြုကြတော့ ၏၊ အကျိုးတူစီးပွားရေးလုပ်ငန်း ကုမ္ပဏီတစ်ခုတွင် မျိုးမတူ လုပ်ငန်းခွဲပေါင်းများစွာရှိသည့်အတွက် 'စိတ်ချ'ရသည်ဟု ယူဆ ကြ၏။

ပညာတတ်လူလတ်တန်းစားများက မျိုးမတူလုပ်ငန်းခွဲ အယူအဆကို စွဲမက်နေသည်မှာ အကျိုးတူလုပ်ငန်းပွဲစားများ၊ ငွေကြေးစီမံကိန်းမှူးများ လွှင့်ထုတ်လိုက်သော စိတ်ကူးကို နှစ်သက် ကြသောကြောင့်ဖြစ်၏။ ၎င်းစိတ်ကူးမှာသေချာရေရာသည့် အလုပ် ကိုလုပ်၊ အရဲကိုးစွန့်စားရခြင်းကိုရှောင်ဟူ၍ဖြစ်၏။

အမှန်တော့ ယေဘုယျလူလတ်တန်းစားများ ရင်ဆိုင်ရ သည့်အန္တရာယ်များဖြစ်ပေါ်လာရသည်မှာ ငွေရေး ကြေးရေး အခြေခံပညာကို စောစောစီးစီးမသင်ယူမလေ့လာခဲ့သောကြောင့် ဖြစ်၏။ သူတို့က အန္တရာယ်ကင်း ဘေးရှင်း အလုပ်ကို လုပ်ချင်ကြ ၏၊ ဘာ့ကြောင့်ဆို သူတို့၏ ငွေရေး ကြေးရေး အခြေအနေများ သည် အာမခံချက် နည်းလွန်းသောကြောင့်ပင်။ သူတို့၏ လက်ကျန် ရှင်းတမ်းများတွင် လက်ကျန်ရယ်လို့မရှိ၊ သူတို့မှာ ဝင်ငွေဖြစ်ပေါ် စေမည့် ရပိုင်ခွင့် (ရင်းနှီးမြှုပ်နှံပစ္စည်း) အစစ်အမှန်များမရှိဘဲ

ပေးရန်တာဝန် (အကြွေး) များသာ ရှိနေသည်။ သမားရိုးကျအား ဖြင့် သူတို့၏တစ်မျိုးတည်းသော ဝင်ငွေမှာ လခဖြစ်၏။ သူတို့ဘဝ သာယာစိုပြည်ရေးအတွက် သူတို့၏ အလုပ်ရှင်ပေါ် မှာသာ လုံးဝ မှီခို အားထားနေကြရသည်။

သည်တော့ တစ်သက်တာအတွင်း 'ရတောင့်ရခဲအခွင့် အလမ်းကြီးများ' ပေါ်ပေါက်လာသောအခါ မိုးရွာတုန်း ရေခံခြင်း အမှုကို မပြုနိုင်ကြတော့ပေ။ သူတို့သည် အလုပ်ကို ခါးကျိုးအောင် ကျုံးလုပ်နေကြရသည်။ အခွန်အကောက်တွေ ပေးနေကြရသည်။ နောက်ပြီး ကြွေးတွေထဲတွင် လည်ပင်းထိနစ်နေကြသည်။ သည်တော့သူတို့သည် အန္တရာယ်ကင်းဘေးရှင်းအလုပ်ကိုပဲ လုပ်ကြ ရတော့၏။

ဤအခန်းအစပိုင်းတုန်းက ကျွန်တော်ပြောခဲ့သည့်အတိုင်း အရေးအကြီးဆုံး ဥပဒေသမှာ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်၏ ခြားနားချက်ကို ခွဲခြားသိမြင်သဘောပေါက်ထားဖို့ပင်ဖြစ်ပါသည်။ ခြားနားချက်ကို သိမြင်သဘောပေါက်သည်နှင့် ဝင်ငွေရမည့် ရပိုင်ခွင့်များကိုသာ ဝယ်ယူဖို့ အာရုံစိုက်ပါလေ။ ချမ်းသာကြွယ် ရေးသို့စတင်လျှောက်လှမ်းရမည့် လမ်းကြောင်းတွင် သည်လမ်း ကြောင်းက အကောင်းဆုံးဖြစ်ပါသည်။

ဤကျင့်စဉ်ကို တစိုက်မတ်မတ်ကျင့်သုံးပါ။ သင်၏ ရပိုင် ခွင့်ကဏ္ဍသည် ကြီးထွားလာပါလိမ့်မည်။ ပေးရန်တာဝန်များနှင့် အသုံးစရိတ်များနည်းနိုင်သမျှနည်းအောင် ထာဝစဉ်အလေးထား သို့မှ ရပိုင်ခွင့်ကဏ္ဍထဲသို့ ငွေထပ်လောင်းပြီး တိုးပွားအောင် လုပ်နိုင်ပါမည်။ မကြာမီအတွင်းရပိုင်ခွင့်ကဏ္ဍမှာ ခိုင်မာမြဲမြံ သည့်အတွက် အခွင့်အလမ်းပိုကောင်းသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များကို သင်လှမ်းမျှော်ကြည့်နိုင်လာပါလိမ့်မည်။ တစ်ရာရင်းလျှင် တစ်ရာမြတ်သော၊ တစ်ရာရင်းလျှင် တစ်ရာထက်မကအတိုင်းအဆ မရှိ မြတ်နိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သင်လှမ်း

ကြည့်နိုင်လာပါလိမ့်မည်။ လူလတ်တန်းစားများက 'အရဲကိုးရလွန်းသည်' ဆိုသော ရင်းနှီးမြှုပ်နှံမှုများဖြစ်၏။ စင်စစ်ရင်းနှီးမြှုပ်နှံခြင်းသည် အရဲကိုးခြင်းမဟုတ်။ တစ်ဦးတစ်ယောက်အတွက် 'အရဲကိုးလွန်းခြင်း' ဖြစ်ပေါ်နေသည်မှာ ငွေရေး ကြေးရေး အခြေခံပညာက အစပြုသည့်ငွေရေး ကြေးရေးအသိပညာ ခေါင်းပါးသောကြောင့်သာဖြစ်ပါသည်။

သင်သည် ရောယိမ်းလိုက်ဘသားယိမ်းလိုက်စိတ်ဓာတ်ဖြင့် အများသူငါနည်းတူ လိုက်လုပ်နေလို့ကတော့ သင့်ငွေရေး ကြေးရေး အခြေအနေသည် အောက်ပါပုံအတိုင်း ဖြစ်လာပါလိမ့်မည်။

| | |
|---|---|
| ဝင်ငွေ | အလုပ်ရှင်အတွက် အလုပ်လုပ်ပေး |
| ထွက်ငွေ | အစိုးရအတွက် အလုပ်လုပ်ပေး |

| ရပိုင်ခွင့် | ပေးရန်တာဝန် |
|---|---|
| | ဘဏ်အတွက် အလုပ်လုပ်ပေး |

သင်သည်ကိုယ်ပိုင်အိမ်တစ်လုံးပိုင်သော လခစားဝန်ထမ်း တစ်ဦးဖြစ်နေလျှင် သင်၏ အလုပ်အကိုင်ကြိုးပမ်းအားထုတ်မှုများ သည် ယေဘုယျအားဖြင့် အောက်ပါအတိုင်းဖြစ်နေပါလိမ့်မည်

၁။ သင်သည်တစ်စုံတစ်ဦးအတွက် အလုပ်လုပ်ပေးနေရသည် လူများစုသည် လခရဖို့အလုပ်လုပ်နေသည်ဖြစ်ရာ သူ သည် အလုပ်ရှင် သို့မဟုတ် ကုမ္ပဏီအစုရှယ်ယာရှင်များ ပိုပြီးချမ်းသာလာအောင် အလုပ်လုပ်ပေးနေခြင်းဖြစ်၏ သင့်အားထုတ်မှုများနှင့် အောင်မြင်မှုများသည် အလုပ် ၏ အောင်မြင်မှုနှင့် အငြိမ်းစားယူနိုင်ရေးကို ဆောင်ရွ ပေးနေ၏။

၂။ သင်သည်အစိုးရအတွက် အလုပ်လုပ်ပေးနေရသည် သင့်လခကို သင်မမြင်ရမီကတည်းက အစိုးရက သူ့ဝေစု ဖြတ်ယူထားပြီးဖြစ်၏။ သင်ပိုပြီး အလုပ်ကြိုးစားခြင်း အစိုးရအား အခွန်အခများ ပိုပြီးပေးရပါသည်။

၃။ သင်သည်ဘဏ်အတွက် အလုပ်လုပ်ပေးနေရသည်။ အ အကောက်များ ပြီးလျှင် နောက်ထပ်အများဆုံး ပေးရသ ထွက်ငွေမှာ ဘဏ်စရိတ်များ ဘဏ်တိုးများဖြစ်၏။

သင်သည် အလုပ်ကို ပိုပြီး ကြိုးစားအားထုတ်ထု သက်သက်ဆိုလျှင်တော့ သင့်အားထုတ်မှုက ရလာသော အ အမြတ်ကို အထက်ဖော်ပြပါ အဆင့်သုံးဆင့်က ပိုပြီးခွဲဝေယူ မည်သာ ဖြစ်၏။ သည်တော့သင်၏ ပိုမိုကြိုးစားအားထုတ် ကြောင့် ရလာသောအကျိုးအမြတ်ကို သင်နှင့်သင့်မိသ တိုက်ရိုက်ခံစားခွင့်ရအောင် သင်ယူလေ့လာဖို့လိုအပ်၏။

ကိုယ့်စီးပွားရေးကို အာရုံစိုက်မည်ဟု ဆုံးဖြတ်ပြီးသ ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ရပါတော့မည်။ ဘယ်လို

ည်လဲ။ လူများစုအတွက်တော့ သူတို့ဝင်ငွေရနေသည့် လက်ရှိ လုပ်ကိုင်အလုပ်ကို ဆက်လုပ်၊ လခကို အားထားပြီး ရပိုင်ခွင့်များ (ဝင်ငွေရမည့်ကိုယ်ပိုင်ပစ္စည်းများ) ဝယ်ယူစုဆောင်းရပါမည်။

သူတို့၏ ရပိုင်ခွင့်တွေ တိုးတက်များပြားလာပြီဆိုပါစို့။ သူတို့ကြွယ်ဝမှုအတိုင်းအတာကို ဘယ်လိုတိုင်းတာမည်လဲ။ သူတို့ ချမ်းသာနေပြီ၊ ဓနဥစ္စာကြွယ်ဝနေပြီဟု သူတို့ကိုယ်သူတို့ ဘယ်အချိန် ဘယ်အခါမျိုးမှာ သတ်မှတ်မည်လဲ။

ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့် ပတ်သက်၍ ကျွန်တော့်ကိုယ်ပိုင် အဓိပ္ပာယ်ဖွင့်ချက်များရှိသလို ကြွယ်ဝမှုနှင့် ပတ်သက်၍လည်း ကျွန်တော့်ကိုယ်ပိုင် အဓိပ္ပာယ်ဖွင့်ချက်ရှိပါသည်။ စင်စစ်သည်အဓိပ္ပာယ်ဖွင့်ချက်ကို ဘတ်မင်စတာ (Buckminster Fuller) ဆိုသည့် ပုဂ္ဂိုလ်တစ်ဦးထံမှ ငှားယူသုံးစွဲခြင်းပါ။ သည်ပုဂ္ဂိုလ်ကြီးကို တချို့က တတ်ယောင်ကားကြီးဟု သမုတ်ပြီး တချို့ကတော့ သက်ရှိထင်ရှားပါရမီရှင်ကြီးဟု သတ်မှတ်၏။ သူ့စကားကို စဖတ်ကြည့်စဉ်ကတော့ တော်တော်လေး ခေါင်းနောက်ချာချာလည်သည်။ သို့သော် တော်တော်လေးကြာလာတော့ တော်တော်လေးအဓိပ္ပာယ်ရှိလာသည်။

ကြွယ်ဝမှုဆိုသည်မှာ ရှေ့ဆက်ပြီး ရက်ပေါင်း ဘယ်လောက်ကြာကြာ ရှင်သန်ရပ်တည်နိုင်မည်လဲဆိုသည့် လူတစ်ယောက်၏ စွမ်းရည်ဖြစ်၏။ သို့မဟုတ် ကျွန်တော်ယနေ့ကစပြီး အလုပ်မလုပ်တော့ဘူးဆိုလျှင် အလုပ်မလုပ်ဘဲ ဘယ်လောက်ကြာအောင် ရှင်သန်ရပ်တည်နိုင်မည်လဲဆိုသည့် အနေအထားဖြစ်၏။

ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအကြား ခြားနားချက်ဖြစ်သော အသားတင်တန်ဖိုး (ရပိုင်ခွင့်များ - ပေးရန်တာဝန်များ = အသားတင်တန်ဖိုး) နှင့်မတူဘဲ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်က ကြွယ်ဝမှုကို မှန်ကန်စွာ တိုင်းတာပေးနိုင်၏။ (အသားတင်တန်ဖိုးများသည်

တစ်ခါတစ်ရံတွင် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ရှိ တတ်၏။
အသားတင်တန်ဖိုး တွက်ချက်ရာ၌ ငွေဖြစ်မလာသော ရပိုင်ခွင့်များ
ပါဝင်နေတတ်၏။ ကြွယ်ဝမှုကို အမှန်တကယ် တိုင်းတာပေးနိုင်
သည်မှာ သင်၏ ငွေရေး ကြေးရေး ရှင်သန်ရပ်တည်နိုင်အောင်
သင့်ငွေက သင့်အား ဘယ်အတိုင်းအတာထိ အလုပ်လုပ်ပေး
သလဲဆိုသည့် အနေအထားပင်ဖြစ်၏။

ကြွယ်ဝမှုဆိုသည်မှာ ရပိုင်ခွင့်ကဏ္ဍမှ စီးဆင်းလာ
ငွေသားနှင့် အသုံးစရိတ်များကွာခြားချက်ကိုခေါ်သည်။

ဥပမာတစ်ခုကြည့်ကြရအောင်။ ရပိုင်ခွင့်ကဏ္ဍမှ စီးဆ
လာသောငွေသားပမာဏသည် တစ်လလျှင် ဒေါ်လာ ၁,၀၀၀ ဆို
စို့။ ကျွန်တော့်လစဉ်အသုံးစရိတ်မှာ ဒေါ်လာ ၂,၀၀၀ ဖြစ်နေလျှ
ကျွန်တော့်ကြွယ်ဝမှုအခြေအနေမည်သို့ရှိမည်လဲ။

ဘတ်မင်စတာဖူလာ၏ အဓိပ္ပာယ်ဖွင့်ချက်အတိုင်း
ကြည့်မည်ဆိုလျှင် ကျွန်တော် ဘယ်လောက်ကြာကြာ ရှေ့ဆ
ရပ်တည်နိုင်မည်လဲ။ ရက်ပေါင်း ၃၀ ရှိသည့် လတစ်လတွ
ကျွန်တော့်ငွေသားစီးဆင်းမှုသည် ၁၅ ရက်သာခံနိုင်ပေမည်။

ကျွန်တော့်ငွေသားစီးဆင်းမှုသည် တစ်လ ဒေါ်လ
၂,၀၀၀ ဆိုလျှင်တော့ ကျွန်တော် ကြွယ်ဝပေလိမ့်မည်။

ကျွန်တော်ကြွယ်ဝနေပြီ။ သို့သော် မချမ်းသာသေ
ကျွန်တော့်အသုံးစရိတ်များကို ကာမိစေလောက်သည့် ငွေသားသ
ကျွန်တော့်ရပိုင်ခွင့်ကဏ္ဍမှ စီးဝင်နေပြီ။ ကျွန်တော်ယခုထက်ပို
သုံးစွဲလိုလျှင် ရပိုင်ခွင့်ကဏ္ဍမှ စီးဝင်မည့် ဝင်ငွေတိုးမြင့်လာအေ
ဦးစွာ ကြိုးဆောင်ရပါမည်။ သို့မှ လက်ရှိ ကြွယ်ဝမှုအနေအထ
ကို ထိန်းထားနိုင်မည်ဖြစ်၏။

ကျွန်တော်၏ နောက်တစ်ဆင့် ရည်မှန်းချက်ပန်းတိုင်
ပိုလျှံသည့်ငွေသားကို ရပိုင်ခွင့်ကဏ္ဍတွင် ထပ်ဆင့်ရင်းနှီးမြှုပ်

ရပါမည်။ ရပိုင်ခွင့်ကဏ္ဍထဲသို့ ငွေသားများများဝင်လေ ရပိုင် ကဏ္ဍပိုပြီး ကြီးထွားရှင်သန်လာလေဖြစ်၏။ ရပိုင်ခွင့်တွေ ကြီး ရှင်သန်လေ ငွေသားစီးဝင်မှု များပြားလာလေဖြစ်၏။ အသုံး သည် ငွေသားစီးဝင်မှုထက် လျော့နည်းနေသရွေ့ ကာလပတ် ကျွန်တော်ပိုပြီး ချမ်းသာလာပေတော့မည်။

ထိုကဲ့သို့ ထပ်ဆင့်ရင်းနှီးမြှုပ်နှံမှု လုပ်နည်းစဉ်ကို ဆက် ဆက်ကာကျင့်ကြံလျှင် ကျွန်တော်ကြီးပွားချမ်းသာရေး လမ်း င်းပေါ် ရောက်နေလေပြီ။ ချမ်းသာခြင်း၏ အဓိပ္ပာယ်ဖွင့် အစစ်အမှန်သည် ကာယကံရှင်ပေါ်မှာပဲ မူတည်သည်။ သင် တော့မျှ အလျှံပယ် ချမ်းသာကြွယ်ဝသည်ဟူ၍ မရှိပါချေ။

အောက်ဖော်ပြပါ ရိုးရိုးရှင်းရှင်းအတွေးအမြင်ကလေးကို သွင်းထားပါလေ။

ချမ်းသာသူတွေက ရပိုင်ခွင့်များကို ဝယ်ယူသည်။

ဆင်းရဲသူတွေမှာ အသုံးစရိတ်တွေသာရှိ၏။

လူလတ်တန်းစားများက ရပိုင်ခွင့်များဟု သူတို့ထင်နေ ပေးရန်တာဝန်များကို ဝယ်ယူကြ၏။ သည်တော့ ကိုယ့် ကိုယ်ဘယ်လို စလုပ်မည်လဲ။ အဖြေက ဘယ်လိုလဲ။ မက် သားရေစာလုပ်ငန်း စတင်တည်ထောင်ခဲ့သူ၏ စကားကို င်ကြည့်ပါလေ။

■

# အခန်း [ ၄ ]
## သင်ခန်းစာ ၃
## ကိုယ့်အလုပ်ကိုယ်လုပ်

ထောင့်ကိုးရာခုနစ်ဆယ့်လေးခုနှစ်ထဲတွင် မက်ဒေါ်နယ်မုန့်
ငန်း စတင်တည်ထောင်သူ ရေးခရော့ (Ray Kroc)
တက်ဆပ်တက္ကသိုလ် စီးပွားရေးစီမံခန့်ခွဲမှု မဟာဝိဇ္ဇာ သင်
(အမ်ဘီအေ)တွင် ဟောပြောပို့ချဖို့ ဖိတ်ကြားခြင်းခံရ၏။ ကျွန်
နှင့် အလွန်ရင်းနှီးသော မိတ်ဆွေကီသ်ကမ်နင်ဟမ်က ဝ
တန်းသားတစ်ဦးဖြစ်၏။ အားမာန်ပါပြီး စိတ်ခာတ်တက်ကြ
ကောင်းလှသော ဟောပြောပွဲအပြီးတွင် သင်တန်းကို ရှေ
လိုက်၏။ သင်တန်းသားများက သူတို့အနှစ်သက်ဆုံး ဆိုင်တ
သို့ သွားရောက်ဘီယာသောက်မည်ဖြစ်ရာ သူတို့နှင့်အတူ
သောက်ဖို့ ရေးအားဖိတ်ခေါ်ကြ၏။ ရေးက ဝမ်းမြောက်
လက်ခံလိုက်သည်။

သင်တန်းသားအားလုံး၏ လက်ထဲသို့ ဘီယာတွေ
ပြီးချိန်တွင် "ကျွန်တော်ဘာလုပ်ငန်းလုပ်နေသလဲ၊ သိကြ
မေးလိုက်သည်။

"လူတိုင်း ဝါးခနဲ ရယ်ကြတာပေါ့ဗျာ"ဟု ကိသ်က ပြန်ပြောပြသည်။ "အမ်ဘီအေ သင်တန်းသားအများစုက ရေးတစ်ယောက်နောက်နောက်ပြောင်ပြောင်လျှောက်လုပ်နေပြီလို့ ထင်ကြတာပေါ့"

ဘယ်သူမျှမဖြေ။ သည်တော့ ရေးကထပ်မေးပြန်သည်။ "ကျွန်တော်ဘာစီးပွားရေးလုပ်ငန်း လုပ်နေတယ်လို့ ခင်ဗျားတို့ထင်ကြသလဲ"

သင်တန်းသားတွေ ရယ်ကြပြန်၏။ နောက်ဆုံးတွင် ခပ်ရဲရဲတစ်ယောက်က လှမ်းအော်ပြောသည်။ "ရေး ခင်ဗျားအသားညှပ်ပေါင်မုန့် (ဟမ်ဘာဂါ) လုပ်ငန်းလုပ်နေတယ်ဆိုတာ ကမ္ဘာပေါ်မှာ မသိတဲ့လူ ရှိပါ့မလားခင်ဗျာ"

ရေးတခစ်ခစ်ရယ်သည်။ "ခင်ဗျားတို့ အဲဒီလိုပြောမယ်ဆိုတာ ကျွန်တော်တွက်ထားပြီးသား" ခဏနားလိုက်၏။ ထို့နောက် ခပ်သွက်သွက်ဆက်ပြောသည်။ "သင်တန်းသူ သင်တန်းသားများခင်ဗျား၊ ကျွန်တော်ဟာ ဟမ်ဘာဂါမုန့်လုပ်ငန်းကို လုပ်နေတာမဟုတ်ပါဘူး။ ကျွန်တော့်စီးပွားရေးလုပ်ငန်းက အိမ်မြေအရောင်းအဝယ် လုပ်ငန်းပါ"

ရေးက သူ့အယူအဆကို အချိန်တော်တော်ကလေးယူပြီး ရှင်းပြကြောင်းကိသ်က ပြန်ပြောပြသည်။ သူတို့၏ လုပ်ငန်းစီမံကိန်းတွင် သူတို့အဓိကထား အာရုံစိုက်ရမည်မှာ ဟမ်ဘာဂါလက်ခွဲအရောင်းဆိုင်များ ဖွင့်ဖို့ဖြစ်ကြောင်း၊ သို့သော်သူက သူတို့၏လက်ခွဲ ဆိုင်ဖွင့်မည့်နေရာအကွက်အကွင်းကို တစ်ချက်မျှ မျက်ခြည်မပြတ်ခဲ့ကြောင်း၊ လက်ခွဲဆိုင်တစ်ဆိုင်၏ အောင်မြင်မှုသည် အိမ်မြေနှင့် နေရာအကွက်အကွင်းပေါ်တွင် အဓိကတည်မှီနေကြောင်း။ လက်ခွဲ ဆိုင်ဖွင့်လိုသူတစ်ဦးသည် မက်ဒေါ်နယ်အသည်ဖြင့် ရောင်းခွင့်ကို သာမဟုတ်ဘဲ ၎င်းဆိုင်အောက်မှာရှိသည့် မြေနေရာကိုပါ ဝယ်ယူ ရကြောင်း ရေးခရော့က ရှင်းပြသည်ဆို၏။

ယနေ့ဆိုလျှင် မက်ဒေါ်နယ်ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် တစ်ဦးတည်း မြေနေရာ အများဆုံးပိုင်သူဖြစ်ကြောင်း၊ အမေရိက နှင့် အခြားကမ္ဘာ့နိုင်ငံအသီးသီးရှိ တန်ဖိုးအရှိဆုံးလမ်းဆုံလမ်း လမ်းထောင့်နေရာများကို မက်ဒေါ်နယ်ကုမ္ပဏီက ပိုင်ဆိုင်ထား သည်ဆို၏။


ရေးခရော့ သင်ပေးသွားသည့် သင်ခန်းစာသည် အ အတွက် အကျိုးအရှိဆုံးသင်ခန်းစာဖြစ်ကြောင်းကိုသ်က ပြန်ပြော ပြသည်။ သူ့မှာ ကားရေ ဆေးဌာနတွေရှိကြောင်း၊ သို့သော် သူ အဓိကစီးပွားရေးလုပ်ငန်းမှာ ကားရေဆေးဌာနတွေအောက်မှ ရှိသည့် မြေနေရာဖြစ်ကြောင်းပြောပြသည်။

လူတွေသည် မိမိအတွက်ကလွဲပြီး အခြားသူတွေအတွက် အလုပ်လုပ်ပေးနေရကြောင်းကို အခန်း ၃ အဆုံးတွင် ပုံများဖြင့် ဖော်ပြခဲ့ပြီ။ မိုက်၏ ဖေဖေကလည်း ကျွန်တော်တို့ချာတိတ် နှစ်ကောင်အား ၎င်းသင်ခန်းစာကိုပင် တာဝန်ကျေပွန်သင်ပေး ၏။ ဤကားကြီးပွားချမ်းသာရေးအတွက် လျှို့ဝှက်ချက်အမှတ် ပါတည်း။

လျှို့ဝှက်ချက်မှာ 'ကိုယ့်အလုပ်ကိုယ်လုပ်' ဟူ၏။

စီးပွားရေးမပြေလည်ခြင်းမှာ လူတွေသည် သူတို့အ တစ်လျှောက်လုံး တစ်စုံတစ်ဦးအတွက် အလုပ်လုပ်ပေးနေကြသော ကြောင့်ဖြစ်၏။ လူတော်တော်များများသည် သူတို့၏ အလုပ်လုပ် ရက်တွေ ကုန်ဆုံးသွားသောအခါ သူတို့လက်ထဲမှာ ဘာမျှအဖ တင်မကျန်သည့် အဖြစ်မျိုးနှင့် ကြုံရလေသည်။

ပုံတစ်ပုံသည် စကားလုံးပေါင်း ထောင်သောင်းထက် ပို ထိရောက်ကြောင်း ထပ်ပြောပါရစေဦး။ အောက်ဖော်ပြပါ အ အမြတ်ရှင်းတမ်းနှင့် လက်ကျန်ရှင်းတမ်းသည် ရေးခရော့၏ အ အဆကို အထိရောက်ဆုံး ထင်ဟပ်ပြနေပါသည်။




ကျွန်တော်တို့၏ လက်ရှိပညာရေးစနစ်က ယနေ့ခေတ် ငယ်များအလုပ်အကိုင်ကောင်းတွေရအောင်၊ ကျောင်းပညာ ရည်အသွေးတွေ ထက်မြက်ထူးချွန်အောင် သင်ကြားပေးဖို့ လေးထား၏။ သူတို့ သူတို့ကလေးတွေ၏ ဘဝသည် သူတို့၏ သို့မဟုတ် သူတို့၏ ဝင်ငွေနှင့် လုံးလည်ချာလည်လိုက်နေပေ ည်၊ သူတို့သည် အင်ဂျင်နီယာတွေ၊ သိပ္ပံပညာရှင်တွေ စားဖိုမှူး ရဲအရာရှိတွေ၊ ပန်းချီဆရာတွေ၊ စာရေးဆရာတွေစသည်ဖြင့် မြောက်လာကြမည်။ ဝမ်းကျောင်းလုပ်ငန်း အရည်အသွေး ကသူတို့အား အလုပ်သမားအင်အားစုထဲ ဝင်ရောက်စေ၏။ ရေးအတွက် အလုပ်လုပ်စေ၏။

သင်၏ ဝမ်းကျောင်းလုပ်ငန်းနှင့် သင်၏ စီးပွားရေးလု
ငန်းသည် အကြီးအကျယ်ကွာခြားပါသည်။ "ခင်ဗျားရဲ့ စီးပွား
အလုပ်ကဘာလဲ"ဟု လူတွေကို ကျွန်တော်မကြာမကြာမေးသည်
"ကျွန်တော် ဘဏ်အလုပ်လုပ်ပါတယ်"ဟု ပြောတ
သည်။ သည်တော့ ခင်ဗျားဘဏ်တစ်ခုပိုင်တာလားဟု ကျွန်
ပြန်မေး၏။ "မဟုတ်ပါဘူး၊ ဘဏ်မှာ အလုပ်လုပ်တာပါ" ဆိုသ
မှာသူတို့ဖြေနေကျစကား။

ထိုဥပမာကို ကြည့်ပါ။ သူတို့သည် ဝမ်းကျောင်းလုပ်
နှင့် စီးပွားရေးလုပ်ငန်းကို ရောထွေးနေ၏။ သူတို့သည် ဘဏ်အ
မှာ လုပ်နေတာဖြစ်ကောင်းဖြစ်မည်။ သို့ပေမဲ့ သူတို့၏ ကိုယ်
စီးပွားရေး လုပ်ငန်းတစ်ခုတော့ လိုအပ်နေ၏။ ရေခရော့က သူ
ဝမ်းကျောင်းလုပ်ငန်းနှင့် သူ၏ စီးပွားရေးလုပ်ငန်းကို ရှင်း
ပြတ်သားစွာတင်ပြသွားလေသည်။ သူ့ဝမ်းကျောင်းလုပ်ငန်းက 
တမ်း သည်အလုပ်ပဲ ဖြစ်နေမည်။ သူသည် အရောင်းသမားတ
သာဖြစ်၏။ သူသည် တစ်ချိန်က နွားနို့ဖျော်ရည်စက်များ ရော
ခဲ့၏။ ထို့နောက် ဟမ်ဘာဂါလက်ခွဲဆိုင်ဖွင့်ခွင့်များရောင်း၏။
စီးပွားရေလုပ်ငန်းကတော့ ဝင်ငွေတွေ ထုတ်လုပ်ပေးနေသည့်
မြေရောင်းဝယ်ခြင်းဖြစ်၏။

ကျောင်းနေခြင်း၏ ပြဿနာတစ်ခုမှာ သင် သ
ဆည်းပူးသည့်အတိုင်း ဖြစ်ဖြစ်လာခြင်းပင်။ သည်တော့
အချက်အပြုတ်ပညာကို သင်ယူလျှင် စားဖိုမှူးဖြစ်လာမည်။ 
ပညာကို သင်ယူလျှင် ရှေ့နေဖြစ်လာမည်။ ထိုသို့ သင်ယ
အတိုင်းဖြစ်လာသောအခါ သင့်ကိုယ်ပိုင်အလုပ်ကို လုပ်ဖို့ မေ့
နေတော့၏။ သင့်တစ်သက်လုံး တစ်ဦးတစ်ယောက်အတွက် 
လုပ်ပေးပြီး ထိုသူကိုသာ ချမ်းသာသွားစေတော့၏။

စီးပွားရေးအရ ခိုင်မာတောင့်တင်းမှုရှိလိုလျှင် လူ
သည် ကိုယ့်ကိုယ်ပိုင်လုပ်ငန်းကို လုပ်ကိုင်ဖို့ လိုအပ်၏။ သင့်

ိုင်လုပ်ငန်းသည် သင့်ရပိုင်ခွင့်ကဏ္ဍတွင် လှည့်ပတ်နေလိမ့်မည်။ ဝင်ငွေကဏ္ဍမှ ငွေတွေလို ရလိုက် ကုန်လိုက်ဖြစ်မည်မဟုတ်။ ာစေပိုင်းက ဖော်ပြခဲ့သည့်အတိုင်း အမှတ် ၁ ဥပဒေသမှာ ပိုင်ခွင့်နှင့် ပေးရန်တာဝန်ကို ခွဲခြားသိရှိပြီး၊ ရပိုင်ခွင့်တွေ ယ်ယူစုဆောင်းရမည်ဖြစ်သည်။ လူတိုင်းက သူတို့၏အရှုံးအမြတ် ရင်းကို အလေးထားအာရုံစိုက်နေချိန်တွင် ချမ်းသာသူများက သူတို့၏ ရပိုင်ခွင့်ကဏ္ဍများကို အလေးထားအာရုံစိုက်ကြ၏။

ထို့ကြောင့်ပင်"ကျွန်တော် လခတိုးဖို့လိုနေပြီ" ဟူသော ကားမျိုး၊ "ငါ့ရာထူးတိုးရင် ဘယ်လောက်ကောင်းမလဲ"ဟူသော ကားမျိုး၊ "နောက်နှစ်ပတ်ဆို ငါအလုပ်ထွက်တော့မယ်၊ လခပိုရ ဲ့ အလုပ်တစ်ခုတွေ့ထားပြီ"ဟူသော စကားမျိုးတွေ ကျွန်တော်တို့ ကြာခဏ ကြားနေရခြင်းဖြစ်၏။

အချို့လုပ်ငန်းနယ်ပယ်များတွင် သည်စကားတွေက ဓိပ္ပာယ်ရှိကောင်းရှိပါလိမ့်မည်။ သို့ဖြစ်သည့်တိုင် ရေခရှေအလို ရဆိုလျှင် သင်သည် ကိုယ့်အလုပ်ကိုယ်လုပ်ရာမရောက်သေးပါ။ သည်စိတ်ကူးတွေက ဝင်ငွေကဏ္ဍကိုသာ အလေးပေးအာရုံစိုက် နေဆဲဖြစ်၏။ ဝင်ငွေထဲက ပိုလျှံလာသည့်ငွေကို ငွေထုတ်လုပ်ပေး ည့် ရပိုင်ခွင့်များဝယ်ယူအသုံးချမှသာ စီးပွားရေးခိုင်မာတောင့် င်းလာပါမည်။

လုပ်ငန်းတွေ ချုံ့ လူတွေ လျှော့ချိန်မျိုးတွင် သန်းပေါင်း ျားစွာသော ဝန်ထမ်းတွေအတိဒုက္ခရောက်ကြတော့၏။ သူတို့၏ န်ဖိုးအကြီးဆုံး ရပိုင်ခွင့်ဆိုသော ကိုယ်ပိုင်အိမ်က သူတို့အား အရှင်လတ်လတ်ကိုက်စားဝါးမျိုတော့၏။ ကိုယ့်မှာ အလုပ်မရှိတော့ သော်လည်း ကိုယ့်အိမ်စရိတ်ကတော့ လစဉ်ပုံမှန်ကုန်ကျနေ၏။ ိုင်ခွင့်နောက်တစ်မျိုးဟု သူတို့ယူဆထားသည့် မော်တော်ကား လည်း သူတို့အား အရှင်လတ်လတ်ကိုက်စားဝါးမျိုတော့၏။ ားဂိုဒေါင်ထဲရှိ ဒေါ်လာ ၁,၀၀၀ တန် ဂေါက်ရိုက်တံတွေက

ယခု ဒေါ်လာ ၁,၀၀၀ မတန်တော့။ လုပ်ငန်းအာမခံချက်မရှိသော
အခါ သူတို့မှာ အခုအခံအကာအကွယ်ဟူ၍မရှိ။ ထိုအခါစီးပွ
ရေး အကျပ်အတည်းကြုံတွေ့ချိန်တွင် ရပိုင်ခွင့်များကလည်
အထောက်အကူမပြုနိုင်ပါဟု သူတို့ယူဆကြလေသည်။

ရပိုင်ခွင့်များ (ရင်းနှီးမြှုပ်နှံပစ္စည်းများ) ဟု လူတွေ ယူ
ထားသည့် ပစ္စည်းအချို့သည် ဂုဏ်ပစ္စည်းတွေ မိမိအိမ်သို့ ရော
သည်နှင့် တန်ဖိုးလျော့သွားသည့် ပစ္စည်းများဖြစ်နေတတ်
(ဥပမာ ရုပ်မြင်သံကြားအပေါ်စက်၊ အောက်စက်၊ ရေခဲသေတ္တ
စသည်တို့)

သည်တော့ ကိုယ့်ကိုယ်ပိုင်စီးပွားရေးအလုပ်ကို စတ
လုပ်ကိုင်ပါ။

သင်လုပ်လက်စ ဝမ်းကျောင်းအလုပ်ကို လုပ်မြဲတိုင်း ဆ
လုပ်နေပါ။ သို့သော် ရပိုင်ခွင့်အစစ်အမှန်များကို စတင်ဝယ်
စုဆောင်းပါ။ ပေးရန်တာဝန်များ သို့မဟုတ် မရှိမဖြစ်မဟုတ်သေ
အသုံး အဆောင်ပစ္စည်းများကို မဝယ်ပါနှင့်။ ဂုဏ်ပစ္စည်းများသ
သင့်အိမ်သို့ရောက်သည်နှင့် မူလတန်ဖိုးပြန်မရတော့ပါ။

လူကြီးများအနေဖြင့် သင်တို့၏ အသုံးစရိတ်တွေ နည်
သမျှ နည်းအောင်အားထုတ်ပါ။ ပေးရန်တာဝန်များလျော့ချ
မဆုတ်မနစ်သော ဇွဲ လုံ့လဖြင့် ခိုင်မာသော ရပိုင်ခွင့်တွေ ဝယ်
စုဆောင်းပါ။ မိဘအိမ်မှာပဲ နေထိုင်သည့် လူငယ်များကိုအ
ရပိုင်ခွင့်နှင့် ပေးရန်တာဝန်၏ ခြားနားမှုကို သဘောပေါက်အေ
မိဘများက သင်ကြားပေးဖို့ အရေးကြီးပါသည်။

သူတို့ကလေးတွေ မိဘအိမ်ကို မစွန့်ခွာမီ၊ အိမ်ထောင်
မီ၊ အိမ်တစ်လုံးမဝယ်မီ၊ သားသမီးတွေမယူမီ၊ အလုပ်တစ်
တွယ်ဖက်ထားပြီး အရာရာတိုင်းကို အကြွေးဝယ်ယူခြင်းမ
ခိုင်မာသော ရပိုင်ခွင့်များ ဝယ်ယူစုဆောင်းထားအောင် တိုက်တ
ပါ။ စီမံပေးပါ။ ကျွန်တော်တွေ့ဖူးကြုံဖူးသည့် ငယ်ငယ်ရွယ်

…မောင်နှံတွေ အများကြီးရှိ၏။ သူတို့ အိမ်ထောင်ပြုကြသည်။ …ပုံစံတစ်မျိုးဖြင့် ရှင်သန်နေထိုင်ကြ၏။ သူတို့ရွေးချယ်လိုက်သော နေမှုပုံစံ (Lifestyle) က သူတို့အား အကြွေးသံသရာထဲမှ …ထွက်နိုင်အောင် ဆွဲနှစ်ထားတော့၏။

သည်တော့ သင်နှင့် သင့်ကလေးတွေ ဝယ်ယူစုဆောင်း…သည့် ရပိုင်ခွင့်များဆိုသည်မှာ ဘယ်လိုရပိုင်ခွင့်များလဲ။ …တော်သိသော ကျွန်တော့်ကမ္ဘာထဲမှာတော့ ရပိုင်ခွင့် အမှန်…များကို အတန်းအစားအမျိုးမျိုးခွဲခြားလို့ရပါသည်။

- ၁။ ကျွန်တော်ကိုယ်တိုင်ကိုယ်ကျလုပ်နေဖို့မလိုသည့် စီးပွားရေးလုပ်ငန်းများ။ ကျွန်တော့်မှာ ကျွန်တော်ပိုင် စီးပွားရေးလုပ်ငန်းတွေ ရှိသည်။ သို့သော် ၎င်းလုပ်ငန်းများကို အခြားသူများက စီမံဆောင်ရွက်ပေးနေ၏။ ၎င်းလုပ်ငန်းခွင်မှာ ကျွန်တော်ကိုယ်တိုင် သွားရောက်လုပ်ကိုင်နေရလျှင် ထိုအလုပ်သည် စီးပွားရေးလုပ်ငန်းမဟုတ်တော့။ ကျွန်တော့်ဝမ်းကျောင်းလုပ်ငန်းဖြစ်သွားပြီ။
- ၂။ စတော့များ (Stocks)
- ၃။ ငွေချေးစာချုပ်များ (bonds)
- ၄။ အကျိုးတူရန်ပုံငွေများ (mutual funds)
- ၅။ ဝင်ငွေတိုးပွားစေမည့် အိမ်၊ မြေများ။ (income-generating real estate)
- ၆။ ကြွေးမြီဝန်ခံချက်များ (IOUs)
- ၇။ ဉာဏ်ပိုင်းဆိုင်ရာ တီထွင်ဖန်တီးမှု မူပိုင်ခွင့်များ။ ဂီတ၊ …တ်ညွှန်း၊ စာမူ၊ ကုန်ပစ္စည်း မူပိုင်ခွင့်မှတ်ပုံတင်များ။
- ၈။ ဝင်ငွေတိုးပွားစေမည့် သို့မဟုတ် တန်ဖိုးတက်လာမည့်၊ …နောက်ပြီး ဈေးကွက်ရှိပြီးသား မည်သည့်ပစ္စည်းမျိုးမဆို တို့ဖြစ်၏။

ကျွန်တော်မြီးကောင်ပေါက် ဘဝက ကျွန်တော့် အား ပညာတတ်ဖေဖေသွန်သင်ဆုံးမသည်မှာ အာမခံချက်ရှိသည့် အလုပ်တစ်ခုရှာဖွေလုပ်ကိုင်ဖို့ဖြစ်၏။ ဖေဖေချမ်းသာက ကျွန်တော်နှစ်သက်မြတ်နိုးသော ရပိုင်ခွင့်များ စတင်စုဆောင်း အားပေး၏။ "အဲဒီပစ္စည်းကို မင်းမမြတ်နိုးရင် မင်းဂရုစိုက် မဟုတ်ဘူး"ဟု သူကပြောသည်။ ကျွန်တော်က အိမ်၊ မြေ ဝယ်ယူစုဆောင်းသည်။ ဘာကြောင့်ဆို အဆောက်အအုံတွေ မြေတွေကို ကျွန်တော်နှစ်သက်မြတ်နိုးသောကြောင့်ဖြစ်၏။ သ ပစ္စည်းတွေနှင့် ပတ်သက်ပြီး ဈေးဝယ်ထွက်ရတာ ဝါသနာပါသ အိမ်တွေ၊ မြေတွေကိုကြည့်ရမည်ဆိုလျှင် တစ်နေ့လုံး ကြည့်နေ ၏။ ပြဿနာတွေ ပေါ်ပေါက်လာလျှင်လည်း ၎င်းပြဿနာ သည် အိမ်၊ မြေကို ချစ်သည့်ကျွန်တော့်အချစ်တွေ ပြောင်းလဲ လောက်အောင်မဆိုးရွား။ အိမ်၊ မြေတွေကို မုန်းသူများအနေ တော့ အိမ်တွေ၊ မြေတွေမဝယ်သင့်ပါ။

ကျွန်တော်ကတော့ ဖေဖေချမ်းသာ ထောက်ခံအကြံ သည့်အတိုင်း နှစ်ပေါင်းများစွာ ကြာအောင် လခစားအလု လုပ်၏။ တစ်ချိန်တည်းတွင် 'ကိုယ့်အလုပ်ကိုယ်လုပ်'သည်။ တ အင်းနှင့် ငွေသားစီမံခန့်ခွဲမှုအကြောင်းပိုသိ၊ ပိုနားလည်လာ ရင်းနှီးမြှုပ်နှံမှုများကို စီစစ်သုံးသပ်တတ်လာလေဖြစ်ပါသည်

ကိုယ်ပိုင်စီးပွားရေးလုပ်လိုသူတစ်ဦးအား ကုမ္ပဏီ တည်ထောင်ခြင်းဖြင့် အစပျိုးဖို့တော့ ကျွန်တော်မတိုက် အားမပေးချင်။ ကုမ္ပဏီဆယ်ခုအနက် ကိုးခုသည် ငါးနှစ်အ ပျက်စီးသွားသည်။ ပထမ ငါးနှစ်ကိုတောင့်ခံနိုင်သော ကု ဆယ်ခုအနက် ကိုးခုသည်လည်း နောင်များမကြာမီ ဆုံးရှုံး သွားသည်ကိုတွေ့ရ၏။ သည်တော့ သင်သည်ကိုယ်ပိုင် ထူထောင်ချင်စိတ် ပြင်းပြထက်သန်လွန်းမှသာ ထိုသို့

တော်လျှင်တော့ ဝင်ငွေပုံမှန်ရသည့် သင့်အလုပ်ကို ဆက်လုပ်ရင်း ကိုယ့်အလုပ်ကိုယ်တွဲပြီးလုပ်ပါလေ။

ကိုယ့်အလုပ်ကိုယ်လုပ်ပါဟုပြောရာ၌ သင်၏ ရပိုင်ခွင့်ကဏ္ဍခိုင်မာတောင့်တင်းလာအောင်တစိုက်မတ်မတ်တည်ဆောက်ပါဟု ဆိုလိုပါသည်။ ရင်းကဏ္ဍထဲသို့ တစ်ဒေါ်လာဝင်သွားသည်နှင့် ထိုသင်ငွေကို ဘယ်တော့မျှ ပြန်ထွက်ခွင့်မပြုပါနှင့်။ သင့်ရပိုင်ခွင့်ကဏ္ဍထဲသို့ တစ်ဒေါ်လာဝင်သည်နှင့် ၎င်းတစ်ဒေါ်လာကို သင့်ဝန်ထမ်းအဖြစ် ယူဆလိုက်ပါ။ ငွေ၏ အကောင်းဆုံးအရည်အချင်းမှာ သူက ၂၄ နာရီပတ်လုံး အလုပ်လုပ်ပြီး ဆယ်စုနှစ်ပေါင်းများစွာ အလုပ်လုပ်နိုင်စွမ်းရှိခြင်းပင်။ သည်တော့ လခစားအလုပ်ကို ဆက်လုပ်ပါ။ ကြိုးစား ပမ်းစားနှင့် ထူးချွန်သော အမှုထမ်းတစ်ဦးအဖြစ်ခံယူပါ။ သို့သော် သင်၏ရပိုင်ခွင့်ကဏ္ဍကိုလည်း တစိုက်မတ်မတ်ဖြည့်တင်းတည်ဆောက်ပါ။

သင့်ငွေသားစီးဆင်းလည်ပတ်မှု တိုးတက်မြင့်မားလာသောအခါ သင် ဇိမ်ခံပစ္စည်းအချို့ဝယ်လို့ရလေပြီ။ အရေးကြီးသော ကွာခြားချက်တစ်ခုမှာ ချမ်းသာသူများက ဇိမ်ခံပစ္စည်းများကို နောက်ဆုံးမှ ဝယ်တတ်ပြီး၊ ဆင်းရဲသားနှင့် လူလတ်တန်းစားများက ဇိမ်ခံပစ္စည်းများကို အရင်ဆုံးဝယ်တတ်ခြင်းဖြစ်၏။ ဆင်းရဲသားနှင့် လူလတ်တန်းစားများ မကြာမကြာဦးစားပေး ဝယ်လေ့ရှိသည့် ပစ္စည်းများမှာအိမ်ကြီးရခိုင်များ၊ စိန်များ၊ ကျောက်သံပတ္တမြားများ၊ အပျော်စီးမော်တော်ဘုတ်များ. . .။ ဘာကြောင့် ထိုပစ္စည်းတွေကို ဝယ်ကြသလဲ။ ချမ်းသာသည်ဟု ထင်မြင်စေလိုသောကြောင့် ဖြစ်၏။ ထင်မြင်ရတာတော့ ချမ်းသာသယောင်ရှိပါသည်။ တကယ်တမ်းကျတော့ သူတို့သည် အကြွေးပင်လယ်ထဲတွင် နစ်သည်ထက် နစ်နေသူများဖြစ်၏။

ရေရှည်ကို မြော်မြင်တတ်သူတွေက သူတို့၏ ရပိုင်ခွင့်

ကဏ္ဍကို ဦးစွာတည်ဆောက်၏။ ရပိုင်ခွင့်ကဏ္ဍမှ ဖြစ်ထွန်းလာ
သော ဝင်ငွေတွေက သူတို့အား ဇိမ်ခံပစ္စည်းများ ဝယ်ပေးသည်
ဆင်းရဲသားများနှင့် လူလတ်တန်းစားများကတော့ သူတို့၏ဒေ
သူတို့၏ချွေး၊ သူတို့ရင်သွေးများ၏ အမွေများဖြင့် ဇိမ်ခံပစ္စည်းမျ
ဝယ်ပစ်ကြလေသည်။

တကယ်တော့ ရင်းနှီးမြှုပ်နှံပြီး စစ်မှန်သော ရပိုင်ခွင့်မျ
က ထုတ်လုပ်ပေးသော ဆုလာဘ်သည်သာ စစ်မှန်သော ဇိမ်
ပစ္စည်းဖြစ်ပါသည်။ သာဓကတစ်ခုပြပါရစေ။ ကျွန်တော်တို့
မောင်နှံ ဝယ်ယူရင်းနှီး မြှုပ်နှံထားသော တိုက်ခန်းများမှ အပို
ငွေများ ထွက်လာသောအခါ ကျွန်တော့်ဇနီးက သူ့အတွက် မာ
ကားတစ်စီးဝယ်ယူလိုက်၏။ ထိုကားဝယ်ဖို့အတွက် သူသည်
အလုပ်လုပ်စရာမလို။ အရဲကိုးစွန့်စားမှုတစ်ခုခု လုပ်စရာ
တိုက်ခန်းများက သူ့ကိုကားဝယ်ပေးလိုက်ခြင်းဖြစ်၏။ သို့ဖြစ်
တိုင် အိမ်မြေရင်းနှီးမြှုပ်မှုလုပ်ငန်းက မာစီဒီးကားဝယ်နိုင်လော
သည့် ငွေပမာဏထုတ်လုပ်ပေးနိုင်သည်အထိ သူသည် လေ
ကြာ စောင့်စားခဲ့ရလေသည်။

ဘာပဲဖြစ်ဖြစ် မာစီဒီးဆိုသည့် ဇိမ်ခံပစ္စည်းသည်
သော ဆုလာဘ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူ၏ရပို
ကဏ္ဍရှင်သန်တိုးပွားလာအောင် ဘယ်လိုလုပ်ရမည်ဆိုတာ
နားလည်နေကြောင်း လက်တွေ့ပြသနိုင်သောကြောင့်ဖြစ်သ
တခြားကားလှလှကလေးတစ်စီးထက် ထိုကားသည် သူ့
အများကြီးပို၍ပြီး အဓိပ္ပာယ်ရှိနေ၏။ အဓိပ္ပာယ်ကတော့ ထို
ဝယ်နိုင်လောက်အောင် သူသည် ငွေရေး ကြေးရေး အသိ
အသုံးချနိုင်ခဲ့ခြင်းဖြစ်၏။

လူများစုသည် အပြင်ထွက်ပြီး ကားသစ်တစ်စီး သို့
အခြားဇိမ်ခံပစ္စည်းတစ်ခုခုကို စိတ်နောက်ကိုယ်ပါအကြွေ

တတ်ကြ၏။ သူတို့သည် ကစားစရာ အဟောင်းများဖြင့် ကစားရတာငြီးငွေ့လာပြီး ကစားစရာအသစ်တစ်ခု လိုချင်စိတ်ပေါက်တာမျိုးဖြစ်ချင်ဖြစ်မည်။ ဇိမ်ခံပစ္စည်းတစ်ခုကို အကြွေးစနစ်ဖြင့် ဝယ်ယူခြင်းသည် ဝယ်သူကို အနှေးနှင့်အမြန်ဆိုသလို နောင်တရစေ၏။ ၎င်းဇိမ်ခံပစ္စည်းကို စက်ဆုပ်မုန်းတီးစိတ်များ ဖြစ်ပေါ်စေတတ်၏။ အကြောင်းမှာ ၎င်းဇိမ်ခံပစ္စည်းအတွက် အကြွေးပေးဆပ်နေရသည့် တာဝန်ပိလာသောကြောင့်ပင်။

သင်သည် အချိန်ယူ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပြီး သင့်ကိုယ်ပိုင် စီးပွားရေးတစ်ခု တည်ထောင်ပြီးသောအခါ သင့်စီးပွားရေး လုပ်ငန်းကို ဆေးကြိမ်လုံးဖြင့် တို့ဖို့အဆင်သင့်ဖြစ်နေလေပြီ။ ဤကား ကြွယ်ဝချမ်းသာသူများ၏ အကြီးမားဆုံး လျှို့ဝှက်ချက်ပေတည်း။ ချမ်းသာသူများအား အများသူငါထက် ရှေ့ကရောက်နေအောင် ပို့ဆောင်ပေးသည့် လျှို့ဝှက်ချက်ဖြစ်၏။ ကိုယ့်ကိုယ်ပိုင်စီးပွားရေး တည်ထောင်ဖို့ အချိန်ယူပြီး မဆုတ်မနစ်လျှောက်လှမ်းခဲ့သော လမ်းအဆုံးတွင် ရရှိမည့် ဆုလာဘ်ကြီးလည်းဖြစ်ပါသည်။

■

## အခန်း [ ၅ ]

## သင်ခန်းစာ ၄

## အခွန်များနှင့်ကော်ပိုရေးရှင်းများ အခွင့်အာဏာ၏ သမိုင်းကြောင်း

ကျောင်းတုန်းက ရော်ဘင်ဟုဒ်နှင့် သူ့နောက်လိုက်လူပျော်
အကြောင်း ပြောပြသည်ကို ကျွန်တော်သတိရနေ၏။ ရော်ဘင်
က လူချမ်းသာများထံမှ တိုက်ခိုက်လုယက်ပြီး ဆင်းရဲသားမျာ
ဝေမျှပေးခဲ့သူ။ ၎င်းတောပုန်းကြီးကား အလွန်စိတ်ဝင်စား
ကောင်းသည့် စိတ်ကူးယဉ်သူရဲကောင်းတစ်ဦးဖြစ်သည်ဟုကျွန်
တို့ အတန်းဆရာက ယူဆသည်။ ကျွန်တော့်ဖေဖေချမ်းသာက
ရော်ဘင်ဟုဒ်အား သူရဲကောင်းတစ်ယောက်အဖြစ်မမြင်။ မ
သူက ရော်ဘင်ဟုဒ်အား လူဆိုးတစ်ဦးအဖြစ်သာ သတ်မှတ်

ရော်ဘင်ဟုဒ်မရှိတော့သည်မှာ ကြာမြင့်ခဲ့ပြီ
သို့သော် သူ့နောက်လိုက်များကား ခုထိတိုင်ရှိနေဆဲ။
ပြောလေ့ ဆိုလေ့ရှိသည့်စကားများကို ကျွန်တော်အကြိ
အဖန်ဖန်ကြားခဲ့ဖူး၏။ "ဒီကိစ္စအတွက် ဘာဖြစ်လို့ သူဌေး
မပေးကြတာလဲ" သို့မဟုတ် "သူဌေးတွေက အခွန်တွေပိုဆေ

ဆင်းရဲသားတွေကို ပေးဝေသင့်တယ်" ဆိုတာမျိုးတွေ။

ဤကား ရော်ဘင်ဟုဒ်၏ အယူအဆ သို့မဟုတ် သူဌေး ဆီက ယူပြီး ဆင်းရဲသားတွေကို ပေးရမည်ဆိုသော စိတ်ကူး။ ည်စိတ်ကူးကြောင့်ပင် ဆင်းရဲသားများနှင့် လူလတ်တန်းစားများ ပို၍နစ်နာကြ၏။ ဒုက္ခအရောက်ဆုံးမှာ သူတို့ဖြစ်ကြရ၏။ လူ တ်တန်းစားတွေ နင့်နေအောင်အခွန်စည်းကြပ်ခံရခြင်းမှာ ဘင်ဟုဒ်အား ကိုးကွယ်သောကြောင့်ဖြစ်၏။ တကယ့်ဖြစ်ရပ် မှာ ဆင်းရဲသားများအတွက် လူလတ်တန်းစားများက ကျခံနေ ၏။ အထူးသဖြင့် လခများများရသည့် ပညာတတ်လူလတ်တန်း များဖြစ်ပါသည်။

အခြေအနေတွေ ဘယ်လိုဖြစ်ပေါ်တိုးတက်လာကြောင်း ပြည့်ပြည့်ဝဝသိနားလည်အောင် ကျွန်တော်တို့ သမိုင်းကြောင်းကို ပြန်လှန်ကြည့်ဖို့ လိုအပ်ပါသည်။ ကျွန်တော့်ပညာတတ်ဖေဖေက ညာရေးသမိုင်းကြောင်းကို ကျွမ်းကျင်နှံ့စပ်သူဖြစ်ပြီး ဖေဖေချမ်း သာကတော့ အခွန်အတုတ်များ သမိုင်းကြောင်းကို ကျွမ်းကျင် စပ်သူဖြစ်၏။

ဖေဖေချမ်းသာက မိုက်နှင့် ကျွန်တော့်ကို ရှင်းပြခဲ့သည်။ ကာက အမေရိကနှင့် အင်္ဂလန်မှာ အခွန်အတုတ်မရှိ။ စစ်ပွဲများ ဖြစ်ပွားလျှင် စစ်စရိတ်ကာမိအောင် ရံဖန်ရံခါ အခွန်အတုတ်များ စည်းကြပ်တတ်သည်သာရှိခဲ့၏။

အင်္ဂလန်က တိုင်းသူပြည်သားများထံမှ ဝင်ငွေခွန် ကောက်ခံဖို့ ၁၈၇၄ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။ အမေရိကတွင် ၁၃ ခုနှစ်ကျမှ ဝင်ငွေခွန်စကောက်သည်။ ၎င်းဝင်ငွေခွန်ကို ဦးပိုင်းတုန်းက သူဌေးသူကြွယ်များထံကပဲ ကောက်သည်။ ခွန်ကောက်ခြင်းသည် သူဌေးသူကြွယ်များအား အပြစ်ပေးဆုံးမ သည့် စိတ်ကူးဖြစ်ကြောင်း ဟောပြောလှုံ့ဆော်ရာ ၎င်းစိတ်ကူးကို

လူကြိုက်များလာသည်။ သို့ဖြင့် ရင်းစိတ်ကူးကို ဥပဒေအဖြ
ပြဌာန်းရန် လူများစုက မဲပေးထောက်ခံခဲ့သည်။ ရင်းဥပဒေ
သူဌေးသူကြွယ်များကို အပြစ်ပေးဆုံးမဖို့ရည်ရွယ်သော်လည်
တကယ်တမ်းကျတော့ သောင်းသောင်းဖြဖြမဲပေးဆုံးဖြတ်ခဲ့သ
ဆင်းရဲသားနှင့်လူလတ်တန်းစားများကိုသာ ပြန်ထိတော့၏။

"အစိုးရက ငွေအရသာကို လျှာတွေ့သွားတော့ စား
သောက်ချင်စိတ်တွေ ပြင်းထန်လာတာပေါ့" ဟု ဖေဖေချမ်းသာ
ပြောပြ၏။ "မင့်ဖေဖေနဲ့ငါက ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဘက်
ကွ။ သူက အစိုးရအရာရှိကြီးတစ်ယောက်။ ငါက အရင်းရှင်။
တို့ ငွေရကြတယ်။ ငါတို့ရဲ့ အောင်မြင်မှုကို တိုင်းတာရာမှာ
ဆန့်ကျင်ဘက်မှုတွေနဲ့ တိုင်းတာကြတယ်။ သူက ငွေတွေသုံး
လူတွေငှားတဲ့အတွက်လခရတယ်။ သူက ငွေတွေသုံးနိုင်
လူတွေများများခန့်နိုင်လေ သူ့အဖွဲ့အစည်းဟာ ကြီးမားလာ
အစိုးရလောကမှာ သူ့အဖွဲ့အစည်းကြီးမားလေ သူ့ကိုလေးစာ
လေပေါ့ကွာ။ တစ်ဖက်က ငါ့အဖွဲ့အစည်းမှာကျတော့ လူ
နည်းငှားပြီး ငွေသုံးစွဲမှု လျော့နည်းလေလေ ငါ့ရှယ်ယာရှင်တွေ
ငါ့ကိုလေးစားလေလေပဲ။ ဒါကြောင့် အစိုးရအရာရှိကြီးတွေတို့
သဘောမကျတာပေါ့။ စီးပွားရေးသမားအများစုနဲ့ သူတို့မှာ တွ
ခြားနားတဲ့ ရည်မှန်းချက်တွေရှိနေတယ်။ အစိုးရအဖွဲ့တစ်ဖွဲ့
ထွားလာလေ အဲဒီအဖွဲ့ကို ထောက်ပံ့ဖို့ အခွန်အကောက်ငွေ
လိုလေပေါ့"

သူဌေးသူကြွယ်တွေသည် လောဘဇောမသတ်နိုင်
လူလိမ်လူကောက်များဖြစ်ပြီး၊ အခွန်အကောက်တွေပိုပေးသ
များဖြစ်သည်ဟု ဖေဖေနွမ်းပါးကပြောသလို၊ အစိုးရအမှုထမ်
သည် အချောင်သမားလူပျင်းများဖြစ်သည်ဟု ဖေဖေချမ်းသ
ပြောသည်ကို ကျွန်တော် ဆယ်နှစ်သားလောက်ကတည်းက
ရ၏။ ဘက်နှစ်ဖက်စလုံးတွင် ခိုင်မာသော အကြောင်းပြချ


ဦး၏၊ တစ်ဦးက မြို့မှာ အအောင်မြင်ဆုံးအရင်းရှင်။ နောက်တစ်ဦးက ထင်ရှားသော အစိုးရအရာရှိ။ ဘယ်သူ့စကားကို ယုံရမည်လဲဆိုတာခွဲခြားသိဖို့ သိပ်မလွယ်ပါ။

သို့ဖြစ်စေကာမူ အခွန်များ၏ သမိုင်းကြောင်းကို လေ့လာဆည်းပူးသောအခါ စိတ်ဝင်စားစရာ အတွေးအမြင်တစ်ရပ်ပေါ်ထွန်းလာပါသည်။ ကျွန်တော်ပြောခဲ့သည့်အတိုင်း အခွန်အကောက်များတရားဝင်ဖြစ်လာသည်မှာ အများပြည်သူက ရော်ဘင်ဟုဒ်အယူအဆကို ယုံကြည်လက်ခံသောကြောင့်ဖြစ်၏။ သို့သော် အစိုးရ၏ ခံတွင်းမြိန်မှုက ကြီးထွားလွန်းမက ကြီးထွားလာတော့ အခွန်အကောက်များသည် လူလတ်တန်းစားများ အပေါ် ကျရောက်လာသည်။ ထိုမှတစ်ဆင့် အောက်ခြေသို့တိုင် စိမ့်ဆင်းလာတော့၏။

တစ်ဖက်ရှိ လူချမ်းသာတွေကတော့ အခွင့်အလမ်းတစ်ခုကို မြင်သည်။ သူတို့က ဥပဒေကို လက်တစ်လုံးခြားလှည့်ကြသည်။ သူတို့က ကော်ပိုရေးရှင်းတွေ၊ ကုမ္ပဏီတွေ အကြောင်းနောကြေအောင် သိနေပြီးသား။ ကုမ္ပဏီတွေသည် တစ်ခေတ်တစ်ခါက ရွက်သင်္ဘောကြီးတွေနှင့် တူသည်ဆို၏။ လူချမ်းသာတွေက သူတို့အတွက် ဥစ္စာခနများ စွန့်စားရှာဖွေရန် လှိုင်းကြမ်းလေကြမ်းပင်လယ်ပြင်သို့ ရွက်သင်္ဘောတွေ လွှတ်၏။ စွန့်စားခန်းခရီးစဉ်တစ်ခေါက်အတွက် သူတို့က ငွေကြေးထောက်ပံ့သည်။ ရွက်သင်္ဘောနှင့်တူသော ကော်ပိုရေးရှင်းကြီးတွေက သူထွက်မည့် ခရီးစဉ်အတွက် သင်္ဘောသားတွေ ငှားသည်။ ပြင်ဆင်သည်။ ပြီးတော့ရတနာသိုက်တွေကို ထွက်ရှာသည်။ အကယ်၍ ပင်လယ်ပြင်တွင်သင်္ဘောပျက်လျှင် လိုက်ပါသွားသည့် သင်္ဘောသားအားလုံး သေသည်။ သို့သော် ငွေကြေးမတည်လိုက်သည့် သူဌေးကတော့ ခရီးတစ်ခေါက်စာ ငွေကြေးအတိုင်းအတာတစ်ခုကိုပဲ ဆုံးရှုံးမည်။ အောက်ဖော်ပြပါပုံက ကော်ပိုရေးရှင်းဖွဲ့စည်းလည်ပတ်ပုံသည် သင်၏ အရှုံးအမြတ်စာရင်း လက်ကျန်ရှင်းတမ်းတို့နှင့် ဘယ်နည်း

ဘယ်ပုံလွတ်ကင်းနေသည်ကို ဖော်ပြနေပါသည်။

**ချမ်းသာသူများ၏ လှည့်ကွက်**




တရားဝင်ဖွဲ့စည်းထားသော ကော်ပိုရေးရှင်းတစ်ခု
အခွင့်အာဏာများကို လူချမ်းသာတွေက သိမြင်သဘောပေါ
ထားသည်။ အဆိုပါ အသိပညာက သူတို့အား ဆင်းရဲသားများ
လူလတ်တန်းစားများထက် ကြီးမားစွာ ကွာခြားသော အခွင့်အ
များကိုရစေ၏။ ကျွန်တော့်အား သွန်သင်ဆုံးမသည့် ဖအေ
ယောက်ရှိခဲ့သည်။ တစ်ယောက်က ဆိုရှယ်လစ်။ နောက်

သောက်က အရင်းရှင်။ ငွေရေး ကြေးရေးနှင့် ပတ်သက်လာသော အခါတွင်မူ အရင်းရှင်အတွေးအမြင်က ပိုပြီးအဓိပ္ပာယ်ရှိနေကြောင်း ကျွန်တော်မြန်မြန်ဆန်ဆန်သဘောပေါက်လာသည်။ ကျွန်တော့်အမြင်အရတော့ ဆိုရှယ်လစ်တွေသည် ငွေရေး ကြေးရေးနှင့် ပတ်သက်၍ အသုံးလုံးမကျကြ။ ထိုသို့ ငွေရေး ကြေးရေး အခြေခံပညာချို့တဲ့မှုကပင် သူတို့ကို ပြန်ပြီးအပြစ်ပေးဒဏ်ခတ်သွားပုံရ၏။ 'ချမ်းသာသူတွေဆီက ယူကြ' ဆိုသော လူစုတွေဘယ်သို့ပဲ တက်လာသည်ဖြစ်စေ လူချမ်းသာတွေက ကယ်ပေါက်တစ်ခုတော့ ရှာဖွေတွေ့ရှိစမြဲ၊ ထိုလူတွေထက် တစ်ကျော့သာအောင် နတ်းတတ်စမြဲဖြစ်လေသည်။ ထိုနည်းထိုပုံဖြင့် အခွန်အကောက်ညှဉ်းပန်းမှုများ လူလတ်တန်းစားတွေအပေါ် ကျရောက်လာခြင်းဖြစ်လေသည်။

လူချမ်းသာတွေက ပညာတတ်များအားပိုင်ပိုင်နိုင်နိုင်ကျော်သွားကြသည်။ ထိုသို့ကျော်နိုင်ခြင်းမှာ သူတို့က ငွေ၏တန်ခိုးသတ္တိကို နားလည်သဘောပေါက်သောကြောင့်သာဖြစ်၏။ ခက်တာက ငွေ၏ တန်ခိုးသတ္တိအကြောင်းဆိုသည်မှာ စာသင်ကျောင်းများတွင် သင်ကြားမပေးသည့် ဘာသာရပ်ဖြစ်ပါသည်။

သည်တော့ ငွေရှင်ကြေးရှင်တွေက ပညာတတ်တွေကို ဘယ်ပုံ ဘယ်နည်းကျော်သွားကြသလဲ။ 'ချမ်းသာသူတွေဆီက ရအောင်ယူ' ဆိုသော အခွန်ဥပဒေအတည်ဖြစ်သွားသည်နှင့် အစိုးရဘဏ္ဍာတိုက်တွေထဲသို့ ငွေသားတွေ စီးဝင်လာသည်။ အစ အစမပိုင်းတွင် လူတွေ ဝမ်းသာကျေနပ်ကြသည်။ ငွေတွေကို အစိုးရအမှုထမ်းများနှင့် လူချမ်းသာများအား ခွဲပေးရသည်။ အစိုးရ အမှုထမ်းများအား အလုပ်အကိုင်များ၊ အငြိမ်းစား လစာများအသွင်ဖြင့်ပေးဝေသည်။ လူချမ်းသာများဆီကိုတော့ သူတို့ပိုင်စက်ရုံအလုပ်ရုံများမှ တစ်ဆင့် အစိုးရလုပ်ငန်းကန်ထရိုက်များအသွင်ဖြင့်ပေးဝေသည်။

အစိုးရသည် ငွေကြေးများပေါင်းဆုံ စုစည်းရာဌာနကြီးဖြစ် လာသည်။ သို့သော် ပြဿနာမှာ ၎င်းငွေများကို စီမံခန့်ခွဲခြင်း ဖြစ်၏။ ၎င်းငွေများကို ပြန်လည် လှည့်ပတ်သုံးစွဲခြင်းမရှိ တစ်နည်းပြောရလျှင် အစိုးရမူဝါဒအရ ဌာနတာဝန်ခံတစ်ဦးသည် ငွေပိုငွေလျှံရှိနေခြင်းကို ရှောင်ရှားရပါမည်။ သင့်အား ခွဲတမ်း ပေးထားသောဘဏ္ဍာငွေကို ကုန်အောင်မသုံးနိုင်လျှင် နောင်နှ ဘတ်ဂျက်ခွဲတမ်းတွင် ထိုငွေပမာဏလောက်ရမည်မဟုတ်တော့ သင့်အားစွမ်းရည်ပြည့်လုပ်ဆောင်နိုင်စွမ်းရှိသူဟု မသတ်မှတ် သေချာသည်။ တစ်ဖက်ရှိ စီးပွားရေးသမားတွေကတော့ ငွေပို ငွေ ထွက်လာအောင် စီစဉ်ဆောင်ရွက်နိုင်သည့်အတွက် သင့်အ ဆုပေးမည်။ သင့်လုပ်ဆောင်မှုစွမ်းရည်ကို အသိအမှတ်ပြုမည် ၏။

သည်တော့ အစိုးရဌာနတွေက ငွေကို သုံးကိုသုံးရသ ငွေသုံးသည့် ဖြစ်စဉ်ကြီး လည်ပတ်နေပြီး ကြာလာတော့ 'လို တွေပြလာသည်။ လိုငွေပြဿနာကို ဖြေရှင်းဖို့ 'ချမ်းသာသူတွေ က ရအောင်ယူ' ဝါဒကို အလျှော့အတင်းလုပ်ရတော့၏။ သို့ အခွန်စည်းကြပ်မှုကို 'ချမ်းသာသူတွေဆီက ရအောင်ယူ'ဖို့ ခဲ့သူများဆီအထိ ရောက်အောင် ဆန့်ထုတ်ခဲ့ကြလေသည်။

အရင်းရှင်ရင့်မကြီးတွေကတော့ ငွေကြေးဆိုင်ရာ ပညာကို အသုံးချပြီး ထွက်ပေါက်ရှာခဲ့ကြ၏။ သူတို့က ရေးရှင်းတစ်ခု၊ ကုမ္ပဏီတစ်ခု၏ အကာအကွယ်ကို ယူကြ ကော်ပိုရေးရှင်းတစ်ခုက ချမ်းသာသူတွေကို အကာအကွယ် သည်။ ကော်ပိုရေးရှင်းတစ်ခုအပေါ် စည်းကြပ်သည့် ဝင် နှုန်းသည် တစ်ဦးတစ်ယောက်ချင်းအပေါ် စည်းကြပ်သည့် ခွန်နှုန်းထက် လျော့နည်း၏။ ထို့ပြင် ကော်ပိုရေးရှင်းတစ်ခုက အသုံးစရိတ်များကို အခွန်မကောက်မီ ဝင်ငွေထဲက ကျခံသုံ ရှိ၏။

ဆင်းရဲချမ်းသာတိုက်ပွဲတွေ ဖြစ်ပေါ်ခဲ့သည်ကတော့
နှစ်ပေါင်းရာချီပြီး ကြာမြင့်ခဲ့ပါပြီ။ သည်တိုက်ပွဲမှာ 'ချမ်းသာသူ
တွေဆီကရအောင်ယူ' လူစုနှင့် ချမ်းသာသူတွေ တိုက်သည့် တိုက်ပွဲ။
သည်တိုက်ပွဲက ပြီးဆုံးသွားမည်မဟုတ်။ ထာဝစဉ် ဆက်လက်
ပေါ်ပေါက်နေမည်သာ။ ပြဿနာမှာ တိုက်ပွဲတွင် ရှုံးနိမ့်သူများ
သည် အကြားအမြင်ဗဟုသုတနည်းပါးသူများဖြစ်နေခြင်းပင်။
နက်မိုးလင်းအိပ်ရာကထပြီး ကြိုးစားပမ်းစားအလုပ်ခွင်သို့သွား၊
အချိန်တန်တော့ အခွန်အကောက်တွေ ပေးနေရသည့် လူတွေသာ
ရှုံးနိမ့်နေခြင်းဖြစ်၏။ အကယ်၍ ချမ်းသာသူတွေ ကျင့်သုံးသည့်
နည်းပရိယာယ်များကို သိလျှင်၊ နားလည်လျှင် သူတို့လည်း
သည်နည်းပရိယာယ်တွေအတိုင်း ကျင့်သုံးနိုင်မည်ဖြစ်၏။ ထိုအခါ
သူတို့လည်း ငွေရေး ကြေးရေးအမှိုခိုကင်းသည့်ဘဝကို ထူထောင်နိုင်
ကြပါမည်။ ကျောင်းတက်၊ အလုပ်ကောင်းကောင်းရှာလုပ်ပြီး
ငွေရေး ကြေးရေး အခြေခံပညာ မကြေညက်လို့ကတော့ သူတို့
သည် လုံးလည်ချာလည် ဘဝမျိုးမှလွတ်မြောက်မည်မဟုတ်ပါချေ။

လူတွေက ချမ်းသာသူတွေကို အပြစ်ပေးဒဏ်ခတ်ဖို့
ကြိုးစားတိုင်း ငွေရှင်ကြေးရှင်တွေက ခေါင်းငုံ့လည်စင်းခံနေကြ
သည်မဟုတ်။ သူတို့က တုံ့ပြန်လှုပ်ရှားကြသည်။ သူတို့မှာ ငွေရှိ
သည်၊ ဩဇာအာဏာရှိသည်။ နောက်ပြီး အခြေအနေတွေကို
ပြောင်းလဲပစ်ဖို့ အာရုံစူးစိုက်မှုရှိသည်။ သူတို့က ငုတ်တုတ်ထိုင်ပြီး
အခွန်တွေ အကောက်တွေကို လိုလိုလားလား ပိုပြီးပေးနေကြသည်
မဟုတ်။ အခွန်အကောက်ဝန်ထုပ်ကြီး လျော့ပါးသွားစေမည့် နည်း
လမ်းတွေကို ရှာဖွေကြသည်။ ကြံဆကြသည်။ အလွန်တော်သော
ရှေ့နေတွေ၊ စာရင်းကိုင်တွေငှားသည်။ နိုင်ငံရေးသမားတွေကို
ဆွဲဆောင်သိမ်းသွင်းသည်။ ဥပဒေများကို ပြောင်းလဲပစ်ဖို့ သို့မဟုတ်
ဥပဒေဝင်ကယ်ပေါက်တွေ ဖန်တီးဖို့ အားထုတ်ကြသည်။ သည်လို
ပြောင်းအလဲတွေ ပြုလုပ်ချင်လာအောင် ဖြားယောင်းဖို့ ငွေကြေး

အရင်းအမြစ်များ သူတို့မှာရှိသည်။

အမေရိကပြည်ထောင်စု၏ အခွန်ဥပဒေတွင်လည်
အခွန်ပေးဆောင်မှု လျှော့နည်းစေသည့် ကယ်ပေါက်တွေရှိသည်
ငင်းကယ်ပေါက်တွေကို ဘယ်သူမဆို အသုံးချလို့ရသည်။ သို့သေ
ငင်းကယ်ပေါက်တွေကို လိုက်လံရှာဖွေသည်မှာ လူချမ်းသာတွေသ
ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူတို့က 'ကိုယ့်အလုပ်ကိုယ်လု
သူများဖြစ်သောကြောင့်တည်း။ အခွန်အကောက်သက်သာစေမ
အဆိုပါနည်းလမ်းများကို အသုံးမချတတ်သူတွေသည် သူတို့
ရပိုင်ခွင့်ကဏ္ဍကို ဖြည့်ဆည်းတည်ဆောက်ဖို့ အခွင့်အရေး
လက်လွတ်ဆုံးရှုံးရလေသည်။

ဖေဖေချမ်းသာထံမှ ကျွန်တော်သင်ယူခဲ့သည့် ပထမသ
ခန်းစာကို သင်သတိရကောင်းရပါလိမ့်မည်။ ထိုစဉ်က ကျွန်တေ
အသက် ကိုးနှစ်။ ကျွန်တော့်အားအလှည့်ပေးပြီး စကားပြေ
အရေး တန်းစီစောင့်နေရသည့် ချာတိတ်ဘဝ။ သူ့ရုံးခန်းမှာ ထိ
သူကိုယ့်ဘက်လှည့်လာသည့်တိုင်အောင် တစ်ငုတ်တုတ်ထ
တိုင်စောင့်ခဲ့ရသည့် အကြိမ်တွေ အများကြီး။ စင်စစ်သူ ကျွန်တေ
ကို တမင်သက်သက်လျစ်လျူရှုထားခြင်းဖြစ်၏။ သူ၏ ဩ
အာဏာကို ကျွန်တော်သိမှတ်စေချင်သည်။ တစ်နေ့နေ့
ထိုဩဇာအာဏာမျိုး ပိုင်ဆိုင်ချင်စိတ် ကျွန်တော့်ရင်ထဲမှာ
ပေါက်စေချင်သည်။

သူ့ဆီမှ ပညာယူဆည်းပူးနေသည့် နှစ်ကာလများအ
သူ အမြဲတမ်း သွန်သင်ဆုံးမသည်မှာ အသိပညာသည် ဩ
အာဏာ ဖြစ်ကြောင်းပေတည်း။ ငွေသည် ခွန်အားကြီးမား
ဩဇာအာဏာဖြစ်ကြောင်း၊ ငင်းဩဇာအာဏာ တည်တံ့
ထိန်းထားဖို့နှင့် ဆပွားတိုးတက်လာဖို့ မှန်ကန်သော အသိပည
လို ကြောင်း သူက သင်ကြားပေးသည်။ ငင်းအသိပညာမျိုး
မရှိလျှင်လောကကြီးက သင့်အား 'မောင်း'သွားလိမ့်မည်ဟုဆို

မိမိသည် ဝင်ငွေရဖို့အလုပ်မလုပ်ဘဲ မိမိအတွက် အလုပ်လုပ်ပေးမည့် ငွေကိုရှာဖွေရမည်ဟူသော ပထမဦးဆုံးသင်ခန်းစာအပင် ဩဇာအာဏာအကြောင်း သင်ကြားချက်ဖြစ်နေ၏။ သင်သည် ဝင်ငွေရဖို့ အလုပ်လုပ်သည်ဆိုလျှင် သင်သည် ဩဇာအာဏာကို အလုပ်ရှင်ထံသို့ ဝကွက်ပေးအပ်ထား၏။ သင့်ငွေက သင့်အတွက် အလုပ်လုပ်ပေးသည်ဆိုလျှင် ဩဇာအာဏာသည် သင့်ထံမှာ ရှိနေပြီး သင်ကြိုက်သလိုထိန်းချုပ်လို့ရ၏။

ငွေကြေး၏ ဩဇာအာဏာက ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးသည်ဆိုသော အသိပညာကို ရရှိသည်နှင့် ဖေဖေချမ်းသာက မိုက်နှင့် ကျွန်တော့်ကိုလိမ္မာပါးနပ်စွာ အလုပ်လုပ်စေချင်သည်။ သင်သည် ဥပဒေကို သိဖို့လိုသည်။ ဥပဒေများ ဘယ်လိုအလုပ် လုပ်သည်ကို နားလည်သဘောပေါက်ဖို့ လိုသည်။ သင်အာပြောနေသည်ကို သင်သိလျှင် သင့်မှာ တိုက်ခိုက်ဖို့ အခွင့်အရေးရ၏။ ထို့ကြောင့် ဖေဖေချမ်းသာသည် ငွေကုန်ကြေးကျခံပြီး ဥပဒေသာရှင်များ၊ စာရင်းကိုင်များ ငှားရမ်းခဲ့ခြင်းဖြစ်၏။ သူတို့ကိုငှားရမ်းရသည်က အစိုးရအား ပေးရသည်ထက် သက်သာသည်။ "မင်း လိမ္မာပါးနပ်မှုရှိရင် မင်းသိပ်ပြီး ဗိုလ်ကျ အနိုင်ကျင့်မခံရဘူး" ဟူသော သူ၏ အကောင်းဆုံး ပို့ချချက်ကို ကျွန်တော်တစ်သက်လုံး ကိုင်စွဲကျင့်သုံးခဲ့ပါသည်။

သူက ဥပဒေကို သိသည်။ အဘယ်ကြောင့်ဆိုသော် သူကဥပဒေကို လေးစားလိုက်နာသော ပြည်သူတစ်ဦးဖြစ်သောကြောင့်။ သူကဥပဒေကိုသိသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေကိုသိခြင်းသည် 'ခံ'ရလွန်းသောကြောင့်။ "မင်းဘက်ကမှန်တယ်ဆိုတာ မင်းသိနေရင် ပြန်ပြီး တိုက်ခိုက်ရမယ်ဆိုလည်း မကြောက်တော့ဘူး" ဟု သူက ပြော၏။

ပညာတတ်ဖေဖေက ကျွန်တော့်အား အာမခံချက်ရှိသော ကော်ပိုရေးရှင်းကြီးတစ်ခုမှာ အလုပ်ဝင်လုပ်ဖို့ အမြဲတိုက်တွန်းပြီး

ဖေဖေချမ်းသာကတော့ ကိုယ်ပိုင်ကော်ပိုရေးရှင်းကြီး တည်ထောင်ဖို့ အကြံပေးခဲ့၏။ ထိုစဉ်က ငယ်သေးတော့ ကိုယ်ပိုင်ကော်ပိုရေးရှင်းတည်ထောင်ဖို့ဆိုသည့် ဖေဖေချမ်းသာ၏ စကားကို အဓိပ္ပာယ်မပေါက်ခဲ့။ တုန်လှုပ်ချောက်ချားစရာကောင်းပြီး ဖြစ်နိုင်ခြေမရှိသည့် စိတ်ကူးဟုလည်း ထင်ခဲ့၏။ ကိုယ်ပိုင်ကော်ပိုရေးရှင်းတစ်ခုတည်ထောင်နိုင်လျှင်တော့ ကောင်းတာပေါ့။ ဘယ်လောက် ရင်ခုန်စရာကောင်းလိုက်မည်လဲ။ သို့ပေမဲ့ ကျွန်တော်ပိုင် ကော်ပိုရေးရှင်းတွင် ကျွန်တော့်ထက်အသက်ကြီးသူတွေက ကျွန်တော့်အတွက် အလုပ်လုပ်ပေးကြမည်ဆိုတာကိုတော့ လူငယ်ကလေးကျွန်တော်သည်စိတ်ကူးပင်ယဉ်မကြည့်ဝံ့ခဲ့။

ဆိုလိုရင်းမှာ ဖေဖေချမ်းသာ၏ မကြာမကြာသတိပေးနှိုးဆော်ချက်ကြောင့်မဟုတ်လျှင် ကျွန်တော်တခြားလမ်းကို ရွေးမည်ဖြစ်၏။ ကိုယ်ပိုင်ကော်ပိုရေးရှင်း ဘယ်လိုထူထောင်ရမည်ဆိုတာ ကျွန်တော်မသိ။ သို့ပေမဲ့ ကျွန်တော့်ကျောင်းနေဖက်သူငယ်ချင်းတွေလို သမားရိုးကျလမ်းကြောင်းတော့ မလိုက်ဟုသန္နိဋ္ဌာန်ချထားသည်။ ဤဆုံးဖြတ်ချက်ကပင် ကျွန်တော့်ဘဝကိုပြောင်းလဲစေခဲ့လေသည်။

အသက်အစိတ်လောက်ရောက်မှ ဖေဖေချမ်းသာ၏ သွန်သင်ချက်ဆိုလိုရင်းကို အဓိပ္ပာယ်ပေါက်လာသည်။ ထိုစဉ်က ကျွန်တော်ဇီရောက်စ် (Zerox) စာကူးစက် ကုမ္ပဏီမှာ အလုပ်လုပ်နေသည်။ စာကူးစက်အရောင်း ကိုယ်စားလှယ်အလုပ်က ထော်တော်ဝင်ငွေကောင်းသည်။ သို့သော် လခထုတ်တိုင်းမကျေမနပ်ဖြစ်ရသည်။ ဖြတ်တောက်ငွေတွေက များလွန်းလှသည်။ ကျွန်တော်ပိုအလုပ်ကြိုးစားသည်။ ဝင်ငွေပိုရသည်။ ဝင်ငွေပိုရလေ ဖြတ်တောက်ငွေကများပြားလေ။ လုပ်ငန်းခွင်မှာ အောင်မြင်လာလေ ကျွန်တော့်အား ရာထူးတိုးပေးဖို့ လခတိုးပေးဖို့ အထက်လူကြီးအသံမြည်လာသည်။ သည်လိုဖြစ်လာတာ အားတက်စရာ၊ ဂုဏ်

ရော။ သို့ပေမဲ့ ဖေဖေချမ်းသာက မေးခွန်းတစ်ခု မေးနေသည်ကို ကျွန်တော်ကြားယောင်မိ၏။

“မင်း ဘယ်သူ့အတွက် အလုပ်လုပ်နေတာလဲ။ ဘယ်သူ ချမ်းသာအောင် လုပ်နေတာလဲ”

ဇီရော့စ်ကုမ္ပဏီတွင် အလုပ်လုပ်နေဆဲ ၁၉၇၄ ခုနှစ်ထဲတွင် ကျွန်တော်၏ ပထမဆုံး ကော်ပိုရေးရှင်းကို တည်ထောင်လိုက်သည်။ ကျွန်တော် ‘ကိုယ့်အလုပ်ကိုယ်လုပ်’ဖို့ အစပျိုးလိုက်ပြီ။ ကျွန်တော့် ရပိုင်ခွင့်ကဏ္ဍထဲတွင် ရပိုင်ခွင့် အနည်းငယ်ရှိနေပြီးသား။ သို့သော် သည့်ထက်ကြီးမားလာအောင် လုပ်ဖို့ သန္နိဋ္ဌာန်ချထားသည်။

ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ မိမိအမှုထမ်းများကို အကြံပေးခြင်းသည် မိမိလုပ်ငန်းထိခိုက်စေသည်ဟု အလုပ်ရှင်တော်တော်များများက ထင်ကြ၏။ တချို့လူတွေအတွက် မှန်ကောင်းမှန်မည်ဟု ကျွန်တော်ယုံသည်။ သို့သော် ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ အာရုံစိုက်သော ကျွန်တော့်အနေဖြင့်တော့ ပိုပြီးထက်မြက်သော ဝန်ထမ်းတစ်ဦးဖြစ်လာပါသည်။ ကျွန်တော့်ရပိုင်ခွင့်ကဏ္ဍမှာ များများရင်းနှီးမြှုပ်နှံနိုင်ဖို့ ဝင်ငွေများများရမှဖြစ်မည်။ ထို့ကြောင့် ပိုပြီးအလုပ်ကြိုးစားသည်။ စာကူးစက်တွေ ပိုရောင်းရအောင် အားထုတ်သည်။ ၁၉၇၈ ခုနှစ်ရောက်တော့ ကျွန်တော်သည် ကုမ္ပဏီ၏ ထိပ်တန်းအရောင်းကိုယ်စားလှယ်ငါးဦးစာရင်းဝင် အမြဲဖြစ်နေပြီ။ တစ်ခါတစ်ခါ နံပါတ် ၁ ပင်ဖြစ်လာသည်။ ကျွန်တော် ကြွက်ပြေးလမ်းကြောင်းက လွတ်မြောက်ချင်လှပြီ။

သုံးနှစ်မပြည့်မီအတွင်း ကျွန်တော်ပိုင်ကော်ပိုရေးရှင်းသား ရုပ်လုံးပေါ်လာပြီ။ အိမ်မြေအရောင်းအဝယ်ကော်ပိုရေးရှင်းကလေး။ ကျွန်တော့်ကော်ပိုရေးရှင်းကလေးက ရှာဖွေပေးသည့် ဝင်ငွေသည် ဇီရော့စ်ကုမ္ပဏီကပေးသည့် ဝင်ငွေထက်ပင်များလာသည်။ ကျွန်တော်ပိုင် ကော်ပိုရေးရှင်း၏ ရပိုင်ခွင့်ကဏ္ဍမှရနေသော

ငွေတွေက ကျွန်တော့်ကို ပြန်ပြီး အလုပ်လုပ်ပေးသည်။ ကျွန်တော် ဆိုသည်မှာ ကော်ပိုရေးရှင်းပိုင်ရှင် ကျွန်တော်ဖြစ်၏။ အိမ်ပေါ်တ် စေ့တံခါးခေါက်ပြီး မိတ္တူကူးစက်တွေ ရောင်းရသော ကျွန်တော် မဟုတ်။ ဖေဖေချမ်းသာ၏ အကြံပေးချက်သည် ခုမှပိုပြီး အဓိပ္ပာယ် ရှိလာသည်။ ကျွန်တော့်ရပိုင်ခွင့်ကဏ္ဍမှ စီးဝင်လာသည့် ငွေသာ ပမာဏကြီးထွားအားကောင်းလာသည့်အတွက် ကျွန်တော်၏ ပထ ဆုံး ပေါ့ရှ်ကားကလေးကိုဝယ်စီးလိုက်၏။ ဇရော့စ်အရောင် ကိုယ်စားလှယ် ကျွန်တော့်အပေါင်းအသင်းတွေက စာကူးစက် ရောင်းလို့ရသည့် ကော်မရှင်တွေကို ကျွန်တော်သုံးပစ်နေသည် ထင်ကြ၏။ ဘယ်သုံးလိမ့်မလဲ။ ကျွန်တော်ရသည့် ကော်မရှင်တွေ ကျွန်တော့်ရပိုင်ခွင့်ကဏ္ဍထဲမှာ ရင်းနှီးမြှုပ်နှံထားခဲ့သည်ကို သူ မသိကြပါချေ။

ကျွန်တော့်ငွေတွေက နောက်ထပ်ငွေတွေ တိုးပွားလာ အောင် အစွမ်းကုန် အလုပ်လုပ်၏။ ကျွန်တော့်ရပိုင်ခွင့်ကဏ္ဍထဲ တစ်ဒေါ်လာသည် သူမတူအောင်တော်သည့် အမှုထမ်းတစ်ဦးဖြ ၏။ သူလိုအမှုထမ်းတွေ တိုးပွားလာအောင် အားထုတ်လုပ်ကို သည်။ ပြီးတော့သူ့အလုပ်ရှင်ကို ဝင်ငွေခွန်မဖြတ်ရသေးသ ဒေါ်လာများဖြင့် ပေါ့ရှ်ကားသစ်တစ်စီးဝယ်ပေးလေသည်။ သ တော့ ကျွန်တော်က ဇရော့စ်ကုမ္ပဏီအတွက် ဆထက်ထမ် ကြိုးစားလုပ်လုပ်တော့သည်။ ကျွန်တော့်စီမံကိန်း အကော အထည်ပေါ်နေပြီ။ ပေါ့ရှ်ကားသစ်က သက်သေအထောက်အထ ဖြစ်၏။

ဖေဖေချမ်းသာသင်ပေးသည့် သင်ခန်းစာများကို လ တွေ့အသုံးချခြင်းဖြင့် ကျွန်တော်ကြွက်ပြေးလမ်းမှ ဖောက်ထွ နိုင်ခဲ့ပြီ။ တစ်နည်းဆိုသော် အသက်အရွယ်ငယ်ငယ်ဖြင့် အမှုထ ဘဝမှ အငြိမ်းစားယူနိုင်ခဲ့၏။ သည်သို့ဖြစ်လာခြင်းမှာ အဆို သင်ခန်းစာများမှတစ်ဆင့် ရလာသည့် ငွေရေးကြေးရေး အ

ညာကြောင့်ဖြစ်၏။ ဤငွေရေး ကြေးရေး အသိပညာသာမရခဲ့လျှင် ငွေရေးကြေးရေး အမှိုက်ကင်းသည့် ဘဝရအောင် လျှောက်သည့်လမ်းသည် ယခုထက်ပိုမိုခက်ခဲကြမ်းတမ်းပေမည်။

ယခုတော့ ကျွန်တော့်အသိပညာကို ဖြန့်ဝေပေးသည့်သဘောဖြင့် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများတွင် ကျွန်တော်တင်ပြခဲ့၏။ ငွေရေး ကြေးရေးအသိပညာကိုရအောင် ကျယ်ပြန့်သောကျွမ်းကျင်မှု နယ်ပယ်လေးရပ်မှ အသိပညာများဖြင့် ပေါင်းစပ်ဖွဲ့စည်းရကြောင်း ဟောပြောပွဲတိုင်းတွင် ကျွန်တော်သတိပေးတင်ပြခဲ့ပါသည်။ ကျွမ်းကျင်မှု နယ်ပယ်လေးရပ်မှာအောက်ပါအတိုင်းဖြစ်၏။

၁။ စာရင်းပညာ

ကျွန်တော်ကငွေရေးကြေးရေး အခြေခံပညာဟုခေါ်သည်။ အင်ပါယာတစ်ခုထူထောင်လိုလျှင် မရှိမဖြစ် အရေးကြီးသော ကျွမ်းကျင်မှုဖြစ်၏။ သင်တာဝန်ယူရသည့် ငွေပမာဏကြီးမားလေ တိကျမှန်ကန်မှုရှိဖို့ ပိုပြီးလိုလေဖြစ်၏။ သို့မဟုတ်လျှင်သင်ဆောက်ထားသည့် အိမ်ကြီးပြိုကျသွားပါမည်။ ဤကားဦးနှောက်ဘယ်ဘက်ခြမ်းလုပ်ငန်း သို့မဟုတ် အသေးစိတ်အလုပ်များ။ ငွေရေး ကြေးရေး အခြေခံပညာသည် ငွေရေး ကြေးရေးစာရင်းများကို ဖတ်နိုင်စွမ်း၊ နားလည်နိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ဤစွမ်းရည်က စီးပွားရေး လုပ်ငန်းတစ်ခု၏ အားသာချက်နှင့်အားနည်းချက်များကို ဖော်ထုတ်နိုင်၏။

၂။ ရင်းနှီးမြှုပ်နှံခြင်း

ငွေဖြင့် ငွေရှာသည့်ပညာဟု ကျွန်တော်ကခေါ်သည်။ ဤသည်ပညာတွင် မဟာဗျူဟာတွေ၊ ပုံသေနည်းတွေ ပါဝင်၏။ ဤကား ဦးနှောက်ညာဘက်ခြမ်းလုပ်ငန်း သို့မဟုတ် တီထွင်ဖန်တီး

သည့်အလုပ်ဖြစ်၏။

၃။ ဈေးကွက်များကို နားလည်ခြင်း (ဝယ်လိုအားနှင့် ရောင်းလိုအား ကို နားလည် သဘောပေါက်ခြင်း။)

စိတ်ခံစားချက်ကြောင့်ဖြစ်လေ့ဖြစ်ထရှိသော ဈေးကွက် အနေအထားကို 'နည်းပညာပိုင်း'နှင့် ချိန်ဆသိနားလည်ဖို့လို၏။ နောက်တစ်ချက်မှာ 'အခြေခံ' သို့မဟုတ် ရင်းနှီး မြှုပ်နှံမှုတစ်ခုကို စီးပွားရေးအမြင်ဖြင့် အကဲဖြတ်တတ်ဖို့လို၏။ လက်ရှိဈေးကွက် အခြေအနေပေါ် အခြေခံပြီး ရင်းနှီးမြှုပ်နှံသင့် မသင့် ချင့်ချိန် ဆုံးဖြတ်တတ်ခြင်းဖြစ်၏။

၁၉၉၆ ခုနှစ်တုန်းက Tickle Me Elmo ဆိုသည့် ကလေး ကစားစရာအရုပ်များသည် အလွန်နာမည်ကြီး၏။ ကလေးသူငယ် တိုင်း လိုလားတပ်မက်အောင် ကြော်ငြာခဲ့၏။ ထိုနှစ်ခရစ်စမတ် ကာလတွင်ကလေးသူငယ်များ ရယူလိုသည့် လက်ဆောင်စာရင်း တွင် ၎င်းအရုပ်ကလေးတွေက ထိပ်ဆုံးမှ နေရာယူထား၏။ သို့သော် ဝယ်လိုအားရှိသလောက် ကုမ္ပဏီက ထုတ်လုပ်မပေးနိုင်။ ကုမ္ပဏီ က ဈေးကွက်မှ တမင်ရုပ်သိမ်းထားသလားဟုပင် မိဘတွေ တွက်ဆကြ၏။ မိမိတို့ကလေးတွေအတွက် ၎င်းအရုပ်တစ်ရုပ်စ ဆိုင်များတွင် ဝယ်မရသည့် မိဘများမှာ ကြားလူမှောင်ခိုသမ တချို့၏ အမြတ်ထုတ်ခြင်းကိုခံလိုက်ကြရ၏။ ဤကားဝယ်လိုအ နှင့် ရောင်းလိုအား ချိန်ထိုးတတ်ဖို့ လိုခြင်းကိုအကောင်း မီးမောင်းထိုးပြသည့် သာဓကပေါတည်း။

၄။ ဥပဒေကို သိနားလည်ခြင်း

စာရင်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ပညာစသေ ကျွမ်းကျင်မှုများနှင့် ပြည့်စုံသည့် ကော်ပိုရေးရှင်းတစ်ခုကို အသုံ ခြင်းဖြင့် နေ့ချင်းညချင်း ကြီးပွားချမ်းသာနိုင်၏။ ကော်ပိုရေး

တစ်ခုခံစားခွင့်ရှိသည့် အခွန်နှင့် ပတ်သက်သော အခွင့်အရေးများ အကြောင်း သိနားလည်ထားသူ တစ်ဦးတစ်ယောက်သည် သာမန် အမှုထမ်း သို့မဟုတ် တစ်ဦးတည်းပိုင်လုပ်ငန်းငယ်ကလေး တည်ထောင်ထားသူတစ်ဦးထက် မြန်မြန်ဆန်ဆန်ကြီး ကြီးပွား ချမ်းသာနိုင်၏။ ခရီးတစ်ထောက်ကို လမ်းလျှောက်သွားသူနှင့် ဆိုင်ကယ်စီးသွားသူ ကွာခြားသကဲ့သို့ ကွာခြားနိုင်၏။ ရေရှည် ကြီးပွားချမ်းသာရေး ရှုထောင့်မှကြည့်လျှင် ကွာခြားချက်က ကြီးမားလှပေသည်။

(၁) အခွန်အကောက်နှင့်ပတ်သက်သော တစ်ပန်းသာမှုများ

လူတစ်ဦး တစ်ယောက်ချင်း လုပ်ဆောင်လို့မရသည့် ကိစ္စ တွေကို ကော်ပိုရေးရှင်းတစ်ခုကလုပ်ဆောင်လို့ရတာတွေ အများ ကြီးရှိ၏။ အခွန်တွေမပေးဆောင်မီ အသုံးစရိတ်များ ပေးချေနိုင်ခွင့် ရှိတာမျိုး။ ဤကား ကျွမ်းကျင်လိမ္မာမှု လိုအပ်ပြီး စိတ်လှုပ်ရှားစရာ ကောင်းသည့် အလုပ်ဖြစ်၏။ သို့သော် သင့်လုပ်ငန်း သို့မဟုတ် သင့်ရပိုင်ခွင့်များ အုံနှင့်ကျင်းနှင့် ထုကြီးထည်ကြီး ဖြစ်မလာသေး လျှင် သည်အကွက်ကို နင်းစရာမလိုပါ။

အမှုထမ်းတွေ လခရကြသည်။ ရသည့်လခပေါ်မှတည်ပြီး ဝင်ငွေခွန်ကောက်သည်။ သူတို့သည် လက်ကျန်ငွေပေါ်မှာ မှီခိုနေထိုင်ကြရသည်။ ကော်ပိုရေးရှင်းတစ်ခုမှာ ဝင်ငွေတွေရှိသည်။ သုံးစွဲနိုင်သမျှ အကုန်သုံးစွဲသည်။ ကျန်သမျှ လက်ကျန်ငွေပေါ်မှာ သာ အခွန်စည်းကြပ်ခြင်းခံရသည်။ ဤကားငွေရှင်ကြေးရှင်တွေ အသုံးချနေသည့် အခွန်အကောက်ဆိုင်ရာ အကြီးမားဆုံး ကယ်ပေါက်တွေထဲက ကယ်ပေါက်တစ်ပေါက်ဖြစ်ပါသည်။

ဝင်ငွေကောင်းကောင်းရသော ရင်းနှီးမြှုပ်နှံမှုမျိုးတွေ ပိုင်ဆိုင်ထားပြီဆိုလျှင် အထက်ဖော်ပြပါ ကယ်ပေါက်မျိုးတွေ

ဖန်တီးရတာလွယ်ပါသည်။ ငွေကုန်ကြေးကျလည်းမများပါ။ ဥပမာ
သင့်ကိုယ်ပိုင်ကော်ပိုရေးရှင်းရှိနေသည့်အတွက် သင်၏ အပန်းဖြေ
ခရီးသည် ဟာဝိုင်ယီမှာသွားပြီး ကျင်းပမည့် ဘုတ်အဖွဲ့ အစည်း
အဝေးဖြစ်နေမည်။ မော်တော်ကားဝယ်ခြင်း၊ အာမခံစရိတ်
ပြုပြင်ထိန်းသိမ်းစရိတ်များ အားလုံး ကုမ္ပဏီအသုံးစရိတ်တွေချည်း
ဖြစ်၏။ စားသောက်ဆိုင်စရိတ် အများစုသည်လည်း တစ်စိတ်
တစ်ပိုင်း အသုံးစရိတ်များဖြစ်၏။ နောက်ထပ် နောက်ထပ် အသုံး
စရိတ်တွေ အများကြီးရှိသေးသည်။ သို့သော် အခွန်မဆောင်ရသေး
သည့် ငွေများဖြင့် တရားဥပဒေဘောင်အတွင်းမှ သုံးစွဲပါလေ။

(၂) တရားစွဲဆိုမှုများမှ ကာကွယ်ထားခြင်း

ကျွန်တော်တို့သည် ထစ်ခနဲဆို တရားစွဲတတ်သည့်
အဖွဲ့အစည်းထဲမှာ နေထိုင်နေကြရသည်။ လူတိုင်း လူတိုင်း
သင့်ထံမှ ဝေစုခွဲချင်ကြသည်။ လူချမ်းသာများသည် သူတို့၏ ရိုး
ခွင့်များကို အကြွေးရှင်များ ရန်မှ ကာကွယ်ရန် ကော်ပိုရေးရှ
များ၊ ကုမ္ပဏီစုံ ပူးပေါင်းအဖွဲ့အစည်းများ (Trusts) ၏ အထ
အကွယ်ကို ရယူထားကြ၏။ ကြွယ်ဝချမ်းသာသူတစ်ဦးကို တစ်
တစ်ယောက်က တရားစွဲသောအခါ တရားဥပဒေဘောင်အတွင်
အထပ်ထပ်စီမံထားသော အကာအကွယ်များနှင့်မကြာမဏြ
ကြုံတွေ့ရတတ်၏။ ကြွယ်ဝချမ်းသာသူတွင် တရားဥပဒေအရ
ဆိုင်မှုဆိုလို့ ဘာမျှမရှိသည်ကို အကြိမ်ကြိမ်ကြုံကြရ၏။ သူ
သူ ကြွယ်တွေက အရာရာတိုင်းကို ထိန်းချုပ်ထားသည်။ သို့ေ
တကယ်တမ်းပိုင်ဆိုင်မှုဆိုလို့ ဘာမျှမရှိ။

ဆင်းရဲသားနှင့် လူလတ်တန်းစားများက အရာရာတိုင်
ပိုင်ဆိုင်ဖို့ အားထုတ်ကြ၏။ နောက်တော့ ထိုအရာတွေကို အ
သို့မဟုတ် ချမ်းသာသူကို တရားစွဲလိုသည့် အချင်းချင်းတွေ

တစ်စုံတစ်ယောက်ထံဝကွက်အပ်လိုက်ကြရ၏။

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ ကော်ပိုရေးရှင်းတစ်ခု ပိုင်ဆိုင်ခြင်း၏ ထူးခြားချက်များကို ဂဃနဏ ရေးပြဖို့မဟုတ်ပါ။ သို့သော် သင့်မှာ တရားဝင်ရပိုင်ခွင့်တွေ များများစားစားရှိနေပြီ ဆိုလျှင်တော့ ကော်ပိုရေးရှင်းတစ်ခုက ပေးအပ်နိုင်သည့် အကာအကွယ်နှင့်အကျိုးကျေးဇူးများကို အမြန်ဆုံးရှာဖွေလေ့လာသင့်သည်ဟု ပြောလိုပါသည်။

တကယ်တမ်းကျတော့ ငွေရေး ကြေးရေး အသိပညာဆိုသည်မှာ ကျွမ်းကျင်လိမ္မာမှုတော်တော်များများနှင့်ပင်ကိုစွမ်းရည်များပေါင်းစပ်ရာမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်၏။ သို့သော် အထက်တွင်ဖော်ပြထားသည့် ကျွမ်းကျင်မှုအရည်အသွေးလေးမျိုးပေါင်းစပ်နိုင်လျှင် ငွေရေး ကြေးရေး အခြေခံပညာတတ်မြောက်နိုင်သည်ဟု ကျွန်တော်ပြောချင်ပါသည်။

သင်သည် ကြီးပွားချမ်းသာလိုစိတ်ပြင်းပြသည်ဆိုလျှင် ငွေရေး ကြေးရေး အခြေခံပညာ တတ်မြောက်ကျွမ်းကျင်ရပါမည်။ အထက်ဖော်ပြပါ ကျွမ်းကျင်မှုအရည်အသွေးလေးမျိုးပေါင်းစပ်ခြင်းက တစ်ဦးတစ်ယောက်၏ ငွေရေးကြေးရေးအသိပညာကို ကြီးမားကျယ်ပြန့်လာစေပါလိမ့်မည်။

အချုပ်အားဖြင့်ဆိုရသော်-

| ကော်ပိုရေးရှင်းများရှိသည့် ငွေရှင်ကြေးရှင်များ | ကော်ပိုရေးရှင်းများတွင် အလုပ်လုပ်သူများ |
|---|---|
| ၁။ ဝင်ငွေရ | ၁။ ဝင်ငွေရ |
| ၂။ သုံးစွဲ | ၂။ အခွန်အကောက်များပေး |
| ၃။ အခွန်အကောက်များပေး | ၃။ သုံးစွဲ |

သင်၏ယေဘုယျငွေရေး ကြေးရေး မဟာဗျူဟာ
အစိတ်အပိုင်းတစ်ခုအဖြစ် သင့်ရပိုင်ခွင့်များကို အကာအကွယ်
သည့် ကော်ပိုရေးရှင်းတစ်ခုပိုင်ဆိုင်ထားဖို့ကို ကျွန်တော်လေး
နက်နက်ထောက်ခံပါသည်။

■

## အခန်း [ ၆ ]

## သင်ခန်းစာ ၅

## ချမ်းသာသူတွေက ငွေကို ဖန်တီးယူသည်

နေ့ညကကျွန်တော်စာရေးတာခဏရပ်ပြီး ရုပ်မြင်သံကြားအစီအစဉ်မှ ပြသသော အလက်ဇန်းဒါးဂရေဟမ်ဘဲလ် *Alexander Graham Bell* ဆိုသည့် လူငယ်တစ်ယောက်အကြောင်းကို ကြည့်သည်။ ဘဲလ်က သူတီထွင်ထားသည့် တယ်လီဖုန်းကို မူပိုင်ခွင့်လျှောက်ထားပြီး သို့သော် ထုတ်လုပ်ဖို့ လိုအပ်သည့်ငွေပမာဏများပြားလွန်းသည့်အတွက် သူစိတ်ညစ်နေသည်။ ကုမ္ပဏီကြီးတစ်ခု၏ ထောက်ပံ့မှုလိုအပ်နေသည့်အတွက် ထိုခေတ်ကအကောင်းတောင့်တင်းဆုံးဖြစ်သည့် 'ဝက်စတန်းယူနီယံ' ကုမ္ပဏီသို့သွားသည်။ သူ၏ ကုမ္ပဏီ ပေါက်စလေးနှင့် သူတီထွင်ထားသော တယ်လီဖုန်းမူပိုင်ခွင့်ကိုပါရောင်းဖို့ ကမ်းလှမ်းသည်။ သူကနှစ်မျိုးလုံးအတွက် ဒေါ်လာ ၁၀၀,၀၀၀ လိုချင်သည်။ ဝက်စတန်းယူနီယံဥက္ကဋ္ဌက သူ့ကမ်းလှမ်းချက်ကို ပယ်ချသည်။ မတန်မရာဈေးကြီး တောင်းသည်ဟုဆိုသည်။ ကျန်သည့်အစိတ်အပိုင်းကတော့သမိုင်းကြောင်းတစ်ခုဖြစ်သွား၏။ သန်းပေါင်းထောင်ပေါင်းများစွာ

တန်သည့် စက်မှုလုပ်ငန်းကြီးပေါ်ထွန်းလာသည်။ အေတီနှင့်တီ
(AT & T) ကုမ္ပဏီကြီးမွေးဖွားလာသည်။

အလက်ဇန်းဒါးဂရေဟမ်ဘဲလ်၏ ဇာတ်လမ်းပြီးဆုံးသည်
နှင့် ညပိုင်းသတင်းတွေ ထုတ်လွှင့်သည်။ သတင်းတွေထဲတွင်
လုပ်ငန်းတွေ ချုံ့ပစ်လိုက်သည့် ဒေသခံကုမ္ပဏီတစ်ခုအကြောင်း
လည်းပါသည်။ အလုပ်သမားတွေဒေါသူပုန်ထနေကြသည်
ကုမ္ပဏီပိုင်သူများဘက်က တရားမျှတမှုမရှိဟု အပြစ်တင်ကြသည်
အလုပ်ရပ်စဲခံရသော အသက် ၄၅ နှစ်လောက်ရှိသည့် စက်
မန်နေဂျာတစ်ဦးက သူ့ကိစ္စကို ပြန်စဉ်းစားပေးဖို့ ပိုင်ရှင်များ
အသနားခံလိုသည်။ သူ့မှာဇနီးနှင့် ကလေးငယ်နှစ်ဦးရှိသည်။
ကြောင့် ပိုင်ရှင်များနှင့် တွေ့ခွင့်ရအောင် သူ့အား ဝင်ခွင့်
လုံခြုံရေး အစောင့်များကို တောင်းပန်တိုးလျှိုးနေသည်။ သူ့
အိမ်တစ်လုံးဝယ်ပြီးစပဲရှိသေးသည်။ ထိုအိမ်ပြန်ပြီးဆုံးရှုံးသွား
သူစိုးရိမ်နေသည်။ တောင်ပန်တိုးလျှိုးနေသည့် သူ့ရုပ်သွင်
ကင်မရာက အနီးကပ်ရိုက်ပြထားသည်။ သူ့ရုပ်သွင်က ကျွန်
အာရုံကို ဖမ်းစားထားကြောင်း အထူးတလည် ပြောနေဖို့မ

ကျွန်တော်သည် ၁၉၈၄ ခုနှစ်ကစပြီး ပညာရပ်ဆိုင်
သင်ကြားပို့ချမှုများပြုခဲ့၏။ အတွေ့အကြုံတော်တော်ရပြီး အ
ကျေးဇူးလည်းရှိပါသည်။ သည်အလုပ်က စိတ်ကသိကအောက်
စရာလည်းကောင်းသည်။ အကြောင်းမှာ ကျွန်တော်လူတွေ
ပေါင်းများစွာကို သင်ကြားပို့ချခဲ့ရာ ကျွန်တော်အပါအဝင်
တွေအားလုံးမှာ တူညီသည့် အချက်တစ်ချက်ရှိနေသည်ကို
ခဲ့ရသောကြောင့်ပင်။ ကျွန်တော်တို့အားလုံးတွင် ငုပ်လျှိုးစွ
များအံ့မခန်းလောက်အောင်ရှိနေပြီး၊ ကျွန်တော်တို့အား
မွေးကတည်းကပင်ကိုစွမ်းရည်များပါလာကြသည်။ သို့ဖြစ်
တိုင် ကျွန်တော်တို့အားလုံးကို ဇက်ချုပ်ထားသည့် အကြောင်း

ာစ်ခုလည်းရှိနေ၏။ ၎င်းအကြောင်းတရားကား တစ်စုံတစ်ရာ အတိုင်းအတာအထိ ကိုယ့်ကိုယ်ကိုယ်သံသယဝင်ခြင်းဖြစ်၏။ ကျွန်တော်တို့အား ဇက်ချုပ်နေသည်မှာ နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်များမရရှိသောကြောင့် သိပ်မဟုတ်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနည်းပါးသောကြောင့် အဖြစ်များသည်။ ၎င်းအားနည်းချက်ဒဏ်ကို တချို့လူတွေက တချို့လူတွေထက်ပိုပြီးခံစားရသည်။

ကျောင်းကထွက်ပြီးသည်နှင့် တက္ကသိုလ်ဘွဲ့များသို့မဟုတ် အဆင့်တွေ၊ ဂုဏ်ထူးတွေသည် သိပ်ပြီးအဓိကမဟုတ်ကြောင်း ကျွန်တော်တို့အများစု သိမြင်လာကြသည်။ ပညာရေးလောက၏ အပြင်ဘက် လက်တွေ့လောကတွင် အဆင့်တွေ၊ ဂုဏ်ထူးတွေထက်ပိုပြီး လိုအပ်တာတစ်ခုခုရှိနေတာတော့ အမှန်ဖြစ်၏။ ရဲဝံ့သည်'၊ 'စွန့်စားသည်'၊ 'ပြတ်သားသည်'၊ 'သွေးကောင်းသည်' ဆိုသော စကားများကို ကျွန်တော်တို့ ကြားနေကြရ၏။ ဘယ်လိုပဲခေါ်ခေါ်၊ ဘယ်လိုပဲ တံဆိပ်တပ်တပ် ဤအကြောင်းရင်းက လူတစ်ဦး၏ အနာဂတ်ဘဝကို ကျောင်းပညာရေး အဆင့်တွေထက်ပိုပြီး အကြီးအကျယ်အဆုံးအဖြတ်ပေးပါသည်။

ကျွန်တော်တို့တစ်ဦးချင်းစီ၏ ရင်ထဲတွင် အဆိုပါ ရဲဝံ့သော၊ ထက်မြက်သော၊ လုပ်ရဲ ကိုင်ရဲသောစရိုက်သဘာဝတွေပါရှိ၏၊ ၎င်းစရိုက်သဘာဝများ၏ ဆန့်ကျင်ဘက်အဖြစ်လိုအပ်လျှင်ောထောက်တောင်းပန်တတ်ခြင်းမျိုးလည်းပါရှိ၏။ ဗီယက်နမ်တွင် ာစ်နှစ်ကြာ စစ်မှုထမ်းခဲ့ပြီးနောက် ကျွန်တော့်ရင်ထဲ၌ ၎င်းစရိုက်သဘာဝနှစ်မျိုးစလုံးရှိကြောင်းကျွန်တော်သိသည်။

သို့ဖြစ်သည့်တိုင် အကြောက်လွန်ခြင်းနှင့် ကိုယ့်ကိုယ်ကိုယ်ယုံရဲသည့် စိတ်ဓာတ်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် အကြီးမားဆုံး အနှောင့်အယှက်ဖြစ်ကြောင်း သင်ကြားပို့ချ

သူတစ်ဦးအနေဖြင့် ကျွန်တော်အသိအမှတ်ပြုပါသည်။ အဖြေတွေ
ကို သိသော်လည်း ၎င်းအဖြေကို အခြေပြုပြီး လုပ်ရှားဆောင်ရွက်
ဖို့ သတ္တိမရှိသော စာသင်သားများကို တွေ့ရသောအခါ ကျွန်တော်
ရင်ထုမနာဖြစ်ရပါသည်။ လက်တွေ့လောကတွင် လူတကာထက်
တစ်ပန်းသာရှေ့တန်းရောက်သူများသည် လိမ္မာရေးခြားရှိခြင်း
ကြောင့်မဟုတ်ဘဲ ရဲဝံ့ပြတ်သားမှုရှိခြင်းကြောင့်ဖြစ်ကြောင်း မကြာ
မကြာတွေ့ရ၏။

ကျွန်တော်၏ ပုဂ္ဂလိကအတွေ့အကြုံများအရ ငွေရေး
ကြေးရေး စွမ်းရည်ထက်မြက်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ
အသိပညာသာမက သတ္တိရှိဖို့ပါလိုအပ်လေသည်။ အကယ်၍
ကြောက်စိတ်က အားကြီးလွန်းနေလျှင် ပင်ကိုစွမ်းရည်သည် မြှ
တော့၏။ ကျွန်တော့်သင်တန်းများတွင် သင်တန်းသူ သင်တန်းသား
များအားစွန့်စားကြဖို့၊ ရဲ့ဝံ့ကြဖို့နှင့် သူတို့၏ ပင်ကိုစွမ်းရည်
ကြောက်စိတ်ကို စွမ်းအားအဖြစ်၊ ထက်မြက်ခြင်းအဖြစ် အသွ
ပြောင်းပစ်ကြရန် ကျွန်တော်အပြင်းအထန်တိုက်တွန်းခဲ့၏
ကျွန်တော့်တိုက်တွန်းချက်က တချို့ကို အလုပ်ဖြစ်သွားစေပြီး၊ တ
ကို ကြောက်ဒူးတုန်သွားစေ၏။ ငွေရေး ကြေးရေးနှင့် ပတ်သ
လာလျှင်လူများစုသည် အရဲကိုးစွန့်စားလုပ်ဆောင်ဖို့ထ
အန္တရာယ်ကင်း၊ ဘေးကင်းလမ်းကြောင်းကို ရွေးကြမည်ဖြစ်ကြော
ခုတော့ ကျွန်တော်သဘောပေါက်နေပါပြီ။ "ကျွန်တော်တို့
ဘာဖြစ်လို့ အရဲကိုးစွန့်စားရမှာလဲ" "ငွေရေးကြေးရေး အသိ
ထက်မြက်အောင် ဘာဖြစ်လို့ အားထုတ်ရမှာလဲ" "ကျွန်
ဘာအကြောင်းကြောင့် ငွေရေး ကြေးရေးအခြေခံပညာ ထ
မြောက်သူဖြစ်အောင် အားထုတ်သင့်တာလဲ"ဟူသော မေးခွန်း
တွေ ကျွန်တော့်ကို ဝိုင်းမေးတာခံခဲ့ရ၏။

"ရွေးချယ်ခွင့်တွေ ပိုရအောင်လို့ပါ" ဟု ကျွန်တော်

၏။ အနာဂတ်ကာလတွင် ကြီးမားသော အပြောင်းအလဲများရှိနေသည်။ ကျွန်တော်က အလက်ဇန်းဒါးဂရေဟမ်ဘဲလ်အကြောင်းကပြောသည်။ လာမည့်နှစ်တွေတွင် သူလိုလူစားတွေ အများကြီးပေါ်ထွန်းလာလိမ့်ဦးမည်။ ဘီလ်ဂိတ်လိုလူစားတွေ တစ်ရာလောက်ထွက်ပေါ်လာမည်။ မိုက်ခရိုဆော့ဖ်လို အောင်မြင်သော ဧရာမကုမ္ပဏီကြီးတွေ တစ်နှစ်တစ်ကုဋေလောက် ကမ္ဘာတစ်လွှားမှာပေါက်ဖွားပေါ်ထွန်းလာလိမ့်မည်။ နောက်ပြီး လူမွဲအဖြစ်ခံယူမှုတွေ၊ လုပ်ငန်းရပ်ဆိုင်းမှုတွေ၊ လုပ်ငန်းချဲ့မှုတွေအများကြီးဖြစ်ပေါ်လာလိမ့်ဦးမည်။

သည်တော့ ဘာကိစ္စငွေရေး ကြေးရေးအသိပညာဖွံ့ဖြိုးတိုးတက်အောင်လုပ်နေမည်လဲ။ သည်မေးခွန်းကို သင်ကလွဲပြီးဘယ်သူမျှ ဖြေလို့မရ။ သို့တိုင် ကျွန်တော်ဘာ့ကြောင့် အားထုတ်ကြိုးပမ်းခဲ့သလဲဆိုတာတော့ ကျွန်တော်ပြောပြနိုင်သည်။ ကျွန်တော်ငွေရေး ကြေးရေး အသိပညာဖွံ့ဖြိုးထက်မြက်အောင် ကြိုးစားခဲ့၏။ အားထုတ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် သည်ပညာကို သင်ယူနည်းပူးနေချိန်သည် စိတ်တက်ကြွစရာ အကောင်းဆုံး ရှင်သန်နေထိုင်ရချိန်ဖြစ်သောကြောင့်ဖြစ်ပါသည်။ ကျွန်တော်ကတော့အပြောင်းအလဲကို ကြောက်ဒူးတုန်နေမည့်အစား အပြောင်းအလဲကို ကြိုဆိုသည်။ ကျွန်တော်က လခကလေးတစ်ပြားတစ်ချပ် မတိုးမှာကို စိုးရိမ်သောကရောက်နေခြင်းထက် စိတ်လှုပ်ရှားတက်ကြွစွာဖြင့် ဒေါ်လာတွေသန်းချီပြီး ရအောင်လုပ်ချင်သူ။ ယခုကျွန်တော်တို့ ရောက်နေသည့် ပစ္စက္ခကာလသည် စိတ်လှုပ်ရှားတက်ကြွဖွယ်အကောင်းဆုံးကာလဖြစ်သည်။ သည်ခေတ် သည်ကာလမျိုး ကမ္ဘာ့သမိုင်းမှာ မပေါ်ပေါက်ခဲ့ဖူးပါချေ။ ယခုအချိန်ကစပြီး ဆယ်စုနှစ်ပေါင်းများစွာကြာသည့်အခါ လူတွေသည် ဤခေတ် ဤကာလကို ပြန်ပြောင်း ငဲ့စောင်းကြည့်ပြီး ဤခေတ်သည် စိတ်လှုပ်ရှား

တက်ကြွစရာခေတ် ဖြစ်မည်ဟု မှတ်ချက်ချကြပေလိမ့်မည်။ ယ
ခေတ် ယခုကာလကား အဟောင်းအဟောင်းတွေ သေဆုံးချုပ်ငြိမ်
ပြီး အသစ်အသစ်တွေ မွေးဖွားဖြစ်ထွန်းသည့် ခေတ်ဖြစ်
၍ခေတ်တွင် ဝရုန်းသုန်းကားဖြစ်ရပ်တွေပြည့်လျှမ်းနေပြီး ရင်
လှိုက်မောစရာကောင်းလှပေသည်။

သည်တော့ ဘာကိစ္စငွေရေးကြေးရေး အသိပညာဖွံ့ဖြိ
တိုးတက်အောင်လုပ်ရမည်လဲ။ အဘယ်ကြောင့်ဆိုသော် ထို
သင်အားထုတ်လျှင် သင်အကြီးအကျယ်ကြီးပွားချမ်းသာလာမ
ဖြစ်သောကြောင့်တည်း။ အကယ်၍ ငွေရေး ကြေးရေးအသိပ
ထက်မြက်အောင်အားထုတ်မထားလျှင် ၍ခေတ်သည် ထိတ်
ကြောက်ရွံ့စရာခေတ်ကြီးဖြစ်နေပါလိမ့်မည်။ အမေရိကနိုင်ငံသ
ကမ္ဘာကြီးကို လွှမ်းမိုးလာသည်။ စက်မှုလုပ်ငန်းရှင်များက မနေ့
များကို ပိုင်ဆိုင်ကြသည်။ ယနေ့ကတော့ သတင်းခေတ်။ အ
သင့် အခါသင့် သတင်းကိုအချိန်မီရသူတစ်ဦးသည် မနေ့စ
ပိုင်ဆိုင်သူဖြစ်၏။ ပြဿနာမှာ သတင်းက ကမ္ဘာတစ်ဝန်းထ
အလင်း၏ လျှင်မြန်နှုန်းမျိုးဖြင့် လှည့်ပတ်ပျံသန်းနေခြင်း
ယနေ့ခေတ်တွင် သန်းကြွယ်သူဌေးတွေ သိသိသာသာကြီး မ
လာလိမ့်မည်။ ထို့အတူ နောက်မှာ ကျန်ခဲ့သူတွေလည်း ဒု
ရှိလိမ့်မည်။

ယနေ့ဆိုလျှင် လူတော်တော်များများသည် အလ
ရုန်းကန်နေကြရသည်ကို ကျွန်တော်တွေ့နေရ၏။ သူတို့
အားထုတ်လုပ်ကိုင်ကြ၏။ အကြောင်းမှာ သူတို့သည် အ
အခေါ် ဟောင်းများကို ဖက်တွယ်ထားသောကြောင့်ပင်။ သူ
အပြောင်းအလဲကို မလိုလားကြ။ အပြောင်းအလဲကို ခုခံတိုက်
ကြသည်။ ကျွန်တော့်အသိတွေထဲတွင် အလုပ်ပြုတ်သွား
အိမ်ရောင်းလိုက်ရသူတွေရှိ၏။ သူတို့က နည်းပညာ သို့

ဖိုးရေးစနစ် သို့မဟုတ် သူတို့အလုပ်ရှင်ကို အပြစ်ဖို့ကြသည်။ အခက်ပြဿနာမှာ သူတို့ကိုယ်တိုင်ဖြစ်နေကြောင်း သူတို့သဘော ပေါက်နိုင်ကြသည်ကို ဝမ်းနည်းဖွယ်တွေ့ရ၏။ မိတ်ဆွေတစ်ဦးက မိတ်ဆွေတစ်ဦးကို ကျွန်တော့်သင်တန်းမှာတက်ဖို့ခေါ်လာသည်။ မိတ်ဆွေ၏ မိတ်ဆွေသည် လင်မယားကွာရှင်းပြတ်စဲပြီးစပဲရှိ သေးသည်။ သူက အဖြေတချို့ကို ကြိုးစားရှာဖွေနေ၏။ ကျွန်တော့် သင်တန်းက အထောက်အကူပြုနိုင်သည်ဟု သူ့မိတ်ဆွေက ယူဆ ထားသည်။

ကျွန်တော့်သင်တန်းမှာ သင်တန်းသူ သင်တန်းသားများ ကစားဖို့ Cashflow ကစားနည်းကို ထွင်ပေးထားသည်။ သည် ကစားနည်းက ငွေကြေးလည်ပတ်ပုံ၊ ငွေအလုပ်လုပ်ပုံကို နားလည် သဘောပေါက်လာအောင် အထောက်အကူပေးသည်။ သည်ကစား နည်းကို ကစားရင်း အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်း တို့အပြန်အလှန်အကျိုးသက်ရောက်မှုရှိကြောင်း သူတို့ နားလည်လာမည်ဖြစ်၏။ စာရင်းနှစ်ခုကြားတွင်ငွေသားစီးဆင်းမှု မှာ ဘယ်လိုရှိသည်ကို နားလည်ပြီး ကြွယ်ဝချမ်းသာလာအောင် ဘယ်လိုလုပ်ရမည်ကို သဘောပေါက်လာပေမည်။ သည်လိုသဘော ပေါက်နားလည်လာသည်နှင့် သင်သည် 'ကြွက်ပြေးလမ်း'ကို ကျော် လွှားနိုင်မြောက်ပြီး 'အမြန်လမ်းကြောင်း' ပေါ်သို့ တက်လှမ်းနိုင် တော့မည်။

ကျွန်တော်ပြောခဲ့သည့်အတိုင်း တချို့တွေက သည်ကစား နည်းကို မနှစ်မြို့။ တချို့က သဘောကျသည်။ အခြားသူတွေ ကတော့ ရည်ရွယ်ရင်းကိုသဘောမပေါက်ကြ။ ကျွန်တော့်ဆီရောက် လာသည့် အမျိုးသမီးသည် တစ်စုံတစ်ခု သင်ယူလေ့လာခွင့်ဆိုသည့် အခွင့်အရေးကို သဘောမပေါက်။ သူသည် ကစားရင်း ကစားရင်း အကြွေးတွေ ပတ်လည်ဝိုင်းနေတော့၏။ နောက်ပြီး

သူ့မှာ ကလေးတစ်ယောက်လည်းရလာသည်။ နောက်ပြီး အလု
ပြုတ်သွားသည်။ ဤကစားနည်းကား သူ့အတွက် အော့နှလုံ
နာစရာ ကစားနည်းတစ်ခုပေတည်း။

သင်တန်းချိန်ပြီးဆုံးချိန်တွင် သူ့ကိုယ်သူ တစ်နည်းတစ်
ပြန်မြင်လာသလားဟု သူ့မိတ်ဆွေက မေးသည်။ ထိုအခါအ
သမီးက သူ့ပိုက်ဆံတွေ (သင်တန်းစရိတ်) ပြန်ပေးဖို့ တောင်း
သည်။ ကစားပွဲတစ်ပွဲကြောင့် ကိုယ့်အကြောင်းကိုယ်ပြန်သိလ
သည်ဆိုသည်မှာ ရယ်ဖွယ်လိလိဖြစ်ကြောင်းလည်း ပြောသည်
သို့ဖြင့် ပိုက်ဆံကို ပြန်အမ်းပေးလိုက်ရသည်။

ကျွန်တော်သည် ၁၉၈၄ ခုနှစ်ကစပြီး ကျောင်းပညာ
က သင်ကြားမပေးသည်များကို လျှောက်လုပ်ခြင်းဖြင့် ဒေါ်လာ
သန်းချီပြီးရခဲ့၏။ စာသင်ကျောင်းတွင် ကျောင်းဆရာအများ
စာသင်သားတစ်ဦးအားသင်ကြားရာ၌ ဟောပြောပို့ချကြ
ကျွန်တော်က ဟောပြောပို့ချမှုများကို မနှစ်သက်။ မုန်းသည်
ဟောပြောပို့ချမှု စတင်ပြီး မကြာမီအတွင်း ပျင်းရိငြီးငွေ့လာ
စိတ်ပြန့်လွင့်သွားတော့၏။

၁၉၈၄ ခုနှစ်ထဲမှာတော့ ကျွန်တော်သင်ကြားပို့ချ
ကစားပွဲများ၊ ဟန်လုပ်သရုပ်ဆောင်နည်းများမှတစ်
ပြုလုပ်ခဲ့၏။ သည်ကစားနည်းက တစ်ဦးတစ်ယောက်၏ အ
စရိုက်ကို ပေါ်လွင်စေ၏။ လူတစ်ယောက်တစ်ခုခုလုပ်လိုက်
ချက်ချင်းအဖြေပေးသည့်စနစ်။ ဆရာဖြစ်သူကသင့်အား ရှည်
ဝေးဝေးဟောပြောပို့ချနေမည့်အစား ကစားပွဲက သင့်
ဘာလုပ်လျှင် ဘာဖြစ်မည်ဆိုသည်ကို အဖြေတွေ ထုတ်ပြီးသ
ပေးနေ၏။

သူ့ပိုက်ဆံသူ ပြန်တောင်းသွားသော အမျိုးသ
နောက်ဆုံးအခြေအနေကို သူ့မိတ်ဆွေက ကျွန်တော့်

အကြောင်းကြားသည်။ သွေးအေးချိန်ကျမှ ပြန်စဉ်းစားချင့်ချိန်သောအခါ ကစားပွဲနှင့် သူ့ဘဝသည်မဆိုစလောက်တလေး ဆက်နွယ်နေကြောင်းသိမြင်လာသည်ဆို၏။

သူနှင့် သူ့ခင်ပွန်းတွင် ရှက်သဘော်တစ်စီးမရှိသော်လည်း သူတို့မှာလက်လှမ်းမီသရွေ့ ပစ္စည်းတွေအားလုံးရှိသည်။ သူတို့နှစ်ယောက်ကွာရှင်းပြတ်စဲပြီးချိန်တွင် အမျိုးသမီးအကြီးအကျယ်ဒေါသဖြစ်ရသည်။ အကြောင်းမှာ သူ့ယောကျ်ားသည် သူ့ထက်ငယ်ရွယ်သည့် မိန်းမတစ်ယောက်နှင့် လစ်ပြေးသွားသည်သာမက သူတို့၏အိမ်ထောင်သက် နှစ်နှစ်ဆယ်အတွင်း စုခဲ့ဆောင်းခဲ့သည့် ဥစ္စာပစ္စည်းများကိုပါ အပိုင်စီးသွားသောကြောင့်ပင်။ တကယ်တော့ သူတို့မှာ ခွဲဝေယူစရာ ဘာပစ္စည်းမျှ ဟုတ်တိပတ်တိမရှိ။ အိမ်ထောင်သက် နှစ်နှစ်ဆယ်အတွင်း သူတို့စုဆောင်းနိုင်ခဲ့သည်မှာ မြောက်မြားလှစွာသော ပေလားဝါးလားအပျော်အပါးများသာဖြစ်၏။ စုဆောင်းနိုင်ခဲ့သည့် ဥစ္စာပစ္စည်းဆိုလို့ မည်မည်ရရဘာမျှမဟုတ်သော ပစ္စည်းတွေတစ်ပုံတစ်ခေါင်းကြီးသာရှိသည်။

အရှုံးအမြတ်စာရင်းကို ကြည့်ရမှာ၊ လက်ကျန်ရှင်းတမ်းကို ကြည့်ရမှာ၊ စိတ်ပျက်စိတ်မပါခြင်းမှာ ထိုစာရင်းများအကြောင်း နားမလည်သောကြောင့်သာဖြစ်ကြောင်း ထိုအမျိုးသမီးသဘောပေါက်လာသည်။ ငွေရေး ကြေးရေးကိစ္စများသည် ယောကျ်ားတွေ၏ အလုပ်ဖြစ်သည်ဟု သူက ယုံကြည်စွဲမှတ်ခဲ့၏။ သူက သူတို့အိမ်ကို ထိန်းသိမ်းသည်။ ညှိခံဖျော်ဖြေမှုအစီအစဉ်များကို စီမံကွပ်ကဲခဲ့သည်။ ငွေကြေးကိစ္စများကိုတော့ သူ့ယောကျ်ားက ဦးစီးခဲ့သည်။ သူတို့ကွာရှင်းခါနီးနောက်ဆုံးငါးနှစ်အတွင်း သူ့ယောကျ်ားသည် ငွေတွေကို လျှို့ဝှက်သိမ်းဆည်းထားခဲ့ကြောင်း ခုမှသည်အမျိုးသမီး သဘောပေါက်သည်။ ငွေတွေ ဘယ်ရောက်ကုန်သလဲဆိုတာ မသိခဲ့ကြောင်းလားဆိုပြီး ခုမှသူ့ကိုယ်သူပြန်ပြီး စိတ်ဆိုးနေမိ၏။

စစ်တုရင်ကစားပွဲတစ်ပွဲ သို့မဟုတ် ကျားထိုးပွဲတစ်ပွဲကဲ့သို့ ပင် ဤကမ္ဘာလောကကြီးကလည်း ကျွန်တော်တို့အား ချက်ချင် ထွက်ပေါ်လာသော တုံ့ပြန်ချက်များဖြင့် ပံ့ပိုးကူညီပေးနေ၏။ ၎င် ရလဒ်များနှင့် လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းနိုင်လျှင် ကျွန်တော်တို့ သင်ခန်းစားတွေအများကြီးပိုပြီး ရနိုင်၏။ မကြာသေ မီ တစ်ရက်က ဗိုဘီဆိုင်များ အဝတ်လျှော်ပုံ လျှော်နည်းမဟုတ်သည် အတွက် ကျွန်တော့်ဘောင်းဘီတွေ ကျုံ့ကုန်တာဖြစ်မည်ဟု ကျွန်တော့်ဇနီးအား ပြောပြမိသည်။ သည်တော့ ကျွန်တော့်ဇနီး ခပ်သဲ့သဲ့ပြုံးပြီး ကျွန်တော့်ဗိုက်ကို အသာအယာပုတ်ပြ ဘောင်းဘီကကျုံ့ သွားတာမဟုတ်ကြောင်း၊ တစ်စုံတစ်ခု ကြီးထွားလာတာဖြစ်ကြောင်းပြောသည်။ ကြီးထွားလာသော တစ် တစ်ခုမှာ ကျွန်တော့်ဗိုက်ဖြစ်နေပါသတည်း။ 'ငွေသားစီးဆင် ကစားနည်းမှာလည်း ပါဝင်ကစားသူတိုင်းအား ပုဂ္ဂလိကဆိုင် တုံ့ပြန်ချက်များဖော်ထုတ်ပေးနေသည်။ ရည်ရွယ်ချက်မှာသင့်အ ရွေးချယ်ခွင့်များ ပေးအပ်ခြင်း။ သည်ဟာလုပ်လိုက်သည့်အတွ သည်သို့ဖြစ်လာလျှင် "ခုဘာဆက်လုပ်မည်လဲ" ဟု မေးခွန်းထု ပေးသည်။ သင့်မှာ ရွေးချယ်ခွင့်တွေ ဘယ်လောက်များများစာ ရှိသလဲ။ ထိုအထဲက ဘာကိုရွေးလုပ်မည်လဲ။ ဤကား ဤက နည်း၏ ရည်မှန်းချက်ဖြစ်၏။ ပါဝင်ကစားသူများအား ငွေ ဆိုင်ရာ ရွေးချယ်လုပ်ကိုင်ခွင့်များကို ကြံဆဖို့ သစ်ဆန်းပြီ ရွေး ခွင့် အမျိုးမျိုးကို တီထွင်ကြံဆတတ်အောင် သင်ကြားပေးဖို့ဖြ

သည်ကစားနည်းကို ကစားခဲ့သူပေါင်း ၁,၀၀၀ တော့ ကျွန်တော်လေ့လာကြည့်ရှုခဲ့ဖူးပြီ။ ကြွက်ပြေးလမ်းမှ အမြန်ဆုံး မြောက်သူများသည် ကိန်းဂဏန်းများကို ကြည့်တတ်ပြီး တီထွင် သစ်သော ငွေကြေးဆိုင်ရာ အတွေးရှိသူများဖြစ်၏။ သည် နည်းတွင် ငွေအများကြီး နိုင်သူတွေလည်းရှိ၏။ သို့သော် နိုင်

ငွေတွေဖြင့်သူတို့ဘာဆက်လုပ်ရမည်မှန်းမသိကြ။ သူတို့အများစုသည် လက်တွေ့ဘဝထဲမှာလည်း ငွေရေး ကြေးရေးအရ အောင်မြင်သူများမဟုတ်ချေ။ သူတို့ မှာငွေရှိသော်လည်း အခြားလူတိုင်းက သူတို့ထက်တစ်ကျော့သာ နေသယောင်ရှိ၏။ လက်တွေ့ဘဝတွင် ငွေအမြောက်အမြားရှိပြီး ငွေရေး ကြေးရေး တောင့်တင်းခိုင်မာမှု ရှိသူတွေ တစ်ပုံကြီးရှိပါ သည်။

သင့်ရွေးချယ်ခွင့်များကို ကန့်သတ်ထားခြင်းသည် အတွေးအခေါ် ဟောင်းများကို ဖက်တွယ်ထားသည်နှင့်တူ၏။ ကျွန်တော့်မှာ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ရှိသည်။ ယခုချိန်တွင် သူသည် အလုပ်သုံးခုကိုလုပ်နေရ၏။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်တုန်းကတော့ ကျွန်တော့်ကျောင်းနေဖက်တွေထဲတွင် သူက အချမ်းသာဆုံး။ ကျွန်တော်တို့ မြို့ကလေးမှ ကြံစိုက်ခင်းတွေ ဖျက်သိမ်းလိုက်ရသောအခါ ကြံစိုက်ခင်းများနှင့်အတူ ကုမ္ပဏီလည်းပါသွားသည်။ ကျွန်တော့်သူငယ်ချင်းစိတ်ထဲတွင် ရွေးချယ်ခွင့် တစ်မျိုးပဲ ငြိုးစားလို့ရသည်။ ၎င်းရွေးချယ်ခွင့်ကလည်း သမားရိုးကျ ရွေးချယ်ခွင့်သာဖြစ်၏။ ပိုပြီးအလုပ်လုပ်ဖို့။ ပြဿနာမှာ သူ့သမ္မာ၊ သူ့အရည်အချင်းနှင့်ကိုက်ညီသော အလုပ်တစ်ခုရှာလို့မရခြင်းပင်။ သည်တော့ သူ့ရပ်တည်နိုင်ရေးအတွက် ပိုက်ဆံလုံလုံလောက်လောက်ရအောင် အလုပ်သုံးခုလုပ်ရလေသည်။

ငွေသားစီးဆင်းမှုကစားပွဲကစားသူတွေထဲက အခွင့်အလမ်း ကောင်းကတ်ပြားသူတို့ဆီရောက်မလာသည့်အတွက် ညည်းညူအပြစ်တင်သူတွေ ကျွန်တော်တွေ့ဖူး၏။ လက်တွေ့ဘဝကမှာလည်း သူတို့ဆီ အခွင့်အလမ်းကောင်းတွေ ရောက်မလာသည့်အတွက် စိတ်ညည်းညူနေသူတွေရှိ၏။

အခွင့်အလမ်းကောင်းကတ်ပြားရောက်လာပြီး သူတို့မှာငွေကြေး လုံလုံလောက်လောက်မရှိသူများကိုလည်း ကျွန်တော်တွေ့

ခဲ့၏။ ထိုအခါ သူတို့မှာသာ ပိုက်ဆံပိုရှိလျှင် ဘဝထွက်ရပ်ပေါက်မည်ဖြစ်ကြောင်း ငိုညည်းကြ၏။ လက်တွေ့လောကထဲမှာလည်း ထိုလိုလူစားတွေရှိ၏။ သူတို့မဟာအခွင့်အလမ်းကြီးတွေ တွေ့၏။ သို့သော် သူတို့လက်ထဲမှာငွေမရှိ။

တချို့လူတွေဆွဲထုတ်လိုက်သည့် ကတ်ပြားသည် မဟာအခွင့်အရေးကတ်ပြားဖြစ်၏။ ဒါကို သူတို့က အသံထွက်ပြီး ဖတ်ကြည့်သည်။ သို့ပေမဲ့ မဟာအခွင့်အလမ်းကြီးမှန်းမသိကြ။ သူတို့မှာ ငွေရှိသည်။ ရင်းနှီးမြှုပ်နှံဖို့ အချိန်သင့်ဖြစ်သည်။ သို့သော် မဟာ အခွင့်အလမ်းကို ဘဝထွက်ရပ်လမ်းဟူ၍မမြင်။ သို့ဖြင့် ၎င်းအခွင့်အလမ်းကို လက်လွှတ်လိုက်ရသည်။ လူများစုရှေ့တည့်တည့်သို့ ဤသို့သော အခွင့်အလမ်းများရောက်လာတတ်၏။ သို့သော် သူတို့က အခွင့်အလမ်းရယ်လို့ မမြင်။ နောက်တစ်နှစ်လောက်ကြာပြီး တခြားလူတွေချမ်းသာကုန်မှ ထိုအရာသည် အခွင့်အလမ်းကြီးပါကလားဟု သိကြ မြင်ကြလေသည်။

ငွေရေး ကြေးရေး အသိပညာဆိုသည်မှာ ရွေးချယ်ခွင့်များ ပိုမိုရရှိအောင် ကြံဖန်တတ်ခြင်းပင်ဖြစ်၏။ အခွင့်အလမ်းကောင်း သင့်ဆီသို့ ရောက်မလာလျှင် သင်၏ငွေကြေးအနေအထားတိုးတက်ကောင်းမွန်အောင် သင်ဘာတွေလုပ်လို့ရမည်လဲ။ အကယ်၍ အခွင့်အလမ်းကောင်းတစ်ခု သင့်လက်ထဲကျလာ၏။ သင့်မှာငွေမရှိ။ ဘဏ်ကလည်း သင့်ကို ငွေမချေးဆိုလျှင် ၎င်းအခွင့်အလမ်းကို သင့်အတွက် အကျိုးရှိရှိအသုံးချနိုင်အောင် သင်ဘာလုပ်မည်လဲ။ အကယ်၍ သင့်စိတ်ထင်ကြေးလွဲသွားပြီး အနေအထားထဲကသင်တွက်ထားသလို ဖြစ်မလာဘူးဆိုပါစို့။ ထိုအနေအထားတွေက သင့်အတွက်အကျိုးအမြတ်တွေ ဖြစ်ထွန်းလာအောင် ဘယ်လိုကြံဆောင်မည်လဲ။ စင်စစ်ဘာဖြစ်လာသည်ဆိုတာက အဓိကမဟုတ်၊ သင်ကြံဆလို့ရသည့်ငွေရေး ကြေးရေး

အဖြေတွေ ဘယ်နှမျိုးရှိသလဲဆိုတာ အဓိကဖြစ်၏။ ငွေရေး ကြေး ရေး ပြဿနာများဖြေရှင်းရာ၌ သင်ဘယ်ရွေ့ဘယ်မျှအထိ တီထွင် နိုင်စွမ်းရှိသလဲဆိုတာသာ အဓိကဖြစ်၏။

လူများစုကတော့ တစ်ခုတည်းသော အဖြေကိုသာ သိကြ ၏၊ ပိုပြီး အလုပ်ကြိုးစား၊ ငွေစု၊ ပြီးတော့ ငွေချေး။

သည်တော့ သင်၏ ငွေရေး ကြေးရေး အသိပညာတိုးတက် မြင့်မားအောင် ဘာကြောင့် အားထုတ်ချင်ရသလဲ။ အဘယ်ကြောင့် ဆိုသော် သင်က သင့်ကံကြမ္မာကို သင်ဖန်တီးတတ်သည့် လူစားမျိုး ဖြစ်ချင်သောကြောင့်ပါ။ ဖြစ်သမျှအကြောင်းကို ရင်ဆိုင်ပြီး ထိုအထဲက အကောင်းတွေဖြစ်လာအောင် စွမ်းဆောင်မည်။ ကံကြမ္မာဟူသည် ဖန်တီးယူသည့်အရာဖြစ်ကြောင်း လူတော်တော် နည်းနည်းပဲသိသည်။ သင်သည် အလုပ်တွေပိုပြီး ကျုံးရုန်းလုပ်မည့် အစား ပိုပြီးကံကောင်းလိုလျှင်၊ ဝင်ငွေပိုကောင်းလိုလျှင် သင်၏ ငွေရေး ကြေးရေးအသိပညာသည် အရေးပါအရာရောက်လာပါပြီ။ သင်သည် အခွင့်အလမ်းကောင်းကို ထိုင်စောင့်နေသူဆိုလျှင် အလွန့်အလွန်ကြာမြင့်စွာ စောင့်နေရလိမ့်မည်။ ခရီးမှ စမထွက် ရသေးမီ ငါးမိုင်ရှည်လျားသော ခရီးစဉ်တစ်လျှောက်ရှိ အချက်ပြ မီးတွေအားလုံးအစိမ်းဖြစ်သည့်တိုင် စောင့်ကြည့်နေသည်သို့ ဖြစ်နေ ပါလိမ့်မည်။

ချာတိတ်နှစ်ကောင်ဖြစ်သည့် မိုက်နှင့်ကျွန်တော့်အား ဖေဖေချမ်းသာက အမြဲမပြတ်ပြောပြနေသည်မှာ "ငွေဆိုတာ တကယ်တမ်းအစစ်အမှန်ရှိတာမဟုတ်ဘူး"ဟူ၏။ "ဆင်းရဲသားတွေ နဲ့ လူလတ်တန်းစားတွေက ငွေရအောင် အလုပ်လုပ်တယ်။ လူချမ်း သာတွေက ငွေကို ဖန်တီးယူတယ်။ ငွေ တကယ်ရှိတယ်လို့ ထင် လေ မင်းတို့ အလုပ်ကို ကျုံးလုပ်လေပဲ။ မင်းတို့ငွေဆိုတာ အရှိတရား မဟုတ်ဘူးဆိုတဲ့စိတ်ကူးကို မြန်မြန်ဆန်ဆန်ဖမ်းနိုင်လေ၊ မင်းတို့

မြန်မြန်ချမ်းသာလေပဲမှတ်"

"ငွေဆိုတာတကယ်မရှိဘူးဆိုရင် အဲဒါက ဘာလဲဟင်" ဟူသော မေးခွန်းမှာ ကျွန်တော်တို့ မကြာမကြာ ပြန်မေးလေ့ရှိသော မေးခွန်းတည်း။

"ငွေဆိုတာ ငါတို့တစ်တွေ သဘောတူလက်ခံထားတဲ့ ပညတ်ချက်ပေါ့" ဟူသော ဖေဖေချမ်းသာ၏ အဖြေကို ထိုစဉ်က ကျွန်တော်တို့ သဘောမပေါက်၊ နားမလည်။

ကျွန်တော်တို့အားလုံးမှာ ရှိသည့် စွမ်းအားအထက်မြတ်ဆုံး ပိုင်ဆိုင်ပစ္စည်းကား ကျွန်တော်တို့၏စိတ်ပင်ဖြစ်၏။ ၎င်းစိတ်ကို ကောင်းမွန်စွာလေ့ကျင့်ပေးလျှင် ကြီးမားသောစည်းစိမ် ချမ်းသာကို နေ့ချင်းညချင်းရနိုင်၏။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ လောက်က ဘုရင်တွေ၊ ဘုရင်မတွေ ပိုင်ဆိုင်ခဲ့သည့် စည်းစိမ်ဥစ္စာတွေထက်ပင်များပြားနိုင်၏။ ထိုနည်းတူစွာပင် စိတ်ကိုကောင်းကောင်းလေ့ကျင့်မပေးလျှင် အဆုံးစွန်သော ဆင်းရဲမွဲတေမှုများကို ရာသက်ပန်ခံစားရနိုင်၏။

သတင်းခေတ်တွင် ငွေသည် ထပ်ညွှန်းကိန်းဖြင့် မြောက်သလို ဆပွားနှုန်းမြင့်မားလာ၏။ လက်တစ်ဆုပ်စာလောက်သော လူအနည်းငယ်သည် ပြက်ရယ်ပြုချင်စရာကောင်းလောက်အောင် အရင်းမရှိဘဲနေ့ချင်း ညချင်းကြီးပွားချမ်းသာလာကြ၏။ သူတို့ အရင်းအနှီးမှာ ကြံရည်ဖန်ရည်များနှင့် သဘောတူညီချက်များသာ ဖြစ်၏။ စတော့များ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုများ အရော အဝယ်ပြုလုပ်ပြီး ဝမ်းကျောင်းနေသူ တော်တော်များများကို ကြည့်ပါ။ အထက်ပါ အဖြစ်မျိုးတွေ နေ့စဉ်နှင့်အမျှမြင်တွေ့ ကြောင်း ဖြေကြပါလိမ့်မည်။ မကြာမကြာဆိုသလိုပင် ဘာအ အနှီးမျှ မစိုက်ထုတ်ဘဲ ငွေသန်းပေါင်းများစွာရအောင်လုပ်လို့ ဘာအရင်းမျှမစိုက်ဘဲဆိုရာ၌ ငွေဆိုလို့ တစ်ပြားတစ်ချပ်မျှ

ပြောင်းလက်လွှဲမလုပ်ခဲ့ခြင်းကိုဆိုလို၏။ လစ်စဘွန်းရှိ အရောင်း အဝယ်သမားတစ်ဦး၏ ကွန်ပျူတာမှန်သားပြင်ပေါ်က အချက်ပြ ချက်တစ်ခုကို တိုရွန်အိုရှိ အရောင်းအဝယ်သမားတစ်ဦးထံ ပွမ်းပို့လိုက်သည်။ သူကလည်း အလားတူအချက်ပြချက်မျိုး တစ်စဘွန်းသို့ ပြန်ပို့လိုက်၏။ ကျွန်တော့်ပွဲစားထံ တယ်လီဖုန်းဆက် ပြီး ကျွန်တော်တို့ တိုင်ပင်ထားသည့်ကိစ္စကို ဝယ်လိုက်ဖို့ အချက်ပေး လိုက်သည်။ ခဏနေတော့ ထိုပစ္စည်းကို ပြန်ရောင်းဖို့ မီးစိမ်းပြ လိုက်သည်။ ငွေတွေ လက်ပြောင်းမနေပါ။ သဘောတူညီချက်တွေ သာ အပေးအယူလုပ်ကြ၏။

သည်တော့ သင်၏ငွေရေး ကြေးရေးပင်ကိုစွမ်းရည်ဖွံ့ဖြိုး ထက်မြက်အောင် ဘာကြောင့် လုပ်ဆောင်ရမည်လဲ။ သည်မေးခွန်း ကိုသင်သာ ဖြေနိုင်ပါလိမ့်မည်။ ကျွန်တော့်ငွေရေး ကြေးရေးပင်ကို စွမ်းရည်ဖွံ့ဖြိုးအောင် ဘာကြောင့် ကြိုးစားခဲ့သလဲဆိုတာတော့ ကျွန်တော်ပြောပြနိုင်သည်။ ဘာကြောင့်ထိုသို့ ကြိုးစားခဲ့သလဲဆို တော့ ကျွန်တော်က ငွေတွေ မြန်မြန်ရချင်သောကြောင့် ဖြစ်၏။ ကျွန်တော့်မှာ ငွေလိုအပ်နေသောကြောင့်မဟုတ်။ ငွေတွေဟောခနဲ ဟောခနဲမြန်မြန်ဆန်ဆန်ရချင်သည့်ဆန္ဒသက်သက်ကြောင့်ဖြစ်၏။ ဤကား နှစ်သက်မက်မောစရာကောင်းသော သင်ယူမှုလုပ်ငန်းစဉ် ဖြစ်၏။ ကျွန်တော့်ငွေရေး ကြေးရေး ပင်ကိုစွမ်းရည်ဖွံ့ဖြိုးထက်မြက် အောင် အားထုတ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်မှာ အမြန်ဆုံးနှင့် အကြီးမားဆုံးကစားပွဲကြီးတွင် ကျွန်တော်ဝင်နွှဲလို သောကြောင့်ဖြစ်၏။ နောက်ပြီး ယခင်ကမပေါ်ပေါက်ခဲ့ဖူးသေး သော လူသားမျိုးနွယ်၏ ပြောင်းလဲတိုးတက်မှုဖြစ်စဉ်ကြီးထဲတွင် ကိုယ့်နည်းကိုယ့်ဟန်ကလေးဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်လို သောကြောင့်ဖြစ်၏။ ဤခေတ် ဤကာလကား လူသားတွေ သူတို့၏ ကိုယ်ခန္ဓာများဖြင့် အလုပ်မလုပ်ဘဲ သူတို့၏ စိတ်သက် သက်ဖြင့်

အလုပ်လုပ်သော ခေတ်ကာလပေတည်း။ ထို့ပြင် ဤခေတ်ကာလ ကား တက်တက်ကြွကြွပျော်ပျော်ရွှင်ရွှင်စည်စည် ကားကားနှင့် စီးပွားဖြစ်သည့် ခေတ်ကာလဖြစ်၏။ ဤကားယနေ့ ဖြစ်ပေါ် နေသည့် ဖြစ်စဉ်။ ဤကားနောက်ဆုံးပေါ် ဖြစ်စဉ်။ ဤဖြစ်စဉ်ကား သည်းထိတ်ရင်ဖိုဖြစ်ရမည့် ဖြစ်စဉ်ဖြစ်၏။ နောက်ပြီး ဤဖြစ်စဉ်က ပျော်စရာလည်းကောင်း၏။ ထို့ကြောင့်ပင် ကျွန်တော်သည် ကျွန်တော်၏ ငွေရေး ကြေးရေး အသိပညာ ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခဲ့ခြင်းပင်။ ကျွန်တော့်မှာရှိသည့် အစွမ်းအထက်ဆုံး ပစ္စည်းကို ဖွံ့ဖြိုးထက်မြက်အောင် အားထုတ်ခဲ့ခြင်းပင်။ ကျွန်တော် က ခြေလှမ်းရဲရဲဖြင့် ရှေ့သို့လှမ်းချီနေသူတွေနှင့် တစ်သားတည် လိုက်ပါသွားလိုသည်။ နောက်မှာ ကျန်နေခဲ့သူတွေထဲမှာ ကျွန်တော် မပါလို။

ငွေဖန်တီးခြင်းနှင့် ပတ်သက်သည့် ရိုးရိုးစင်းစင်းဥပ တစ်ခုကို ကျွန်တော်ပြောပြပါမည်။ ၁၉၉၀ ပြည့်လွန်နှစ်များ အ အစပိုင်းတွင် ဖီးနစ်မြို့၏ စီးပွားရေးအခြေအနေမှာ ဆိုးရွားနေ ကျွန်တော်က 'မင်္ဂလာနံနက်ခင်းပါ အမေရိက' ရုပ်မြင်သံကြ အစီအစဉ်ကို ကြည့်နေခိုက် ငွေရေး ကြေးရေး စီမံကိန်းပညာ တစ်ဦးပေါ်ထွက်လာပြီး 'ငွေစုကြဖို့' အကြံပေးသည်။ သင့်ဝင် ထဲက တစ်လ ဒေါ်လာ ၁၀၀ သပ်သပ်ဖယ်ပြီး စုထားလျှင် ၄၀ ကြာသောအခါ သင်သည် သန်းကြွယ်သူဌေးတစ်ယောက် နေလိမ့်မည်ဟူ၏။

ဟုတ်ကဲ့၊ လစဉ် ငွေစုခြင်းသည်ကောင်းသော အ ညာဏ်တစ်ခုပါ။ ဤကားရွေးချယ်ခွင့်တစ်မျိုးဖြစ်၏။ လူမျ လိုက်နာ ကျင့်သုံးသည့် ရွေးချယ်ခွင့်။ ပြဿနာမှာ ဤစိတ် ငွေစုသည့် ကာယကံရှင်ကို အမြင်ကွယ်စေ၏။ လက်တွေ့အ ဘာတွေ ဖြစ်နေသည်ကို မသိမမြင်ဖြစ်စေ၏။ သူတို့၏ ငွေ

ည့်ထက်မက ထူးခြားသိသာစွာ တိုးပွားလာစေမည့် မဟာအခွင့်အရေးကြီးများကို လက်လွှတ်သွားစေ၏။


ကျွန်တော်ပြောခဲ့သည့်အတိုင်း ထိုစဉ်တုန်းက စီးပွားရေးအခြေအနေသည် ဆိုးရွားနေ၏။ ရင်းနှီးမြှုပ်နှံသူများအတွက်တော့ တက်ရှိအခြေအနေသည် ရင်းနှီးမြှုပ်နှံဖို့အကောင်းဆုံးအခြေအနေ တည်း။ ကျွန်တော်ရှိစုမဲ့စုငွေကလေးမှာ စတော့ရှယ်ယာနှင့် ခန်းတွေထဲမှာ မြှုပ်နေသည်။ ကျွန်တော့်မှာငွေသား လက်ကျန် နည်းနေပြီ။ ဘာ့ကြောင့်ဆို လူတိုင်းက သူတို့မှာရှိသရွေ့ကို ထုတ် ရောင်းနေချိန်တွင် ကျွန်တော်က တတ်နိုင်သလောက် ဝယ်ယူ ရင်းနှီးမြှုပ်နှံနေသောကြောင့်ပင်။ ကျွန်တော်တို့ ဖိနီးမောင်နံ့တွင် ရှယ်ယာထဲမှာ အလုပ်လုပ်နေသည့် ဒေါ်လာတစ်သန်းကျော်ရှိ၏။ ငွေကလည်း နေ့ချင်းညချင်းတိုးတက်ပွားများနေ၏။ ဤ အချိန်ကား ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံးအခွင့်အလမ်းတည်း။ စီးပွားရေးက ပျက်စီးယိုယွင်းနေသည်။ ပြည်နာလျှင် စီးပွားရှာ။ တစ်ခုပဲရှိသည်။ ကျွန်တော်က အခွင့်အလမ်းကောင်း ခပ်သေး သေးတွေကိုလည်း လက်မလွှတ်ချင်သေး။

တစ်ချိန်က ဒေါ်လာ ၁၀၀,၀၀၀ တန်သည့်အိမ်များမှာ ခုဒေါ်လာ ၇၅,၀၀၀ ဖြစ်နေ၏။ သို့သော် ကျွန်တော်က ဒေသ ဆိုင်ရာ အိမ်မြေအရောင်းအဝယ်ဌာနတွေမှာစုံစမ်းဝယ်ယူမည့် အစား လူမွဲအဖြစ်ခံယူသူများ၏ အကျိုးဆောင်ရှေ့နေ၏ ရုံးခန်း သို့မဟုတ် တရားရုံးတံခါးဝများသို့ သွားသည်။ ၎င်းနေရာဌာနများ ၌ ဈေးဝယ်လျှင် ဒေါ်လာ ၇၅,၀၀၀ တန် အိမ်တစ်လုံးကို တစ်ခါ လေဒေါ်လာ ၂၀,၀၀၀ သို့မဟုတ် သည့်ထက်လျော့နည်းသည့် ဈေးနှုန်းဖြင့်ဝယ်လို့ရတတ်၏။ ဒေါ်လာ ၂၀,၀၀၀ တန် အိမ် တစ်လုံးအတွက် စရန်ငွေ ၂,၀၀၀ ကို ကျွန်တော်က အကျိုးဆောင် ရှေ့နေအား ချက်လက်မှတ်ဖြင့် ပေးလိုက်၏။ ၎င်းဒေါ်လာ ၂,၀၀၀

မှာ ကျွန်တော့်မိတ်ဆွေထံမှ ရက်ပေါင်း ၉၀ အတွက် အ
ဒေါ်လာ ၂၀၀ ဖြင့် ချေးထားသည့်ငွေ။ အရောင်းအဝယ်ကို
တရားဥပဒေအရ စီစဉ်ဆောင်ရွက်မှုများပြုလုပ်နေခိုက်
ကျွန်တော်က သတင်းစာတိုက်သို့ ပြေးပြီး ဒေါ်လာ ၇၅,၀၀၀
အိမ်တစ်လုံးကို ဒေါ်လာ ၆၀,၀၀၀ ဖြင့်ရောင်းမည့်အကြော
ကြော်ငြာထည့်လိုက်၏။ တယ်လီဖုန်းသံတွေ အသံမစဲလော
အောင် မြည်လာသည်။ ဝယ်လက်များကို စိစစ်ရွေးချယ်ထာ
ငှင်းအိမ်ကို ကျွန်တော်ပိုင်ကြောင်း တရားဝင်စာရွက်စာတမ်
ထွက်လာသည်နှင့် ဝယ်လက်များကို ၎င်းအိမ်အား ကြည့်
လိုက်၏။ ဤပွဲကားအတင်းအကျပ်အလုအယက် အပြိုင်ဝယ်
တည်း။ အိမ်ကို မိနစ်ပိုင်းအတွင်းရောင်းလိုက်ရ၏။ တရ
စာချုပ်စာတမ်းများပြုလုပ်ဖို့ကျွန်တော်က ဒေါ်လာ၂
လက်ငင်းတောင်းသည်ကို သူတို့က ဝမ်းမြောက်ဝမ်းသာပေး
ထိုအဆင့်ကစပြီး တရားဥပဒေကြောင်းဆိုင်ရာ ဆောင်ရွက်
နောက်ပိုင်းတာဝန်များကို ကုမ္ပဏီတစ်ခုက လွှဲပြောင်းတာ
သွားသည်။ ကျွန်တော့်သူငယ်ချင်းအား ဒေါ်လာ ၂,၀၀၀
အတိုး ၂၀၀ ပြန်ပေးလိုက်၏။ သူငယ်ချင်းဖြစ်သူ ပျော်သွား
အိမ်ဝယ်သူလည်းပျော်သည်။ အကျိုးဆောင်ရှေ့နေလည်း
သည်။ နောက်ပြီး ကျွန်တော်လည်း ပျော်သည်။ ဒေါ်လာ ၂
ဖြင့် ဝယ်လိုက်သည့်အိမ်ကို ကျွန်တော် ဒေါ်လာ ၆၀,၀၀၀
ရောင်းလိုက်ပြီ။ ဒေါ်လာ ၄၀,၀၀၀ သည် ကျွန်တော့်
ကဏ္ဍာထဲတွင် အိမ်ဝယ်သူ၏ ငွေပေးချေရန် ကတိစာချုပ်အ
စာရင်းဝင်သွားပြီ။ အလုပ်လုပ်ချိန် စုစုပေါင်း ငါးနာရီမျှ

ယခုအခါ ငွေရေး ကြေးရေး အခြေခံပညာကို
တတ်ကျွမ်းပြီး ဂဏန်းတွေ အကြောင်းနားလည်နေပြီ။ သည်
ငွေကို ဖန်တီးယူသည့် ဤဥပမာကို ပုံဖြင့်ပြပါမည်။


ခွန်မဆောင်ရဘဲ
ကြီးရယူသည့်
ါလာ ၄၀,၀၀၀
ပိုင်ခွင့်ထဲရောက်
သည်။ ၁၀ %
တိုးနှုန်းဖြင့်
ကော်လျှင်
စ်နှစ်လျှင်
ါလာ ၄,၀၀၀
သား
နိုင်၏။




ဤစီးပွားပျက်ကာလအတွင်းကျွန်တော်တို့ ဇနီးမောင်နှံ
သည် ထိုကဲ့သို့သော ရိုးရိုးရှင်းရှင်းအရောင်းအဝယ်ကိစ္စကလေး
ကောက်ခုတိတိကို အားလပ်သည့် အချိန်ပိုကလေးများအတွင်း
ဆောင်ရွက်နိုင်ခဲ့၏။ ကျွန်တော်တို့၏ ငွေလုံးငွေရင်းများကို
ကြီးမားသော အိမ်ရာနှင့် စတော့ဈေးကွက်တွေထဲ မြှုပ်နှံထား
တွင်ကျွန်တော်တို့သည် အထက်ဖော်ပြပါ ဝယ်ရောင်းကိစ္စ
လေးများဖြင့် ဒေါ်လာ ၁၉၀,၀၀၀ ထက်ပိုသော ငွေပမာဏကို
ငွေပေးချေရန် ကတိစာချုပ်များကို ၁၀% အတိုးနှုန်းဖြင့်)
တိုးရယူနိုင်ခဲ့၏။ ရပိုင်ခွင့်ကဏ္ဍထဲတွင် ၎င်းငွေပမာဏ
နေသည့်အတွက် တစ်နှစ်လျှင် ပျမ်းမျှဒေါ်လာ ၁၉,၀၀၀
ငွေရပါသည်။ ၎င်းဒေါ်လာ ၁၉,၀၀၀ ထဲက အများစုမှာ

ကျွန်တော်တို့အကာအကွယ်ယူထားသည့် ပုဂ္ဂလိကကော်ပိုရ
ရှင်းအသုံးစရိတ်များဖြစ်သွား၏။ မော်တော်ကားစရိတ်များ၊
ဆီဖိုးများ၊ ခရီးစရိတ်များ၊ အာမခံစရိတ်များ၊ ဧည့်သည်များ ဧ
ကျွေးမွေးစရိတ်များ။ အစိုးရက ဝင်ငွေခွန်စည်းကြပ်ချိန်
ကျွန်တော်တို့၏ ဝင်ငွေများကို တရားဥပဒေဘောင်အတွင်
တရားဝင်သုံးစွဲထားပြီးဖြစ်၏။ အစိုးရက လက်ကျန်ဝင်ငွေပေါ်
သာ အခွန်စည်းကြပ်ရလေသည်။

အခွန်သက်သာငွေများ ဒေါ်လာ ၄၀,၀၀၀ ရအောင်စုလျှင် ဘယ်လောက် ကြာမည်လဲ။ ၅၀ %ဖြင့် အခွန်ကောက် လျှင်ဘယ်လောက် ကျမည်လဲ။




ဤကားငွေကို ဘယ်ပုံဘယ်နည်းဖန်တီးရယူပြီး၊ ငွေ
ကြေးရေး အသိပညာကို အသုံးချပြီး ဘယ်ပုံဘယ်နည်းအ
အကွယ်ယူထားကြောင်း ဖော်ပြသည့် ရိုးရိုးရှင်းရှင်းဥပမာဖြစ်
သင်လစဉ်ပုံမှန်ငွေစုမည်ဆိုလျှင် ဒေါ်လာ ၁၉၀,၀
ရအောင် ဘယ်လောက်ကြာကြာစုရမည်ဆိုသည်ကို သင့်ကိုယ်

ကြည့်ပါ။ သင့်အပ်ငွေအပေါ် ဘဏ်က ၁၀ % အတိုးပေး
လား။ သင်နောက်ပြီး ငွေပေးချေရန် ကတိစာချုပ်က နှစ်ပေါင်း
ထိ တရားဝင်သည်။ အတိုးတစ် နှစ်လျှင် ၁၉,၀၀၀ ဖြင့်
ပေါင်း ၃၀ ဆိုလျှင် ဝင်ငွေ ဒေါ်လာ ၅၀၀,၀၀၀ ကျော်ရနိုင်၏။

လူတွေက မေးကြသည်။ အကယ်၍ငွေပေးချေမည့်သူက
ရန်ပျက်ကွက်လျှင် ဘယ်လိုလုပ်မည်လဲတဲ့။ ထိုအဖြစ်မျိုးဖြစ်
ပါသည်။ ထိုသို့ ဖြစ်ခြင်းသည် မင်္ဂလာသတင်းဖြစ်ပါသည်။
မှ ၁၉၉၇ ခုနှစ်အတွင်း ဖီးနစ်မြို့၏ အိမ်မြေဈေးကွက်သည်
ရိကတစ်ပြည်လုံးတွင် ရင်းနှီးမြှုပ်နှံသူတွေ မျက်စိအကျဆုံး
ကွက်ဖြစ်၏။ အကယ်၍ကာယကံရှင်က ငွေပေးရန် ပျက်ကွက်
အဆိုပါ ဒေါ်လာ ၆၀,၀၀၀ တန်အိမ်ကို သိမ်းယူပြီး ဒေါ်လာ
၀၀ ဖြင့် ထပ်ဆင့်ရောင်းပါမည်။ နောက်ပြီး ငွေချေးစာချုပ်
မ်းများအတွက် ကုန်ကျစရိတ်နောက်ထပ်ဒေါ်လာ ၂၅,၀၀
င်းယူပါဦးမည်။

သည်တော့သင်သည် လျင်မြန်သွက်လက်သူဖြစ်လျှင်
အကြိမ်ကျွန်တော်အိမ်ရောင်းစဉ်ကလို ချေးငွေဒေါ်လာ
၀ ကို ပြန်ဆပ်လိုက်မည်။ လက်တွေ့ပိုင်းအရ ပြောရလျှင်
ရောင်းကိစ္စတွင် ငွေကြေး တစ်ပြားတစ်ချပ်မျှ လက်ပြောင်း
လွဲမရှိ။ ကျွန်တော့်ရင်းနှီးမြှုပ်နှံမှုအပေါ် မှ ပြန်ဝင်ငွေမှာ
င်းအဆမရှိပါချေ။ ဤကား ငွေအရင်းမပါဘဲ ဝင်ငွေအများ
ရသည့်ဥပမာတစ်ခုဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားနေချိန် ၁၉၉၇ ခုနှစ်တွင်
ကွက်အခြေအနေသည် လွန်ခဲ့သည့် ငါးနှစ်တုန်းကနှင့် ပြောင်း
ဖြစ်နေပြီ။ ဒေါ်လာ ၆၀,၀၀၀ ဖြင့် ရောင်းခဲ့သော အိမ်များ
ဒေါ်လာ ၁၁၀,၀၀၀ ဖြစ်နေပြီ။

ကျွန်တော့်လုပ်ပုံ လုပ်နည်းများ သင့်အရပ် သင့်ဒေသတွင်

လုပ်လို့ရချင်မှရပါမည်။ ဈေးကွက်အနေအထားများ ကွာခြားနိုင်ပါသည်။ သို့သော် ရိုးရှင်းသော လုပ်နည်းလုပ်ဟန်တစ်ခုကြောင့် ငွေအရင်းနည်းနည်း၊ စွန့်စားရမှုနည်းနည်းဖြင့် ငွေသိန်းချီမြတ်နိုင်ကြောင်း ဤဥပမာက ဖော်ပြနေပါသည်။ ဤကားငွေဟူသည်မှာ သဘောတူညီချက်တစ်ရပ်သာဖြစ်ကြောင်းလည်း သာဓကပြနေပါသည်။ အထက်တန်းပညာတတ်ထားသူ မည်သူမဆို ဤအလုပ်ကို လုပ်လို့ရ၏။

သို့ဖြစ်သည့်တိုင် လူများစုက မလုပ်ကြပါ။ လူများစုတသမားရိုးကျအကြံပေးချက်ဖြစ်သည့် 'အလုပ်ကြိုးစားလုပ်၊ ပြီးတော့ငွေစု' ဆိုသည့်အကြံပေးချက်ကိုသာ လက်သင့်ခံလိုက်နာကျင့်သုံးကြ၏။

စုစုပေါင်း အလုပ်ချိန် နာရီ ၃၀ ဖြင့် ဒေါ်လာ ၁၉၀,၀၀၀ နီးပါး ကျွန်တော့်ရပိုင်ခွင့်စာရင်းထဲဝင်လာသည်။ နောက်ပြီးဝင်ငွေခွန်၊ အမြတ်ခွန်တွေလည်း မပေးဆောင်ရ။

အောက်ဖော်ပြပါနည်းလမ်းနှစ်သွယ်တွင် ဘယ်နည်းလမ်းက ပိုပြီးပင်ပန်းခက်ခဲသည်ဟု သင်ထင်ပါသလဲ။

၁။ အလုပ်ကိုကျုံးလုပ်။ ၅၀% အခွန်အကောက်များ ပေးသွင်း၍ ကျန်သည့်ငွေထဲက စုဆောင်း။

သို့မဟုတ်

၂။ သင်၏ ငွေရေး ကြေးရေးအသိပညာကြွယ်ဝထက်မြက်လာအောင် အချိန်ပေးပြီး လေ့လာ။ ထို့နောက်သင့်ဦးနှောက်၏စွမ်းအားဖြင့် သင့်ရပိုင်ခွင့်စာရင်းကို စီမံကွပ်ကဲ။

ထို့ကြောင့် "ကျွန်တော့်ကလေးက ကျောင်းမှာစာတော်တယ်ဗျ။ ခုတော့ သူ့ပညာရေးက ဖြောင့်ဖြူးနေပြီလေ" ဟု မိဘတွေ ပြောသံကြားတိုင်း ကျွန်တော်နှုတ်ဆိတ်စွာ ခေါင်းယမ်းနေ

တတ်သည်ကို ခုလောက်ဆို သင်သဘောပေါက်လောက်ပါပြီ။ စာတော်တာ၊ ပညာရေးကောင်းတာ စိတ်ချမ်းသာစရာပါ။ သို့သော် သည်မျှနှင့်ပြည့်စုံလုံလောက်ပါပြီလား။

အထက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာသည် အသေးအမွှားကလေးသာဖြစ်ကြောင်း ကျွန်တော်သိပါသည်။ သေးသေးငယ်ငယ်ကလေးက ကြီးကြီးမားမားအဖြစ်သို့ ဘယ်လိုကြီးထွားလာနိုင်ကြောင်း ဖော်ပြလိုသည့်အတွက် ဤဥပမာကို အသုံးပြုခြင်းဖြစ်၏။ နောက်တစ်ကြိမ်ထပ်ပြောပါရစေ။ ကျွန်တော့်အောင်မြင်မှုက ဖော်ပြနေသည်မှာ ငွေရေး ကြေးရေးအခြေခံပညာကို အခြေခံပြီးတတ်မြောက်လာသော ငွေရေး ကြေးရေး အသိပညာကြွယ်ဝထက်မြက်မှု အရေးပါအရာရောက်ကြောင်းပင်ဖြစ်၏။ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ သို့သော် နောက်တစ်ကြိမ်ထပ်ပြောလို့ အကျိုးထိရောက်နိုင်သည့်စကားကို ထပ်ပြောပါရစေ။ ငွေရေး ကြေးရေးအသိပညာသည် အောက်ဖော်ပြပါ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာမှုလေးရပ်ဖြင့် ဖွဲ့စည်းဖြစ်ပေါ်လာပါသည်။

၁။ ငွေရေး ကြေးရေး အခြေခံပညာ။ ကိန်းဂဏန်းများကို ဖတ်ပြီး အဓိပ္ပာယ်ဖော်နိုင်စွမ်းရှိခြင်း။

၂။ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာများ။ ငွေဖြင့်ငွေရှာခြင်းပညာ။

၃။ ဈေးကွက်။ ဝယ်လိုအားနှင့် ရောင်းလိုအား။ အလက်ဇန်းဒါးဂရေဟမ်ဘဲလ်သည် ဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့၏။ ဘီလ်ဂိတ်လည်း ထို့အတူပင်။ ၇၅,၀၀၀ တန် အိမ်ကို ၂၀,၀၀၀ ဖြင့်ဝယ်ပြီး ၆၀,၀၀၀ ဖြင့် ရောင်းခြင်းသည်လည်း ဈေးကွက်က ဖန်တီးပေးသည့် အခွင့်အလမ်းကို အရအမိယူတတ်ခြင်း၏ ရလဒ်ဖြစ်၏။ ဝယ်သူတစ်ဦးတစ်ယောက်ရှိနေပြီး တစ်ဦးတစ်ယောက်က ရောင်းဖို့ရှိနေသည်။

၄။ ဥပဒေ။ စာရင်းအင်းကို စိတ်ဝင်တစား လေ့လာပြီး၊ ကော်ပိုရေးရှင်း၊ နိုင်ငံတော်နှင့်ပြည်နယ်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများကို အလေးဂရုပြုခြင်း။ ဥပဒေဘောင်အတွင်းမှ ကစားဖို့ ကျွန်တော်အကြံပေးပါသည်။

ဥစ္စာဓနကြွယ်ဝချမ်းသာရေးကို မရအရကြိုးပမ်းအားထုတ်ရာတွင် အောင်မြင်မှုရရေးအတွက် အထက်ဖော်ပြပါအခြေခံအုတ်မြစ် သို့မဟုတ် ကျွမ်းမှုလေးရပ်ပေါင်းစပ်ထားသည့် အသိပညာရှိဖို့လိုအပ်ပါသည်။ သင်သည် အိမ်ကလေးတွေ ဝယ်ရောင်းအလုပ်ကိုပဲလုပ်လုပ်၊ အိမ်ကြီးရခိုင်တွေကိုပဲ ဝယ်ရောင်း လုပ်လုပ်၊ ကုမ္ပဏီတွေထောင်၊ စတော့တွေဝယ်၊ ငွေချေးစာချုပ်တွေ စုဆောင်း၊ အကျိုးတူရန်ပုံငွေတွေတည်ထောင်၊ ကျောက်မျက် ရတနာတွေ စုဆောင်းစသည်ဖြင့် ဘယ်လိုစီးပွားရေး လုပ်ငန်းမျိုး ပဲလုပ်လုပ် အထက်ပါ အသိပညာမျိုးရှိဖို့ လိုအပ်၏။

၁၉၉၆ ခုနှစ်ရောက်တော့ အိမ်မြေဈေးကွက်တစ်ကျော့ရှင်သန်လှုပ်ရှားလာသည့်အတွက် သည်ဈေးကွက်ထဲသို့ လူတိုင်းလိုဝင်လာကြသည်။ အမေရိကပြည်၏ စီးပွားရေးသည် မားမားမတ်မတ်ပြန်ဖြစ်လာပြီ။ ၁၉၉၆ ခုနှစ်ထဲတွင် ကျွန်တော့်ရပိုင်ခွင့်များကို စတင်ရောင်းချသည်။ နောက် ပီရူး၊ နော်ဝေ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ ခရီးထွက်သည်။ ရင်းနှီးမြှုပ်နှံမှု အနေအထားများပြောင်းလဲသွားပြီ။ အဝယ်လိုက်နေသရွေ့ကာလပတ်လုံးကျွန်တော်တို့ကအိမ်မြေဈေးကွက်ထဲမှ အပြင်ထွက်နေ၏။ ခုတော့ ကျွန်တော့်ရပိုင်ခွင့် ပစ္စည်းတွေ တရိပ်ရိပ် ဈေးတက်နေသည်ကို စောင့်ကြည့်နေ၏။ အခြေအနေမှာ ကွန်ဂရက်လွှတ်တော်က အတည်ပြုမည့် ဥပဒေအပြောင်းအလဲများပေါ်မှာ မူတည်နေသည်။

ကျွန်တော်အဓိကတင်ပြလိုသည့်အချက်မှာ ရင်းနှီးမြှုပ်နှံမှု

အခွင့်သာချိန်တွေ ရှိသလို အခွင့်မသာချိန်တွေရှိကြောင်းဖြစ်၏။ ဈေးတွေထိုးတက်သည်။ ထိုးကျသည်။ စီးပွားရေးတွေ စန်းပွင့်သည်။ ပြိုလဲပျက်စီးသည်။ ဘာပဲဖြစ်နေဖြစ်နေ သင့်ဘဝတစ်လျှောက်တွင် နေ့စဉ်နေ့တိုင်းလိုပင် ကမ္ဘာလောကကြီးက သင့်အားမကြုံစဖူး ထူးကဲသောအခွင့်အလမ်းတွေ ပေးအပ်နေ၏။ သို့သော် ကျွန်တော်တို့က ၎င်းအခွင့်အရေးများကို မသိမမြင်သတိမထားမိကြ။ ကမ္ဘာကြီး ပိုပြောင်းလဲလာလေ၊ နည်းပညာတွေပိုပြောင်းလဲလာလေ အခွင့်အလမ်းတွေ ပိုပေါ်လာလေပင်။ သည်အခွင့်အလမ်းတွေက သင်နှင့် သင့်မိသားစုအား မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက် ငွေရေး ကြေးရေး ခိုင်မာတောင့်တင်းနေအောင် ဖန်တီးပေးနိုင်ပါသည်။

သည်တော့ သင်၏ ငွေရေး ကြေးရေး အသိပညာဖွံ့ဖြိုးတိုးတက်ရေးကို ဘာကိစ္စလုံးပန်းနေရဦးမှာလဲ။ နောက်တစ်ကြိမ် ထပ်ပြောပါဦးမည်။ ထိုမေးခွန်းသင်သာဖြေနိုင်ပါသည်။ ကျွန်တော် ဘာ့ကြောင့် ဆက်လက်ဆည်းပူးပြီး ဘာ့ကြောင့် ဖွံ့ဖြိုးတိုးတက်အောင်လုပ်နေသလဲဆိုတာတော့ ကျွန်တော်ဖြေနိုင်သည်။ ဘာ့ကြောင့်ထိုသို့လုံးပန်းနေသလဲဆို အပြောင်းအလဲတွေ လာနေပြီဆိုတာကျွန်တော်သိနေသောကြောင့်။ ဈေးကွက်တွေ စန်းပွင့်လာမည်၊ ဈေးကွက်တွေ ပြိုလဲပျက်စီးကုန်မည်ဆိုတာ ကျွန်တော်သိနေသည်။ ကျွန်တော်က ကျွန်တော်၏ ငွေရေး ကြေးရေး အသိပညာဖွံ့ဖြိုးတိုးတက်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေလိုသည်။ အဘယ်ကြောင့်ဆိုသော် ဈေးကွက်အပြောင်းအလဲတစ်ကြိမ်ဖြစ်တိုင်း လူတချို့သည် အလုပ်မပြုတ်ရေးအတွက် ဒူးထောက်တောင်းပန်နေကြရလိမ့်မည်။ တစ်ချိန်တည်းတွင် အခြားသူတွေက ဘဝကပေးအပ်သော အခွင့်အလမ်းကလေးကို အရအမိယူကြလိမ့်မည်။ ထိုသို့သော အခွင့်အလမ်းလေးတွေ ကျွန်တော်တို့

အား မကြာမကြာပေးအပ်တတ်ပါသည်။ ငွေရေး ကြေးရေ
အသိပညာကြွယ်ဝသူများက ၎င်းမဖြစ်စလောက်အခွင့်အလမ်း
လေးများကို သန်းပေါင်းများစွာသောငွေကြေးများအဖြစ် အသွ
ပြောင်းပစ်ကြလိမ့်မည်။ ဤကား ငွေရေး ကြေးရေးအသိပည
ပေတည်း။

ငွေတွေ သန်းပေါင်းများစွာ ဖြစ်လာအောင် ကျွန်တေ
အသွင်ပြောင်းပစ်ခဲ့သော အခွင့်အလမ်းကလေးများအကြောင်
ပြောပြဖို့ ကျွန်တော့်အား မကြာမကြာမေးမြန်းကြ၏။ ကိုယ်
ကိုယ်တာဖြစ်နေသည့်အတွက် ကျွန်တော်၏ ရင်းနှီးမြှုပ်နှံမှု
အကြောင်း သာဓကပြဖို့ ဝန်လေးခဲ့၏။ အကြောင်းမှာ ဝါကြွား
လက်မထောင်ရာ ရောက်နေမှာ စိုးရိမ်သောကြောင့်ဖြစ်
ကျွန်တော့်ရည်ရွယ်ချက်မှာ ဝါဖို့ ကြွားဖို့မဟုတ်ပါ။ ကျွန်တေ
ကိုယ်တွေ့များကို ဥပမာအဖြစ်အသုံးပြုခြင်းမှာ ဖြစ်စဉ်အဆင့်
နှင့် ကိန်းဂဏန်းတွေကို သိစေလိုသောကြောင့်ဖြစ်၏။ ဤဥ
များကို အသုံးပြုခြင်းမှာ သည်လုပ်ငန်းသည် လုပ်ရလွယ်ကူကြော
သင်တို့သိစေလိုသောကြောင့်ဖြစ်၏။ ငွေရေး ကြေးရေး အသိပ
၏ အခြေခံကျွမ်းကျင်လိမ္မာမှု လေးမျိုးကို ပိုပြီး ယဉ်ပါးကျွမ်း
လေ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ဖို့ ပို၍ လွယ်ကူလေဖြစ်ပါသ

ကျွန်တော်တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ကြီးပွား
ပန်းတိုင်သို့ လှမ်းချီရာ၌ ယာဉ်နှစ်မျိုးကို စီးနင်းပြီး အရောက်
ခဲ့၏။ ၎င်းယာဉ်နှစ်မျိုးမှာ အိမ်မြေလုပ်ငန်းနှင့်စတော့အငယ်
ကလေးများဖြစ်သည်။ အိမ်မြေအရောင်းအဝယ်လုပ်ငန်
ကျွန်တော်၏ အခြေခံစီးပွားရေးလုပ်ငန်းအဖြစ် အသုံးပြုသ
ကျွန်တော့်အိမ်တွေ မြေတွေက ကျွန်တော့်အတွက် ငွေသားစီး
မှုကို တစ်နေ့ပြီးတစ်နေ့ ဖော်ဆောင်ပေး၏။ မကြာမကြာဆို
တန်ဖိုးတွေ ခုန်တက်သွားတတ်သည်။ စတော့အငယ်စားတ

တွေကိုတော့ ငွေဖြစ်မြန်၊ ငွေရမြန်လုပ်ငန်းအဖြစ်အသုံးပြုပါသည်။

ကျွန်တော်လုပ်သမျှတွေကို လိုက်လုပ်ဖို့ ကျွန်တော်အကြံမပေးပါ။ မတိုက်တွန်းပါ။ ဥပမာများသည် ဥပမာများသာဖြစ်၏။ ကျွန်တော့်လက်ထဲရောက်လာသည့်အခွင့်အလမ်းတစ်ခုသည် ရှုပ်ထွေးခက်ခဲလွန်းပြီး ရင်းနှီးမြှုပ်နှံသင့် မသင့် မဝေခွဲတတ်လျှင် ကျွန်တော်လက်ရှောင်နေပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခု အောင်အောင်မြင်မြင်လုပ်တတ်ဖို့ ဂဏန်းသင်္ချာအခြေခံဖြစ်သည့် အပေါင်း အနှုတ် အမြှောက် အစားတတ်ပြီး သာမန်အသိဉာဏ် (Common-sense) ရှိဖို့ပဲလိုပါသည်။

ဤဥပမာများကို အသုံးပြုရာ၌ အကြောင်းရင်းငါးရပ်ရှိသည်။

၁။ လူတွေယခုထက်ပိုပြီး သင်ယူလေ့လာချင်စိတ်ပေါ်လာအောင် လှုံ့ဆော်ပေးလိုခြင်း။

၂။ အခြေခံအသိပညာခိုင်မာတောင့်တင်းလျှင် ကိုယ်ပိုင်စီးပွားရေးလုပ်ဖို့ လွယ်ကူကြောင်း လူတွေသိစေလိုခြင်း။

၃။ ဘယ်သူမဆို ကြီးပွားချမ်းသာအောင်လုပ်လို့ရကြောင်း တင်ပြလိုခြင်း။

၄။ သင့်ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်နိုင်သည့် နည်းလမ်းတွေ သန်းချီရှိနေကြောင်းတင်ပြလိုခြင်း။

၅။ မိမိကိုယ်မိမိကြီးပွားချမ်းသာအောင် အားထုတ်ခြင်းသည် ဒုန်းပျံတည်ဆောက်သည့်ပညာလို လူတိုင်းမလုပ်နိုင်သည့် ပညာမျိုးမဟုတ်ကြောင်း တင်ပြလိုခြင်း။

၁၉၈၉ ခုနှစ်ထဲတွင် ကျွန်တော်သည် ပို့လင်းမြို့ကလေး၏ သာယာလှပသော နီးနားဝန်းကျင်တစ်ဝိုက်၌ နံနက်တိုင်း ပုံမှန်ပြေးလေ့ကျင့်ခန်းယူလေ့ရှိ၏။ ဤမြို့ဆင်ခြေဖုံးရပ်ကွက်တွင် ဝါရောင် လုံးချင်းအိမ်ကလေးတွေရှိသည်။

ကျွန်တော်အပြေးလေ့ကျင့်သည့် လမ်းတစ်လျှောက်တွင် 'ရောင်းရန်'ဆိုင်းဘုတ်ကလေးတွေ နေရာအနှံ့တွေ့ရ၏။ သစ်ဈေးကခေါင်ခိုက်နေသည်။ စတော့ဈေးကွက်က ပြိုပျက်ပြီးစရှိသေးသည်။ စီးပွားရေးတွေ အားလုံးကျဆင်းနေသည်။ လမ်းတစ်လမ်းထဲတွင် အခြား 'ရောင်းရန်' ဆိုင်းဘုတ်အများစုထက် သက်တမ်းရှည်နေပြီဖြစ်သော ဆိုင်းဘုတ်တစ်ခုကို ကျွန်တော်တွေ့သည်။ ဆိုင်းဘုတ်ကိုက ဟောင်းနွမ်းနေပြီ။ တစ်နေ့တွင် ၎င်းဆိုင်းဘုတ်ရှေ့မှ ဖြတ်ပြေးရင်း အိမ်ပိုင်ရှင်နှင့် မျက်နှာချင်းဆိုင်တိုးမိသည်။ သူ့ကြည့်ရတာ စိတ်မာတတ်ကျနေပုံ။

"ခင်ဗျာ့အိမ်ကို ဘယ်လောက်ဈေးခေါ်ထားလဲ"

အိမ်ရှင်က လှည့်ကြည့်ပြီး ဖျော့တော့စွာ ပြုံးသည်။ "ခင်ဗျားဘက်က ကမ်းလှမ်းလေဗျာ။ ဒီအိမ်ရောင်းဖို့ ကြေငြာထားတာ တစ်နှစ်ကျော်နေပြီဗျ။ လာကြည့်မယ့်လူသာ မရှိတာ"

"ကျွန်တော်ကြည့်မယ်လေ" ကျွန်တော်ပြောပြီး နောက်နာရီဝက်အကြာတွင် သူခေါ်သည့် ဈေးထက် ဒေါ်လာ ၂၀,၀၀၀ လျော့နည်းသည့်ဈေးဖြင့် ကျွန်တော်ဝယ်လိုက်၏။

အိမ်ကလေးက ချစ်စရာကလေး။ အိပ်ခန်းနှစ်ခန်းပါသည်။ ပြတင်းပေါက်အားလုံး၏ဘောင်များကို နီ ဝါ ရောင်ဆေးသုတ်ထားသည်။ ၁၉၃၀ ပြည့်နှစ်ကတည်းက ဆောက်ထားသည့် အိမ်ကလေး။ ကျောက်တုံးများဖြင့် ဆောက်ထားသော မီးလင်းဖိုကသားနားသည်။ အိပ်ခန်းကလေး နှစ်ခန်းပါသည်။ အိမ်ငှားစားဖို့ သိပ်ကောင်းသည့်အိမ်ကလေး။

ဘယ်သူကမှ မဝယ်ချင်သည်ကလွဲလျှင် ဒေါ်လာ ၆၅,၀၀၀ တန်သည့် ထိုအိမ်ကလေးကို ကျွန်တော်က ဒေါ်လာ ၄၅,၀၀၀ ဖြင့် ဝယ်ပြီး ဒေါ်လာ ၅,၀၀၀ လက်ငင်းငွေချေလိုက်၏။ အိမ်ရှင်က တစ်ပတ်အတွင်း ပြောင်းရွှေ့သွားသည်။ ပျော်ပျော်ပါး

ငါးကြီးပင်။ ထို့နောက် ကျွန်တော်၏ ပထမဆုံးအိမ်ငှားပြောင်းရွှေ့လာသည်။ တက္ကသိုလ်ပါမောက္ခတစ်ဦး။ ကုန်ကျစရိတ်အားလုံးနုတ်ပြီးသောအခါ လကုန်ရက်တိုင်းတွင်ကျွန်တော့်အိတ်ထဲသို့ ဒေါ်လာ၄၀ ပျော့ပျော့ဝင်လာသည်။ ငါကွဟု ပြောလို့မရသည့်ဝင်ငွေမျိုးပါ။

နောက်တစ်နှစ်အကြာ အော်ရဂွန်ပြည်နယ်၏ အိမ်မြေဈေးကွက်ပြန်ပြီး ဦးမော့လာသောအခါ ကယ်လီဖိုးနီးယားငွေရှင်ကြေးရှင်များလိှမ့်ဝင်လာတော့၏။

ထိုအိမ်ကလေးကို ကယ်လီဖိုးနီးယားမှ လူငယ်ဇနီးမောင်နှံအား ဒေါ်လာ ၉၅,၀၀၀ ဖြင့် ရောင်းလိုက်၏။ သူတို့ကလည်းတန်သည်ဟု ယူဆကြသည်။ အမြတ်ငွေ ဒေါ်လာ ၄၀,၀၀၀ နီးပါးကို အခွန်ကင်းလွတ်ခွင့်ဥပဒေအကာအကွယ်ယူပြီး ထပ်မံရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းလိုက်ရှာတော့ ဘီဗာတန်တွင် အိမ်ခန်း ၁၂ခန်းပါတိုက်တစ်လုံးကို တွေ့သည်။ ပိုင်ရှင်တွေက ဂျာမနီမှာနေသည်။ သူ့အိမ်ဘယ်လောက်တန်နေပြီကိုလည်း မသိကြ။ သည်တိုက်ကြီးကို ရောင်းပစ်ချင်တာပဲရှိသည်။ ဒေါ်လာ ၄၅၀,၀၀၀ တန်တိုက်ကို ကျွန်တော်က ဒေါ်လာ ၂၇၅,၀၀၀ ကမ်းလှမ်းသည်။ သူတို့က ဒေါ်လာ ၃၀၀,၀၀၀ ဖြင့် ရောင်းဖို့သဘောတူသည်။ ထိုတိုက်ကို ၂ နှစ်ထိန်းထားသည်။ နောက်တော့ ဒေါ်လာ ၄၉၅,၀၀၀ဖြင့် ရောင်းထုတ်လိုက်ပြီး အိမ်ခန်း ၃၀ ပါ တိုက်ကြီးတစ်လုံးကိုဖီးနစ်တွင် ဝယ်လိုက်၏။ ထိုစဉ်က ဖီးနစ်မြို့၏ အိမ်မြေဈေးကွက်ကျနေချိန်ဖြစ်၏။ အိမ်ခန်း ၃၀ ငှားရမ်းခသည် တစ်လလျှင်ဒေါ်လာ ၅,၀၀၀ ကျော်ရ၏။ နောင် ဈေးကွက်အခြေအနေ ပြန်ကောင်းလာတော့ အဆိုပါ တိုက်ကြီးကို ကော်လိုရာဒိုမှ ငွေရှင်တစ်ဦးက ဒေါ်လာ ၁.၂ သန်းပေးဖို့ ကမ်းလှမ်းခဲ့ လေသည်။

သို့သော် ကျွန်တော်တို့က ကွန်ဂရက်လွှတ်တော်၏ ဥပဒေ

အပြောင်းအလဲကို စောင့်ကြည့်ဖို့ ဆုံးဖြတ်သည်။ ဥပဒေအပြောင်းအလဲဖြစ်လျှင် အဆိုပါ တိုက်ကြီး၏ တန်ဖိုးသည် ၁၅%မှ ၂၀%ထိ တက်သွားပေမည်။ ဤဥပမာ၏ အဓိကဆိုလိုရင်းမှာ ငွေအရင်းအနှီးနည်းနည်းကလေးက မြောက်မြားစွာသော ငွေ တွေဖြစ်လာဖို့ကို ထောက်ပြလိုခြင်းဖြစ်၏။ ထပ်ပြောပါဦးမည်။ ဤကားငွေရေးကြေးရေး စာရင်းဇယားများ၊ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာများ၊ ဈေးကွက်အခြေအနေနှင့် ဥပဒေများအကြောင်းသိနားလည်ခြင်းပင်ဖြစ်၏။ ဤဘာသာရပ်များကို မလေ့လာ မတီးခေါက်မိသူများအနေဖြင့်တော့ လုပ်ငန်းအမျိုးမျိုးခွဲလုပ်ခြင်း၊ လုံခြုံစိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှုများတွင် မြှုပ်နှံခြင်းစသည့် ရှေးရိုးအယူအဆအဟောင်းအတိုင်း လိုက်နာကျင့်ကြံရပေမည်။ လုံခြုံစိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့် ပြဿနာမှာ ၎င်းလုပ်ငန်းများသည် စိတ်ချရလွန်းသည့်အတွက် အမြတ်နည်းခြင်းပင်ဖြစ်၏။

ကျွန်တော့်မှာ ငွေရေး ကြေးရေးအသိပညာတွေ ပိုမိုပြည့်ဝလာလေ အခွင့်အလမ်းများကို ပိုမိုမြင်တွေ့လေဖြစ်၏။ ထို့ကြောင့် သင့်သက်တမ်းတစ်လျှောက်လုံးငွေရေး ကြေးရေးအသိပညာကြွယ်ဝအောင် သင်ယူဆည်းပူးနေရခြင်းမှာ အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန်ဖြစ်၏။ သင့်မှာ ၎င်းအသိပညာကြွယ်ဝလေ လုပ်ငန်းတစ်ခုသည် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းဟုတ်မဟုတ် အကဲဖြတ်ဖို့ ပို၍လွယ်ကူလေဖြစ်၏။ ငွေရေး ကြေးရေး အသိပညာက မလုပ်သင့်သော သို့မဟုတ် မကောင်းသောလုပ်ငန်းတစ်ခုကို 'တန်းခနဲ' သိမြင်နိုင်၏။ သို့မဟုတ်မကောင်းသောလုပ်ငန်းကို ကောင်းလာအောင် လုပ်နိုင်စွမ်း၏။ ကျွန်တော့်အတွက်တော့ သင်ယူလေ့လာမှုတွေများများလုပ်လေ ဝင်ငွေပိုရလေဖြစ်၏။ အဘယ်ကြောင့်ဆိုသော် နှစ်တွေကြာလာသည်နှင့်အမျှ အတွေ့အကြုံနှင့်အမြော်အမြင်တွေ တိုးတက်ရင့်သန်လာသော

ကြောင့်ပင်။ ကျွန်တော့်မှာမိတ်ဆွေတွေရှိ၏။ သူတို့က အန္တရာယ်ကင်းသည့် အလုပ်တွေလုပ်သည်။ ဝမ်းကျောင်းလုပ်ငန်းကို အားကြိုးမာန်တက်လုပ်ကြသည်။ သူတို့သည် ဖွံ့ဖြိုးတိုးတက်အောင် အချိန်ယူလေ့လာရသည့် ငွေကြေးဆိုင်ရာ ဉာဏ်အမြော်အမြင်ကို ရေခဲ့ကြပေ။

ကျွန်တော်၏ယေဘုယျအတွေးအခေါ်မှာ ကျွန်တော်၏ ရပိုင်ခွင့်ကဏ္ဍထဲတွင် မျိုးစေ့များကြဲထားဖို့ဖြစ်၏။ ဤကား ကျွန်တော့်ပုံသေနည်း။ ခပ်သေးသေးဖြင့် အစပျိုးပြီး မျိုးစေ့များကြဲထားသည်။ တချို့မျိုးစေ့တွေက ရှင်သန်ကြီးထွားလာပြီး တချို့ ရှင်သန်ကြီးထွားခြင်းမရှိ။

အမေရိက သို့မဟုတ် ကနေဒါတွင် အများပိုင်ပြုလုပ်မည့် ကုမ္ပဏီများရှိတတ်၏။ ကုမ္ပဏီတစ်ခုကို အများပိုင်ပြုလုပ်ရန် ကြေညာမီကလေးတွင် ၎င်းကုမ္ပဏီ၏ အစုရှယ်ယာ ၁၀၀,၀၀၀ ကို တစ်စုလျှင် ၂၅ ဆင့်ဖြင့် ဝယ်လိုက်၏။ ခြောက်လကြာတော့ ၎င်းကုမ္ပဏီသည် အများပိုင်ဖြစ်သွားသည်။ ထိုအခါအစုရှယ်ယာ တစ်စု၏ တန်ဖိုးသည် ၂ ဒေါ်လာဖြစ်သွားသည်။ ကုမ္ပဏီအုပ်ချုပ်ရေးပိုင်းကတော်လျှင် ၎င်းအစုရှယ်ယာ ဈေးနှုန်းသည် ဒေါ်လာ ၂၀ ကျော်သွားနိုင်၏။ ကျွန်တော်တို့၏ ရင်းနှီးငွေ ဒေါ်လာ ၂၅,၀၀၀ သည် တစ်နှစ်မပြည့်မီအတွင်း ဒေါ်လာတစ်သန်းဖြစ်သွားသည့်အခါများရှိခဲ့လေသည်။

ဤသို့စွန့်စားခြင်းသည် လောင်းကစားခြင်းမဟုတ်။ သင်ဘာလုပ်နေသည်ကို သင့်ဘာသာသင် သိနေသမျှကာလပတ်လုံး လောင်းကစားခြင်းမည်။ လောင်းကစားခြင်းဆိုသည်မှာ အလုပ်တစ်ခုထဲတွင် ငွေတွေပစ်ထည့်ပြီး မြတ်ပါစေဟု ထိုင်ဆုတောင်းနေခြင်းကို ခေါ်ပါသည်။ ဆိုလိုရင်းကတော့ ဘာကိုပဲလုပ်လုပ် သင်၏ နည်းပညာပိုင်းဆိုင်ရာ အသိပညာ၊ ဉာဏ်အမြော်အမြင်နှင့်ထိုလုပ်

ငန်းအပေါ် ချစ်မြတ်နိုးမှုကို အသုံးချခြင်းအားဖြင့် မိမိဘက်ထ
တစ်ပန်းသာနိုင်သလို စွန့်စားရမှုလည်း လျော့နည်းသွားနိုင်
ကြောင်းပင်ဖြစ်၏။ စွန့်စားရမှုဆိုတာကတော့ အမြဲရှိမည်သာ
ငွေရေး ကြေးရေး အသိပညာကြွယ်ဝခြင်းက မိမိဘက်က အခွင့်
အလမ်းသာအောင်စွမ်းဆောင်ပေးပါသည်။ သို့ဖြစ်ရာ တစ်ဦ
တစ်ယောက်အတွက် စွန့်စားရမှုကြီးမားသော်လည်း တခြာ
တစ်ယောက်အတွက်စွန့်စားရမှုနည်းပါးချင်နည်းပါးနေပေမည်
ထို့ကြောင့် စတော့ဈေးကွက်၊ အိမ်မြေလုပ်ငန်း သို့မဟုတ် အခြ
လုပ်ငန်းတွေထဲတွင် ရင်းနှီးမြှုပ်နှံမည့်အစား ငွေကြေးဆိုင်ရ
ပညာတတ်မြောက်ရေးထဲတွင်ပိုပြီး ရင်းနှီးမြှုပ်နှံကြဖို့ လူတွေအ
ကျွန်တော် မပြတ်တိုက်တွန်းနေခြင်းဖြစ်ပါသည်။ သင်ပညာတ
လာလေ တိုက်ပွဲတစ်ပွဲမှာ အနိုင်ရဖို့ သင့်ဘက်က အခွင့်သာ
ဖြစ်လေတော့၏။

မဟာအခွင့်အလမ်းကြီးများကို သင့်မျက်စိများဖြင့် မမြ
ပါ။ သင့်စိတ်ဖြင့်သာ တွေ့ပါ မြင်ပါသည်။ လူများစု ဘယ်
မျှ ချမ်းသာကြွယ်ဝသူများဖြစ်မလာခြင်းမှာ သူတို့ရှေ့သို့ 
နေသောအခွင့်အလမ်းများကို စီးပွားရေးအမြင်ဖြင့် ကြည့်တ
အောင်လေ့ကျင့်သင်ကြားပေးမထားသောကြောင့်ဖြစ်၏။

လူတွေ ကျွန်တော့်ကို မကြာမကြာမေးကြသည်။ "အ
လိုစပြီး ထူထောင်ရမလဲ" ဟူ၍။ လွန်ခဲ့သည့်အခန်းတွင်ငွေ
အမှီခိုကင်းသော ဘဝထူထောင်ရာ၌ ကျွန်တော်လိုက်နာကျင့်
ခဲ့သော အဆင့်ဆယ်ဆင့်ကို ဖော်ပြထား၏။ သို့သော် ပျော်
ကြီး နေတတ် လုပ်တတ်ဖို့တော့မမေ့ပါနှင့်။ ဤသို့ပြုလုပ်ခြင်း
ကစားပွဲ တစ်ပွဲမှာ ဝင်နွှဲနေခြင်းသာဖြစ်၏။ တစ်ခါတလေ 
နိုင်မည်။ တစ်ခါတလေကျတော့ သင် သင်ခန်းစာရလိမ့်
ဘာပဲဖြစ်ဖြစ်ပျော်ပျော်ကြီးနွှဲပါ။ လူများစုသည် ဘယ်

အနိုင်မရကြ။ အကြောင်းမှာ သူတို့သည် ရှုံးမှာကို ပိုကြောက်နေသောကြောင့်ပင်။ စာသင်ကျောင်းတွင် အမှားဆိုသည်မှာ မကောင်းကြောင်း သင်ယူရ၏။ ထို့ကြောင့် အမှားပြုလုပ်မိလျှင် အပြစ်ပေးခံကြရသည်။ သို့တိုင် လူသားတွေ သင်ယူဆည်းပူးပုံကို လေ့လာကြည့်လျှင်ကျွန်တော်တို့သည် အမှားများပေါ်မှာ သင်ခန်းစာယူပြီး သင်ယူဆည်းပူးကြကြောင်းတွေ့ရပါမည်။ ကျွန်တော်တို့ လဲကျခြင်းမှ လမ်းလျှောက်သင်ကြ၏။ ကျွန်တော်တို့ ဘယ်တော့မျှ လဲမကျလျှင် ဘယ်တော့မျှ လမ်းလျှောက်တတ်မည်မဟုတ်ပါချေ။ စက်ဘီးစီး သင်ယူရာမှာလည်း ထိုနည်းလည်းကောင်းပင်။ ကျွန်တော့် ဒူးခေါင်းတွင်ယခုထက်တိုင် အမာရွတ်တွေ ရှိနေသေးသည်။ သို့ပေမဲ့ ယနေ့ဆိုလျှင် ကျွန်တော်မစဉ်းစားဘဲ စက်ဘီးစီးနိုင်နေပြီ။ ကြီးပွားချမ်းသာရေးကိစ္စမှာလည်း ထိုနည်းလည်းကောင်းဖြစ်၏။ လူများစုမကြီးပွား မချမ်းသာခြင်းမှာ ရှုံးမှာကြောက်နေသောကြောင့်ဖြစ်၏။ အောင်နိုင်သူများက ရှုံးမှာကို မကြောက်ကြ။ သို့သော် အရှုံးသမားများကတော့ ကြောက်ကြသည်။ ရှုံးနိမ့်မှုကို ရှောင်ရှားသူများသည် အောင်နိုင်မှုကိုလည်း ရှောင်ရှားကြ၏။

ကျွန်တော်ကတော့ ငွေကို တင်းနစ်ကစားပွဲလိုသဘောထားသည်။ ကျွန်တော်အားသွန်ခွန်စိုက်ကစားသည်။ အမှားတွေပြုလုပ်သည်။ အမှားပြင်သည်။ နောက်ထပ်အမှားတွေကျူးလွန်သည်။ ပြုပြင်သည်။ နည်းနည်းလက်တက်လာအောင်လုပ်သည်။ ရှုံးသွားလျှင် ပိုက်ကိုကျော်ပြီး ပြိုင်ဖက်ကို လက်ဆွဲနှုတ်ဆက်သည်။ ပြုံးပြပြီး "နောက်တစ်ပတ် ဒီနေ့မှာ ဆုံကြသေးတာပေါ့"ဟုပြောသည်။

ကမ္ဘာပေါ်တွင် ရင်းနှီးမြှုပ်နှံသူနှစ်မျိုး နှစ်စားရှိ၏။

ပထမအမျိုးအစားမှာ လူတိုင်းလုပ်နေကျဖြစ်သည့် ဈေးကွက်တင်ထားသော အရန်သင့်ပစ္စည်းတစ်ခုကို ဝယ်ယူရင်းနှီးသူ

များဖြစ်၏။ သူတို့က ပွဲစားများ၊ ဝန်ဆောင်လုပ်ငန်းများ သို့မဟုတ် ငွေရေး ကြေးရေး စီမံကိန်းမှူးများနှင့် ဆက်သွယ်ပြီးတစ်စုံတစ်ခုကို ဝယ်ယူမည်။ ၎င်းတစ်စုံတစ်ခုသည် အိမ်မြေ၊ သို့မဟုတ် စတော့ သို့မဟုတ် ငွေချေးစာချုပ် ဖြစ်ချင်ရာဖြစ်မည်။ ဤနည်းက ရိုးသည်။ ရှင်းသည်။ ဥပမာပြရလျှင် ဈေးဝယ်သူတစ်ဦး စတိုးဆိုင် တစ်ဆိုင်သို့ သွားပြီး အသင့်ရှိသောကွန်ပျူတာတစ်လုံးကို ဝယ်ယူသည်နှင့် တူ၏။

ဒုတိယအမျိုးအစားကတော့ ရင်းနှီးမြှုပ်နှံမှုများကို တီထွင်ဖန်တီးယူသူများဖြစ်၏။ ဤရင်းနှီးမြှုပ်နှံသူမျိုးက လုပ်ငန်းတစ်ခုဖြစ်ပေါ်လာအောင် စုစည်းယူသည်။ ကွန်ပျူတာမှာပါသည့် အစိတ်အပိုင်းများကို လိုက်စုတပ်ပြီး ကွန်ပျူတာဖြစ်အောင် တပ်ဆင်ယူခြင်းနှင့်တူ၏။ ကွန်ပျူတာအစိတ်အပိုင်းများကို စုစည်းတပ်ဆင်ခြင်းကိုတော့ ကျွန်တော်မတတ်။ သို့သော် အခွင့်အလမ်းအစအနကလေးတွေကို စုစည်းပုံဖော်ခြင်းကို လုပ်တတ်သည်။ သို့မဟုတ် ထိုသို့လုပ်တတ်သူများကို သိသည်။

ဤဒုတိယအမျိုးအစားသည်သာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပညာရှင်ဖြစ်ဖို့ များပါသည်။ တစ်ခါတစ်ရံ အပိုင်းအစကလေးတွေအံဝင်ခွင်ကျ စုစည်းပေါင်းစပ်လို့ရအောင် နှစ်နှင့်ချီပြီ စောင့်ရ၏။ တစ်ခါတလေကျတော့ ဘယ်နည်းနှင့်မျှ စုစည်းပေါင်းစပ်ပုံဖော်လို့မရတော့။ ဖေဖေချမ်းသာက ကျွန်တော့်အား ဖြစ်စေချင်သည်မှာ ဤဒုတိယရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်မျိုးဖြစ်၏။ အပိုင်းအစကလေးတွေကို ဘယ်လိုစုစည်းပေါင်းစပ်ပုံဖော်ရမည်ဆိုတာကို သိနားလည်အောင် သင်ယူလေ့လာဖို့အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် အမြတ်အစွန်းကြီးကြီးမားမားတွေသည် ထိုအထဲမှာ ရှိနေသောကြောင့်ပင်။ တစ်ခါတစ်ရံ အခြေအနေပြောင်းလဲမှုများက ကိုယ့်ဘက်မပါလျှင်လည်း ကြီးကြီးမားမားဆုံးရှုံးတတ်သည်။

သင်သည်ရင်းနှီးမြှုပ်နှံသူ ဒုတိယအမျိုးအစားဖြစ်လိုလျှင် အဓိကစွမ်းရည် သုံးမျိုးရှိအောင် အားထုတ်ရပါသည်။ ဤစွမ်းရည် သုံးမျိုးသည် ငွေရေး ကြေးရေး အသိပညာကြွယ်ဝရေးအတွက် လေ့လာသင်ယူသည့် စွမ်းရည်များအပြင် ထပ်မံလိုအပ်သော စွမ်းရည်များဖြစ်၏။

၁။ လူတိုင်းသတိမမူမိသည့်အခွင့်အလမ်းကို ရှာဖွေဖော်ထုတ်ခြင်း

အခြားသူတွေ မျက်စိဖြင့်မမြင်သည်ကို သင်က စိတ်မျက်စိဖြင့် မြင်တွေ့နိုင်ရမည်။ ဥပမာပြရသော် ကျွန်တော့်မိတ်ဆွေတစ်ဦးက ယိုယွင်းပျက်စီးနေသော အိမ်တစ်လုံးကို ဝယ်လိုက်၏။ သည်အိမ်ကိုကြည့်ရတာ ရုပ်ရှင်တွေထဲက သရဲခြောက်သောအိမ်ကြီးမျိုးလို။ သည်လူဘာကြောင့် သည်အိမ်ကြီးကို ဝယ်ပါလိမ့်ဟု လူတိုင်းအံ့ဩနေသည်။ သို့သော် ကျွန်တော်တို့မမြင်သည်ကို သူကမြင်ထားသည်။ အိမ်ကြီးနှင့်တွဲနေသည့် မြေကွက်လွတ်လေးကွက်ရှိသည်။ သူကအကျိုးဆောင်ကုမ္ပဏီတစ်ခုကို ငှားပြီး မြေကွက်လွတ်တွေပါ ရအောင် ဝယ်လိုက်၏။ ဝယ်ပြီးသောအခါ အိမ်ကြီးကို ဖြိုချလိုက်သည်။ ပြီးတော့ မြေကွက်ငါးကွက်ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးသို့ ရောင်းသည်။ သူဝယ်သည့် ဈေးထက် သုံးဆရသွားသည်။ နှစ်လကြာအလုပ်လုပ်ရသည့်အတွက် ဒေါ်လာ ၇၅,၀၀၀ ရသည်။ ငွေကြေးပမာဏအများကြီးမဟုတ်။ သို့သော် အနိမ့်ဆုံးလစာထက်တော့များသည်။ နောက်ပြီးသည်အလုပ်က နည်းပညာပိုင်းအရ မခက်ခဲ။

၂။ မတည်ငွေဘယ်လိုရှာမည်လဲ

ယေဘုယျလူများစုကတော့ ဘဏ်သို့သွားလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင် ဒုတိယအမျိုးအစားအနေဖြင့် မတည်ငွေ

ဘယ်လိုရှာရမည်ကိုသိထားဖို့လို၏။ ဘဏ်သို့မသွားဘဲ ရှာဖွေလို့ရသည့်နည်းလမ်းတွေမြောက်မြားစွာရှိသည်။

"ဘဏ်က ကျွန်တော့်ကို ငွေမချေးဘူး" သို့မဟုတ် "အဲဒါကို ဝယ်ဖို့ ကျွန်တော့်မှာ ငွေမရှိဘူး" ဆိုသည့်စကားမျိုးတွေ နားလျှံအောင် ကြားရသည်။ သင်သည် ဒုတိယအမျိုးအစားရင်းနှီးမြှုပ်နှံသူဖြစ်လိုလျှင် မတည်ငွေ ဘယ်လိုရှာရမည်ကို သိနားလည်အောင် လေ့လာဆည်းပူးဖို့လို၏။ တစ်နည်းဆိုသော် လူများစုသည် ငွေကြေးမပြည့်စုံမှုကြောင့် အရောင်းအဝယ် အလုပ်များ မလုပ်ဖြစ်ကြ။ အကယ်၍ သင်က ရင်းအခက်အခဲကို ကျော်လွှားနိုင်လျှင် သင်သည်အခြားသူများထက် နှာတစ်ဖျားသာနေမည်ဖြစ်၏။ အိမ်တစ်လုံး သို့မဟုတ် စတော့စာချုပ်တစ်ခု သို့မဟုတ် အိမ်ခန်းများစွာပါသည့် တိုက်ကြီးတစ်လုံးကို ဘဏ်တွင် တစ်ပဲနီမျှ မရှိဘဲ ကျွန်တော်အကြိမ်ကြိမ်ဝယ်ခဲ့ဖူး၏။ တစ်ခါဆိုလျှင် အငှားအိမ်ခန်းများပါသည့် တိုက်ကြီးတစ်လုံးကို ဒေါ်လာ ၁. ၂ သန်းဖြင့်ဝယ်သည်။ ကျွန်တော်က ရောင်းသူနှင့် ဝယ်သူသဘောတူ စာချုပ်ချုပ်ဆိုလိုက်သည်။ ထို့နောက် စရန်ငွေ ဒေါ်လာ ၁၀၀,၀၀၀ ရှာပြီးပေးထားလိုက်သည်။ ကျန်ငွေကို ရှာဖို့ရက်ပေါင်း ၉၀ အချိန်ရသည်။ ဘာကြောင့် ထိုသို့ကျွန်တော်လုပ်သလဲ။ ရှင်းပါသည်။ ထိုတိုက်ကြီးသည် ဒေါ်လာ ၂ သန်းတန်ကြောင်း သိနေသောကြောင့်ပင်။ ကျန်ငွေကို ကျွန်တော်လုံးဝမရှာ။ ထိုအစား ဒေါ်လာ ၁၀၀,၀၀၀ ထုတ်ပေးသူက အရောင်းအဝယ်ဖြစ်အောင် ဖန်တီးပေးသည့်အတွက် ကျွန်တော့်ကို ဒေါ်လာ ၅၀, ၀၀၀ပေးသည်။ ပြီးတော့ သူက ကျွန်တော့်နေရာကို ယူလိုက်သည်။ ကျွန်တော်က အသာလေးရှောင်ထွက်ခဲ့ရုံပင်။ စုစုပေါင်းအလုပ်ချိန်မှာ သုံးရက်။ ထပ်ပြောပါဦးမည်။ အဓိက အရေးကြီးသည်မှာ သင်ဘာကိုဝယ်သလဲဆိုတာမဟုတ်။ သင်ဘာတွေသိထားသလဲဆိုတာသာ

ဖြစ်၏။ ရင်းနှီးမြှုပ်နှံခြင်းသည် ဝယ်ယူခြင်းမဟုတ်။ သည်အလုပ်က သိနားလည်ခြင်းနှင့် ပိုပြီးဆိုင်သည်။

၃။ လူတော်တွေကို ဘယ်လိုစုစည်းရမည်ဆိုတာကို သိနားလည်ခြင်း

အသိပညာပြည့်ဝသူများသည် မိမိထက်ပညာပြည့်သည့် လူတော်များနှင့်အတူလက်တွဲ၍ သို့မဟုတ် လူတော်များအား ငှားရမ်း၍ အလုပ်လုပ်သူများဖြစ်၏။ သင့်အတွက် အကြံဉာဏ် လိုအပ်နေပြီဆိုလျှင် အကြံပေးပုဂ္ဂိုလ်ကို မှန်မှန်ကန်ကန် ရွေးတတ် ဖို့သတိပြုပါလေ။

သင်ယူစရာ ဆည်းပူးစရာတွေကတော့ တောင်ပုံရာပုံ ဝင်။ သို့သော် ထိုသို့သင်ယူဆည်းပူးသည့်အတွက် ခံစားရမည့် ဆုလာဘ်တွေကလည်း တောင်ပုံရာပုံရှိ၏။ အထက်ဖော်ပြပါ ကျွမ်းကျင်လိမ္မာမှုများကို မသင်ယူမဆည်းပူးချင်လျှင်တော့ ပထမ အမျိုးအစားရင်းနှီးမြှုပ်နှံသူသာ လုပ်ပါဟု အကြံပေးလိုပါသည်။ သင်၏အကြီးမားဆုံးသော ဥစ္စာဓနမှာ သင်၏ အသိပညာဖြစ်၏။ ✳ သင့်မှာ အသိပညာမရှိခြင်းသည် သင်၏ အကြီးမားဆုံးသော အရဲ တိုးစွန့်စားရမှုဖြစ်ပါသည်။

စွန့်စားရမှုကတော့ အမြဲတစေရှိနေသည်။ သည်တော့ စွန့်စားမှုကို ရှောင်ကွင်းမည့်အစား စွန့်စားမှုကို ခြေနိုင်လက်နိုင် လုပ်လို့ရအောင် လေ့လာဆည်းပူးပါလေ။

■

## အခန်း [ ၇ ]
## သင်ခန်းစာ ၆
## ပညာရဖို့ အလုပ်လုပ်ပါ
## ဝင်ငွေရဖို့အလုပ်မလုပ်ပါနှင့်

ကျွန်တော်စင်ကာပူသို့ရောက်နေခိုက် ၁၉၉၅ ခုနှစ်ထဲတွင် သတင်းစာတစ်စောင်က လူတွေ့မေးမြန်းခွင့်ပြုရန် မေတ္တာရပ်ခံသည်ကို ခွင့်ပြုလိုက်၏။ ငယ်ငယ်ရွယ်ရွယ် သတင်းထောက်မိန်းကလေး အချိန်တိကျသည်။ ချက်ချင်းလိုပင် လူတွေ့မေးမြန်းခန်းစတင် လုပ်ဖြစ်သည်။ ခမ်းနားထည်ဝါသော ဟိုတယ်ကြီး၏ ဧည့်ခန်းထဲမှာ ကျွန်တော်တို့ထိုင်ပြီး ကော်ဖီသောက်ရင်း စင်ကာပူသို့ ကျွန်တော် လာသည့် ရည်မှန်းချက်အကြောင်းဆွေးနွေးကြသည်။ ကျွန်တော် က ဇစ်ဇစ်ဂလာ (Zig Ziglar) နှင့်အတူဟောပြောပွဲတစ်ခုပြုလုပ် ဖို့ရှိသည်။ သူက 'စိတ်တွန်းအား' အကြောင်းဟောပြောမည်ဖြစ်ပြီး ကျွန်တော်က 'ချမ်းသာသူများ၏ လျှို့ဝှက်ချက်များ' အကြောင်း ဟောပြောမည်။

"တစ်နေ့နေ့မှာ ကျွန်မလည်း ဆရာကြီးလို ရောင်းအား ကောင်းဆုံး စာရင်းဝင်စာရေးဆရာတစ်ယောက်ဖြစ်ချင်ပါတယ်

ဟု သူငယ်မကပြောသည်။ သူ့သတင်းစာအတွက် သူရေးခဲ့သည့် ဆောင်းပါးတချို့ကို ကျွန်တော်ဖတ်ဖူးသည်။ သဘောကျသည်။ သူ့ ရေးဟန်က သန့်သည်။ ခိုင်မာသည်။ သူ့ဆောင်းပါးတွေက စာဖတ် ပရိတ်သတ်၏ အာရုံကို ဖမ်းစားနိုင်စွမ်းရှိသည်။

"ခင်ဗျားရေးဟန်က အရမ်းကောင်းတာပဲ။ ဘာအခက် အခဲတွေက ခင်ဗျာ့အိပ်မက်ကို အကောင်အထည်မပေါ်အောင် ဟန့်တားနေတာလဲ"

"ကျွန်မရဲ့ အားထုတ်မှုတွေက အရာရောက်ပုံမရပါဘူး ရှင်။ ကျွန်မရဲ့ ဝတ္ထုတွေ အရမ်းကောင်းတယ်လို့ လူတိုင်းက ပြော ကြတယ်။ ဒါပေမဲ့ ဘာမှဖြစ်မလာပါဘူး။ ဒါနဲ့ သတင်းစာတိုက်မှာပဲ ပေကပ်ပြီး အလုပ်လုပ်နေရတယ်။ ဘာပဲဖြစ်ဖြစ် စားဝတ်နေရေး စရိတ်ကလေးတော့ ကျေတယ်လေ။ ဆရာကြီး အကြံဉာဏ်ကလေး များပေးနိုင်မလား"

"ရှိပါ့ဗျာ" ကျွန်တော်တက်ကြွစွာ ပြောလိုက်သည်။ "ကျွန်တော့်မိတ်ဆွေတစ်ယောက်ဟောဒီစင်ကာပူမှာပဲရှိတယ်ဗျ။ သူက လူတွေကို ရောင်းစွဲနည်းတွေ လေ့ကျင့်ပေးတဲ့ သင်တန်း ဖွင့်ထားတယ်။ ဒီစင်ကာပူမှာရှိတဲ့ ထိပ်တန်းကော်ပိုရေးရှင်းကြီးတွေ အတွက်လည်း အရောင်းသင်တန်းတွေ ပို့ချသင်ကြားပေးဟယ်။ သူ့သင်တန်းတစ်ခုလောက် သွားတက်လိုက်ရင် ခင်ဗျာ့လုပ်ငန်းတိုး တက်အောင်မြင်သွားမယ်လို့ ကျွန်တော်ထင်တယ်ဗျ"

ကလေးမ တွန့်ခနဲ ဖြစ်သွားသည်။ "ကျွန်မ အရောင်း သင်တန်းသွားတက်ပြီး ရောင်းတတ်အောင် သင်ယူသင့်တယ်လို့ ဆရာကြီးပြောနေတာလားဟင်"

ကျွန်တော်ခေါင်းညိတ်ပြသည်။

"ဆရာကြီးတကယ်ပြောနေတာမဟုတ်ပါဘူးနော်၊ ဟုတ် လို့လား"

နောက်တစ်ကြိမ်ခေါင်းညိတ်ပြလိုက်ပြန်၏။ "အဲဒီသင်တန်းသွားတက်တာ ဘာမှားစရာရှိလို့လဲ" ခုတော့ ကျွန်တော့်စကားကို ပြန်ရုပ်သိမ်းရတော့မလို။ သူ့ကို တစ်နည်းနည်းဖြင့်စော်ကားသလိုဖြစ်သွားသည်။ ခုတော့ ငါဘာမှ မပြောလိုက်ရင်ကောင်းသားဟု တွေးနေမိ၏။ ကျွန်တော်က သူ့ကို ကူညီဖို့ ကြိုးစားသည်။ ခုတော့ ကျွန်တော့်အကြံပေးချက်က သူ့ကိုစော်ကားသလိုဖြစ်သွားပြီ။

"ကျွန်မက အင်္ဂလိပ်စာပေနဲ့ မဟာဝိဇ္ဇာဘွဲ့ရထားတာ။ ကျွန်မက အဲဒီသင်တန်းကိုသွားပြီး ဘာကိစ္စအရောင်းသမ ဖြစ်အောင် သင်ယူလေ့လာရမှာလဲ။ ကျွန်မကပညာရှင်ပဲဟာ။ ကျွန်မတက္ကသိုလ်တက်ပြီး ပညာရှင်တစ်ယောက်ဖြစ်လာအောင် စနစ်တကျသင်ယူလေ့ကျင့်ခဲ့တာပါ။ ကျွန်မအရောင်းသမဖြစ်ဖို့ မလိုပါဘူး။ အရောင်းဈေးသည်တွေကို ကျွန်မသဘောမကျဘူးရှင့်။ သူတို့လိုချင်တာငွေသက်သက်ပဲ။ ဒီတော့ဆရာကြီးကျွန်မကို ပြောပြစေပါ။ ကျွန်မက ဘာဖြစ်လို့ အရောင်းပညာကို သင်ယူဆည်းပူးရမှာလဲဆိုတဲ့ အကြောင်းကိုလေ"

ခုတော့ သူက သူ့လက်ဆွဲအိတ်ကို ဒေါနှင့်မောနှင့်ပိတ်ရင်းပြီး။ တွေ့ဆုံမေးမြန်းခန်းပြီးဆုံးသွားလေပြီ။

ကော်ဖီစားပွဲပေါ်တွင် ကျွန်တော်စောစောပိုင်းက ရေးပြီးရောင်းအစွံဆုံးစာရင်းဝင်စာအုပ်တစ်အုပ်ရှိနေသည်။ ကျွန်တော်ထိုစာအုပ်ကိုကော သူရေးမှတ်ထားသည့် မှတ်စုများကိုပါ လှမ်းယူလိုက်၏။

"ခင်ဗျားဒါကိုတွေ့လား" သူ့မှတ်စုတွေကို ထောက်ပြပြီး မေးလိုက်၏။

သူ့မှတ်စုတွေကို ငုံ့ကြည့်ပြီး "ရှင်"ဟု အတွေးရှုပ်စွာ ပြန်ပြောသည်။

ကျွန်တော်က သူ့မှတ်စုများကို သေသေချာချာ တိတိကျကျ ထောက်ပြလိုက်မြန်၏။ သူ့မှတ်စုပေါ်တွင် 'ရောဘတ်ကီယိုဆာကီ၊ ရောင်းအစွံဆုံးစာရေးဆရာ'ဟု သူကရေးမှတ်ထားသည်။

"အဲဒီမှာ ရေးထားတာ ရောင်းအစွံဆုံး စာရေးဆရာလို့ ရေးထားတာ။ စာရေးအကောင်းဆုံး စာရေးဆရာလို့ ရေးထားတာ မဟုတ်ဘူးလေ"

သူ့မျက်လုံးတွေ ရုတ်ခြည်းပြူးကျယ်သွားသည်။

"ကျွန်တော်စာရေးတာ အလွန်ညံ့တဲ့လူ။ ခင်ဗျားက အရမ်းစာရေးကောင်းတယ်။ ကျွန်တော်ကအရောင်းသင်တန်း တက်ခဲ့တယ်။ ခင်ဗျားမှာ မဟာဝိဇ္ဇာဘွဲ့ရှိတယ်။ အဲဒါတွေပေါင်းစပ်လိုက်ရင် ခင်ဗျား 'ရောင်းအစွံဆုံးစာရေးဆရာ' အဖြစ်ကော 'စာရေးအကောင်းဆုံးစာရေးဆရာ'အဖြစ်ပါ ခံယူလို့ရတယ်လေ"

သူ့မျက်လုံးတွေထဲမှ ဒေါသခိုးတွေ လွင့်ပျံလာသည်။

"ရောင်းစွံအောင် ဘယ်လိုလုပ်ရမလဲဆိုတာ သင်ယူဖို့ ကျွန်မအဲဒီလောက်ထိ သိက္ခာအကျမခံနိုင်ဘူး။ ဆရာကြီးတို့လို လူမျိုးတွေဟာ စာရေးတာနဲ့ ဘယ်လိုမှ မပတ်သက်သင့်ဘူး။ ကျွန်မက ပညာပိုင်းအရ စနစ်တကျလေ့ကျင့်သင်ယူခဲ့တဲ့စာရေးသူ။ ဆရာကြီးကစျေးရောင်းသူပဲ။ ဒီတော့ ကျွန်မကို ဆရာကြီးနဲ့ နှိုင်းယှဉ်ပြီးပြောတာမတရားပါဘူး"

သူ့မှတ်စုတွေကိုသိမ်းသည်။ ပြီးတော့ ရောမ မှန်တံခါးချပ်ကြီးကို တွန်းဖွင့်ပြီး ပူအိုက်သော စင်ကာပူနံနက်ခင်းထဲသို့ တိုးဝင်သွားတော့၏။

ဘာပဲဖြစ်ဖြစ် နောက်နေ့နံနက်သတင်းစာထဲတွင် သူငယ်မက ကျွန်တော့်အကြောင်းကို သာသာထိုးထိုးကလေးရေးပေးရှာပါသည်။

ကမ္ဘာကြီးပေါ်တွင် သိပ်တော်သူတွေ၊ ပင်ကိုစွမ်းရည်ပါသူ

တွေ၊ ပညာတတ်တွေနှင့် အထုံပါရမီရှိသူတွေပြည့်နှက်နေ၏။ ကျွန်တော်တို့ သူတို့နှင့်နေ့စဉ်တွေ့ဆုံနေရ၏။ ကျွန်တော်တို့ ပတ်လည်မှာ သူတို့ရှိနေသည်။

ကြေကွဲစရာကောင်းသော အမှန်တရားမှာ ပါရမီ ကြီးရင့်ရုံမျှဖြင့် မလုံလောက်ခြင်းပင်။ ပင်ကိုစွမ်းရည်ရှိသူတွေ ဝင်ငွေဘယ်လောက်နည်းသည်ကို ကြည့်ကြည့်ပြီး ကျွန်တော့်မှာ အံ့ဩတုန်လှုပ်လို့မဆုံးပါ။ မနေ့တစ်နေ့ကပဲ ကြားရသည့်သတင်းအရဆိုလျှင် အမေရိကန်လူမျိုးတွေထဲတွင် တစ်နှစ်ဝင်ငွေ ဒေါ်လာ ၁၀၀,၀၀၀ ကျော်ရသူဦးရေ ၅ ရာခိုင်နှုန်း မပြည့်ဟူ၏။ တစ်နှစ်လျှင် ဒေါ်လာ ၂၀,၀၀၀ ပြည့်အောင်မရသော ဉာဏ်ရည်ထက်မြက်သူတွေ၊ ဘွဲ့ထူး ဂုဏ်ထူးကြီးကြီးရထားသူတွေကိုလည်း ကျွန်တော် တွေ့ဖူး၏။ ဆရာဝန်တွေ၊ သွားရောဂါကုဆရာဝန်တွေ၊ အရိုးအဆစ်ပြုပြင်ပေးသည့်ပညာရှင်တွေ ဘယ်လောက်များများစီးပွားရေးအရ ကျုံးရုန်းနေကြရသည်ဆိုသည့်အကြောင်းကို စီးပွားရေးအတိုင်ပင်ခံတစ်ဦးက ကျွန်တော့်ကို ပြောပြခဲ့သည်။ သည်လူတွေ ကျောင်းမှဘွဲ့ရလျှင် သူတို့အိတ်ထဲသို့ ဒေါ်လာတွေလှိမ့်ဝင်လာတော့မှာပဲဟု စောစောပိုင်းက ကျွန်တော်ထင်ထားခဲ့၏။ အဆိုပါစီးပွားရေးအတိုင်ပင်ခံကျွန်တော့်အား စကားတစ်ခွန်းပြောသွားသည်။

“ဒီလူတွေ ကြီးပွားချမ်းသာတဲ့ဘဝကိုရဖို့ ကျွမ်းကျင်လိမ္မာမှု တစ်မျိုးလိုနေတယ်ဗျ” သူ့စကား၏အဓိပ္ပာယ်မှာ လူများစုသည် နောက်ထပ်ကျွမ်းကျင်မှု၊ လိမ္မာမှုတစ်မျိုးတည်းသာ သင်ယူဖို့လိုအပ်ပြီး၊ တကယ်တမ်းတတ်မြောက်သွားလျှင် သူတို့၏ ဝင်ငွေသည် ထပ်ညွှန်းကိန်းဖြင့် မြောက်သလိုဆပွားလာလိမ့်မည်ဟူ၏။ ငွေရေးကြေးရေး အသိပညာသည် စာရင်းပညာ၊ ရင်းနှီးမြှုပ်နှံမှုပညာ၊ ဈေးကွက်ပညာနှင့် ဥပဒေကို သိရှိနားလည်ခြင်းတို့စုပေါင်းညှိနှိုင်း

ဆောင်ရွက်ရာမှ ဖြစ်ပေါ်လာကြောင်း ကျွန်တော်တင်ပြခဲ့ပြီးပြီ။ အဆိုပါ နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်စွမ်းရည်လေးမျိုးပေါင်းစပ်အသုံးချပြီး ငွေဖြင့် ငွေရှာခြင်းကပို၍ လွယ်ပါသည်။ ခုတော့ ငွေနှင့်ပတ်သက်လာလျှင် လူများစု သိထားသည့် တစ်ခုတည်းသောစွမ်းရည်မှာ အလုပ်ကြိုးစားခြင်းသာဖြစ်နေလေသည်။

ကျွမ်းကျင်မှုစွမ်းရည်များ သဟဇာတဖြစ်အောင် ပေါင်းစပ်ခြင်းအတွက် အကောင်းဆုံးဥပမာမှာ သတင်းစာမှာ ဆောင်းပါးများရေးနေသော သူငယ်မပင်ဖြစ်၏။ သူသာ အရောင်းပညာနှင့် ဈေးကွက်တင်ပညာကို ဇွဲကောင်းကောင်းဖြင့်သင်ယူလေ့လာလိုက်လျှင် သူ့ဝင်ငွေသည် ခုန်ပျံတိုးတက်သွားပေလိမ့်မည်။ ကျွန်တော်သာ သူဆိုလျှင်ကျွန်တော်ကြော်ငြာရေးနည်းအတတ်ပညာနှင့် အရောင်းပညာသင်တန်းများတက်ပါမည်။ ထို့နောက် သတင်းစာတိုက်မှာ လုပ်နေမည့်အစား ကြော်ငြာအေဂျင်စီတစ်ခုခုမှာဝင်ပြီး အလုပ်လုပ်မည်။ ထို့ပြင် အရေးပါအရာရောက်သော ကျွမ်းကျင်မှုတစ်ရပ်ဖြစ်သည့် ပြည်သူ့ဆက်ဆံရေးပညာကိုလည်းသင်ယူလေ့လာပါမည်။ ထို့နောက် ညပိုင်းနှင့် သီတင်းပတ်ကုန်ရက်များတွင် ဝတ္ထုတွေရေးမည်။ ဝတ္ထုတွေပြီးမြောက်သွားသောအခါ သူသည် သူ့ဝတ္ထုတွေကို ယခင်ကထက်ပိုပြီး စွံအောင်ရောင်းတတ်လာပါလိမ့်မည်။ များမကြာမီအတွင်းသူသည် 'ရောင်းအစွံဆုံးစာရေးဆရာမ' ဖြစ်လာနိုင်ပါသည်။

အမေရိကန်ကုန်သွယ် ရေကြောင်းသိပ္ပံမှ ၁၉၆၉ ခုနှစ်တွင် သင်တန်းဆင်းသောအခါ ကျွန်တော်၏ ပညာတတ်ဖေဖေကဝမ်းမြောက် ဝမ်းသာဖြစ်နေသည်။ ကျွန်တော့်အား စတင်းဒတ်ရေနံကုမ္ပဏီက ရေနံတင်သင်္ဘောအုပ်စုအတွက် အလုပ်ပေးသည်။ ကနဦးလစာမှာ အချိန်ပိုလုပ်ခများအပါအဝင်တစ်နှစ်လျှင် ဒေါ်လာ ၄၂,၀၀၀။ နောက်ပြီး ခုနစ်လပဲ လုပ်ဖို့လိုသည်။ အပန်း

ဖြေအနားယူခွင့်ငါးလရသည်။ ကျွန်တော်ဆန္ဒရှိလျှင် အနားယူခွင့်ငါးလမယူဘဲ ဗီယက်နမ်ရှိ သဘောကုမ္ပဏီခွဲသို့ သွားပြီး အလုပ်လုပ်မည်ဆိုပါက အေးအေးဆေးဆေးကျွန်တော့်လစာနှစ်ဆဖြစ်သွားနိုင်သည်။

ကျွန်တော့်ဝမ်းကျောင်းလုပ်ငန်းအလားအလာက ကောင်းနေသည်။ သို့ဖြစ်သည့်တိုင် နောက်ခြောက်လအကြာတွင် အလုပ်ထွက်လိုက်၏။ ပြီးတော့ ရေတပ်ကမ်းတက်တပ်ဖွဲ့ထဲဝင်သည်။ လေယာဉ်မောင်းတတ်ချင်သောကြောင့်ဖြစ်၏။ ကျွန်တော့်လုပ်ရပ်ကြောင့် ပညာတတ်ဖေဖေခမျာ ယူကျုံးမရဖြစ်သွားသည်။ ဖေဖေချမ်းသာကတော့ လက်ခုပ်တီးသြဘာပေးသည်။

စာသင်ကျောင်းနှင့်လုပ်ငန်းခွင်များတွင် ရေပန်းစားနေသောအယူအဆမှာ 'အထူးပြုရေး'ဖြစ်၏။ သင့်ဝင်ငွေပိုကောင်းအောင် သို့မဟုတ် ရာထူးတိုးအောင် သင်သည် 'အထူးကျွမ်းကျင်မှု' ရှိဖို့လို၏။ ထို့ကြောင့် ကျွန်တော့်မိတ်ဆွေဆရာဝန်တွေ 'အထူးကု'လမ်းကြောင်းကို ရွေးကြခြင်းဖြစ်လေသည်။ သားဖွားနှင့်မီးယပ်အထူးကု၊ အရိုးရောဂါအထူးကုစသည်ဖြင့်။ စာရင်းကိုင်များဗိသုကာများ၊ ဥပဒေပညာရှင်များ၊ လေယာဉ်မှူးများနှင့်အခြားဝမ်းကျောင်းပညာရှင်များလည်း ထိုနည်းလည်းကောင်းပင်။

ပညာတတ်ဖေဖေက ၎င်းအယူအဆကို လက်ခံယုံကြည်သည်။ ဖေဖေချမ်းသာကတော့ ၎င်းအယူအဆနှင့် ပြောင်းပြန်ကျင့်ကြံဖို့အားပေးသည်။ 'အထူးပြု'ခြင်းက ပညာရပ်တစ်မျိုးတည်းကို ထူးချွန်အောင် လေ့လာလိုက်စားခြင်း။ ဖေဖေချမ်းသာက "မင်းနည်းနည်းချင်းစီ အများကြီးသိအောင်လုပ်" ဟုဆိုသည်။ ထို့ကြောင့်ပင် သူ့ကုမ္ပဏီများတွင် နှစ်ပေါင်းများစွာ အလုပ်ဝင်လုပ်ရာ၌ကျွန်တော်ဌာနအမျိုးမျိုးသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ခြင်းပင်။ ကျွန်တော်က ဘတ်စ်ကားစပယ်ယာလည်းလုပ်ခဲ့သည်။ ဆောက်

လုပ်ရေးအလုပ်သမားလည်း လုပ်ခဲ့သည်။ နောက်ပြီး အရောင်းဌာန၊ ဈေးကွက်မြှင့်တင်ရေးဌာန၊ စာရင်းဌာနတို့မှာလည်း လုပ်ခဲ့သည်။ ဖေဖေချမ်းသာက ကျွန်တော့်အား အကြောင်းအရာအများကြီးကို နည်းနည်းစီသိထားစေချင်သည်။ သူက သင်ယူဆည်းပူးရေးကို ထိပ်တန်းတင်သည်။

ကျွန်တော်ကုန်သွယ်ရေကြောင်းသိပ္ပံတက်ခြင်းကို ပညာတတ်ဖေဖေက ကျွန်တော်သင်္ဘောအရာရှိဖြစ်လိုသောကြောင့်ဟု ထင်သည်။ ဖေဖေချမ်းသာကတော့ ကျွန်တော် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကို လေ့လာချင်သောကြောင့်ဆိုတာကို သိနေသည်။ သည်တော့ ကျောင်းသားဘဝမှာပင် ကျွန်တော်ကုန်သယ်ကုန်ပို့အလုပ်တွေလုပ်ခဲ့၏။ ကုန်တင်သင်္ဘောကြီးများ၊ ရေနံတင်သင်္ဘောကြီးများ၊ ခရီးသည်တင်သင်္ဘောများနှင့် လိုက်ပါပြီး ရေကြောင်းပြလုပ်ရင်း အရှေ့ဖျားဒေသနှင့် တောင်ပစိဖိတ်ဒေသများသို့ ရောက်ခဲ့သည်။ ဖေဖေချမ်းသာက ကျွန်တော့်အား ဥရောပသို့ သွားသည့် သင်္ဘောများနှင့် လိုက်မည့်အစား ပစိဖိတ်ဒေသမှာ ကျင်လည်နေထိုင်ဖို့ အထူး တိုက်တွန်းသည်။ အကြောင်းမှာ 'ထွန်းတောက်လာမည့်နိုင်ငံများ' သည် ဥရောပမှာမရှိဘဲ အာရှမှာသာ ရှိကြောင်း သူသိနေသောကြောင့်ပင်။

ထို့ကြောင့် မိုက်အပါအဝင် ကျွန်တော့်ကျောင်းနေဖက်သူငယ်ချင်းတွေ သဟာယကလပ်များ၌ အပျော်ကျူးနေချိန်တွင် ကျွန်တော်က ဂျပန်၊ ထိုင်ဝမ်၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ ဗီယက်နမ်၊ ကိုရီးယား၊ တဟီတီ၊ ဆမိုအာနှင့် ဖိလစ်ပိုင်နိုင်ငံတွေ၏ ကုန်သွယ်ရေး၊ လူတွေနှင့် စီးပွားရေးလုပ်နည်း လုပ်ဟန်တွေ၊ ယဉ်ကျေးမှုတွေကို လေ့လာဆည်းပူးနေခဲ့၏။ ကျွန်တော်လည်း အပျော်ကြီး ပျော်နေပါသည်။ သို့သော် သဟာယကလပ်များမှာတော့ မဟုတ်။ ကျွန်တော်နေ့ချင်းညချင်း လူလားမြောက်လာလေသည်။

ကျွန်တော်စတင်းဖတ်ရေနံကုမ္ပဏီက ထွက်ပြီး ရေတပ်ထဲဝင်ခြင်းကို ပညာတတ်ဖေဖေနားမလည်နိုင်အောင်ဖြစ်ခဲ့၏။ ကျွန်တော်က လေယာဉ်မောင်းတတ်ချင်သောကြောင့်ဟု ပြောခဲ့၏။ အမှန်စင်စစ်တွင် တပ်သားတွေကို ဦးဆောင်ချင်သောကြောင့်ဖြစ်၏။ ကုမ္ပဏီတစ်ခုထူထောင်ရာမှာ အခက်ဆုံးအစိတ်အပိုင်းဟာ လူတွေကို စီမံအုပ်ချုပ်ရတာပဲဟု ဖေဖေချမ်းသာကရှင်းပြခဲ့၏။ သူကိုယ်တိုင်ကြည်းတပ်တွင် သုံးနှစ်အမှုထမ်းခဲ့သူ။ ပညာတတ်ဖေဖေကတော့ စစ်မှုထမ်း လွတ်ငြိမ်းခွင့်ရခဲ့သည်။ ဖေဖေချမ်းသာက အန္တရာယ်ပြွမ်းသည့် နယ်မြေတွင် လူတွေကို ခေါင်းဆောင်တတ်အောင် သင်ယူလေ့လာခြင်း၏ တန်ဖိုးကို ပြောပြသည်။ "မင်းနောက်ထပ်သင်ယူရမှာက ခေါင်းဆောင်မှုပညာပဲ" ဟုပြောသည်။ "မင်းခေါင်းဆောင်ကောင်းတစ်ယောက်မဟုတ်ရင် တိုက်ပွဲမှာနောက်ကျောထဲ ကျည်ဝင်ပြီးသေသလို စီးပွားရေးလောကမှာလည်းအဲဒီလိုပဲ ခံရလိမ့်မယ်"ဟူ၏။

၁၉၇၃ ခုနှစ်တွင် ဗီယက်နမ်မှ ပြန်လာပြီးနောက် လေယာဉ်မောင်းရတာကို မြတ်နိုးလှသော်လည်း ရေတပ်မှထွက်လိုက်၏။ ထို့နောက် ဇရော့စ်ကုမ္ပဏီတွင် အလုပ်တစ်နေရာရသည်။ အကြောင်းတစ်ခုတည်းကြောင့် ၎င်းကုမ္ပဏီတွင် အလုပ် ဝင်လုပ်ခြင်းဖြစ်၏။ ခံစားခွင့်များကြောင့်မဟုတ်။ ကျွန်တော်က ရှက်ရွံ့တတ်သူ။ မိတ္တူကူးစက်တွေ ရောင်းသည့် အလုပ်သည် ကျွန်တော့်အတွက် ကမ္ဘာပေါ်မှ ကြောက်စရာအကောင်းဆုံးအလုပ် ဖြစ်၏။ ဇရော့စ်ကုမ္ပဏီ၌ အမေရိကတစ်ခွင်တွင် အကောင်းဆုံး အရောင်းသင်တန်းတွေ ရှိသည်။

ဖေဖေချမ်းသာက ကျွန်တော့်အတွက် ဂုဏ်ယူသည်။ ပညာတတ်ဖေဖေကတော့ ရှက်တော်မူသည်။ ပညာတတ်ဖြစ်သောသူက အရောင်းစျေးသည်တွေကို သူတို့ထက် တစ်ဆင့်နိမ့်သည်ဟု

သတ်မှတ်သည်လေ။ ဇရော့စ်တွင် လေးနှစ်အလုပ်လုပ်ပြီးချိန်တွင် ကျွန်တော်အိမ်တံခါးတွေ ခေါက်ရမှာ မကြောက်တော့။ အငြင်းပယ်ခံရမှာလည်းမစိုးရိမ်တော့။ ထိပ်တန်း အရောင်းသမားငါးယောက်စာရင်းတွင် အမြဲတမ်းနေရာယူနိုင်ပြီဆိုသောအခါ အလုပ်ထွက်ခဲ့ပြန်သည်။ ဝင်ငွေကောင်းသည့်အလုပ်တစ်ခုနှင့် ထိပ်တန်းကုမ္ပဏီတစ်ခုကို ကျောခိုင်းခဲ့ပြန်ပြီ။

၁၉၇၇ တွင် ကျွန်တော်၏ပထမဆုံးကုမ္ပဏီစတင်ဖွဲ့စည်းသည်။ ဖေဖေချမ်းသာက မိုက်နှင့်ကျွန်တော့်အား သူ့ကုမ္ပဏီများကိုဦးစီးစေခြင်းဖြင့် မြေတောင်မြှောက်ပေးခဲ့သည်ဖြစ်ရာ ကုမ္ပဏီဘယ်လိုဖွဲ့စည်းရမည်။ ဘယ်လိုအုပ်ချုပ်ရမည်ဆိုတာတွေကျွန်တော်သိနေပြီ။ ကျွန်တော်၏ ပထမဆုံး ထွက်ကုန် နိုင်လွန်နှင့် ဗဲလ်ခရိုပိုက်ဆံအိတ်များကို အရှေ့ဖျားဒေသမှာ ထုတ်လုပ်ပြီး နယူးယောက်ရှိ ကုန်လှောင်ရုံတစ်ခုသို့ရေကြောင်းမှသယ်ပို့သည်။ ကျွန်တော့်အတွက် သမားရိုးကျပညာရေး ပြီးဆုံးသွားပြီ။ ယခုအတောင်တပ်ပျံရုံသာရှိတော့၏။ ကိုယ်စွမ်း ကိုယ်စဖြင့် ပျံနိုင် မပျံနိုင် စမ်းသပ်ရတော့မည်။ မအောင်မြင်လျှင် ကျွန်တော်မွဲသွားမည်။ ဖေဖေချမ်းသာကတော့ လူတစ်ယောက်အသက် ၃၀ မတိုင်မီမွဲတာကောင်းသည်၊ ပြန်ပြီးနာလန်ထအောင် အားထုတ်ဖို့ အချိန်ရသည်ဆို၏။ ကျွန်တော်၏ နှစ် ၃၀ မြောက်မွေးနေ့အကြိုညတွင် ပထမဆုံးကျွန်တော့်ထုတ်ကုန်တွေတင်ထားသည့်သင်္ဘောသည်ကိုရီးယားမှနယူးယောက်သို့ စတင်ထွက်ခွာသည်။

ယနေ့ဆိုလျှင် ကျွန်တော်သည် နိုင်ငံတကာနှင့် ဆက်သွယ်ပြီး စီးပွားရေးလုပ်နေဆဲဖြစ်၏။ ဖေဖေချမ်းသာ၏ အကြံပြုအားပေးချက်အတိုင်း ထွန်းတောက်လာမည့် နိုင်ငံများကို မျက်စိဒေါက်ထောက်ကြည့်နေသည်။ ယနေ့ဆိုလျှင် ကျွန်တော်၏ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီသည် တောင်အမေရိက၊ အာရှ၊ နော်ဝေနှင့် ရုရှ

တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေ၏။

လခစားအလုပ်ဆိုသည်မှာ 'မမွဲရုံတစ်မယ်ကလေး'ဟု အဓိပ္ပာယ်ဖွင့်ထားသည့်ဆိုရိုးစကားတစ်ရပ်ရှိ၏။ (Job = Just Over Broke) အဆိုပါစကားသည် သန်းပေါင်းများစွာသော လူတွေအတွက်မှန်နေသည်ဟု ကျွန်တော်ပြောချင်ပါသည်။ အဘယ်ကြောင့်ဆိုသော်စာသင်ကျောင်းတွေက ငွေရေး ကြေးရေး အသိပညာကို အသိပညာဟု မသတ်မှတ်သောကြောင့်ပင်။ အလုပ်သမားအများစုသည် 'ရတာကလေးနှင့် လောက်အောင်စား' နေကြရ၏။ သူတို့အလုပ်လုပ်ကြသည်။ ပြီးတော့ ကြွေးဆပ်ကြရသည်။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စိတ်ပျက်စရာ သီဝရီတစ်ခုရှိသေးသည်။ "အလုပ်သမားတွေက အလုပ်မပြုတ်ရုံလောက်သာအားထုတ်လုပ်ကိုင်ကြပြီး အလုပ်ရှင်တွေက အလုပ်သမားတွေထွက်မသွားရုံလောက်သာ လုပ်ခပေးသည်" ဟူ၏။ ကုမ္ပဏီအများစုကပေးနေသည့် လစာနှုန်းထားကို လေ့လာကြည့်လျှင် အထက်ပါစကားသည် တစ်စုံတစ်ရာအတိုင်းအတာအထိ မှန်နေကြောင်းတွေ့ရပါမည်။

နောက်ဆုံးအဖြေကတော့ အလုပ်သမားအများစုသည် ဘယ်သောအခါမျှ ရှေ့တန်းသို့ မရောက်ဟူ၏။ သူတို့က သူတို့သင်ကြားခံထားရသည်ကိုပဲ လုပ်ကြသည်။ 'အာမခံချက်ရှိတဲ့ အလုပ်တစ်ခုရှာလုပ်'။ အလုပ်သမားအများစုက သူတို့အတွက် လတ်တလောအကျိုးရှိမည့်လခနှင့် အခြားခံစားခွင့်များကို ကြည့်ပြီး အလုပ်လုပ်ကြသည်။ သို့သော် ထိုသို့လုပ်ခြင်းသည် ရေရှည်အကျိုးနှင့်တွက်ကြည့်လျှင် စိတ်ပျက်စရာကောင်းလှ၏။

ထိုသို့ ပြုလုပ်ကြမည့်အစား လူငယ်များအနေဖြင့် သူတို့ လခရမည့်အရေးထက် ပညာရမည့်အရေးကို ကြည့်ပြီး အလုပ်လုပ်ကြဖို့ ကျွန်တော်အကြံပြုလိုသည်။

လူတွေကို ကျွန်တော်မကြာမကြာမေးသည့် မေးခွန်းတစ်ခု ရှိသည်။ "ခင်ဗျားတို့ရဲ့ နေ့စဉ် လုပ်ရှားမှုတွေက ခင်ဗျားတို့ကို ဘယ်နေရာ ရောက်အောင်ပို့ပေးနေသလဲ" ဟူ၍။ တကယ်တော့ ကြွက်ပြေးလမ်းပေါ်က ကြွက်ကလေးတွေလိုပါပဲ။ သူတို့အသားကုန် ပြေးကြ၏။ သို့သော် သည်လမ်းပေါ်က မလွတ်နိုင်။ မနက်ဖြန် ကျတော့လည်း သည်လမ်းပေါ်မှာပင်။ ဘယ်ကိုမျှမရောက်။ အလုပ်သမားတွေ ကြိုးစားပမ်းစားအလုပ်လုပ်နေကြတာကကော။ သူတို့ကို ဘယ်နေရာရောက်အောင်ပို့ပေးပါသလဲ။ သူတို့၏ အနာဂတ်ဘဝမှာ ဘာတွေ ရှိနေသလဲ။ သူတို့အလုပ်ပြုတ်သွားလျှင် ဘာလုပ်ကြမည်လဲ။ အငြိမ်းစားယူကြလျှင် အငြိမ်းစားလစာနှင့် ထိုင်စားလို့ရမည်လား။ နာဖျားမကျန်းဖြစ်လျှင် ဆေးကုသစရိတ် တွေ လုံလုံလောက်လောက် ကျခံနိုင်ပါမည်လား။

သည်တော့ ကျွန်တော်တွေးကြည့်မိ၏။ အလုပ်သမားတွေ သူတို့၏အနာဂတ်ဘဝကို လှမ်းမျှော်ကြည့်ကြပါရဲ့လား။ သို့မဟုတ် လခထုတ်မည့် လကုန်ရက်ကိုပဲ မျှော်ကြည့်နေကြသလား။ သူတို့ ဘယ်ဆီကို ဦးတည်သွားနေသလဲဆိုတာ မစောကြော မဆန်းစစ်ကြ တော့ဘူးလား။

ဝင်ငွေ ပိုရလိုသည့် လူကြီးများနှင့် စကားပြောရလျှင် လည်း ကျွန်တော် အမြဲတမ်းထိုအတိုင်းပင် အကြံပေးသည်။ သူတို့ ဘဝကို တစ်မျှော်တစ်ခေါ် လှမ်းမျှော်ကြည့်ဖို့ အဆိုပြုသည်။ လော လောဆယ်ငွေရဖို့နှင့် ဘဝလုံခြုံမှုရှိဖို့လည်း အရေးကြီးသည် မှန်၏။ သို့သော် ထိုသို့ ငွေရရုံသက်သက်မဟုတ်ဘဲ ကျွမ်းကျင်မှု နောက် တစ်မျိုး သင်ယူဆည်းပူးနိုင်အောင် နောက်ထပ်အလုပ်တစ်ခု ထပ်လုပ်ဖို့ကျွန်တော်က ပြောသည်။ တချို့ကုမ္ပဏီတွေတွင် အလွန် ကောင်းသည့် လေ့ကျင့်သင်ကြားရေး သင်တန်းတွေ ရှိသည်။ ၎င်းသင်တန်းတွေက လူတွေက မကြောက်တတ်အောင်၊ အပြင်း

ပယ်ခံရမှာမစိုးရိမ်အောင် အကူအညီပေးနိုင်၏။ လူများစု မအောင်မြင်ခြင်းမှာ ဖော်ပြပါ ကြောက်စိတ်နှင့် အငြင်းပယ်ခံရမှာ စိုးရိမ်စိတ်မည်သော အချက်နှစ်ချက်ကြောင့်ဖြစ်ပေသည်။ ရေရှည်တွင် ပညာသည် ငွေထက်ပိုပြီးတန်ဖိုးရှိပါသည်။

ထိုသို့ အကြံပေးတိုင်း ကျွန်တော်ကြားရလေ့ရှိသည့်စကား များမှာ "အိုး အဲဒီလိုလုပ်နေရတာ ကရိကထများလွန်းလို့" သို့မ ဟုတ် "ကျွန်တော်က ကျွန်တော် စိတ်ဝင်စားတာပဲ လုပ်ချင်တာဗျ" ဟူ၏။

"အဲဒီလိုလုပ်နေရတာကရိကထများလွန်းလို့" ဆိုသူများ အား "ဒီတော့ ခင်ဗျားတစ်သက်လုံး အလုပ်လုပ်ပြီး ခင်ဗျား ဝင်ငွေရဲ့ တစ်ဝက်ကို အစိုးရဆီပေးသွင်းနေမယ်ပေါ့"ဟု ကျွန်တော် ပြန်မေးသည်။ စိတ်ဝင်စားတာကိုမှ လုပ်ချင်သူများကိုတော့ "ကျွန်တော်ဆိုရင် အားကစားလေ့ကျင့်ရုံကို လုံးဝစိတ်မဝင်စားဘူး ဒါပေမဲ့ ကျွန်တော်အသက်ရှည်ချင်တယ်၊ ကျန်းကျန်းမာမာနေချင် တယ်" ဟု ပြောပြခဲ့၏။

ကံမကောင်းအကြောင်းမလှစွာပင် "ခွေးအိုကြီး လက်ဖေ သင်ခိုင်းနေလို့မရ" ဆိုသည့် ဆိုစကားမှာ မှန်သင့်သလောက် မှန်နေ၏။ လူတစ်ဦးသည် ပြောင်းလဲမှုနှင့် ယဉ်ပါးမနေလျှင် ပြောင်းလဲဖို့ အလွန်ခဲယဉ်း၏။

မိမိအတွက်အသစ်အဆန်းဖြစ်သော ပညာတစ်ခုရရှိရေး အတွက် အလုပ်လုပ်ပါဆိုသောအကြံပြုချက်နှင့် ပတ်သက်၍ ဝေခွဲ မရဖြစ်နေသူများအား အားပေးစကားတစ်ခွန်းပြောပါရစေ။ ဘဝ ဆိုသည်မှာ အားကစားလေ့ကျင့်ရုံသို့ သွားခြင်းနှင့်တူသည်။ စိတ် ဆင်းရဲစရာအကောင်းဆုံး အစိတ်အပိုင်းမှာ သွားဖို့ ဆုံးဖြတ်ရခြင်း ဖြစ်၏။ ထိုသို့ ဆုံးဖြတ်နိုင်ပြီဆိုသည်နှင့် ကျန်သည့်အစိတ်အပိုင်း က လွယ်သွားပြီ။ သို့သော် အားကစားလေ့ကျင့်ရုံထဲရောက်သွားပြီး

စတင်လေ့ကျင့်ပြီဆိုသည်နှင့် ပျော်ရွှင်ကြည်နူးစရာကောင်းလာတော့၏။ လေ့ကျင့်ပြီးသွားသောအခါ သည်လိုလေ့ကျင့်ဖို့ ဆုံးဖြတ်ခဲ့သည့်အတွက် ဝမ်းသာပီတိဖြစ်ရပါသည်။

မိမိမတတ်သေးသည့် ပညာအသစ်အဆန်းတစ်ခုခုတတ်မြောက်အောင် အလုပ်လုပ်ရန် ဆန္ဒမရှိဘဲ မိမိကျွမ်းကျင်သည့်နယ်ပယ်မှာ ဆရာတစ်ဆူဖြစ်လောက်အောင် 'အထူးပြု' လိုသူများအနေဖြင့်တော့ တော်တော်ကြီးသတိထားဆင်ခြင်ရပါမည်။ အကြောင်းမှာ နယ်ပယ်တစ်ခုတွင် အလွန်အသုံးတည့်ပြီး ဦးစားပေးခံရသည့် 'အထူးကျွမ်းကျင်မှုတစ်ရပ်'သည် အခြားနယ်ပယ်တစ်ခုမှာ သည်လောက်အရေးပါအရာရောက်ချင်မှ ရောက်မည်ဖြစ်သောကြောင့်ပင်။ ဥပမာ လေယာဉ်မှူးတစ်ဦး၏ အထူးကျွမ်းကျင်မှု အရည်အသွေးများသည် လေကြောင်းကုမ္ပဏီများအတွက်အရေးကြီးသော်လည်း ပညာရေးလောက အတွက်သိပ်အရေးကြီးမည်မဟုတ်တော့ချေ။ နယ်ပယ်တစ်ခုမှ နယ်ပယ်တစ်ခုသို့အပြောင်းတွင် မိမိ၏ ကျွမ်းကျင်မှုအရည်အသွေးနှင့် ထိုက်တန်သော အကျိုးခံစားခွင့်မရသည်များလည်း ကြုံရတတ်၏။

ကျွန်တော့်သင်တန်းများတွင် "ခင်ဗျားတို့အထဲမှာ မက်ဒေါ်နယ်မုန့်ဆိုင်ရဲ့ ဟမ်ဘာဂါတွေထက် ပိုကောင်းတဲ့ ဟမ်ဘာဂါမျိုးဖြစ်အောင် လုပ်တတ်သူတွေ ဘယ်လောက်များများ ရှိလဲ" ဟု ကျွန်တော်က မေးသောအခါ သင်တန်းသားအားလုံးလိုလိုက လက်ထောင်ပြကြသည်။

"ဒီတော့ ခင်ဗျားတို့ အများစုက ပိုကောင်းတဲ့ ဟမ်ဘာဂါဖြစ်အောင် လုပ်တတ်တယ်ဆိုရင် မက်ဒေါ်နယ်ကုမ္ပဏီက ဘာဖြစ်လို့ ခင်ဗျားတို့ထက် ပိုပြီးဝင်ငွေကောင်းနေရတာလဲ"ဟု ကျွန်တော်ပြန်မေးတတ်၏။

အဖြေက ရှင်းပါသည်။ မက်ဒေါ်နယ်ကုမ္ပဏီသည် စီးပွား

ရေးလုပ်ငန်းဆိုင်ရာ နည်းစနစ်များတွင် သူမတူအောင် ကောင်းမွန်သောကြောင့်ဖြစ်၏။ ပင်ကိုစွမ်းရည်ရှိသူတော်တော်များများ ဆင်းရဲနေခြင်းမှာ သူတို့က ပိုကောင်းသည့် ဟမ်ဘာဂါဖြစ်အောင် မြလုပ်ရေးကိုသာ အထူးအာရုံစိုက်ပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ နည်းစနစ်များကိုတော့ အနည်းအကျဉ်းသာ သိခြင်း သို့မဟုတ် လုံးဝမသိခြင်းကြောင့်ဖြစ်လေသည်။

ဟာဝိုင်ယီမှာရှိသည့် ကျွန်တော့်မိတ်ဆွေတစ်ဦးသည် အလွန်လက်ရာမြောက်သည့် ပန်းချီဆရာဖြစ်၏။ သူ့ဝင်ငွေမှာ တော်တော်ကလေးကောင်းပါသည်။ တစ်နေ့တွင် သူ့မိခင်၏ ရှေ့နေက သူ့အား ဆက်သွယ်ပြီး မိခင်ကြီးက ဒေါ်လာ ၃၅,၀၀၀ အမွေထားခဲ့ကြောင်း ပြောပြသည်။ မိတ်ဆွေပန်းချီဆရာက သူ့စီးပွားရေးလုပ်ငန်းတိုးတက်အောင် လုပ်နိုင်မည့် အခွင့်အလမ်းကို ချက်ချင်းတွေးမိသည်။ မိခင်ကြီးထားခဲ့သည့် အမွေထဲက တချို့တစ်ဝက်ကို ကြော်ငြာဖို့ အသုံးပြုမည်။ နောက်နှစ်လအကြာတွင် လူချမ်းသာတွေကို ပစ်မှတ်ထားသည့် ထိပ်တန်းမဂ္ဂဇင်းကြီးတစ်စောင်တွင် လေးရောင်ရိုက်ထားသည့် မျက်နှာပြည့်ကြော်ငြာကြီးပါလာသည်။ ကြော်ငြာကို သုံးလဆက်တိုက်ထည့်သည်။ သူ့ကြော်ငြာနှင့်ပတ်သက်၍ တုံ့ပြန်မှုများပြန်မလာ။ ခုတော့ သူရထားသည့်အမွေကလေးပြုတ်ပြုတ်ပြုန်းပြီး ပန်းချီဆရာက မဂ္ဂဇင်းကို တရားစွဲဖို့ပင်ကြံစည်နေ၏။

ဤဖြစ်ရပ်က သွားရည်ယိုချင်စရာ ဟမ်ဘာဂါပြုလုပ်တတ်ပြီး စီးပွားရေးလုပ်ငန်းအကြောင်း စဉ်းငယ်မျှသာသိသောသူ၏ အဖြစ်နှင့်တူလေသည်။ သူဘာတွေလေ့လာသိရှိလိုက်သလဲဟု ကျွန်တော်က မေးသောအခါ သူက "ကြော်ငြာသမားတွေဟာ လူလိမ်လူကောက်တွေပဲ" ဟုသာ ဖြေသည်။ ထို့နောက် သူ့အား အရောင်းပညာနှင့် ဈေးကွက်ဖော်ပညာ သင်တန်းများတက်ချင်

သလားဟု ကျွန်တော်မေးတော့ "ကျွန်တော့်မှာအချိန်မရှိဘူး၊ နောက်ပြီး ကျွန်တော်ငွေမဖြုန်းချင်ဘူး"ဟု ဖြေလေသည်။

ကမ္ဘာပေါ်တွင် ဆင်းရဲမွဲတေနေသော ပါရမီရှင်များ ပြည့်နှက်နေ၏။ သူတို့သည် ဆင်းရဲနေ၏။ သို့မဟုတ် ငွေရေး ကြေးရေးလုံးချာလည်နေ၏။ သို့မဟုတ် ထိုက်သင့်သလောက်ဝင်ငွေမရကြ။ ထိုသို့ဖြစ်နေခြင်းမှာ သူတို့တတ်သိနားလည်ထားတာတွေကြောင့်မဟုတ်။ သူတို့ မတတ်၊ မသိ၊ နားမလည်တာတွေကြောင့်ဖြစ်၏။ သူတို့က သူတို့၏ ကျွမ်းကျင်မှုအရည်အသွေးများ စင်းလုံးချောရေးကိုသာ အထူးအာရုံစိုက်ကြ၏။ ပိုပြီး အရသာရှိသော ဟမ်ဘာဂါပြုလုပ်ရေးကို အလေးပေးပြီး ဟမ်ဘာဂါရောင်းကောင်းအောင်၊ ဈေးကွက်ဝင်အောင် လုပ်သည့် အရည်အသွေးများကို လျစ်လျူရှုထားကြ၏။ (မက်ဒေါ်နယ်ကုမ္ပဏီသည် အကောင်းဆုံး ဟမ်ဘာဂါတွေ လုပ်ချင်မှ လုပ်တတ်ပါမည်။ သို့ပေမဲ့ သူတို့ ထုတ်လုပ်သည့် ဟမ်ဘာဂါတိုင်းကို ရောင်းရအောင် လုပ်ဆောင်ရာမှာတော့ အတော်ဆုံးဖြစ်လေသည်။)

ပညာတတ်ဖေဖေက ကျွန်တော့်ကို အထူးကျွမ်းကျင်မှု လမ်းကြောင်းကို လိုက်စေချင်သည်။ အထူးပြုမှု လွန်ကဲခြင်းသည် လူတစ်ဦးအား ၎င်းအထူးအရည်အချင်းအပေါ် အားထားမှု လွန်ကဲစေကြောင်းသူသဘောမပေါက်ခဲ့ချေ။

ဖေဖေချမ်းသာကတော့ မိုက်နှင့် ကျွန်တော့်အား ကိုယ့်ကိုယ်ကိုယ် 'မွေး'ဖို့ အကြံပေးသည်။ ကော်ပိုရေးရှင်း တော်တော်များများလည်း သည်အတိုင်းကျင့်ကြသည်။ ဉာဏ်ရည်ထက်မြက်သော လူငယ်ကလေးတစ်ယောက်စီးပွားရေး လုပ်ငန်းသင်တန်းကျောင်းဆင်းလာပြီဆိုလျှင် သူတို့က ထိုလူငယ်ကို ခေါ်ပြီး မွေးတော့၏။ နောင်တစ်ချိန်တွင် ၎င်းလူငယ်အားကုမ္ပဏီကို ဦးစီးစေသည်။ သည်တော့ ထိုသို့ ဉာဏ်ရည်ထက်မြက်သော လူငယ်

ကလေးတွေက ဌာနတစ်ခုတည်းမှာ မလုပ်ကြ။ တစ်ဌာနမှ တစ်ဌာန ကူးပြောင်းလုပ်ကြသည်။ လူချမ်းသာများသည်လည်း သူတို့သားသမီးတွေ သို့မဟုတ် အခြားသူများ၏ သားသမီးများကို လက်သပ်မွေးမြေတောင်မြှောက်ပေးကြသည်။ ထိုသို့ ပျိုးထောင်ပေးခြင်းအားဖြင့် သူတို့ကလေးတွေသည် စီးပွားရေး လုပ်ပုံလုပ်နည်းနှင့်ပတ်သက်၍ ယေဘုယျသဘောခြုံငုံသိမှိလာသည်။ ဌာနအသီးသီး၏ ထူးခြားသောသွင်ပြင်လက္ခဏာများနှင့် ဌာနများအချင်းချင်း ဘယ်လိုအပြန်အလှန်ဆက်သွယ်အကျိုးပြုပုံတို့ကိုပါ သဘောပေါက်နားလည်လာသည်။

ဒုတိယကမ္ဘာစစ်ခေတ်ကဆိုလျှင် ကုမ္ပဏီတစ်ခုမှတစ်ခုသို့ ကူးပြောင်းသည်ကို မကောင်းဟု ယူဆခဲ့ကြသည်။ ယခုခေတ်တွင်မူ ထိုသို့ပြုလုပ်ခြင်းကို 'နပ်'သည်ဟု သတ်မှတ်ခဲ့ကြသည်။ လူတွေကုမ္ပဏီတစ်ခုမှ တစ်ခုသို့ ကူးပြောင်းလုပ်ကိုင်နေကြသည့်နောက်ဘာကြောင့် 'ငွေ'ရဖို့ထက် 'ပညာ'ရဖို့ မလုပ်ကြပါသလဲ။ ရေတိုအားဖြင့်ဆိုလျှင် ဝင်ငွေနည်းကောင်းနည်းမည်။ ရေရှည်တွင်တော့ ကြီးစွာသော အကျိုးအမြတ်များခံစားရပါလိမ့်မည်။

အောင်မြင်ရေးအတွက် အဓိကလိုအပ်သော အုပ်ချုပ်မှုအရည်အချင်းများမှာ-

၁။ ငွေသားစီးဆင်းမှုကို ထိန်းသိမ်းခြင်း။

၂။ စနစ်များကို ထိန်းသိမ်းခြင်း (သင်ကိုယ်တိုင်အပါအဝင်နှင့် မိသားစုများနှင့်နေချိန်)။

၃။ လူတွေကို ထိန်းသိမ်းခြင်း

အရေးပါအရာရောက်ဆုံးအထူးပြုစွမ်းရည်များမှာ အရောင်းပညာနှင့်ဈေးကွက်ဖော်ခြင်းကို နားလည်သဘောပေါက်ခြင်းဖြစ်၏။ ဤကားစွံအောင် ရောင်းနိုင်စွမ်းပင်ဖြစ်၏။ ထို့ကြောင့် အခြားလူသားတစ်ဦး၊ ဖောက်သည်တစ်ဦး၊ မိမိ၏ အမှုထမ်း၊

မိမိအလုပ်ရှင်၊ ဇနီး၊ ခင်ပွန်း သို့မဟုတ် ကလေး နှင့်ဆက်သွယ်ခြင်းသည် ပုဂ္ဂလိကအောင်မြင်ရေးအတွက် အခြေခံအရည်အချင်းဖြစ်ပေသည်။ စာရေးခြင်း၊ စကားပြောခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းကဲ့သို့သော ဆက်သွယ်ရေး အရည်အချင်းများသည် အောင်မြင်သောဘဝတစ်ခုတည်ဆောက်ရာ၌ မရှိ မဖြစ် အရေးကြီးသော အရည်အချင်းများဖြစ်ပါသည်။

ရှေ့ပိုင်းတုန်းက ကျွန်တော်ပြောခဲ့သည့်အတိုင်း ကျွန်တော်၏ ပညာတတ်ဖေဖေသည် ပို၍ ပို၍ ကြိုးစား ပမ်းစား အလုပ်လုပ်ခဲ့ရာ သူလည်း ပို၍ ပို၍အရည်အချင်းပြည့်လာသည်။ သူသည် အထူးပြုအရည်အချင်းတွေ ပြည့်လာလေ သူ့လုပ်ငန်းထဲတွင် ပိုပြီးလှောင်ပိတ်မိလေဖြစ်တော့၏။ သူ့လခတိုးလာသော်လည်း သူ့ရွေးချယ်မှုများလျော့သွားသည်။ များမကြာမီ အစိုးရအမှုထမ်းဘဝမှ ထွက်လိုက်ရသောအခါ သူသည် ဝမ်းကျောင်းမှုအရ ဘယ်လောက်ခိုင်မာမှုမရှိကြောင်း သိလာရတော့၏။ သူ့ဖြစ်ရပ်မှာ ကြေးစားအားကစားသမားများ ရုတ်တရက် ထိခိုက်ဒဏ်ရာရသည့်အဖြစ်မျိုး သို့မဟုတ် အသက်ထောက်လာသဖြင့် မကစားနိုင်တော့သည့် အဖြစ်မျိုးနှင့် တူလေသည်။ တစ်ခါက ကြေးကြီးပေး ဖူးဖူးမှုတ်အဆင့်သည် ပျောက်ကွယ်သွားလေပြီ။ နောက်ပြီး သူတို့သည် ခုသာခံသာနှင့် အကျသက်သာစေဖို့အတွက် ကျွမ်းကျင်မှုအရည်အသွေးက သည်တစ်မျိုးပဲရှိသည်။ သူတို့သည် ရှုက်မရှိလျှင် တက်ဖြင့်လော်တတ်သူများမဟုတ်ပေ။

ထို့ကြောင့် ဖေဖေချမ်းသာက မိုက်နှင့်ကျွန်တော့်အား အကြောင်းအရာအများကြီးအကြောင်းကို နည်းနည်းစီသိထားအောင် အားထုတ်ဖို့အကြံပေးခဲ့ခြင်းဖြစ်မည်။ သူက ကျွန်တော်တို့အား ကျွန်တော်တို့ထက်တော်သူများနှင့် လက်တွဲအလုပ်လုပ်ဖို့ အားပေးခဲ့၏။ နောက်ပြီးလူတော်တွေကို စုစည်းပြီး အဖွဲ့လိုက်

အလုပ်လုပ်ဖို့လည်း အကြံပေးခဲ့သည်။ ဤကား အထူးကျွမ်းကျင်မှု အရည်အချင်းများကို သဟဇာတဖြစ်စွာ ပေါင်းစပ်အသုံးချခြင်းပင် ဖြစ်တော့၏။

ယနေ့ဆိုလျှင် တစ်နှစ်လျှင် ဒေါ်လာသိန်းပေါင်းများစွာ ရနေသည့် ကျောင်းဆရာဟောင်းများနှင့် ကျွန်တော်တွေ့ဆုံရ၏။ သူတို့သည်လောက်ထိ ဝင်ငွေကောင်းခြင်းမှာ သူတို့တွင် အထူးပြု အရည်အချင်းများရှိသလို အခြားအရည်အချင်းများလည်း ရှိသော ကြောင့်ပင်။ သူတို့သည် စာသင်တတ်သလို ရောင်းလည်း ရောင်း တတ်သည်။ ဈေးကွက်လည်းဖော်တတ်သည်။ ရောင်းခြင်းနှင့် ဈေးကွက်ဖော်ခြင်းထက်ပိုပြီး အရေးကြီးသည့် ကျွမ်းကျင်မှုအရည် အချင်းမရှိတော့ကြောင်း ကျွန်တော်တွေ့ရ၏။ ရောင်းခြင်း၊ ဈေးကွက်ဖော်ခြင်းနှင့် ပတ်သက်သည့် ကျွမ်းကျင်မှုသည် လူများစု အတွက် တတ်ဖို့ခက်ခဲသည့် အရည်အချင်းဖြစ်၏။ ထိုသို့ဖြစ်ရခြင်း ၏ အဓိကအကြောင်းရင်းမှာ ငြင်းပယ်ခံရမှာကြောက်စိတ်ကြောင့် ဖြစ်၏။ သင်သည် ဆက်သွယ်ရေး၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် ငြင်းပယ် ခံရမှာကြောက်စိတ်ကို ကျော်လွှားနိုင်ပြီဆိုလျှင် သင့်ဘဝသည် ပို၍ လွယ်ကူချောမွေ့လာပါလိမ့်မည်။

ကျွန်တော့်တွင် ပါရမီထူးချွန်သော မိတ်ဆွေတွေရှိ၏။ သို့သော် သူတို့သည် အခြားလူသားများနှင့် ထိထိရောက်ရောက် မဆက်သွယ်နိုင်။ ရလဒ်ကတော့ သူတို့၏ ဝင်ငွေမှာ စိတ်ဆင်းရဲ စရာကောင်းလောက်အောင် နည်းနေခြင်းပင်။ ကျွန်တော်က သူတို့ အား တစ်နှစ်လောက် အချိန်ပေးပြီး အရောင်းပညာသင်ယူဖို့ အကြံ ပေးသည်။ သူတို့ဘာမျှတတ်မလာဘူးဆိုသည့်တိုင် သူတို့၏ ဆက်သွယ်ရေး အရည်အချင်းတွေတိုးတက်လာလိမ့်မည်။ ဤကား တန်ဖိုးဖြတ်လို့မရသော အရည်အချင်းပါတည်း။

ကျွန်တော်တို့သည် ကြိုးစားအားထုတ်သော သင်ယူသူများ

ဖြစ်ရမည်။ အရောင်းသမားကောင်းများဖြစ်ရမည်။ ဈေးကွက်ဖော်တော်သူများဖြစ်ရမည်။ ထိုမျှမကသေး ကျွန်တော်တို့သည် သင်ကြားပို့ချသည့်ဆရာကောင်းများဖြစ်သလို ကျိုးနွံသည့် သင်ယူဆည်းပူးသူများလည်း ဖြစ်ဖို့လို၏။ အမှန်တကယ် ချမ်းသာကြွယ်ဝသူ ဖြစ်ရေးအတွက် ကျွန်တော်တို့ရယူသလို ပေးကမ်းနိုင်စွမ်းလည်း ရှိရပါမည်။ ငွေရေး ကြေးရေး အကျပ်အတည်းတွေ့နေချိန်များတွင် ကျွန်တော်တို့ ရယူမှုကော ပေးကမ်းမှုပါ နည်းပါးတတ်ကြ၏။ ဆင်းရဲနွမ်းပါးသူတော်တော်များများ ထိုသို့ ဆင်းရဲနေခြင်းမှာ သူတို့သည် ဆရာကောင်းများ မဟုတ်သလို သင်ယူလေ့လာသူများလည်း မဟုတ်သောကြောင့်ပင်။

ကျွန်တော့်ဖအေနှစ်ဦးစလုံးကတော့ စေတနာသဒ္ဓါတရားထက်သန်ကြသည်။ သူတို့နှစ်ယောက်စလုံးက ဦးစွာပေးဝေဖို့ လေ့ကျင့်ကြ၏။ သင်ကြားခြင်းသည် သူတို့၏ ပေးဝေခြင်းပုံစံတစ်မျိုးဖြစ်ပါသည်။ သူတို့များများပေးဝေလေ များများရလေဖြစ်၏။ ကြီးမားသော ကွာခြားချက်တစ်ခုကတော့ ငွေကိုပေးဝေခြင်းပင်။ ဖေဖေချမ်းသာက မြောက်မြားစွာသော သူ့ငွေတွေကို ပေးဝေစွန့်ကြဲပစ်သည်။ သူကဘုရားကျောင်းသို့ လှူသည်။ အလှူပွဲသို့ စွန့်ကြဲသည်။ ရန်ပုံငွေတွေ ထူထောင်ပေးသည်။ သင်သည်ငွေရဖို့အတွက် ငွေပေးရမည်ဆိုတာ သူသိနေသည်။ ငွေပေးဝေခြင်းသည် အလွန်မတန်ကြွယ်ဝချမ်းသာသော မိသားစုများ၏ လျှို့ဝှက်ချက်ဖြစ်လေသည်။ ထို့ကြောင့် ရော့ကဲဖဲလားရန်ပုံငွေနှင့် ဖို့ဒ်ရန်ပုံငွေလို အဖွဲ့အစည်းများဖြစ်ပေါ်လာခြင်းဖြစ်၏။

ကျွန်တော်၏ ပညာတတ်ဖေဖေအမြဲပြောခဲ့သည်မှာ "ငါ့မှာ ငွေပိုငွေလျှံရှိလာရင် ငါက ပေးဝေပစ်မှာပဲ"ဟူ၏ ပြဿနာက သူ့မှာဘယ်တော့မှ ငွေပိုငွေလျှံမရှိခြင်းပင်။ သည်တော့ သူက ငွေပိုရလာအောင် အလုပ်ကို ပိုကြိုးစားလုပ်၏။ စင်စစ် သူသည် ငွေနှင့်

ပတ်သက်သည့်အရေးအကြီးဆုံးဥပဒေသကို အလေးထားအာရုံမစိုက်မိခြင်းသာဖြစ်၏။ "ပေးပါ။ သို့ဆိုလျှင် သင်ရလိမ့်မည်" ထိုသို့ပြုကျင့်မည့်အစား သူက "ယူပါ၊ ပြီးလျှင်ပေးပါ" ဟူသော နည်းကိုကျင့်သုံးခဲ့လေသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်တော်သည် ကျွန်တော့်အဖေနှစ်ဦးစလုံးဖြစ်လာပါသည်။ ကျွန်တော့်စိတ်၏ တစ်ပိုင်းကငွေဖြင့် ငွေရှာသော ကစားပွဲကို မြတ်နိုးသည့် အမာခံ အရင်းရှင်တစ်ဦးဖြစ်၏။ အခြားတစ်ပိုင်းကတော့ လူမှုရေးအရ တာဝန်ရှိသောကျောင်းဆရာတစ်ဦးဖြစ်သည်။ သူက ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားလာသည်ကို လေးလေးနက်နက်ပူပန်သောက ဖြစ်နေသူ၊ ကျွန်တော်ကတော့ ဆင်းရဲချမ်းသာကွာဟမှုကြီးထွားလာနေသည်မှာ ဟောင်းနွမ်းလွန်းပြီး ခေတ်မမီတော့သော ပညာရေးစနစ်ပေါ်မှာ တာဝန်ရှိသည်ဟု ယုံကြည်စွဲမှတ်ထားပါသည်။

■

## အခန်း [ ၈ ]
## အစပိုင်းများ
## ခလုတ်ကန်သင်းများကို ကျော်လွှားခြင်း

လူတွေလေ့လာဆည်းပူးမှုများပြုလုပ်ပြီး ငွေရေး ကြေးရေး အခြေခံပညာတတ်မြောက်လာသော်လည်း ငွေကြေးအရအမှီခိုကင်းသည့်ဘဝတစ်ခုတည်ဆောက်နိုင်ရေးအတွက် အဟန့်အတား ခလုတ်ကန်သင်းများကို ရင်ဆိုင်နေရဦးမည်ဖြစ်၏။ ငွေရေး ကြေးရေးအခြေခံပညာတတ်မြောက်ထားသည့်တိုင် ရပိုင်ခွင့်ကဏ္ဍတွင် ပြည့်ပြည့်ဖြိုးဖြိုးဖြစ်အောင် မဖြည့်ဆည်းနိုင်သေးခြင်းမှာ အဓိကအကြောင်းရင်းငါးချက်ကြောင့်ဖြစ်၏။ ၎င်းရပိုင်ခွင့်များက ငွေသားစီးဆင်းမှုပမာဏကြီးကြီးမားမားကို ထုတ်ဖော်ပေးနိုင်၏။ ၎င်းရပိုင်ခွင့်များက သူတို့စိတ်ကူးယဉ်အိပ်မက်မက်ထားသည့် လွတ်လပ်ပျော်ရွှင်သောဘဝမှာ ရှင်သန်နေထိုင်ခွင့်ကို ဖော်ဆောင်ပေးနိုင်၏။ ထိုအခါ သူတို့အနေဖြင့် စားဝတ်နေရေးစရိတ်များကာမိစေရန်မသေမချင်း တကုန်းကုန်းအလုပ်လုပ်နေရသည့်ဘဝမျိုးမှ ကင်းလွတ်ခွင့်ရသွားပေမည်။ ထိုသို့သော ဘဝမျိုးမရအောင်နှောင့်ယှက်ဖျက်ဆီးနေသော အကြောင်းရင်းငါးရပ်မှာ-

၁။ ကြောက်စိတ်၊
၂။ အဆိုးမြင်ဝါဒ၊
၃။ ပျင်းရိခြင်း၊
၄။ အကျင့်ဆိုးများ၊
၅။ မောက်မာဝင့်ကြွားခြင်း။

**အကြောင်းရင်း ၁။ ငွေတွေဆုံးရှုံးသွားမှာကြောက်သည့်စိတ်ကို ကျော်လွှားခြင်း**

မိမိငွေဆုံးရှုံးခြင်းကို တကယ်တမ်း နှစ်သက်မက်မောသူ ဟူ၍ တစ်ယောက်မျှ ကျွန်တော်မတွေ့ဘူးပါ။ နောက်ပြီး ကျွန်တော့်သက်တမ်းတစ်လျှောက်တွင် ငွေမဆုံးရှုံးဘူးသည့် လူချမ်းသာဟူ၍ တစ်ယောက်တလေမျှ မကြုံဘူးပါ။ သို့ရာတွင် အသပြာတစ်ပြားတစ်ချပ်မျှ မဆုံးရှုံးဘူးသည့် ဆင်းရဲသားပေါင်း မြောက်မြားစွာကိုတော့ တွေ့ဖူးခဲ့သည်။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံသည့်အလုပ်ကို မလုပ်ကြခြင်း။

ငွေဆုံးရှုံးမှာ ကြောက်စိတ်သည် အမှန်တကယ်ရှိသည်။ လူတိုင်းမှာ သည်စိတ်ရှိ၏။ ချမ်းသာသူတွေမှာပင် ရှိ၏။ သို့သော် ပြဿနာက ကြောက်စိတ်မဟုတ်။ ကြောက်စိတ်ကို ဘယ်လိုကိုင်တွယ်ထိန်းချုပ်သလဲဆိုတာကပြဿနာဖြစ်၏။ ဆုံးရှုံးခြင်းတို ဘယ်လိုထိန်းသိမ်းသလဲ။ လူတစ်ဦး၏ ဘဝကို ခြားနားချက်ဖြစ်ပေါ်စေသည်မှာ ရှုံးနိမ့်မှုကို ဘယ်လိုစီမံကွပ်ကဲသလဲဆိုသည့်အပေါ်မှာ မူတည်၏။ ဤအရည်အချင်းသည် လူ့ဘဝမှာ ငွေနှင့်ပတ်သက်တာမဟုတ်၊ ဘယ်လိုအကြောင်းကိစ္စနှင့်မဆို သက်ဆိုင်သည်။ ချမ်းသာသူတစ်ဦးနှင့် ဆင်းရဲသူတစ်ဦးအကြားအဓိကခြားနားချက်မှာ အဆိုပါကြောက်စိတ်ကို ဘယ်လိုကိုင်တွယ်ထိန်းချုပ်သလဲဆိုတာ ဖြစ်၏။

မကြောက်နှင့်ဟုမပြော။ ကြောက်ပါ။ ကြောက်လို့ရပါသည်။ ငွေနှင့်ပတ်သက်လာလျှင် သရဲဘောကြောင်သူတစ်ဦးဖြစ်လည်း အကြောင်းမဟုတ်။ သင်သူဌေးဖြစ်နေနိုင်သေးသည်။ ကျွန်တော်တို့အားလုံးသည် တချို့နေရာတွင် သူရဲကောင်းများဖြစ်နေပြီး တချို့နေရာတွင် သရဲဘောကြောင်သူတွေဖြစ်နေ၏။ ကျွန်တော့်မိတ်ဆွေ၏ ဇနီးသည်အရေးပေါ်လူနာဆောင်မှာ သူနာပြုဆရာမဖြစ်၏။ သူက သွေးကိုမြင်လိုက်သည်နှင့် ပြေးလွှားလှုပ်ရှားတော့၏။ ကျွန်တော်က ရင်းနှီးမြှုပ်နှံဖို့ တရားဟောတော့ သူထွက်ပြေးလေသည်။ သွေးကို မြင်ရလျှင် ကျွန်တော်ထွက်မပြေးပါ။ မူးမေ့လို့သာသွားပါသည်။

ငွေနှင့်ပတ်သက်သည့်အကြောက်လွန်ရောဂါများအကြောင်း ဖေဖေချမ်းသာက သိနားလည်ထားသည်။ "တချို့က မြွေတွေကို ကြောက်တယ်ကွ။ တချို့က ငွေပျောက်ပျက်သွားမှာကြောက်ကြတယ်။ နှစ်မျိုးစလုံးဟာ အကြောက်လွန်ရောဂါချည်းပဲ" ဟု သူကပြောသည်။ သည်တော့ ငွေဆုံးရှုံးမှာ ကြောက်သည့်စိတ်နှင့် ပတ်သက်သည့် သူ့ဖြေရှင်းချက်မှာ အောက်ပါလင်္ကာလေးဖြစ်၏။

စွန့်စားရမှာမင်းကြောက်သလား၊

သောကပွားရမှာ မင်းကြောက်သလား၊

သို့ဆိုလျှင် ငယ်ငယ်ကတည်းက အစပျိုးထား။

ထို့ကြောင့် ငွေစုဆောင်းခြင်းကို ငယ်စဉ်ကတည်းက အကျင့်လုပ်ထားဖို့ ဘဏ်တွေက အကြံပေးထောက်ခံကြတာဖြစ်မည်။ သင်ငယ်ငယ်ကတည်းကအစပြု စုဆောင်းလျှင် ချမ်းသာကြွယ်ဝသည့်ဘဝကို လွယ်လွယ်ရနိုင်၏။ သည်အကြောင်း သည်နေရာတွင် အကျယ်ဆက်မပြောတော့ပါ။ သို့ပေမဲ့ အသက် ၂၀ က စပြီး ငွေစုသူနှင့် အသက် ၃၀ ကျမှ စပြီး ငွေစုသူနှစ်ဦးအကြား အကြီးအကျယ်ကွာခြားမှုရှိပါသည်။ တော်တော်ကြီးကို ကွာခြား၏။

ကမ္ဘာ့အံ့ဖွယ်တွေထဲက တစ်ခုမှာ နှစ်ထပ်တိုး၏အစွမ်းသတ္တိပင်ဖြစ်သည်ဟု ပြောစမှတ်ပြုကြ၏။ သမိုင်းကြောင်း တစ်လျှောက်တွင် မန်ဟတ်တန်ကျွန်းကို ဝယ်ယူသည့်ဈေးသည် အတန်ဆုံးဖြစ်သည်ဆိုကြ၏။ နယူးယောက်ကို ၂၄ ဒေါ်လာတန် လက်ဝတ်လက်စားများ၊ ပုတီးစေ့များဖြင့် ဝယ်ယူခဲ့သည်ဆို၏။ သို့ဖြစ်သည့်တိုင် ၎င်း ၂၄ ဒေါ်လာကို တစ်နှစ်လျှင် ၈ ရာခိုင်နှုန်း အတိုးဖြင့် ရင်းနှီးမြှုပ်နှံထားလျှင် ၁၉၉၅ အရောက်တွင် ၎င်း ၂၄ ဒေါ်လာသည် ဒေါ်လာသန်းပေါင်း ၂၈ ထောင်တန်နေမည် ဖြစ်၏။ မန်ဟတ်တန်ကျွန်းကို လေ့စ်အိန်ဂျလိစ်မြို့ကြီးဝယ်ပြီး ကျန်ငွေဖြင့် ဝယ်လို့ရသေးသည်။ အထူးသဖြင့် ၁၉၉၅ ခုနှစ် အိမ်မြေဈေးကွက်အခြေအနေနှင့်ဆိုလျှင်ပေါ့။

ကျွန်တော့်အိမ်နီးချင်းတစ်ဦးသည် အဓိကရ ကွန်ပျူတာကုမ္ပဏီကြီးတစ်ခုမှာ အလုပ်လုပ်သည်။ ငါးနှစ်ပြည့်ချိန်တွင် သူသည်အငြိမ်းစားစီမံကိန်းအရ ဒေါ်လာ ၄ သန်းပိုက်ပြီး အငြိမ်းစားယူသွားလိမ့်မည်။ ၎င်းငွေအများစုကိုကြီးထွားနှုန်းမြန်သည့် အကျိုးတူရန်ပုံငွေတွေထဲမှာ ထည့်ဝင်မြှုပ်နှံထားသည်။ အငြိမ်းစားယူချိန်တွင် သူ့အသက် ၅၅ နှစ်ပဲရှိဦးမည်။ ထိုအချိန်တွင် သူ့ပုံမှန်ဝင်ငွေသည် တစ်နှစ်လျှင် ဒေါ်လာ ၃၀၀,၀၀၀ ဖြစ်နေမည်။ သူ့လခတွေအားလုံးစုထားသည့်ပမာဏထက်များသည့်ငွေပမာဏဖြစ်၏။ သည်တော့ ငွေရှုံးမှာ သင်မုန်းသည်ဖြစ်စေ၊ စွန့်စားရမှာကြောက်သည်ဖြစ်စေ သင့်ငွေတိုးပွားအောင် လုပ်လို့ရ၏။ တစ်ခု တော့ရှိသည်။ သင်ငယ်ငယ်ရွယ်ရွယ်ကတည်း စတင်စု ဆောင်းမည်။ နောက်ပြီး အငြိမ်းစားစီမံကိန်းတော့ မလွဲမသွေ ဆွဲထားမည်။ သင်တစ်နေရာရာမှာ ရင်းနှီးမြှုပ်နှံတော့မည်ဆိုလျှင် သင် ယုံကြည်စိတ်ချသော ငွေရေး ကြေးရေးအတိုင်ပင်ခံကိုတိုင်ပင်၍ သူ၏ဦးဆောင်လမ်းညွှန်မှုကိုခံယူပါ။

သို့သော် သင့်မှာ အချိန်သိပ်မကျန်တော့ဘူး သို့မဟုတ် စောစောစီးစီးအငြိမ်းစားယူချင်သည်ဆိုလျှင်ကော။ ငွေဆုံးရှုံးမှာ ကြောက်စိတ်ကို သင်ဘယ်လိုကိုင်တွယ်ထိန်းချုပ်မည်လဲ။

ကျွန်တော်၏ဖေဖေနွမ်းပါးကတော့ဘာမျှမလုပ်။ ၎င်းပြဿနာကို လက်ရှောင်နေသည်။ သည်အကြောင်းကို ဆွေးနွေးဖို့ပင်ငြင်းဆန်သည်။

တစ်ဖက်ရှိဖေဖေချမ်းသာက ကျွန်တော့်အား တက်ဆပ်ပြည်နယ်သားတွေလို တွေးတောကျင့်ကြံဖို့အကြံပေးသည်။ "ငါက တက်ဆပ်နဲ့ တက်ဆပ်ပြည်နယ်သားတွေကို သဘောကျတယ်ကွ။ တက်ဆပ်မှာ အရာရာတိုင်းဟာ အကြီးစားချည်းပဲကွ။ တက်ဆပ်ပြည်နယ်သားတွေ နိုင်ပြီဟေ့ဆိုရင် အကြီးအကျယ်နိုင်တာ။ အဲ သူတို့ ရှုံးပြီဟေ့ဆိုရင်လည်း ပါးစပ်အဟောင်းသားဖြစ်လောက်တယ်"

"သူတို့က ရှုံးရတာကို သဘောကျလို့လား"ဟု ကျွန်တော် မေး၏။

"ငါ ပြောနေတာ အဲဒါမဟုတ်ဘူးကွ။ ရှုံးရမှာကို ဘယ်သူမှ သဘောမကျဘူး။ ပျော်နေတဲ့ အရှုံးသမားတစ်ယောက် ငါ့ကို ပြပါ။ ငါက မင်းကို အရှုံးသမားစစ်စစ်ကို ပြမယ်။ ငါပြောချင်တာက စွန့်စားမှုအပေါ် တက်ဆပ်ပြည်နယ်သားတွေထားတဲ့သဘောထားကို ပြောချင်တာ။ အနိုင်နဲ့ အရှုံးအပေါ် သူတို့ထားတဲ့ စိတ်ဓာတ်ကို ပြောချင်တာ။ အဲဒါဟာ ဘဝကို သူတို့ ထိန်းကျောင်းကွပ်ကဲနည်းပဲ။ သူတို့က နေရာတကာတိုင်းမှာ ကြီးကြီးကျယ်ကျယ်ပဲ။ ငါတို့ ဒီအနီးအနားတစ်ဝိုက်က လူတွေလိုမဟုတ်ဘူး။ ဒီကလူတွေက ငွေကြေးနဲ့ပတ်သက်လာရင် ပိုးဟပ်တွေလို ဖြားဖြားဝပ်နေတဲ့လူတွေ။ ပိုးဟပ်ဆိုတာမျိုးက သူတို့အပေါ်ကို တစ်ယောက်ယောက်က လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်မှာတောင် ကြောက်နေတဲ့ဟာတွေလေ။

ကုန်စုံဆိုင်စာရေးက ငွေပြန်အမ်းတာ နှစ်ဆယ့်ငါးဆင့် လောက် လျော့နေရင် မြည်တွန်တောက်တီးလို့မဆုံးတော့တဲ့ လူစား တွေထဲ

ဖေဖေချမ်းသာ ဆက်ရှင်းပြသည်။

"ငါ့အကြိုက်ဆုံးကတော့ တက်ဆပ်ရဲ့ ခံယူချက်သဘော ထားပဲ။ သူတို့နိုင်တဲ့အခါသူတို့ဂုဏ်ယူတယ်။ လက်မထောင်တယ်။ သူတို့ရှုံးတဲ့အခါမှာတော့ ငါဘယ်လောက်တောင်ရှုံးသွားတာတွေဆို ပြီး ကြွားကြတယ်။ တက်ဆပ်ပြည်နယ်သားတွေရဲ့ လက်သုံးစကား ရှိတယ်။ "မွဲပြီးဟေ့ဆိုရင် ကုန်းကောက်စရာမရှိအောင်မွဲပစ်"တဲ့ လေ။ ဒီမှာရှိတဲ့လူများစုကတော့ နှစ်လွှာတိုက်ခန်းကလေးတစ်ခန်း ဝယ်ရောင်းလုပ်လို့ ရှုံးသွားတာကိုထုတ်ပြီးဝန်မခံချင်ကြဘူး။ သူတို့က ရှုံးမှာ ကြောက်လွန်းတော့ သူတို့မှာ ရှုံးရလောက်အောင် နှစ်လွှာတိုက်ခန်းလည်းမရှိကြဘူးလေ"

ငွေရေး ကြေးရေးအရမအောင်မြင်ခြင်းသည် အကြီးမား ဆုံးသော အကြောင်းရင်းတစ်ခုကြောင့်ဖြစ်ကြောင်း၊ ၎င်းအ ကြောင်းရင်းမှာ လူများစုသည် စိတ်ချရသည့်အလုပ်ကိုသာ လုပ်ချင်ကြခြင်းဖြစ်သည်ဟု ဖေဖေချမ်းသာက မိုက်နှင့်ကျွန်တော့် ကို မပြတ်သွန်သင်ဆုံးမ၏။

"လူတွေက ရှုံးမှာကို သိပ်ကြောက်လွန်းတဲ့အတွက် သူတို့ ရှုံးကုန်တာကွ" ဟူ၏။ အမေရိကန်လက်ပစ်ဘောအသင်း လက်ရွေး စင် ဖရန်တာကင်တန်ကတော့ပုံစံတစ်မျိုးဖြင့်ပြော၏။ "နိုင်တယ် ဆိုတာ ရှုံးမှာမကြောက်တာကိုပြောတာ"ဟု သူက အဓိပ္ပာယ်ဖွင့် သည်။

ကျွန်တော့်ဘဝမှာတော့ ရှုံးနိမ့်မှုနှင့် ကြုံရပြီးမှ အောင်မြင် မှုပေါ်ပေါက်လာလေ့ရှိကြောင်းသတိပြုမိ၏။ ကျွန်တော်စက်ဘီး မစီးတတ်မီဦးစွာ အကြိမ်ကြိမ်လဲကျခဲ့၏။ ပထမဦးစွာ အသင်း မကွဲဘဲ တကယ်တမ်းနှစ်နှစ်ကာကာ ချစ်တတ်သူတစ်ဦးတယော

ကျွန်တော်မတွေ့ဘူးပါ။ (ဂေါက်သီးဘောလုံးတစ်လုံးမျှ မပျောက်ဘူးသည့် ဂေါက်သီးသမားတစ်ဦးတစ်ယောက်ကို ကျွန်တော်မကြုံဘူးပါ။ နောက်ပြီး ငွေကြေး အရှုံးမပေါ်ဘူးသည့် လူချမ်းသာရယ်လို့ ကျွန်တော်တစ်ခါမျှ မဆုံဖူးပါချေ။)

သည်တော့ လူများစု စီးပွားရေးအရမအောင်မြင်ခြင်းမှာ ချမ်းသာခြင်းကြောင့် ခံစားရမည့် ပီတိထက် ငွေဆုံးရှုံးသွားသည့်အတွက် ခံစားရမည့် နာကျည်းမှုဝေဒနာကိုပိုပြီး ကြောက်နေသောကြောင့်ပင်။ တက်ဆပ်ပြည်နယ်၏ နောက်ထပ်လက်သုံးစကား ရှိသေးသည်။ "လူတိုင်းနိဗ္ဗာန်ကို ရောက်ချင်တယ်။ ဒါပေမဲ့ ဘယ်သူမှ မသေချင်ဘူး" ဟူ၏။ လူများစုသည် ချမ်းသာကြွယ်ဝဖို့ စိတ်ကူးယဉ်ကြ၏။ သို့သော် ငွေရှုံးမှာကို ကြောက်ကြ၏။ သည်တော့ သူတို့ဘယ်တော့မျှ နိဗ္ဗာန်သို့ မရောက်တော့ချေ။

ဖေဖေချမ်းသာက သူ တက်ဆပ်သို့သွားသည့်ခရီးစဉ်များအကြောင်းမိုက်နှင့် ကျွန်တော့်အား အမြဲလိုပြန်ပြောတတ်၏။ "စွန့်စားမှု၊ ဆုံးရှုံးမှု၊ ရှုံးနိမ့်မှုဆိုတာတွေကို ဘယ်လိုသဘောထားရမယ်ဆိုတာ မင်းတို့တကယ်တမ်းသင်ယူလေ့လာချင်သပ့ါဆိုရင် စန်အန်တိုနီယိုကိုသွား၊ ပြီးတော့အလာမိုမြို့ကလေးကို ရောက်အောင်ဝင်။ အလာမိုမြို့ကလေးအကြောင်းက သူရသတ္တိပြောင်မြောက်သူတွေရဲ့သမိုင်းကြောင်းပဲ။ သူတို့ရင်ဆိုင်နေရတဲ့ အခက်အခဲအကျပ်အတည်းအနေအထားအရသူတို့မနိုင်နိုင်ဘူးဆိုတာသိနေတယ်။ သူတို့ဟာ လက်မြှောက်အရှုံးပေးမယ့်အစား သေသည်ထိ တိုက်သွားဖို့ရွေးချယ်ခဲ့ကြတယ်လေ။ ဒီသမိုင်းကြောင်းဟာ စိတ်ဓာတ်တက်ကြွစရာကောင်းပြီး လေ့လာထိုက်တဲ့သမိုင်းကြောင်းတစ်ခုကွ။ ဘာပဲဖြစ်ဖြစ်ဒါဟာ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ စစ်ရေးရှုံးနိမ့်မှုတစ်ခုပါ။ သူတို့တွေဟာ လူးလိမ့်နေအောင် ခံလိုက်ရတယ်။ ပြောမယ်ဆိုရင်တော့ ရှုံးနိမ့်မှုပေါ့၊ သူတို့စစ်ရှုံးသွားတယ်။

ဒီတော့ ရှုံးနိမ့်မှုကို တက်ဆပ်နယ်သားတွေက ဘယ်လိုခံယူသလဲ။ သူတို့က အော်ဟစ်ကြိမ်မောင်းနေတုန်းပဲလေ 'အလာမိုဆိုတဲ့ နာမည်ကို မှတ်ထားကွ' တဲ့"

သည်ဇာတ်လမ်းကို မိုက်နှင့်ကျွန်တော်အကြိမ်ကြိမ်အခါခါ အခါကြားဖူးသည်။ ဖေဖေချမ်းသာက သူအချိုကြီးကိုင်ဖို့ ပြင်ဆင်နေပြီး စိုးရိမ်စိတ်တွေ ဝင်နေပြီဆိုလျှင် သည်ဇာတ်လမ်းကို ပြောတော့၏။ အလုပ်တစ်ခုကို သူကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ခဲ့ပြီး ဆက်လုပ်ရမလား၊ ကျောခိုင်းရမလားဝေခွဲမရ ဖြစ်နေချိန်မျိုးတွင် သူကသည်ဇာတ်လမ်းကို ပြောတော့၏။ သည်ဇာတ်လမ်းက သူ့ကို ခွန်အားများပေးသည်။ အကြောင်းမှာ သူ့အနေဖြင့် ငွေရေး ကြေးရေး ဆုံးရှုံးမှုကို ငွေရေး ကြေးရေး အမြတ်ရမှု ဖြစ်အောင် ပြောင်းပြန်လှန်ပစ်လို့ရကြောင်း သည်ဇာတ်လမ်းက သတိပေး နှိုးဆော်နေသောကြောင့်ပင်။ ရှုံးနိမ့်မှုတစ်ရပ်က သူ့အား ပိုတော် ပိုနပ်လာအောင်နှင့် ပို၍ကြွခိုင်တောင့်တင်းလာအောင် လုပ်ပေးလိမ့်မည်ဖြစ်ကြောင်း ဖေဖေချမ်းသာက သိနေသည်။ စင်စစ် ရှုံးနိမ့်မှုကို နှစ်သက်လိုလားသောကြောင့်မဟုတ်။ သူ ဘယ်လိုလူစားဆိုတာ သူ့ဘာသာသိနေသည်။ အရှုံးကို ဘယ်လိုရင်ဆိုင်မည်ဆိုတာ သူ့ဘာသာသိနေသည်။ သူက အရှုံးကို ရင်ဆိုင်ပြီး အနိုင်ရအောင် လုပ်မည့်သူ။ သည်သဘောထားသည်ခံယူချက်က တခြားသူတွေ မကျော်ဝံ့သည့်နယ်စည်း မျဉ်းကို သူကျော်ဖြတ်ဖို့ သတ္တိတွေရှိလာစေသည်။

"အဲဒါကြောင့် တက်ဆပ်နယ်သားတွေကို ငါသိပ်သဘောကျတာပေါ့။ သူတို့က ကြီးမားတဲ့ ရှုံးနိမ့်မှုကြီးကို ရင်ဆိုင်ပြီး အဲဒီမြို့ကလေးကို ကမ္ဘာလှည့်ခရီးသည်တွေလာကြည့်ရမယ့်နေရာဖြစ်အောင် ဖန်တီးခဲ့တယ်။ ဒီအတွက် သူတို့မြို့ကလေးဟာ သန်းပေါင်းများစွာရခဲ့တယ်လေ"

သို့သော် ယနေ့တိုင် ကျွန်တော့်ရင်ထဲစွဲနေသည့် သူ့စကားလုံးများမှာ ("တက်ဆပ်နယ်သားတွေက သူတို့ရဲ့ ရှုံးနိမ့်မှုတွေကို မြေမြှုပ်သင်္ဂြိုဟ်မပစ်ကြဘူး။ အဲဒီ ရှုံးနိမ့်မှုတွေကနေပြီး အားသစ်မာန်သစ်တွေ မွေးယူတယ်။ သူတို့က ရှုံးနိမ့်မှုတွေကို ရင်ဆိုင်ပြီး စည်းရုံးလှုံ့ဆော်သံတွေ၊ မာန်ချီကြွေးကြော်သံတွေအဖြစ် ပြောင်းလဲပစ်ကြတယ်။ ရှုံးနိမ့်မှုတွေက တက်ဆပ်နယ်သားတွေကို အောင်နိုင်သူများဖြစ်စေခဲ့တယ်။ ဒါပေမဲ့ အဲဒီပုံသေနည်းက တက်ဆက်နယ်သားတွေအတွက်သာ မဟုတ်ဘူးနော်။ အဲဒါဟာ အောင်နိုင်သူအားလုံးအတွက် ပုံသေနည်းပဲ")

ကျွန်တော်ပြောခဲ့သလိုပင် စက်ဘီးပေါ်က လိမ့်ကျခြင်းသည် စက်ဘီးစီးတတ်အောင် သင်ယူခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကျွန်တော်မှတ်မိနေသည်။ စက်ဘီးပေါ်မှ လိမ့်ကျခြင်းက ကျွန်တော့်အား စက်ဘီးစီးသင်ဖို့ ပိုပြီး သင်နိုင်ဖို့ဥ္စာန်ပြတ်စေခဲ့လေသည်။ သည့်ထက်မလျော့ခဲ့ပါ။ ဂေါက်သီးဘောလုံးတစ်လုံးမျှ မပျောက်ဘူးသော ဂေါက်ရိုက်သမားရယ်လို့မရှိကြောင်းလည်း ကျွန်တော်ပြောခဲ့၏။ ထိပ်တန်းကြေးစား ဂေါက်ရိုက်သမားဖြစ်ဖို့ ဘောလုံးတစ်လုံးပျောက်ခြင်း သို့မဟုတ် ပြိုင်ပွဲတစ်ပွဲရှုံးခြင်းက သူတို့အား ပိုတော်အောင် ကြိုးစားချင်စိတ် နိုးကြွစေ၏။ ပိုပြီးလက်ကြောတင်းတင်းလေ့ကျင့်စေ၏။ ပိုမို့လေ့လာဆည်းပူးစေ၏။ အောင်နိုင်သူများအတွက် ရှုံးနိမ့်ခြင်းက အားသစ်မာန်သစ်များပေါက်ဖွားစေ၏။ အရှုံးသမားများအတွက်မူ ရှုံးနိမ့်ခြင်းက သူတို့အား လက်မြှောက်အရှုံးပေးစေ၏။

ရှုံးနိမ့်မှုက အောင်နိုင်သူများအား ဇာတိမာန်များနိုးကြွစေ၏။ ရှုံးနိမ့်မှုက အရှုံးသမားအားအညံ့ခံစေ၏။ ဤကား အောင်နိုင်သူများ၏ အကြီးမားဆုံး လျှို့ဝှက်ချက်ပေတည်း။ ဤကား အရှုံးသမားများ မသိသည့် လျှို့ဝှက်ချက်ဖြစ်၏။ အောင်နိုင်သူများ၏

အကြီးမားဆုံး လျှို့ဝှက်ချက်မှာ ရှုံးနိမ့်မှုက အောင်နိုင်မှုဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးသည်ဆိုသည့် အချက်ဖြစ်၏။

အရှုံးကို မုန်းတီးခြင်း၊ မနှစ်မြို့ခြင်းနှင့် အရှုံးကို ကြောက်ခြင်းသည် ကွာခြား၏။ အကြီးအကျယ်ကွာခြား၏။ အရှုံးကို မုန်းခြင်းက နောက်တစ်ခါ အနိုင်ရအောင် မာန်တက်စေ၏။ လူများစုသည် ငွေရှုံးမှာ ကြောက်လွန်းသည့်အတွက် ငွေတွေ ဆုံးရှုံးကြရ၏။ သူတို့သည် နှစ်လွှာတိုက်ခန်းတစ်ခန်းဖြင့် မွဲသွားကြသည်။(စီးပွားရေးအားဖြင့် သူတို့သည် သိပ်စိတ်ချရပြီးသိပ်သေးငယ်လွန်းသောအလုပ်များကို လုပ်ကြ၏။) သူတို့ အိမ်ကြီးရခိုင်တွေ ဝယ်၏။ ရောမကားကြီးတွေ ဝယ်၏။ သို့သော် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုကိုတော့ မလုပ်ကြ။(အမေရိကန်ပြည်သူ ၉၀ ရာခိုင်နှုန်းကျော်ကျော် စီးပွားရေး မပြေလည်ခြင်း၏ အဓိက အကြောင်းရင်းမှာ သူတို့က ကစားပွဲကို မရှုံးအောင်ကစားကြသောကြောင့်ဖြစ်၏။ သူတို့သည် နိုင်အောင်မကစားကြပါချေ။) ✱

တချို့က တည်ငြိမ်မှုရှိသော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြ၏။ အကျိုးခံစားခွင့်နည်းသော ငွေချေးစာချုပ်များ၊ အကျိုးတူအပ်နှံငွေများစသည်ဖြင့်။ ဤရင်းနှီးမြှုပ်နှံမှုမျိုးက အန္တရာယ်ကင်းသည်။ စိတ်ချရသည်။ သင့်တင့်လျောက်ပတ်သော ရင်းနှီးမြှုပ်နှံမှုဖြစ်၏။ သို့ပေမဲ့ သည်အလုပ်မျိုးက အောင်နိုင်ခြင်း သရဖူဆောင်းမည့် ရင်းနှီးမြှုပ်နှံမှုမျိုးမဟုတ်။ သည်အလုပ်မျိုးက မရှုံးအောင် ကစားသူတို့လုပ်သည့်အလုပ်မျိုးဖြစ်၏။

ကျွန်တော့်ကို အထင်မမှားပါနှင့်။ ဘာပဲဖြစ်ဖြစ် တည်ငြိမ်သော ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှု လုံးဝမရှိခြင်းထက်တော့ တော်သေးသည်။ ဤအလုပ်မျိုးက လုံခြုံစိတ်ချရမှုကို မြတ်နိုးသူတို့လုပ်သော အလုပ်မျိုးပါ။ သို့သော် သင့်ရင်းနှီးမြှုပ်နှံမှုကို တည်ငြိမ်ပြီးစိတ်ချရသည့် နည်းဖြင့် ပြုလုပ်ခြင်းသည်

အောင်မြင်သော ရင်းနှီးမြှုပ်နှံသူတွေ လုပ်သော နည်းမဟုတ်။ သင့်မှာ ငွေနည်းနည်းပဲရှိသည်။ နောက်ပြီး ချမ်းသာချင်သည် ဆိုလျှင် သင်သည်ဦးစွာ 'အာရုံစူးစိုက်မှုပြတ်သား' ရမည်။ ဟန်ချက်ညီအောင် 'ချိန်'ဆမနေရပါ။ ချိန်ဆသူများသည် ဘယ်ကိုမျှ ခရီးမပေါက်။ သူတို့သည် တစ်နေရာတည်းမှာ ရပ်နေကြသည်။ တိုးတက်မှုရလိုလျှင် ကနဦးပိုင်းတွင် ချိန်ဆမနေရပါ။ သင်လမ်းလျှောက်သင်ခါစ အချိန်ကိုပြန်တွေးကြည့်ပါ။

သင့်မှာ ကြွယ်ဝချမ်းသာလိုစိတ်ရှိလျှင် သင့်အနေဖြင့် အာရုံစိုက်မှုပြတ်သားရပါမည်။ ကြက်ဥတွေ အများကြီးကို အနည်းငယ်မျှသော ခြင်းတောင်းတွေထဲထည့်ပါ။ လူလတ်တန်းစားတွေနှင့် ဆင်းရဲသားတွေလုပ်သည့်အလုပ်မျိုးမလုပ်ပါနှင့်။ ကြက်ဥ အနည်းအကျဉ်းကို မြောက်မြားစွာသော ခြင်းတောင်းတွေထဲ ထည့်ခြင်းမျိုး။

သင်သည် အရှုံးကို မုန်းသူဖြစ်လျှင် စိတ်ချရသော အလုပ်ပဲလုပ်ပါ။ အရှုံးကသင့်အား ချည့်နဲ့စေသည်ဆိုလျှင် စိတ်ချရသော အလုပ်ပဲလုပ်ပါ။ ဟန်ချက်ညီအောင်ချိန်ဆထားသော အလုပ်မျိုးပဲလုပ်ပါ။ သင့်အသက် ၂၅ နှစ်ကျော်နေပြီး စွန့်စားရမှာကြောက်သည်ဆိုလျှင် စိတ်မပြောင်းပါနှင့်။ စိတ်ချရသည့် အလုပ်ပဲလုပ်ပါ။ သို့သော် စောစောစီးစီးစလုပ်ပါ။ သင်၏ ချွေးနဲ့စာများကို စောစာစီးစီးစတင်စုဆောင်းပါ။ ဘာ့ကြောင့်ဆို ကြက်ဥတွေများလာဖို့ အချိန်ယူရမည်ဖြစ်သောကြောင့်။

သို့သော် သင့်မှာလွတ်မြောက်လိုသည့် ရည်မှန်းချက်များရှိသည်၊ ဆင်းရဲခြင်းသံသရာမှလွတ်မြောက်ဖို့ ရည်သန်ထားသည်ဆိုလျှင် သင့်ကိုယ်သင် မေးရမည့်ပထမဆုံးမေးခွန်းမှာ "ရှုံးနိမ့်မှုကို ငါဘယ်လိုတုံ့ပြန်မလဲ" ဟူ၍။ အကယ်၍ ရှုံးနိမ့်မှုက သင့်အား ဇာတိမာန်များတက်ကြွစေသည်ဆိုလျှင် စွန့်စားသည့်အလုပ်ကို

လုပ်သင့် လုပ်ရပါမည်။ သို့သော် လုပ်သင့်လုပ်ရမည်ဟုသာ ပြောပါသည်။ ရှုံးနိမ့်မှုများက သင့်အား အင်အားချည့်နဲ့စေသည် သို့မဟုတ် သင့်အား ဒေါသအမျက်ခြောင်းခြောင်းထွက်စေသည်ဆိုလျှင် သို့မဟုတ် မိမိထင်ကြေးမကိုက်တိုင်း တရားစွဲချင်စိတ်ပေါက်တတ်သည်ဆိုလျှင် စိတ်ချရသည့်အလုပ်ပဲလုပ်ပါ။ လခစားအလုပ်ကိုလုပ်။ သို့မဟုတ် ငွေချေးစာချုပ်တွေဝယ်။ အကျိုးတူရန်ပုံငွေတွေမှာထည့်ဝင်။ သို့သော် ထိုအလုပ်များသည် ပို၍ စိတ်ချရသည့်တိုင် စွန့်စားရခြင်းတော့ရှိကြောင်းနှလုံးသွင်းထားပါ။

တက်ဆပ်ပြည်နယ်နှင့် ဖရန်တာကင်တန်တို့အကြောင်း အပါအဝင် ကျွန်တော်ပြောစရာရှိသည်များကို ပြောပြပါသည်။ အတယ်ကြောင့်ဆိုသော် ရပိုင်ခွင့်ကဏ္ဍတွင် ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြည်းဖြည်းချင်းစုဆောင်းရသည်မှာ လွယ်ကူသောကြောင့်ဖြစ်၏။ သည်အလုပ်မှာ ပင်ကိုစွမ်းရည်၊ ကိုယ်စွမ်းကိုယ်စကြီးကြီးမားမား မလိုသည့်အလုပ်ဖြစ်၏။ ပဉ္စမတန်း ဂဏန်းသင်္ချာလောက် တတ်ကျွမ်းလျှင် လုပ်လို့ရသည့်အလုပ်ဖြစ်၏။ သည်အလုပ်လုပ်ဖို့ ပညာတွေမြင့်မြင့်မားမားတတ်ဖို့မလို။ သို့ရာတွင် မိမိရင်းနှီးထားသည့်ကိုယ်ပိုင်ပစ္စည်းများကို လောင်းကြေးထပ်သည့်အလုပ်မျိုးကျတော့ စိတ်နိုင်ရမည့် ကစားပွဲဖြစ်လာပြီ။ သည်ကစားပွဲမျိုးမှာ ဝင်နွှဲဖို့သတ္တိ၊ စိတ်ရှည်မှုနှင့် ရှုံးနိမ့်မှုကို ခံယူတတ်ဖို့လိုအပ်လာပြီဖြစ်၏။ (အရှုံးသမားများက အရှုံးကို ရှောင်ရှားကြ၏။ ရှုံးနိမ့်မှုက ရှုံးနိမ့်သူများကို အောင်နိုင်သူများအဖြစ်ပြောင်းပြန်လှန်ပစ်တတ်၏။) အလာမိုမြို့ကလေးကို သတိရနေပါလေ။

**အကြောင်းရင်း ၂ ။ အဆိုးမြင်သဘောထားကို ကျော်လွှားခြင်း**

"မိုးပြိုလာပြီ၊ မိုးပြိုလာပြီ"ဆိုသော စကားပါသည့် ပုံပြင်ကို ကျွန်တော်တို့အများစု ကြားဖူးကြ၏။ ထိုအထဲက ဇာတ်ကောင်မှာ

'ကြက်ငကြောက်ကလေး'။ သူက ကြက်ခြံကြီးတစ်ခုလုံးကို လှည့်ပတ်ပြေးလွှားပြီး ကမ္ဘာကြီးပျက်တော့မည့်အကြောင်း အော်ဟစ် သတိပေးသူ။ လူတွေထဲမှာလည်း ကြက်ငကြောက်ကလေးလို လူတွေရှိကြောင်းကျွန်တော်တို့အားလုံးသိကြသည်။ သို့သော် ကျွန်တော်တို့အားလုံး၏ ရင်ထဲတွင် ကြက်ငကြောက်ကလေး တစ်ကောင်စီရှိနေပါသည်။

စောစောက ကျွန်တော်ပြောခဲ့သည့်အတိုင်း အဆိုးမြင်သဘောထားသည် ကြက်ငကြောက်ကလေးပင်ဖြစ်၏။ ကြောက်စိတ်နှင့် သံသယစိတ်က ကျွန်တော်တို့အတွေးများကို လွှမ်းခြုံလာသောအခါ ကျွန်တော်တို့ စိတ်ထဲတွင် ကြက်ငကြောက်ကလေးတစ်ကောင်ရောက်လာတော့၏။

ကျွန်တော်တို့အားလုံးတွင် သံသယစိတ်များရှိသည်။ "ကျွန်တော်က မတော်ဘူး"၊ "ကျွန်မကအရည်ချင်းရှိသင့်သလောက်မရှိဘူး"၊ "ဘယ်သူဘယ်ဝါကတော့ ကျွန်တော့်ထက် တော်တယ်"။ သို့တည်းမဟုတ် ကျွန်တော်တို့၏ သံသယများက ကျွန်တော်တို့အားအကြောသေသွားစေ၏။ ကျွန်တော်တို့က 'တကယ်လို့' ကစားပွဲကိုကစားကြ၏။ "တကယ်လို့ ကျုပ်ရင်းနှီးမြှုပ်နှံပြီးပြီးချင်း စီးပွားရေးပျက်ကပ်နဲ့ တိုးနေရင် ဘယ်လိုလုပ်မလဲ"၊ "တကယ်လို့ အခြေအနေတွေက ကျုပ်စီမံထားသလိုဖြစ်မလာရင် ဘာလုပ်ကြမလဲ" သို့မဟုတ်ပါကလည်း ကျွန်တော်တို့က မေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ ကျွန်တော်တို့၏ မိတ်ဆွေများ သို့မဟုတ် ကျွန်တော်တို့ချစ်မြတ်နိုးသူများက ကျွန်တော်တို့၏ ချို့ယွင်းချက်များကိုထောက်ပြလာလျှင် ဘာလုပ်ကြမည်လဲ။ "မင်းဘယ်လိုဖြစ်ပြီး အဲဒါကိုလုပ်လိုရမယ်လို့ အတွေးပေါက်သွားရတာလဲ" သို့မဟုတ် "အဲဒီစိတ်ကူးက အဲဒီလောက်ကောင်းနေမှတော့ ဘာဖြစ်လို့ တစ်ယောက်ယောက်ကထမလုပ်သေးတာလဲ" သို့မဟုတ် "အဲဒီ စိတ်ကူးကတော့

ဘယ်တော့မှ အလုပ်ဖြစ်မှာမဟုတ်ဘူး။ မောင်ရင် ဘာပြောနေသလဲဆိုတာ ကိုယ့်ဘာသာကိုယ်မသိပါဘူးကွာ" အဆိုပါ သံသယစကားလုံးများမှာ ကျယ်လောင်လွန်းသည့်အတွက် ကျွန်တော်တို့လုပ်စရာရှိသည်ကို မလုပ်ဖြစ်တော့ချေ။ ကျွန်တော်တို့ရင်ထဲမှာ ထိတ်လန့်စရာခံစားချက်တွေဖွံ့တည်လာတော့၏။ တစ်ခါတလေ အိပ်လို့မရ။ ကျွန်တော်တို့ရှေ့ဆက် မတိုးဖြစ်တော့။ သို့ဖြင့် လုံခြုံစိတ်ချရသည့်တစ်နေရာမှာပဲ ရပ်နေလိုက်၏။ ထိုအခါ အခွင့်အလမ်းများက ကျွန်တော်တို့ကို ဖြတ်ကျော်သွားတော့၏။ ကျွန်တော်တို့သည် ရင်ထဲမှာကြောက်စိတ်ကြီးကို ပွေ့ဖက်ပြီး မလှုပ်နိုင် မရှားနိုင်ဘဲ အချိန်တွေ ကုန်လွန်သွားသည်ကို ထိုင်ကြည့်ကြသည်။ သည်လိုခံစားချက်မျိုး ကျွန်တော်တို့အားလုံး တစ်သက်မှာ တစ်ကြိမ်တော့ ခံစားရဖူးသည်ချည်း။ တချို့က အခြားသူများထက် ပိုပြီး အကြိမ်ရေများများခံစားရဖူးသည်။

ဖီဒယ်လတီ မက်ဂယ်လန် အကျိုးတူရန်ပုံငွေအဖွဲ့မှ ပီတာလင့်ချ် (Peter Lynch) ကတော့ မိုးပြိုပြီကဲ့သို့သော သတိပေးစကားများကို 'အသံဘလ်'ဟု ကင်ပွန်းတပ်၏။

'အသံဘလ်' သည် ကျွန်တော်တို့ ခေါင်းထဲမှာ ဖန်တီးပေါ်ပေါက်လာတတ်သလို ပြင်ပမှလည်း ဖန်တီးဖြစ်ပေါ်လာတတ်၏။ မကြာမကြာဆိုသလို မိတ်ဆွေများထံမှ၊ လုပ်ဖော်ကိုင်ဖက်များထံမှ ပြီးတော့ လူထုဆက်သွယ်ရေးသတင်းဌာနများမှ။ လင့်ချ်က ၁၉၅၀ ပြည့်လွန်နှစ်များအကြောင်းပြန်ပြောပြသည်။ ထိုစဉ်က ချူကလီးယားစစ်ပွဲဖြစ်တော့မည်ဆိုသော သတင်းကတော်တော်ကြီး တာစားနေသည်။ လူတွေသည် ဗုံးခိုကျင်းတွေဆောက်၊ အစားအစာနှင့်သောက်ရေတွေ စုဆောင်းခြင်းပြုလုပ်ကြသည်။ သူတို့သာ အမြော်အမြင်ရှိရှိဖြင့် ငွေကုန်ကျစရိတ်တွေကို ရင်းနှီးမြှုပ်နှံမှုတစ်ခုခု ပြုလုပ်ခဲ့လျှင် သူတို့သည် ယခုချိန်တွင် စီးပွားရေးအရ အမှီခိုကင်း

သူများဖြစ်နေကြပေမည်။

လွန်ခဲ့သည့်နှစ်အနည်းက လော့စ်အိန်ဂျလိစ်မြို့တွင် အဓိကရုဏ်းများ ပေါ်ပေါက်လာသောအခါ တစ်တိုင်းတစ်ပြည်လုံးတွင် သေနတ်တွေ အရောင်းတက်ခဲ့လေသည်။ ဝါရှင်တန်ပြည်နယ်တွင် ဟမ်ဘာဂါထဲမှာပါသည့်အသားကြောင့် လူတစ်ဦးသေဆုံးသွားသည်။ ထိုအခါ အရီဇိုးနား ကျန်းမာရေးဝန်ကြီးဌာနက အမဲသားများကို ဂရုတစိုက် ချက်ပြုတ်ကြဖို့ စားသောက်ဆိုင်အားလုံးသို့ သတိပေးနှိုးဆော်ခဲ့လေသည်။ ဆေးကုမ္ပဏီတစ်ခုက နိုင်ငံတော် ရုပ်မြင်သံကြားအစီအစဉ်ကြော်ငြာကဏ္ဍတွင် လူတွေ အအေးမိတုပ်ကွေးဖြစ်နေပုံကို ပြသကြော်ငြာလိုက်၏။ ကြော်ငြာကို ဖေဖော်ဝါရီလထဲမှာပြသည်။ အအေးမိ၊ တုပ်ကွေးဖြစ်သည့် ရောဂါတွေ နေ့ချင်းညချင်းအဖြစ်များလာပြီး တုပ်ကွေးပျောက်ဆေးလည်း ရောင်းကောင်းသွားတော့၏။

လူတွေအများစုဆင်းရဲနေကြသည်။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်လာလျှင် ကမ္ဘာပေါ်တွင် 'မိုးပြိုလာပြီ၊ မိုးပြိုလာပြီဟု' လျှောက်အော်ပြေးနေသည့် ကြက်ကြောက်ကလေးတွေ ပြည့်နှက်နေသောကြောင့်ဖြစ်၏။ ကြက်ကြောက်ကလေးတွေကလည်း ထိရောက်သည်။ ဘာ့ကြောင့်ဆို ကျွန်တော်တို့အားလုံးသည်လည်း အနည်းအကျဉ်းတော့ ကြက်ကြောက်ဖြစ်နေသောကြောင့်ပင်။ သံသယစိတ်တွေ၊ ကြောက်စိတ်တွေကို ကမ္ဘာကြီးပျက်တော့မည်ဆိုသည့် စကားများ၊ ကောလာဟလစကားများက ဩဇာလွှမ်းမိုးမှုကို လက်သင့်မခံရန် တော်တော်ကြီးသတ္တိရှိဖို့လို၏။

၁၉၉၂ ခုနှစ်က ရစ်ချတ်ဆိုသည့် ကျွန်တော့်မိတ်ဆွေတစ်ဦးသည် ကျွန်တော်တို့လင်မယားရှိရာ ဖီးနစ်သို့ လာတွေ့သည်။ ကျွန်တော်တို့နှစ်ယောက်အလုပ်လုပ်နေပုံကို ကြည့်ပြီး သူအားကျနေသည်။ ဖီးနစ်၏ အိမ်မြေဈေးတွေက ကျဆင်းနေသည်။

ကျွန်တော်တို့သည် နှစ်ရက်တိုင်တိုင် အချိန်ယူပြီး ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံးအခြေအနေများကို ရှာပြသည်။

ကျွန်တော်တို့လင်မယားက အိမ်မြေပွဲစားများမဟုတ်။ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံသူတွေ။ အပန်းဖြေစခန်းရှိသည့် အရပ်ဒေသရှိ အိမ်တစ်လုံးကို စစ်ဆေးကြည့်ရှုပြီး ပွဲစားနှင့်ဆက်လိုက်၏။ ပွဲစားက ၎င်းအိမ်ကို ရစ်ချတ်အားရောင်းလိုက်၏။ အိပ်ခန်း နှစ်ခန်းပါ အိမ်တစ်လုံး၏ ဈေးနှုန်းမှာ ဒေါ်လာ ၄၂,၀၀၀ သာရှိ၏။ အလားတူအိမ်များ၏ ပေါက်ဈေးမှာ ဒေါ်လာ ၆၅,၀၀၀ ဖြစ်နေသည်။ ရစ်ချတ် ချိုချိုချောင်ချောင်ရသွားခြင်း။ သူက တက်တက်ကြွကြွဖြင့် ထိုအိမ်ကိုဝယ်ပြီး ဘော့စတွန်သို့ ပြန်သွားသည်။

သီတင်းနှစ်ပတ်ကြာသောအခါ ရစ်ချတ်သည် နောက်ဆုတ်သွားကြောင်း ပွဲစားက ကျွန်တော့်ထံ လှမ်းအကြောင်းကြားသည်။ ကျွန်တော်ချက်ချင်းဖုန်းဆက်ပြီး အကျိုးအကြောင်းမေးကြည့်သည်။ ရစ်ချတ်က သူ့အိမ်နီးချင်းတစ်ဦးနှင့် စကားပြောဖြစ်သည့် အကြောင်း၊ ထိုလူက သူ ဈေးကြီးမိသွားကြောင်း ပြောသည်ဆို၏။

သူ့အိမ်နီးချင်းက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်သူလားဟု ကျွန်တော်မေးကြည့်တော့ မဟုတ်ကြောင်း ရစ်ချတ်က ဖြေသည်။ သို့ဆိုလျှင် ဘာကြောင့် ထိုလူ့စကားကို နားထောင်ရသလဲဟု ကျွန်တော်မေးတော့ ရစ်ချတ်က သူစောင့်ကြည့်ချင်လို့ဟု ကာပြောပြောသည်။

ဖိးနစ်မြို့အိမ်မြေဈေးကွက်သည် ၁၉၉၄ တွင် ပြန်ပြီး ဦးမော့လာသည်။ ရစ်ချတ်မဝယ်လိုက်သည့် အိမ်ကလေးသည် ငှားခတစ်လဒေါ်လာ ၁,၀၀၀ ရနေသည်။ ဆောင်းတွင်းလို ဈေးအမြင့်ဆုံးအချိန်တွင်ဒေါ်လာ ၂,၅၀၀ ထိရသည်။ ၁၉၉၅ တွင် ထိုမ်ကလေးသည် ဒေါ်လာ ၉၅,၀၀၀ တန်နေပြီ။ ရစ်ချတ်လက်ငင်း

ငွေချေရမည်မှာ ဒေါ်လာ ၅,၀၀၀သာဖြစ်ရာ သူ့အတွက် စီးပွားရေးအရ ကိုယ်ခြေပေါ် ကိုယ်ရပ်နိုင်ဖို့ လမ်းစဖြစ်ပေသည်။ ယနေ့ထိလည်း ရစ်ချတ်ဘာဆိုဘာမျှမလုပ်သေး။ ဖိုးနှစ်မှာ အရောင်းအ၀ယ်တွေ ဖြစ်နေဆဲ။ နည်းနည်းကလေးပိုအားထုတ်ပြီး ရှာဖွေဖို့သာလိုသည်။

ရစ်ချတ်နောက်ပြန်ဆုတ်သွားခြင်းကို ကျွန်တော်မအံ့ဩပါ။ ထိုသို့ဖြစ်ခြင်းကို 'ဝယ်သူ့နောင်တ'ဟုခေါ်သည်။ ကျွန်တော်တို့အားလုံးလည်း ထိုသို့ဖြစ်တတ်သည်။ ကျွန်တော်တို့ကို နှိပ်စက်သွားသည်မှာ ဒွိဟစိတ်များဖြစ်၏။ ကြက်ကြောက်ကလေးက အနိုင်ယူသွားသည်။ လွတ်လပ်ပြီးအမှီခိုကင်းသော ဘဝရမည့် အခွင့်အလမ်းကတော့ ဆုံးရှုံး ပျောက်ပျက်သွားသည်။

ဆိုလိုရင်းမှာ လူတွေဆင်းရဲနေအောင်၊ စိတ်ချရသော အလုပ်ပဲလုပ်ကိုင်ကြအောင် ဒွိဟစိတ်များနှင့် အဆိုးမြင်သဘောထားများက လွှမ်းမိုးနေသည်ဆိုသည့်အချက်ဖြစ်၏။ ✱ လက်တွေ့ကမ္ဘာလောကက သင့်အားချမ်းသာကြွယ်ဝစေမည့် အခွင့်အလမ်းတွေ ပေးဖို့စောင့်နေ၏။ လူတစ်ယောက်၏ ဒွိဟစိတ်တွေကသာ သူ့ကို ဆင်းရဲတွင်းထဲ ဆွဲနှစ်ထားခြင်းဖြစ်၏။ ကျွန်တော်ပြောခဲ့သည့်အတိုင်း ဆင်းရဲခြင်းဒွိဟရာမှ လွတ်မြောက်ရန် နည်းစနစ်ပိုင်းအရလွယ်ပါသည်။ ပညာတွေ သိပ်တတ်ဖို့ မလို။ သို့သော် အဆိုပါဒွိဟစိတ်များကား လူများစုအား လူညွှန့်တုံးစေသည့်အဖျက်လက်နက်များဖြစ်ပါသည်။

"အဆိုးမြင်ဝါဒီတွေဟာ ဘယ်တော့မှအနိုင်မရဘူး"ဟု ဖေဖေချမ်းသာက ပြောသည်။ "ကြောင်းကျိုးမဲ့ဒွိဟစိတ်နဲ့ ကြောက်စိတ်က အဆိုးမြင်ဝါဒီဖြစ်လာအောင် ပုံဖော်ပေးတယ်။ အဆိုးမြင်သမားတွေက ဝေဖန်တယ်။ အောင်နိုင်သူတွေကတော့ စိစစ်သုံးသပ်တယ်ကွ" ဤစကားသည် ဖေဖေချမ်းသာ၏ လက်သုံး

စကားနောက်တစ်ခုဖြစ်၏။ ဝေဖန်ရေးကအမြင်ကန်းစေပြီး စိစစ်သုံးသပ်ခြင်းက မျက်လုံးများကို ဖွင့်ပေးကြောင်း သူတဆက်ရှင်းပြသည်။ စိစစ်သုံးသပ်ခြင်းက ဝေဖန်ရေးသမားများသည် အမြင် ကန်းနေကြောင်း အောင်နိုင်သူများအား သိစေ၏။ နောက်ပြီး အမြင်လျှမ်းနေသည့် အခွင့်အလမ်းများကို မြင်တွေ့စေ၏။ (လူတွေ မတွေ့မမြင်သည့်အရာကို ရှာဖွေဖော်ထုတ်တတ်ခြင်းသည် ဘယ်အောင်မြင်ရေးအတွက်မဆို အရေးကြီးသောသော့ချက်ပေတည်း။)

၁၉၉၆ ခုနှစ်ဒီဇင်ဘာလထဲတွင် မိတ်ဆွေတစ်ယောက်နှင့် အတူနီးနားဝန်းကျင်ရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်ရှေ့မှ ကားဖြတ်မောင်းသွားကြသည်။ မိတ်ဆွေဖြစ်သူက မော့ကြည့်ပြီး ဓာတ်ဆီဈေးတက်သွားသည်ကို သတိထားလိုက်မိ၏။ မိတ်ဆွေကား အလကားနေရင်း စိုးရိမ်သောကပွားနေတတ်သူ သို့မဟုတ် ကြက်ငကြောက်ကလေးတည်း။ သူ့အတွက်တော့ မိုးကအမြဲတမ်းပြိုနေသည်။ ဟုတ်သည်၊ သူ့အပေါ်ကိုတော့ ပြိုလေ့လည်းရှိ၏။

အိမ်ပြန်ရောက်ကြတော့ နောက် နှစ်အနည်းငယ်အတွင်း ဓာတ်ဆီဈေးတွေ ဘယ်လိုအကြောင်းများကြောင့် တက်ဦးမည်ဖြစ်ကြောင်းကို သူက စာရင်းဇယားတွေနှင့် အထောက်အထားပြပြီး ပြောသည်။ လက်ရှိရေနံကုမ္ပဏီတစ်ခုတွင် ကျွန်တော့်ရှယ်ယာတွေ ရှိနေသည့်တိုင် ကျွန်တော်တစ်ခါမျှ မမြင်ဖူးသည့် စာရင်းဇယားတွေ၊ သူပြောသည့်သတင်းကို ကိုင်ပြီး လောလောဆယ် ဈေးသိပ်မရှိသည့် ရေနံကုမ္ပဏီအသစ်တစ်ခုမှ ရှယ်ယာများကို ဝယ်လိုက်၏။ ၎င်းကုမ္ပဏီမှ အစုရှယ်ယာ ၁၅,၀၀၀ ကို တစ်စုလျှင် ၆၅ ဆင့်ဖြင့်ဝယ်လိုက်၏။

၁၉၉၇ ဖေဖော်ဝါရီလထဲတွင် အဆိုပါ မိတ်ဆွေနှင့်ပင် ထိုဓာတ်ဆီဆိုင်ရှေ့မှ ဖြတ်သွားမိကြပြန်သည်။ သေချာနေတာ

တစ်ခုကတော့ ဓာတ်ဆီဈေးတက်နေခြင်းပင်။ ၁၅ ရာခိုင်နှုန်း လောက်တက်သွားသည်။ ကိုရွှေ 'ကြက်ငကြောက်က' အပြစ်တင် သည်းညည်းပူပန်သောကပွားပြန်တော့၏။ ကျွန်တော် ပြုံးနေလိုက်၏။ အဘယ်ကြောင့်ဆိုသော် ၁၉၉၇ ခုနှစ်ဇန်နဝါရီလထဲတွင် ကျွန် တော့်ရှယ်ယာတွေဝယ်ထားသည့် ရေနံကုမ္ပဏီက ရေနံတွေ့သွား ကြောင်း သိနေသောကြောင့်ဖြစ်၏။ ၆၅ ဆင့်ဖြင့်ဝယ်ခဲ့သည့် အစုရှယ်ယာတစ်စုသည် ယခု သုံးဒေါ်လာကျော်နေပြီ။ ကျွန်တော့် မိတ်ဆွေပြောတာသာမှန်လျှင် ဓာတ်ဆီဈေးက ဆက်တက်လိမ့်ဦး မည်။

သူတို့၏ ကြက်ငကြောက်ကလေးက စိစစ်သုံးသပ်ခြင်းပြု လုပ်မည့်အစား သူတို့၏ အသိအမြင်ကို ဘောင်ကန့်ထားခဲ့ကြလေ သည်။

ထို့ကြောင့် သူတို့တစ်တွေ တွန့်ဆုတ်တွန့်ဆုတ် ရှောင်ဖယ် ရှောင်ဖယ်လုပ်နေပြီဆိုလျှင် သူတို့ခေါင်းထဲမှာ 'အသံဘလံ'တွေ ထွက်နေပြီဖြစ်ကြောင်း၊ ၎င်းအသံဘလံတွေက သူတို့ဦးနှောက်ကို စိုးမိုးချုပ်ကိုင်ပြီး သံကုန်ကျူးအော်နေပြီဖြစ်ကြောင်း ကျွန်တော်သိ နေ၏။

ဖေဖေချမ်းသာက ကြက်ငကြောက်ကလေးကို တစ်နည်း တစ်ဖုံ ကြည့်တတ်အောင် အားထုတ်ဖို့ပြောပြခဲ့သည်။ "ဗိုလ်မှူး ကြီး စန်းဒါးစ်လုပ်သလိုသာလုပ်ကွာ"ဟုလည်းပြောသည်။ ဗိုလ်မှူး ကြီး စန်းဒါးစ်သည် အသက် ၆၆ နှစ်အရွယ်တွင် သူ့စီးပွားရေး လုပ်ငန်းပြုတ်သွားပြီး လူမှုဖူလုံရေး ထောက်ပံ့ငွေဖြင့်နေရ၏။ သို့သော် လည်စင်းခံမနေ။ သူကတိုင်းပြည်တစ်ခွင် တစ်ပြင်လှည့် လည်ပြီး သူ၏ကြက်ကြော်နည်းကို ရောင်းချဖို့ ကြိုးစားသည်။ နောက်ဆုံး 'ကြည့်တာပေါ့' ဟူသောစကားတစ်ခွန်းကို မကြားရမီ သူသည် ငြင်းပယ်မှုပေါင်း ၁,၀၀၉ ကြိမ်တိတိ ရင်ဆိုင်ခဲ့ရ၏။

သို့ဖြင့် လူများစု အလုပ်မလုပ်တော့သည့် အသက်အရွယ်ကျမှ သူက သန်းကြွယ်သူဌေးကြီးဖြစ်လာသည်။ "ဒီလူက ရဲဝံ့ပြီး ဥာဏ်ကြီးတဲ့လူကွ" ဟု ဟာလန်စန်းဒါးစ်နှင့် ပတ်သက်၍ ဖေဖေချမ်းသာက ပြောပြလေသည်။

သည်တော့ သင်သည် သံသယစိတ်တွေပေါ်ပြီး နည်းနည်းကလေးကြောက်နေပြီဆိုလျှင် ဗိုလ်မှူးကြီးစန်းဒါးစ်လုပ်သလိုသာလုပ်ပစ်လိုက်ပါ။ ထိုကြွက်ကို ကြော်ပစ်လိုက်။

**အကြောင်းရင်း ၃ ။ ပျင်းရိခြင်း**

အလုပ်များသူများသည် အပျင်းဆုံးလူတွေဖြစ်နေတတ်၏။ ငွေရရေးအတွက် ကြိုးစားပမ်းစားအလုပ်လုပ်သည့် စီးပွားရေးသမားတွေ၏ ဇာတ်လမ်းများကို ကျွန်တော်တို့အားလုံးကြားဖူးကြ၏။ သူက သူ့မိသားစုနှင့်သူ့ဇနီးအား ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်သူဖြစ်အောင် အလုပ်ကိုကြိုးစား၏။ ရုံးခန်းမှာ ညဥ့်နက်သန်းကောင်တိုင်အောင် အလုပ်လုပ်သည်။ သီတင်းပတ်ကုန်ရက်များတွင် အိမ်သို့ အလုပ်တွေယူလာသည်။ တစ်နေ့ သူအိမ်ပြန်လာတော့ သူ့အိမ်မှာ ဟောင်းလောင်းဖြစ်နေသည်။ သူ့မိန်းမက ကလေးတွေပါခေါ်ပြီး စွန့်ခွာသွားပြီ။ သူနှင့်သူ့မိန်းမ အကြားပြဿနာတွေ ရှိနေကြောင်းသူသိခဲ့သည်။ သို့သော် သံယောဇဉ်နွယ်ကြိုးတွေ ခိုင်မာအောင် အားထုတ်ရမည့်အစား သူက ရုံးမှာပဲ အလုပ်ပိနေသည်။ အံ့ဩစရာကောင်းသည်မှာ သူ့လုပ်ဆောင်ချက်တွေ အချွတ်ချော်အတိမ်းစောင်းများပြီး သူ့အလုပ်ပြုတ်သွားခြင်းဖြစ်၏။

ယနေ့ဆိုလျှင် သူတို့၏စည်းစိမ်ဥစ္စာများကို အလေးထားဂရုမစိုက်နိုင်လောက်အောင် အလုပ်များနေသူတွေကို ကျွန်တော်မကြာမကြာတွေ့နေရ၏။ နောက်ပြီး ကိုယ့်ကျန်းမာရေးကိုယ် ဂရု

မစိုက်နိုင်လောက်အောင် အလုပ်ပိနေသူတွေလည်းရှိ၏။ အကြောင်းရင်းကတော့ အတူတူပင်ဖြစ်၏။ သူတို့အလုပ်များကြသည်။ သူတို့က ထိုအတိုင်းဆက်၍ အလုပ်များနေပြီး သူတို့ရင်မဆိုင်လိုသည့် တစ်စုံတစ်ရာကို ရှောင်ဖယ်နေကြ၏။ သူတို့ကိုဘယ်သူကမျှ ပြောပြနေဖို့မလို။ သူတို့၏ရင်တွင်းတစ်နေရာအူထဲအသည်းထဲကတော့ သူတို့အကြောင်းသူတို့ သိနေသည်။ သင်ကသာသူတို့ကို သတိပေးထောက်ပြမိလျှင် သူတို့က စိတ်ဆိုးမာန်ဆိုးနှင့်ဆတ်ဆတ်ခါ တုံ့ပြန်ပြောဆိုပါလိမ့်မည်။

သူတို့သည် အလုပ်ခွင်မှာ သို့မဟုတ် ကလေးတွေနှင့်အတူအိမ်မှာ အလုပ်များမနေလျှင် ရုပ်မြင်သံကြားကြည့်ရင်း၊ ငါးဖမ်းရင်း၊ ဂေါက်ရိုက်ရင်း၊ ဈေးဝယ်ထွက်ရင်း အလုပ်များပြနေပါလိမ့်မည်။ သို့ဖြစ်သည့်တိုင် သူတို့စိတ်ထဲမှာတော့ အရေးကြီးသည့်တစ်ခုခုကို ရှောင်နေခြင်းဖြစ်ကြောင်းသိနေသည်။ ဤကား တွေ့ရမြင်ရ အများဆုံး ပျင်းရိမှုပုံစံတစ်မျိုးဖြစ်လေသည်။ အလုပ်များပြီး ပျင်းရိနေခြင်း။

သည်တော့ ပျင်းရိမှုပျောက်ဆေးကဘာလဲ။ အဖြေမှာနည်းနည်းလေးလောဘကြီးဖို့ဖြစ်။

ကျွန်တော်တို့တော်တော်များများသည် လောဘသို့မဟုတ်လိုအင်ဆန္ဒသည် မကောင်းဟူသော ဆုံးမသွန်သင်ချက်ဖြင့် ကြီးပျင်းလာကြ၏။ "လောဘကြီးသူတွေဟာ မသူတော်တွေ" ဟုကျွန်တော့်မေမေပြောလေ့ရှိသည်။ သို့တိုင် ကျွန်တော်တို့အားလုံး၏ရင်ထဲမှာတော့ ကောင်းတာလေးတွေ၊ သစ်ဆန်းတာလေးတွေ၊ ရင်ခုန်လှိုက်မောစရာလေးတွေကို တောင့်တမိကြသည်သာ။ သည်တော့ အဆိုပါ စိတ်ခံစားချက်နှင့်ဆန္ဒကို ထိန်းချုပ်ရန်အတွက်မိဘများက အပြစ်ဖြင့် ဖိနှိပ်ချုပ်ချယ်ခဲ့ကြလေသည်။

"မင်းဟာ မင့်ဖို့ပဲ မင်းစဉ်းစားတယ်။ မင်းမှာညီမလေး

တွေ၊ ညီလေးတွေရှိသေးတယ်ဆိုတာ မသိဘူးလား" ဤကား ကျွန်တော့်မေမေ၏ လက်သုံးစကား။ "မင်းကို ဟိုဟာဝယ်ပေး ချင်တယ်ဟုတ်လား။ မင်းက ငါတို့ကို ပိုက်ဆံနဲ့ ထုလုပ်ထားတယ် များ ထင်နေသလား။ ပိုက်ဆံတွေက သစ်ပင်တွေပေါ်မှာ ထွက် နေတယ်လို့ မင်းထင်လို့လား" ဤကား ကျွန်တော့်ဖေဖေ၏ လက်သုံးစကား။

စင်စစ်စကားလုံးတွေက အဓိကမဟုတ်ပါ။ စကားလုံးတွေ က ထိုးနှက်လိုက်သည့်အတွက် ဒေါသစိတ်နှင့်အတူဖြစ်ပေါ်လာ သော အပြစ်ရှိသူလို ခံစားချက်က အဓိကပါ။

ယနေ့ဆိုလျှင် သန်းပေါင်းများစွာသောလူတွေသည် လောဘနှင့်ပတ်သက်၍ လိပ်ပြာမသန့်ဖြစ်နေကြကြောင်း ကျွန်တော်ရိပ်စားမိ၏။ ဤကား သူတို့ကလေးဘဝကတည်းက ရင်ဆိုင်ခဲ့ရသည့် ပုံသွင်းနည်းဟောင်းကြီး၏ရလဒ်ဖြစ်၏။ ဘဝက ပေးအပ်သည့် ပို၍ကောင်းကောင်းနေချင်စိတ်၊ ပို၍ ကောင်း ကောင်းစားချင်စိတ်၊ ပို၍ ကောင်းကောင်းဝတ်ချင်စိတ်တို့ကို သူတို့၏ မသိစိတ်က "မင်းဒါတော့ လုပ်လို့မဖြစ်ဘူး" "အဲဒီလိုမျိုး တော့ မင်း တစ်သက်လုံး တတ်နိုင်မှာလည်းမဟုတ်ဘူး" ဟု ပြောနေပေလိမ့်မည်။

လုံးလည် ချာလည်ဘဝမှ လွတ်မြောက်အောင် ရုန်းထွက် ဖို့ ကျွန်တော်ဆုံးဖြတ်စဉ်က ကိုယ့်ကိုယ်ကိုယ်မေးခဲ့သည့်မေးခွန်း မှာ "ငါဘယ်တော့မှ အလုပ်ပြန်မလုပ်ဘဲနေလို့ရအောင် ငါဘာ လုပ်မလဲ" ဟူ၍သာဖြစ်၏။ ထို့နောက် ကျွန်တော့်စိတ်က အဖြေ တွေ၊ ဖြေရှင်းချက်တွေ အသည်းအသန်ရှာထုတ်ပေးခဲ့၏။ အခက်အခဲ ဆုံးအပိုင်းမှာ ကျွန်တော့်မိဘတွေ၏ တရားသေ အစွဲဖြစ်သည့် "မင့် ဖို့ချည်း စဉ်းစားတာကို ရပ်လိုက်" "ဘာကြို သူများတွေအကြောင်း ထည့်မစဉ်းစားတာလဲ" ဆိုသည်တို့

အနိုင်တိုက်ရခြင်းဖြစ်၏။ သည်တော့ ပျင်းရိခြင်းကို ဘယ်လို ဖယ်ရှားမလဲ။ အဖြေမှာ လောဘကလေးနည်းနည်းပိုကြီးဖို့ဖြစ်၏။ နည်းနည်းကလေးပိုပြီး လောဘမကြီးလျှင် ပို၍ကောင်းသော အရာကို လိုလားစိတ်မရှိတော့။ ထိုအခါ တိုးတက်မှုဆိုတာ ဖြစ်မလာတော့။(တီထွင်ဖန်တီးမှု အသစ်များလုပ်ကြသည်။ အကြောင်းမှာ ကျွန်တော်တို့ ပိုကောင်းသည့် တစ်စုံတစ်ရာကို လိုချင်သောကြောင့်) သည်တော့ သင်လုပ်ရမည်ဖြစ်ကြောင်း သိထားသည့် ကိစ္စတစ်ခုကို မလုပ်ဘဲရှောင်ကွင်း နေမိသည်ဆိုလျှင် "ဒီကိစ္စထဲမှာ ငါ့ဖို့ဘာပါလဲ"ဟူသော မေးခွန်းမေးကြည့်ပါ။ သည်တော့ နည်းနည်းကလေး လောဘကြီးလိုက်ပါ။ ဤကား ပျင်းရိခြင်းကို ကုစားနိုင်သည့် အစွမ်းအထက်ဆုံး ဆေးတစ်လက်ဖြစ်ပါသည်။

တရားလွန်ဆိုလျှင် ဘာမျှမကောင်းသည့်နည်းတူ လောဘ သိပ်ကြီးလွန်းခြင်းသည်လည်း မကောင်းပါ။ လောဘနှင့်ပတ်သက်၍ အကောင်းဆုံး စကားတစ်ခွန်းကို အယ်လီနာရုစဗဲ့ (Eleanor Roosevelt) ကပြောသွားခဲ့ပါသည်။

"ရှင်တို့ရဲ့နှလုံးသားထဲက မှန်တယ်ထင်ရာကို လုပ်ပါ။ ဘာကြောင့်လဲဆိုတော့ ရှင်တို့ဘာပဲလုပ်လုပ် ဝေဖန်မှာပဲမို့လို့ပါ။ ရှင်တို့ တစ်ခုခုလုပ်ရင် အပြင်တစ်ခံရမယ်။ အဲဒီတစ်ခုခုကိုပဲ မလုပ်မိပြန်ရင်လည်း အပြစ်တင်ခံရမှာပဲ" ဟူ၏။

**အကြောင်းရင်း ၄ ။ အလေ့အထများ**

ကျွန်တော်တို့၏ဘဝများသည် ကျွန်တော်တို့သင်ယူ တတ်မြောက်ထားသည့်ပညာ၏ ရောင်ပြန်ဟပ်ချက်များဖြစ်သည်ထက် ကျွန်တော်တို့အလေ့အထများ၏ ရောင်ပြန်ဟပ်ချက်များဖြစ်နေ လေသည်။ 'ခိုနန်' ဆိုသည့် ရုပ်ရှင်ကားကို ကြည့်ပြီးသောအခါ

မိတ်ဆွေတစ်ဦးက ပြောသည်။ "ငါ့မှာ အာနိုးဗ္ဗာဇင်နက်ဂါလို ကိုယ်လုံးမျိုးရှိချင်လိုက်တာကွာ"တဲ့။

"တစ်ချိန်တုန်းက ဒီကောင်ဟာ တကယ့်သေးသေးညက်ညက်ကလေးလို့ ငါကြားဖူးတယ်ကွ"

အခြားမိတ်ဆွေတစ်ဦးက ဖြည့်ပြောသည်။

"ဟုတ်တယ်၊ ငါလည်းကြားဖူးတယ်။ ဒီကောင် အားကစားလေ့ကျင့်ရုံကို နေ့တိုင်းသွားတဲ့အလေ့အထရှိတယ်လို့လည်း ကြားဖူးတယ်"

"အင်း၊ သူ့ဒီလိုပဲ လုပ်ရမှာပဲဆိုတာ ငါပြောရဲပါတယ်"

"ဘယ်ကလာ" အုပ်စုထဲက အဆိုးမြင်သမားက ဝင်ပြောသည်။ "ငါပြောရဲပါတယ်ကွာ၊ ဒီကောင်မွေးကတည်းက ဒီလိုဖြစ်လာတာပါ။ ဒါထက်ကွာ အာနိုးအကြောင်းပြောတာ တစ်စခန်းရပ်ပြီး ကိုယ့်ဘီယာကိုယ်သောက်ကြစမ်းပါ"

ဤကား လူတွေ၏ အပြုအမူကို အလေ့အထများက ထိန်းချုပ်နေခြင်းကို ဖော်ပြသည့် ဥပမာဖြစ်၏။ လူချမ်းသာတွေ၏ အလေ့အထများအကြောင်း ဖေဖေချမ်းသာအား ကျွန်တော်မေးဖူးသည်ကို မှတ်မိနေ၏။ သူကတော့ ထုံးစံအတိုင်း ကျွန်တော့်အမေးကို တဲ့တိုးမဖြေဘဲ ဥပမာကလေးတစ်ခုပေးပြီး ဖြေခဲ့သည်။

"မင့် ဖေဖေ ငွေတောင်းခံလွှာတွေကို ဘယ်အချိန်မှာပေးလေ့ရှိသလဲ"

"လဆန်းတစ်ရက်နေ့ဆိုပေးတာပဲ"

"ဒီတော့ ငွေကော ကျန်သေးရဲ့လား"

"နည်းနည်းပါးပါးကလေးပဲ ကျန်တယ်"

"သူလုံးလည်ချာလည်လိုက်နေတာ အဲဒီအဓိကအကြောင်းကြောင့်ပေါ့ကွ။ သူ့မှာ အကျင့်ဆိုးတွေရှိနေတယ်လေ။

"မင့်ဖေဖေဟာ တခြားလူတိုင်းကို အရင်ပေးတယ်။

သူ့ကိုယ်သူ နောက်ဆုံးမှပေးတယ်။ ဒါကလည်း လက်ကျန်ငွေဆို တာရှိနေမှ"

"များသောအားဖြင့်တော့ မကျန်ပါဘူး။ ဒါပေမဲ့ သူ့အနေနဲ့ အကြွေးတွေကို ဆပ်ရမှာပဲမဟုတ်လား။ တင်နေတဲ့ အကြွေးတွေကို သူမပေးဆပ်သင့်ဘူးလို့ ဦးကပြောနေတာလား"

"မဟုတ်ရပါဘူးကွာ။ တင်နေတဲ့ အကြွေးတွေကို အချိန်မီ ဆပ်ရမယ်ဆိုတာကို ငါစွဲစွဲမြဲမြဲယုံကြည်ပါတယ်။ တစ်ခုပဲရှိတယ်။ ငါက ငါ့ကိုယ်ငါ အရင်ပေးသကွ။ အစိုးရကိုတောင် မပေးသေးဘဲ ငါ့ကိုယ်ငါ အရင်ပေးတာ"

"ဒါပေမဲ့ ဦးမှာ ငွေလုံလုံလောက်လောက်မရှိရင်ကော။ အဲဒီလိုဖြစ်နေတော့ ဦးဘာလုပ်မလဲ"

"စောစောကပြောခဲ့တဲ့ အတိုင်းပဲ။ ငါ့ကိုယ်ငါပဲ အရင်ပေးမယ်။ ဒီမယ်။ တခြားလူတွေကို မပေးနဲ့လို့ ငါမပြောဘူးနော်။ ငါ့မှာ ငွေနည်းနေရင်တောင် ငါ့ကိုယ်ငါပဲ အရင်ပေးတယ်လို့ပြောတာ"

"ဒါပေမဲ့ အဲဒါကို ဦးဘယ်လိုလုပ်လဲ"

"မေးရမှာက 'ဘယ်လိုလဲ' မဟုတ်ဘူးကွ။ 'ဘာကြောင့်လဲ' လို့မေးရမှာ"

"ထားပါတော့၊ ဘာဖြစ်လို့လဲ"

"တွန်းအားကြောင့်ပေါ့။ ငါသူတို့ကို မပေးရင် ဘယ်သူက ပိုပြီး ကျယ်ကျယ်လောင်လောင်အပြစ်ပြောမယ်ထင်သလဲ။ ကြွေးရှင်တွေကလား။ ငါကလား"

"ဦးရဲ့ ကြွေးရှင်တွေက ဦးထက်ပိုပြီးအော်ကြဟစ်ကြမှာ သေချာပေါက်ပေါ့။ ဦးကိုယ့်ကိုယ်ကိုယ်မပေးလည်း ဦးကတော့ ဘာမှပြောမှာမဟုတ်ဘူး"

"ဒီတော့ မင်းတွေ့ပြီလား၊ ငါ့ကိုယ်ငါပေးပြီးတဲ့အခါ အခွန် အကောက်တွေနဲ့ တခြားကြွေးရှင်တွေကို ပေးရဖို့က

အရမ်းတာဝန်ကြီးလာပြီ။ အဲဒီတာဝန်ကြီးက ငါ့ကို တခြားနည်းလမ်းနဲ့ ငွေရအောင်ရှာဖို့ အတင်းအကျပ်ခိုင်းတော့တာပေါ့။ ငါ တခြားအလုပ်တွေ ထပ်လုပ်ခဲ့တယ်။ ကုမ္ပဏီတွေ ထပ်ဖွင့်ခဲ့တယ်။ စတော့ဈေးကွက်မှာ ရောင်းခဲ့ ဝယ်ခဲ့တယ်။ အဲဒီလူတွေ ငါ့ဆီလာပြီး မအော်မဟစ်အောင် ငွေရှာရတာလေ။ အဲဒီဖိအားကြီးက ငါ့ကို အလုပ်တွေ ပိုလုပ်စေတယ်။ ပိုပြီး အကြံဉာဏ်ထုတ်စေတယ်။ နောက်ဆုံးကျတော့ ငါဟာ ပိုတော်လာတယ်။ ငွေနဲ့ပတ်သက်လာရင်ပိုပြီးလျှင်လာတယ်။ တက်ကြွဖျတ်လတ်လာတယ်။ တကယ်လို့ ငါ့ကိုယ်ငါ နောက်ဆုံးမှပေးမယ်ဆိုရင် ငါ့အပေါ်မှာ တာဝန်ကြီး ပိနေမှာမဟုတ်တော့ဘူး။ ဒါပေမဲ့ ငါမွဲနေမှာပဲ"

"ဒါဆို ဦးကြွေးဆပ်ရမယ့် အစိုးရဒါမှမဟုတ် တခြား ကြွေးရှင်တွေကို ကြောက်တဲ့စိတ်က ဦးကို တွန်းအားပေးတာပေါ့ နော်"

"မှန်တာပေါ့ကွာ။ မင်းဘာသိလဲ၊ ယေဘုယျအားဖြင့် ကြွေးတောင်းတဲ့လူတွေအားလုံး ကြီးနိုင်ငယ်ညှဉ်း လုပ်တတ်တဲ့ လူတွေချည်းပါပဲ။ လူများစုက အဲဒီအနိုင်ကျင့်သမားတွေကို ကြောက်ကြတယ်။ သူတို့ဟာ ဒီလူတွေကို ပေးတယ်။ သူတို့ကိုယ် သူတို့တော့ ဘယ်တော့မှ မပေးကြဘူး။ ၉၆ ပေါင်ပဲရှိတဲ့ အသေးစားကလေးခမျာ သူ့မျက်နှာကို သူများတွေက ခြေထောက်နဲ့ ကော်တဲ့သဲနဲ့ အပက်ခံရတယ်လေ။ အဲဒါ မင်းသိတယ် မဟုတ်လား"

ကျွန်တော်ခေါင်းညိတ်ပြလိုက်၏။ "ကိုယ်ခန္ဓာတောင့်တင်းရေးနဲ့ အလေးမ သင်တန်းကြော်ငြာတွေထဲမှာကော ရုပ်ပြစာအုပ်တွေထဲမှာကော တွေ့ဖူးတယ်"

"အင်း လူများစုက အဲဒီနိုင်လို မင်းထက်သမားတွေ သဲကို ခြေထောက်နဲ့ ကော်ပြီးသူတို့ မျက်နှာကို ပက်တာခံနေကြသကွ။ ငါကတော့ အဲဒီကောင်တွေကို ကြောက်တဲ့စိတ်ကို အသုံးချဖို့ ဆုံး

ဖြတ်ခဲ့တယ်။ ဒါမှ ငါပိုပြီး ကြွံခိုင်တောင့်တင်းလာမယ်လေ။ တခြား လူတွေကတော့ ပိုပြီးတောင် ချည့်နဲ့သွားသေးတယ်။ ငွေပို ငွေလျှံ ကလေးရအောင် ဘယ်လိုလုပ်မလဲလို့ မဖြစ်မနေ စဉ်းစားကြံဆရ တာဟာ အားကစားလေ့ကျင့်ရုံကိုသွားပြီး အလေးမြှားတွေနဲ့ လေ့ကျင့်သလိုပါပဲ။ ငါ့ဦးနှောက်ကို ငွေနဲ့ပတ်သက်ပြီးများများအကြံ ထုတ်ခိုင်းလေ ငါ့မှာငွေကြေးအရ ကြံ့ခိုင်တောင့်တင်းလာလေပေါ့ ကွာ။ ခုတော့အဲဒီနိုင်လိုမင်းထက် ကြွေးတောင်းသမားတွေကို ငါမ ကြောက်တော့ဘူး"

ဖေဖေချမ်းသာ၏ စကားကို ကျွန်တော်သဘောကျသွား သည်။

"ဒီတော့ကျွန်တော့်ကိုယ်ကျွန်တော် အရင်ပေးမယ်ဆိုရင် ကျွန်တော်စီးပွားရေးအရ၊ ဉာဏ်ရည်ပိုင်းအရ၊ ငွေကြေးအရပိုပြီး ကြံ့ခိုင်တောင့်တင်းလာမယ်ဆိုပါတော့"

ဖေဖေချမ်းသာ ခေါင်းညိတ်ပြသည်။

"နောက်ပြီး ကိုယ့်ကိုယ်ကိုယ် နောက်ဆုံးမှပေးမယ်၊ ဒါမှ မဟုတ် လုံးဝမပေးဘူးဆိုရင် ကျွန်တော် ချည့်နဲ့လာမယ်။ အလုပ် ရှင်တွေ၊ မန်နေဂျာတွေ၊ အခွန်ကောက်ခံသူတွေ၊ ကြွေးတောင်း သူတွေလို လူမျိုးတွေက ကျွန်တော့်ကို ကောင်းကောင်းနှိပ်စက်ကြ တော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ ငွေနဲ့ ပတ်သက် ပြီး အလေ့အကျင့်ကောင်းတွေမရှိလို့၊ ဟုတ်လား"

ဖေဖေချမ်းသာ ခေါင်းညိတ်၏။ "၉၆ ပေါင်ရှိတဲ့ အသေး စားလေးလိုပေါ့ကွာ"

**အကြောင်းရင်း ၅ ။ မောက်မာဝင့်ကြွားခြင်း**

မောက်မာဝင့်ကြွားခြင်းသည် အတ္တစိတ်နှင့် အသိဉာဏ်မဲ့ မှုပေါင်းစပ်ထားခြင်းဖြစ်၏။

* “ငါသိတာတွေက ငါ့ကို ငွေရှာပေးတယ်။ ငါမသိတာတွေက ငါ့ကိုငွေကုန်အောင်ပဲလုပ်ပေးတယ်။ ငါ မောက်မောက်မာမာ ဝင့်ဝင့်ကြွားကြွားလုပ်ပြီဆိုတိုင်း ငွေကုန်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငါ စိတ်ကြီးဝင်နေပြီဆိုရင် ငါမသိတာတွေဟာ ဘာမှအရေးမကြီးဘူးလို့ ငါ့စိတ်ထဲမှာ တကယ်ယုံကြည်လာလို့ပဲ” ဟု ဖေဖေချမ်းသာက မကြာမကြာပြောပြသည်။

လူတော်တော်များများသည် သူတို့၏ အသိပညာမဲ့မှုကို ဖုံးဖိကာကွယ်ဖို့ ကြိုးစားရာ၌ မောက်မာဝင့်ကြွားမှုကို အသုံးချတတ်ကြောင်း ကျွန်တော်တွေ့ရသည်။ စာရင်းကိုင်များ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံသူများနှင့် ငွေစာရင်းရှင်းတမ်းများအကြောင်းထိုင် ဆွေးနွေးချိန်များတွင် ထိုလုပ်ရပ်မျိုးတွေ မကြာမကြာတွေ့ရ၏။

သူတို့က ဟိတ်တစ်လုံးဟန်တစ်လုံးနှင့် ဖြီးတတ် ဖြန်းတတ်ကြသည်။ ကျွန်တော့်အတွက်တော့ ရှင်းနေသည်။ သည်လူတွေကိုယ်ဘာပြောနေသည်ကို ကိုယ့်ဘာသာကိုယ် မသိ နားမလည်ကြ။ သူတို့လိမ်ပြောနေခြင်းမဟုတ်။ သို့သော် အမှန်ကို မပြောကြခြင်းဖြစ်၏။

ငွေလောကတွင် လူများစုသည် စကားလုံးကြီးကြီးကျယ်ကျယ်တွေသုံး၊ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် တစ်ပတ်ရစ်ကား အရောင်းသမားတွေလို ပြုမူတတ်ကြ၏။

သင်သည် ဘာသာရပ်တစ်ခုအကြောင်းမသိနားမလည်ဘူးဆိုတာ သိလာလျှင် ၎င်းနယ်ပယ်မှာ ကျွမ်းကျင်သည့် ပညာရှင်တစ်ယောက်ကို ရှာပြီး ပညာယူပါ။ သို့မဟုတ် ၎င်းဘာသာရပ်နှင့် ပတ်သက်ပြီး ရေးထားသည့် စာအုပ်တစ်အုပ်ရှာဖတ်ပါလေ။

■

## အခန်း [ ၉ ]
## စတင်အားထုတ်ခြင်း

ဥစ္စာဓနများ ရှာဖွေစုဆောင်းသည့်အလုပ်သည် ကျွန်တော့်အတွက် တော့လွယ်ပါသည်ဟု ကျွန်တော်ပြောနိုင်စွမ်းရှိချင်လှ၏။ သို့သော် မလွယ်ပါ။

သည်တော့ "ကျွန်တော် ဘယ်လိုစပြီး အားထုတ်ရမလဲ" ဆိုသောမေးခွန်းကို တုံ့ပြန်သည့်အနေဖြင့် နေ့စဉ် နေ့တိုင်း ကျွန်တော်လေ့ကျင့်ခဲ့သည့်အတွေးစဉ်ကို ပြောပြခဲ့၏။ ရောမ အခွင့်အလမ်းကြီးတွေကို တွေ့ရ ကြုံရဖို့ တကယ်လွယ်ပါသည်။ ကျွန်တော်အာမခံပါသည်။ သည်အလုပ်သည် စက်ဘီးစီးသလိုပါ ပဲ။ မဆိုစလောက်ကလေး ဟိုယိမ်းသည်ယိမ်းဖြစ်ပြီး နောက်ပိုင်းမှာ တော့ ငှက်ပျောသီးအခွံနွှာစားရသလိုပါပဲ။ သို့ပေမဲ့ ငွေနှင့်ပတ် သက်လာသောအခါတွင်မူ ဟိုယိမ်းသည်ယိမ်းအဆင့်ကို ကျော်လွန် ဖို့ ဆိုသည်မှာ တစ်ဦးတစ်ယောက်ချင်းနှင့်ပဲဆိုင်ပါသည်။

ဒေါ်လာသန်းချီ အမြတ်ထွက်နိုင်သည့် တစ်သက်တစ်ခါ ကြုံရသည့်အခွင့်အလမ်းကြီးမျိုးကို တွေ့ရှိဖို့ ကျွန်တော်တို့၏ မွေးရာပါ ငွေရေး ကြေးရေး ပါရမီကို နှိုးဆွဖို့လို၏။ ကျွန်တော်တို့

တစ်ဦးချင်းစီ၏ ရင်ထဲမှာ ငွေရေး ကြေးရေး ပါရမီရှိနေသည်ဟု ကျွန်တော်ယုံကြည်သည်။ ပြဿနာမှာ ကျွန်တော်တို့၏ ငွေရေး ကြေးရေး ပါရမီက လဲလျောင်း အိပ်စက်နေသည်။ သူ့အား လှုပ် အနှိုးကိုစောင့်နေသည်။ သူကအိပ်စက်နေသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်တော်တို့၏ ယဉ်ကျေးမှုက ကျွန်တော်တို့အား သွန် သင်ဆုံးမပေးခဲ့သည်မှာ ငွေကိုချစ်ခြင်းသည် မကောင်းမှုအားလုံး ၏ ရင်းမြစ်ဖြစ်သည်ဟူ၏။ ၎င်းယဉ်ကျေးမှုက ကျွန်တော်တို့အား အားပေးခဲ့သည်မှာ ဝင်ငွေရဖို့အလုပ်လုပ်ရန် ဝမ်းကျောင်းခြင်း ဆိုင်ရာ ပညာတစ်ရပ် သင်ယူရမည်ဟူ၏။ ကျွန်တော်တို့ အနာဂတ် စီးပွားရေးဘဝကို ပူပင်ဖို့မလိုကြောင်း၊ ကျွန်တော်တို့အလုပ်လုပ် သည့် ကုမ္ပဏီသို့မဟုတ် အစိုးရက စောင့်ရှောက်လိမ့်မည်ဖြစ် ကြောင်းလည်း ၎င်းယဉ်ကျေးမှုကသင်ကြားပေးခဲ့သည်။ မည်သို့ ဖြစ်စေ နောက်ဆုံးတွင် သည်ယဉ်ကျေးမှု၏ ဆိုးကျိုးများကို ကျော ကော့အောင် ခံစားရမည့်သူများသည် သည်ပညာရေးစနစ်ဟောင်း ကြီးအောက်မှာ ကြီးပြင်းလာမည့် ကျွန်တော်တို့၏ သားတွေ သမီးတွေသာဖြစ်၏။ ဆိုလိုရင်းကတော့ အလုပ်ကြိုးစား၊ ဝင်ငွေ ရှာ၊ ပြီးလျှင် သုံးစွဲ။ ငွေပြတ်လတ်ချို့တဲ့လျှင် ဘယ်တော့မဆို ချေး လို့ ငှားလို့ရသည်ဆိုပဲ။

ကံဆိုးချင်တော့ ကမ္ဘာ့အနောက်ခြမ်းမှာ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းက အထက်ပါတရားသေအယူအဆကို လက်ခံနေကြ၏။ အကြောင်းမှာ အလုပ်တစ်ခုဝင်လုပ်ပြီး ငွေရှာသည့်အလုပ်က ပိုပြီး လွယ်ကူသောကြောင့်ဖြစ်၏။ သင်သည် ထိုပရိတ်သတ်ထဲက တစ်ယောက်မဟုတ်ဘူးဆိုလျှင်တော့ သင်၏ ငွေရေး ကြေးရေး ပါရမီကို လှုပ်နှိုးဖို့ အဆင့် ဆယ်ဆင့်ကို တင်ပြပါမည်။ ကျွန်တော် ကိုယ်တိုင် လိုက်နာကျင့်ကြံခဲ့သည့် အဆင့်ဆယ်ဆင့်ဖြစ်ပါသည်။ တချို့အဆင့်တွေကို လိုက်နာကျင့်ကြံချင်သည်ဆိုလျှင် ကောင်း

လေစွဟု ကျွန်တော်ပြောပါမည်။ မလိုက်နာချင်ဘူးဆိုလျှင်တော့ သင့်ကိုယ်ပိုင်နည်းစနစ်များ တီထွင်ကြံဆပါလေ။ သင့်ငွေရေးကြေးရေး ပါရမီက ကိုယ်ပိုင်နည်းစနစ်များ တီထွင်နိုင်လောက်သည့် အရည်အချင်းမျိုးရှိပါသည်။

ပီရူးတွင် အသက် ၄၅ နှစ်လောက်ရှိသည့် ရွှေတူးသမားတစ်ယောက်နှင့်အတူရှိနေစဉ် ရွှေတွင်းတစ်တွင်း တွေ့လိမ့်မည်ဟု ဘာကြောင့် သည်လောက်ယုံကြည်စိတ်ချနေသလဲဟု ကျွန်တော်သူ့ကို မေးကြည့်၏။

ထိုအခါသူက "နေရာတိုင်းမှာ ရွှေရှိတယ်ဗျ။ လူများစုက ရွှေကို ကြည့်တတ်၊ မြင်တတ်အောင် လေ့ကျင့်မထားကြလို့ပါ" ဟု ပြန်ပြောခဲ့သည်။

သူစကားမှန်သည်ဟု ကျွန်တော်ပြောပါမည်။ အိမ်မြေလုပ်ငန်းတွင် ကျွန်တော်အပြင်ထွက်သွားပြီး တစ်နေ့တာအတွင်း အလားအလာကောင်းသည့်အလုပ်လေးငါးခုလောက်အလုပ်ဖြစ်လာနိုင်၏။ သာမန်သူလိုကိုယ်လိုလူတစ်ယောက်အပြင်ထွက်ပြီး တစ်နေကုန်လှည့်လည်နေလည်း အလုပ်တစ်ခုမျှရလာမည်မဟုတ်ချေ။ အကြောင်းမှာ သူတို့သည်အချိန်ပေးပြီး ငွေရေး ကြေးရေးပါရမီ ဖွံ့ဖြိုးထက်မြက်အောင် အားမထုတ်ခဲ့ကြသောကြောင့်ဖြစ်၏။

သင်၏ ဘုရားပေးသည့်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်လာစေမည့် ကျင့်စဉ်ဆယ်ဆင့်ကိုအောက်တွင်ဖော်ပြလိုက်ပါသည်။ ၎င်းစွမ်းအားများကို ထိန်းသိမ်းချုပ်ကိုင်နိုင်သူမှာ သင်သာလျှင်ဖြစ်ပါသည်။

၁။ လက်တွေ့အရှိတရားထက်ပိုမိုအားကြီးသော အကြောင်းတရားတစ်ခုရှိဖို့လိုသည်၊ စိတ်စွမ်းအားကိုပြောခြင်းဖြစ်၏။ *

လူတွေကို မေးကြည့်ပါ။ ချမ်းသာချင်သလား သို့မဟုတ်

ငွေရေး ကြေးရေးအမှိုခိုကင်းမဲ့ချင်သလားဟု။ "အင်း"ဟု လူများစုက ဖြေပါလိမ့်မည်။ သို့သော် အရှိတရားက ဝင်လာတော့သည်။ သူတို့လျှောက်ရမည့်လမ်းကြီးက ရှည်လျားလွန်းသယောင်ရှိ၏။ တက်ရမည့် ကျော်လွှား ရမည့်တောင်တွေ ကမူတွေကလည်း နည်းနည်းနောနော မဟုတ်။ ငွေရရေးအတွက် အလုပ်ဝင်လုပ်ပြီး ပိုငွေကလေး ကို ပွဲစားလက်ထဲ အပ်လိုက်ခြင်းက ပို၍လွယ်ကူသည်။

တစ်ခါက မိန်းမငယ်ကလေးတစ်ယောက်နှင့်ဆုံဖူးသည်။ သူငယ်မက အမေရိကန်အိုလံပစ်အဖွဲ့နှင့် လိုက်သွားပြီး အိုလံပစ် ရေကူးပြိုင်ပွဲမှာ ဝင်နွှဲဖို့စိတ်ကူးယဉ်ထားသူ။ လက်တွေ့အရှိတရား မှာ နံနက်တိုင်း လေးနာရီတွင် အိပ်ရာကထရသည်။ စနေညများ တွင် အပေါင်းအသင်းများနှင့် ပေါ်လားဝါးလားမလုပ်။ စာသင် ခန်းထဲမှာလည်း အများနည်းတူ အဆင့်ကောင်းကောင်းရအောင် စာကြိုးစားရသည်။

ယခုလိုသာမန်လူသားအဆင့်ကျော်လွန်သည့် ရည်မှန်း ချက်နှင့်အနစ်နာခံမှုများပြုလုပ်ချင်လာအောင် ဘာတွေက တွန်း အားပေးနေသလဲဟု သူ့ကိုကျွန်တော်မေးကြည့်သည်။ သူက ရိုးသား စွာ ပြောပြသည်မှာ "အဲဒါတွေ ကျွန်မလုပ်နေတာ ကျွန်မအတွက် နဲ့ ကျွန်မချစ်မြတ်နိုးသူတွေအတွက်ပါ။ အခက်အခဲအဟန့်အတား တွေ၊ အနစ်နာခံရတာတွေကို ကျော်လွှားလွန်မြောက်နိုင်တာ၊ ချစ်ခြင်းမေတ္တာတရားကြောင့်ပါ"ဟူ၏။

အကြောင်းတရားတစ်ခု သို့မဟုတ် ရည်မှန်းချက်တစ်ခု သည် 'ဖြစ်ချင်တာတွေ'နှင့် 'မဖြစ်ချင်တာတွေ' ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ဘယ်တုန်းကမှ လခစားအလုပ် မလုပ်ချင်။ ကျွန်တော့်မိဘတွေခေါင်းထဲ ရိုက်သွင်းပေးသည့်အလုပ် မျိုးကိုမလုပ်ချင်။ အာမခံချက်ရှိသော အလုပ်တစ်ခုဝင်လုပ်ပြီး

ဆင်ခြေဖုံးရပ်ကွက်မှာ အိမ်တစ်လုံးဝယ်ပြီး နေဖို့ဆိုသည့် အစီအစဉ်။ ကျွန်တော်က အမှုထမ်းဖြစ်ရတာကို မနှစ်မြို့။ ဖေဖေသည် သူ့လုပ်ငန်းခွင်မှာ အလုပ်များနေသည့်အတွက် ကျွန်တော် ပါဝင်ကစားသည့်ဘောလုံးပွဲများ လာမကြည့်နိုင်ခြင်းကို ကျွန်တော် မုန်းသည်။ ကျွန်တော့်ဖေဖေသည် သူ့တစ်သက်လုံး ကြိုးစားပမ်းစားအလုပ်လုပ်ခဲ့ပြီး ကွယ်လွန်သောအခါ သူ့ချွေးနှဲ့စာများကို လက်ဆင့်ကမ်း၍ပင် မပေးနိုင်ခဲ့။ ချမ်းသာသူတွေက သည်လိုမဟုတ်။ သူတို့ကြိုးစားပမ်းစားအလုပ်လုပ်သည်။ ပြီးတော့ သူတို့သားသမီးတွေအား လက်ဆင့်ကမ်းပေးသွားသည်။

ယခု'ဖြစ်ချင်တာတွေ' ပြောပါမည်။ ကျွန်တော်က တစ်ကမ္ဘာလုံးကို လွတ်လွတ်လပ်လပ်ခရီးလှည့်ချင်သည်။ ကိုယ်ကြိုက်သည့်နေမှုပုံစံဖြင့် ဘဝမှာ နေထိုင်ချင်သည်။ အဲသည်လိုဘဝမျိုးကို အသက်ငယ်ငယ်ရွယ်ရွယ်မှာ ရချင်သည်။ ကျွန်တော်က လွတ်လွတ်လပ်လပ်ကလေးပဲ နေထိုင်ချင်သည်။ ကျွန်တော့်ဘဝနှင့်ကျွန်တော့်အချိန်ကို ကျွန်တော်ပဲ ထိန်းချုပ်ကွပ်ကဲချင်သည်။ ကျွန်တော့်အတွက် အလုပ်လုပ်ပေးမည့်ငွေကို လိုချင်သည်။

ကျွန်တော်ပြောခဲ့သည့်အတိုင်း သည်လိုလုပ်ရတာလွယ်ပါသည်ဟု ပြောလိုက်ချင်ပါသည်။ တကယ်တော့မလွယ်ပါ။ မလွယ်သလိုသိပ်ခက်ခက်ခဲခဲကြီးလည်းမဟုတ်။ သို့ပေမဲ့ အားကောင်းသောအကြောင်းတရား သို့မဟုတ် ရည်မှန်းချက်မရှိလျှင်မူ ဘဝတစ်ခုခုမှာ ဘယ်ဟာဖြစ်ဖြစ် ကြမ်းတမ်းခက်ခဲနေပါလိမ့်မည်။

သင့်မှာအားကြီးသောအကြောင်းတရားတစ်ခုမရှိဘူးဆိုလျှင် သင်ရှေ့ဆက်ဖတ်နေလို့ အဓိပ္ပာယ်ရှိမည်မဟုတ်ပါ။ အလုပ်သိပ်ရှုပ်လွန်းသည်ဟု သင်ထင်မြင်ယူဆပါလိမ့်မည်။

၂။ ကျွန်တော်နေ့စဉ်ရွေးချယ်သည်။ ဤကား ရွေးချယ်ခြင်း၏ စွမ်းအား။ လူတွေလွတ်လပ်သည့် နိုင်ငံမှာ နေထိုင်လိုခြင်းသည် အဆိုပါအဓိကအကြောင်းတရားကြောင့်ဖြစ်၏။ ကျွန်တော်တို့က ရွေးချယ်ခြင်း အခွင့်အာဏာကို ရယူလိုကြသည်။

ကျွန်တော်တို့သည် ကျွန်တော်တို့လက်ထဲမှာရှိသည့် တစ်ဒေါ်လာတိုင်းဖြင့် ကျွန်တော်တို့၏ အနာဂတ်ဘဝကို ဖန်တီးကြ၏။ ရွေးချယ်ခြင်းအခွင့်အာဏာကို ကိုင်စွဲထားကြ၏။ ဘယ်လိုဘဝမျိုးကို ရွေးမည်လဲ။ ချမ်းသာကြွယ်ဝသည့်ဘဝလား၊ ဆင်းရဲသားဘဝလား၊ လူလတ်တန်းစားဘဝလား။ ကျွန်တော်တို့၏ ငွေသုံးစွဲမှု အလေ့အကျင့်များက ကျွန်တော်တို့ ဘယ်သူဆိုသည်ကို ပုံရိပ်ထင်ပြနေ၏။ <u>ဆင်းရဲသားများတွင် ညံ့ဖျင်းသော ငွေသုံးစွဲမှု အလေ့အကျင့်များရှိ၏။</u>

ကျွန်တော်ကလေးဘဝက မိုနိုပိုလီကစားနည်းကို အမြဲကစားခဲ့၏။ ထိုကစားနည်း၏ အကျိုးတရားများကို ကျွန်တော်ခံစားရပါသည်။ မိုနိုပိုလီကစားနည်းသည် ကလေးတွေအတွက်သာဖြစ်သည်ဟု ဘယ်သူကမျှ မပြော။ သည်တော့ အသက်ကြီးလာသည့်တိုင်လည်း သည်ကစားနည်းကိုဆက်ကစားခဲ့သည်။ ကျွန်တော့်မှာ ရပိုင်ခွင့်နှင့် ပေးရန် ရှိ၏။ ခြားနားချက်ကို ထောက်ပြပြီး ပညာပေးသည့် ဖေဖေချမ်းသာတစ်ယောက်လည်းရှိခဲ့၏။ သည်တော့ ငယ်စဉ်တောင်ကျေး ဟိုးကလေးဘဝကတည်းက ကျွန်တော်သည် သူဌေးဖြစ်ဖို့ လမ်းကြောင်းကို ရွေးခဲ့၏။ နောက်ပြီး ကျွန်တော် လုပ်ရမည်မှာ <u>ရပိုင်ခွင့်အစစ်အမှန်များ ရှာဖွေစုဆောင်းဖို့သာဖြစ်</u>ကြောင်းလည်း သိထားခဲ့၏။ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း မိုက်ကတော့ ရပိုင်ခွင့်တွေလွှဲပြောင်းပေးအပ်ခြင်းခံခဲ့ရ၏။ သို့တိုင် ၎င်းရပိုင်ခွင့်တွေ မပျောက်ပျက်အောင်ထိန်းသိမ်းဖို့တော့ သင်ယူ

လေ့လာရသေး၏။ ချမ်းသာကြွယ်ဝသော မိသားစုတော်တော်များများသည် နောက်မျိုးဆက်တွင် သူတို့၏ ပစ္စည်းဥစ္စာတွေ ပြုတ်ပြုတ်ပြုန်းခြင်းနှင့် ကြုံကြရ၏။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ဥစ္စာနေတွေကို ထိန်းသိမ်းဖို့ ဘယ်သူ့ကိုမျှ လေ့ကျင့်သင်ကြားမပေးခဲ့သောကြောင့်ပင်။

လူများစုသည် ချမ်းသာသောဘဝကို မရွေးချယ်ကြ။ လူဦးရေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းအတွက်တော့ လူချမ်းသာဖြစ်ရခြင်းသည် 'စိတ်သောကများရလွန်းသည်'ဆို၏။ သည်တော့ သူတို့က ပြောစရာ စကားတစ်မျိုးထွင်ကြ၏။ "ကျုပ်က ငွေကို စိတ်ဝင်စားတာမဟုတ်ဘူး" သို့မဟုတ် "ကျုပ်က ဘယ်တော့မှ ချမ်းသာမှာမဟုတ်ဘူး" သို့မဟုတ် "ကျွန်တော်စိတ်ပူစရာမလိုဘူး၊ ကျွန်တော်က ငယ်ငယ်ကလေးရှိသေးတာပဲ" သို့မဟုတ် "ကျွန်မ ငွေကြေးနည်းနည်းပါးပါးရလာမှပဲ ကျွန်မရဲ့ အနာဂတ်အရေးကို စဉ်းစားတော့မယ်"

ထိုပြောကြားချက်များ၏ အားနည်းချက်မှာ ထိုပြောကြားချက်များက ထိုသို့စဉ်းစားသူထံမှ အကြောင်းအရာနှစ်မျိုးကို တိုက်ခိုက်လုယူနေခြင်းဖြစ်၏။ ပထမတစ်မျိုးမှာအချိန်။ <u>သင်၏ တန်ဖိုးအရှိဆုံး ရပိုင်ခွင့်။</u> နောက်တစ်မျိုးကတော့ သင်ယူခြင်းဖြစ်ပါသည်။ သင့်မှာ ပိုက်ဆံမရှိခြင်းသည် သင်ယူဆည်းပူးမှုအတွက် အကြောင်းပြချက်တစ်ခုမဖြစ်သင့်ပါ။ သို့သော် ကျွန်တော်တို့၏ အချိန်နှင့်ပတ်သက်၍၊ ကျွန်တော်တို့၏ ငွေနှင့် ပတ်သက်၍ ကျွန်တော်တို့ ဦးနှောက်ထဲကို ဘာတွေ ထည့်မည်ဆိုတာနှင့် ပတ်သက်၍ ကျွန်တော်တို့နေ့စဉ်ရွေးချယ်မှုပြုလုပ်နေကြ၏။ ဤကား ရွေးချယ်မှုအခွင့်အာဏာဖြစ်ပါသည်။ ကျွန်တော်တို့ အားလုံးတွင် ရွေးချယ်ပိုင်ခွင့်ရှိသည်။ ကျွန်တော်ကတော့ သူဌေးဖြစ်ဖို့ရွေးချယ်ခဲ့သည်။ နောက်ပြီး ၎င်းရွေးချယ်မှုကို နေ့စဉ်နေ့တိုင်း

ပြုလုပ်ခဲ့၏။

ပထမဦးစွာ သင့်ပညာရေးထဲမှာ ရင်းနှီးမြှုပ်နှံပါ။ တကယ်တမ်းပြောရလျှင် သင့်မှာရှိသည့်တစ်ခုတည်းသော ဥစ္စာဓနမှာ သင့်စိတ်ဖြစ်၏။ သင့်စိတ်သည် သင်စိုးမိုးအုပ်ချုပ်နိုင်သော အစွမ်းထက်ဆုံး ကိရိယာပေတည်း။ ရွေးချယ်မှု အခွင့်အာဏာအကြောင်း ကျွန်တော်တင်ပြခဲ့သည့်အတိုင်း ထိုက်သင့်သလောက် အသက်အရွယ်ရလာလျှင် ကျွန်တော်တို့ ဦးနှောက်ထဲဘာတွေ သွတ်သွင်းမည်လဲဆိုတာကို ကျွန်တော်တို့ရွေးချယ်ခွင့်ရှိလာသည်။ တေးသရုပ်ဖော်ဇာတ်လမ်းကို သင်တစ်နေ့လုံးကြည့်နေလို့ရသည်။ သို့မဟုတ် ဂေါက်ရိုက်မဂ္ဂဇင်းတွေဖတ်နေ၊ သို့မဟုတ် ဘဏ္ဍာရေး စီမံကိန်း သင်တန်း တက်ချင်တက်နေ။ သင်ရွေးချယ်ရပါမည်။ လူများစုထ ရင်းနှီးမြှုပ်နှံမှုများကို ဦးစွာ ဝယ်ယူကြ၏။ သူတို့က သင်ယူလေ့လာမှုထဲတွင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ကြချေ။

ကျွန်တော့်မိတ်ဆွေ သူဌေးမတစ်ယောက်၏ အိမ်ကို ဖောက်ထွင်းခိုးယူခြင်းခံရ၏။ သူခိုးတွေက ရုပ်မြင်သံကြားစက်၊ အောက်စက်တို့ကို ယူသွား၏။ အမျိုးသမီးဖတ်သည့် စာအုပ်တွေကို တော့ထားခဲ့သည်။ ကျွန်တော်တို့လူဦးရေ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းသည် ရုပ်မြင်သံကြားစက်တွေဝယ်ကြ၏။ ၁၀ ရာခိုင်နှုန်း လောက်သာ စီးပွားရေး လုပ်ငန်းနှင့် ပတ်သက်သည့်စာအုပ်တွေ တိပ်ခွေတွေ ဝယ်ကြလေသည်။

သည်တော့ ကျွန်တော်ဘာလုပ်သလဲ။ ဆွေးနွေးပွဲတွေသို့ သွားသည်။ ဆွေးနွေးပွဲအနည်းဆုံး နှစ်ရက်ကြာလျှင် ပိုပြီးကြိုက်သည်။ ဘာ့ကြောင့်ဆို ကျွန်တော့်ကိုယ်ကျွန်တော် ပညာရပ်တစ်ခု ထဲမှာ မြှုပ်နှံထားချင်သောကြောင့်။ ၁၉၇၃ ခုနှစ်ထဲတွင် ရုပ် လက်ငင်းတစ်ပြားမျှမပေးရဘဲ အိမ်မြေဝယ်ရောင်းလုပ်သည့်ပညာ အကြောင်း သုံးရက်ကြာပြုလုပ်သည့် ဆွေးနွေးပွဲတစ်ခု ကျွန်တော်

တက်ခဲ့၏။ ထိုသင်တန်းတက်ဖို့ ဒေါ်လာ ၃၈၅ အကုန်အကျခံခဲ့၏။ ၎င်းဆွေးနွေးပွဲက ကျွန်တော့်အား အနည်းဆုံးဒေါ်လာ ၂ သန်းဝင်ငွေရစေခဲ့၏။ သို့သော် ပို၍ အရေးကြီးသည်မှာ ၎င်းဆွေးနွေးပွဲက ကျွန်တော့်အား ဘဝတစ်ခုဖန်တီးပေးလိုက်ခြင်း။ ကျွန်တော်၏ ကျန်သက်တမ်းတစ်လျှောက်လုံး ကျွန်တော်အလုပ်လုပ်စရာမလိုတော့။ ထိုသို့သော သင်တန်းမျိုး တစ်နှစ်လျှင် နှစ်ခုမျှ ကျွန်တော်တက်ဖြစ်အောင် တက်ပါသည်။

ကျွန်တော်က အသံသွင်းတိပ်ခွေတွေကိုလည်း ကြိုက်သည်။ အကြောင်းမှာ အလျင်အမြန်ပြန်ရစ်ပြီး ပြန်နားထောင်လို့ ရသောကြောင့်။ ကျွန်တော်ပီတာလင့်ချ်ဟောပြောချက် တိပ်ခွေကို နားထောင်နေသည်။ တစ်နေရာတွင် ကျွန်တော်လုံးဝသဘောမတူ လက်မခံနိုင်တာပါလာသည်။ သည်တော့ ဆရာကြီးဂိုက်ဖမ်းပြီး သူ့ကို ဝေဖန်ပြစ်တင်နေမည့်အစား 'ပြန်ရစ်'ခလုတ်ကိုနှိပ်လိုက်၏။ သူ့ဟောပြောချက်ထဲက ငါးမိနစ်စာ တစ်နံတစ်လျားကို အနည်းဆုံး အကြိမ်နှစ်ဆယ်လောက် နားထောင်ပစ်လိုက်၏။ ပိုချင်ပိုဦးမည်။ သို့သော် သဘောထားကြီးကြီးအမြင်ကျယ်ကျယ်ဖြင့် နားထောင်သည့်အတွက် သူဘာကြောင့် ထိုစကားတွေပြောခဲ့ကြောင်း ရုတ်တရက်နားလည်သဘောပေါက်သွားသည်။ အဖြစ်က မျက်လှည့်ပြလိုက်သလိုပါပဲ။ ကျွန်တော်တို့ခေတ်၏ အကြီးကျယ်ဆုံးသော ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ပညာရှင်တွေထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ပုဂ္ဂိုလ်ကြီး၏ စိတ်ထဲကို ပြတင်းပေါက်မှ လှမ်းကြည့်သိမြင်လိုက်ရသကဲ့သို့ ကျွန်တော်ခံစားရ၏။

နောက်ဆုံးရလဒ်မှာ ကျွန်တော့်မှာ စဉ်းစားနေကျ၊ တွေးနေကျ ပုံစံဟောင်းတစ်ခုရှိနေသည်။ ယခုပြဿနာတစ်မျိုးတည်းကို ပီတာလင့်ချ်၏ ချဉ်းကပ်စဉ်းစားသုံးသပ်ပုံကို သိရပြီ။ သည်တော့ ကျွန်တော့်မှာ အတွေးတစ်ခုတည်းရှိမည့်အစား အတွေးနှစ်ခုရှိလာ

ပြီ။ ပြဿနာတစ်ခု၊ အလားအလာတစ်ခုကို စိစစ်သုံးသပ်ရန် နောက်ထပ်နည်းလမ်းတစ်ခုရလာပြီ။ ဤကား တန်ဖိုးမဖြတ်နိုင်အောင်အဖိုးတန်ပါသည်။ ယနေ့ဆိုကျွန်တော် မကြာမကြာ ပြောမိသည့်စကားမှာ “ပီတာလင့်ချ်ဆိုရင် ဒီတိစ္စကို ဘယ်လိုလုပ်မလဲ” ဟူ၏။ သူတို့၏ ကြီးမားကျယ်ပြန့်ပြီး အစွမ်းထက်လှသော စိတ်တန်ခိုးကို ငှားယူအသုံးချခွင့်ရရန်မှာ သူတို့၏ ဟောပြောချက်များကို ကျိုးကျိုးနွံနွံနားထောင်လေ့လာမှသာ ဖြစ်နိုင်မည်မဟုတ်ပါလား။ မောက်မာဝင့်ကြွားသော သို့မဟုတ် အပြစ်တင်ဝေဖန်သူများကတော့ ထိုသို့ နားထောင်လိမ့်မည်မဟုတ်။

သင်သည် ယခုလောက်ထိ ဤစာအုပ်ကို ဖတ်ဖြစ်နေသည်ဆိုလျှင်တော့ သင်သည် အထက်ပါလူစားမျိုးတွင် မပါဝင်ဖို့သေချာပါသည်။ မောက်မာဝင့်ကြွားသူများသည် စာအုပ်ဖတ်ခဲပါသည်။ တိပ်ခွေနားထောင်ခဲပါသည်။ သူတို့ဘာကိစ္စသည်အလုပ်တွေ လုပ်နေရမည်လဲ။ သူတို့သည် စကြဝဠာကြီး၏ ဗဟိုချက်မဖြစ်နေသည်ပဲ။

လောကတွင် ‘ဉာဏ်ရည်ထက်မြက်’ သူတွေ အများကြီးရှိ၏။ သူတို့စဉ်းစားပုံ တွေးခေါ်ပုံနှင့် ထိပ်တိုက်တွေ့မည့် စိတ်ကူးသစ်များပေါ်ထွက်လာလျှင် သူတို့က ငြင်းခုံသည်။ ကာကွယ်သည်။ တိုက်ခိုက်သည်။ သည်ဖြစ်စဉ်တွင် ‘ဉာဏ်ရည် ထက်မြက်ခြင်း’ ဆိုသည့်အရာနှင့် မောက်မာဝင့်ကြွားမှုပေါင်းစပ်လိုက်သောအခါ အသိဉာဏ်ကင်းမဲ့ခြင်းဖြစ်သွားပါသည်။

အမှန်တကယ်ဉာဏ်ရည်ထက်မြက်သူများက စိတ်ကူးသစ်၊ အကြံသစ်များကို လက်ကမ်းကြိုဆို၏။ အကြောင်းမှာ စိတ်ကူးသစ်၊ အကြံဉာဏ်သစ်များကို သူတို့၏ ရှိရင်းစွဲစိတ်ကူးများနှင့် သဟဇာတဖြစ်အောင်ပေါင်းစပ်အသုံးချလို့ရသောကြောင့်ပင်။ နားထောင်ခြင်းက စကားပြောခြင်းထက်ပို၍ အရေးကြီးပါသည်။ ထိုအယူ

အဆမမှန်ဘူးဆိုလျှင် ဘရားသခင်က ကျွန်တော်တို့အား ပါးစပ်တစ်ပေါက်သာပေးထားပြီး နားနှစ်ဖက်ပေးထားမည်မဟုတ်ပါချေ။ လူတော်တော်များများသည် စိတ်ကူးသစ်များနှင့် ဖြစ်နိုင်ခြေများကို စူးစိုက်နားထောင်မည့်အစား ပါးစပ်များဖြင့် စဉ်းစားတွေးခေါ်ကြလေသည်။ သူတို့က မေးခွန်းတွေ မမေးဘဲ ငြင်းခုံကြ၏။

ကျွန်တော်၏ နေဥစ္စာ ကြွယ်ဝချမ်းသာခြင်းကို ရေရှည်တည်ဆောက်ယူခဲ့၏။ ကျွန်တော်က 'ချက်ချင်းသူဌေးဖြစ်' စိတ်ဓာတ်ကိုမမွေးမြူခဲ့။ ထီထိုးသူတွေ သို့မဟုတ် ကက်ဆီနိုလောင်းကစားသမားတွေထားသည့် စိတ်ဓာတ်မျိုး။ ကျွန်တော်စတော့ဈေးကွက်တွေထဲဝင်လိုက်ထွက်လိုက်လုပ်ကောင်းလုပ်မည်။ သို့သော် ပညာဆည်းပူးဖို့ ပိုပြီး အချိန်ပေးခဲ့၏။ သင်လေယာဉ်မောင်းချင်သည်ဆိုလျှင် လေယာဉ်မောင်းနည်းကို ဦးစွာသင်ယူဖို့ အကြံပေးပါရစေ။ လူတွေ စတော့များ သို့မဟုတ် အိမ်မြေများ ဝယ်ကြ၏။ သို့သော် သူတို့၏ အဖိုးအတန်ဆုံး ဥစ္စာဖြစ်သည့် 'စိတ်' ဖွံ့ဖြိုးတိုးတက်အောင်တော့ရင်းနှီးမြှုပ်နှံမှုမပြုကြ။ သူတို့ကြည့်ကြည့်ပြီး ကျွန်တော်အကြီးအကျယ်တုန်လှုပ်မိ၏။ အိမ်တစ်လုံးနှစ်လုံး ဝယ်ရုံရောင်းရုံဖြင့်သင်သည် ကျွမ်းကျင်သော အိမ်မြေလုပ်ငန်းရှင်ဖြစ်မလာပါ။

၃။ **မိတ်ဆွေများကို စိစိစစ်စစ်ရွေးချယ်ပါ။** ပေါင်းသင်းဆက်ဆံရေး၏ စွမ်းအား။ ကျွန်တော်က မိတ်ဆွေများရွေးချယ်ရာ၌ သူတို့၏ ငွေရေး ကြေးရေးအနေအထားကို ကြည့်ပြီး မရွေးကြောင်း ဦးစွာပြောလို၏။ ကျွန်တော့်မှာ ဆင်းရဲမွဲတေသည့် မိတ်ဆွေများရှိသလို တစ်နှစ်ဝင်ငွေသန်းချီပြီးရနေသည့် မိတ်ဆွေတွေလည်း ရှိ၏။ ဆိုလိုရင်းမှာ ကျွန်တော် သူတို့အားလုံးဆီမှ သင်ယူသည်။ လေ့လာသည်။ သူတို့ဆီက

ပညာယူဖို့ ကျွန်တော်သိမှတ်စွာ အားထုတ်ခဲ့လေသည်။

သူတို့မှာငွေရှိသည့်အတွက် ကျွန်တော်တမင်ရွေးပြီး ပေါင်းသင်းခဲ့သူများလည်း ရှိကြောင်းကျွန်တော်ဝန်ခံရပါမည်။ သို့သော် ကျွန်တော်သူတို့၏ ဝင်ငွေများ နောက်သို့ လိုက်ခြင်း မဟုတ်။ ကျွန်တော်က သူတို့၏ အသိပညာဗဟုသုတတွေကို ရယူလိုခြင်းဖြစ်၏။ ငွေရှိသူတချို့နှင့် ကျွန်တော်မိတ်ဆွေရင်းချာတွေ ဖြစ်သွားသော်လည်း ငွေရှိသူတိုင်းနှင့်တော့ မိတ်ဆွေရင်းချာမဖြစ်ပါ။

သို့သော် ထူးခြားချက်တစ်ခုရှိကြောင်းတော့ ကျွန်တော် ထောက်ပြလို၏။ ငွေရှိသည့်ကျွန်တော့်မိတ်ဆွေများသည် ငွေအကြောင်းပြောကြကြောင်းကျွန်တော်သတိထားမိ၏။ သူတို့ ကြွားကြဝါကြခြင်းမဟုတ်ပါ။ သူတို့က သည်အကြောင်းအရာကို စိတ်ဝင်စားကြသည်။ သည်တော့ကျွန်တော်သူတို့ဆီက ပညာယူသည်။ လေ့လာဆည်းပူးသည်။ သူတို့ကလည်း ကျွန်တော့်ဆီက ပညာယူကြသည်။ ငွေကြေး မပြည့်စုံမကြွယ်ဝသော ကျွန်တော့်မိတ်ဆွေတွေကတော့ ငွေအကြောင်း၊ စီးပွားရေးလုပ်ငန်းအကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအကြောင်းပြောရတာ ဝါသနာမပါကြချေ။ သူတို့က ငွေအကြောင်းပြောရတာ ရိုင်းစိုင်းရာရောက်ကြောင်း၊ အသိဉာဏ်ကင်းမဲ့ရာရောက်ကြောင်းပင် ယူဆတတ်ကြ၏။ သည်တော့ စီးပွားရေးအရ လူးလွန့်ရုန်းကန်နေရသူများထံကလည်း ကျွန်တော်လေ့လာသည်၊ ပညာယူသည်။ ဘာတွေ ရှောင်ရမည်ဆိုတာကို သူတို့ဆီက သိရသည်။

ကျွန်တော့်မိတ်ဆွေတွေထဲတွင် အသယ်ငယ်ငယ်နှင့် ဝင်ငွေကုဋေချီပြီးရအောင် စွမ်းဆောင်နိုင်သူများရှိ၏။ ထိုအထဲက သုံးဦးက ပြောပြသောအကြောင်းအရာတစ်ခုမှာ ထူးထူးခြားခြား တူညီနေသည်။ ငွေမရှိသောသူတို့မိတ်ဆွေတွေသည် သူတို့ဘယ်ပုံ

ဘယ်နည်းငွေရှာကြကြောင်းကို ဘယ်တော့မျှလာရောက်မေးမြန်းခြင်း၊ လေ့လာခြင်းမရှိဟုဆိုသည်။ ထိုလူတွေ လာတောင်းသည်မှာ တစ်မျိုး သို့မဟုတ် နှစ်မျိုးသာရှိသည်ဆို၏။ ပထမတစ်မျိုးမှာ ငွေချေးဖို့နှင့် ဒုတိယတစ်မျိုးမှာ အလုပ်ပေးဖို့သာ ဖြစ်သည်ဆို၏။

**သတိပေးချက်။** ။ဆင်းရဲသူများ သို့မဟုတ် အကြောက်ကြီးသူများ၏ စကားကို နားမထောင်ပါနှင့်။ ထိုကဲ့သို့သော မိတ်ဆွေတွေ ကျွန်တော့်မှာရှိ၏။ သူတို့ကို ကျွန်တော်ချစ်ပါသည်။ ရင်းနှီးပါသည်။ သို့သော်သူတို့သည် ဘဝ၏ 'ကြက်ငကြောက်ကလေးတွေ' ဖြစ်၏။ ငွေကြေးနှင့်ပတ်သက်လာလျှင် အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်လာလျှင် သူတို့က အမြဲတမ်း 'မိုးပြို'နေသူများဖြစ်၏။ သူတို့က သင့်အားအမြဲတမ်း ပြောပြနိုင်တာတစ်ခုရှိ၏။ တစ်စုံတစ်ရာသည်ဘာကြောင့် အလုပ်ဖြစ်လိမ့်မည်မဟုတ်ကြောင်း ၎ပြောပြပါလိမ့်မည်။ ပြဿနာမှာ လူတွေက သူတို့ပြောတာကို နားထောင်ကြခြင်းဖြစ်၏။ သို့သော် သူတို့ပြောသည့်အနိဋ္ဌာရုံသတင်းများကို မစဉ်းစားမဆင်ခြင်ဘဲ နားထောင်သူများသည်လည်း 'ကြက်ငကြောက်ကလေးများ' ဖြစ်ကြပေသည်။ သူတော်ချင်းချင်းသတင်းလွေ့လွေ့ဆိုသည့်စကားအတိုင်းဆိုပါတော့။/

သင်သည် စီအင်န်ဘီစီရုပ်မြင်သံကြားက ထုတ်လွှင့်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းများကို ကြည့်မည်ဆိုလျှင် သူတို့အစီအစဉ်တွင် ကျွမ်းကျင်သူဟုဆိုသူတွေ တစ်ဖွဲ့ကြီးပါဝင်သည်။ ကျွမ်းကျင်သူတစ်ဦးက ဈေးကွက်ပြိုလဲမည်ဟု ပြောလိမ့်မည်။ နောက်တစ်ဦးက ဈေးကွက်စန်းပွင့်မည်ဟု ပြောလိမ့်မည်။ သင်သာ 'နပ်'သူ ဆိုလျှင် သူတို့နှစ်ဦးစလုံးကို နားထောင်ပါလိမ့်မည်။ သူတို့ပြောတာကို အမြင်ကျယ်ကျယ်နားထောင်ပါ။ အဘယ်ကြောင့်

ဆိုသော် သူတို့မှာ ခိုင်မာသော အခြေခံအချက်များရှိနေသော ကြောင့်ဖြစ်၏။ ကံဆိုးချင်တော့ ဆင်းရဲသားအများစုသည် 'ကြက်ငကြောက်ကလေး' ၏ စကားကိုသာ နားထောင်တတ်ကြလေသည်။

ဆိုင်ထားသည့် အလုပ်တစ်ခု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုမှ နောက်ပြန်ဆုတ်ဖို့ တိုက်တွန်းမှုတွေ ကျွန်တော်အကြိမ်ကြိမ်ကြုံဖူး၏။ ဥစ္စာဓနကြွယ်ဝအောင် ထူထောင်ရာ၌ အခက်ဆုံးအလုပ်တွေထဲက တစ်ခုမှာ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချပြီး ရေယိမ်းလိုက်ဘသားယိမ်းလိုက် လုပ်ချင်စိတ်မရှိရေးပင်ဖြစ်၏။ အကြောင်းမှာဈေးကွက်ထဲသို့ နောက်ကျပြီး ဝင်လာသူများသာ အမဲဖျက်ခံရလေ့ရှိသောကြောင့်ဖြစ်၏။ အကယ်၍အခွင့်အလမ်းကောင်းကြီးကြီးမားမားတစ်ခုသည် သတင်းစာတွင် မျက်နှာဖုံးသတင်းအဖြစ်နှင့်မှ ပါလာပြီဆိုလျှင် များသောအားဖြင့် သင်နောက်ကျနေပြီ ဟုသာမှတ်လိုက်ပါ။ အခွင့်အလမ်းအသစ်တစ်ခုကို ရှာပါလေ။ လှိုင်းစီးသူများအား ကျွန်တော်တို့ပြောလေ့ရှိသည့်စကားမှာ "နောက်ထပ်လှိုင်းတစ်လုံး အမြဲရှိတယ်"ဟူ၏။ ကမန်းကတန်းပြေးလာပြီး လှိုင်းပြန်အကျမှာမှ စီးမိသူများသည် လှိုင်းနှင့်အတူ တလိမ့်ခေါက်ကွေး မျောပါသွားသူများသာ ဖြစ်ပါလိမ့်မည်။

✱ လိမ္မာပါးနပ်သော ရင်းနှီးမြှုပ်နှံသူများသည် ဈေးကွက်တွေထဲသို့ နောက်မှ ကသောကမျောပြေးလိုက်လေ့မရှိ။ သူတို့ကလှိုင်းတစ်လုံး လွတ်သွားလျှင် နောက်တစ်လုံးကို စောင့်ကြည့်အသင့်ပြင်ထားကြသည်။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်အများစုကတော့ သည်လိုလုပ်ရမှာ ဝန်လေးကြ၏။ အကြောင်းမှာ ရေပန်းမစား လူကြိုက်မများသည့်အလုပ်များကို လုပ်ရမှာ ကြောက်ကြသောကြောင့်ဖြစ်၏။ တွန့်ဆုတ်တွန့်ဆုတ်ရင်းနှီးမြှုပ်နှံသူများသည်လူအုပ်ကြီးနှင့် ရောနှောလိုက်သွားသည့် သိုးတွေနှင့် တူ၏။ ဉာဏ်

အမြော်အမြင်ရှိသော လုပ်ငန်းရှင်တွေက သူတို့အမြတ်ကို သဲ့ယူပြီး တခြား 'ခွင်'တစ်ခုခုသို့ ပြောင်းသွားပြီဆိုမှ တွန့်ဆုတ်တွန့်ဆုတ် သမားတွေက လောဘတွေတက်လာပြီး ဈေးကွက်ထဲအတင်း တိုးဝင် တတ်ကြလေသည်။ ဉာဏ်အမြော်အမြင်ရှိသော ရင်းနှီး မြှုပ်နှံသူများက လုပ်ငန်းတစ်ခုရေပန်းမစား လူကြိုက်မများသေး ချိန်တွင် ဝယ်ယူကြ၏။ အမြတ်များသည် ပစ္စည်းတစ်ခုကို ဝယ်ချိန် မှာရခြင်းဖြစ်ကြောင်း၊ ရောင်းချိန်မှာရခြင်းမဟုတ်ကြောင်းသူတို့ သိထားလေသည်။ သူတို့က စိတ်ရှည်လက်ရှည်စောင့်သည်။ သူတို့က ဈေးကွက်ကို အချိန်ကန့်ထားခြင်းမရှိ။ လှိုင်းစီးသူတစ်ဦး လိုပင် သူတို့နောက်ထပ်လှိုင်းတစ်လုံးအလာကို အဘင့်နေရာယူပြီး စောင့်နေတတ်ကြ၏။

စင်စစ်တော့ ဒါတွေအားလုံးသည် 'အတွင်းသတင်း အရောင်းအဝယ်' အလုပ်များချည်းဖြစ်၏။ အတွင်းသတင်း အရောင်းအဝယ်အလုပ်များ ပုံစံမျိုးစုံရှိ၏။ တရားမဝင်တွေလည်း ရှိသည်။ တရားဝင်တွေလည်းရှိသည်။ သင်ဘယ်လောက် သာရေည် ရှိသလဲဆိုသည်မှာ 'အတွင်း' နှင့် သင်ဘယ်လောက်နီးကပ်သလဲ ဆိုတာပေါ်မှာ မူတည်၏။ အကြောင်းမှာ ထိုသတင်းတွေပေါ် မူတည်ပြီး ငွေဖြစ်အောင် လုပ်ကြသောကြောင့်ပင်။ အခွင့်အလမ်း ကောင်းတစ်ခုအကြောင်း သတင်းရသည်နှင့် ခြေမြန် လက်မြန် ရင်းနှီး မြှုပ်နှံပစ်ပြီး ဈေးကွက် မပျက်မီပြန်ထွက်သွားသည့် လုပ်ရပ် မျိုး လုပ်ရပါမည်။ သင့်အား သည်အလုပ်မျိုးကို ဥပဒေပြင်ပမှ လုပ်ဖို့ ကျွန်တော်ပြောနေခြင်းမဟုတ်။ သို့သော် သတင်းကို စောစောသိရလေ အန္တရာယ်အနည်းဆုံးဖြင့် အမြတ်များများရဖို့ နီးစပ်လေပင်။ မိတ်ရင်းဆွေရင်းဆိုသည်မှာ အရေးကြီးလျှင် သွေးစည်းဖို့ပဲမဟုတ်ပါလား။ ဤကား ငွေရေး ကြေးရေး အသိ ပညာပင် ဖြစ်ပါသည်။

၄။ ပုံသေနည်းတစ်ခုကို ပိုင်နိုင်ကျွမ်းကျင်အောင် လေ့ကျင့်ပြီး နောက်နည်းသစ်တစ်ခုကို သင်ယူလေ့လာပါ။ လျင်မြန်စွာ သင်ယူခြင်း၏ စွမ်းအား။ ပေါင်မုန့်ဖုတ်ရန်အတွက် မုန့်ဖုတ်သမားတိုင်းသည် သူတို့ခေါင်းထဲမှာသာ သိမ်းထားသည့်တိုင် မုန့်ဖုတ်နည်းတစ်ခုအတိုင်းတော့ လိုက်နာဆောင်ရွက်ရ၏။ ငွေရှာရာမှာလည်း ထိုနည်းလည်းကောင်းဖြစ်ပါသည်။

'သင်စားသောက်သည့်အတိုင်းသင်ဖြစ်လာသည်' ဟူသော ဆိုရိုးစကားကို ကျွန်တော်တို့ အများစုကြားဖူးကြ၏။ ၎င်းဆိုရိုးစကားကို နည်းနည်းကလေးပြင်ပြီး 'သင်လေ့လာဆည်းပူးသည့် အတိုင်း သင်ဖြစ်လာမည်'ဟု ပြောပါရစေ။ တစ်နည်းဆိုသော် သင်လေ့လာ ဆည်းပူးသည့် အကြောင်းအရာများကို ဂရုတစိုက် ရွေးချယ်ပါဟူ၏။ အဘယ်ကြောင့်ဆိုသော် သင့်စိတ်သည် အစွမ်းထက်လွန်းသည့်အတွက် သင့်ဦးနှောက်ထဲမှာ ထည့်ထားသည့် အကြောင်းအရာများ အတိုင်း သင်ဖြစ်လာမည်ဖြစ်သောကြောင့်ပင်။ ဥပမာ သင်သည် အချက်အပြုတ်ကို သင်ယူလေ့လာလျှင် သင်စားဖိုမှူးဖြစ်လာဖို့ပဲ အလားအလာရှိ၏။ သင်က စားဖိုမှူး မလုပ်ချင်တော့ဘူးဆိုလျှင် နောက်ထပ်တစ်မျိုးမျိုးကို သင်ယူလေ့လာရပေမည်။ ဆိုပါစို့၊ ကျောင်းဆရာတစ်ယောက် သင်ကြားပို့ချမှုပညာကို သင်ယူပြီးလျှင် သင်ကျောင်းဆရာဖြစ်လာပေမည်။ ထို့ကြောင့် သင်လေ့လာဆည်း ပူးသည့်အကြောင်းအရာကို ဂရုတစိုက်ရွေးချယ်ပါဟု ပြောခြင်းဖြစ် ၏။

✱ (ငွေနှင့်ပတ်သက်လာလျှင် လူတွေကျောင်းမှာသင်ယူခဲ့သည့် အခြေခံပုံသေနည်းတစ်ခုရှိ၏။ ၎င်းနည်းမှာငွေရဖို့ အလုပ်လုပ်ဟူ၏။ ယနေ့ကမ္ဘာတစ်ဝန်းလုံးကို စိုးမိုးချယ်လှယ်နေသည့် ပုံသေနည်းအတိုင်းဆိုလျှင် နံနက်အိပ်ရာကနိုးလျှင် အလုပ်သွား၊

ဝင်ငွေရှာ၊ ကြွေးတွေဆပ်၊ ပိုငွေကလေးကို ဘဏ်မှာသွင်း၊ အကျိုးတူရန်ပုံငွေတချို့ကိုဝယ်၊ နောက်ပြီး အလုပ်ပြန်လုပ်။ ဤကား အခြေခံပုံသေနည်းတည်း။)

သင်လက်ရှိလုပ်ကိုင်နေရသည်ကို စိတ်ပျက်လာလျှင် သို့မဟုတ် ဝင်ငွေလုံလုံလောက်လောက် မရဘူးဆိုလျှင် လက်ရှိသင်ငွေရှာနေသည့် ပုံသေနည်းကို ပြောင်းပစ်ဖို့ပဲရှိပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကျွန်တော့်အသက် ၂၆ နှစ်တုန်းက 'အပေါင်ဆုံး အိမ်မြေများဝယ်နည်း'ဆိုသည့် သင်တန်းတစ်ခု တက်ခဲ့၏။ ၎င်းသင်တန်းမှ ပုံသေနည်းတစ်ခု တတ်ခဲ့သည်။ နောက်တစ်ဆင့်ကတော့ ကိုယ်တတ်မြောက်ခဲ့သည့်နည်းနိသယကို လက်တွေ့အသုံးချရေးပင်ဖြစ်၏။ လူများစုရပ်တန့်သွားသည်မှာလည်း သည်အဆင့်မှာပဲဖြစ်သည်။ ဇရော့စ်ကုမ္ပဏီနှင့် အလုပ်လုပ်နေသည့် သုံးနှစ်တာကာလအတွင်း အချိန်အားရတိုင်း အပေါင်ဆုံး အိမ်မြေများဝယ်နည်းကို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် အထူးဝါယမစိုက်လေ့လာခဲ့၏။ ၎င်းပုံသေနည်းကို အသုံးချပြီး ကျွန်တော် ဒေါ်လာသန်းပေါင်းတော်တော်များများရှာနိုင်ခဲ့၏။ သို့သော် ယနေ့ခေတ်ယနေ့အခါတွင်မူ သည်ပုံသေနည်းကို အခြားလူတွေလိုက်သုံးနေကြပြီ။ နောက်ပြီး သည်နည်းက နေ့ကွေးလွန်းနေပြီဖြစ်၏။

သည်တော့ ထိုပုံသေနည်းကို တတ်မြောက်ကျွမ်းကျင်ပြီးသောအခါ ကျွန်တော်က အခြားအခြားသော ပုံသေနည်းများကို ရှာဖွေခဲ့၏။ လေ့လာခဲ့၏။ သင်တန်းပေါင်း များစွာတက်ခဲ့သော်လည်း ကျွန်တော်က ကျွန်တော်လေ့လာသိရှိရသည့်သတင်းကို တိုက်ရိုက်အသုံးမပြုခဲ့ပါ။ ကျွန်တော်က အမြဲတစေ အသစ်အဆန်း တစ်ခုခုကိုသာ ရှာဖွေခဲ့၏။ လေ့လာခဲ့၏။

ကျွန်တော်က ပိုပြီးလျင်မြန်သွက်လက်မည့်ပုံသေနည်းမျိုးကို အမြဲဦးစားပေးရှာဖွေလေ့လာ၏။ ထို့ကြောင့်ပင် ပုံမှန်အား

ဖြင့် ကျွန်တော်သည် တစ်ပါးသူတွေ သူတို့တစ်သက်တာအတွင်း အလုပ်ဖြစ်သည့် လုပ်ငန်းပမာဏထက်များသော အလုပ်များကို ကျွန်တော်က တစ်နေ့တာအတွင်း အလုပ်ဖြစ်အောင် လုပ်နိုင်ခဲ့၏။

နောက်ထပ်လက်တို့ သတိပေးစရာကလေးရှိပါသေးသည်။ (လျှင်မြန်စွာ ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးထဲတွင် သင်ဘာတွေ တတ်သိနားလည်ထားသလဲဆိုတာ သိပ်အဓိကမကျတော့ပါ။ အဘယ်ကြောင့်ဆိုသော် သင်တတ်သိနားလည်ထားတာက ဟောင်းနွမ်းနေပြီဖြစ်သောကြောင့်ပင်။)အဓိကအရေးကြီးသည်မှာ သင် သင်ယူဆည်းပူးမှုဘယ်လောက်မြန်သလဲဆိုတာဖြစ်၏။

* ထိုအရည်အချင်းသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိပါသည်။ ငွေရှာဖို့အတွက် ပို၍မြန်ဆန်သော ပုံသေနည်းများ ရှာဖွေဖော်ထုတ်နိုင်ခြင်းသည်လည်း တန်ဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိပါသည်။ ငွေရရေးအတွက် ကြိုးစားပမ်းစားအလုပ်လုပ်ဆိုသည်မှာ ကျောက်ခေတ်လူသားတွေခေတ်က ပေါ်ပေါက်ခဲ့သော ပုံသေ နည်းအို၊ နည်းဟောင်းကြီးဖြစ်ပါသည်။

၅။ သင့်ကိုယ်သင်ဦးစွာပေးပါ။ ကိုယ့်စည်းကိုယ်ထိန်းခြင်း၏ စွမ်းအား။

သင့်ကိုယ်သင်မထိန်းသိမ်းနိုင်ဘူးဆိုလျှင် ချမ်းသာကြွယ်ဝဖို့ မကြိုးစားပါနှင့်။ သင့်ကိုယ်သင် ထိန်းထိန်းသိမ်းသိမ်း နေတတ်ရေးအတွက် သင်သည် ရေတပ်ထဲ ဝင်ချင်ဝင်မည်။ ဘာသာရေးအသင်းအဖွဲ့တစ်ခုထဲ ဝင်ချင်ဝင်မည်။ ဘာပဲဖြစ်ဖြစ် ရင်းနှီးမြှုပ်နှံမှုတွေလုပ်၊ ငွေရအောင်ရှာ၊ ရသည့်ငွေတွေကို ဖြုန်းတီးပစ်ခြင်းကတော့ အဓိပ္ပာယ်မရှိ၊ သန်းချီထိပေါက်ပြီးနောက် များမကြာမီကာလအတွင်းမှာပင် လူမွဲဘဝသို့ ပြန်ရောက်သွားခြင်းသည် ကိုယ့်ကိုယ်ကိုယ် ထိန်း

သိမ်းမှုမရှိကြသောကြောင့်ဖြစ်လေသည်။ လူတွေလုပ်ငန်းခွင်မှာ ရာထူးတက်၊ လခတိုးသည်နှင့် အမြင်ထွက်ပြီး မော်တော်ကားအသစ်တစ်စီးဝယ်ချလာခြင်းသည်လည်း ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းမှုမရှိခြင်းပြယုဂ်ဖြစ်ပါသည်။

ကျွန်တော်တင်ပြသည့်အဆင့်ဆယ်ဆင့်တွင် ဘယ်အဆင့်ကအရေးကြီးဆုံးဖြစ်သည်ဟု ပြောရတော်တော်ခက်ပါသည်။ သို့ရာတွင် သင်သည်ပင်ကိုကပင် စည်းကမ်းရှိသူမဟုတ်လျှင် ကျွန်တော်တင်ပြသည့်အဆင့်ဆယ်ဆင့်ထဲတွင် ဤအဆင့်သည် ကျင့်ကြံရအခက်ဆုံးဖြစ်ပါလိမ့်မည်။ ချမ်းသာသူ၊ ဆင်းရဲသားနှင့် လူလတ်တန်းစားများအကြား ကွဲပြားခြားနားစေသည့် အဓိက အကြောင်းအချက်မှာ ကိုယ့်စည်းကိုယ်ထိန်းခြင်းဆိုသည့်အချက်ဖြစ်၏။

ရှင်းရှင်းလွယ်လွယ်ပြောရလျှင် ကိုယ့်သိက္ခာကိုယ်မထိန်းတတ်သူများ၊ ငွေကြေးကျပ်တည်းမှုဒဏ်ကို ခံနိုင်ရည်နည်းသူများသည် ဘယ်သောအခါမျှ . . . ထပ်ပြောပါရစေ . . . ဘယ်တော့ဘယ်တော့မျှ ချမ်းသာလာမည်မဟုတ်ပါ။ ဖေဖေချမ်းသာသင်ပေးခဲ့သည့် သင်ခန်းစာအတိုင်းပြောရလျှင် 'ကမ္ဘာလောကကြီးကသင့်အား 'မောင်း'နေပါလိမ့်မည်။ ကမ္ဘာလောကကြီးက လူတွေအား 'မောင်း'သည်မှာ တခြားလူတွေက နိုင်ထက်စီးနင်း ဗိုလ်ကျချင်သောကြောင့်မဟုတ်။ အမောင်းခံရသူများသည် ကိုယ့်စိတ်ကိုယ်ထိန်းပြီး စည်းနှင့်ကမ်းနှင့် မနေတတ်ကြသောကြောင့်ဖြစ်၏။ ကိုယ့်စိတ်ကိုယ်မထိန်းနိုင်သူများသည် မကြာမကြာ ဆိုသလို ကိုယ့်စည်းကိုယ်ထိန်းတတ်သူများ၏ သားကောင်ဘဝသို့ ရောက်ကြရလေသည်။

ကျွန်တော်သင်ကြားပို့ချခဲ့သည် စွန့်ဦးတီထွင်လုပ်ငန်းရှင်သင်တန်းများတွင် သင်တန်းသားများအား မပြတ်သတိပေးခဲ့သည်မှာ သူတို့၏ ထုတ်ကုန်ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ်

တီထွင်ထားသော ပစ္စည်းပေါ်မှာသာ အာရုံစိုက်မနေဘဲ အုပ်ချုပ်မှုဆိုင်ရာ အရည်အသွေးများကိုလည်း အထူးအာရုံစိုက်ဖို့ဖြစ်၏။ ကိုယ်ပိုင်စီးပွားရေလုပ်ငန်းလုပ်တော့မည်ဆိုလျှင် လိုအပ်သော အရေးအကြီးဆုံး အုပ်ချုပ်မှုဆိုင်ရာ အရည်အချင်းသုံးမျိုးမှာ-

၁။ ငွေသားစီးဆင်းမှု ထိန်းသိမ်းခြင်း၊ အုပ်ချုပ်ခြင်း၊

၂။ လူတွေကို ထိန်းသိမ်းအုပ်ချုပ်ခြင်း၊

၃။ ကိုယ်ပိုင်အချိန်ကို စီမံခန့်ခွဲခြင်း။


အထက်ပါအရည်အချင်းသုံးရပ်သည် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက်သာမဟုတ် ဘယ်လုပ်ငန်းမျိုးအတွက်မဆို လက်တွေ့အသုံးကျကြောင်းပြောလိုပါသည်။ သင်၏ တစ်ဦးတစ်ယောက်ချင်းဘဝမှာဖြစ်စေ၊ သို့မဟုတ် မိသားစုဝင်တစ်ဦးအနေဖြင့်ဖြစ်စေ၊ ကုသိုလ်ဖြစ်အဖွဲ့အစည်းတစ်ခုမှာဖြစ်စေ၊ မြို့တစ်မြို့၊ တိုင်းပြည်တစ်ပြည်မှာဖြစ်စေ အထက်အရည်အချင်းသုံးရပ်သည် မရှိမဖြစ်အရေးကြီး၏။

ကိုယ့်စည်းကိုယ်ထိန်းခြင်းအားဖြင့် အထက်ပါ အရည်အချင်းတစ်မျိုးစီကို တိုးတက်ထက်မြက်လာအောင် လုပ်လို့ရ၏။ 'သင့်ကိုယ်သင်ဦးစွာပေးပါ' ဆိုသော စကားကို ကျွန်တော်ခပ်ပေါ့ပေါ့ ပြောခဲ့ခြင်းမဟုတ်ပါ။

'သင့်ကိုယ်သင်ဦးစွာပေးပါ' ဟူသော စကားစုသည် ဂျော့ကလက်ဆင် (George Classen) ရေးသည့် 'ဘေဘီလုံမှ အချမ်းသာဆုံးပုဂ္ဂိုလ်' စာအုပ်ထဲကဖြစ်၏။ ထိုစာအုပ်တွေသန်းပေါင်းများစွာ ရောင်းခဲ့ရ၏။ စွမ်းအားကြီးသော ဤစကားစုကို သန်းပေါင်းများစွာသော လူတွေက လွတ်လွတ်လပ်လပ်ထပ်ဆင့်ပြောကြ၏၊ ကောက်နုတ်တင်ပြကြ၏။ သို့သော် ဤအကြံပေးချက်အတိုင်း လက်တွေ့လိုက်နာကျင့်ကြံသူကား အလွန်နည်းလှပေသည်။ ကျွန်တော်ပြောခဲ့သည့်အတိုင်း ငွေရေး ကြေးရေးအခြေခံပညာ

တတ်မြောက်သူတစ်ဦးသည် ကိန်းဂဏန်းများကို ဖတ်တတ်လာသည်။ ကိန်းဂဏန်းများကပြောသည့် ဇာတ်လမ်းကို သိနားလည်လာပါသည်။ လူတစ်ဦး၏ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းကို ကြည့်ရုံမျှဖြင့်ထိုသူသည် 'သင့်ကိုယ်သင်ဦးစွာပေးပါ' ဟု ပါးစပ်က တရားဟောနေသည့်အတိုင်း လက်တွေ့ကျင့်ကြံသည် မကျင့်ကြံသည်ကို ကျွန်တော်တပ်အပ်ပြောလို့ရပါသည်။

ပုံတစ်ပုံသည် စကားလုံးပေါင်းထောင်သောင်းမကထက် တာသွားပါသည်။ သည်တော့ 'ကိုယ့်ကိုယ်ကိုယ် ဦးစွာပေးသူ'နှင့် 'မပေးသူ'တို့၏ စာရင်းဇယားများကို ပုံဆွဲကြည့်ကြပါဦးစို့။





အထက်ပါပုံတွေကို သေသေချာချာလေ့လာကြည့်ပါ။ ထူးခြားချက်တချို့ကို သင်တွေ့မိပါရဲ့လား။ သည်ဇာတ်လမ်းကို

ပြောပြနေသည့် ငွေသားစီးဆင်းမှုအကြောင်း နားလည်ဖို့လိုပါသည်။ လူများစုသည် ကိန်းဂဏန်းတွေတော့ကြည့်၏။ သို့သော် ဇာတ်လမ်းကို မဖော်နိုင်ကြ။ သင်သည် ငွေသားစီးဆင်းမှု၏ စွမ်းအားကို တကယ်နားလည်သဘောပေါက်သည်ဆိုလျှင် ယခုဆက်လက်ဖော်ပြမည့်ပုံတွင် ဘာတွေမှားနေသလဲဆိုတာကို သင်ချက်ချင်းသိမြင်သဘောပေါက်ပါလိမ့်မည်။ သို့မဟုတ် ၉၀ ရာခိုင်နှုန်းသော လူတွေသည် တစ်သက်လုံးအလုပ်ကျိုးလုပ်ခဲ့ပြီး အလုပ်မလုပ်နိုင်တော့သည့်အရွယ်တွင် အတိဒုက္ခရောက်ကြသည်မှာ ဘာကြောင့်ဆိုသည်ကို သင်သိမြင်လာပါလိမ့်မည်။

အပေါ်ပုံက 'မိမိကိုယ်မိမိ ဦးစွာပေးသူ' တစ်ဦး၏ လုပ်ရပ်များကို ဖော်ပြနေ၏။ တစ်လကုန်တိုင်း သူတို့ကလစဉ်အသုံးစရိတ်များကို မပေးချေသေးဘဲ သူတို့၏ ဝင်ငွေထဲမှ ဖဲ့ပြီး ရပိုင်ခွင့်ကဏ္ဍထဲသို့ ထည့်ဝင်ရင်းနှီးမြှုပ်နှံကြ၏။ သန်းပေါင်းများစွာသော လူတွေသည် ကလက်ဆင်၏ စာအုပ်ထဲမှ 'သင့်ကိုယ်သင် ဦးစွာပေးပါ' ဟူသောစာစုကို ဖတ်ကြ နားလည်ကြသော်လည်း လက်တွေ့ဘဝတွင်မူသူတို့သည် မိမိကိုယ်မိမိနောက်ဆုံးမှ ပေးကြသည်ချည်းဖြစ်၏။

ယခုဆိုလျှင် ကြွေးတွေအရင်ဆပ်ဖို့ နိုးသားစွာ ယုံကြည်သူများ၏ ရန်ထောင်သံကို ကျွန်တော်ကြားနေရပါပြီ။ ပေးရမည့်ကြွေးတွေကို အချိန်မီပေးဆပ်သည့် 'တာဝန်သိ' ပုဂ္ဂိုလ်များ၏ ဒေါသသံများကိုလည်း ကြားနေရပြီ။ ကျွန်တော်က 'တာဝန်မဲ့' ဖို့ ကြွေးတွေမဆပ်ဖို့ ပြောနေခြင်းမဟုတ်ပါ။ ကျွန်တော်ပြောနေတာက စာအုပ်ထဲမှာ ပြောထားသည့်အတိုင်း 'သင့်ကိုယ်သင် ဦးစွာပေး' ဖို့သာဖြစ်၏။ ထိုသို့သင့်ကိုယ်သင် ဦးစွာပေးသည့် လုပ်ဆောင်မှုကို အထက်ပါပုံက မှန်မှန်ကန်ကန်ထင်ဟပ်ပြနေ၏။ ယခုဖော်ပြမည့်ပုံနှင့်မတူပါ။

အခြားသူတိုင်းကို ဦးစွာပေးသူများ (သူတို့မှာ တစ်ပြားတစ်ချပ်မျှ မကျန်သည့်အဖြစ်မျိုး မကြာမကြာ ကြုံသည်)




ကျွန်တော်နှင့် ကျွန်တော့်ဇနီးတွင် စာရင်းကိုင်စာရေးတွေ၊ စာရင်းကိုင်အရာရှိတွေ၊ ဘဏ်မန်နေဂျာတွေ တော်တော်များများရှိသည်။ 'သင့်ကိုယ်သင် ဦးစွာပေး' ဟူသော အယူအဆနှင့်ပတ်သက်၍ သူတို့နှင့်တော်တော်ကြီးဆွေးနွေးရသည်။ အကြောင်းမှာ ဤငွေရေး ကြေးရေး ပညာရှင်တွေသည် လူအများလုပ်သလိုလိုက်လုပ်ကြသောကြောင့်ဖြစ်၏။ မိမိကိုယ်မိမိ နောက်

ဆုံးမပေးခြင်း။ သူတို့က အခြားသူတိုင်းကို ဦးစွာပေးကြ၏။

ကျွန်တော့်ဘဝတွင် အကြောင်းကြောင်းကြောင့် ဝင်ငွေသည် ကြွေးဆပ်ရမည့်ငွေပမာဏကို မမီသော လတွေရှိခဲ့၏။ သို့ဖြစ်သည့်တိုင် ကျွန်တော်က မိမိကိုယ်မိမိပဲ ဦးစွာပေးသည်။ ကျွန်တော့်စာရင်းကိုင်အရာရှိနှင့် စာရင်းကိုင်စာရေးတို့က မျက်ကလူးဆန်ပျာဖြင့် အော်ကြဟစ်ကြသည်။ "ခင်ဗျားနောက်ကို သူတို့လိုက်လာကြမှာပေါ့။ ပြည်တွင်းအခွန်ဦးစီးက ခင်ဗျားကို အချုပ်ခန်းထဲပို့လိုက်မှာပေါ့" "လျှပ်စစ်မီးလာဖြတ်တော့မှာပဲ" ဟု၍။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ်ပဲ ဦးစွာပေးသည်။

"ဘာကြောင့်လဲ" ဟု သင်မေးလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် 'ဘေဘီလုံမှာ အချမ်းသာဆုံး ပုဂ္ဂိုလ်' မှာ ဖော်ပြထားတာသည်အတိုင်းဖြစ်နေသောကြောင့်ပါ။ ကိုယ့်စည်းကိုယ်ထိန်းခြင်းနှင့် ကိုယ့်စိတ်ကိုယ်နိုင်ခြင်း၏ စွမ်းအားအကြောင်း သို့မဟုတ် သတ္တိအကြောင်း။ ကြွေးတောင်းသူက သင့်အား "ပေးမလား၊ မပေးဘူးလား"ဟု ခြိမ်းခြောက်မည်။ သည်တော့သင်က သူတို့ကိုပေးပြီး သင့်ကိုယ်သင်မပေးတော့။ ဘေဘီလုံစာအုပ်မှာ တင်ပြထားသည်က သည်အကြောင်းပင်ဖြစ်၏။ သတ္တိမွေးပြီး လူအများ လုပ်သလို လိုက်မလုပ်ဘဲ ကြီးပွားချမ်းသာအောင် လုပ်ဖို့။ သင်သည် ပျော့ညံ့သူ ဟုတ်ချင်မှ ဟုတ်ပါမည်။ သို့သော် ငွေနှင့်ပတ်သက်လာလျှင် လူတော်တော်များများသည် အားငယ်တတ်ကြပါသည်။

ကျွန်တော်ပြောနေသည်မှာ 'တာဝန်မဲ့'ဖို့မဟုတ်။ ကျွန်တော့်မှာ ကြွေးဝယ်ကတ်ပြားဖိုးတွေ၊ ဟိုကြွေး သည်ကြွေးတွေများများစားစားရှိနေခြင်းမှာ 'ကိုယ့်ကိုယ်ကိုယ် ဦးစွာပေး' ချင်စိတ်ကြောင့်ဖြစ်၏။ ကျွန်တော့်ဝင်ငွေကို အနည်းဆုံးသို့ လျှော့ချခြင်းမှာ ကျွန်တော့်ဝင်ငွေကို အစိုးရအား မပေးချင်သောကြောင့် ဖြစ်၏။ ကျွန်တော်သည် ငွေရဖို့သက်သက်အလုပ်လုပ်လျှင် အစိုးရက

အပိုင်စီးသွားပါမည်။

ပေးဆပ်ရမည့်ကြွေးများကို နောက်ဆုံးမှပေးဆပ်သော်လည်း ငွေကြေးအကျပ်အတည်းကြီးကြီးမားမားဖြစ်သည့် အနေအထားမျိုးထိမရောက်အောင်တော့ အကင်းပါးရပါသည်။ အမေရိကန်လူဦးရေ ၉၉ ရာခိုင်နှုန်းကပေးရမည့်၊ ပေးရန်တာဝန်များထက် များသော ပေးရန်တာဝန်များ ကျွန်တော့်မှာရှိ၏။ သို့ပေမဲ့ ၎င်းပေးရန်တာဝန်များကို ကျွန်တော်ကမပေး။ ကျွန်တော့်အိမ်ငှားများက ပေးပါသည်။ သည်တော့ သင့်ကိုယ်သင်ဦးစွာပေးခြင်းတွင် လိုက်နာရမည့် ဥပဒေသတစ်သည် ကြွေးမတင်အောင် ပထမဦးစွာ အားထုတ်ရပါမည်။ ကျွန်တော့်ကြွေးများကို နောက်ဆုံးမှ ပေးချေသော်လည်း မပေးဘဲ ကျန်နေသည့် ကြွေးများမှာ သိပ်အရေးမကြီးသည့် ငွေပမာဏနည်းနည်းကလေးတွေသာ ဖြစ်အောင် ဂရုစိုက်ပါသည်။

ဒုတိယပြောလိုသည့်အချက်မှာ ငွေကြေးပြတ်လတ်သည့် အခါမျိုးတွင်လည်း ကိုယ့်ကိုယ်ကိုယ်ပဲ ဦးစွာပေးပါသည်။ ကြွေးရှင်တွေနှင့်အစိုးရကြွေးတောင်းခံသူတွေကိုပင် အော်ချင်အော် ငေါက်ချင်ငေါက်ဆိုပြီး လွှတ်ထားပါသည်။ သူတို့မာရေ ကျောရေ ဆက်ဆံလာလျှင် ကျွန်တော်က ပိုပြီးကြိုက်သည်။ ဘာကြောင့်လဲ။ အကြောင်းမှာ သည်လူတွေက ကျွန်တော့်အား ကူညီကြသောကြောင့်ပါ။ ကျွန်တော်အပြင်ထွက်ပြီး ငွေပိုရရာရကြောင်းဖန်တီးချင်လာအောင် သူတို့ကလှုံ့ဆော်နှိုးဆွကြသည်လေ။ သည်တော့ ကျွန်တော်ကိုယ့်ကိုယ်ကိုယ်ဦးစွာပေးသည်။ ငွေကို ရင်းနှီးမြှုပ်နှံသည်။ ကြွေးရှင်တွေ အော်ချင်သလောက်အော်၊ ခြိမ်းခြောက်ချင်သလောက်ခြိမ်းခြောက်။ များသောအားဖြင့် သူတို့ကို ပေးဆပ်နိုင်သည်သာဖြစ်၏။ သူတို့က ဖိအားပေးလာသည့်အတွက် ကျွန်တော်နှင့်ကျွန်တော့်ဇနီးက လျှော့ပေးလေ့မရှိ။ ကျွန်တော်တို့၏ စုငွေထဲ

က ထုတ်ပြီးပေးခြင်း၊ အစုရှယ်ယာများရောင်းဝစ်ခြင်း ဘယ်တော့မှမလုပ်။ ထိုသို့ပြုလုပ်ခြင်းသည် စီးပွားရေးအသိပညာရှိရာမရောက်။

သည်တော့အဖြေမှာ-

၁။ များများစားစားအကြွေးတင်သည့်အနေအထားများသို့မရောက်ပါစေနှင့်။ အသုံးစရိတ်များလျော့ကျနေပါစေ။ ပထမဦးစွာ ပစ္စည်းဥစ္စာများ (ရပိုင်ခွင့်များ) စုဆောင်းပါ။ ပြီးမှအိမ်ကြီးတစ်လုံး သို့မဟုတ် အပျံစားကားတစ်စီးဝယ်ပါ။ ကြွက်ပြေးလမ်းထဲက မထွက်နိုင်ခြင်းသည် ဉာဏ်ပညာထက်မြက်ရာမရောက်ပါ။

၂။ ငွေမလုံလောက်သည့်အချိန်များတွင် ဖိအားတွေ များသည်ထက်များလာပါစေ။ သင့်စုငွေများ သို့မဟုတ် ရင်းနှီးမြုပ်နှံမှုများကို မျက်စောင်းမထိုးပါနှင့်။ ကြွေးရှင်များ၏ ဖိအားက သင့် ငွေရေး ကြေးရေးပါရမီကို နှိုးဆွလှုံ့ဆော်ပါစေ။ ထိုအခါ ရင်းပါရမီက ဝင်ငွေပိုရအောင် အမျိုးမျိုးအဖုံဖုံကြံဆောင်ပါလိမ့်မည်။ ထိုအခါကျမှ ကြွေးတွေထိုးဆပ်ပစ်ပါ။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သင်ဝင်ငွေပိုရအောင် ရှာဖွေနိုင်စွမ်း တိုးတက်လာပါလိမ့်မည်။ ငွေရေး ကြေးရေးအသိပညာလည်း ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မည်။

ကျွန်တော်သည် ငွေကြေး အကျပ်အတည်းများနှင့်အကြိမ်ပေါင်းများစွာ ကြုံဖူး၏။ ထို့ကြောင့်ဝင်ငွေပိုရအောင် ဦးနှောက်တွေ အရည်ပျော်မတတ်စဉ်းစားအားထုတ်ခဲ့ရသည်။ တစ်ချိန်တည်းတွင် ကျွန်တော်ရင်းနှီးမြုပ်နှံထားသော ဥစ္စာခနများကို မထိပါးရအောင် ခိုင်ခိုင်မာမာစောင့်ရှောက်ကာကွယ်ခဲ့၏။ ကျွန်တော့်စာရင်းကိုင်စာရေးက အကာအကွယ်ယူဖို့ မြေပေါ်မှာပြားပြားဝပ်မှောက်နေချိန်တွင် ကျွန်တော်က ကျွန်တော်၏

ဥစ္စာမနေခဲ့တပ်ကြီး ကျဆုံးမသွားအောင် ခုခံကာကွယ်နေသည့် ခံတပ်စောင့်ရဲမက်တစ်ယောက်ဖြစ်နေ၏။

ဆင်းရဲသားတွေမှာ အလေ့အကျင့်ဆိုးတွေရှိ၏။ အများသိ အကျင့်ဆိုးမှာ စုငွေများကို နှိုက်သုံးတတ်ခြင်းဖြစ်၏။ စုငွေဆိုသည်မှာ ငွေပွားလာအောင်လုပ်သည့် ကိရိယာသာဖြစ်ကြောင်း လူချမ်းသာတွေက သိထားသည်။ စုငွေသည် ကြွေးဆပ်ရမည့်ငွေ မဟုတ်။

သည်လိုကျင့်ကြံရမှာ မလွယ်ကြောင်း ကျွန်တော်သိပါသည်။ သို့သော် သင့်စိတ် မကြံ့ခိုင်လျှင် လောကကြီးက သင့်ကို 'မောင်း'တာခံရပါလိမ့်မည်။

ငွေရေး ကြေးရေး ဖိအားပေးခြင်းခံရတာကို မနှစ်မြို့ဘူးဆိုလျှင် သင်အသုံးချလို့ရမည့် ပုံသေနည်းတစ်ခု ရှာဖွေကြံဆထားပါ။ အကောင်းဆုံးနည်းကတော့ အသုံးစရိတ်တွေ လျှော့ချပစ်၊ ပိုငွေကို ဘဏ်မှာစု၊ အစိုးရထံဝင်ငွေခွန်ပေးဆောင်၊ စိတ်ချရသော အကျိုးတူရန်ပုံငွေထဲ ထည့်ဝင်၊ နောက်ပြီးသူလိုကိုယ်လိုဘဝမျိုး ဖြင့်နေထိုင်သွား။ သို့သော် ဤသို့ပြုကျင့်ခြင်းက 'သင့်ကိုယ်သင် ဦးစွာပေး' ဥပဒေသကို ချိုးဖောက်ရာရောက်၏။

ဤဥပဒေသက ကိုယ်ကျိုးစွန့်အနစ်နာခံဖို့ သို့မဟုတ် ငွေရေး ကြေးရေးအရ တင်းတိမ်ရောင့်ရဲတတ်ဖို့ မတိုက်တွန်းပါ။ သင့်ကိုယ်သင်ဦးစွာပေးပြီး အငတ်ငတ်အပြတ်ပြတ်ဖြစ်အောင် ခြိုးခြံနေဖို့လည်းမပြော။ ဘဝဆိုသည်မှာ ပျော်ရွှင်ကြည်နူးမှုကို ခံစားဖို့ဖြစ်၏။ သင်၏ ငွေရေး ကြေးရေးပါရမီကို လှုပ်နှိုး အကူအညီတောင်းလျှင် ဘဝ၏ချမ်းသာသုခများကို သင်ရပါလိမ့်မည်။ သာယာချမ်းမြေ့သောဘဝကိုမစွန့်လွှတ်ရဘဲ လူချမ်းသာဘဝဖြင့် အသုံးစရိတ်အားလုံးကို ပေးချေသွားနိုင်ပါလိမ့်မည်။ ဤကား ငွေရေး ကြေးရေး အသိပညာကြွယ်ဝမှုပင်ဖြစ်ပါသည်။

၆။ သင့်ပွဲစားများကို ကောင်းကောင်းပေးပါ။ အကြံကောင်း ဉာဏ်ကောင်း၏ စွမ်းအား။ လူတွေသူတို့အိမ်ရှေ့မှာ 'အိမ်ရောင်းမည်။ ပွဲစားမလို' ဆိုသော ဆိုင်းဘုတ်မျိုး ကပ်တပ်ထားသည်ကို ကျွန်တော်မကြာမကြာတွေ့ရ၏။

ကျွန်တော်၏ ဖေဖေချမ်းသာကတော့ ငင်းလမ်းစဉ်နှင့် ဆန့်ကျင်ဘက်လမ်းစဉ်ကို လိုက်ဖို့ သင်ကြားပေးသည်။ ပညာရှင်များအား ကောင်းကောင်းပေးရမည်ဆိုသည့် အယူအဆကို သူကယုံကြည်သည်။ ကျွန်တော်လည်း သူ့လမ်းစဉ်ကို လိုက်နာသည်။ ယနေ့ဆိုလျှင် ကျွန်တော့်ထံတွင် ကြေးကြီးပေးငှားရသော ဝတ်လုံတွေ၊ စာရင်းကိုင်တွေ၊ အိမ်မြေပွဲစားတွေ၊ စတော့ပွဲစားတွေရှိ၏။ ဘာကြောင့်လဲ။ ဘာကြောင့်ဆို အကယ်၍ ထိုသူတွေသည် ပညာရှင်တွေဆိုလျှင် သူတို့၏ ဝန်ဆောင်မှုများက သင့်အား ဝင်ငွေရစေသောကြောင့်ပင်။ သူတို့ဝင်ငွေကောင်းလေ၊ ကျွန်တော်လည်း ဝင်ငွေကောင်းလေဖြစ်၏။

✱ ကျွန်တော်တို့ သတင်းခေတ်ထဲမှာ ရှင်သန်လှုပ်ရှားနေကြ၏။ သတင်းသည် အဖိုးအနဂ္ဃထိုက်တန်၏။ ပွဲစားကောင်းတစ်ယောက်က သင့်အားသတင်းများစုဆောင်းပေးနိုင်၏။ ထိုနည်းတူစွာပင် အချိန်ယူပြီး သင့်အားပညာသင်ပေးနိုင်၏။ ကျွန်တော့်အတွက် အကျိုးဆောင်ပေးမည့် ပွဲစားတော်တော်များများ ကျွန်တော့်မှာရှိ၏။ ကျွန်တော့်မှာငွေနည်းနေသည့်အခါ သို့မဟုတ် လုံးဝမရှိသည့်အခါမျိုးများတွင် တချို့ပွဲစားတွေက ကျွန်တော့်အား ပညာသင်ပေးသည်။ ကျွန်တော်သည် ယနေ့ထက်တိုင် သူတို့နှင့် လက်တွဲနေဆဲရှိ၏။

သူတို့ဆောင်ကြဉ်းပေးသည့် သတင်းတစ်ခုကြောင့် ကျွန်တော် ရရှိလာနိုင်သည့်အမြတ်ငွေနှင့်စာလျှင် သူတို့အား ကျွန်တော်ပေးရသည့်ငွေပမာဏသည် အချိုးငယ်ငယ်လေးမျှသာ

ရှိပါသည်။ ကျွန်တော့်ပွဲစားတွေ ပွဲခအမြောက်အမြား ရသွားသည်ကို ကျွန်တော်ကြည်ဖြူနှစ်မြို့က်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ပွဲခတွေ အများကြီးရလေ ကျွန်တော်အမြတ်တွေ အများကြီးရလေ့ရှိသောကြောင့်ဖြစ်၏။

ပွဲစားကောင်းတစ်ဦးက ကျွန်တော့်အား ငွေရအောင် ဖန်တီးပေးရုံသာမဟုတ် အချိန်ကုန်သက်သာအောင်လည်း ကူညီ၏။ ပွဲစားတစ်ဦးသည် ဈေးကွက်နှင့် ပတ်သက်၍ သင်၏နားနှင့် မျက်စိများဖြစ်ပါသည်။ သူတို့က ဈေးကွက်ထဲမှာ နေ့စဉ်နေ့တိုင်းရှိနေ၏။ သည်တော့ကျွန်တော်သွားနေဖို့မလို။ ထိုအချိန်တွင် ကျွန်တော်ဂေါက်သီးရိုက်ချင်ရိုက်နေမည်။

ပွဲစားမသုံးဘဲ ကိုယ့်အိမ်ကိုယ်ရောင်းသူများသည် သူတို့၏ အချိန်ကိုသိပ်တန်ဖိုးမထားသူများဖြစ်ရပါမည်။ ကိုယ့်အိမ်ကိုယ် ရောင်းပြီး အလုပ်ရှုပ်နေရမည့် အချိန်များတွင် ကျွန်တော်တို့တခြား ငွေရပေါက် ရလမ်းတွေရှာဖွေနိုင်သည် သို့မဟုတ် မိမိချစ်ခင်မြတ်နိုးသူတွေနှင့် အတူနေနိုင်သည်။ သည်တော့ဘာကြောင့်ပွဲခအနည်း အကျဉ်းပေးရမှာကို နှမြောနေရမည်လဲ။ ဤကားစီးပွားရေးလာဘ်မမြင်သည့် လုပ်ရပ်တစ်ခုဖြစ်ပေသည်။

ပွဲစားအားလုံးလည်း တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ စိတ်ပျက်စရာကောင်းသည်မှာ ပွဲစားအများစုသည် အရောင်းသမားများသာဖြစ်နေခြင်းပင်။ အိမ်မြေ အရောင်းသမားများသည် အဆိုးဆုံးဟု ကျွန်တော်ပြောချင်ပါသည်။ အိမ်တွေ၊ မြေတွေ ရောင်းသော ပွဲစားနှင့် ရင်းနှီးမြှုပ်နှံမှုများရောင်းသောပွဲစားသည် အကြီးအကျယ် ကွာခြားပါသည်။

ပွဲစားတစ်ဦးငှားတော့မည်ဆိုလျှင် သင်နှင့်စိတ်ဝင်စားမှုတူသော၊ ဝါသနာတူသော ပွဲစားကို ရွေးချယ်ပါ။ ပွဲစားတော်တော်များများက အချိန်ပေးပြီး သင့်အားပညာသင်ပေးပါလိမ့်မည်။ သင်

ရှာဖွေတွေ့သမျှအဖိုးအတန်ဆုံးဥစ္စာမနေတွေထဲတွင် အဆိုပါပွဲစားမျိုးသည် တစ်မျိုးအပါအဝင်ဖြစ်နေပါလိမ့်မည်။ သူတို့ကို မှမ္မှတတသာ ဆက်ဆံပါ။ သူတို့ကလည်း သင့်ကိုမှမ္မှတတဆက်ဆံပါလိမ့်မည်။ သင်က သူတို့၏ ကော်မရှင်ကို ဖြတ်ဖို့ တောက်ဖိုလောက်ပဲ စဉ်းစားနေလို့ကတော့ သင့်အနားသို့ ဘယ်သူလာချင်ပါတော့မည်လဲ။ ဤကားအလွန်ရိုးရှင်းသည့် ယုတ္တိဗေဒဖြင့် ဆင်ခြင်သုံးသပ်ကြည့်ခြင်းဖြစ်၏။

ကျွန်တော်တင်ပြခဲ့သည့် အုပ်ချုပ်ရေးဆိုင်ရာ အရည်အချင်းတွေထဲတွင် လူတွေကို ထိန်းသိမ်းကွပ်ကဲသည့် အရည်အချင်းလည်းတစ်ခုအပါအဝင်ဖြစ်၏။ တကယ့်အရည်အချင်းအစစ်အမှန်မှာ မိမိထက်တော်သူများကို ထိန်းသိမ်းကွပ်ကဲပြီး ထိုက်ထိုက်တန်တန် ပေးကမ်းတတ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်ကုမ္ပဏီများတွင် ဒါရိုက်တာများ ဘုတ်အဖွဲ့တစ်ဖွဲ့ရှိနေခြင်းဖြစ်ပါသည်။ ဤကား စီးပွားရေးအသိပညာရှိခြင်းပင်ဖြစ်၏။

၇။ **အင်ဒီးယန်းပေးနည်းပေးပါ။ ဘာမျှမပေးဘဲ တစ်စုံတစ်ရာပြန်ရသည့် နည်း၏စွမ်းအား။**

အမေရိကတိုက်သို့ ကနဦး အခြေချနေထိုင်မည့် လူဖြူတွေရောက်လာသောအခါ မူလနေထိုင်သော အင်ဒီးယန်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှုတစ်ရပ်ကြောင့် လူဖြူတွေ တော်တော်ကလေးကသိကအောက်ဖြစ်ကြရသည်။ အခြေချသူတစ်ဦး သိပ်ချမ်းနေလျှင် အင်ဒီးယန်းတိုင်းရင်းသားက စောင်တစ်ထည်ပေးသည်။ အချမ်းသက်သာသွားချိန်တွင် အင်ဒီယန်းက သူ့စောင်ကို ပြန်တောင်းသောအခါ စောင်ကို လက်ဆောင်အဖြစ်ပေးသည်ဟု ယူဆထားသော လူဖြူမှာ စိတ်ကသိကအောက် ဖြစ်ရလေသည်။

အခြေလာစိုက်သူများက ပြန်မပေးချင်ကြောင်း သိရ

သောအခါ အင်ဒီယန်းတို့သည်လည်း စိတ်ကသိကအောက် ဖြစ်ရလေသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍတွင် အင်ဒီးယန်းပေးနည်းသည် ကြွယ်ဝချမ်းသာရေးအတွက် အလွန်အရေးကြီးသည့် ဆောင်ရွက်နည်းတစ်ခုဖြစ်၏။ ခေတ်မီရင်းနှီးမြှုပ်နှံသူတစ်ဦးမေးမည့် ပထမဆုံးမေးခွန်းမှာ "ကျုပ်ငွေဘယ်လောက်မြန်မြန်ဆန်ဆန် ပြန်ပေါ်မလဲ" ဟူ၏။ သူတို့က ဘာတွေကော အလကားရနိုင်သလဲ ဆိုတာကိုလည်း သိချင်ကြလေသည်။

ဥပမာပြရသော် ကျွန်တော်နေထိုင်သည့် နေရာနှင့် မလှမ်းမကမ်းရှိ အပေါင်ဆုံးတိုက်ကြီးတစ်လုံးကို ကျွန်တော် ဒေါ်လာ ၅၀,၀၀၀ ဖြင့် ဝယ်လိုက်၏။ လူနေတိုက်ခန်းတွေပါသည့် ၎င်းအဆောက်အအုံကြီးကို ကျွန်တော့်ကုမ္ပဏီက ငှားရမ်းရာ ဆောင်းတွင်းကာလတွင်တစ်လဒေါ်လာ ၂,၅၀၀ ရ၏။ ဆောင်းခိုသူများက လေးလကြာအောင်ငှားကြသည်။ ကျန်အချိန်များမှာတော့ တစ်လဒေါ်လာ ၁,၀၀၀ ပဲရသည်။ ကျွန်တော်ရင်းနှီးထားသည့်ငွေကို သုံးနှစ်လောက်အတွင်း ပြန်ရမည်။ ယခုတော့ အဖိုးတန်အိမ်ကြီးတစ်လုံးကို ကျွန်တော်ပိုင်နေပြီ။ သည်အိမ်ကြီးက ကျွန်တော့်အတွက် လစဉ် လတိုင်း ဝင်ငွေတွေ ထုတ်လုပ်ပေးနေမည်ဖြစ်၏။

ကုမ္ပဏီစတော့တွေမှာလည်း ထိုနည်းလည်းကောင်းဖြစ်၏။ ကျွန်တော့်ပွဲစားက ကျွန်တော့်ဆီ လှမ်းဆက်သွယ်ပြီး ကျွန်တော့်ဝင်ငွေတော်တော်များများဖြင့် ကုမ္ပဏီတစ်ခု၏ စတော့တွေဝယ်လိုက်ဖို့ တိုက်တွန်းသည်။ ၎င်းကုမ္ပဏီက ထုတ်ကုန်အသစ်ထုတ်လုပ်သည့် ခြေလှမ်းမျိုး လှမ်းဖို့ပြင်ဆင်နေကြောင်း။ ထိုသို့ ခြေလှမ်းလိုက်လျှင် ကုမ္ပဏီ၏စတော့ဈေးတွေ ဈေးတက်သွားမည်ဖြစ်ကြောင်း ပြောပြသည်။ သို့ဖြင့် စတော့တွေ ကျွန်တော်ဝယ်လိုက်

၏။ သီတင်းတစ်ပတ်မှ တစ်လအတွင်း စတော့ဈေးတွေတက်သွားသည်။ သည်တော့ ကျွန်တော်ကစိုက်ထားသည့် အရင်းပြန်ပေါ်အောင် စတော့တချို့ထုတ်ရောင်းလိုက်သည်။ နောက်ပိုင်းကတော့ အေးအေးဆေးဆေးပါပဲ။ စတော့ဈေးအတက်အကျကိုလည်း ကျွန်တော်ပူမနေတော့။ အကြောင်းမှာ ကျွန်တော့်အရင်းကျွန်တော်ပြန်ရထားပြီးဖြစ်သောကြောင့်ပင်။

မှန်ပါသည်။ ကျွန်တော်အချိုတော်တော်များများ ရှုံးဖူးပါသည်။ သို့သော် ကျွန်တော်က အရှုံးခံနိုင်သော ငွေပမာဏလောက်ဖြင့်သာ ကစားခြင်းဖြစ်၏။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆယ်ခုလုပ်လျှင် နှစ်ခု သုံးခုလောက်က မြိုးမြိုးမြက်မြက် မြတ်သည်။ ငါးခု ခြောက်ခုလောက်က ဘာမျှ ဖြစ်မလာ။ နှစ်ခု သုံးခုလောက်တွင် အရှုံးပေါ်သည်။ သို့သော် ကျွန်တော့်အရှုံးများသည် ထိုအချိန်တွင် မြတ်ထားသော ငွေများသာ ပြန်ရှုံးခြင်းဖြစ်ကြောင်း ဝန်ခံရပါမည်။

စွန့်စားရမှာကြောက်သူတွေကတော့ သူတို့ငွေကို ဘဏ်မှာ အပ်ကြသည်။ ရေရှည်အမြင်ဖြင့်ကြည့်လျှင် စုငွေရှိနေခြင်းက လုံးဝမရှိခြင်းထက် ကောင်းတာမှန်ပါသည်။ သို့သော် ငွေစုရတာကြာလွန်းသည်။ နောက်ပြီး သင့်ကို ဘဏ်က ဘာမျှအလကားပေးမည်မဟုတ်။ ဟိုတုန်းကတော့ ပေါင်မုန့်မီးကင်စက်ကလေး ဘာလေးပေးကြသေးသည်။ ယခုတော့ သည်အစဉ်အလာကို ဖျက်လိုက်ကြပြီ။

ကျွန်တော့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတိုင်းမှာတော့ အမြဲတမ်းတစ်ခုခုတော့ အလကားရသည်ချည်း။ တိုက်ခန်းစုံပါဝင်သော တိုက်ကြီးတစ်လုံး၊ ဂိုဒေါင်အငယ်စားကလေး၊ မြေကွက်လွတ်တစ်ကွက်၊ အိမ်တစ်လုံးစသည်ဖြင့်။ ကျွန်တော်စိုက်ထုတ်ထားသည့် အရင်းငွေပြန်ပေါ်ပြီဆိုသည်နှင့် ငွေပစ္စည်းများကို ကျွန်တော်

အလကားရထားရာရောက်သွားပါသည်။ အမြော်အမြင်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များက ဘယ်လောက်မြန်မြန်အရင်းပြန်ပေါ်မည်လဲဆိုတာနှင့် အလကားရမည့်ပစ္စည်းကို ကြည့်တတ်ကြပါသည်။

၈။ **ရင်းနှီးမြှုပ်နှံထားသော ကိုယ်ပိုင်ဥစ္စာဓနများက ဇိမ်ခံပစ္စည်းများဝယ်ပေးသည်။**

အထူးအာရုံစူးစိုက်ခြင်း၏ စွမ်းအား။ မိတ်ဆွေတစ်ဦး၏ သားကလေးသည် အသက် ၁၆ နှစ်သာရှိသေးသော်လည်း သူ့ကိုယ်ပိုင်ကားတစ်စီးလိုချင်သည်ဟု ဖအေကြီးကို ပူဆာသည်။ အကြောင်းပြချက်မှာ သူ့သူငယ်ချင်းတွေ၏ မိဘများက သူတို့ကလေးတွေကိုကားများဝယ်ပေးသောကြောင့်ဟု ဆိုသည်။

ချာတိတ်က သူ့စုငွေတွေကို ထုတ်ပြီး လက်ငင်းငွေချေချင်သည်။ ထိုအဆင့်မှာ သူ့ဘခင် ကျွန်တော့်ထံ ရောက်လာခြင်းဖြစ်၏။

"သူ့စုငွေကို ထုတ်သုံးခွင့်ပြုသင့်တယ်လို့ ခင်ဗျားထင်သလား။ ဒါမှမဟုတ် တခြားမိဘတွေနည်းတူကားတစ်စီးဝယ်ပေးလိုက်ရမလား"

"လောလောဆယ်နားပူတာတော့ သက်သာသွားမယ်။ ဒါပေမဲ့ ရေရှည်ကို ကြည့်ဖို့ ခင်ဗျားသားကိုသင်ပေးထားရဲ့လား။ သူ မော်တော်ကားလိုချင်စိတ်ကို အသုံးချပြီး သူတစ်ခုခုသင်ယူလေ့လာချင်လာအောင် လှုံ့ဆော်ပေးလို့ မရဘူးလား" ဟု ကျွန်တော်ပြန်ဖြေလိုက်၏။ သူ့ဘက်က ရုတ်တရက် ဉာဏ်အလင်းပွင့်သွားပုံရ၏။ သို့ဖြင့် ကျွန်တော့်မိတ်ဆွေသုတ်ခြေတင်ပြီး အိမ်ပြန်သွားသည်။

နောက်နှစ်လအကြာတွင် ကျွန်တော့်မိတ်ဆွေနှင့်ဆုံမိပြန်ရာ "ခင်ဗျားသားလိုချင်တဲ့ ကားသစ်တစ်စီးရသွားပြီလား"ဟု ကျွန်တော်မေးလိုက်၏။

"ဟင့်အင်၊ မရှသေးပါဘူး။ ကျွန်တော်က သူ တက္ကသိုလ်တက်ဖို့ စုထားတဲ့ ငွေတော့မထုတ်နဲ့၊ ဒါပေမဲ့ ငါဒေါ်လာ ၃,၀၀၀ ထုတ်ပေးမယ်။ အဲဒီငွေကို အသုံးချလို့ ပြောလိုက်တယ်"

ထို့နောက် ၎င်းငွေကို သားဖြစ်သူပိုင်ဆိုင်ကြောင်း၊ သို့သော် ၎င်းငွေဖြင့် ကားဝယ်ခွင့်မပြုကြောင်း၊ ၎င်းငွေဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပြီး ငွေရှာရမည်ဖြစ်ကြောင်း၊ ဒေါ်လာ ၆,၀၀၀ ရပြီဆိုလျှင် အမြတ်ငွေ ဒေါ်လာ ၃,၀၀၀ ဖြင့် ကိုယ်ပိုင်ကား ဝယ် နိုင်ကြောင်း၊ ရင်းနှီးငွေ ဒေါ်လာ ၃,၀၀၀ ကိုတော့ တက္ကသိုလ် ပညာသင်စရိတ်စုငွေထဲ ထည့်ရမည်ဟု ပြောထားကြောင်း မိတ်ဆွေက ဆက်ရှင်းပြသည်။

"ဒီတော့ ဘယ်လိုအဖြေထွက်လာလဲ"

"အင်း ဒီကောင် ကနဦးပိုင်းတော့ ကံကောင်းတယ်ဗျ။ ဒါပေမဲ့ နောက်ရက်အနည်းငယ်အတွင်းမှာပဲ သူမြတ်ထားတာတွေ ပြန်ကုန်သွားတယ်။ အဲဒီနောက်တော့ သူ့အကြီးအကျယ်စိတ်ဝင်စားလာတယ်။ သူ့မှာ ဒေါ်လာ ၂,၀၀၀ လောက်ပဲရှိတော့တယ်လေ။ ဒါပေမဲ့ သူ့စိတ်ဝင်စားမှုက အရမ်းအရှိန်မြင့်နေတယ်ဗျ။ ကျွန်တော်ဝယ်ပေးတဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာစာအုပ်တွေ အကုန်လုံးဖတ်ပြီးသွားလို့ စာကြည့်တိုက်မှာတောင်သွားငှားပြီး ဖတ်နေလေရဲ့။ ခုဆို သူ့မှာ ဒေါ်လာ ၁,၀၀၀ ပဲ ကျန်တော့တယ်။ သင်ယူလေ့လာမှုအားကတော့ မီးဟုန်းဟုန်းတောက်နေသလိုပဲ။ အဲဒီငွေတွေရှုံးသွားရင် နောက်နှစ်နှစ်လောက် ထပ်စုရမယ်ဆိုတာ သူသိထားတယ်။ ဒါပေမဲ့ သူသိပ်မှုပုံမရဘူးဗျ။ ခုဆို ကားဝယ်ဖို့တောင် စိတ်ဝင်စားပုံမရတော့ဘူး။ ပိုပြီး ပျော်စရာကောင်းတဲ့

ကစားနည်းတစ်နည်းတွေ့ထားပြီကိုး"

"အဲဒီငွေတွေကုန်သွားရင် ဘယ်လိုဖြစ်မလဲ" ဟု ကျွန်တော်မေးလိုက်၏။

"ကုန်တော့လည်း ကုန်ပေါ့ဗျာ။ သူကျွန်တော်တို့ အသက်အရွယ်ရောက်မှ အားလုံး ပြောင်တလင်းခါအောင် ကုန်တာနဲ့စာရင် ဒီအသက်အရွယ်မှာအကုန်လုံးကုန်သွားတာ တော်ဦးမယ်လို့ထင်တယ်လေ။ ဒါ့အပြင် သူ့ပညာရေးနဲ့ ပတ်သက်ပြီး ကျွန်တော်သုံးစွဲခဲ့တဲ့ ငွေတွေထဲမှာ ဒီဒေါ်လာ ၃,၀၀၀ ဟာတန်ဖိုးအရှိဆုံးပါပဲ။ ခု သူရထားတဲ့ပညာက သူ့ကို တစ်သက်လုံး အလုပ်အကျွေးပြုတော့မှာ။ နောက်ပြီးငွေရဲ့စွမ်းအားကို အမြင်သစ်နဲ့ လေးလေးစားစား ဖြစ်လာပုံလည်းရတယ်ဗျ"

"သင့်ကိုယ်သင် ဦးစွာပေးပါ" ဆိုသော အခန်းငယ်တွင် ကျွန်တော်တင်ပြခဲ့သည့်အတိုင်း လူတစ်ဦးသည် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်းမရှိလျှင် ချမ်းသာကြွယ်ဝအောင် အားမထုတ်ခြင်းသာအကောင်းဆုံးဖြစ်၏။ ရပိုင်ခွင့်ကဏ္ဍမှ ငွေသားများထွက်လာအောင် ပြုလုပ်ရသည်မှာ သီဝရီအရလွယ်၏။ လက်တွေ့တွင်ငွေကို ဘယ်လိုသုံးစွဲမည်ဆိုရာ၌ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုလို၏။ ခက်ခဲသည်မှာ ကိုယ့်စိတ်ကိုယ်ထိန်းသိမ်းဖို့ဖြစ်ပါသည်။ ပြင်ပမက်လုံးများ၊ မြှူဆွယ်မှုများကြောင့် အသုံးစရိတ်တွေ ထိန်းမနိုင်၊ သိမ်းမရတက်လာနိုင်၏။ စိတ်ဓာတ်ကြံ့ခိုင်မှုအားနည်းသောကြောင့်ငွေသည် လွယ်ကူချောမောသည့် နေရာသို့သာစီးဆင်းသွားတော့၏။ ငွေသုံးစွဲရသည်မှာ လွယ်သည်မဟုတ်လား။ ငွေကို လွယ်လွယ်သုံးခြင်းသည် ဆင်းရဲမွဲတေခြင်းနှင့် ငွေကြေးမပြေလည်ခြင်း၏ အကြောင်းရင်းပင်ဖြစ်ပါသည်။

နှစ်တစ်နှစ်၏ အစပိုင်းတွင် လူ ၁၀၀ ကိုတစ်ယောက်ဒေါ်လာ ၁၀,၀၀၀ ပေးကြည့်ပါ။ နှစ်ကုန်ပိုင်းတွင် ဘာတွေဖြစ်လာ

မည်လဲဆိုတာ ကျွန်တော့်ထင်မြင်ချက်ကို ပြောပြပါမည်။

- လူ ၈၀ တွင် တစ်ပြားမျှကျန်တော့မည်မဟုတ်။ တော်တော်များများတွင် ကြွေးတွေပင် ပိုတင်လာဦးမည်။ ဘာကြောင့်ဆို ကားသစ်တစ်စီး၊ ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားအပေါ်စက်၊ အောက်စက်ဝယ်သောကြောင့်၊ သို့မဟုတ် အပန်းဖြေခရီးထွက်သောကြောင့်၊
- ၁၆ ယောက်က ၎င်းငွေဒေါ်လာ ၁၀,၀၀၀ ကို ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ တိုးပွားအောင် လုပ်နိုင်လိမ့်မည်။
- လေးယောက်က ဒေါ်လာ ၁၀,၀၀၀ ကို ဒေါ်လာ ၂၀,၀၀၀ သို့မဟုတ် သန်းချီပြီးတိုးပွားလာအောင်လုပ်နိုင်လိမ့်မည်။

ကျွန်တော်တို့ ကျောင်းနေကြသည်။ ငွေရရေးအတွက် အလုပ်လုပ်ဖို့ ဝမ်းကျောင်းပညာတစ်ရပ်သင်ယူဆည်းပူးကြသည်။ ကျွန်တော့်အမြင်အရတော့ သင့်အတွက်အလုပ်လုပ်ပေးမည့်ငွေကို ဘယ်လိုရှာဖွေရမည်လဲဆိုတာကို လေ့လာဆည်းပူးဖို့လည်း အရေးကြီးသည်ထင်ပါသည်။

ဇိမ်ခံပစ္စည်းများကို အခြားသူများနည်းတူ ကျွန်တော်လည်း မက်မောဧ။ ကွာခြားချက်မှာ တချို့လူတွေက ဇိမ်ခံပစ္စည်းများကို အကြွေးစနစ်ဖြင့် ဝယ်ကြဧ။ ဤကား အများနည်းတူ ထောင်ချောက်ထဲမိခြင်းဖြစ်ပါသည်။ ကျွန်တော်ပေါ့ရှ်ကားသစ်တစ်စီး ဝယ်လိုစဉ်ကဆိုလျှင် အလွယ်ဆုံးနည်းလမ်းမှာ ကျွန်တော့်ဘဏ်မန်နေဂျာဆီ တယ်လီဖုန်းဆက်ပြီး ငွေချေးလိုက်ရုံပဲရှိသည်။ ထိုသို့ပေးရန်တာဝန်ကဏ္ဍကို အသုံးပြုမည့်အစား ကျွန်တော်က ရပိုင်ခွင့်ကဏ္ဍကို အသုံးပြုခဲ့လေသည်။

အကျင့်ပါနေသော ကျွန်တော်က ကျွန်တော်၏ ဇိမ်ခံလိုသည့် စိတ်ဆန္ဒများကို ကျွန်တော်၏ ငွေရေး ကြေးရေး ပါရမီအားလှုပ်နှိုး လှုံ့ဆော်ဖို့ အသုံးချခဲ့သည်။

ယခုခေတ်တွင် ကျွန်တော်တို့သည် ကျွန်တော်တို့လိုချင်သည့် ပစ္စည်းတွေဝယ်ဖို့အလွယ်လမ်းလိုက်ပြီး ငွေချေးဖို့လောက်သာ အာရုံစိုက်ပြီးဝင်ငွေပိုရအောင် ဖန်တီးဖို့တော့ အားမထုတ်ကြချေ။ ငွေချေးခြင်းက လတ်တလောလွယ်ကူအဆင်ပြေသော်လည်း ရေရှည်တွင် အကျပ်အတည်းတွေ့နိုင်သည်။ လွယ်ကူချောမွေ့သောလမ်းသည် ခက်ခဲကြမ်းတမ်းသွားတတ်ပြီး၊ ခက်ခဲကြမ်းတမ်းသောလမ်းက လွယ်ကူချောမွေ့လာတတ်ကြောင်း နှလုံးသွင်းထားပါလေ။

သင့်ကိုယ်သင်နှင့်သင်ချစ်မြတ်နိုးသူများကို ငယ်နိုင်သမျှငယ်ငယ်ရွယ်ရွယ်ကတည်းက ငွေ၏အရှင်သခင်များဖြစ်အောင် သင်ကြားလေ့ကျင့်ပေးနိုင်လေကောင်းလေဖြစ်ပါသည်။ ငွေသည် အင်အားကြီးလှသော စွမ်းအားတစ်ရပ်ဖြစ်၏။ ဝမ်းနည်းစရာကောင်းသည်မှာ လူတွေကသည်ငွေ၏စွမ်းအားကို သူတို့ပျက်စီးရာ ပျက်စီးကြောင်းအတွက်ပဲ အသုံးချနေခြင်းဖြစ်သည်။ သင်၏ငွေရေး ကြေးရေးအသိပညာနုနဲ့နေလျှင် ငွေကသင့်အားစိုးမိုးသွားပါလိမ့်မည်။ ငွေကသင့်ထက်ပိုပြီး 'နပ်'နေလိမ့်မည်။ ငွေကသင့်ထက်ပိုပြီး 'နပ်'နေပြီဆိုလျှင် သင်သည်သူ့အတွက် တစ်သက်လုံး အလုပ်လုပ်ပေးရပေလိမ့်မည်။

ငွေ၏သခင်ဖြစ်ဖို့ဆိုလျှင် သင်က သူ့ထက်ပိုပြီး 'နပ်'နေရပါမည်။ ထိုအခါ ငွေသည် ရိုရိုကျိုးကျိုးနှင့် သင်ထားရာနေ စေရာသွားပါလိမ့်မည်။ သင်သည်ငွေ၏ကျေးကျွန်ဖြစ်မည့်အစား ငွေ၏အရှင်သခင်ဖြစ်လာပါလိမ့်မည်။ ဤကား ငွေရေး ကြေးရေးအသိပညာရှိခြင်းပင်ဖြစ်ပါသည်။

**၉။ သူရဲကောင်းများလိုအပ်ခြင်း။ ဒဏ္ဍာရီ၏စွမ်းအား။**

ကျွန်တော်ကလေးဘဝက ဝီလီမေးစ်၊ ဟန့်စ်အေရွန်၊ ယိုဂီဘာရာတို့ကို အရမ်းအားကျသည်။ သူတို့သည်

ကျွန်တော့်သူရဲကောင်းများဖြစ်၏။ ကျွန်တော်သူတို့လို သိပ်ဖြစ်ချင်သည်။ သူတို့၏ ဘော့စ်ဘောကတ်ပြားများကို မြတ်မြတ်နိုးနိုးသိမ်း ဆည်းထားသည်။ သူတို့၏ ရမှတ်များ၊ စွမ်းဆောင်ချက်များကို ကျွန်တော်အလွတ်ရနေသည်။ သူတို့ကို ဘယ်လောက်ပေးရကြောင်း၊ ပမွားဘဝမှ ဘယ်နည်းဘယ်ပုံအောင်မြင်လာကြောင်းတွေ ကျွန်တော် သိသည်။ သူတို့အကြောင်း တစ်လုံးမကျန်အကုန်သိချင် သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်က သူတို့လိုဖြစ် ချင်သောကြောင့်။

၉ နှစ် ၁၀ နှစ်သားအရွယ်ကျွန်တော်သည် ဘော့စ်ဘော ကွင်းထဲရောက်သွားပြီး ဘော့စ်ဘောကစားပြီဆိုတိုင်း ကျွန်တော် သည် ကျွန်တော်မဟုတ်တော့။ ကျွန်တော်သည် ယိုဂီ သို့မဟုတ် ဟန့်စ်ဖြစ်နေလေပြီ။ ဤကားအစွမ်းအထက်ဆုံးလေ့လာဆည်းပူး နည်းတွေထဲက တစ်နည်းဖြစ်၏။ လူကြီးတွေဖြစ်လာတော့ သည် သင်ယူနည်းကို မေ့ပျောက်သွားကြသည်။ ကျွန်တော်တို့မှာ သူရဲ ကောင်းတွေမရှိတော့။

ယနေ့ဆိုလျှင် ကျွန်တော့်အိမ်အနီးတွင် ချာတိတ်တွေ ဘတ်စကတ်ဘောကစားသည်ကို ကြည့်ကြည့်နေမိ၏။ သူတို့သည် ချာတိတ်ဂျော်နီမဟုတ်တော့။ သူတို့သည် မိုက်ကယ်ဂျော်ဒန်ဖြစ်နေ ပြီ။ ဆာချားလ်စ် သို့မဟုတ် ကလိုက်ဒ်ဖြစ်နေလေသည်။ သူရဲ ကောင်းတွေအတိုင်း လိုက်လံတုပခြင်းသည် သင်ယူဆည်းပူးခြင်း ၏ စွမ်းအားအစစ်အမှန်ဖြစ်ပါသည်။

အသက်အရွယ်ကလေးရလာတော့လည်း ကျွန်တော့်မှာ သူရဲကောင်းအသစ်များရှိလာသည်။ ပီတာဂျက်ကော့က်ဆင်၊ တိုက်ဂါးဝုဒ်တို့လို ဂေါက်သီးသူရဲကောင်းများ။ ဒေါ်နယ်ထရမ့်ပ်၊ ဝါရင်ဘတ်ဖတ်၊ ပီတာလင့်ချ်၊ ဂျော့ဆရော့စ်တို့လို စီးပွားရေး

လုပ်ငန်းသူ့ရဲကောင်းများ။ ငယ်စဉ်က ယိုဂီတို့၊ ဟန့်စ်တို့အကြောင်း ရှာဖွေဖတ်သလို ယခုလည်း ကျွန်တော့်သူရဲကောင်းအသစ်များ အကြောင်းရှာဖွေဖတ်သည်။ သူတို့အကြောင်းလေ့လာသည်။ မှတ်သားသည်။ စီးပွားရေး နယ်ပယ်ထဲမှာ ကျွန်တော်အလုပ်လုပ်နေပြီ ဆိုလျှင် ကျွန်တော်သည် ဒေါ်နယ်ထရမ့်ပ်ဖြစ်နေပြီ။ ပီတာလင့်ချ် ဂျော့ဆရော့စ်ဖြစ်နေပြီ။ သူတို့ဘာလုပ်မည်လဲ၊ ဘယ်လိုလုပ်မည်လဲ ဆိုတာကို စဉ်းစားဆင်ခြင်ကြည့်သည်။

သူရဲကောင်းများက ကျွန်တော်တို့အား တက်ကြွစေ၊ အားကျစေရုံထက်မကသော အကျိုးကျေးဇူးများပေးပါသည်။ သူတို့က အကြောင်းကိစ္စများကို လွယ်ကူသည်ဟု ထင်မြင်စေသည်။ ထိုသို့လွယ်ကူသည်ဟု ထင်မြင်ရခြင်းကပင် ကျွန်တော်တို့အား သူတို့လိုဖြစ်အောင် လိုက်တုချင်စိတ်ပေါက်စေခြင်းဖြစ်၏။ "သူတို့ တောင်လုပ်နိုင်ရင် ငါလည်း လုပ်နိုင်ရမှာပေါ့"ဟူသော အတွေးကို ဖြစ်ပေါ်စေ၏။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်ပတ်သက်လာလျှင် လူတော်တော်များများက ခက်ခဲသယောင်ပြောကြဆိုကြ၏။ ထိုသို့ကြောက်ဒူးတုန်နေမည့်အစား ရင်းနှီးမြှုပ်နှံလုပ်ငန်းလုပ်ရတာလွယ်ကူပါတယ်ဟု ထင်မြင်လာစေမည့် သူရဲကောင်းများကို ရှာဖွေလေ့လာပါလေ။

**၁၀။ သင်ကြားပေးပါ။ ထိုအခါ သင်ပြန်ရလိမ့်မည်။ ပေးကမ်းခြင်းစွမ်းအား။**

ကျွန်တော့်အဖေနှစ်ဦးစလုံးသည် သင်ကြားပေးသူများဖြစ်၏။ ကျွန်တော်တစ်သက်လုံး လိုက်နာကျင့်ကြံသွားသည့် သင်ခန်းစာတစ်ခုကို ဖေဖေချမ်းသာကသင်ပေးခဲ့သည်။ ၎င်းသင်ခန်းစာမှာ ပေးကမ်းစွန့်ကြဲဖို့၊ အလှူဒါနပြုဖို့

လိုအပ်သည်ဆိုသည့် အကြောင်းပင်။ ပညာတတ် ဖေဖေ ကတော့ အချိန်အားဖြင့်၊ ဗဟုသုတအားဖြင့် ပေးကမ်း ကူညီဖို့ သင်ပေးသည်။ သို့သော်ငွေကြေးအားဖြင့်တော့ မပေးကမ်းမစွန့်ကြဲခဲ့သလောက်ဖြစ်လေသည်။ ထိုသို့ မပေးကမ်းမစွန့်ကြဲခြင်းမှာလည်း သူ့တွင် ငွေပိုငွေလျှံရယ်လို့ တစ်ခါမျှမရှိခဲ့သော ကြောင့်ဖြစ်၏။

ဖေဖေချမ်းသာက ငွေကြေးကောပညာပါ ပေးကမ်းစွန့်ကြဲ ခဲ့၏။ သူကဝင်ငွေ၏ ဆယ်ဖို့တစ်ဖို့လှူဒါန်းခြင်းကို စွဲမြဲယုံကြည်သူ တည်း။ "မင်းတစ်ခုခုလိုချင်ရင် အရင်ပေးဖို့လိုတယ်ကွ"ဟု အမြဲ ပြောသည်။ သူ့မှာငွေပြတ်နေလျှင် ဘုရားကျောင်း သို့မဟုတ် သူသဘောအကျဆုံး ကုသိုလ်ဖြစ်အဖွဲ့အစည်းများသို့ လှူဒါန်း ပစ်လိုက်သည်သာဖြစ်၏။

သင့်မှာတစ်ခုခု 'ပြတ်'နေသည် သို့မဟုတ် 'လို'နေသည် * ထင်လျှင် သင်လိုချင်တာကို ဦးစွာလှူဒါန်းလိုက်ပါ။ သင်လှူဒါန်း တာထက်အဆပေါင်းများစွာ ပြန်ဝင်လာပါလိမ့်မည်။ ငွေနှင့်ပတ် သက်လို့လည်း သည်အတိုင်းမှန်ပါသည်။ အပြုံးတစ်ချက်၊ ချစ်ခြင်း မေတ္တာ၊ ရင်းနှီးဖော်ရွေမှု၊ အားလုံးအတူတူပါပဲ။ အသွားရှိလျှင် * အပြန်ရှိသည်ဆိုသည့်အခြေခံသဘောတရားကို ကျွန်တော်ယုံကြည် စိတ်ချ၏။ သည်တော့ ကျွန်တော်လိုချင်တာကို ကျွန်တော်ပေး သည်။ ကျွန်တော်ငွေလိုချင်သည်။ သို့ကြောင့် ငွေပေးကမ်းသည်။ ထိုအခါငွေတွေဆပွားနှုန်းဖြင့် ပြန်ဝင်လာသည်။ ကျွန်တော်ရောင်း ချင်သည်။ တစ်စုံတစ်ဦးကို တစ်ခုခုရောင်းရအောင် ကူညီသည်။ ကျွန်တော့်ပစ္စည်းတွေ မျက်လှည့်ပြသလိုရောင်းရ၏။ ကျွန်တော် အဆက်အသွယ်တွေလိုချင်သည်။ တစ်စုံတစ်ဦးအား အဆက် အသွယ်တွေရအောင်ကူညီဆောင်ရွက်ပေးသည်။ အဆက်အသွယ် တွေ ကျွန်တော့်ဆီရောက်လာသည်။

"ဆင်းရဲသားတွေက သူဌေးတွေထက်တောင် လောဘကြီးသေးတယ်" ဟူသောစကားကို ဖေဖေချမ်းသာမကြာမကြာပြော၏။ လူတစ်ဦး ချမ်းသာနေလျှင် သူက အခြားသူများလိုချင်တာတစ်ခုခုကို ဖြည့်ဆည်းပေးသည်ဟု သူကရှင်းပြသည်။ ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် ကျွန်တော်ငွေပြတ်နေပြီ သို့မဟုတ် အကူအညီလိုနေပြီဟု ယူဆလျှင် ကျွန်တော်ဘာလိုချင်သည်ဆိုတာကို နှလုံးသားထဲမှာ ရှာဖွေ၏။ ထို့နောက်မိမိလိုချင်တာကို ဦးစွာပေးကမ်းစွန့်ကြဲလိုက်၏။ ထိုသို့ပေးကမ်းသောအခါ ထိုအရာသည် ကျွန်တော့်ဆီသို့အမြဲပြန်လာပါသည်။

သည်အကြောင်းပြောတော့ သွေးခဲမတတ်အေးသောညတစ်ညတွင် ထင်းတွေပိုက်ပြီး ထိုင်နေသူတစ်ယောက်အကြောင်းသတိရမိ၏။ သူက အနီးရှိ မီးဖိုကို အော်ဟစ်နေ၏။ "မင်း ငါ့ကိုနည်းနည်းပါးပါးအနွေးဓာတ်ပေးရင် ငါက မင့်ဗိုက်ထဲကို ထင်းထည့်ပေးမယ်" ဟူ၏။ ငွေ၊ အချစ်၊ ပျော်ရွှင်မှု၊ အရောင်း၊ အဆက်အသွယ်များနှင့်ပတ်သက်လာလျှင် တစ်ဦးတစ်ယောက် သတိရသင့်သည်မှာ မိမိလိုချင်တာကို ဦးစွာပေးကမ်းဖို့ဖြစ်၏။ ထိုအခါ သင်လိုချင်သည့်အရာသည် အဆပေါင်းများစွာ ပွားပြီး သင့်ဆီပြန်လာပါလိမ့်မည်။

လူတွေက ကျွန်တော့်အားပြုံးရယ်ပြခြင်းမရှိဟု ခံစားရသည့်အခါတိုင်း ကျွန်တော်ကစပြီး ပြုံးပြ၊ ရယ်ပြ၊ ဟဲလိုးဟု နှုတ်ဆက်ပစ်လိုက်သည်။ ထိုအခါ ကျွန်တော့်ပတ်လည်တွင် ပြုံးသူ၊ ရယ်သူ၊ နှုတ်ဆက်သူတွေအများကြီးဖြစ်လာပါတော့သည်။ သင့်ကမ္ဘာသည်သင့်အတွက် ကြေးမုံမှန်ပြင်ဖြစ်သည်ဆိုသည်မှာ အလွန်မှန်ပါသည်။

ထို့ကြောင့် "ပေးကမ်းစွန့်ကြဲပါ၊ ထိုအခါ သင်ပြန်ရလိမ့်မည်" ဟု ကျွန်တော်ပြောခြင်းဖြစ်ပါသည်။ ပညာယူလိုသူများအား

စေတနာအပြည့်ဖြင့်သင်ကြားပို့ချပေးလေ ကျွန်တော့်မှာ ပညာတွေ ပိုရလာသည်ကို ကိုယ်တွေ့သိခဲ့ရပါသည်။

ကျွန်တော်က ပေးကမ်းပြီး ဘာမျှပြန်မလာခြင်း သို့မဟုတ် ကျွန်တော်လိုချင်တာပြန်မလာသည့်အခါများရှိ၏။ သို့သော် သေသေချာချာစူးစမ်းလေ့လာကြည့်လျှင် ကျွန်တော်ပေးကမ်းခြင်းသည် ပြန်ရလိုမှုကြောင့်ဖြစ်ကြောင်း၊ ပေးကမ်း စွန့်ကြဲလိုသည့် စေတနာသန့်သန့်မဟုတ်ကြောင်းတွေ့ရပါသည်။

ကျွန်တော့်ဖေဖေသည် ကျောင်းဆရာများအားသင်ကြားပေးခဲ့၏။ ထို့နောက်သူသည် ကျောင်းအုပ်ဆရာကြီးဖြစ်လာသည်။ သည်တော့ သင်လုပ်ရမည်မှာ စေတနာသဒ္ဓါတရားထက်ထက်သန်သန်ဖြင့် ပေးကမ်း လှူဒါန်းပါ။ တန်ခိုးစွမ်းအားတွေက သင့်အပေါ် စေတနာသဒ္ဓါတရားများထားပါလိမ့်မည်။

■

## အခန်း [ ၁၀ ]
## နောက်ထပ်လုပ်ဆောင်စရာများ

ကျွန်တော်၏အဆင့်ဆယ်ဆင့်ကို လူတော်တော်များများက ကျေနပ် အားရမှုရှိချင်မှရှိပါလိမ့်မည်။ သည်အဆင့်တွေကို သူတို့က လုပ်ဆောင်မှုတွေဟု မမြင်ဘဲ အတွေးအမြင်တွေဟု သဘောထားကြပါလိမ့်မည်။ တကယ်တော့ အတွေးအမြင်ကို သဘောပေါက်နားလည်ခြင်းသည် လုပ်ဆောင်မှုလိုပင် အရေးကြီးသည်ဟု ကျွန်တော်ယူဆ၏။ လူတော်တော်များများသည် စဉ်းစားတွေးခေါ်ခြင်းထက် ဆောင်ရွက်မှုကို ပြုချင်ကြသည်။ ထို့အတူ ဆောင်ရွက်မှုပြုခြင်းထက် စဉ်းစားတွေးခေါ်ချင်သူတွေလည်း ရှိသည်။ ကျွန်တော်ကတော့ နှစ်မျိုးစလုံးကို ဝါသနာပါသည်ဟု ပြောလိုသည်။ ကျွန်တော်က စိတ်ကူးသစ်အတွေးအစည်သစ်များကို နှစ်သက်မြတ်နိုးသလို လုပ်ဆောင်မှုတွေကိုလည်း သဘောကျသည်။

သည်တော့ ကျွန်တော်လုပ်ငန်းအစပိုင်းတွင် လုပ်ဆောင်ခဲ့သည်များကို လုပ်ဆောင်မှုကြိုက်သူများအတွက် လက်ဆင့်ကမ်းမျှဝေလိုက်ပါသည်။

- သင်လက်ရှိလုပ်နေတာကို ရပ်လိုက်ပါ။ တစ်နည်းဆိုသော်

လုပ်လက်စကို ခဏနားပြီး ဘယ်ဟာက အလုပ်ဖြစ်သည် ဘယ်ဟာက အလုပ်မဖြစ်ဆိုသည်ကို အကဲဖြတ်ပါ။ ရှုံးသွပ်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ တစ်မျိုးတည်းကို လုပ်နေပြီး ခြားနားသော အဖြေကို မျှော်လင့်နေခြင်းဖြစ်၏။ သည်တော့ အလုပ်မဖြစ်တာကို ရပ်ပြီး အလုပ်ဖြစ်မည့် အသစ်တစ်ခုခုကို ရှာဖွေကြံဆပါ။

- စိတ်ကူးသစ်၊ အကြံဉာဏ်သစ်များရှာဖွေကြံဆပါ။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်ပတ်သက်၍ စိတ်ကူးသစ်များရအောင် ကျွန်တော်စာအုပ်ဆိုင်များသို့သွားသည်။ ပြီးတော့ ရှားရှားပါးပါး ဘာသာရပ်များအကြောင်း ရေးထားသည့် စာအုပ်များ ရှာဖွေဝယ်ယူ၏။ ထို့နောက် စာအုပ်ထဲမှာ တင်ပြထားသည့် လုပ်ဆောင်မှု အဆင့်ဆင့်အတိုင်း လိုက်နာကျင့်ကြံသည်။
- သင်လုပ်ချင်တာကို လုပ်ဆောင်ထားသူ တစ်ဦးဦးကို ရှာပါ။ သူတို့ကို နေ့လယ်စာခေါ် ကျွေးပါ။ သူတို့၏ ထင်ကြေးတွေ၊ အကြံဉာဏ်တွေ သူတို့၏ လှည့်ကွက်ကလေးတွေကိုမေးပါ။ တောင်းခံပါ။
- သင်တန်းတွေတက်ပါ။ အသံသွင်းတိပ်ခွေတွေဝယ်ပါ။ စိတ်ဝင်စားစရာကောင်းမည့် သင်တန်းသစ်ကြော်ငြာတွေကို သတင်းစာတွေထဲမှာ သတိထားပြီးရှာသည်။ သင်တန်းတော်တော်များများမှာ အခမဲ့ဖြစ်ပြီး တချို့က အခကြေးငွေနည်းနည်းပါးပါးပဲယူကြသည်။ ကျွန်တော်လေ့လာဆည်းပူးချင်သည့် အကြောင်းအရာနှင့် ပတ်သက်သည့် သင်တန်းမျိုးဆိုလျှင် ငွေကုန်ကြေးကျများလည်း ကျွန်တော်တက်သည်။ ကျွန်တော်တက်ခဲ့သည့် သင်တန်းများကြောင့် ကျွန်တော် ချမ်းသာကြွယ်ဝနေပြီ။ နောက်ပြီး အလုပ်တစ်ခုရှိနေဖို့

အားထုတ်နေစရာမလိုတော့။ အဆိုပါသင်တန်းတွေတက်ခြင်းသည် ငွေဖြုန်းရာ ရောက်သည်ဟု ကျွန်တော့်ကို ပြောသည့် မိတ်ဆွေတွေရှိ၏။ သို့တိုင်သူတို့သည် ဟိုတုန်းက အလုပ်မှာပဲ ယခုထိဆက်လုပ်နေကြရသည်။

- ကမ်းလှမ်းချက်အများကြီးလုပ်ပါ။ အိမ်မြေအရောင်းအဝယ်တစ်ခုလုပ်ချင်ပြီဆိုလျှင် အိမ်တွေ၊ မြေတွေတော်တော်များများကိုကြည့်သည်။ ပြီးတော့ ပေးလိုသည့်ဈေးကို စာဖြင့်ရေးပေးခဲ့လေ့ရှိသည်။ ဈေးအမှန်ကို သင်မသိသလိုကျွန်တော်လည်းမသိပါ။ ဈေးမှန်ကို အကဲဖြတ်ဖို့မှာ အိမ်မြေလုပ်ငန်းကိုယ်စားလှယ်၏ အလုပ်ဖြစ်၏။ ကမ်းလှမ်းချက်များကို သူတို့ကပြုလုပ်သည်။ ကျွန်တော်ကတော့တတ်နိုင်သလောက် အလုပ်နည်းနည်းပဲလုပ်သည်။

ကျွန်တော့်မိတ်ဆွေအမျိုးသမီးတစ်ဦးက အငှားအိမ်ခန်းများပါသည့် တိုက်တစ်လုံးဝယ်နည်းကို ပြပေးဖို့ ကျွန်တော့်အားပြောသည်။ သို့ဖြင့်စနေတစ်နေ့တွင် သူနှင့်သူ့ပွဲစားကိုခေါ်ပြီး ကျွန်တော်တို့ အိမ်ခြောက်လုံးကို လျှောက်ကြည့်ကြသည်။ အိမ်လေးလုံးက သုံးမရ။ နှစ်လုံးကတော့ ကောင်းသည်။ ကျွန်တော်က အိမ်ခြောက်လုံးစလုံးအတွက် ကမ်းလှမ်းချက်ရေးပေးဖို့ပြောသည်။ အိမ်ပိုင်ရှင်တွေခေါ်သည့်ဈေး၏ ထက်ဝက်စီသာပေးဖို့ အကြံပြုသည်။ သူတို့နှစ်ယောက်မျက်လုံးမျက်ဆန်ပြူးနေသည်။ ရိုင်းလွန်းရာကျမည်ဟု သူတို့ထင်သည်။ အိမ်ရှင်တွေကို စော်ကားရာကျမည်ဟု ယူဆကြသည်။ သူ့ပွဲစားက သည်လောက်ထိ ကြိုးစား ပမ်းစား ဈေးဆစ်လိုဟန်မရှိဟု ကျွန်တော်ထင်သည်။ သို့ဖြင့် သူတို့ဘာမှမလုပ်ဘဲ ဈေးတည့်မည့်အရောင်းအဝယ်တစ်ခုကို လိုက်ရှာကြ၏။

သည်ဖြစ်ရပ်၏သင်ခန်းစာမှာ ကမ်းလှမ်းချက်များပြုလုပ်ပါဟူ၏။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်မဟုတ်သူများသည် တစ်စုံ

တစ်ခုကို ရောင်းဖို့ကြိုးစားနေသူတစ်ဦး ဘယ်လိုခံစားရသည်ကို မသိကြပါ။ တစ်ခါက ကျွန်တော်မြေကွက်ကလေးတစ်ကွက်ရောင်းဖို့ ကြိုးစားနေတာ လပေါင်းများစွာ ကြာသွားသည်။ သူတို့ ကျွန်တော့်ကို ဝက်ဆယ်ကောင်ပဲကမ်းလှမ်းလျှင်လည်း ကျွန်တော် ဝမ်းမြောက်ဝမ်းသာဖြစ်မိမည်သာ။ သူ့ကမ်းလှမ်းချက်ကို ကြိုက်လို့ မဟုတ်။ ကျွန်တော့်ရောင်းကုန်ကို စိတ်ဝင်စားသူရှိသောကြောင့် ဖြစ်၏။ ကျွန်တော်က ဝက်တစ်ခြံစာနှင့် လဲမည်ဟုတန်ပြန်ဈေး ခေါ်ချင်ခေါ်မည်။ တကယ်တော့ ကစားပွဲကစားနည်းက သည် အတိုင်းမဟုတ်လား။ ဝယ်ရောင်းကစားပွဲကစားရတာ ပျော်စရာကောင်းပါသည်။ နောက်ပြီး သည်ပွဲက ကစားပွဲတစ်ပွဲသာဖြစ်၏။ သည်တော့ ကမ်းလှမ်းချက်များပြုလုပ်ပါ။ တစ်ယောက်ယောက်က "ရောင်းမယ်ဗျာ" ဟုပြောကောင်းပြောပါလိမ့်မည်။

ကျွန်တော်က ကမ်းလှမ်းချက်များ ပြုလုပ်လျှင် အမြဲတမ်း ထွက်ပေါက်စကားခံပြီး ပြုလုပ်လေ့ရှိသည်။ အိမ်မြေ အရောင်း အဝယ်ကိစ္စတွင် "ကျွန်တော့်တွဲဖက်လုပ်ငန်းရှင်က မကန့်ကွက်ဘူးဆိုရင်" ဆိုသော စကားကိုခံပြီး ကမ်းလှမ်းခြင်း ပြု၏။ ကျွန်တော့် တွဲဖက်လုပ်ငန်းရှင် ဘယ်သူဘယ်ဝါဆိုသည်ကို ဘယ်တော့မျှ တိတိကျကျပြောမထား။ ကျွန်တော့်စီးပွားရေးတွဲဖက်လုပ်ငန်းရှင် သည် ကျွန်တော့်အိမ်က ကြောင်ကလေးဖြစ်ကြောင်း အများစုက မသိကြပါ။ သူတို့က ကျွန်တော့်ကမ်းလှမ်းချက်ကို လက်ခံသည်။ သို့သော် ကျွန်တော်က မဝယ်ချင်တော့ဘူးဆိုလျှင် ကျွန်တော့်အိမ် ကို တယ်လီဖုန်းဆက်ပြီး ကျွန်တော့်ကြောင်ကလေးနှင့်စကားပြော တော့၏။ ဤမဖွယ်မရာ ဥပမာကိုပေးရသည်မှာ သည်အလုပ်လုပ် ရတာ ဘယ်လောက်ထိ မဖွယ်မရာလွယ်ကူကြောင်းသိစေလို၍ ဖြစ်၏။ သည်တော့ လူတော်တော်များများက သည်အလုပ်ကို ခက်ခဲလွန်းသယောင်ပြောပြီး အလေးအနက်ထားလွန်းနေခြင်းသာ

ဖြစ်ပါသည်။

လုပ်ငန်းခွင် တည့်ဖို့၊ လုပ်ငန်း အရွေးမှန်ဖို့၊ လူ အရွေးမှန်ဖို့ဆိုသည်မှာ ရည်းစားနှင့် ချိန်းပြီး အပြင်ထွက်လည်သလိုပါပဲ။ သင်သည် ဈေးကွက်ရှိရာသို့ သွားရမည်။ လူတွေအများကြီးနှင့် စကားပြောရမည်။ ကမ်းလှမ်းချက်တွေအများကြီးလုပ်ရမည်။ တန်ပြန်ကမ်းလှမ်းချက်တွေလုပ်၊ စေ့စပ်ညှိနှိုင်း၊ ငြင်းပယ်၊ နောက်လက်ခံ။ အိမ်မှာထိုင်ပြီး တယ်လီဖုန်းအလာကို မျှော်နေသူများရှိသည်ကို ကျွန်တော်တွေ့ဖူးသည်။ သို့သော်သင်သည် 'စင်ဒီကရေဖို့ဒ်' သို့မဟုတ် 'တွမ်ခရုစ်'ဖြစ်မနေဘူးဆိုလျှင် ဈေးကွက်ရှိရာသို့သွားခြင်းသာအကောင်းဆုံးဖြစ်၏။ အရောင်းအဝယ်ကိစ္စကိုရှာ၊ ကမ်းလှမ်း၊ ငြင်းပယ်၊ စေ့စပ်ညှိနှိုင်းပြီးတော့ လက်ခံ။ သည်အဆင့်တွေ သည်ဘဝမှာ ကြုံရသည့်အကြောင်းကိစ္စတိုင်းလိုလိုမှာ ကျင့်ကြံလုပ်ဆောင်ရမည့် ကျင့်စဉ်၏ အဆင့်များဖြစ်ပါသည်။

- နေရာဒေသတစ်ခုခုတွင် တစ်လတစ်ကြိမ်လောက် အပြေးကျင့်၊ လမ်းလျှောက်၊ ကားမောင်းသွားပါ။ အကျိုးအရှိဆုံး အိမ်မြေဝယ်ရောင်းကိစ္စများကို ကျွန်တော်အပြေးကျင့်ရင်း တွေ့ခဲ့ရ၏။ ကျွန်တော်က ရွာနီးချုပ်စပ်တစ်ခုတွင် တစ်နှစ်လောက် အပြေးကျင့်ချင် ကျင့်တတ်၏။ ကျွန်တော် စောင့်ကြည့်သည်မှာ အပြောင်းအလဲဖြစ်ပါသည်။ ဝယ်ရောင်းအလုပ်တစ်ခုတွင် အမြတ်ရဖို့အကြောင်းတရားနှစ်ခု ရှိရပါမည်။ ဈေးဆစ်ခြင်းနှင့် ပြောင်းလဲခြင်း။ ဈေးဆစ်တာတွေတော့ အများကြီးလုပ်ကြသည်။ သို့သော် ဝယ်ရောင်း ကိစ္စတစ်ခုတွင် အမြတ်ထွက်ဖို့အလားအလာရှိလာခြင်းသည် အပြောင်းအလဲကြောင့်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်အပြေးကျင့်ပြီဆိုလျှင် ကျွန်တော်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ချင်သည့် နေရာဒေသတစ်ဝိုက်မှာသာ ပြေး၏။ အကြိမ်ကြိမ်တွေ့ဖန် *

များခြင်းသည် မသိသာသောအပြောင်းအလဲကလေးများကို သတိပြုမိစေပါသည်။ အချိန်ကြာမြင့်စွာ ထောင်ထားခဲ့သည့် 'ရောင်းရန်'ဆိုင်းဘုတ်များကို သတိပြုမိ၏။ အဓိပ္ပာယ်က ရောင်းသူသည် လိုလိုလားလားလျှော့လျှော့ပေါ့ပေါ့ဖြစ်နေတော့မည့်သဘော။ ကျွန်တော်က အဝင်အထွက်လုပ်နေသည့် ထရပ်ကားများကို အကဲခတ်ကြည့်သည်။ ယာဉ်မောင်းသူများနှင့် စကားစမြည်ပြောကြည့်သည်။ စာပို့သမားများနှင့် စကားပြောကြည့်သည်။ သည်နယ်မြေဒေသအကြောင်း သူတို့ပေးနိုင်သည့် သတင်းတွေက အံ့မခန်းလောက်အောင် ရှိပါသည်။

- စတော့ဈေးကွက်တွင် တန်ဖိုးတက်လာမည့်စတော့များကို ရွေးချယ်ဝယ်ယူတတ်ဖို့အရေးကြီး၏။ တန်ဖိုးအကဲဖြတ်သည့် အခြေခံသဘောတရားနှင့် ပတ်သက်လာလျှင် အိမ်မြေလုပ်ငန်းဖြစ်စေ၊ စတော့များဖြစ်စေ၊ ကုမ္ပဏီအသစ်များ၊ စီမံကိန်းအသစ်များ၊ အိမ်အသစ်တစ်လုံး၊ ကြင်ဖော်အသစ်တစ်ဦးဖြစ်စေ အားလုံးအတူတူပင်ဖြစ်ပါသည်။ ကျင့်စဉ်မှာ အမြဲတူတူပင်ဖြစ်၏။ သင်ဘာလိုချင်သည်ဆိုတာကို သင့်ဘာသာသိထားဖို့လိုပြီး ၎င်းအရာကိုတွေ့အောင်ရှာပါလေ။
- စားသုံးသူတွေဘာကြောင့် ထာဝစဉ်ဆင်းရဲမွဲတေနေကြသလဲ။ ကုန်ပဒေသာတိုက်ကြီးတွေက အရောင်းမြှင့်တင်ပွဲပြုလုပ်၏။ ဆိုပါစို့၊ အိမ်သာသုံးစက္ကူတွေ။ ထိုအခါ စားသုံးသူက ကုန်တိုက်ကြီးသို့ အပြေးအလွှားသွားပြီး အိမ်သာသုံးစက္ကူတွေအများကြီးဝယ်စုထားလိုက်၏။ စတော့ဈေးကွက်တွင် စတော့တွေ ဈေးထိုးကျပြီဆိုလျှင် စားသုံးသူက ၎င်းစတော့တွေနှင့် မပတ်သက်မိအောင် ရှောင်ကြဉ်သည်။ ကုန်ပဒေသာတိုက်ကြီးတွေက ဈေးနှုန်းတွေတက်လျှင်

စားသုံးသူတွေက တခြားအလျဉ်းသင့်ရာသို့ သွားဝယ်ကြသည်။ စတော့ဈေးကွက်တွင် စတော့တွေ ဈေးတက်လာပြီဆိုလျှင်တော့ စားသုံးသူများက လိုက်ပြီးဝယ်ကြတော့၏။

နေရာမှန်များမှာ ဝင်ကြည့်ပါ။ အိမ်နီးချင်းတစ်ဦးက အငှားအိမ်ခန်းများပါရှိသည့် တိုက်ကြီးတစ်လုံးကို ဒေါ်လာ ၁၀၀,၀၀၀ ဖြင့် ဝယ်လိုက်၏။ ကျွန်တော်ကထိုတိုက်နှင့် ဘေးချင်းကပ်တည်ရှိသော အဆိုပါတိုက်မျိုးကိုပင် ဒေါ်လာ ၅၀,၀၀၀ ဖြင့် ဝယ်လိုက်၏။ သူကဈေးအတက်ကို စောင့်နေသည်ဟု ကျွန်တော့်ကိုပြောသည်။ သူ၏အမြတ်သည် သူဝယ်စဉ်မှာ ရခြင်းဖြစ်သည်။ ရောင်းတော့မှ ရခြင်းမဟုတ်ကြောင်း ကျွန်တော်သူ့ကို ပြောပြ၏။ သည်လိုလုပ်တတ်ဖို့ ကျွန်တော်က ဒေါ်လာ ၅၀၀ အကုန်ခံပြီး အိမ်မြေရင်းနှီးမြှုပ်နှံမှုလုပ်နည်းသင်တန်းကိုတက်သည်။ သူက ထိုငွေလောက် အကုန်မခံနိုင်ကြောင်း၊ အချိန်လည်းမပေးနိုင်ကြောင်းပြောသည်။ သည်တော့ သူ့ခမျာဈေးအတက်ကိုလည်တဆန့်ဆန့်နှင့် မျှော်နေရသည်ပေါ့။

ကျွန်တော်က ဝယ်လက်ကို ဦးစွာရှာသည်။ ပြီးမှရောင်းချင်သူ တစ်ဦးဦးကိုရှာသည်။ မိတ်ဆွေတစ်ဦးက မြေကွက်ကလေးတစ်ကွက်လိုချင်နေသည်။ သူ့မှာ ပိုက်ဆံလည်းအသင့် ရှိသည်။ သို့ပေမဲ့ သူ့မှာ အချိန်မရှိ။ ကျွန်တော်တွေ့သည့် မြေကွက်မှာ မိတ်ဆွေလိုချင်သည့် မြေကွက်အနေအထားထက် များစွာ ကျယ်နေသည်။ ၎င်းမြေကွက်ကြီးကို ကျွန်တော်စရန်သတ်ခဲ့သည်။ မိတ်ဆွေကို ခေါ်ပြီးပြတော့ သူက ထိုမြေကွက်ကြီး၏ တစ်စိတ်တစ်ပိုင်းကိုပဲ လိုချင်သည်။ သို့ဖြင့် သူလိုချင်သည့်အတိုင်းအတာကို သူ့အား ရောင်းလိုက်၏။ သို့ဖြင့် မြေကွက်ကြီး၏ ကျန်အစိတ်အပိုင်းများကို

ကျွန်တော်အလကားရလိုက်လေသည်။ သင်ခန်းစာမှာ ကိတ်မုန့်တစ်လုံးဝယ်ပြီး အချပ်ပေါင်းများစွာထွက်အောင် လှီးဖြတ်လိုက်ပါ။ လူများစုသည် သူတို့တတ်နိုင်သလောက် တစ်နိုင်တစ်ပိုင်ကလေးပဲ ဝယ်ချင်ကြသည်။ သူတို့က ကိတ်မုန့်တစ်ချပ်ပဲ ဝယ်ချင်သည်။ သည်တော့ အနည်းနှင့် အများဈေးကြီးပေးဝယ်ကြရသည်။ သေးသေးကလေး ကြံစည်အားထုတ်သူများသည် ပွဲပေါက်ကြီးများကို ရလေ့မရှိ။ သင်ကြီးပွားချမ်းသာလိုလျှင် ဦးစွာကြီးကြီးမားမား စဉ်းစားကြံစည်ပါ။

လက်လီအရောင်းသမားများသည် များများဝယ်သူများအား ကော်မရှင်များများပေးကြသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးသမားများက 'ဝယ်လက်ကြီး'များကို သဘောကျသောကြောင့်ဖြစ်၏။ ထို့ကြောင့် သင်သည် သေးသေးကွေးကွေးကလေး ဖြစ်နေသည့်တိုင် ကြီးကြီးမားမားစဉ်းစား ကြံစည်လို့ရပါသည်။ ကျွန်တော့်ကုမ္ပဏီကွန်ပျူတာဈေးကွက်ထဲမှာ ရှိစဉ်က ကျွန်တော့်မိတ်ဆွေတော်တော်များများကို ဆက်သွယ်ပြီး ကွန်ပျူတာဝယ်ဖို့ အသင့်ဖြစ်နေပြီလားဟု မေးသည်။ ထို့နောက် ကွန်ပျူတာအရောင်းဆိုင်အသီးသီးသို့သွားပြီး ကော်မရှင်များများပေးဖို့ ညှိနှိုင်းကြသည်။ အကြောင်းပြချက်မှာ ကျွန်တော်တို့က အလုံးရေအများကြီးဝယ်သောကြောင့်။ စတော့ဈေးကွက်မှာလည်း ကျွန်တော်သည်အတိုင်းပြုလုပ်ခဲ့၏။ သေးသေးကွေးကွေးလူတွေသည် သေးသေးကွေးကွေးပဲဖြစ်နေကြသည်။ အကြောင်းမှာ သူတို့က သေးသေးကွေးကွေးပဲ စဉ်းစားကြံစည်ကြသောကြောင့် သို့မဟုတ် တစ်ကိုယ်တော်လှုပ်ရှားကြသောကြောင့် သို့မဟုတ် လှုပ်ရှားမှု လုံးဝမပြုကြသောကြောင့်ဖြစ်၏။

- သမိုင်းကြောင်းမှပညာယူပါ။ စတော့ဈေးကွက်ရှိ ကုမ္ပဏီကြီးအားလုံးသည် ကုမ္ပဏီငယ်ကလေးများအဖြစ် စတင်ခဲ့သည်ချည်းဖြစ်၏။ ဗိုလ်မှူးကြီးစန်းဒါးစ်သည် သူ့မှာရှိသရွေ့ ပြောင်တလင်းခါပြီး အသက် ၆၀ ကျော်မှ သူကြွယ်ကြီးဖြစ်လာ၏။ ဘီလ်ဂိတ်စ်သည် အသက် ၃၀ မပြည့်မီ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်စာရင်းဝင်ဖြစ်နေပါပြီ။
- တက်ကြွလှုပ်ရှားမှုက မလှုပ်မချောက်နေမှုကို အမြဲတမ်းအနိုင်ရသည်။

အထက်ပါအချက်များသည် အခွင့်အလမ်းများကို သိမြင်ရရှိနိုင်အောင် ကျွန်တော်လုပ်ဆောင်ခဲ့သည်များနှင့် ဆက်ပြီးလုပ်နေသည့် လုပ်ဆောင်ချက်တွေထဲမှ အနည်းငယ်မျှသာဖြစ်ပါသည်။ အရေးကြီးသည့်စကားလုံးများမှာ 'လုပ်ဆောင်ခဲ့' နှင့် 'လုပ်နေ' ဆိုသည့်စကားလုံးများဖြစ်၏။ ဤစာအုပ်တွင် အကြိမ်ကြိမ်အဖန်ဖန်ထပ်ကာတလဲလဲဖော်ပြခဲ့သည့်အတိုင်း သင်သည်ငွေကြေးအကျိုးအမြတ်များမရမီ တက်ကြွလှုပ်ရှားမှုများ ပြုရပါမည်။ သည်တော့ မိတ်ဆွေ. . . ခုပဲ တက်ကြွစွာ လှုပ်ရှားပါတော့။

■

## နိဂုံး

### ဒေါ်လာ ၇,၀၀၀ တည်းဖြင့် ကလေးတစ်ဦး၏ တက္ကသိုလ် ပညာသင်စရိတ်ထောက်ပံ့နည်း

ဤစာအုပ်ကို လက်စသတ်ခါနီးလာချိန်တွင် ကျွန်တော်၏ နောက်ဆုံးအတွေးတစ်ခုကို စာဖတ်ပရိသတ်အား မျှဝေတင်ပြလို ပါသည်။

ဤစာအုပ်ကို ရေးသားပြုစုခြင်း၏ အဓိကအကြောင်းရင်းမှာ ငွေရေး ကြေးရေး အသိပညာကြွယ်ဝဖွံ့ဖြိုးခြင်းက ဘဝ၏ သာမန်ပြဿနာများကို ဖြေရှင်းပေးနိုင်ကြောင်း သိမြင်စေလိုသောကြောင့်ဖြစ်ပါသည်။ ငွေရေး ကြေးရေးပညာသင်ယူလေ့လာမှုမရှိလျှင် ကျွန်တော်တို့သည် လူအများသုံးပြုနေသော ပုံသေနည်းများကို အသုံးပြုပြီး ဘဝကို ကျော်ဖြတ်ကြရသည်။ အလုပ်ကြိုးစားလုပ်၊ ငွေစု၊ ငွေချေးပြီးတော့ အခွန်အခများ အဆမတန်ပေးဆိုသော ပုံသေနည်းများ။ ယနေ့ခေတ်ယနေ့အခါမှာတော့ ကျွန်တော်တို့ သည့်ထက်ပိုကောင်းသော အသိပညာတွေ လိုအပ်လာပါသည်။

ယခုဖော်ပြမည့်ဇာတ်လမ်းကလေးကို ယနေ့လူငယ်မိသားစုတွေ ရင်ဆိုင်နေရသည့်ငွေကြေးပြဿနာအား ထင်ဟပ်ပြရန် တင်ပြလိုက်ခြင်းဖြစ်ပါသည်။ သင့်ကလေးတွေ ပညာကောင်း

ကောင်းတတ်ရန်နှင့် သင်ကိုယ်တိုင်အငြိမ်းစားယူသည့်အခါ အခက်အခဲမရှိစေရန် သင်ဘယ်လိုစီစဉ်ထားမည်လဲ။ ဇင်းရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ခါးကျိုးအောင် ကျုံးပြီး အလုပ် လုပ်မည့် အစား ငွေရေး ကြေးရေး အသိပညာကို ဘယ်လိုသုံးလျှင် ရနိုင်မည်ဆိုသည်ကို ဖော်ပြသည့် ဥပမာကလေးဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော့်မိတ်ဆွေတစ်ယောက်သည် သူ့ကလေးလေးယောက်၏ တက္ကသိုလ်ပညာသင်စရိတ်စုဆောင်းရတာဘယ်လောက်ခက်ခဲကြောင်းညည်းတွားနေ၏။ သူက အကျိုးတူရန်ပုံငွေတစ်ခုတွင် တစ်လလျှင် ဒေါ်လာ ၃၀၀ စုနေသည်။ ယခုချိန်ထိ ဒေါ်လာ ၁၂,၀၀၀ လောက်စုမိနေပြီ။ သူ့ကလေး လေးယောက်တက္ကသိုလ်တက်ပြီးချိန်ထိ လိုအပ်မည့်ငွေပမာဏမှာ ဒေါ်လာ ၄၀၀,၀၀၀ ရှိမည်ဟု သူခန့်မှန်းထားသည်။ သူ့အကြီးဆုံးကလေးမှာ ယခုမှ ၆ နှစ်သာ ရှိသေးရာ သူမှာစုဆောင်းဖို့ အချိန် ၁၂ နှစ်ရသည်။

ခေတ်ကာလမှာ ၁၉၉၁ ခုနှစ်။ ဖီးနစ်မြို့၏ အိမ်မြေဈေးကွက်မှာ ပျက်ခြင်းမလှပျက်နေသည်။ လူတွေက အိမ်တွေကို ထိုးရောင်းပစ်နေသည်။ ကျွန်တော်က အကျိုးတူရန်ပုံငွေထဲက စုငွေတချို့ဖြင့် အိမ်တစ်လုံး ဝယ်လိုက်ဖို့မိတ်ဆွေဖြစ်သူကို အကြံပေးသည်။ သူက စိတ်ဝင်စားသည်။ သို့ဖြင့် ဖြစ်နိုင်ခြေတွေကို ဆွေးနွေးကြသည်။ သူ့အဓိက စိုးရိမ်သည်မှာ နောက်ထပ်အိမ်တစ်လုံးဝယ်ဖို့ ဘဏ်ကငွေထုတ်ချေးလောက်အောင် သူ့မှာဘဏ်စုငွေမရှိခြင်းဖြစ်၏။ ဘဏ်ကငွေချေးမှမဟုတ်ဘဲ တခြားနည်းလမ်းတွေရှိကြောင်းသူ့ကို အားပေးရသည်။

သီတင်းနှစ်ပတ်အတွင်း ကျွန်တော်တို့လိုအပ်ချက်များနှင့် ကိုက်ညီသည့် အိမ်တစ်လုံးတွေ့သည်။ အိပ်ခန်းသုံးခန်း၊ အိမ်သာနှစ်လုံးပါသည့် အိမ်တစ်လုံး။ ရပ်ကွက်ကောင်းသည်။ အိမ်ရှင်မှာ

အလုပ် လူလျှော့သည့်အထဲပါသွားသဖြင့် အလုပ်ပြုတ်သည့်နေ့မှာ ပင် သူ့အိမ်ကို ရောင်းပစ်ဖို့လိုအပ်နေ၏။ သူတို့မိသားစုသည် နောက်အလုပ်တစ်ခုရမည့် ကယ်လီဖိုးနီးယားသို့ ပြောင်းကြ တော့မည်။

အိမ်ရှင်က ဒေါ်လာ ၁၀၂,၀၀၀ ဈေးခေါ်သည်။ ကျွန် တော်တို့က ဒေါ်လာ ၇၉,၀၀၀ ပေးသည်။ သူချက်ချင်းလက်ခံ လိုက်သည်။ ပိုင်ရှင်က ထိုအိမ်ကို သူပြန်မဆပ်နိုင်သည့် ချေးငွေ ဒေါ်လာ ၇၂,၀၀၀ ဖြင့် ဝယ်ထားခြင်းဖြစ်၏။ သည်တော့ ကျွန်တော့်မိတ်ဆွေက ချေးငွေနှင့် ရောင်းဈေးခြားနားချက် ဒေါ်လာ ၇,၀၀၀ သာပေးဖို့လိုသည်။ အိမ်ရှင်ပြောင်းသွားသည်နှင့် ကျွန်တော့်မိတ်ဆွေက အိမ်ကိုငှားရမ်းဖို့ ပြင်ဆင်သည်။ အိမ်ပေါင် အတိုးအပါအဝင်ကုန်ကျစရိတ်အားလုံးပေးပြီး သူ့အိတ်ထဲသို့ တစ်လ ဒေါ်လာ ၁၂၅ လောက်ဝင်လာသည်။

မိတ်ဆွေ၏ အစီအစဉ်က အိမ်ကို ၁၂ နှစ်တိုင်တိုင် ဆက် ငှားထားမည်။ အိမ်ပေါင်ချေးငွေကို မြန်မြန်ဆန်ဆန်ထိုးဆပ်မည်။ အပိုဝင်ငွေ ဒေါ်လာ ၁၂၅ ကို အရင်းအနှီးထဲလစဉ်ပြန်ထည့်သွင်း မည်။ ၁၂ နှစ်ဆိုလျှင် အိမ်ပေါင်ချေးငွေ တော်တော်များများ ကြေ သွားမည်။ နောက်ပြီး အကြီးဆုံးကလေးတက္ကသိုလ်တက်ချိန်တွင် တစ်လဒေါ်လာ ၈၀၀ လောက် အပိုဝင်ငွေရနေခြေရှိသည်။ ဈေး တက်လာလျှင် အိမ်ကိုရောင်းပစ်လို့ရသည်။

၁၉၉၄ ခုနှစ်တွင် ဖီးနစ်မြို့၏ အိမ်မြေဈေးကွက် ရုတ် တရက်ပြောင်းလဲသွားပြီး မိတ်ဆွေ၏ အိမ်မှာငှားနေသူတစ်ဦးက ထိုအိမ်ကလေးကို မြတ်နိုးလို့ဆိုကာ ဒေါ်လာ ၁၅၆,၀၀၀ ပေး မည်ဟု ကမ်းလှမ်းသည်။ မိတ်ဆွေက ဘာလုပ်သင့်သလဲဟု ကျွန်တော့်ကို မေးသည်။ ကျွန်တော်က ရောင်းလိုက်ဖို့ ပြောပြီး အခွန်ကင်းလွတ်ခွင့်ဥပဒေကို အသုံးချဖို့ အကြံပေးလိုက်သည်။

ယခုသူ့မှာလုပ်ငန်းလည်ပတ်ဖို့ ဒေါ်လာ ၈၀,၀၀၀ နီးပါး ရှိနေပြီ။ ကျွန်တော်က အော်စတင်မြို့တွင် ကုန်လှောင်ရုံ အသေးစားကလေးဆောက်နေသည့် အခြားမိတ်ဆွေတစ်ဦးနှင့် ဆက်သွယ်ပြီး ၎င်းကုန်လှောင်ရုံကလေးကို ဝယ်စေခြင်းဖြင့် အခွန်စည်းကြပ်ခံရခြင်းကို ရှောင်လိုက်၏။ နောက်သုံးလအတွင်း ကျွန်တော့်မိတ်ဆွေထံ တစ်လ ဒေါ်လာ ၁,၀၀၀ နီးပါး ကုန်လှောင်ရုံငှားရမ်းခများဝင်လာတော့၏။ သူက ငှားရမ်းခများကို တက္ကသိုလ်အကျိုးတူရန်ပုံငွေထဲ ထည့်ဝင်ထားသည်။ ခုတော့ သူ့စုငွေတွေ တော်တော်များလာပြီဖြစ်၏။

၁၉၉၆ ခုနှစ်တွင် ကုန်လှောင်ရုံကလေး ရောင်းရသည်။ ဒေါ်လာ ၃၃၀,၀၀၀ နီးပါးရသည်။ ထိုငွေကို နောက်ထပ်လုပ်ငန်းသစ်တစ်ခုထဲရင်းနှီးမြှုပ်နှံလိုက်၏။ လုပ်ငန်းသစ်က တစ်လ ဒေါ်လာ ၃,၀၀၀ ကျော်ရသည်။ ၎င်းဝင်ငွေကို တက္ကသိုလ်အကျိုးတူရန်ပုံငွေထဲ ထည့်ဝင်ထားပြန်သည်။ ခုတော့ သူမှန်းထားသည့် ဒေါ်လာ ၄၀၀,၀၀၀ သည် လွယ်လွယ်ကူကူပြည့်တော့မည်ဖြစ်ကြောင်း ယုံကြည်စိတ်ချမှုအပြည့်ရှိနေလေပြီ။ ထိုသို့ဖြစ်လာအောင် လုပ်ငန်းစဖို့ ဒေါ်လာ ၇,၀၀၀ နှင့်ငွေရေး ကြေးရေး အသိပညာနည်းနည်းပါးပါးပဲ လိုအပ်ခဲ့၏။ သူ့ကလေးတွေ စိတ်အေးချမ်းသာ တက္ကသိုလ်တက်လို့ရပြီ။ နောက်ပြီး သူလည်း အငြိမ်းစားယူချိန်တွင် ဤကြွေပျက်မည်မဟုတ်တော့။ အောင်မြင်သော ရင်းနှီးမြှုပ်နှံမှုနည်းဗျူဟာကြောင့် သူသည် အသက်ငယ်ငယ်နှင့်ပင် အလုပ်မှ အငြိမ်းစားယူနိုင်ပေလိမ့်မည်။

ဤစာအုပ်ကို ဖတ်လာသည့်အတွက် ကျေးဇူးတင်ပါသည်။ သင်အကျိုးရှိရာ ရှိကြောင်းအတွက် ငွေ၏စွမ်းအားအသုံးချနည်းတချို့ကို သင်သိမြင်ရရှိသွားမည်ဟု ကျွန်တော်မျှော်လင့်ပါသည်။ ယနေ့ခေတ်တွင် ရှင်သန်ရပ်တည်နိုင်ရေးအတွက်ပင်လျှင် ငွေရေး

ကြေးရေး အသိပညာပြည့်စုံကြွယ်ဝဖို့လိုအပ်လာ၏။ ငွေရှာဖို့အတွက် ငွေရှိရမည်ဆိုသည့်အတွေးသည် ငွေရေး ကြေးရေးပညာကိုမတတ် မကျွမ်းသူများ၏ အတွေးဖြစ်ပါသည်။ သည်လိုပြောခြင်းသည် သူတို့မှာ ဉာဏ်ပညာမရှိဟု ပြောခြင်းမဟုတ်။ သူတို့သည် ငွေရှာနည်းပညာကို မလေ့လာမသင်ယူခဲ့ခြင်းသာဖြစ်၏။

ငွေဆိုသည်မှာ စိတ်ကူးတစ်ခုမျှသာဖြစ်၏။ သင်ဝင်ငွေရလိုလျှင် သင့်အတွေးအခေါ်ကိုသာပြောင်းလဲပစ်လိုက်ပါ။ ကိုယ်ထူးကိုယ်ချွန်သမားတိုင်းသည် စိတ်ကူးတစ်ခုဖြင့် လုပ်ငန်းသေးသေးကလေးစခဲ့ကြသည်။ ထို့နောက်မှာမှ ထိုသေးသေးကလေးကို ရောမကြီးဖြစ်လာအောင် ပြောင်းလဲပစ်ကြသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒေါ်လာလေးအနည်းငယ်မျှဖြင့်စတင်ပြီး ရောမလုပ်ငန်းကြီးဖြစ်လာအောင် ပျိုးထောင်ယူလို့ရ၏။ လူတော်တော်များများသည် အခွင့်အလမ်းကြီးကြီးမားမားများနောက်သို့ တကောက်ကောက်လိုက်ကြ၏။ သို့မဟုတ် လုပ်ငန်းကြီးတစ်ခုလုပ်ဖို့ ငွေတွေအများကြီးရအောင်ရှာဖွေဖို့ ကြိုးစားကြ၏။ ကျွန်တော့်အမြင်မှာတော့ ထိုသို့ပြုလုပ်ခြင်းသည် ရှူးမိုက်ရာရောက်သည်။ ကျွန်တော်တွေ့ဖူးသည့် ခေတ်အမြင်မရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များသည် သူတို့၏ ရှိစုမဲ့စု စုဆောင်းငွေကလေးများကို လုပ်ငန်းတစ်ခုထဲတွင် ပုံအောလိုက်ကြ၏။ ထိုအခါ အများစုကို မြန်မြန်ဆန်ဆန်ဆုံးရှုံးသွားကြတော့၏။ သူတို့သည် ကြိုးစားသော အလုပ်သမားများဖြစ်ကောင်းဖြစ်မည်။ သို့သော် တော်သောရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များတော့မဟုတ်ပါချေ။

ငွေကြေးနှင့် ပတ်သက်သည့်ပညာတတ်မြောက်ဖို့နှင့် ဉာဏ်အမြော်အမြင်ရှိဖို့ အရေးကြီးပါသည်။ ငယ်ငယ်ရွယ်ရွယ်ကတည်းက စတင်အားထုတ်ပါ။ စာအုပ်ဝယ်ပါ။ ဟောပြောပွဲသို့သွားပါ။ လေ့ကျင့်ပါ။ ခပ်သေးသေးဖြင့် လုပ်ငန်းစပါ။ ကျွန်တော်

သည် ဒေါ်လာ ၅,၀၀၀ ကို ခြောက်နှစ်အတွင်း ဒေါ်လာ တစ်သန်းတန် အရင်းအနှီးကြီးဖြစ်အောင် ထူထောင်ပြီး တစ်လဒေါ်လာ ၅,၀၀၀ ဝင်ငွေရအောင်လုပ်ဆောင်နိုင်ခဲ့၏။ သို့ပေမဲ့ ကျွန်တော်က ချာတိတ်ကဘဝကတည်းက စတင်သင်ယူလေ့လာခဲ့သူ။ သင်လည်း သင်ယူလေ့လာဖို့ ကျွန်တော်တိုက်တွန်းပါသည်။ ဘာ့ကြောင့်ဆို သည်ပညာက ခက်ခက်ခဲခဲကြီးမဟုတ်သောကြောင့်ပါ။ တကယ် တမ်းပြောရလျှင် နည်းနည်းလေးတီးမိခေါက်မိသည်နှင့် လွယ်လွယ် ကလေးဖြစ်သွားသည့် ပညာဖြစ်ပါသည်။

ကျွန်တော့်ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်းတင်ပြပြီးပြီ ထင်ပါသည်။ သင့်ဦးနှောက်ထဲမှာ ရှိသည့်အရာတွေက သင့်လက် ထဲမှာ ရှိရမည့်အရာများကို သတ်မှတ်ပြဋ္ဌာန်းပါသည်။ ငွေသည် စိတ်ကူးတစ်ခုမျှသာဖြစ်၏။ **စဉ်းစားဉာဏ်ထုတ်ပြီးချမ်းသာအောင် လုပ်** ဆိုသော စာအုပ်ကောင်းတစ်အုပ်ရှိ၏။ စာအုပ်ခေါင်းစဉ်ကိုက အလုပ်ကျုံးလုပ်ပြီး ချမ်းသာအောင်မဟုတ်ပါ။ သင့်အတွက် ငွေက ကြိုးစားပမ်းစားအလုပ်လုပ်ပေးသည့်အနေအထားမျိုးရအောင် သင်ယူပါ။ လေ့လာဆည်းပူးပါ။ ထိုအခါ သင့်ဘဝသည် လွယ်ကူ ချောမွေ့ပြီး ပို၍ပျော်စရာကောင်းလာပါလိမ့်မည်။ ယခုခေတ်တွင် အန္တရာယ်ကင်းဘေးရှင်းအလုပ်လုပ်သည့် လမ်းစဉ်နောက်ကို မလိုက်ပါနှင့်။ လိမ္မာပါးနပ်စွာအလုပ်လုပ်နည်းကို ကျင့်သုံးဖို့ တိုက် တွန်းလိုပါသည်။

စာချစ်သူများအား လေးစားလျက်၊
မြတ်ငြိမ်း
၃၁. ၅. ၂၀၀၂

၃၃၀-၁၆

ကီယိုဆာကီ၊ ရောဘတ်၊ တီ

ဖအေနှစ်ဦးသင်ပေးတဲ့ ဆင်းရဲနည်း၊ ချမ်းသာနည်း၊ ရောဘတ်တီကီယိုဆာကီ၊
မြန်မာပြန်သူ၊ မြတ်ငြိမ်း။ - - ရန်ကုန်
စန်းရောင်ရှိန်စာပေ၊ တူဒေးစာအုပ်တိုက်၊ ၂၀၀၂။
၃၀၂ စာ၊ ၂၀ စင်တီ။ - - လူမှုစီးပွားစာစဉ် (၁၄)
မူရင်းစာအုပ်အမည် "Rich Dad Poor Dad" by Robert T. Kiyosaki
၁။ မြတ်ငြိမ်း (မြန်မာပြန်သူ)
၂။ ဖအေနှစ်ဦးသင်ပေးတဲ့ ဆင်းရဲနည်းချမ်းသာနည်း

တူဒေးစာအုပ်တိုက်

လူမှုစီးပွားစာစဉ် (၁၄)

# ဖခအောနှစ်ဦး သင်ပေးတဲ့

# ဆင်းရဲနည်း၊ ချမ်းသာနည်း

## မြတ်ငြိမ်း

- "ငါ့သား/သမီး . . . ကျောင်းမှန်မှန်တက်၊ စာကြိုးစား၊ စာမေးပွဲမှာဂုဏ်ထူးတွေအများကြီးထွက်အောင်အားထုတ်၊ ဒါမှ ရာထူးကြီးကြီး လခများများရတဲ့အလုပ်ကောင်းကောင်းရမှာ" ဆိုတဲ့ အစဉ်အလာသွန်သင်ဆုံးမချက်သည် ယနေ့ခေတ်လူငယ်များအတွက်မလုံလောက်တော့ဟု ဤစာအုပ်ကဆို၏။ သင်လက်ခံပါသလား။

- လောကမှာ လူချမ်းသာတွေ ပို၍ချမ်းသာနေသည်။ ဆင်းရဲသားတွေ ပို၍ဆင်းရဲနေသည်။ လူလတ်တန်းစားတွေ အကြွေးသံသရာလည်နေသည်။ ဘာကြောင့်လဲ။

- ကမ္ဘာပေါ်တွင် ငွေရှာနည်းကိုတတ်သူများ၏။ ငွေသုံးနည်းကိုတတ်သူရှား၏။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ဆင်းရဲသားတွေများနေခြင်းဖြစ်၏ ဆိုတာမှန်သလား။

- မိမိနှင့် မိမိ၏မိသားစုချမ်းသာကြွယ်ဝအောင် တည်ဆောက်သည့်ပညာသည်ဒုံးပျံတည်ဆောက်သည့်ပညာလို လူတိုင်းမတတ်နိုင်သည့်ပညာမဟုတ်။ ကြီးပွားချမ်းသာလိုသူတိုင်း သင်ယူလေ့လာလို့ရသည့်ပညာဖြစ်သည်ဟု ဤစာအုပ်ကဆို၏။

- ၄င်းပညာကို သူလိုကိုယ်လို လူတိုင်းနားလည်တတ်ကျွမ်းနိုင်အောင် ဤစာအုပ်တွင် အရိုးဆုံး၊ အရှင်းဆုံး ဖော်ထုတ်ရှင်းပြထား၏။